ရှေးအစဉ်အဆက်ဝတ္ထု

ရာဇာနီးကျိုင်ထင်ရှားကျင့်ဝတ်

ဦးဆန်းမောင်

ပန်းလှိုင်စာဖေ

အမှတ်၊ ၁၅၃၃၊ ၃၉၊ လမ်း
ရန်ကုန်မြို့

ပထမအကြိမ်

၁၉၇၈-ခု၊ ဇွန်လ

အတိုး-၁၂ ကျပ်

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြု အမှတ် (၉၉၉၆/က

မျက်နှာဖုံး ခွင့်ပြု အမှတ် (၁၀၉)

အုပ်ရေ ၂၀၀၀

အဖုံးပန်းချီ ဝံတိုး

ဘဝလောက် လွင်

အဖုံးရိုက် ချင်းတွင်း

ပုံနှိပ် / ထုတ်ဝေ

ဤစာအုပ်ကို ဦးဇော်ခိုင် (၆၁၀) မြို့မစာအုပ်စာပေ (ပဂ၅၉)) အမှတ် ၁၄၁၊ ဗိုလ်ချုပ်လမ်းနှင့် ၄၇-လမ်းထောင့် ရန်ကုန်မြို့ကာ တာဝန်ခံထုတ်ဝေပြီး ဦးခင်ခင်း (ဝ၁၄၁၅) သူရိန်ပုံနှိပ်ဟိုက်၁ ၉၁၊ ဝတ်စကျားပင်းလမ်း၊ ဒဂုံကျေ၁၊ ရန်ကုန်မြို့တွင် ပုံနှိပ်သည်။

မာတိကာ

အခြေခံ၁င်းအရာ	စာမျက်နှာ
ကျမ်းဦးစကား	၅
ပါရာဇိကအမှာ	၈

ရဟန်းကျင့်ဝတ်

ပါရာဇိက ၄-ပါး	၁၄
သံဃာဒိသိသ် ၁၃-ပါး	၄၂
အနိယတ သိက္ခာပုဒ် ၂-ပါး	၅၈
နိဿဂ္ဂိယပါစိတ်အာပတ် ၁၃-ပါး	၆၁
သုဒ္ဓပါစိတ်အာပါတ် ၉၂-ပါး	၁၀၁
သေခိယအာပတ် ၇၅-ပါး	၁၉၁

လူ့ကျင့်ဝတ်

အကြောင်းအရာ	စာမျက်နှာ
ကန်တော့ရန်	၂၂၀
ဆုတောင်းရန်	၂၂၁
ဘုရားဂုဏ်တော် ကိုးပါး	၂၂၃
တရားဂုဏ်တော် ခြောက်ပါး	၂၅၂
သံဃာ့ဂုဏ်တော် ကိုးပါး	၂၇၀
သီလတောင်းပါဠိ	၂၉၇
ငါးပါးသီလ ပါဠိ	၃၀၀
ရှစ်ပါးသီလ ပါဠိ	၃၀၉
ဆယ်ပါးသီလ ပါဠိ	၃၁၄
မင်္ဂလာဘုရားတော်	၃၃၄
မင်္ဂလသုတ် ပါဠိတော်	၃၇၄
သိင်္ဂါလောဝါဒသုတ် ကျင့်ဝတ်မျှား	၃၇၇
ဝိပဿနာကျင့်စဉ်အကျဉ်း	၃၉၄

ကျမ်းဦးစကား

လူ့ဘောင် လူ့လောကကြီး တည်ရှိနေသမျှ ကျင့်ဝတ်တရားများသည် တည်ရှိနေမည်သာ။ လူမျိုးသာကဲ့မည်၊ ဘာသာအယူသာ ကဲ့မည်၊ သူ့လူမျိုး၊ သူ့ဘာသာအလျောက် ကျင့်စဉ် ကျင့်ဝတ်များ ရှိကြသည်။

မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာဝင် အများစု နေထိုင်သော နိုင်ငံဖြစ်၏။ ဗုဒ္ဓ ဘုရားရှင်သည် ရဟန်းတော်များအတွက် ကျင့်ဝတ်ကျင့်စဉ်များ ကိုလည်း ပညတ်ခဲ့သည်။ လူတို့အတွက် ကျင့်ဝတ် ကျင့်စဉ်များကိုလည်း ဟောပြော ညွှန်ပြတော်မူခဲ့၏။

ဗုဒ္ဓဘာသာဝင်ဟု ဆိုလျှင် ဗုဒ္ဓဘုရား ဆိုဆုံးမသော ကျင့်ဝတ် ကျင့်စဉ်များကို လိုက်နာ ကျင့်သုံး ဆောက်တည်ကြရမည်၊ ဗုဒ္ဓ၏ တပည့်သား

ဖြစ်တော် မူကြသော ရဟန်းတော်များသည် ဗုဒ္ဓဘုရား ပညတ်တော်မူခဲ့သော ဝိနည်းတရား တော်များကို ကျင့်ကြံ ဆောက်တည်ကြရမည်။

ဤသို့ ကျင့်ကြံ ဆောက်တည် ကြမှလည်း ဗုဒ္ဓ၏ ဆိုဆုံးမဆုကို နာခံသော ဗုဒ္ဓဘာသာအစစ် ဖြစ်ပေမည်။ ဗုဒ္ဓပညတ်၊ ညွှန်ပြ ဆိုဆုံးမသည်ကို မလိုက်နာ မကျင့်ကြံ အားမထုတ်ပါက အတု အယောင် ဗုဒ္ဓ ဘာသာဝင်သာ ဖြစ်ရပေမည်။

ဗုဒ္ဓ ဘုရားရှင်သည် သတ္တလောက၊ သြကာသ လောက၊ သင်္ခါရလောကတည်းဟူသော လောကသုံးပါးကို အကြင်းမဲ့ သိတော်မူ၏။ ယင်းကြောင့် ဗုဒ္ဓ ပညတ် ဟောကြားတော်မူခဲ့သော ကျင့်ဝတ် ကျင့်စဉ် မှန်သမျှသည် အမှားကင်းသော အမှန်ချည်သာဖြစ်သည်။ ထို အမှန်ချည်သာ ဖြစ်သည့်တရားကျင့်ဝတ်များ တကယ်ရှိနေသော်လည်း မသိလျှင် မကျင့်တတ်၊ မကြံတတ်၊ မဆောက်တည်တတ်။

ထို အမှန်တရားတို့သည် တကယ် ရှိနေသည် ဖြစ်သော်ငြားလည်း၊ ယင်း အမှန်တရားတို့ကို မသင်၊ မကြား၊ မလေ့လာပဲနှင့် မိမိအလိုလို ကိုယ်တိုင်သိသူမှာ ဗုဒ္ဓဘုရားမှလွဲ၍ မည်သူတဦး တယောက်မျှ မရှိ။

သို့ကြောင့် တကယ် ရှိနေသော ကျင့်စဉ် ကျင့်ဝတ်တရားများကို လေ့လာရမည်။ နာယူရမည်။ ဆည်းပူးရမည်။ မှတ်သားခံမည်။ ယင်းသို့ လေ့လာ ဆည်းပူးနိုင်ရန် ကျင့်ဝတ် ကျင့်စဉ် ကျမ်း အစောင်စောင် ရှိလေသည်။ ယခုကျ "ဗုဒ္ဓ အလိုတော်ကျ ရဟန်းကျင့်ဝတ် လူ့ကျင့်ဝတ်" ကျမ်းသည် ထို ကျမ်းအစောင်စောင်တို့မှ လောကီ၊ လောကုတ္တရာ နှစ်ဖြာသော ကျင့်ဝတ် ကျင့်စဉ်များကို ထုတ်နှုတ် စုစည်း၍ သိလွယ်၊ မှတ်လွယ်၊ လေ့လာ၍ လွယ်ကူစေရန် ပြုစုထား သောကျမ်း ဖြစ်ပါသည်။

ဦးဆန်းမောင်

ပါရုဂူ၏ အမှာ

လွန်ခဲ့သည့် နှစ်ပေါင်း ထောင်ချောက်ထု ကျော်လောက်က တရုပ်ပြည်မှ ရဟန်းတော် ဖာဟီယန်သည် တော အတန်တန်၊ တောင် အထပ်ထပ်၊ မြစ် အသွယ်သွယ်၊ သဲကန္တာရ အမျိုးမျိုးကို ကျော်ဖြတ်ပြီး အိန္ဒိယပြည်သို့ သွားရောက်ခဲ့သည်။ ဖာဟီယန်သည် တရုပ် ဗုဒ္ဓဘာသာ ရဟန်းတော်တဦး ဖြစ်သည်။ တရုပ်ပြည်၌ ဗုဒ္ဓဘာသာ ပြန့်ပွားထွန်းကားနေသော်လည်း တရုပ် ဗုဒ္ဓဘာသာ ရဟန်းလောကတွင် ရဟန်းသံဃာတို့ ကျင့်သုံး လိုက်နာရသည့် ဝိနည်းဟူ၍ မယ်မယ်ရရ မရှိသေးပေ။ အခြား ပိဋကတ်ကျမ်းစာများ တရုပ်ဘာသာပြန်ဆိုထားပြီး ဖြစ်သော်လည်း ဝိနည်း ပိဋကတ်ကို ဟုတ်တိ ပတ်တိ ဘာသာ မပြန်ဆိုရသေးပေ။ သို့ဖြစ်၍ ဖာဟီယန်

သည် ဗုဒ္ဓမှင့်တော်မူထု **ပင်မ ဒေသ** ဖြစ်သည့် အိန္ဒိယနိုင်ငံသို့ သွားပြီး ဝိနည်း ပိဋကတ်ကိုလေ့လာ ရှာဖွေခြင်း ဖြစ်လေသည်။ အိန္ဒိယပြည်၌ ဝိနည်းပိဋကတ်ကို သင်ကြားလေ့လာပြီးဝိနည်း ပိဋကတ်ကျမ်းစာမူကို ယူဆောင်လျက်ဖဟီယန် **တရုပ်ပြည်သို့** ပြန်လာပြီး**ခါမှ** **တရုပ်ပြည်၏ သာသနာ**ဆည် သန့်စင်လာ**စေ**သည်။

ဤတွင် ဝိနည်း **အရေးကြီး**ပုံကို သိရှိနိုင်ပေသည်။ ဖဟီဃန်သည် တရုပ်ပြည် ဗုဒ္ဓဘာသာ ရဟန်းသံဃာ **လောကထဲ**တွင် ဝိနည်း **တည်ရှိစေ**လိုသည့်အတွက် အသက်ကို စွန့်ပြီး အိန္ဒိယပြည်သို့ **ခရီး**ထွက်သွားခြင်း ဖြစ်ပေသည်။ သူသည် ဝိနည်းသည် သာသနာ**၏** အသက်ဖြစ်ကြောင်း သိမြင် သဘောပေါက်သူ ဖြစ်လေသည်။

အဖွဲ့အစည်းတခုရှိလျှင် ထိုအဖွဲ့**အစ**ည်း တည်တန့်ခိုင်မြဲ**ရေ**းအတွက် **အဖွဲ့အစည်း၏ စည်း**မျဉ်း ဥပ**ဒေ** ရှိသည်။ **စည်း**မျဉ်း ဥပ**ဒေ မ**ရှိလျှင် သို့မဟုတ် **စည်း**မျဉ်း ဥပ**ဒေ**ကို **မလိုက်နာ**လျှင် ထိုအဖွဲ့**အစည်း၏ တည်**တန့်ခိုင်**မြဲ**ရေ**းမှာ **မ**ခေသ ချာတော့**ပေ**။ နိုင်ငံလည်း **အ**ဖွဲ့**အ**စည်းတခု**ပ**င် ဖြစ်သည်။ **နိုင်ငံ၏** **တ**ည်တန့်ခိုင်မြဲ**ရေ**းအတွက်

ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေ ရှိရသည်။ နိုင်ငံတိုင်းဌ နိုင်ငံသားတို့ လိုက်နာကျင့်သုံးရသည့် ဖွဲ့စည်း အုပ်ချုပ်ပုံ ဥပဒေ ရှိကြသည်ချည်း ဖြစ်သည်။ ရဟန်းသံဃာ လောကသည်လည်း အဖွဲ့အစည်း ကြီးတခုပင်ဖြစ်လေသည်။ရဟန်းသံဃာလောက တည်းဟူသော သာသနာတော် အရှည်တည် ထန်ရေးအတွက် ရဟန်းသံဃာ အဖွဲ့အစည်းကြီး၏ စည်းမျဉ်း ဥပဒေ ရှိလေသည်။ထို စည်းမျဉ်း ဥပဒေမှာ ဝိနည်းပင် ဖြစ်လေသည်။ ဝိနည်းမရှိ လျှင် ရဟန်းသံဃာ အဖွဲ့အစည်းကြီး သင်္ဌေါ်း ရှည်မည် မဟုတ်ပေ။

၂၂၇-သွယ်သော သိက္ခာပုဒ်များမှာ ရဟန်း သံဃာ အဖွဲ့ဝင် ရဟန်းသံဃာတော်များ လိုက် နာကျင့်သုံးရသည့် စည်းမျဉ်းဥပဒေ ဖြစ်သည်။ ထိုဥပဒေမရှိလျှင် သော်ဂင်းသို့မဟုတ်၊ထိုဥပဒေ ကို မလိုက်နာလျှင် သော်ဂင်းရဟန်းသံဃာအဖွဲ့ အစည်းကြီး တည်တန့်ခိုင်မြဲနေမည် မဟုတ်ပေ။ သို့ဖြစ်၍ "ဝိနည်းသည် သာသနာ၏ အသက်၊ ဝိနည်း တည်ရှိနေလျှင် သာသနာ တည်နေမည်" ဟုပြောဆိုကြခြင်းဖြစ်လေသည်။ဤစာအုပ်သည် ရဟန်းသံဃာတို့၏ စည်းမျဉ်းဖြစ်သည့် ဝိနည်း သိက္ခာပုဒ်များကို အခြေခံ နောက်ကြောင်းနှင့်

ပါရဂူ၏ အမှာ

"တင်ပြထားသော စာအုပ်တစ်အုပ်ဖြစ်၍ ရဟန်းသံဃာတို့၏ စည်းမျဉ်းဥပဒေကို သိရှိနားလည်လိုသူတို့အတွက် အကူအညီ အထောက်အပံ့ ဖြစ်နိုင်ပေသည်။

ပါရဂူ

၂၇-၂-၇၄

ကျွန်ုပ်ဖြိုစုခဲ့သော ဗုဒ္ဓ၏ပညတ်တော်သာဓက "မျာ"စာအုစ်မှ ဆရာပါရဂူ၏အမှာကို ပြန်လည် "ဖော်ပြပါသည်။ (ဖြိုစုသူ)

ရဟန်းကျင့်ဝတ်များ

ပါရာဇိက ၄ ပါး

၁။ မေထုန်မှပြုခြင်း။
၂။ ခိုးယူခြင်း။
၃။ သတ်ဖြတ်ခြင်း။
၄။ လှည့်ဖြားကြွားဝါ၍ အခွင့်အရေးရှာခြင်း။

ရဟန်းများနှင့်ပတ်သက်၍ ဤ ပါရာဇိက သိက္ခာပုဒ် **လေး**ပါးမှာ အရေးကြီးသော သိက္ခာပုဒ်များ ဖြစ်၏။ အခြား သိက္ခာပုဒ်များကို ကျူးလွန်မိသောအခါ အကျင့်သိက္ခာနှင့်ပြည့်စုံသောသက်ကြီးဝါကြီး ဆရာ၊ဘာဝကြီးတို့ထံတွင် မိမိကျူးလွန်မိပါသည်ဟု ဝန်ခံကာ ဒေသနာကြားလျှင် ဖြေဖျောက်နိုင်သော်လည်း ပါရာဇိက သိက္ခာပုဒ်(၄)ပါးမှ တပါးပါးကို ကျူးလွန်မိသောအခါ ဝန်ခံဒေသနာကြား၍ မပြေးပျောက်ချေ။ ရဟန်းအများက ထို ကျူးလွန်သောရဟန်းကို ပကာသနိယကံပြုကာ လူဝတ် လဲလှယ်ပေးစေရသည်၊

ထိုသီကွာပုဒ်လေးပါး ပညတ်ရခြင်း သာဓကများမှာ

သာဓက-၁။

ဗုဒ္ဓဘုရားရှင်သည်ဝေသာလီပြည်၌သီဘင်းသုံးနေတော်မူစဉ်၊ ဝေသာလီပြည်နှင့် မနီးမဝေးတွင်ရှိသော 'ကလန္ဒက' ရွာတွင် ဥစ္စာရတနာ စည်းစိမ်ချမ်းသာနှင့် ပြည့်စုံကာ ကြွယ်ဝသော ကလန္ဒကသူဌေးကြီးရှိ၏။ ၎င်းသူဌေး၏သား 'သုဒိန်'သည် ဇနီးကို စွန့်၍ ဗုဒ္ဓထံသွားကာ ရဟန်းပြုနေလေသည်။

ရှင်သုဒိန်သည် နှစ်အတန်ကြာအောင် နေအိမ်သို့ မပြန်ပဲ ရဟန်းတရားကိုသာ ကျင့်ကြံ အားထုတ်နေ၏။

မိဘတို့မှာ တယောက်တည်းသော သားမို့ သုဒိန်ကို အလွန်ချစ်သည်။ ယခုလို ရဟန်းပြုပြီး နေအိမ်သို့ ပြန်မလာပဲ အကြာကြီး နေသဖြင့် အောက်မေ့တသ နေကြသည်။ တနေ့သော် မမျှော်လင့်ပဲ ရှင်သုဒိန် ရဟန်းဝတ်နှင့် နေအိမ်သို့ ပြန်ရောက်လာ၏။ မိဘနှစ်ပါးရော သုဒိန်၏ဇနီးပါ ဝမ်းသာမဆုံး ရှိနေကြလေသည်။

'သား ပြန်လာပြီလား။ ငါ့သားအိမ်ကထွက်သွားပြီးရဟန်းလုပ်နေတယ်လို့ ကြားတယ်။ တနေ့ ပြန်လာနိုး ပြန်လာနိုးနဲ့ မျှော်နေကြတယ်။ သား အကြာကြီး ပြန်မလာဘဲနေတော့ သင့်မိခင်ရော ငါရော သင့်ဇနီးရော လွမ်းဆွတ် ပူဆွေးနေကြရတယ်၊ ခု သားပြန်လာတာ ဒီ့အားလုံး ဝမ်းသာကြတယ်'

သူဌေးကြီးက သားအား ပိတိရှန်းသော မျက်ဝန်းနှင့်ကြည့်၍ ပြောသည်။ ထိုအခါ သုဒိန်က-

'ဖခင်၊ ကျွန်ုပ်ပြန်လာတာဟာ ခေတ္တခနသာဖြစ်တယ်။ အိမ်မှာ အရှည်အကြာမနေပါ။ ကျောင်းကို ပြန်သွားမယ်'ဟု ဆို၏။

ရှင်သုဒိန်၏ စကားကြားခဏ သူဌေးကြီးရော၊ သူဌေးကခေတာ်ကြီးရော၊ သုဒိန်၏ဇနီးခရာ လပြည့်ဝန်းလို သာယာထွန်းပခန်းသောမျက်နှာမျှားမှာ ရုတ်တရက်လဝန်းကိုင်ပုတ်ဖမ်းခံရသည့်နှယ် ညှိုးနွမ်းသွားကြလေသည်။

သူဌေးကြီးက ဆိုပြန်၏။

'သားသုဒိန် ကျောင်းကို ပြန်မသွားပါနဲ့။ လူဝတ်လဲလှယ်ပြီး ငါတို့နဲ့ အတူနေပါ'

ရှင်သုဒိန် ဦးခေါင်းကို ရမ်းခါလိုက်သည်။

'ဖခင်၊ ကျွန်ုပ် လူ့ဘောင်မှာမပျော်ပိုက်ပါ။ လူမှုကိစ္စ အဝဝတွေကို မဆောင်ရွက်လိုပါ။ ရဟန်းတရားကိုသာ အားထုတ်နေလိုပါဘယ်။ ရဟန်းအဖြစ်နဲ့သာ နှစ်ခြိုက်ပျော်မွေ့ပါတယ်။ ကျောင်းကို ပြန်ရပါမယ်'

ရှင်သုဒိန် ပြတ်ပြတ်သားသား ပြောဘော့ သူဌေးကြီး မျက်နှာ ပိုပြီး ညှိုးနွမ်းသွားသည် သူဌေး ကဘော်ကြီး သည်လည်းခဏာင်း၊ ရှင်သုဒိန်၏ ဇနီးသည်လည်းကောင်း၊ ရှိုက်ပင့်သောကာ ပါးပြင်ပေါ်သို့ မျက်ရည်ပူမျှား စီးဆင်းလာ လေသည်။

'ကျောင်းကို ပြန်မသွားပါနဲ့ဘော့ သားရယ်။ သား ပြန်သွားရင် အမေ ရင်ကွဲရလိမ့်မယ်'

မိခင်ကြီးက ငိုရင်း ရှိုက်ရင်း ပြော၏။

'ကိုသုဒိန်ရယ်၊ ရှင်ပြန်မသွားပါနဲ့။ ကျွန်မ ရှင်မရှိရင် ဘယ်လိုမှ နေလို့မရဘူး။ ရှင့်ကို တနေ့မှ မေ့မရဘူး။ အမြဲ လွမ်းနေရတယ်။ ရှင်ဘယ်ကိုမှ မသွားပါနဲ့နော်။ လူဝတ်လဲပြီး ကျွန်မနဲ့ အမြဲမကွာ နေပါနော်'

သူ၏ ဇနီးက သနားစဖွယ် ငိုယိုတောင်းပန်ရှာသည်။

'မိခင်၊ ကျွန်ုပ်ကို ခွင့်လွှတ်ပါ။ ကျွန်ုပ်ဟာ လောကီအာရုံ ကာမဂုဏ်တွေကို အပြီးအပိုင်စွန့်လွှတ်ပြီး ရဟန်းပြုသွားတာ ဖြစ်ပါတယ်။ ဒါကြောင့် လူဝတ်ကို မလဲနိုင်ပါ။ နေအိမ်မှာလဲဘဲ မနေနိုင်ပါ။ ကျောင်းကိုဘဲ ပြန်ပါမယ်'

ရှင်သုဒိန်က ပြတ်ပြတ်သားသားပင် ပြော၏။ မိခင်ကြီး၏ ငိုရှိုက်သံက ပိုရှိ မြန်လာသည်။ သူ့ဇနီးမှာ တဟင့်ဟင့်နှင့်အသံ ထွက်လာ၏။ သူ့ဌေးကြီးသည် တစုံတခုကို အလေးအနက် စဉ်းစားနေသည်။ အတန်ကြာမှ စကားဆို၏။

'ငါ့သား မနေလိုတာဖြင့် သွားပါ။ ဒါပေမယ်လို့ ငါ တခုတောင်းဆိုပါရစေ။ သင့်ဇနီးရော၊ သင့်မိခင်ရော၊ ငါရော သင့်ကို ဘယ်လောက် ချစ်ခင်တယ်၊ မြတ်နိုးတယ်၊ တွယ်တာတယ်ဆိုတာ ငါ့သားသိပါတယ်။ သင်မရှိရင် ငါတို့ ဘယ်လောက် လွမ်းဆွတ် ပူဆွေးရတယ်ဆိုတာလဲ သင် သိသင့်ပါတယ်။ သင်မရှိတဲ့နောက် ငါတို့ အလွမ်းပြေဘို့အတွက် သင့်ရဲ့မျိုးစေ့ကို ပေးထားခဲ့ပါ။ မြေးကလေး ပေးထားခဲ့ပါ။ ဒါတခုကိုတော့ ငါ့သား လိုက်လျောပါ'

ဖခင်သူဌေးကြီးပြောတော့ သုဒိန်စဉ်းစားသည်။ ဇနီးဖြစ်သူကို ဆားဦး၊ မိခင် ဖခင်တို့သည် မိမိကို အလွန် ချစ်ခင်သည်၊

တွယ်ဘာသည်၊ မြတ်နိုးသည်။ မိဒဲ့ မရှိလျှင် တကယ်ပင် ပူဆွေးသောက ဆောက်ကြရှာမည်။ သို့ကြောင့် ဖခင်ဆန္ဒအတိုင်း လိုက်လျောသင့်သည်ဟု ထင်၏၊ မိမိက စွန့်ခွာသွားသည့်တိုင် သူတို့အတွက် အလွမ်း ဖြေစာ မျိုးစေ့ကို ချပေးထားသင့်သည်ဟု ယူဆမိသည်။

'ဖခင် ဆန္ဒအတိုင်း ကျွန်ုပ်မျိုးစေ့ကို ပေးခဲ့ပါ၎ယ်'

သုဒိန် လိုက်လျောသည့်အတွက် သူ့ဦးကြီး ဝမ်းသာသွားသည်။ သူ့ သားသည် မိန်းမနှင့် ဘဖနှင့် ပြန်လည် ဆက်ဆံရလျှင် မခွာရက်နိုင်အောင်ဖြစ်ပြီး လူထွက်ကာ ရှာသက်ပန် မိမိတို့အား စွန့်ခွာမသွားပဲ နေလိမ့်မည်ဟု ယုံကြည်သည်။

ရှင်သုဒိန်သည် ဖခင်အလိုကျ ဖြစ်စေရန် မြေးတည်းဟူသော မျိုးစေ့ ရစေခြင်းငှာ သူ့ ဇနီးအား သုံးကြိမ်တိုင်တိုင် မေထုန်မှိုဝဲကာ သံဝါသပြုသည်။ သူ့ဇနီးကလည်း ရှင်သုဒိန် ပစ်မသွားနိုင်အောင် အစွမ်းကုန် ပြုစုရှာသည်။ ဤမျှဆိုလျှင် သားမျိုးစေ့ ရနေလာကြောင်းသဖြင့် ရှင်သုဒိန် ကျောင်းသို့ ပြန်သွားလေ၏။

ရှင်သုဒိန်သည် ရဟန်းဝတ်နှင့် မိမိဇနီးအား မေထုန်သုံးကြိမ် ပြုခဲ့၏။ ယင်း ကိစ္စနှင့် ပတ်သက်ပြီး ကျောင်း ပြန်ရောက်၍

စဉ်းစား ကြည့်သေးအခါ မှန်သလား၊ မှားသလား မဆုံးဖြတ်နိုင်ပဲ၊ သံသယစိတ်က လှုပ်ရှား ဖိစီးနေလေသည်။

ထို သံသယသည် ရှင်သုဒိန်၏ ရင်နှလုံးကို အစဉ် ပူကျမ်းလောင်မြိုက်လျက် ရှိနေ၏။ သံသယအတွေးကြောင့် ဆုံမ်းလည်း ဘုန်းမပေးနိုင်၊ အိပ်လည်း မအိပ်နိုင်၊ ကြာတော့ ပိန်ချုံးလာပြီး ပါးရိုးကြီးများ ငေါလျက် အသားအရေ ဖြူပတ်ဖြူလျော်ဖြစ်လာသည်။ ခရီးသွားရာတွင်လည်း ချိချိနဲ့နဲ့နှင့် သွားသည်။ ရှင်သုဒိန် အဖြစ်ကိုမြင်တော့ အဖော် ရဟန်းများ တအံ့ဘသြဖြစ်နေကြသည်။ 'ဘယ်လို ဖြစ်တာလဲ' ဟု သူတပေါက် ငါတပေါက် မေးမြန်းကြသည်။ ရှင်သုဒိန်သည်သူ့အဖြစ်ကိုအဖော်ရဟန်းများအား ပြောပြ၏။

'အရှင် ရဟန်းတို့ ကျွန်ုပ်ဟာ စောစောကတော့ မိဘတွေကို ကြင်နာ သနားမိတာကြောင့် မိဘတွေ အလိုကျ လိုက်လျောခဲ့မိတယ်။ ဒီ ကိစ္စအတွက် အပြစ်ရှိလိမ့်မယ်လို့လဲ မထင်ခဲ့ဘူး။ ဒါပေမယ့်လို့ ဒီ ကိစ္စ လုပ်ပြီး ကထဲက ကျွန်ုပ် စိတ် မချမ်းမသာ ဖြစ်နေရတယ်။ သံသယ အတွေးက ကျွန်ုပ်ကို အမြဲ နှိပ်စက်နေတယ်။ ဒီ သံသယ အတွေးကြောင့် ကျွန်ုပ် မကြာခင်မှာ ဘဝတပါးကို ကူးပြောင်း သွားရလိမ့်မယ် ထင်တယ်'

ရှင်သုဒိန်သည် မိမိ ပြုမူခဲ့သည်ကို ဖွင့်ဟ ပြောဆိုပြီးနောက် ကြေကွဲစွာ ပြောရှာသည်။ အဖော် ရဟန်းများသည် ရှင်သုဒိန်ကို သနား၏၊ သို့ကြောင့် အပြစ်ရှိမရှိ သိရရန် ဘုရားအား လျှောက်ထားမည်ဟုဆိုကာ ဗုဒ္ဓထံသို့ သွားကြလေသည်။

'ငါ့ရှင်တို့ ဘယ် အခြောင်းကြောင့် ငါ့ထံကို စုဝေး ရောက်လာကြသလဲ'

ဗုဒ္ဓက ရဟန်းများအား မေးတော်မူသည်။ ရဟန်းများ ထဲမှ ခေါင်းဆောင်သည့် ရှင်သုဒိန် အဖြစ်ကို ဗုဒ္ဓအား ခေါ်ကြား၏။ ဗုဒ္ဓ ဘုရားရှင်က ရှင်သုဒိန်အား ရဟန်းတို့ လျှောက်ထားသည့်အတိုင်း မှန်သလောဟုမေး၏။ ရှင်သုဒိန်ကမှန်ကန်ကြောင်း ဝန်ခံလေသည်။ ဗုဒ္ဓသည် ရှင်သုဒိန်ကို အကြောင်းပြုလျက် မျှားစွာသော ကာမဂုဏ်၏ အပြစ်တို့ကိုပြကာ ရဟန်းများအား ဆိုဆုံးမတော်မူပြီးလျှင် ပဌမ ပါရာဇိက သိက္ခာပုဒ်တော်ကြီးကို ပညတ်တော် မူလေသည်။

ပဌမပါရာဇိကသိက္ခာပုဒ်ကို ဗုဒ္ဓရှင် ပညတ်တော်မူပြီးနောက် ဝေသာလီပြည်ရှိ ရဟန်းများအတွင်းတွင် ပြဿနာတရပ် ပေါ်လေသည်။ ယင်း ပြဿနာမှာ ငါတို့ဆရာ ဗုဒ္ဓသခင် ဘုရားရှင်သည် လူမများနှင့်မေထုန်သံဝါသ ပြုသည်ကိုသာတားမြစ်တော်မူ၏။ တိရစ္ဆာန်များနှင့်မေထုန်သံဝါသပြုခြင်းကို တားမြစ်တော်မမူသောကြောင့် အပြစ်မရှိနိုင်ဟူသောအယူအဆဖြစ်လေသည်။

အချို့ ရဟန်းများသည် ထိုအယူအဆကို လက်တွေ့ကျင့်သုံးကာ မျောက်မများကို မေထုန်သံဝါသ ပြုကြလေသည်။ ထိုအခြေအနေတွင် ဗုဒ္ဓဘုရားရှင် ကြားသိတော်မူသောအခါ ဝေသာလီပြည်ရှိ ရဟန်းများအားလုံးကို ခေါ်တော်မူ၍-

'ငါ့ရှင်တို့ပါရာဇိကသိက္ခာပုဒ်မှာ အင်္ဂါနှင်ပါးရှိတယ်။ အဲဒီ အင်္ဂါနှစ်ပါးက မေထုန်မှီဝဲလိုတဲ့စိတ် ရှိခြင်းဟာ တပါး၊ မိမိရဲ့ ပယောဂမက်နဲ့ တစ်ပြားသူရဲ့ ပယောဂမက်ကို ဖြင့်ဝေ၊ ဝစီမက် ပို

ပြစ်မှု၊ မုခ်ဝင်ကို ပြစ်ခေ၊ မဂ်ဘခုခုထဲကို သွတ်သွင်းပြီး၊ သာယာမှုပြုခြင်းဟာလဲ တပါးပြစ်တယ်။ ဒါ့ကြောင့် လူမှုကိုသာ မဟုတ်၊ မည်သည့် သတ္တဝါအားထိုးအမက်ပြစ်ခေ၊ ၎င်းထုန်မှီဝဲလိုသော စိတ်ဆန္ဒနဲ့ပြုကျင့်ရင် ပါရာဇိက အာပတ်သင့်စေတယ်' ဟု မိန့်ကြားကာ ပညတ်တော်မူလေသည်။

သာဓက-၂။

ဗုဒ္ဓဘုရားရှင်သည် ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးနေတော် မူစဉ် အိုးထိန်းသည်၏သား ရှင်ဓနိယအမည်ရှိသော ရဟန်းသည် ဗိမ္မိသာရမင်းကြီး ပိုင်ဆိုင်သော သစ်တောကြီးသို့ သွား၍ သစ်တောစောင့်များက် လိမ်လည်လှည့်ပတ်ပြီးလျှင် သစ်များကို ခိုးယူသွား၏။

ထိုစဉ်အခါက ဗုဒ္ဓမြတ်စွာသည် အဒိန္နဒါန် သိက္ခာပုဒ်ကို ပညတ်ခြင်း မပြုသေးသောကြောင့် ဤနှယ် ခိုးယူခြင်းအတွက် အပြစ်ရှိသည်၊ အာပတ်သင့်သည်ဟု ရှင်ဓနိယ အနေနှင့် မသိသေးချေ။ သို့ကြောင့် သူသည် ထိုသို့ သစ်များကို ခိုးယူခြင်းပြုခဲ့လေသည်။

ရှင်ဓနိယ သစ်ခိုးသည်ကို လူများသိကြသောအခါ ရှင်ဓနိယအား ကဲ့ရဲ့ကြ၏။ ထိုသို့ လူများ ကဲ့ရဲ့ကြသောစကားကို ဗိမ္မိသာရမင်းကြီးကြားလျှင် ရှင်ဓနိယအားခေါ်၍—

'ရှင်ရဟန်း။ တပည့်တော်ရဲ့ သစ်တောမှ သစ်များကို ရှင်ရဟန်း ခိုးယူတယ်ဆိုတာ မှန်ပါသလား'ဟု စစ်မေး၏။

'သင်မင်းကြီးဟာ ဆုဇာတိသက ဘိသိက်ခံစဉ်ကတည်းက သစ်၊ ထင်း၊ စဲသည်တို့ကို စွန့်လွှတ်ပြီးဖြစ်တယ် မဟုတ်လား။ သင် စွန့်လွှတ်ထားတာကြောင့် ကျွန်ုပ်ယူဘာဖြစ်တယ်'

ရှင်ခနိယသည် သူ၏ ခိုးမှုအတွက် ဤသို့ ဆင်ခြေပေးရှာ လျှောက်လဲ၏။

'ရှင်ရဟန်း၊ တပည့်တော်ဟာ သိမ်းဆီးထား တဲ့ ပစ္စည်းမျှားကို မယူပါ။ သိမ်းဆီးမထားတဲ့ ပစ္စည်းမျှားကိုသာ လှူပါတယ်။ အခု ရှင်ရဟန်းယူလာတဲ့ သစ်မျှားဟာ တပည့်တော် သိမ်းဆီးထားတဲ့ အစောင့်အရှောက်တွေ ချထားတဲ့ သစ်တောက သစ်မျှားသာ ဖြစ်တယ်။ ရှင်ရဟန်းဟာ တပည့်တော်ရဲ့ အစောင့်မျှားကို လှည့်ဖျားပြီး ယူလာတဲ့အတွက် ဆုဇဝတ်ပြစ်မှု ကျူးလွန်ရာ ရောက်နေပါတယ်'

မင်းကြီးပြောတော့ ရှင်ခနိယ မည်သို့မျှ ဆင်ခြေမပေးနိုင် တော့ပဲ ခေါင်းငုံ့လျက်သာ နေလေသည်။

'အရှင်ရဟန်း၊ အရှင်ရဟန်းဟာ ဘုရားသခင်ရဲ့ အရေတော် ဖြစ်တဲ့ သယ်နန်းကို ဝတ်ရုံသားတာမို့ တပည့်တော် စကြိမ်တခါ ခွင့်လွှတ်ပါမယ်။ အကယ်၍ သယ်နန်းသာ ဝတ်ရုံမှုထားရင် တပည့်တော် ခွင့်ပြုမည်မဟုတ်ဘဲ သတ်ရမှာ ကောင်း ဖြစ်တယ်။ အခု သယ်နန်းကို ဆောက်ထားပြီး တပည့်တော် ခွင့်လွှတ်ပါတယ်။ ရှင်ရဟန်း ကြွလိုရာ ကြွမြန်းပါ'

မင်းကြီး ခွင့်လွှတ်လိုက်သောကြောင့် ရှင်ခနိယ မင်းကြီးရှေ့ မှ ထွက်ခွာခဲ့သည်။ သို့သော် ဤကိစ္စမှာ ထိုမျှနှင့်မပြီး၊ ယင်း သာဝကများမှာ ရဟန်းများအတွင်း ပြန့်နှံ့လွှားလေ၏။ ရဟန်းများသည်

ရှင်ဓနိယအား ဗုဒ္ဓမြတ်စွာထံသို့ ခေါ်လာကာ အဖြစ်အပျက်ကို ဗုဒ္ဓ အား လျှောက်တင်ကြသည်။

ဗဒုက မေးတော်မူ၏။

'ငါ့ရှင်ဓနိယ၊သင် မင်းကြီးသစ်ဧတာကသစ်ကို ခိုးယူတယ်ဆို တာ မှန်ပါသလား'

'မှန်ပါတယ်ဘုရား'

ရှင်ဓနိယ ဝန်ခံသည်။ ထိုအခါ ဗုဒ္ဓဘုရားရှင်သည် ရာဇဂြိုဟ် ပြည်ရှိ ရဟန်းတို့ကို စုဝေးစေကာ-

'ငါ့ရှင်တို့၊ ပိုင်ရှင်ရှိတဲ့ ဥစ္စာပစ္စည်းတို့ကို ခိုးယူလိုတဲ့စိတ်ဆန္ဒနဲ့ မခိုးယူအပ်ဘူး။ အကယ်၍ ပိုင်ရှင်ရှိမှန်းသိရက်နဲ့ ခိုးလိုတဲ့စိတ်နဲ့ခိုးယူခဲ့ရင် ပါရာဇိကအာပတ်သင့်စေတယ်'ဟုပညတ်တော်မူ၏။

ထိုသို့ အဒိန္နာဒါန် ပါရာဇိက သိက္ခာပုဒ်ကို ဗုဒ္ဓဘုရားရှင် ပညာတ်တော်မူသောအခါ ပညတ်ချက် ဥပဒေကို လက်တလုံးခြား ပြုလုပ်လို၊ ကျူးလွန်လိုကြသော အကြံရှိသည့် ဆဗ္ဗဂိုဏ် ရဟန်းတို့သည် ဗုဒ္ဓဘုရားရှင်သည် မြို့ရွာတို့၌ ခိုးယူခြင်းကိုသာ ပညတ်ဘားမြစ်ခြင်း ဖြစ်၏။ တော၌ ခိုးယူခြင်းကို တားမြစ်ထားခြင်း မဟုတ်ဟု ဆိုကာ တောသို့သွား၍ ဆတ္တာသည်တို့၏ အဝတ် အထည်ခဝါထုပ်မျှားကိုခိုးယူကြလေသည်။ထိုသတင်းကို ဗုဒ္ဓဘုရားရှင် ကြားသိဘာဝ် မူသောအခါ ဆဗ္ဗဂိုရဟန်းတို့ကို ခေါ်ယူ၍-

'သင်ရဟန်းတို့၊ မြို့ရွာမှာဖြစ်စေ၊ တောမှာဖြစ်စေ၊ ပိုင်ရှင်ရှိတဲ့ ပစ္စည်းကို ပိုင်ရှင်မသိအောင် ခိုးယူရင် ; ပါရာဇိကအာပတ်

သင့်စေတယ်။ ဒီသိက္ခာပုဒ်နဲ့ စပ်လျဉ်းပြီး အင်္ဂါငါးပါးရှိတယ်။ တစ်၊ လူတို့ပိုင်ဆိုင်တဲ့ ဥစ္စာပစ္စည်းလဲဖြစ်တယ်၊ နှစ်၊ လူမျှားသိမ်းဆီးထားတဲ့ ဥစ္စာပစ္စည်းလဲ ဖြစ်တယ်။ သုံး၊ တမင်တမဲ့ပြုတဲ့ ပစ္စည်းလဲဖြစ်တယ်။ တမင်ထက်မက ပိုပြီး ထိုက်တန်တဲ့ပစ္စည်းလဲ ဖြစ်တယ်။ လေး၊ ခိုးယူလိုတဲ့ စိတ်ဆန္ဒလဲရှိတယ်။ ငါး၊ ခိုးလဲ ခိုးယူတယ်ဆိုရင် ပါရာဇိကအာပတ် သင့်စေတယ်'ဟု မိန့်ကြားကာ ဒုတိယ ပါရာဇိကသိက္ခာပုဒ်ကို မည်တော်မူလေသည်။

သာဓက—၃။

ဗုဒ္ဓဘုရားရှင်သည် ဝေသာလီပြည်တွင် သို့တင်းသုံးနေတော်မူစဉ် တပည့်ရဟန်းတို့အား အသုဘကမ္မဋ္ဌာန်းကိုပေးလျှက်-

'ချစ်သားရဟန်းတို့ တလခဲ့ကြာမျှ ငါတပါးတည်း နေလိုတယ်။ ငါဘုရားထံကို တစုံတယောက်သောသူမျှ လာရောက်စေတ္တဆုံခြင်း မပြုကြနဲ့'ဟု မိန့်ဆိုကာ ဗုဒ္ဓဘုရားတပါးတည်း စိုးစံနေတော်မူလေသည်။

ထိုအခါ ရဟန်းများသည် ဗုဒ္ဓဘုရားနှင့် ဝေးရာသို့သွား၍ အသုဘကမ္မဋ္ဌာန်းစီးပြန်းနေကြလေ၏။ ရဟန်းများသည် အသုဘကမ္မဋ္ဌာန်း စီးပြန်းနေကြရင်းနှင့် မိမိတို့ကိုယ်ကို အလွန် စက်ဆုပ်ရွံရှာ လာကြသည်။

ဤခန္ဓာကိုယ် ရုပ် အကောင်မှုပ်ကြီး တည်ရှိနေခြင်းသည် ခွေးသေကောင်ကို လည်တွင်ဆွဲရာကဲသို့ စိတ်နှလုံး မသက်မသာ ခံစား နေကြရသည်။ ထိုသို့ခံစားရသည်ကို မခံနိုင် ဖြစ်လာကြ

ထား အချို့ရဟန်းများ မိမိကိုယ်ကို မိမိဘာသာ သတ်ဖြတ်ကြ၏။ အချို့ရဟန်းများက အချင်းချင်းသတ်ဖြတ်ကြ၏။ အချို့ရဟန်းများက မိမိတို့တွင်ရှိသော သဃ်နေ့သပိတ်စသော ပရိက္ခရာများကို ရဟန်းတူ ရဟန်းယောင်ဖြစ်သော မိဂလဏ္ဍိကရဟန်းအား ပေးရ၍ မိမိတို့ကိုသာ ခိုင်းသည်။

မိဂလဏ္ဍိကသည် သဃ်နေ့ ပရိက္ခရာတို့ကို ရရှိလေသောကြောင့် ဝမ်းမြောက်ဝမ်းသာဖြင့် ရဟန်းများစွာတို့ကို ရက်စက်စွာ အကြင်နာကင်းမဲ့စွာ သတ်ဖြတ်လေသည်။ ထိုအကြောင်းကို ရှင်မဟာအာနန္ဒာ ကြားသိသောအခါ ဗုဒ္ဓထံ ပြေးသွားကာ လျှောက်ကြားလေ၏။

ဗုဒ္ဓသည် ရဟန်းများကို စုဝေးစေကာ—

'ချစ်သားရဟန်းတို့ မိမိကိုယ်ကို မိမိမသတ်ရ၊ သူတပါးကိုလဲ အသတ်မခိုင်းရ၊ မိမိကိုယ်ကို မိမိသတ်ရင် ဒုက္ခဒဏ်အာပတ်သင့်စေတယ်' ဟု ပညတ်တော်မူ၏။

ပြီး တဆက်တည်းမှာပင်

'ချစ်သားရဟန်းတို့ အကြင်ရဟန်းအနေနဲ့ လူဘဉ်းတယောက်ကို သေစေလိုတဲ့စေတနာနဲ့ မသတ်ရ၊ လူရဲ့ပဋိသန္ဓေကိုယ်ဝန်ကို ပျက်စီးစေအောင် ဆေးဝါးများနဲ့လဲ မဖျက်စီးရ၊ အယုတ်သဖြင့် လူနာအနားမှာနေပြီး သေစေလိုတဲ့စေတနာနဲ့၊ဒါယကာ၊ ဘာပြုလို့ သေရမှာကို ကြောက်နေသလဲ၊ သင်သေရင် နတ်ပြည်ရောက်ကြောင်း ကောင်းမြတ်တဲ့ကုသိုလ်တွေရှိပြီး မဟုတ်လား၊ အဲဒီလို သေခြင်းအကျိုးကိုပြပြီး သေချင်အောင် သွေးဆောင်

နေဆဲ လူနာသေသွားရင် ပါရီဇိုက အာပတ်သင့်စေချယ်' ဟု မိန့်မှာ ပညတ်တော်မူလေသည်။

ယင်း တတိယပါရာဇိကဋ္ဌအင်္ဂါငါးပါးရှိ၏။

၁။ လူဖြစ်သောသတ္တဝါလည်းကပါ။
၂။ အသက်ရှိသော လူဟူ၍ သိသည်လည်းတပါ။
၃။ သေစေလိုသော စိတ်ဆန္ဒရှိသည်လည်းတပါ။
၄။ သေစေအောင် မိမိက လုံ့လ ပြုသည်လည်းတပါ။
၅။ ထို လုံ့လပရောဂကြောင့် သေသည်လည်းတပါ။

သာဓက - ၄။

ဗုဒ္ဓဘုရားရှင်သည် ဝေသာလီပြည်၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းတို့သည် ဝဂ္ဂုမုဒါမြစ်အနီး၌ ဝါဆိုကြကုန်၏။

ထိုအခါ တော်မူတော်ခေါင်းပါးခြင်းနှင့် ရင်ဆိုင်ကြရလေသည်။ ရင်းရဟန်းများအနေနှင့် ဆွမ်းခံဝတ်ပြုသော်လည်း ဆွမ်းမရကြ။ ထိုသို့တော်မူတော်ခြင်းဒဏ်ကို မခံနိုင်သောကြောင့် ရဟန်းများသည် ဒကာ ဒကာမတို့အား လိမ်လည် လှည့်ဖျားကာ ဆွမ်းခံကြလေသည်။

လိမ်လည် လှည့်ဖျားပုံမှာ မိမိတို့သည် ဥတ္တရိမနုဿဖြစ်သော စျာန်မဂ်ဖိုလ်စာရားကို ရကြသည်ဟု ကြွားဝါပြောဟောခြင်းဖြစ်၏။ 'ဘယ်ရဟန်းဟာဖြင့် စျာန်ရတယ်၊ ဘယ်ရဟန်းဟာတော့ မဂ်ရတယ်' စသည်ဖြင့် ဒကာ ဒကာမတို့ အထင်ကြီး လေးစား လောက်အောင် လိမ်လည်၍ အချင်းချင်း ပို့ပေး ဟောပြောကြ

၏။ ဝါဒဖြန့်ကြ၏။ ဒကာ ဒကာမတို့သည် ထိုဝဂ္ဂုမုဒါမြစ်အနီးမှ ရဟန်းတို့ မဟုတ်မမှန် ပြောဟော ဝါဒဖြန့်သည်ကို တကယ်ယုံကြည်ကာ ထိုရဟန်းများကို အလွန် ရိုသေ လေးစားကြ၏။ လူတို့သည် အလွန်သဒ္ဓာစိတ်ပွားလျက် ဆွမ်းမှစ၍ အထူးထူးသော ဝတ္ထုပစ္စည်းများကို လိုလေသေးမရှိအောင် အလျှံအပယ် လှူဒါန်းကြ၏။

ထိုရဟန်းတို့သည် ဒါယကာ ဒါယကာမများ၏ ပူဇော်အထူးကိုယူကာ ဝါတွင်းသုံးလပတ်လုံး ဝဂ္ဂုမုဒါမြစ်အနီးတွင် နေထိုင်လျက် ဇီမ်ယစ်နေကြလေသည်။

ဝါကျွတ်ကာလသို့ ရောက်သောအခါ ဝေသာလီရှိ ရဟန်းများ ဗုဒ္ဓဘုရားရှင်ထံ အဖူးအမြော် ဝင်ရောက်ကြ၏။ အခြားသောရဟန်းများသည် အရောင်အဆင်းမရှိ ညှိုးနွမ်းသောသင်္ဃန်းကို ဝတ်ရုံ၍လာကြ၏။ ဝဂ္ဂုမုဒါမြစ်အနီးတွင် သွားရောက်နေထိုင်ကြသော ရဟန်းဘစုမှာ ရဟန်းအားလုံးနှင့် မတူပဲ အလွန်သစ်လွင်တောက်ပသော သင်္ဃန်းများကို ဝတ်ရုံထားကြသည်။ အခြားရဟန်းများသည် ဝိပဿနာ ဘာဝနာ စသော တရားများကို ကျင့်ကြံ အားထုတ်ခဲ့ကြသောကြောင့် ကိုယ်ရည်ကိုယ်သွေးညှို့ နွမ်းလျှက် ရှိနေကြသည်။ ဝဂ္ဂုမုဒါမြစ်နားမှ ရဟန်းတစုမှာ အစားအကောင်းတွေကို တဝတပြဲ ဇီမ်နှင့် စားသောက်နေရသောကြောင့် ဝဖီ နေ၏။

ဗုဒ္ဓရှေ့တော်ရှိ ရဟန်းများထဲတွင် ဝဂ္ဂုမုဒါမြစ်နားတွင် နေထိုင်သော ရဟန်းများမှာ အလွန်ထင်ရှား ပေါ်လွင်နေလေသည်။ ဗုဒ္ဓဘုရားရှင်သည် ထိုရဟန်းများကိုမြင်သဖြင့်—

'ငါ့ရှင်တို့ သင်တို့ဟာ ဘယ်လို အကြောင်းကြောင့် ခုလို အရောင်အဝါ တောက်ပစွာနဲ့ ဝင်းနေကြတာလဲ' ဟု မေးတော်မူ၏။

ထိုအခါ ဝဂ္ဂုမုဒါမြစ်အနီးတွင် နေထိုင်ကြသော ရဟန်းတစုမှ ခေါင်းဆောင်ရဟန်းက—

'အတုမရှိ ဥာဏ်ဘော်နှင့် ပြည့်စုံတော်မူသော ဗုဒ္ဓရှင်တော်မြတ်ဘုရား တပည့်တော်တို့ ရဟန်းအစုဟာ ဝဂ္ဂုမုဒါမြစ်နဘေးမှာ သွားရောက်နေထိုင်ကြပါတယ်၊ ကောင်းခဲသောအကျင့်ကို ကျင့်ကြံအားထုတ်ကြပါဘယ်၊ လူ ဒါယကာတို့နေရာ ရွှာကို သွားပြီး ဆွမ်းခံဝတ်ပြုကြပါတယ်၊ လူတွေဟာ ဘုရားတပည့်တော်တို့ကို ဆွမ်းမလောင်းကြပါ၊ အခြား ဝတ္ထုပစ္စည်းများလဲ မလှူဒါန်းကြပါ၊ ဘုရားတပည့်တော်တို့မှာ တော်မှတ်ခေါင်းပါ၊ ခြင်းတောင်း ဆိုးဂ်ရောက်ရပါတယ်၊ တော်မှတ်ဆင်းရဲတာကို ကြာရှည်မခံနိုင်တော့တဲ့အတွက် ဥတ္တရိမနုဿ ဓမ္မမြစ်တဲ့ စျာန်မဂ်ဖိုလ်တရားကို ရတယ်လို့ လိမ်လည် ကြွားဝါဟောပြော ဝါဒဖြန့်တော့မှ အလွန်ယုံကြည်ပြီး ဆွမ်းကွမ်း သင်္ဃာန်းတို့ကို အလှူအပယ် လောင်းလှူကြပါတယ်၊ ဒါကြောင့် တပည့်တော်တို့မှာ အရောင်အဝါ တောက်ပ ဝင်းနေတာ ဖြစ်ပါတယ်အရှင်ဘုရား' ဟု ဟုတ်တိုင်းမှန်ရာကို ဝန်ခံလျှောက်ထားလေသည်။

'ချစ်သားတို့ သင်တို့ဟာ တကယ်ဘဲ စျာန်မဂ်ဖိုလ်တရားကို ရကြသလား'

ဗုဒ္ဓက ထပ်ဆင့်မေးတော်မူသည်။ ရဟန်းများက စျာန်မဂ်ဖိုလ်ဘုရားကို မရကြောင်း လျှောက်ထားဝန်ခံကြ၏။ ဗုဒ္ဓဘုရားရှင်

သည် ထိုသို့လိမ်လည်ကြောင်းဝါ အခွင့်အရေးရှာသော ဝဂ္ဂမုဒါမြစ်နားခန ရဟန်းတို့ကို ကဲ့ရဲ့ ရှုတ်ချပြီးနောက်—

'ငါ့ရှင်တို့ စျာန်မဂ်ဖိုလ်ဘရားကို ဘကယ်မရဘဲ ရရှိတယ်လို့ ပြောတဲ့ရဟန်းဟာ ပါရာဇိက အာပတ်သင့်စေတယ်' ဟု မိန့်ခေါ်မူ၏။

ပြီးနောက် စတုတ္ထ ပါရာဇိက သိက္ခာပုဒ်နှင့်ပတ်သက်၍ အင်္ဂါငါးပါးကို မိန့်ကြား ပညတ်ခေါ်မူခဲ့သည်။

ယင်းအင်္ဂါငါးပါးမှာ-

၁။ စျာန်မဂ်ဖိုလ်ဘရား မိမိ၌ ထင်ရှား မရှိခြင်းတပါး၊
၂။ ဘုန်းဘန်ခိုးကြီးထူးအောင် လာဘ်သာဘ ပေါ်မျှားအောင် ပြောခြင်းပါး။
၃။ မိမိပြောသူသည် လူဖြစ်ခြင်းတပါး။
၄။ ထိုပြောသောရဟန်းက အခြားရဟန်းကို ရည်ရွယ်၍ ပြောခြင်း (စျာန်ရလိမ့်မည်အထင်နှင့် ပြောခြင်းကို ပယ်၍) မိမိအကျိုးကို ရည်ရွယ်၍ ဝါဒဖြန့် ပြောခြင်းတပါး။
၅။ ထိုပြောကြားသောခန့် ကြားနာသူက သိသည်လည်းတပါး။

ဤသို့လျှင် ဗုဒ္ဓမြတ်စွာသည်၊ ရှင်သုဒိန်ကို အကြောင်းပြု၍ လည်းကောင်း၊ ရှင်ခန္ဒိယာကို အကြောင်းပြု၍ လည်းကောင်း၊ မိမိတို့ကိုယ်တိုင်ကို စက်ဆုပ်ရွံရှာကာ သတ်သေကြသော ရဟန်း မျှား

ကို အကြောင်းပြု၍လည်းကောင်း၊ ဝဏ္ဏမုဒ္ဓ မြစ်အနီးတွင်နေထိုင်ကာ စျာန်မဂ်ဖိုလ်ကို မရပဲ ရသည်ဟု ကြွားဝါလိမ်ညာ ကိုယ်ကျိုးရှာသော ရဟန်းတစုကို အကြောင်းပြု၍လည်းကောင်း၊ ရဟန်းတို့တွင် ဒ. ကြီးဆုံးသော ပါရာဇိက သိက္ခာပုဒ် (၄) ပါးကို ပညတ်တော်မူခဲ့သတည်း။



ရဟန်းများနှင့် ပတ်သက်၍ ပညတ်တော်များဖြစ်ပေါ်လာရသည်မှာ အကြောင်းမဲ့ ဖြစ်ပေါ်လာသည် မဟုတ်ပေ။ ဘုရားလက်ထက်တော်တွင် ဘုရား၏ တပည့်သား ရဟန်းတော်များထဲတွင် မသိနားမလည်၍ ရဟန်းနှင့်မလျော်သော မဖွယ်မရာအပြုအမူများကို ပြုမှားမိသော ရဟန်းများ ရှိကြသလို၊ မဖွယ်မရာသည်ကို သိလျက်နှင့် ပြုမူကြသော ခပ်ဆိုးဆိုး ခပ်ပေပေ ခပ်တေတေ ရဟန်းများလည်း ရှိကြသည်။ ပညတ်တော်ကို လက်တလုံးခြား လှည့်ပတ် ကျူးလွန်လိုကြသော ရဟန်းလည်း ရှိကြသည်။ ထိုသို့သော မသိ နားမလည်သော ရဟန်းများ၊ မဖွယ်ရာသည်ကို သိလျက်နှင့် တမင် ပြုလုပ်ကြသော ရဟန်းများနှင့် ပညတ်တော်ကို လက်တလုံးခြား လှည့်ပတ် ကျူးလွန်တတ်သော ရဟန်းများကို အကြောင်းပြုကာ ဗုဒ္ဓသည် ပညတ်တော် (၀၁) ဝိနည်းသိက္ခာ ပုဒ်တော်များကို အခါအားလျော်စွာ ထုတ်ပြန်ရလေသည်။

ဗုဒ္ဓဘုရားရှင်သည် အလွန် အရေးကြီးသော 'ပ ရာဇိက' သိက္ခာပုဒ် (၄) ပါးကို ထုတ်ပြန် ပညတ်တော်မပြီးနောက် သံဃာဒိသိသ် (၁၃) ပါး ပညတ်တော်ကို ထုတ်ပြန် ပညတ်တော်မူရပြန်၏။

သံယောဇဉ်သိသ် [၁၃] ပါး

၁။ လုံ့လပယောဂဖြင့် သုတ်လွှတ်အောင် ပြုလုပ်ခြင်း။

၂။ မာတုဂါမတို့၏ ကိုယ်အင်္ဂါ ကြီးငယ်တို့ကို ကိုင်တွယ်ခြင်း။

၃။ ရုံ့ရင်း ကြွမ်းတမ်းသော စကားကို ပြောဆိုခြင်း။

၄။ မေထုန်ကို အလှူခံခြင်း။

၅။ အောင်သွယ်ခြင်း။

၆။ မည်သူ့ကိုမျှ မပန်ကြားပဲ ကုဋီကိုအတိုင်းအရှည် ထက် ကြီးစွာ ဆောက်ခြင်း။

၇။ ကျောင်းဆုကို မပန်ကြားပဲ ဆောက်လုပ်ခြင်း။

၈။ ကေန်မြင်ခြင်း၊ ဧကန်ကြားခြင်း၊ ကေန် ရှုံ့ရှာခြင်း မရှိပဲ လုပ်ကြံပြောခြင်း။

၉။ သူတပါး ပျက် စီး အောင် ရည်ရွယ် ပြောဆိုခြင်း။

၁၀။ သံယောတို့ကို သင်းခွဲခြင်း။

၁၁။ သံယော သင်းခွဲသူ ရဟန်း၏ နောက်လိုက်လုပ်ခြင်း။

၁၂။ ကောင်းဆုခကောင်းကြောင်း ဆိုဆုံးမသည်ကို မနာခံခြင်း။

၁၃။ ဒါယကာတို့အား သစ်သီးပေးခြင်း၊ ပန်းပေးခြင်း။

ထိုသိက္ခာပုဒ် (၁၃) ပါးကို ပညတ်ရသောသာဓကများ။

သာဓက-၁။

ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းဌာ သီတင်းသုံး စံနေတော်မူစဉ် ရှင်သေယျသက အမည်ရှိ ရဟန်းသည် အလိုအလျောက် မဟုတ်ပဲ၊ မိမိ လုံ့လ ပယောဂဖြင့် သုတ်လုတ်အောင် ပြုလုပ်၏။ ထို ရဟန်းသည် ဤသို့လျှင် အကြိမ်ကြိမ် ပြုလုပ်နေလျက် သူနှင့် သီတင်းသုံးဖော် ရဟန်းများ တွေ့မြင်သွားလေသည်။

အဖော် ရဟန်းများသည် ရှင်သေယျသက၏ အပြုအမူကို အလွန်ရံရှာ စက်ဆုပ်ကြ၏။ သို့ကြောင့် သူ့အကြောင်း ဗုဒ္ဓဘုရားရှင်အား သွားရှိ လျှောက်ထားကြသည်။ ဗုဒ္ဓသည် ရှင်သေယျသကကို ခေါ်တော်မူပြီး မေး၏။ ရှင်သေယျသကသည် ဟုတ်မှန်ပါကြောင်း ဝန်ခံလေသည်။

ဗုဒ္ဓဘုရားရှင်သည် ဤနှယ် စက်ဆုပ်ဘွယ် ယုတ်ညံ့သော အမှုကို ပြုလုပ်သည့်အတွက် ရှင်သေယျသကအား ရဟန်းတို့ အလည်တွင် ပြစ်တင် ရှာဘွေပြောဆိုပြီးလျှင် ပဌမသံဃာဒိသိသ်အာပတ်ကို ပညတ်တော် မူလေ၏။

သာဓက-၂။

ဥဒါယီ၏ဟန်းသည် သူ၏ကျောင်းကို အလွန်လှပဆန်းကြယ်အောင် ဆောက်လုပ်ထား၏။ ပြီးတဖန် ခြူးပန်းခြူးနွယ်တို့ တပ်ဆင်ကာ ရှုခင့်စဖွယ် ဖြစ်အောင်လည်း ဖန်တီးထားသည်။ အခန်းကြီး အခန်းငယ်များ ဖွဲ့လျက် ခန်းနား တင့်တယ်အောင် စီစဉ်ထားသည်။ တံခါးကြီး တံခါးငယ်တို့ကိုလည်းဝေဆာစွာ တပ်ဆင်ထား၏။

ကျောင်းအနီး ဖြတ်သန်း သွားလာသူတိုင်းသည် ဥဒါယီ၏ ကျောင်းကို တဝေးတမော ကြည့်ရှု၍ သွားကြလေသည်။

ညားခါစ၊ ပုဏ္ဏား လင်မယား နှစ်ယောက်သည် ညနေချမ်းတွင် အညောင်းပြေ လမ်းလျှောက်လာကြရင်းနှင့် ဥဒါယီ၏ ကျောင်းနားသို့ ရောက်လာကြ၏။

'ရှင်မရေ၊ ကျောင်းက လှလိုက်တာကွယ်။ ဒို့ ဝင်ကြည့်ကြရအောင်'

ပုဏ္ဏားက ပြောလေသည်။

'ဟုတ်ပါရဲ့၊ ဘော်ဘော် စိတ်ကူးကောင်းတဲ့ပုဂ္ဂိုလ်ဘဲနော်။ အဆန်းဘကြယ် မွမ်းမံထားလိုက်တာ ဝင်ကြည့် ကြတာပေါ့ အရှင်'

လင်မယားနှစ်ယောက် တိုင်ပင်ပြီးနောက် ဥဒါယီ၏ကျောင်းထဲသို့ ဝင်လာကြသည်။ ဥဒါယီသည် သူ့ကျောင်းကိုလာကြည့်သော ပုဏ္ဏားလင်မယားအား ခရီးဦးကြိုပြု၏။

'ဒကာတို့ဒကာမတို့။ ငါ့ကျောင်းကို စိတ်ဝင်စားလို့လာကြည့်ကြဘာလား။ လာပါ ဝင်ပါ စိတ်တိုင်းကြကြည့်ပါ။ ငါကိုယ်တိုင်လိုက်ပြပါ့မယ်'

ဥဒါယီရဟန်းသည် ဤသို့ပြောပြီး ပုဏ္ဏားလင်မယားအား ကျောင်းထဲသို့ ခေါ်သွား၏။ သူမှမ်းမံပြင်ဆင်ထားသော ပန်းပုရုပ်လုံးများ၊ ခြုံးပန်း ခြုံးနွယ်များကို လိုက်ပြ၏။ ပြုရင်းနှင့် ပုဏ္ဏားမ၏ အချိုးကျ ပြေပြင်သော ကိုယ်ကာယအလှကို မျက်စောင်းခဲ၍ကြည့်သည်။

ပုဏ္ဏားယည် ခြုံးပန်းခြုံးနွယ်များကိုလည်းကောင်း၊ ပန်းပုရုပ်များကိုလည်းကောင် အလွန်စိတ်ဝင်စားကာ တခဲအားတဆော ကြည့်နေ၏။

'လာ....လာ....ဒကာမ ဒီဆက်ဆီးတာပြမယ်'

ပုဏ္ဏား အမှတ်မဲ့ကြစ်နေတုန်း ဥဒါယီသည် ပုဏ္ဏားမအား အခန်းတခုထဲသို့ လှည့်ဖျား ခေါ်သွား၏။ အခန်းလေးထောင့်သား အခါ ပြာင်.ဘုံခါးကိုပိတ်လိုက်သောခြောင့် မှောင်သွားသည်။ ပုဏ္ဏားမအုံ့အားသင့်နေစဉ် ဥဒါယီ ပုဏ္ဏားမအနားကပ်ရှိအမျိုးသမီး၏ အင်္ဂါကြီးငယ်တို့ကို ကိုင်ဘွယ်ဖျစ်ညှစ်လေ၏။ ပုဏ္ဏားမ လန့်ဖြန့်ပြီး အခန်းထဲမှ ထွက်ပြေးသွားလေသည်။ ပုဏ္ဏားသည် မိမိဇနီးမျက်နှာ နီမြန်းလျက် အခန်းထဲက ထွက်လာသည်ကိုလည်း သတိမပြုမိ၊ ခြုံးပန်းခြုံးနွယ်တို့ကိုသာ အာရုံစိုက်လျက်ရှိနေလေသည်။

နေဆောင် ညီးမှိန်လာသည်နှင့် ဧကျောင်းခန်း အတွင်းပယ် အုန်ကြီးငယ် မှောင်လာသည်။ ပုဏ္ဏားလင်မယားလည်း ဥဒါယီ၏

ကျောင်းမှ ထွက်ခွာခဲ့ကြလေသည်။ နေအိမ်သို့ပြန်လည်ရောက်ရှိ ကြသောအခါ ပုဏ္ဏားကပြော၏။

'ရှင်မရေ .. ဥဒါယီရဟန်းဟာ တကယ်တော်တဲ့ကိုယ်တော်အဲ ကွယ်။ စတဲကူး စတဲသန်းလဲ အင်မဘန် ဆန်းကျယ်တယ်၊ အကျင့် သီလလဲ အင်မတန်ကောင်းတယ်၊ ဒီနေ့အဖို့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ် မြတ်နဲ့တွေ့ရတာ အင်မတန်မြတ်တဲ့ဆုကို ရခဲ့ကြတာပါဘဲကွယ်'

ပုဏ္ဏားသည် ကြည်နူးလှိုက်လှဲစွာနှင့် ပြော၏။ လင်ပုဏ္ဏား ပြောတော့ ပုဏ္ဏားမ နှုတ်ခမ်းကို မဲ့လိုက်သည်။

'ရှင်မ ဘာပြုလို့မဲ့တာလဲ'

ပုဏ္ဏားက သူ့ဇနီး၏မျက်နှာကို နားမလည်နိုင်သလိုကြည့်၍ မေး၏။

'အရှင်က ဥဒါယီရဟန်းကို သူတော်သူမြတ်ဆိုလို့ပါ'

ပုဏ္ဏားမဒေါသနှင့်ပြောပြီး နှုတ်ခမ်းကို မဲ့လိုက်ပြန်သည်။

'အို....ရှင်မ သူတော် သူမြတ်ကို မပြစ်မှားကောင်းဘူးလေ....'

ပုဏ္ဏား ပျာပျာသလဲပြော၏။

'ဘာသူတော်သူမြတ်လဲ အင်မတန်ယုတ်မ တဲ့ရဟန်း၊ အရှင်မသိဘူးဟုတ်လား၊ အရှင်ကရုပ်လုံးတွေ ခြူးပန်းခြူးနွယ်တွေကို စိတ်ဝင်စားပြီး ကြည့်နေတုန်း ကျမကို လှည့်ဖျားပြီး အခန်းတခု ထဲခေါ်သွားတယ်၊ အခန်းထဲရောက်တော့ လေသာပြတင်းတံခါး ကို ပိတ်ပြီး ကျမအနားကပ်လာတယ် ပြီးတော့'

ပုဏ္ဏားမ စကား ရပ်ထားသဖြင့် နားစိုက်ထောင်နေသော ပုဏ္ဏား အားမလို အားမရဖြစ်နေသည်။

'ပြီးတော့ ဘာဖြစ်သေးသလဲ'

ဗုဒ္ဓ မြတ်စွာ ဘုရားရှင်သည် ဥဒါယီ ရဟန်းအား ခေါ်၍ မေ့မြန်းသောအခါ ဟုတ်မှန်ကြောင်း ဝန်ခံ၏။ ဗုဒ္ဓက ဤအပြုအမူနှင့် ပတ်သက်၍ ဥဒါယီအား အလွန်အလွန်ရစရာမရှိဟောင်ရှုတ်ချ ပြောဆိုပြီးနောက် မေထုန်ကို အလေးခံသော ရဟန်းသည် သံဃာ့ဒီသိယ် အာပတ် သင့်စေသည်ဟု ပညတ်တော် မူပြန်၏။

သာဓက-၅။

ဥဒါယီသည် ခပ်ဆိုးဆိုး ခပ်ဒေါသေ ခပ်ဓပေရဟန်းဖြစ်၏။ သူနှင့် ပတ်သက်၍ ပညတ်ချက်တွေ များစွာ ပြုလုပ်ခဲ့ရသည့်တိုင် ဥဒါယီသည်ရပ်တန်းက မရပ်သေး တခုပညတ်လိုက်လျှင်နောက် တခု ထပ်၍ လုပ်ပြန်၏။

ယခုကြည့်၊ မာတုဂါမများနှင့် ပတ်သက်၍ ပညတ်ချက်တွေ ပြုလုပ် လိုက်သောအခါ နောက်ဘနည်း ထွင်လာပြန်သည်။ လုပ်ပုံက ဥဒါယီသည် ဒါယကာ ဒါယကာမများ အိမ်သို့ သွားရောက် လည်ပတ်ပြီး-

'ဒကာ သင့်သားဟာ အချိန်ဘယ် အရွယ်ရောက်နေပြီလဲ ဘာပြုလို့ အိမ်ထောင်ချထား မပေးသေးတာလဲ။ ငါ့ ဒကာ ဒကာမတွေထဲမှာရုပ်ချောတဲ့သမီးပျိုတွေရှိတယ်။ သင်ဘို့သားကို အဲဒီ ကလေးမနဲ့ ပေးစားရရင်ကောင်းမယ်' ဟု၍လည်းကောင်း-

သမီးပျိုရှိသော ဒကာ ဒကာမများအိမ် ဆောက်ပြန်တော့ လည်း-

'ဒကာ ဒကာမတို့ သမီးကညာအရွယ်ရောက်လာရင် အခါမလင့်ရဘူးတဲ့၊ အရွယ်ရောက်တဲ့သမီးကို အိမ်ထောင်ချထား ပေးရမှာ မိဘတို့ဘာဝန်ဝတ္တရားပြီတယ်၊သင်တို့သမီးကိုအိမ်ထောင်ချထားပေးတော့၊ ငါ့ဒကာ ဒကာမ မျှားထဲမှာ ရုပ်လဲချောအရည်အချင်းလဲပြည့်စုံတဲ့ သားပျိုရှိတယ်၊ သင်တို့သမီးကို အဲဒီသူငယ်နဲ့ ပေးစားရင်ကောင်းမယ်' ဟူ၍လည်းကောင်း ပြောဟော ဆုယ်နှသောကြောင့် သားရှင် သမီးရှင်များက ဥဒါယိကို သားခရေး သမီးရေး ကိစ္စများကိုလဲအပ်ကြလေသည်။

ဥဒါယိသည် ဤသို့ဖြင့် အောင်တမန်အလုပ်ကို လုပ်နေ၏။ ဥဒါယိ ဆောင်ရွက်သောကြောင့် အိမ်ထောင်သည် အတော်များများဖြစ်လာသည်။ အချို့အိမ်ထောင်များမှာ အိမ်ထောင်ရေး စီးပွားရေး အဆင်ပြေကြသော်လည်း၊ အချို့အိမ်ထောင်များသည် အဆင်မပြေရှိကြ၏။

အိမ်ထောင်ရေး စီးပွားရေး အဆင်မပြေသူများက ဥဒါယိရဟန်းကို ချီးမွမ်း၍ ကျေးဇူးတင်စကား ပြောကြသည်။ အိမ်ထောင်ရေး အဆင်မပြေသူများကတော့ ဥဒါယိအား—

'ဒီရဟန်းရှုပ်လို့' ဟု ဆိုကာ ရှုတ်ချကဲ့ရဲ့ကြလေသည်။

ယင်းစကားများ သံဃာတော်တို့ နားသို့ ရောက်ရှိလေရာ သံဃာတော်များစုဝေးလျက် ဗုဒ္ဓမြတ်စွာကို တင်လျှောက်ကြပြန်၏။ ဗုဒ္ဓသည် ဥဒါယိအား ခေါ်၍ မေးတော်မူရာ ဥဒါယိက အောင်တမန်လုပ်ကြောင်း ဝန်ခံ၏။

မယဉ်ကျေးသော လူနတ်ပြဟ္မာ သတ္တဝါတို့ကို ယဉ်ကျေးအောင် ဆုံးမရာတွင် ဗုဒ္ဓသည် အလွန်စိတ်ရှည်၏။ အလွန်သည်း

ခံ၍ ကယ်တင်တော်မူတတ်သော ဗုဒ္ဓမြတ်စွာသည် ဥဒါယီအား ချီသာ ကြည်လင် အေးမြသော အသံတော်နှင့် ရှက်လောက် နာလောက်အောင် ရှုတ်ချက်ရဲ့ပြောဆိုပြီးနောက် အောင်တမန် ပြုလုပ်သော ရဟန်းသည် သံဃာ့ဒီသိသ် အာပတ်သင့်စေသည် ဟု ပညတ်တော်မူ၏။

သာဓက-၆။

အာဠဝိပြည်မှ လူများသည် ဝါဝါမြင်သည်နှင့် ပုန်းရှောင် ထွက်ပြေးကုန်ကြ၏။ ရှင်မဟာကဿပ ကိုယ်တော်မြတ်သည် အာဠဝိပြည်သို့ ရောက်ရှိပြီး ဆွမ်းခံကြွတော်မူသည်တွင် ရှင်မဟာ ကဿပကဲ့မြင်သည်နှင့်လူတွေ့ ပုန်းရှောင် ထွက်ပြေးကြလေသည်။

ယင်းအဖြစ်နှင့်ပတ်သက်၍ ရှင်မဟာကဿပ လေ့လာစုံစမ်း ကြည့်သောအခါ အာဠဝိပြည်သား ရဟန်းများသည် လူပုဂ္ဂိုလ် တို့ထံမှ ကဲ့နှဲ့ချားများကို တောင်းယူကာ လှူဒါန်းသည့် ဒါယိကာ မရှိပဲ မိမိတို့ဘာသာ ကုန်ကို ကြိုးစား ဆောက်လုပ်ခြင်း၊ ဒါယိကာ တို့က ဘိမန္တကမပြုပဲနှင့် ဒါယိကာ ဒါယိကာမများထံမှ ပစ္စည်း ဥစ္စာများကို တွေ့တိုင်း ဆုံတိုင်း ဇွတ်အတင်း အလှူခံတောင်းယူ ခြင်းစသည်တို့ကြောင့် အာဠဝိပြည်သူပြည်သားတို့သည် ဝါဝါ မြင်တိုင်း ရှောင်ပုန်းခြင်းဖြစ်ကြောင်း သိရလေ၏။

ဗုဒ္ဓဘုရားရှင်သည် ရာဇဂြိုဟ်ပြည်မှ ဒေသစာရီကြွချီတော် မူလား၏။ အာဠဝိပြည်သို့ ဗုဒ္ဓဧရာက်ရှိလာသောအခါ ရှင်မဟာ ကဿပ မထေရ်မြတ်သည် ဘုရား၏ရှေ့တော်သို့ ဝင်ရောက်ကာ

အာဌဝိပြည်သား ရဟန်းများ အခြောင်း လျှောက်ထားလေ သည်။ အာဌဝိပြည်သား ရဟန်းများအား ဗုဒ္ဓ ခေါ်ယူမေးမြန်း သောအခါ ရဟန်းများက ရှင်မဟာ ကဿပ လျှောက်ထားသည့် အတိုင်း မှန်ပါကြောင်း ဝန်ခံကြ၏။ ဗုဒ္ဓမြတ်စွာသည် ထိုရဟန်း တို့အား ကဲ့ရဲ့၍ ဆုံးမတော်မူပြီးလျှင်-

မည်သူ့ကိုမျှမပန်ကြားပဲ ကုဋီဆုကို အတိုင်းအရှည်ထက်ပို၍ ကြီးစွာဆောက်လုပ်ခြင်း မပြု၊ ပြုလုပ်သောရဟန်းများသည် . သံဃာ့ဒိဿိသိမ်အာပတ်သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက-၇။

ဗုဒ္ဓဘုရားသခင်သည် ကောသမ္ဗီပြည်နှင့် ကုလလေးတာ အပြန် ဝါးထုကွာသော ယောသိတာရုံကျောင်း၌ သီတင်းသုံး နေတော်မူစဉ် အရှင်ဆန္ဒမသေရ၏ အလုပ်အကျွေး(ကပ္ပိယ) ဖြစ် သော ဒါယိကာက အရှင်ဆန္ဒအား-

'အရှင်ဘုရား သီတင်းသုံးဘို့အတွက် ကျောင်းဆောက်လိုပါ တယ်၊ ကျောင်းမြေနေရာကို ညွှန်ပြပါ' ဟု လျှောက်ထား၏။

'ဒကာ ကျောင်းနေရာအတွက် အဲဟိုသစ်ပင်ကို ခုတ်ထွင်ရှင်း လင်းလေ'

ရှင် ဆန္ဒမသေရ၏က သစ်တပင်ကို ညွှန်ပြ၍ ပြောသည်။ ဒကာ လည်း မသေရ၏ညွှန်ပြသော အပင်ကိုလွှဲ၍ ခုတ်ထွင်ရှင်းလင်း၏။ ထိုသစ်ပင်မှာ ခရီးသွားတို့ ခိုနားရာအတွက် အရိပ်ကောင်းသော ကြောင့် လူဘို့ မြတ်နိုးလေးစားသော အပင်ဖြစ်လေသည်။ လူတို့

ပုဏ္ဏား အံ့လောတကြီးမေးသည်။
'ဘာဖြစ်ရမလဲ၊ မကိုင်သင့်တဲ့နေရာတွေကို ကိုင်တာပေါ့'
ပုဏ္ဏားမ ဒေါ်နှင့်မောနှင့် ပြောတော့ ပုဏ္ဏား တုန်ခါသွားသည်။
'ဒါဘဲလား ရှင်မ ပြီးတော့'
'ဒါဘဲပေါ့၊ကျွန်မ အဲဒီအခန်းထဲက ထွက်ပြေးလာခဲ့တာကိုး'
သူ့အမေးမဆုံးမီ ပုဏ္ဏားမက ဖြတ်ပြောလိုက်၏။
ပုဏ္ဏားသည် မိမိ၏ ကြင်စဦး ဇနီးအား ဥဒါယိရဟန်းတာမဖွယ်မရာ ပြုမူသည်ကို အံ့လွန်ဒေါပွ၏။ ထို့ကြောင့် ပုဏ္ဏားသည် အရေပ်သို့လည်ကာ ဥဒါယိရဟန်း၏ ယုတ်မာညစ်ပတ်ပုံကို ပြောလေတော့သည်။ ပုဏ္ဏားပြောစကားများ ရဟန်းတို့နားသို့ တဆင့်ရောက်ရှိလာလေသည်။ ရဟန်းတို့သည် ဗုဒ္ဓထံ စုဝေးသွားရောက်ကြကာ ဥဒါယိအကြောင်း လျှောက်ထားကြလေ၏။
ဗုဒ္ဓသည် ဥဒါယိ၊ဟန်းအား ခေါ်ကောင်မှုရှိမေးမြန်းသည်။ ဥဒါယိ ရဟန်းက ဟုတ်မှန်ကြောင်းဝန်ခံသ၊ဖြင့် ဤသို့ မာတုဂါမတို့ အင်္ဂါကြီးငယ်ကို ကိုင်တွယ်သောရဟန်းအား သံဃာဒိသိသ် အာပတ်သင့်စေသည်ဟု ပညတ်တော်မူသတည်း။

သာကေ-၃။

ဥဒါယိသည် မာတုဂါမများအား ကိုယ်ထိလက်ရောက်ကိုင်တွယ်သုံးသပ်ခြင်း မပြုရန် ဗုဒ္ဓဘုရားရှင်က တားမြစ် ပညတ်လိုက်သောအခါ တမျိုးတဖုံ ဆိုးသွမ်းသောင်းကျန်းလာပြန်၏။

သူ၏ကျောင်းသည် ထူးခြားပြီး လှုပဆန်းကြယ်စွာ စီမံပြုလုပ်ထားသောကြောင့် လူအများ လာရောက် ကြည့်ရှုကြသည်။ ထိုသို့လာသောအခါ အမျိုးသမီးများအား လိင်ကိစ္စနှင့်ပတ်သက်သည့် ညစ်ညမ်းသောစကားများကို ယုတ်ယုတ်မာမာ ပြစ်ပြစ်နှစ်နှစ် ပြောဆိုခဲ့၏။ မေးမြန်း၏။

မာတုဂါမတို့သည် ဥဒါယိရဟန်းအား ယုတ်မာညစ်ညမ်းချိုစုတ်ပဲ့သောရဟန်းဟု အရပ်ထဲတွင် စွပ်စွဲ ပြောဆိုကြလေသည်။ ယင်းစွပ်စွဲချက် သံဃာတော်တို့နှား တဆင့်ရောက်လာသော အခါ သံဃာတော်တို့သည် ဗုဒ္ဓထံသွားရောက်ပြီး ဥဒါယိ အကြောင်း စလျှောက်ထားကြလေ၏။

ဗုဒ္ဓက ဥဒါယိအား ခေါ်ယူ မေးမြန်းသောအခါ ဥဒါယိက မှန်ကြောင်း ဝန်ခံ၏။ ထိုအခါ ဗုဒ္ဓမြတ်စွာသည် ဥဒါယိအား ပြစ်ဒဏ် ရှုတ်ချသော စကားကို မျှားစွာပြောလျက် ခုံ.ရင်းကြမ်းတမ်းသော ဒုဋ္ဌုလ္လဝါစာ စကားကို မာတုဂါမများနှင့် ပြောဆိုသော ရဟန်းအား သံဃာဒိသိသိ အာပတ် သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက-၄။

ဗာရာဏသီပြည်တွင် ရုပ်ဆင်းအင်္ဂါ လှုပတင့်တယ်၍ အသွယ်ကောင်းသော မိန်းမတစ်ယောက် ရှိ၏။ ထို မိန်းမသည် လင်ဖြစ်သူ စာရေး သေဆုံးသွားပြီးခဏာက် မုဆိုးမ အဖြစ်နှင့် တကိုယ်တည်း နေထိုင်လေသည်။

ဥဒါယီ ရဟန်းသည် ထို မိန်းမ အိမ်သို့ မကြာခဏ သွားကာ ပဋ္ဌိသန္ဓာရ စကားပြောင့် ရင်းနှီးအောင်ပြု၏။ ထိုမိန်းမသည်ဥဒါယီ အပေါ်တွင် သံယောဇဉ် ငြိတွယ်ကာသဒ္ဓာစိတ် မျှားလာသဖြင့်-

'အရှင်ရဟန်း ပစ္စည်းလေးပါး အလိုရှိရင် အလှူခံပါ' ဟု ဆိုလေ၏။ ဥဒါယီသည် အမျိုးသမီးအား စိမ်းစိမ်း စူးစူး ကြည့်ကာ-

'ဒကာမငါ့မှာပစ္စည်းလေးပါးအတွက် မခံယဉ်းပါ။အားလုံး ပြည့်စုံပါတယ်။ ဒါ့ကြောင့် ရခဲသော အလှူကိုသာ လှူပါ' ဟု ဆို၏'

'ရှင်ရဟန်း ဘယ်အလှူ ပစ္စည်းမျိုး ရခဲပါသလဲ'

အမျိုးသမီး ဥဒါယီ၏ မျက်နှာကို နားမလည်နိုင်သလို ကြည့်၍မေးသည်။

'ဒကာမ မေထုန် အလှူကို ရခဲပါတယ်'

ဥဒါယီ ရဟန်း စကားကြားတော့ အမျိုးသမီး ကြက်သီး ဖြန်းကနဲ ထသွားသည်။ ရှက်စိတ်ကြောင့် တကိုယ်လုံး ဖိန်းသွားသည်။ ခေါင်းငုံ့၍ စဉ်းစားသည်။ ဤ ရဟန်းသည် ငါ့အား တကယ်ပင် သံယောဇဉ် တွယ်ဘာဟန် ရှိ၏။ မေထုန်မှုကိုလည်း ပြုလုပ်ရန် ဆန္ဒပြင်းပြနေဟန် တူသည်။

ဤသို့ တွေးရင်းမှ အမျိုးသမီးသည် တဏှာဆုဂ စိတ်မျှားနှိုးကြား ထကြွလာသည်၊ မုဆိုးမဖြစ်သည်မို့ အတွေ့အကြုံလည်း ရှိပြီး ဖြစ်သည်၊ ဥဒါယီကိုလည်း သဒ္ဓာကြည်ညိုသည်။

'ရှင်ရဟန်း မေထုန်ကို တကယ် အလှူခံ လိုတာပါလား'

'တကယ် အလိုရှိတယ်ဒကာမ'

'ရှင်ရဟန်း အလိုရှိရင် လှူပါမယ်'

အမျိုးသမီးဖြောင့်ဖြူး သူမ အိပ်ယာ တိုက်ခန်းသို့ ဝင်သွားသည်။ တိုက်ခန်းထဲရောက်တော့ သူမကိုယ်တွင် ဝတ်ဆင်ထားသော အဝတ်များကို ချွတ်ကာ မိမေးတိုင်း ကိုယ်နှင့် အိပ်ယာပေါ်တွင် လှဲချပြီး ဥဒါယိအား စောင့်နေလေ၏။

ဥဒါယိသည် အမျိုးသမီးရှိရာ အခန်းသို့ လိုက်သွားသည်။ အဝတ်မဲ့နှင့် စောင့်ကြိုနေသော အမျိုးသမီး အနားသို့ သွားကာ-

'သင့် အင်္ဂါတော်က မကောင်းတဲ့ အနံ့တွေ နံတယ်' ဟု ဆိုကာ အမျိုးသမီး အင်္ဂါတော်ကို တံထွေးနှုတ်ထွေးပြီး အခန်းတွင်းမှ ထွက်ခွာသွားလေသည်။

မျှော်လင့်သောပုံဖြစ်မလာသောအခါအမျိုးသမီး ရုဂဒေါသထောင်းထောင်း ထလေတော့သည်။ ရှက်လည်း ရှက်၏။ ရှက်ခြင်းနှင့် ဒေါသစိတ် ပေါင်းစပ် မိသော အခါ အမျိုးသမီး ပေါက်ကွဲလေတော့သည်။ ဒင်း သိက္ခာကျအောင် လုပ်မည်ဟု ဆိုကာ-

'ဥဒါယိ ရဟန်းဟာ ကျွန်မဆီမှာ မေထုန်ကို အလှူခံတယ်။ ပြီး မမြဲဘဲနဲ့ တံတွေးနဲ့ ထွေးတယ်' ဟု မိန်းမချင်း လျှောက်ပြောလေ၏။

ထိုစကားသည်ကပြည်းပြည်းပြန့်ပွားကာ ရဟန်းတော်များ၏ နားသို့ ရောက်ပြန်လေ၏။ ရဟန်းတော် များသည် ဥဒါယိ အကြောင်း တုရားထံ လျှောက်ထားကြပြန်လေသည်။

သေးခဲ့။ ယင်းကြောင့် အခြားတနည်းဖြင့်ရှင်ဒဗ္ဗမထေရ်သိက္ခာ ကျအောင် အရှက်ရအောင် ကြံစီနေကြသည်။

တနေ့တွင် ထို ရဟန်းတို့သည် ဂိဇ္ဈကူဋ်တောင်ပေါ်သို့ တက်ကြ၏။ ပြန်ဆင်း လာကြသောအခါ တောင်ခြေတွင် ဆိတ်ဖိုနှင့် ဆိတ်မ သံဝါသ ပြုနေသည်ကို မြင်တွေ့ကြရလေသည်။ ထိုအခါ ရဟန်းတပါးက 'ငါ့ရှင်တို့ ငါအကြံရပြီ။ ဆိတ်ဖိုကို ဒဗ္ဗလို့ ခေါ်မယ်။ ဆိတ်မကို မေတ္တိယဘုမဇကလို့ ခေါ်မယ်။ ပြီးကော့ ဒဗ္ဗနဲ့ မေတ္တိယတို့ သံဝါသပြုနေတာ ငါတို့ မြင်ခဲ့တယ်လို့ ရှောက်ပြောကြမယ်' ဟု ဆို၏။

'ကောင်းတယ် ဒါသိပ်ကောင်းတယ်၊ ဒို့တွေ မြင်တာကို ပြောတာဘဲ အာပတ် မသင့်ပါဘူး'

ရဟန်းတပါးက ပထမ ရဟန်း၏ အဆိုပြုချက်ကို ထောက်ခံ၏။ အားလုံးကလည်း သဘောတူ အတည်ပြုသည်။ ထို ရဟန်းတို့သည် ကျောင်းသို့ ရောက်သောအခါ ဒဗ္ဗနှင့် မေတ္တိယတို့ သံဝါသ ပြုနေသည်ကို မိမိတို့မျက်ဝါးထင်ထင် မြင်ခဲ့ရသည်ဟု လျှောက်ပြော၏။

'ဘယ်မှာ တွေ့ခဲ့တာလဲ' မေးလျှင်-

'ဂိဇ္ဈကူဋ် တောင်ခြေမှာ'

သူတို့က အခိုင်အမာ ပြောကြသည်။

ထိုသတင်း သံဃာတော်တို့ ကြားသိသောအခါ ဗုဒ္ဓမြတ်စွာ အား သွားရ၍ လျှောက်ကြလေသည်။ ဗုဒ္ဓမြတ်စွာသည် ရှင်ဒဗ္ဗ အား ခေါ်ရန် မေးတော်မူ၏။ ရှင်ဒဗ္ဗက မဟုတ် မမှန်ကြောင်း

ငြင်းဆိုသည်။ ဗုဒ္ဓသည် စွပ်စွဲပြောဆိုသော ရဟန်းများကိုခေါ်၍ စစ်ဆေး၏။ ဓမ္ဓ ငင်းဆောင် ရဟန်းက-

'တပည့်တော်တို့ ရှင်ဒဗ္ဗမဿေ၏ အကြောင်းနဲ့ မေတ္တိယ ဘူမ္မဇကတို့အကြောင်း မပြောပါ။ တောင်ခြေမှာ သံဝါသပြုနေ ကြတဲ့ ဆိတ်သီးနဲ့ ဆိတ်မတို့ကို မြင်ခဲ့ရတဲ့အကြောင်းသာပြောပါ တယ် ဘုရား' ဟု ဝိနည်းလွတ် စကားဖြင့် ဓလျောက်ထားသည်။ ဗုဒ္ဓက မေးတော် မူပြန်၏။

'ဆိတ်သီးနဲ့ ဆိတ်မက ဒဗ္ဗနဲ့ မေတ္တိယတဲ့လား'

'မှန်ပါတယ် ဘုရား'

'ဘယ်သူက ပေးထားတဲ့ အမည်တွေလဲ'

'တပည့်တော်တို့ မှည့်ခေါ်တဲ့ အမည်တွေပါ ဘုရား'

ဗုဒ္ဓဘုရားသည် ထို ရဟန်းများအား အလွန်ရှုတ်ချကဲ့ရဲ့တော်မူ၍ သူတပါး ပျက်စီးအောင် ရည်ရွယ်ပြောဆိုသော ရဟန်းများ သည် သံဃာ့ဒီသိပ် အာပတ် သင့်စေသည်ဟု အညာဘာဂိယ သံဃာဒိသိပ် ကို ပညတ်တော် မူသတည်း။

သာဓက-၁၀။

ဗုဒ္ဓ ဘုရားသခင်သည် ဆာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း ဘေဘီကြီးခြုံ သီတင်းသုံး နေတော်မူစဉ် ရှင်ဒေဝဒတ် ရဟန်း သည် ကောကာလိယ အမည်ရှိသော ရဟန်းနှင့် တိုင်ပင်၏။

'ငါ့ရှင် ကောကာလိယ၊ ငါတို့ အလိုရှိတဲ့ အကြောင်းတရား ငါးပါး ရှိတယ်။ အဲဒီ အကြောင်းတရားငါးပါးက တစ်၊ ရဟန်း

တို့ဟာ အသက်ထက်ဆုံး တောကျောင်းမှာဘဲ နေသင့်တယ် နေရမယ်။ နှစ်၊ မြို့ကျောင်း ရွာကျောင်းမှာ မနေစေရ။ သုံး၊ ရဟန်းဆိုတာ အသက်ထက်ဆုံး သစ်ပင်ရင်းမှာဘဲ နေရမယ်။ လေး၊ အသက်ထက်ဆုံး ပုံ့သုဂ္ဂသဃ်နှ်းကိုဘဲ ဝတ်ရုံရမယ်။ ဒါ ယိကာတို့ သဒ္ဓာလို့ လှူတဲ့ သဃ်နှ်းကို မဝတ်ရုံရ။ ငါး၊ အသက်ထက်ဆုံး အမဲဟင်း ငါးဟင်းကိုမစား။ သက်သတ်လွတ် သစ်သီး သစ်ရွက်ဟင်းကိုသာ စားရမယ်။ ဒီ ငါးချက်ကို ဗုဒ္ဓဘုရားဆီမှာ ငါတို့ တင်ပြ တောင်းဆိုကြမယ်။ အကယ်၍ ဗုဒ္ဓက သဘောမတူ လက်မခံရင် ငါတို့ သင်းခွဲ ထောင်ကြမယ်။ သင် သဘောတူ သလား'

'သိပ် တောင်းသင့်တာပေါ့ ရှင် ဒေဝတ်၊ ရဟန်းဆိုပြီး အကောင်းနေချင်၊ အကောင်း ဝတ်ချင်၊ အကောင်း စားချင် နေလို့ ဘယ်ဖြစ်မလဲ။ ရှင်ဒေဝဒတ်ဘင်ပြတဲ့အကြောင်းငါးချက် စလုံးကို ငါထောက်ခံတယ်။ အကယ်၍ ဗုဒ္ဓက မလိုက်လျောလို့ ခွင့်မပြုလို့ သင်းခွဲ ထောင်မယ်ဆိုရင်လဲ ငါ သဘောတူတယ်'

ကောကာလိယ ရဟန်းက လှိုက်လှဲစွာ ထောက်ခံ ပြောဆိုသည်။ သူတို့နှစ်ပါး တိုင်ပင် ညှိုးနှိုင်းကြပြီးနောက် ဗုဒ္ဓဘုရား ထံသို့ သွားကြလေသည်။ ရှင်ဒေဝဒတ်က သူ့မှု ငါးချက်ကို ဗုဒ္ဓအား တင်ပြ လျှောက်ထားသည်။ ဗုဒ္ဓက ဒေဝဒတ် တင်ပြသော အကြောင်းငါးချက်ကို ငြင်းပယ်တော် မူလိုက်သည်။

ထိုအခါ ဒေဝဒတ် ရဟန်းသည် မိမိ မူငါးချက်ကို ငြင်းပယ်ရမည်လားဟု ဗုဒ္ဓအားပေါ်ရန်ငြိုးထားကာ ဗုဒ္ဓဆိုတာ အလကား။ တကယ် အကျင့်သီလရှိတာ မဟုတ်ဘူး။ အကျင့် သီလရှိတဲ့ပုဂ္ဂိုလ်

ဆိုတာ တောမှာသာ နေရမယ်။ သစ်ပင်ရင်းမှာသာ နေရမယ်။ ပုံ့သုကူသယ်နှုန်းကိုသာ ဝတ်ဆင်ရမယ်။ ဒါယိကာတို့လှူတဲ့သင်္ဃာ်နှုန်းကို မဝတ်ဆင်ရဘူး။ အမဲဟင်း ငါ့ဟင်းတို့ကိုလဲ မစားရဘူး။ ဗုဒ္ဓဟာ ဒါတွေကို မစွန့်ပယ်ဘူး။ ငါသာ ဒါတွေကို စွန့်ပယ်တာ၊ ဗုဒ္ဓဟာ ငါ့လောက် အကျင့်သီလ မကောင်းဘူး။ သင်တို့နိဗ္ဗာန်မဂ်ဖိုလ်ကို တကယ် အလိုရှိရင် ငါ့အကျင့်ကို လက်ခံကြ။ ငါ့လမ်းစဉ်ကို လိုက်ကြ" ဟု ပြောဟော စည်းရုံးလေသည်။

အချို့ရဟန်းများသည် ဒေဝဒတ်စကားကို နားယောင်ကာ ဗုဒ္ဓကို ဆန့်ကျင်ပြီး ဒေဝဒတ်နောက်သို့ လိုက်ကြလေသည်။ ထိုအကြောင်း ရဟန်းများက ဗုဒ္ဓအား လျှောက်ထားကြလေရာ ဗုဒ္ဓကသံဃာ့ကိုသင်းခွဲသော ရဟန်းသည် သံဃာ့ဒီသိသ်အာပတ် သင့်စေသည်ဟု၊ ဒေဝဒတ်ရဟန်းကို အကြောင်းပြု၍ သံဃမေဒက သံဃာ့ဒီသိသ်အာပတ်ကို ပညတ်တော်မူလေသည်။

သာဓက—၁၁။

ဗုဒ္ဓဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတွင် ယီတင်းသုံးနေတော်မူစဉ် ဒေဝဒတ်ရဟန်းသည် သင်းခွဲခြင်းအလုပ်ကို လုပ်မြဲလုပ်နေ၏။ ရဟန်းအချို့လည်း ဒေဝဒတ်စကားကို နားယောင်လျက် တော့ဝေနေကြသည်။ ဗုဒ္ဓကို ကြည်ညိုလေးစားသော ရဟန်းများက တော့ဝေနေသော ရဟန်းများအား မတော့ဝေရန် နိဗ္ဗာန်ရောက်ကြောင်းတရားကို ဗုဒ္ဓမူတပါး

သည် မိမိတို့ ထမြတ်ဘုန်းထားသော သစ်ပင်ကို ခုတ်လှဲစေသည့် ရှင်ဆန္ဒမဏ္ဍိုင်အား ကဲ့ရဲ့ရွတ်ချက်အပြစ်ဆိုကြ၏။ သံဃာတို့နှင့် ထိုစကားရောက်ရှိသောအခါ သံဃာတော်တို့သည် ရှင်ဆန္ဒမဏ္ဍိုင်အကြောင်း ဗုဒ္ဓအား လျှောက်ထားကြလေသည်။

ဗုဒ္ဓက ရှင်ဆန္ဒမဏ္ဍိုင်အား ခေါ်ယူမေးမြန်း၏။ ရှင်ဆန္ဒမဏ္ဍိုင်ကလည်း သစ်ပင်ကို ခုတ်ခိုင်းမိကြောင်း ဝန်ခံသည်။ ထိုအခါ ဗုဒ္ဓဘုရားရှင်သည် ကျောင်းဆုကို မပန်ကြားပဲ မခုတ်မရှင်းရ၊ မပန်ကြားပဲ ကျောင်းဆောက်လုပ်ခြင်း မပြုရ၊ မပန်ကြားပဲ ကျောင်းဆု ခုတ်ထွင်ရှင်းလင်းခြင်း ကျောင်းဆောက်လုပ်ခြင်းပြုသောရဟန်းသည် သံဃာ့ဒီသိပ် အာပတ်သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက–၁။

မလ္လာမင်း၏သား ရှင်ဒဠှမဏ္ဍိုင်သည် (၇)နှစ်သား အရွယ်ကပင် ရဟန္တာ ဖြစ်ခဲ့၏၊ ၎င်းမဏ္ဍိုင်သည် သံဃာတို့အား အိပ်ရာနေရာ ခင်းဖေးခြင်း၊ ဆွမ်းအာဟုတ် စီစဉ် ညွှန်ကြားကာ သံဃာ့ဝတ္တရားများကို ဆောင်ရွက်ရန် ဆန္ဒရှိသည်နှင့် ဗုဒ္ဓ မြတ်စွာအား သူ့ဆန္ဒကို လျှောက်၏။

ဗုဒ္ဓက ရှင်ဒဠှအား ဆန္ဒရှိသည့်အတိုင်း လုပ်ဆောင်ရန် ခွင့်ပြုလိုက်လေသည်။

ဗုဒ္ဓထံမှ ခွင့်ရသောအခါ ဒဠှမဏ္ဍိုင်သည် သံဃာတော်တို့ အလိုရှိရာအရပ်တွင် အထူးထူးသော ဆီမီးရောင်တို့ဖြင့် ညီးပြောင်

တောက်ပလေလျက် စိမ်ပြီးလျှင် ကျောင်းနေ အာဝါသိက ရဟန်းများအားလည်းကောင်း၊ ညှဉ်သည် အာဂန္တုရဟန်းများ အားလည်းကောင်း၊ ဆွမ်းသုံးဆောင်စေခြင်းနှင့်ဆိုသော အရာ ကိုလည်းကောင်း၊ အိပ်ရာအိပ်ခင်းနှင့် ဆိုင်သော အရာကို လည်း ကောင်း၊ သမဂ္ဂသမောဝေနဖြစ်စောင် အိပ်ရာကိုလည်း ခင်း ကျင်း၏။ ဆွမ်းကိုလည်း ညှဉ်သည်။

လောကတွင် မည်မျှပင် အမျှားအကျိုးအတွက် ဆောင်ရွက် သည် ဖြစ်စေ ပြစ်တင်ကဲ့ရဲ့ခံရခြင်း၊ အမှုနှိုးခံရခြင်းတို့မှ လွတ် ကင်းနိုင်သည်ဟု မရှိချေ။

ရှင်ဒဗ္ဗမလေရ်သည် ရဟန်းများ ကောင်းစွာ စားရေရေ၊ ကောင်းစွာ အိပ်ရရေးအတွက် ကြိုးပမ်းဆောင်ရွက် ခြားသော် လည်း ရှေးဘုန်းရှေ့ ကံခြိုသော ရဟန်းများသည် ဆွမ်းကောင်း ဟင်းကောင်းကို ရကြ၍၊ ရှေးဘုန်းရှေးကံ နည်းပါးသော ဟောင်းတို့မှာ ဆွမ်းညံ့ ဟင်းညံ့ကိုသာ ရရှိကြလေသည်။

ထိုအခါ ဟင်းညံ့ရသော ရဟန်းများသည် ရှင်ဒဗ္ဗမလေရ် အား မကျေမနပ် ဖြစ်ကြသည်။ မျက်နှာကြီးယေ လိုက်သည်ဟု အဆင်ရှိကာ ရှင်ဒဗ္ဗကို မုန်းကြသည်။

ဆွမ်းညံ့ဟင်းညံ့ရသောရဟန်းများ အချင်းချင်းစုဝေးကြကာ ရှင်ဒဗ္ဗကို ရန်ငြိုးငွဲလျက် ပျက်စီးရာပျက်စီးကြောင်း ကြံကြ သည်။ ထိုရဟန်းတို့ သည် 'မေတ္တိယ ဘုမဇက' အမည်ရှိသော ဘိက္ခုနှစ်မနှင့် တိုင်ပင်ကြ၏။ ခေါင်းဆောင်ရဟန်းက ပြောသည်။

'ဘုမဇေ၊ ရှင်ဒဗ္ဗမလေရ်ကာ တွင်ကျယ် ချင်တာကြောင့် ဗုဒ္ဓဘုရားရှင်ဆီမှာ စိမ်ခန့်ခွဲနေးတာဝန်ကိုတောင်းပြီး ဆောင်

ရှက်နေတယ်။ ဒါပေမယ်လို့ သူဟာ မျှတခဲအောင် မကျေးဘူး။ မျက်နှာကြီးငယ်လိုက်တယ်။ ဒါကြောင့် သူ ဒီအလုပ်က ဖယ်ရှား သွားရအောင် သင် ကြံပေးပါ'

'အရှင်ရဟန်း၊ ကျွန်ုပ် ဘယ်လိုကြံရမလဲ'

'သင့်ကို သူ မေထုန်မှီဝဲအောင် ကြံပါ'

'အို၊ ဒါတော့ ကျွန်ုပ် မကြံနိုင်ပါ'

ဘိက္ခုနီမက ငြင်းသည်။

'ဒီလိုဆိုရင် သင့်ကို သူ မေထုန်ကျင့်တယ်လို့ တခြားရဟန်းတွေ ထင်အောင်၊ ယုံကြည်အောင် နေပါ။ မေထုန်ကျင့်တယ်လို့ ပြောပါ။ သူမှုရှိမှု ငါတို့ မျှမျှတတ စားသောက်ကြရမှာ ဖြစ်ဘယ်။ ဘုမဇ္ဇက ဒါလောက်တော့ သင် ဆောင်ရွက်နိုင်ပါတယ်'

ဘိက္ခုနီမ စဉ်းစားနေသည်။ ထိုစဉ် ရှင်ဒဗ္ဗအား မလိုလားသော ရဟန်းများက ဆောင်ရွက်ပေးရန် စိုင်းတောင်းပန်ကြသည်။ ဘိက္ခုနီမက ဆောင်ရွက်ပေးပါမည်ဟု ကတိပေး လိုက်၏။ ကတိပေးပြီးနောက် ဘုမဇ္ဇကသည် ညအခါတွင် ရှင်ဒဗ္ဗအနီးသို့ ရစ်ဝဲသွားလာခြင်း၊ ရှင်ဒဗ္ဗနှင့် တနေထုမှ အတူလာသည့် ဟန်ဖြင့် နောက်ယောင်ခံ၍ လိုက်လာခြင်းများကို ပြုလုပ်ပြီးနောက် အခြားရဟန်းများ ယုံကြည်လောက်ပြီဟု ထင်သောအခါ တွင် ရှင်ဒဗ္ဗကသူမအား မေထုန်မှီဝဲကြောင်း သတင်းလွှင့်လေ၏။

ဗုဒ္ဓဘုရားရှင်သည် ရှင်ဒဗ္ဗက ဘုမဇ္ဇကဘိက္ခုနီမအား မေထုန်သံဝါသ ပြုသည်ဆိုသော သတင်းကို ကြားသိတော်မူသောအခါ ဒဗ္ဗထေရ်ကိုခေါ်၍ မေး၏။

'ငါ့ရှင်ဒဗ္ဗ၊ ဘိက္ခုနီမကို မေထုန်မှီဝဲတယ်ဆိုတာ မှန်သလား'

'မမှန်ပါဘုရား၊ ဘုမဇကဘိက္ခုနီမဟာ တပည့်တော်အပေါ် ရန်ငြိုးထားနေကြတဲ့ ရဟန်းများနဲ့ပေါင်းပြီး တပည့်တော်ရဲ့ ပျက်စီးဆုံ ပျက်စီးကြောင်းအတွက် လည်ဆယ် လုပ်ကြံပြီး သဘင်းလှဉ့်ဘာသာ ဖြစ်ပါဘယ် အရှင်ဘုရား'

ဗုဒ္ဓသည် ရှင်ဒဗ္ဗအား မေးပြီးနောက် စွပ်စွဲသော ဘိက္ခုနီမနှင့် လည်ဆယ်စွပ်စွဲရန် အကြံပေးကြသော ရဟန်းများကို ခေါ်ယူ မေးမြန်းသည်။ ဗုဒ္ဓအရှင်မြတ်၏ တပည့်သား သံဃာတော်တို့သည် ဗုဒ္ဓ၏ ကြီးမားသော ဥာဏ်တော်ကို သိထားကြသည် ဖြစ်၍ ဗုဒ္ဓမေးတော်မူလျှင် မည်သူမျှ မလိမ်မည်ဝါ မကွယ်မဝှက်ဝံ့ကြပဲ ဖြောင့်ချက်ပေးကြလေသည်။ ရှင်ဒဗ္ဗအား မလိုလားသော ရဟန်းများလည်း ဗုဒ္ဓရှေ့မှာက် ရောက်တော့ ဟုတ်ရာမှန်ရာကို ဝန်ခံကြသည်။ ဘိက္ခုနီမလည်း ဝန်ခံ၏။

ထိုအခါ ဗုဒ္ဓဘုရားရှင်သည် ဘိက္ခုနီမအား လူဝတ် လဲလှယ်စေကာ နောင်တွင် ကောန်မြင်ခြင်း၊ ကောန်ကြားခြင်း၊ ကောန် ရှိုရှာခြင်း မရှိပဲနှင့် ဒုဋ္ဌဒေါသဖြင့် လိမ်လည် စွပ်စွဲပြောဆိုသော ရဟန်းများသည် သံဃာ့ဒိဋ္ဌိသိသ်အာပတ် သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက-၉။

ရှင်ဒဗ္ဗအပေါ် ရန်ငြိုးထားကြသော ရဟန်းများသည် ဗုဒ္ဓမြတ်စွာထံ၌ ဝန်ခံခဲ့ကြသော်လည်း ရှင်ဒဗ္ဗအား ရန်ငြိုး မပြေကြ

မည်သူမျှ မည်ကဲ့နည်းကြောင်းနှင့်ကြောင်း မျှားကို ပြောဟောကာ ဒေဝဒတ်နောက်မလိုက်ရန် တားမြစ်ကြသည်။

ဒေဝဒတ်နောက်လိုက်ဖြစ်သော ကောကာလိယရဟန်းသည် ဧတဒဂ်ပေးနေသော ရဟန်းမျှားအား-

'ငါ့ချင်တို့ ဒေဝဒတ်ဟာ တကယ်အကျင့်သီလကောင်းတယ်။ သူပြောတာတဲ့ အကြောင်းငါးချက်ကလဲ တကယ် မှန်မြတ်တယ်။ ဆရာဒေဝဒတ်နဲ့ပတ်သက်ပြီး အပြစ်တစုံတရာ မပြောကြပါနဲ့။ ဆရာဒေဝဒတ်လမ်းစဉ်ကိုသာ ယုံယုံကြည်ကြည်နဲ့ လိုက်ကြပါ'ဟု တိုက်တွန်းဟောပြောပြီး ဒေဝဒတ်နောက် လိုက်ပါသွား၏။

ဗုဒ္ဓအဆုံးအမကိုသာ နာယူကြသော ရဟန်းမျှားသည် ထိုအကြောင်းကို ဗုဒ္ဓမြတ်စွာအား လျှောက်ထားကြလေသည်။ ထိုအခါ ဗုဒ္ဓက သင်းခွဲရာသို့ လိုက်ပါကြသော ရဟန်းမျှားလည်း သံဃာ့ဒိသိသ်အာပတ် သင့်စေသည်ဟု အနုဝဿက သံဃာ့ဒိသိသ်အာပတ်ကို ကောလိယရဟန်းအား အကြောင်းပြု၍ ပညတ်ချပြန်သတည်း။

သာဓက-၁၂

ကောသမ္ဗီပြည်နှင့် မနီးမဝေးရှိ ဃောသိတာရုံကျောင်း ဗောဓိဠိ ဗုဒ္ဓဘုရားသခင် သီတင်းသုံးနေတော်မူစဉ် ဆန္ဒမထေရ်သည် ရဟန်းတို့နှင့် မလျှောက်ပတ်သော အမှုမျှားကို ပြုကျင့်၏။

ထိုအခြောင်း ရဟန်းတို့သိသောအခါ ဆန္ဒမထေရ်အား ဤသို့ မကျွင်ရန်၊ ထိုအကျင့်သည် ရဟန်းတို့ ပြုကျင့်ထိုက်သည့် အကျင့်မဟုတ်ဟု ပြောဆိုကာ ဆုံးမတားမြစ်ကြ၏။ ဆန္ဒမထေရ်က—

'ငါ့ရှင်တို့ ငါ့ကို ဗုဒ္ဓရှင်တော်သာ ဆုံးမလိမ့်မယ်။ ဗုဒ္ဓဆိုဆုံးမတာကိုသာ ငါနာခံမယ်။ တခြားရဟန်း ဆိုဆုံးမတာကို ငါမနာခံနိုင်'ဟု ခက်ထန်ကြမ်းတမ်းစွာ ပြန်ပြော၏၊

ရဟန်းများသည် ထိုအခြောင်း ဗုဒ္ဓရှင်တော်အား လျှောက်ထားရာ ဗုဒ္ဓသည် ဆန္ဒမထေရ်အား ခေါ်ယူတော်မူ၍ များစွာရှုတ်ချက်ရှုပြီးလျှင်- ရဟန်းအကျင့်နှင့် မလျော်သည်ကို ကျင့်သဖြင့် အခြားရဟန်းများက မတော်ကြောင်း ဆုံးမသည်ကို မနာခံသောရဟန်းသည် သံဃာဒိသိသ်အာပတ် သင့်စေသည်ဟု ရှင်ဆန္ဒမထေရ်ကိုအကြောင်းပြုလျက် ဒုဗ္ဗစသံဃာဒိသိသ်အာပတ်ကို ပညတ်တော်မူ၏။

သာဂေ—၁၃။

ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်ကြီးတွင် သီတင်းသုံးနေတော်မူစဉ် အာသဇိပုနဗ္ဗသုက အမည်ရှိသော ဆဗ္ဗဂိုရဟန်းတို့သည် မိမိတို့ကျောင်းဝင်းဌ် သစ်ပင်ပန်းပင်တို့ကိုစိုက်ပျိုးပြီးလျှင်မိမိတို့ကျောင်းသို့လာရောက်ကြသော ဒါယိကာ၊ ဒါယိကာမများအား သစ်သီးပေးခြင်း၊ ပန်းပေးခြင်းများ ပြုလုပ်ကြလေသည်။

ရဟန်းများက ထိုသို့ပြုလုပ်ခြင်းကြောင့် ကိုဋ္ဌာဂိရိဇနပုဒ်တွင် နေထိုင်ကြသော ဒါယိကာ ဒါယိကာမတို့သည် မဂ်ဖိုလ်နိဗ္ဗာန်ကို ရည်သန်လှူဒါန်းခြင်းမပြုကြတော့ပဲ လောကီအကျိုးငှာ ရည်ရွယ်လျက် သစ်သီးပန်းသီး ရလိုမှုတို့အတွက်သာ ရည်ရွယ်၍ ဒါန်းကြလေသည်၊ သဒ္ဓာတရားမှာ ကုန်ပစ္စည်းချင်း လဲလှယ်သော သဘောသာလျှင် ဖြစ်နေ၏။

ယင်းသို့ရှိစဉ် ကာသီဘုံ၌ ဌိတနေသော ရဟန်းဘပါးသည် ဝါကျွတ် ကာလတွင် ဗုဒ္ဓရှင်ဘော်မြတ်အား ဖူးမျှော်ကန်တော့ရန် သာဝတ္ထိပြည်သို့အသွား၊ ကိုဋ္ဌာဂိရိဇနပုဒ်သို့ ရောက်လာ၏။ ထိုအခါ ဒါယိကာဘဒယောက်သည် ရဟန်းအား မိမိအိမ်သို့ ဘိတ်၍ ပဋိသန္ထာရစကား ပြောဆိုပြီးနောက်-

'ရှင်ရဟန်း ဘယ်အရပ်ကို ကြွမှာပါလဲ'ဟု မေးလျှောက်၏။

ထိုအခါ ရဟန်းက-

'ငါလာခဲ့ဘာ ဗုဒ္ဓဘုရားရှင်ကို ဖူးမြော်တန်ဘော့ဘို့ ဖြစ်တယ်။ ခုအခါမှာ ဗုဒ္ဓဘုရားရှင်ဟာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ကြီးမှာ သီတင်းသုံး စံနေတော်မူတယ်။ အဲဒီကို ငါသွားမယ်'ဟု ပြန်ပြောလေသည်။

ထိုအခါ ဒါယိကာသည်

'အရှင်ဘုရား၊ ဆဗ္ဗဂ္ဂိရဟန်းများဟာ တပည့်တော်တို့ ရှာအနီးမှာ လာရောက်နေထိုင်ပြီး သစ်ပင်စိုက်ခြင်း၊ ပန်းပင်စိုက်ခြင်းစတဲ့ ပါပသမာစာရ အကျင့်ကို ကျင့်ကြပြီး ဒါယိကာ ဒါယိကာမများကို သစ်သီးပေးခြင်း၊ ပန်းခပ်ခြင်းစတဲ့ ပါပသမစာရ အကျင့်ကိုသဲ ကျင့်နေကြပါတယ်။ ဆဗ္ဗဂ္ဂိရဟန်းများ အခုသို့

ကျွင့်နေဟဲ့အတွက် ဒါယိကာဒါယိကာမတို့ဟာ မင်ဖိုလ်နိဗ္ဗာန်ကို ရည်ရွယ် မလှူဒါန်းတော့ပဲ လားဘ်ကို မျှော်ကိုးပြီး ပစ္စည်းအလဲ အလှယ်သဘောသာ ပြုလုပ်နေကြပါတယ်။ ဒီအကြောင်း ဗုဒ္ဓ ဘုရားရှင်ကို လျှောက်ကြားပေးပါ'ဟု ရဟန်းအား မှာ၏။

ရဟန်းလည်း ဗုဒ္ဓထံရောက်သောအခါ ဒါယကာ မှာသည့် အတိုင်း လျှောက်ထား၏။

ဗုဒ္ဓ ဘုရားရှင်သည် ရှင်သာရိပုတ္တရာ မထေရ်နှင့် ရှင်မဟာ မောဂ္ဂလာန်မထေရ်တို့ကို ခေါ်ယူတောင်းမူပြီးလျှင် ထိုအသင်ပုန္ဒသုကရဟန်းတို့ကို ဥတ်ကမ္မဝါစာဖြင့် ပဗ္ဗာဇနိယကံပြုရန် စေလွှတ်လိုက်သည်။

မထေရ်ကြီးနှစ်ပါးသည် ဆဗ္ဗဂ္ဂိရဟန်းများရှိရာသို့ ကြွရောက်ကြပြီး ပဗ္ဗဇနီယကံပြုမည်ပြုရာ ဆဗ္ဗဂ္ဂိရဟန်းတို့က မနာခံကြပဲ ငြင်းဆန်ကာ ဖီလာကန့်လန့်ပြုကြ၏။ မခိုမသေ ဆက်ဆံကြ၏။ မထေရ်ကြီးနှစ်ပါးလည်း ဗုဒ္ဓထံ ပြန်ကြွလာကာ ဟုတ်တိုင်းမှန်ရာ ကိုလျှောက်ထားကြလေသည်။

ထိုအခါ ဗုဒ္ဓဘုရားရှင်သည် ဆဗ္ဗဂ္ဂိရဟန်းတို့ကို ခေါ်၍မေး မြန်းတော်မူ၏။ ဆဗ္ဗဂ္ဂိရဟန်းတို့က ဟုတ်မှန်ကြောင်း ဝန်ခံကြ သည်။ ဗုဒ္ဓသည် ဆဗ္ဗဂ္ဂိရဟန်းတို့အား လှန်စွာ ကဲ့ရဲ့တော်မူပြီး လျှင် ဒါယိကာမတို့အား သစ်သီးပေးခြင်း၊ ပန်းပေးခြင်းမှာ ရှင်းတို့၏ စစ်မှန်သော သဒ္ဓါစိတ်ကို ဖျက်ဆီးရာရောက်သည်ဖြစ်၍ မပြုအပ်ဟု မိန့်ဆိုကာ ရှစ်ပါးသော ကုလဒူသကသံဃာဒိသိသ် အာပတ်ကို ပညတ်တော်မူလေ၏။

ကုလဒူသကရှစ်ပါးမှာ

၁။ သစ်သီးပေးခြင်း။
၂။ ပန်းပေးခြင်း။
၃။ ဆပ်ပြာပေးခြင်း။
၄။ ကသယ်မှုန့်ပေးခြင်း။
၅။ မြေပြားပေးခြင်း။
၆။ ဒန်ပူပေးခြင်း။
၇။ မြေနီပေးခြင်း။
၈။ ဆေးကုခြင်း။
စသည်တို့ဖြစ်သတည်း။

ဥဒါယီရဟန်းသည် အလွန်မဆင်မခြင်နေတတ်သော ပေတေတေ ရဟန်းပြုဟန်တူ၏။ သူ့နှင့်ပတ်သက်၍ ပညတ်တော် သိက္ခာပုဒ် မျှားထုတ်ပြန်ရသည်လည်း မျှားလုပြီ။ ယခုလည်း သူ့ကြောင့်ပင် အနိယတသိက္ခာပုဒ်နှစ်ပါးကို ထုတ်ပြန် ပညတ်တော်မူရပြန်သည်။

အနိယတသိက္ခာပုဒ် ၂-ပါး

၁။ မာတုဂါမမျှားနှင့် အခန်းထဲတွင် နှစ်ဦးတည်း နေခြင်း

၂။ မာတုဂါမမျှားနှင့် အခန်းမရှိရာတွင်နှစ်ဦးတည်းနေခြင်း

သင်္ဘဝက-၁။

ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဥဒါယီရဟန်းသည် တယောက်သော

မာတုဂါမနှင့်အတူ စိတ်ကွယ်ရာအခန်းထဲတွင် နွစ်ယောက်တည်း အတူယှဉ်တွဲ**၍နေ၏။**

ထိုအခြင်းအရာကို အရိယာဖြစ်သော ဝိသာခါ ဒါယိုကာ**မကြီး**မြင်**လေ**လျှင်-

'ရှင်ဥဒါယိရဟန်း အခုလို**အခန်း**ထဲ**မှာ** ဒကာ**မ**နဲ့**နွစ်ယောက်**ထဲ**နေ**တာ **မ**သင့်**တော်**ဘူး ဆင်ခြင်ပါ' ဟု **လျှောက်၏။**

ဥဒါယိ**သည်** ဝိ**သာ**ခါ**တင်လျှောက်**သော်**လည်း** ဂ**ရုမ**စိုက်၊ **မ**ခ**ထ**မ့**မြင်**ပြူ**ကာ** ဒ**ကာ**မ**နှင့်** ယှဉ်**တွ**ဲ**မြဲ**တွဲ**နေ**သည်။ဝိ**သာ**ခါ**သည်** ဥ**ဒ**ါ**ယိ**နေ**ပုံ** ထိ**ုင်**ပုံ **မ**သင့်**တော်**ကြောင်း** အ**ခြား** သံ**ဃာ**တော်**များ**အား** တိ**ုင်**ကြား**လျှောက်**ထား**၏။** သံ**ဃာ**တော်**တို့**လည်း** ဥ**ဒ**ါ**ယိ**ကို **မိ**မိ**တို့**ဆုံ**း**မ**၍ **မ**ရ**မ**န့်**သိ**ကြ**သ**ဖြင့်** ဗု**ဒ္ဓ**ထံ**သ**ွား**၍** **လျှောက်**ထား**ကြ**လေ**သည်။**ဗုဒ္ဓ**က** ခ**ေ**ါ**၍**မေ**း**တော်**မူ**ရာ** ဥ**ဒ**ါ**ယိ** **သည်** မ**ူ**နှ**ိ**ုတ်**ကြောင်း**ဝ**န်**ခံ**၏။** ထို**အ**ခါ**ဗုဒ္ဓ**က-

'ချစ်**သ**ား**တို့**။ဥ**ဒ**ါ**ယိ**ရ**ဟ**န်း**ကို ပ**ါ**ရာ**ဇိ**က** **အ**ာ**ပ**တ်**ဖြ**စ်**စေ**၊ **သ**ံ**ဃ**ာ**ဒ**ိ**သ**ိ**သ**် **အ**ာ**ပ**တ်**ဖြ**စ်**စေ**၊ ပ**ါ**စိ**တ်**အ**ာ**ပ**တ်**ဖြ**စ်**စေ** **အ**ာ**ပ**တ် **တ**ပ**ါ**း**မ**ါ**နဲ့** ဆုံ**း**ဖြ**တ်**သ**င့်** **ကြ**ာ**ဘ**ယ်' ဟု **မ**ိန့်**တော်**မူ**ကာ** ပ**ဌ**မ **အ**နိ**ယ**တ**သ**ိ**က**္ခ**ာ**ပ**ဒ်** ကို ပ**ညာ**တ်**တော်**မ**ူ**လ**သ**ည်။

သာ**ဝ**ဂ**ိ**ုက**—၂။

ဤ**သ**ို့**ဗ**ုဒ္ဓ**က** ပ**ဌ**မ **အ**နိ**ယ**တ**သ**ိ**က**္ခ**ာ**ပ**ဒ်**တော်**ကို ပ**ညတ်**လို**က် **သော**အ**ခါ** ဥ**ဒ**ါ**ယ**ိ**သည်** ဝ**ိ**နည်**း**ရ**ှေ**ာ**င်**၍** တ**မ**ျှ**ိ**ုး**လ**ုပ်**လ**ာ**ပြ**နှ**် **ခ**ဲ**သ**သည်၊ ဥ**ဒ**ါ**ယ**ိ**သည်** **အ**ခ**န်**ဘ**ွ**ဲ**ခ**ဲ့** **မ**ာ**တ**ုဂ**ါ**မ**နှ**င့်** **နွ**စ်**ဦ**း

ဟာ၏ မနေရသောအခါ အကာအရံမရှိသော ပြင်ပတွင် မှာတု၊ ဂါမနှင့် တယောက်ချင်းချင်း ယှဉ်တွဲနေပြန်၏။

သည်တကြိမ်တွင် ဝိသာခါသည် ဥဒါယီရဟန်းအား တိုက်ရိုက်မပြောတော့ပဲ ဥဒါယီရဟန်းနေပုံထိုင်ပုံမသင့်လျော်ကြောင်း သံဃာတော်များကိုသာ တိုင်ကြား လျှောက်ထား လေသည်။ သံဃာတော်တို့လည်း ထိုအကြောင်း ဗုဒ္ဓကိုလျှောက်ထားကြ၏။ ဗုဒ္ဓသည် ဥဒါယီအား ခေါ်၍ မေးမြန်းသောအခါ မှန်ကန်ကြောင်းဝန်ခံသည်။ ဗုဒ္ဓဘုရားရှင်သည် သင်တေလွန်းသော ဥဒါယီရဟန်းအား အလွန်ရှုတ်ချကဲ့ရဲ့တော်မူလျက်-

'ချစ်သားတို့ တိုက်ခန်းနံရံ အကာအကွယ်ရှိတဲ့ နေရာမှာသာ မဟုတ်၊ အကာအကွယ်မရှိတဲ့နေရာမှာ မှာတု၊ ဂါမနဲ့ တယောက်ချင်း ချင်း အတူယှဉ်တွဲနေတဲ့ရဟန်းကို သံဃာ့ဒိုသိသ်အာပတ်ဖြစ်စေ၊ ပါစိတ်အာပတ်ဖြစ်စေ၊ တပါးပါးနဲ့ စီရင် ဆုံးဖြတ်အပ်တယ်' ဟု မိန့်ဆိုကာ ဒုတိယအနိယတသိက္ခာပုဒ်တော်ကို ပညတ်တော် မူရပြန်သတည်း။

နိဿဂ္ဂိယပါစိတ်အာပတ် ၃၀။

ထို ပညတ်ချက် သိက္ခာပုဒ်များသည်လည်း အကြောင်းမဲ့ ပညတ်ရသည်မဟုတ်၊ ယင်းနှင့် ပတ်သက်သော အကြောင်းသာဓကများရှိကြသည်။

သာဓက-၁။

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် ဝေသာလီပြည်၌ သီတင်းသုံးနေတော်မူစဉ် ဒုက္ခဋ္ဌသဃန်း၊ ကိုယ်ဝန်သဃန်း၊ သင်းပိုင်စသည်ဖြင့် သုံးထည်သော သဃန်းကို ပညတ်တော်မူလျှင် ဆဗ္ဗဂ္ဂိရဟန်းတို့သည် အဓိဋ္ဌာန်ဝိဂတပြုနာမပြုပဲ သုံးစွဲကြ၏။ ထိုအကြောင်းသံဃာတော်တို့သိသဖြင့် ဗုဒ္ဓအား လျှောက်ထားကြလေသည်။ ဗုဒ္ဓက ဆဗ္ဗဂ္ဂိရဟန်းများအား ခေါ်တော်မူပြီး မေးမြန်းရာ၊ ဆဗ္ဗဂ္ဂိရဟန်းတို့က ဟုတ်မှန်ကြောင်းဝန်ခံကြ၏။

ထိုအခါ ဗုဒ္ဓက အဓိဌာန်ဝိကပ္ပနာပြုပဲ ဆယ်ရက်ထက်လွန်သော သင်္ဃန်းကိုဆောင်လျှင် နိဿဂ္ဂိယပါစိတ် အာပတ်သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက-၂။

ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည်၌ သီဘင်းသုံးနေတော်မူစဉ် ရဟန်းတို့သည် တပါးသော ရဟန်းထံတွင် သင်္ဃန်းကိုထားခဲ့ကာ သင်းပိုင်ကိုယ်စတ်နှင့်သာ ဒေသစာရီ ကြွခြိုသွားကြ လေ၏။ ထိုထားခဲ့သော သင်္ဃန်းများသည် မှိုတက်သဖြင့် နေလှန်းသည်ကို ရှင်အာနန္ဒာမြင်သဖြင့် ဗုဒ္ဓအား လျှောက်ထားလေသည်။

ဗုဒ္ဓ ဘုရားရှင်သည် သင်္ဃန်းနေလှန်းသော ရဟန်းများကို ခေါ်၍ မေးတော်မူရာ ရဟန်းများက ဟုတ်မှန်ကြောင်း ဝန်ခံကြ၏။ ထိုအခါ ဗုဒ္ဓက—

'ချစ်သားတို့ သင်္ဃန်းသုံးထည်နဲ့ တညမျှ ကင်းကွာနေရင် နိဿဂ္ဂိယပါစိတ် အာပတ်သင့်စေတယ်' ဟု ပညတ်တော်မူလေ၏။

ထိုသို့ ပညတ်တော်မူပြီးနောက်တွင် တပါးသောရဟန်းသည် နာမကျန်းဖြစ်၍ ထိုရဟန်းအား ဆေးမျိုးများက ပင့်ခေါ်သွားကြလေ၏။ နာမကျန်းဖြစ်သောရဟန်းမှာ သင်္ဃန်းသုံးထည်ကို မယူနိုင်ပဲ လိုက်ပါသွားရသည်။ ရဟန်းများက ထိုအကြောင်းကို ဗုဒ္ဓအား လျှောက်ထားကြသောအခါ ဗုဒ္ဓက နာမကျန်းဖြစ်နေ

သည့် ရဟန်းပြုခဲ့လျှင် သင်္ဃာ၏ သုံးထည်နှင့် ကင်းကွာနေသော်လည်း အပြစ်မရှိဟု ခွင့်ပြုတော်မူ၏။

သာဓက-၃။

ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူစဉ် မထင်ရှားသောရဟန်းတပါးသည်အကာလညအခါတွင် သင်္ဃာ်းကိုရသဖြင့် ချုပ်သည်တွင် မပြီးပဲရှိ၏။ ရဟန်းသည် ထိုသင်္ဃာ်းကို ကြိုမ်ဖန်များစွာ ကိုင်တွယ် သုံးသပ်နေလေသည်။ ထိုအဖြစ်ကို ဗုဒ္ဓဘုရားရှင် မြင်တော်မူရာ ရဟန်းအားမေးခ်။ ရဟန်းက မလုံလောက်သဖြင့် အကြိုမ်ကြိုမ် ကိုင်တွယ် သုံးသပ် နေမိကြောင်း လျှောက်ထားလေသည်။

'သင့်အတွက် သင်္ဃာ်းအဖြစ်ရနိုင်သလား'

ဗုဒ္ဓကမေးတော်မူသည်။

'ရနိုင်ပါတယ်ဘုရား'

ရဟန်းကလျှောက်ထားသည်။

'ရနိုင်ရင် သိုမ့်ီးစေ'

ဗုဒ္ဓက ခွင့်ပြုတော်မူလိုက်သည်။ ထိုရဟန်းသည် ဒုဗုခွင့်ပြုသည်ကို အခွင့်အရေးယူကာ တလထက်လွန်၍ သိုမ့်ီးခြင်းပြုထား၏။ ထိုအကြောင်း ရှင်အာနန္ဒာသိသောအခ ဗုဒ္ဓအားလျှောက်ထား၏။ ဗုဒ္ဓမြတ်စွာက တလထက်ပို၍ သိုမ့်ီးထား လျှင် နိဿဂ္ဂိယ အာပတ်သင့်စေသည်ဟု ပညတ်တော်မူလေသည်။

သာဓက-၄။

ဗုဒ္ဓ ရှင်တော် မြတ်ဘုရားသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်ကြီးတွင် သီတင်းသုံးနေတော်မူစဉ် ဥဒါယီရဟန်း၏ မယားဖြင်ခဲ့ဘူးသူ အမျိုးသမီးသည်ဘိက္ခုနီထံ၌ ရဟန်းမ ပြုလုပ်၍နေ၏။ သူ့လင် တောင်စပ်ခဲ့ဘူးသူ ဥဒါယီရဟန်းထံ လာ၍လည်ပတ်သည်။

ဥဒါယီသည် သူ၏မယားဟောင်း ရဟန်းမ မြင်အောင် သူ့လိုင်အင်္ဂါကို တမင်ဖေါ်ပြထား၏။ သူ့ဇနီးဟောင်း ရဟန်းမ ကလည်း သူမ၏ အင်္ဂါဇာတ်ကို ဥဒါယီမြင်အောင် တမင်ဖေါ်ပြထားသည်။ နှစ်ဦးစလုံး၏စိတ်တွင် ဆုဂရိုန်မျှား တဟုန်းဟုန်း ထကြွတောက်လောင်နေကြလေသည်။ ဥဒါယီသည် ရဟန်းမ၏ အင်္ဂါဇာတ်ကို စူးစိုက်ကြည့်နေဆုမှ သုတ်လွှတ်လေ၏။ ထိုအခါ ဥဒါယီရဟန်းက-

'ငါ့သင်းပိုင်ဖွပ်လျှော်ဘို့ ရေသွားယူချည်' ဟု ရဟန်းမကို ခိုင်းစေသည်။ ရဟန်းမက—

'အရှင်ရဟန်း၊ သင်းပိုင်ကိုပေးပါ။ ကျွန်ုပ် ဖွပ်လျှော်ပေးပါ မယ်' ဟု တောင်း၏။ ဥဒါယီ သူ့သင်းပိုင်ကို ရဟန်းမအား ပေးလိုက်သည်။

ရဟန်းမသည် ဥဒါယီ၏ သင်းပိုင်ကို ယူဆောင်သွားကာ သင်းပိုင်ခ်ိုပေနေသော သုတ်ရည်အချို့ကို သူမ၏အင်္ဂါဇာတ်ထဲ

သို့ ထဲ့၏။ ကျန်သောသုတ်ရည်ကို နှုတ်ခမ်းဖြင့်စုပ် လျှားနှင့် လျက် ပြုလုပ်လေ၏။

ထိုရဟန်းမသည် မကြာမီမှာပင် ပဋိသန္ဓေရ၍ ကိုယ်ဝန်ပေါ်လာသည်။ ဤဘုင် ဘိက္ခုနီမမျှားအတွင်းတွင် ပြဿနာဖြစ်ကာ အကြီးအကဲ ဘိက္ခုနီမက ဥဒါယီ၏မယားဟောင်း ရဟန်းမကို မေးလေသည်။

'သင် မေ့ထုန်မှိုဝဲသလား'

'ကျွန်ုပ် မေထုန်မမှိုဝဲပါ'

'သင် မလိမ်နဲ့၊ မေထုန်မမှိုဝဲဘဲနဲ့ ဘာပြုလို့ ကိုယ်ဝန်ရှိလာတာလဲ သင်ဘယ်သူနဲ့ မေထုန်မှိုဝဲသလဲ မှန်မှန်ပြော'

'ကျွန်ုပ် အမှန်တကယ် မေထုန်မမှိုဝဲပါ၊ လင်တော်စပ်ခဲ့ဘူးတဲ့ ဥဒါယီရဟန်းက သင်းပိုင်လျှော်ခိုင်းပါတယ်၊ အဲဒီသင်းပိုင်မှာပါလာတဲ့ သုတ်ရည်ကိုသာ စုပ်မိပါတယ်၊ ဒီနောက် ကိုယ်ဝန်ရှိလာတာဖြစ်ပါတယ်'

ဘိက္ခုနီမတို့သည် ထိုအမျိုးသမီးအား သယ်နှုန်းကို ချတ်စေကာ လူဝတ်လဲပေးလိုက်ကြ၏။

ထိုသတင်းကို သံဃာတော်မျှား ကြားသိသောအခါ ဗုဒ္ဓရှင်တော်ဘုရားအား တိုင်ကြား လျှောက်ထားကြ၏။ ဗုဒ္ဓသည် ဥဒါယီရဟန်းအား ခေါ်၍ မေးမြန်းရာ သုတ်ရည်စွန်းသော သင်းပိုင်ကို ရဟန်းမအား အခလျှော်ခိုင်းမိပါသည်ဟု ဝန်ခံ၏။ ထိုအခါ ဗုဒ္ဓက မေးတော်မူပြန်၏။

'ရဟန်းမက သင်နဲ့ဘာတော်သလဲ ဆွေမျိုးတော်စပ်သလား'

'ဆွေမျိုးမတော်စပ်ပါဘုရား'

ထိုအခါ ဗုဒ္ဓသည် ဆွေမျိုးမတော်စပ်သော ဘိုကျွန်မမျှားအား သာယုန်းဟောင်းကို အလျှော်မခိုင်းရ၊ အလျှော်ခိုင်းလျှင် နိဿဂ္ဂိယပါစိတ် အာပတ်သင့်စေသည်ဟု ပညတ်တော် မူလေသည်။

သာဓက-၅။

ရှင်တော်ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်ကြီးတွင် သီတင်းသုံးနေတော်မူစဉ်၊ ဥပုလဝက် အမည်ရှိသော ရဟန္တာမသည် သာတ္ထိပြည်၌ ဆွမ်းခံခြင်းပြုပြီးသော် သစ်ပင်ရင်း၌ နေလေ၏။ ခိုးသူတို့သည် ရှင်ဥပုလဝက်ကိုမြင်သောအခါ အမဲသားကို ကောင်းစွာကင်လျက် ဖက်ဖြင့် ထုပ်ပြီးနောက် ရှင်ဥပုလဝက်မြင်သာအောင် သစ်ပင်၌ ဆွဲချိတ်ထားကာ တခြားတောအုပ်သို့ ထွက်ခွာသွားကြလေသည်။

ရှင် ဥပုလဝက်သည် မိမိအတွက် အမဲကင် တမင် ထားခဲ့ကြောင်း သိသည်နှင့် အမဲကင်ထုပ်ကို သွားယူကာ ဗုဒ္ဓအားလျှူမည်ဟု ရည်စူးလျက် ဝေဠုဝန်ကျောင်းတော်သို့ လာခဲ့၏။ ကျောင်းတော်သို့ ရောက်သောအခါ ဗုဒ္ဓဘုရားရှင် ဆွမ်းခံကြွတော်မူနေသည်နှင့် ကြုံသောကြောင့် မတွေ့ရချေ။ ထိုအခါ ဥပုလဝက်သည် ကျောင်းတွင်းတွေ့ရသော ဥဒါယီ ရဟန်းအား အမဲသုပ်ကိုပေးခြင်-

'ဗုဒ္ဓမြတ်စွာ ပြန်ကြွလာတဲ့အခါ အဲဒီအမဲသုပ်ကိုလျှူပါ' ဟု ဆိုခဲ့လေသည်။

'သင်ရဟန်းမှ သင်စေခိုင်းတဲ့အတိုင်း ဗုဒ္ဓပြန်ကြွလာရင် အမဲ့ထုပ်ကိုလှူပေးပါ့မယ်၊ ငါ့ကို သင်းပိုင်တထည်လောက်ပေးထားခဲ့ပါ'

ဥဒါယီ တောင်းသဖြင့် 'ဥပ္ပလဝဏ်ရဟန္တာမက ဥဒါယီအား' သင်းပိုင်တထည် ပေးထားခဲ့လေသည်။ ယင်းအကြောင်း သံဃာတော်တို့ ကြားသိသောအခါ ဗုဒ္ဓအား တိုင်ကြား လျှောက်ထားကြလေ၏။ ဗုဒ္ဓသည် ဥဒါယီကိုခေါ်၍ မေးရာ ဟုတ်မှန်ကြောင်း ဝန်ခံ၏။

'ချစ်သား ဥဒါယီ၊ ရဟန်းမက သင်နဲ့ ဆွေမျိုးတော်စပ်သလား'

ဗုဒ္ဓမေးတော်မူသောအခါ ဥဒါယီက မဆတော်စပ်ကြောင်း လျှောက်၏။ ထိုအခါ ဆွေမျိုးမတော်စပ်သော ဘိက္ခုနီမများ ထံမှ သင်းပိုင်ကိုယူလျှင် နိဿဂ္ဂိယပါစိတ် အာပတ်သင့်စေသည်ဟု ပညတ်တော်မူလေသည်။

သာဓက–၆။

ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်ဘုင်သီဘင်းသုံး၍ နေတော်မူစဉ် သာကီဝင်မင်းသားမှ ရဟန်းပြုလာသော ရှင်ဥပနန္ဒသည် သူငယ်သားတပယောက်ကို တရားဟောပြ၏။ ထိုသူငယ်သားသည် ရှင်ဥပနန် ဟောသောတရားကို အလွန် သဘောကျသဖြင့် ရှင်ဥပနန်ကိုလည်း အလွန်အလွန်ကြည်ညိုနေလေသည်။ သူငယ်သားက ရှင်ဥပနန်အား—

'အရှင်ရဟန်း၊ တပည့်တော်ကို ဒကာရင်းလို သဘောထား ပါ၊ အရှင်ရဟန်းကို တပည့်တော် ပစ္စည်းလေးပါး လှူပါရစေး ဟုဆို၏။

ထိုအခါ ရှင်ဥပနန်က—

'ဒကာ သင့်ခါးမှာ အခုဝတ်ထားတဲ့ပုဆိုးကိုငါသယ်နိုင်းချုပ် ဝတ်ချင်တယ်။သင့်ခါးကပုဆိုးကို လှူနဲ့ပါ' ဟု သူဌေးသားခါးမှ ပုဆိုးကို အလှူခံလေသည်။

'အရှင်ရဟန်း၊ **အခုလမ်း**မှာဖြစ်ပါတယ်။ခါးကပုဆိုးကိုချွတ် လှူလို့ မတင့်တယ်ပါ။ ရှင်ရဟန်း တပည့်တော်အိမ်ကို ကြွမြန်းခဲ့ ပါ၊ ဒီဆက်အရာအထောင်မက တန်ဘိုးရှိတဲ့သယ်နိုင်းကို တပည့် တော်လှူဒါန်းပါမယ်'

သူဌေးသားပြောဘော့ ရှင်ဥပနန်၏မျက်နှာ တင်းမာသွား သည်။

'ဒကာ သင်ဟာ ငါ့ကိုဘကယ်စေတနာမရှိဘဲ သဒ္ဓာမရှိဘဲနဲ့ စေတနာယောင် သဒ္ဓာယောင် စကားကို ဘာလို့ ပြောတာလဲ၊ ငါလိုချင်တာက သင့်အိမ်ကသယ်နိုင်းမဟုတ်ဘူး၊ သင့်ခါးမှာအခု ဝတ်ထားတဲ့ ပုဆိုးကို လိုချင်တာ။ သင့်ခါးမှာဝတ်ထားတဲ့ပုဆိုး ကို အလှူခံနေတာ'

ဒေါသနှင့်ပြော၏။သူဌေးသားသည် မျက်နှာညှိုးငယ်စွာဖြင့် ခါးတွင်ဝတ်ထားသောပုဆိုးကိုချွတ်၍ ရှင်ဥပနန်အား လှူခလ သည်။

သူဌေးသားသည် ခါးဝတ်ပုဆိုးကို ချွတ်လှန်ခဲ့ပြီးနောက် ပုဆိုးမပါဘဲ လမ်းပေါ်တွင် အချည်းစီးလျှောက်လာ၏။ သူ့ကို မြင်သူတိုင်း တအံ့တသြဖြစ်ကြရသည်။ လမ်းတွင်ဆုံတွေ့ရသော အမျိုးသမီးများသည် ထွက်ပြေးသွားပြီးရယ်မောကြ၏။ အိမ်တော်ပေါ်မှ လူတော်ကလည်း လှမ်းကြည့်ပြီး အံ့သြသူ အံ့သြပြီးရယ်မောသူ ရယ်မောနှင့် ရှိကြသည်။ ကလေးများကတော့....

'အရှုံးဟေ့ အရှုံး အရှုံးကြီး' နှင့် အော်ဟစ်ကြသည်။

မြင်ရသူတိုင်းကလည်း သူ့ကို အ-ရှုံးဟုသာ ထင်မှတ်ကြသည်။ သူ့အသိ မိတ်ဆွေများမှာ ရင်ထုမနာဖြစ်ကြပြီး—

'အို....သူဌေးသား၊ သင်ဘယ်လိုဖြစ်လာတာလဲ၊ ဘာဖြစ်လာတာလဲ၊ ပုဆိုးကို လူဆိုးတို့ လုယူလိုက်သလား'နှင့် မေးမြန်းကြ၏။

ထိုအခါ သူဌေးသားက—

'အနေဆွတို့ ရှင်ဥပနန်ဆိုတဲ့ ရဟန်းဟာ ငါ့ကိုတရားဟောတယ်၊ ငါ အဲဒီရဟန်းကို ကြည်ညိုလွန်းလို့ ပစ္စည်းလေးပါးလှူဖို့ ဘိက္ခာတော့ ရှင်ဥပနန်က ငါ့ခါးကပုဆိုးကို ချွတ်လှူခဲ့ပါဆိုလို့ ငါလှူခဲ့ဘယ်'ဟု ရှင်းပြလေသည်။

သူဌေးသားရှင်းပြသည်ကို ကြားရသော ခါ လူများသည် ခေါင်းပြန့်မမြင်း ခါးဝတ်ပုဆိုးကိုပင် ချွတ်ခပ်ရန် အလွန်ခံသော ရှင်ဥပနန်ရဟန်းအား ကဲ့ရဲ့ရှုတ်ချ စကားများ ပြောဆိုကြလေတော့၏၊ လူတို့ကဲ့ရဲ့စကားကို သံဃာတော်တို့ ကြားသိသော အခါ ဗုဒ္ဓဘုရားရှင်အား တိုင်ကြားလျှောက်ထားကြလေသည်။

ဗုဒ္ဓဘုရားရှင်သည် ရှင်ဥပနန္ဒရဟန်းကို ခေါ်တော်မူ၍ စစ်ဆေးမေးမြန်း၏။ ရှင်ဥပနန်က ဟုတ်မှန်ပါကြောင်း ဝန်ခံလေသည်။ ဗုဒ္ဓသည် ရှင်ဥပနန်ကို အကြောင်းပြု၍ ဒကာဒကာမတို့ထံတွင် သင်္ဃာ့ရှေ့ပြုလုပ်ရန် အဝတ်ပုဆိုးစသည်တို့ခေတာင်းသော ရဟန်းသည် နိဿဂ္ဂိယပါစိတ် အာပတ်သင့်စေသည်ဟု ပညတ်တော်မူ၏။

ယင်းပညတ်တော် ထွက်ပေါ်ပြီးနောက်တွင် အချို့သော ရဟန်းများ၏ သင်းပိုင်သင်္ဃာ စသည်တို့ကို သူခိုးခိုးယူခြင်း၊ လုယက်ယူငင်ခြင်း ခံကြရ၏။ သို့သော်လည်း ရဟန်းများသည် ဗုဒ္ဓဘုရား ပညတ်တော်မူထားသည်မို့ ဒကာဒကာမတို့ထံ အလှူမခံရ မတောင်းရဲပဲ ဆင်းရဲဒုက္ခခံစားနှင့် နေကြရရှာလေသည်။ ထိုအကြောင်းကို ဗုဒ္ဓဘုရားရှင် ကြားသိတော်မူသောအခါ—

'ချစ်သားတို့ သင်္ဃာ့သင်းပိုင်တို့ကို သူခိုးခို ခံရရင်ဖြစ်စေ၊ လုယက်ယူငင်တာ ခံရရင်ဖြစ်စေ၊ ဒကာဒကာမများဆီမှာ အလှူခံနိုင်တယ်' ဟု ခွင့်ပြုတော်မူ၏။

သာဓက—၇။

ဗုဒ္ဓဘုရားရှင်က ခွင့်ပြုတော်မူလိုက်သောအခါ ဆဗ္ဗဂိုရဟန်းတို့သည် ယင်းခွင့်ပြုချက်ကို အခွင့်အရေး တရပ်အနေနှင့်အသုံးချကြရ၏။ သင်္ဃာ့တဏှာ သူခိုးခိုးခံရလျှင် ဒကာဒကာမ များစွာတို့ထံသွားပြီး သင်္ဃာ့ သူခိုးအခိုးခံရကြောင်းပြောပြ၍ သင်္ဃာ့အများကြီးရအောင် အလှူခံကြသည်။ သင်းပိုင်တဏှာ သူခိုး

အခိုးခံရလျှင်လည်း ဒကာဒကာမ မျှားစွာတို့ထံသို့သွားကာ သင်းပိုင်မျှားစွာရအောင် အလှူခံကြ၏။

ထိုအကြောင်း သံဃာတော်တို့ ကြားသိလေရာ ဗုဒ္ဓဘုရား ရှင်အား တိုင်ကြား လျှောက်ထားကြလေသည်။ ဗုဒ္ဓဘုရား ရှင်သည် ဆဗ္ဗဂ္ဂိရဟန်းတို့အား ခေါ်တော်မူ၍–

'သင်ရဟန်းတို့ သင်းပိုင်သယ်နှိ စသည်တို့ကို မျှတရုံသာ အလှူခံရမယ်၊ မျှတရုံထက်ပိုပြီး အလှူခံရင် နိုဿဂ္ဂိယပါစိတ် အာပတ်သင့်စေတယ်'ဟု မိန့်ကြားကာပညတ်တော်မူလေသည်။

သာဓက–၇။

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် သာဝတ္ထိပြည်တွင် သီတင်းသုံးနေတော်မူစဉ် ဒါယကာတဦးသည် ရှင်ဥပနန္ဒအား သယ်နှိ လှူရန် သူ့ဇနီးနှင့် တိုင်ပင်နေသည်ကို ထိုအိမ်သို့ ဆွမ်းခံကြွသော ရဟန်းက ကြားခဲ့၏။ ထိုရဟန်းသည် ရှင်ဥပနန္ဒထံသို့သွား၍ကြား ခဲ့သည့်အတိုင်း သတင်းပေးပြောကြား၏။ ရှင်ဥပနန္ဒသည် ဒါယိကာက ဘိတ်မုန့်ကမပြုပဲနှင့် သယ်နှိလှူမည်ဆိုသော ဒါယိကာ၏ အိမ်သို့သွား၍–

'ဒကာ သယ်နှိကို အကောင်းစားပိတ်နဲ့ ပြုလုပ်ပါ၊ အချုပ် အလုပ်လဲ ကောင်းပါစေ' ဟု စီရင်လေသည်။

ရှင်ဥပနန္ဒ စီရင်သည်ကို အိမ်နီးချင်း ဒကာဒကာမတို့ ကြား ကြသောအခါ 'ဒီရဟန်းဟာ ဒကာဒကာမတို့ လှူတာကို အသာ လက်ခံယူတာ မဟုတ်ဘဲ သူကိုယ်တိုင်လာပြီး စီရင်နေတယ်၊

အာတော် အကောင်းကြိုက်တဲ့ရဟန်း၊ ဂျီးထူတဲ့ရဟန်း၊ လှချင်တဲ့ရဟန်း' စသည်ဖြင့် ကဲ့ရဲ့စကား ဆိုကြလေသည်။

ဒကာ ဒကာမတို့၏ ကဲ့ရဲ့စကားကို သံဃာတော်တို့ကြားသိသောအခါ ဗုဒ္ဓဘုရားရှင်အား ရှင်ဥပနန္ဒအကြောင်း တိုင်ကြားလျှောက်ထားကြလေ၏။ ဗုဒ္ဓဘုရားရှင်သည် ရှင်ဥပနန်ကိုခေါ်၍ စစ်မေးနှင့် မှန်ကန်ကြောင်း ပန်ခံသည်နှင့် မိမိဆွေမျိုးမတော်စပ်သောအိမ်ကို မဟိတ်ခေါ်ပဲနှင့်သွားပြီး သင်္ဃာ့ကိုစိုးရိုမ်လျှင် နိုဝေါဒပါဒိတ် အာပတ်သင့်စေဟု ပညတ်တော်မူ၏။

သာဓက-၉။

ထိုနောက် ဒကာနှစ်ယောက်သည် ရှင်ဥပနန်အား သင်္ဃာ့ကိုရန်တိုင်ပင်နေသည်ကို ဆုမ်းခံမှုဟန်းကြားသဖြင့် ရှင်ဥပနန်အားသွား အကြောင်းကြား ပြောဆို၏။

ရှင်ဥပနန်သည် ဒကာတို့အိမ်ကိုသွား၍-

'သင်ဒကာတို့ သင်တို့နှစ်ယောက် လှုမယ်ဆိုတဲ့ သင်္ဃာ့ကို နှစ်ယောက်ပေါင်းပြီး သင်္ဃာ့အကောင်းစား ဝယ်လှူကြပါ'ဟု စိုးရိုမ်ပြန်၏။

ထိုအကြောင်း သံဃာတော်တို့ ကြားပြန်ရာ ဗုဒ္ဓမြတ်စွာအား တိုင်ကြားလျှောက်ထားကြလေသည်။ ဗုဒ္ဓသည် ရှင်ဥပနန်ကို ခေါ်တော်မူပြီးလျှင်-

'သင်ဥပနန် ငါတားမြစ်ကဲ့ကြားက ပညတ်တော်ကို ထပ်မံကျူးလွန်ပြန်ပြီ။ သင်ဟာ အလွန်ဆိုးဆိုးမဟို ခက်ခဲလှပါကလား' ဟု ကဲ့ရဲ့ ပြစ်ဆိုတော်မူ၏။

ပြီးနောက် မိမိအား မဘုတ်ခေါ်ပဲ ဒါယိကာများ အိမ်သို့ သွားရ သယ်နှုးကိုစီရင်သော ရဟန်းသည် နိဿဂ္ဂိယ ပါစိတ် အာပတ်သင့်စေသည်ဟု ပညတ်တော်မူလေ၏။

သာဓက-၁၀။

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် သာဝတ္ထိပြည်တွင် သီဘင်းသုံး နေတော်မူစဉ် ဒါယိကာတို့သည် ရှင်ဥပနန်အား -ရည်စူးရှိ သယ်နှုးဘိုးများကို ပို့လာကြကုန်၏။ ရှင်ဥပနန်သည် ဒါယိကာတို့ ပို့လာသော သယ်နှုးဘိုးကို လက်မခံဘဲပယ်၏။ ဒါယိကာများက-

'အရှင်ဘုရားကို ဝေယျာဝစ္စ ပြုပေးတဲ့ ဒကာ ကပ္ပိယရှိပါသလဲ'ဟု မေး၏။

ရှင်ဥပနန်က ရှိကြောင်းပြောပြီး သူ့ကပ္ပိယအား ညွှန်ပြလေသည်။ ဒကာတို့လည်း ရှင်ဥပနန်၏ ကပ္ပိယအား ငွေများအပ်နှံ၏။ ပြီးနောက် 'အရှင်ဘုရား ကပ္ပိယကို ငွေများအပ်နှံထားခဲ့ပါပြီ၊ အရှင်ဘုရားအလိုရှိတဲ့အခါ တောင်းယူပါ'ဟုဆိုကာ ပြန်သွားကြလေ၏။

ရှင်ဥပနန်သည်ဘုရားနှင့်တွင်သယ်နှုးဝယ်လိုသဖြင့် သူ့ကပ္ပိယထံ ဒကာများ အပ်ထားခဲ့သောငွေကိုတောင်း၏။ ကပ္ပိယက-

'အရှင်ဘုရား တပည့်တော်ဆီမှာထားရင် ငွေများ ပျောက်မှာ စိုးတဲ့အတွက် ဆွေမျိုးများဆီမှာ သွားအပ်ထားပါတယ်။

အရှင်ဘုရားအလိုရှိရင် တပည့်တော် သွားတောင်းပေးပါ့မယ်၊ တရက်မျှ ဆိုင်းငံ့ပါ'ဟုဆို၏။

ထိုအခါ ရှင်ဥပနန်သည် မျက်နှာတင်းမာလာကာ ကပ်ပြီယ အား ဒေါသပြင့်စိုက်ကြည့်လျက်–

'ဟယ် ဒကာမိုက်၊ငါ့ဝေ့ကိုနင့်ဝေ့မှတ်လိုဟခြားမှာသွားထား ရသလား၊ ခုချက်ချင်းသွားယူပေး' ကြိမ်းမောင်းပြီး တောင်း လေသည်။ ကပ်ပြီယလည်း အပ်ထားသောမဆွမျိုးထံပြေးရရှာ၏။

ထိုအခြောင်း လူတို့ကြားလေသောအခါ ရှင်ဥပနန်ကို ကဲ့ရဲ့ ကြသည်၊ လူတို့ကဲ့ရဲ့စကား သံဃာတော်များကြားလျင် ဗုဒ္ဓကို တိုင်ကြားလျှောက်ထားကြ၏။ ဗုဒ္ဓသည် ရှင်ဥပနန်အား ခေါ် ယူကာ မျှားစွာအပြစ်ဆို ကဲ့ရဲ့တော်မူပြီးလျှင် ရဟန်းသည် မိမိ ဝေ့ကြားအပ်နှံထားသူထံ သုံးကြိမ်တောင်းရမည်၊ မရလျှင် ခြောက်ကြိမ်တိုင် ကာယဝိညတ်ပြုရမည်။ ထိုထက်လွန်၍ တောင်း သော် နိဿဂ္ဂိယ ပါစိတ် အာပတ်သင့်စေသည်။အကယ်၍ခြောက် ကြိမ်တောင်း၍မှမရလျှင် သဃန်းဘိုးကို အလှူရှင်မျှား ကိုယ်တိုင် ပြန်တောင်းယူနိုင်ရန် အကြောင်းကြားရမည်ဟု မိန့်ဆို ပညတ် တော်မူလေသည်။

သာဝတ-၁၅။

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် အာဌဝီပြည်ရှိ အာဌာဝက စေတီတွင် သီတင်းသုံးနေတော်မူစဉ်၊ ဆဗ္ဗဂို ရဟန်းတို့သည်

ပိုးချည်လုပ်သော ဒါယိကာအိမ်သို့သွား၍ ပိုးချည်မျှားစွာတို့ကို တောင်းယူကြ၏။ ဒါယိကာက-

'အရှင်ရဟန်းတို့ ဘာလုပ်ဖို့တောင်းတာပါလဲ'ဟု မေး၏။

ရဟန်းတို့က-

'ပိုးချည်နဲ့ရောတဲ့ ပုဆိုးအင်္ဂျီပ်ကို' ဟု ပြန်ပြောသည်။

ထိုစကားကို ကြားရသောလူတို့သည် ဆဗ္ဗဂိုရဟန်းများအား ကဲ့ရဲ့ကြလေသည်။ လူတို့၏ ကဲ့ရဲ့စကားကို သံဃာတော်တို့ကြား သဖြင့် ဗုဒ္ဓရှင်တော်ဘုရားအား တိုင်ကြားလျှောက်ထားကြ၏။ ဗုဒ္ဓသည် ဆဗ္ဗဂိုရဟန်းများကိုခေါ်ယူကာ ရှက်ချကဲ့ရဲ့တော်မူပြီး နောက် ပိုးချည်ဖြင့်အင်္ဂျီမပြုလုပ်ရ။ ပိုးချည်ဖြင့် အင်္ဂျီပြုလုပ်သောရဟန်းသည် နိဿဂ္ဂိယပါစိတ် အာပတ်သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက-၁၂။

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ဝေသာလီပြည် မဟာဝုန်တော ဌ် သီဘင်းသုံးနေတော်မူစဉ် ဆဗ္ဗဂိုရဟန်းတို့သည် သက်သက် မဲသော သိုးရေတို့ကို အင်္ဂျီပြုလုပ်ကြ၏။ ထိုအခြင်းအရာကို လူတို့မြင်သဖြင့်ကဲ့ရဲ့ကြသည်။ လူတို့ကဲ့ရဲ့စကားကို သံဃာတော်တို့ကြားသိသောအခါ ဗုဒ္ဓရှင်တော်မြတ်ဘုရားအား လျှောက်ထားတိုင်ကြားလေသည်။ ထိုအခါ ဗုဒ္ဓက သက်သက် မဲသော သိုးရေကို ရဟန်းများ အင်္ဂျီမလုပ်ရ။ ပြုလုပ်ခဲ့လျှင် နိဿဂ္ဂိယ ပါစိတ် အာပတ်သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓကကထာ

ဆဗ္ဗဂ္ဂိရဟန်းတို့သည် ဝိနည်းတော်များကို လက်တလုံးခြား လှည့်ပတ်ကျင့်သုံးချင်သော ရဟန်းများဖြစ်၏။

ဗုဒ္ဓ ရှင်တော်မြတ်ဘုရားသည်၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဆဗ္ဗဂ္ဂိတို့သည် ဗုဒ္ဓဘုရားသည် သက်သက်မဲသော သိုးရေကိုသာ အခင်းမလုပ်ရဟု ပညတ်တော်မူသည်ဟုဆိုကာ သက်သက်မဲဇသာ သိုးရေအခင်းတွင် သိုးမွေးအပြူတို့ အနှောကပ်၍ အခင်းပြုလုပ်သုံးစွဲကြပြန်လေ၏။ ထိုသို့ပြုလုပ်သည်ကို လူတို့မြင်သဖြင့် ဆဗ္ဗဂ္ဂိရဟန်းများ အား လူတို့ကဲ့ရဲ့ကြသည်။ ယင်းကဲ့ရဲ့စကားကို သံဃာတော်တို့ ကြားပြန်သော အခါ၊ ဗုဒ္ဓရှင်တော်အား လျှောက်ထားတိုင်ကြားကြ၏။ ဗုဒ္ဓသည် ဆဗ္ဗဂ္ဂိရဟန်းတို့ကိုခေါ်တော်မူ၍–

'ဖျစ်သားတို့ သက်သက်မဲကဲ့ သိုးမွေးနှစ်ဖို၊ သိုးမွေးပြူသုံးဖို၊ သိုးမွေးကြောင်လေးဖိုကိုသာ အသုံးပြုခွင့်မယ်။ အမျိုးမျိုးကို ဒါ့ထက်လွန်ပြီးသုံးရင် နိဿဂ္ဂိယပါစိတ် အာပတ်သင့်စေဘယ်ဟု ပညတ်တော်မူလေ၏။

သာဓကကထာ။

သာဝတ္ထိပြည်၌ ဗုဒ္ဓဘုရားရှင် သီတင်းသုံးနေတော်မူစဉ် ရဟန်းတို့သည် နှစ်တိုင်းနှစ်တိုင်း အခင်းများ ပြုလုပ်ကြ၏။ သိုးမွေးများကိုလည်း အများအပြား စုဆောင်းကြ၏။ လူ

ဒါယိကာတို့ သိုးမွေးမျှားကိုလည်း တောင်းယူကြ၏။ လူတို့သည် လောဘတကြီး သိုးမွေးစုဆောင်းတောင်းယူခဲသော ရဟန်းမျှားအား ကဲ့ရဲ့စကားဆိုကြလေသည်။

လူတို့၏ကဲ့ရဲ့စကားကို သံဃာတော်တို့ ကြားလျှင် ဗုဒ္ဓမြတ်စွာအား တိုင်ကြားလျှောက်ထားကြလေ၏။ ထိုအခါ ဗုဒ္ဓက ၆ နှစ်အတွင်း ထိုအခင်းကို စွန့်သည်ဖြစ်စေ၊ မစွန့်သည်ဖြစ်စေ၊ အခင်းသစ်ကို ဆောင်ခြားအံ့။ သမုတိရသော ရဟန်းမှတပါး ထိုအခင်းသစ်ကို ဆောင်သော ရဟန်းအား နိဿဂ္ဂိယပါစိတ် အာပတ်သင့်စေသည်ဟု ပညတ်တော်မူလေသည်။

သာဓက-၁၅။

ဗုဒ္ဓမြတ်စွာ ရှင်ဘော်မြတ်ဘုရားသည်၊ သာဝတ္ထိပြည်တွင် သီဘင်းသုံးနေတော်မူစဉ် ရဟန်းတို့ကိုခေါ်ယူကာ စုံဝေးစေလျက်—

'ချစ်သားရဟန်းမျှားတို့ ငါဘုရား ဝါတွင်းသုံးလပတ်လုံးတပါးတည်း လွတ်လပ်စွာ နေလိုတယ်၊ ငါ့ကိုဘယ်မှာမှ လာရောက်ဖူးမြော်တွေ့ဆုံခြင်း မပြုကြနဲ့ဟု မိန့်တော်မူ၏။

ထိုအခါ သာကီဝင်မင်းသားမှ ရဟန်းပြုလာသော ဥပသေနရဟန်းသည် တပည့်မျှားနှင့်အတူ ဗုဒ္ဓရှင်တော်မြတ်ဘုရားထံ ဝင်၍ ဖူးမြော်လေသည်၊ ဗုဒ္ဓက—

'ချစ်သားတို့ ငါကတိကဝတ်ပြုထားတာကို သင်တို့မကြားမသိကြဘူးလား' ဟု မေးတော်မူ၏။

ဥပါသေနရဟန်းက-
'မယိပါ' ဟုခေါ်ကျွန်ုပ်ထံ လာသည်။
'သင် ဘာကျောင်းမှာ နေသလား'

ဗုဒ္ဓက ဥပသေန ရဟန်းအား မေးတော်မူသည်။ ဥပသေနက မိမိသည် ဟောကျောင်းတွင်နေလျက် ပိဋကတ်ခုတင် ပုံ့သုကူ ခုဘင်တို့ကို ဆောင်ကြောင်း လျှောက်ထားလေ၏။ ထိုအခါ ဗုဒ္ဓ မြတ်စွာက ယင်းဆို့ ဆောင်ယူ ဆောက်တည်လျှင် ငါ့ဘုရားအား ဖူးမြင်ခွင့်ရှိသည်ဟု မိန့်တော်မူလေသည်။ ယင်းအမိန့်ကိုကြား ကြသော ရဟန်းများသည် နိသိဒိုင်အခင်းများကို စွန့်ပစ်ကြ၍ ဘုရားအား ဖူးမြင်ရန် လာကြလေသည်။

ဘုရားသခင်သည် ကျောင်းတော်ကြီး၏ ပရဝုဏ်ရှိကျောင်း စဉ်အတိုင်း လှည့်လည်တော်မူရာ နိသိဒိုင်အခင်းများ စွန့်ပစ် ထားကြသည်ကို မြင်တော်မူလေ၏။ ဗုဒ္ဓက ရဟန်းများအား-

'ဒါ သင်တို့ရဲ့ နိသိဒိုင်အခင်းတွေလား'ဟု မေးတော်မူသည်။

ရဟန်းများက မှန်ပါကြောင်း လျှောက်ထားကြ၏။

ထိုအခါ ဗုဒ္ဓက နိသိဒိုင်အခင်းဟူသည် ငါ၏လက်သန်းတော် အထွာ ပမာဏမျှသာယူအပ်၏။ ထိုထက်လွန်၍ ဆောင်သော် နိဿဂ္ဂိယ ပါစိတ် အာပတ်သင့်စေသည်ဟု ပညတ်တော် မူလေ သည်။

သာဓက-၁၆။

ဗုဒ္ဓဘုရားရှင်သည်သာဝတ္ထိပြည်တွင်သီတင်းသုံးနေတော်မူစဉ် မဆင်ရှားသောရဟန်းတပါးသည် ကောသလတိုင်းမှ သာဝတ္ထိ

ပြည်သို့သွား၏။ ခရီးလမ်းတွင် သိုးမွေးများကိုရ၍ ကိုယ်ဝတ်သင်္ဃန်းဖြင့် ထုတ်ယူခဲ့လေသည်။ လူတို့သည် ထိုရဟန်းကို မြင်သောအခါ မျှားစွာပြက်ရယ်ပြုကြ၏။ ရဟန်းလည်း ရှက်သဖြင့် မျက်နှာ မသာမယာဖြင့် ခရီးဆက်၏။ သာဝတ္ထိပြည်သို့ ဆောက်သောအခါ လူအများမြင်လျှင် မိမိကို ပြက်ရယ်ပြုဦးမည်ကိုစိုးရိမ်သောကြောင့် အထုတ်ကိုဖြည်၍ သိုးမွေးများကို စွန့်ပစ်လိုက်လေ၏။

ယင်းအဖြစ်ကို သာဝတ္ထိပြည်မှ ရဟန်းများမြင်၏။ ရဟန်းတပါးက ထိုမထင်ရှားသော ရဟန်းအားမေးသည်။

'အသင်ရဟန်း ဘယ်ကလာသလဲ'
'ကောသလတိုင်းက လာခဲ့ပါတယ်'
'သိုးမွေးတွေကို ဘယ်ကယူလာသလဲ'
'ခရီးဝေးက သယ်ယူလာပါတယ်'
'အခုဘာဖြစ်လို့ စွန့်ပစ်တာလဲ'
'လူတို့ကဲ့ရဲ့တဲ့အတွက် စွန့်ပစ်ပါတယ်'
'သင် ဘယ်လောက်ဝေးတဲ့ ခရီးက ဆောင်ယူလာခဲ့တာလဲ'
'သုံးယူဇနာထက်ဝေးတဲ့ ခရီးက ဆောင်ယူခဲ့ပါတယ်'

ဤ အမေးအဖြေကားများကို သံဃာတို့ကြားသဖြင့် ဗုဒ္ဓအား လျှောက်ထားကြလေသည်။ ထိုအခါ ဗုဒ္ဓက သုံးယူဇနာထက်ဝေးသောခရီးမှ ကူညီဆောင်ကြဉ်းမည့်သူမရှိပဲ ရဟန်းများ သိုးမွေးကို ဆောင်ယူလျှင် နိဿဂ္ဂိယပါစိတ်အာပတ် သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက-၁၇။

ဗုဒ္ဓရှင်တော်ဘုရားသည် သင်္ဂတိုင်း သပ္ပိုဝတ်ပြည်ရှိ နိဂြောဓာရုံကျောင်းတွင်သီတင်းသုံးနေတော်မူစဉ် ဆဗ္ဗဂ္ဂိရဟန်းတို့သည် သိုးမွေးမျှားကို ဘိက္ခုနီမများအား ဖွပ်လျှော်ခိုင်းခြင်း၊ ဆေးဆိုးခိုင်းခြင်း၊ ရွပ်ထွေးနေသော သိုးမွေးမျှားကို ဖြည်ရန် ခိုင်းခြင်းစသည်တို့ကို စေခိုင်းကြ၏။ ယင်းသို့ရှိစဉ် မိဇထွေးတော်ဧဂါတမီ ဘိက္ခုနီမသည် ဗုဒ္ဓထံသို့သွား၏။ ဗုဒ္ဓက မိဇထွေးတော် ဧဂါတမီအား-

'အသင်ဘိက္ခုနီမတို့ ပါဠိုအဋ္ဌကथာတို့ ယမ်းပြားပြုပါရဲ့လား'ဟု မေးတော်မူ၏။

ထိုအခါ ဧဂါတမီ ဘိက္ခုနီမက-

'အရှင်ဘုရား တပည့်တော်မတို့မှာ ပါဠိုအဋ္ဌကထာတို့ကိုလဲ သင်ကြား လေ့ကျက်ခြင်း မပြုရပါ၊ နိဗ္ဗာန် ဓရာဏီကြောင်း တရားကောင်း တရားမြတ်တို့ကိုလဲ ကျင့်ကြံအားထုတ်ခြင်း မပြုရပါ'ဟု လျှောက်၏။

'အသင်ဘိက္ခုနီမ ဘာပြုလို့ ပါဠိုအဋ္ဌကထာတို့ကို မသင်ကြား မခေလ့ကျက်ရတာလဲ၊ ဘာကြောင့် နိဗ္ဗာန်ရောက်ကြောင်း တရားကောင်း တရားမြတ်တွေကို အားမထုတ်ရတာလဲ'

ဗုဒ္ဓ မေးတော်မူလျှင် ဧဂါဘမိဘိက္ခုနီမက-

'အရှင်ဘုရား ဆဗ္ဗဂ္ဂိရဟန်းများဟာ တပည့်တော်မတို့ဘိက္ခုနီမများကို မအားရ မနှားရအောင် အလုပ်ပေးနေ ပါတယ်၊ ဆဗ္ဗဂ္ဂိ ရဟန်းတွေဟာ တပည့်တော်မတို့ဆီကို သိုးမွေးဘွယ်

ဟာပြီး အလျှော်အဖုပ် ခိုင်းပါတယ်၊ ရှုပ်ထွေးနေတဲ့ သိုးမွေးတွေကို အရှင်းခိုင်းပါတယ်။ ဘယ်တော်မတို့မှာ သူတို့ခိုင်းသမျှ လုပ်ပေးနေရပါတယ်ဘုရား'ဟုလျှောက်၏။

ထိုအခါဗုဒ္ဓမြတ်စွာသည် ဆင့်ဂို့ရဟန်းတို့ကို ခေါ်တော်မူ၍ ကဲ့ရဲ့တော်မူပြီးလျှင် နောင်တွင် ရဟန်းများသည် မိမိတို့နှင့် ဆွေမျိုးတော်စပ်သော ဘိက္ခုနီမများအား သိုးမွေးများကို လျှော်ဖွတ်စေခြင်း၊ ဆေးဆိုးစေခြင်း၊ ရှုပ်ထွေးသော သိုးမွေးများကို ရှင်းခိုင်းခြင်း စသည်တို့ မခိုင်းစေရ။ ထိုသို့ခိုင်းစေလျှင် နိဿဂ္ဂိယပါစိတ် အာပတ်သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက—၁၈။

ဗုဒ္ဓမြတ်စွာ ဘုရားသခင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်ကြီးတွင် သီတင်းသုံးနေတော်မူစဉ် ရှင်ဥပနန္ဒအား မထင်ရှားသော ဒါယိကာဝတဦးသည် ကပ်ပိယအဖြစ် အလုပ် အကျွေးပြုနေ၏။

တနေ့တွင် ထိုကပ်ပိယ ဒကာသည် အမဲသားရသဖြင့် ရှင်ဥပနန္ဒအတွက် ရည်စူးကာ ဟင်းချက်လေ၏။ ဟင်းအိုး ဆီပြန်လာသောအခါ အနံ့က အလွန်မွှေး၏။ ထိုစဉ် ကပ်ပိယ၏ သားငယ်မှာ အိပ်ရာမှ နိုးလာကာ—

'အမဲသားဟင်း စားချင်တယ်- အမဲသားဟင်းပေးပါ' ဟု ငိုကြွေတောင်းလေတော့သည်။

ထိုစဉ် ရှင်ဥပနန် အပြင်သွားဆုမှ ပြန်ရောက်လာသည်။ ကခေါ်သည် အမဲသားဟင်း စားချင်သည်ဟု အော်ငိုပြီး တောင်းခဲ့သည်။ ထိုအမဲသားဟင်း သူ့အတွက် ချက်ကြောင်းလည်း ရှင်ဥပနန်သိသည်။ ယင်းအမဲသားဟင်းကို စားချင်၍ ကခေါ်ငိုခဲ့ကြောင်းလည်းသိသည်။ သို့ရော် ရှင်ဥပနန်သည် ဘာမျှမခြားပဲ မသိယောင်ပြုခဲ့၏။ ကပ်ပိယမှာ သားငယ်ကလည်း အမဲသားဟင်း စားချင်၍ ငိုခဲ့သည်။ ထိုအခြေအနေကို ရှင်ဥပနန်လည်း သိပြီးဖြစ်၍-

'အရှင်ဘုရား၊ တပည့်တော်ရဲ့သားဟာ အမဲသားဟင်း မစားရရင် အငိုတိတ်မယ်မဟုတ်ပါ၊ အကယ်လို့ အရှင်ဘုရားကို အမဲသားဟင်းမကပ်ပဲ အမဲသားဟင်းတိုးပေးရင် လက်ခံပါမယ်လား' ဟု ရှင်ဥပနန်အား မေးလျှောက်၏။

'အေး၊ ဒကာ၊ အမဲသားဟင်းတိုး ဌေးကိုသာပေး ငါလက်ခံတယ်။'

ဒါယိကာသည် အမဲသားဟင်းတိုးဌေးကို ရှင်ဥပနန်အား ပေး၏။ ရှင်ဥပနန်ကလည်း ဒါယိကာက ပေးသောဌေးကို သူ့လက်နှင့်ကိုင်ယူသည်ကို လူတို့မြင်လေဆု မျှားစွဲကဲ့ရဲ့စကား ဆိုကြလေသည်။ ထိုအကြောင်း သံဃာတော်တို့ကြားလေဆု ဗုဒ္ဓရှင်တော်မြတ်ဘုရားအား လျှောက်ထားကြလေ၏။

ဗုဒ္ဓရှင်တော်သည် ရှင်ဥပနန်ကို ခေါ်ယူ၍ ကဲ့ရဲ့တော်မူပြီးလျှင် ရှေးဦးစသည်တို့ကို ရဟန်းမျှားအလှူမခံရ။ အလှူမခံရရုံသာမက မိမိတို့အနီးဌာ ရှေးဦး စသည်တို့ကို ဒကာ-ဒကာမတို့က ထားခဲ့လျှင် ထိုရှေးဦးတို့ကို ကြည့်ပြီး သာယာခြင်း၊

လောဘစိတ်နှင့် ကြည့်ရှုကြည်နူးခြင်း မဖြစ်စေရ။ ယင်းသို့ အလှူခံခြင်း၊ လောဘစိတ်နှင့် သာယာခြင်းတို့ ဖြစ်ခဲ့လျှင် နိဿဂ္ဂိယပါစိတ် အာပတ် သင့်စေသည်ဟု ပညတ်တော်မူလေသည်။

သာဓက—၁၉။

ရှင်တော် ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတွင် သီတင်းသုံး၍ နေတော်မူစဉ် ဆဗ္ဗဂ္ဂိရဟန်းတို့သည် ရှေးဦးစသည်တို့ဖြင့် ကူးသန်းရောင်းဝယ်မှုများ ပြုလုပ်နေကြ၏။ ယင်းကဲ့သို့ ရဟန်းများ ကူးသန်းရောင်းဝယ်မှုများ ပြုလုပ်နေသည်ကို လူတို့ မြင်သောအခါ ကဲ့ရဲ့စကားဆိုကြလေသည်။

ထိုစကားကို သံဃာတော်တို့ကြားလျှင် ဗုဒ္ဓအား တိုင်ကြား လျှောက်ထားကြလေ၏။ ဗုဒ္ဓရှင်တော်သည် ဆဗ္ဗဂ္ဂိရဟန်းတို့ကို ခေါ်တော်မူပြီးလျှင်—

'ငါဘုရားဟာ ရှေးဦး စသည်တို့ကို ရဟန်းများမကိုင်ရလို့ ပညတ်တော်မူထားတယ်။ သည်ကြားကနေပြီး သင်တို့ဟာ ရှေးဦးတို့ကို ကိုင်တွယ်ရုံသာမက ကုန်ကူးသန်းရောင်းဝယ်မှုကို တောင်မှ ပြုကြတဲ့အတွက် ငါဘုရား၊သာသနာတော်ဟာ ညစ်နွမ်းရပြန်တယ်။ ဒါကြောင့် သင်တို့ကို ငါရှုတ်ချတယ်' ဟု ကဲ့ရဲ့ရှုတ်ချတော်မူပြီးနောက် ရှေးဦးစသည်တို့ဖြင့် အရောင်းအဝယ် ပြုသောရဟန်းသည် နိဿဂ္ဂိယ ပါစိတ် အာပတ်သင့်စေသည်ဟု ပညတ်တော်မူလေသည်။

သာဓက—၂၀။

ဗုဒ္ဓမြတ်စွာ ဘုရားရှင်သည် သာဝတ္ထိပြည်တွင် သီတင်းသုံးနေတော်မူစဉ် ရှင်ဥပနန္ဒသည် ပုဆိုးနှမ်း ပုဆိုးရိတ္တိကို အသေအချာ ဖြူစင်အောင် ပွတ်လျှော်ပြီးနောက် ပြေပြစ်တောက်ပသော အရောင်ကိုဆိုးကာ ဝတ်ရုံ၍သွားလေသည်။ တဦးသော ပရိဗ္ဗာဇကရဟန်းသည် ရှင်ဥပနန္ဒ၏ ဒုနီးသို့ ချဉ်းကပ်ပြီးလျှင်—

'ငါ့ရှင် သင့်ဒုကုဋ္ဌသင်္ဃန်းဟာ အလွန်ကောင်းပါကလား။ သင့် ဒုကုဋ္ဌသင်္ဃန်းကို ငါ့ပုဆိုးနဲ့ လဲလှယ်ပါ' ဟု ဆို၏။

ရှင်ဥပနန္ဒလည်း ပရိဗ္ဗာဇက ရဟန်း၏ ပုဆိုးနှင့် သူ၏ ဒုကုဋ္ဌသင်္ဃန်းကိုလဲ၏။ ပရိဗ္ဗာဇကရဟန်းလည်း ဝမ်းမြောက်စွာဖြင့် မိမိကျောင်းသို့ ပြန်ကြွသွား၏။ ကျောင်းသို့ရောက်သောအခါ သူ၏ အပေါင်းအသင်းများသည် ပရိဗ္ဗာဇက ရဟန်း၏ သင်္ဃန်းကိုကြည့်ကာ ချီးမွမ်းကြ၏။ တဖယောက်သော ပရိဗ္ဗာဇက ရဟန်းက—

'ငါ့ရှင် သင့်သင်္ဃန်းက တယ်အရောင်အဆင်း တောက်ပကောင်းမွန်ပါလား ဘယ်ကရသလဲ' ဟုမေး၏။

ထိုအခါ ပရိဗ္ဗာဇကရဟန်းက ရှင်ဥပနန္ဒထံမှ မိမိပုဆိုးနှင့် လဲလှယ်ရရှိကြောင်း ပြန်ပြောသည်။ အဖေါ် ရဟန်းများက ထိုသင်္ဃန်းမှာ အရောင်အသွေး ကောင်းသော်လည်း အရိအဆွေးဖြစ်၍ ကြာရှည်မခံ အလွန် အ,၍ ညံ့၍ မိုက်မဲ၍သာ ပုဆိုးကောင်းကို သင်္ဃန်းနှင့်လဲသည်ဟု ဝိုင်းဝန်း ကဲ့ရဲ့ အပြစ်ဆိုကြ

ခလသည်။ ထိုအခါ ပရိဗ္ဗာဇကရဟန်းသည် ရှင်ဥပနန္ဒထံ ပြန်သွားကာ....

'သင်ဟာ ရိုဆွေးတဲ့သဿ်နဲ့ ငါ့ပုဆိုးကောင်းကို လဲယူတယ်။ အခု သင့် သဿ်နဲ်းသင်ပြန်ယူပါ ငါ့ပုဆိုး ပြန်ပေးပါ' ဟု တောင်းဆ၏။

ထိုအခါ ရှင်ဥပနန္ဒက--

'သင့်ကို ငါက လဲလှယ်ဘို့ တောင်းဆိုခဲ့သလား၊ သင်က လဲလှယ်ဘို့ တောင်းဆိုခဲ့ဘာ ဖြစ်တယ်။ ငါသင့်ပုဆိုးကို ပြန်မပေးနိုင်၊ သင်နဲ့ငါ အလဲအလှယ် လုပ်ကြတုံးဟာ ယုံယိုမဟုတ်ဘူး ဆိုတာကို သင်သိတယ်မဟုတ်လား။ လာရှုပ်မနေနဲ့ ၊ သင်ခု ငါ့အပါးက ထွက်သွား' ဟု အော်ငေါက် ကြိမ်းမောင်းကာ နှင်လွှတ်၏။

ထိုအကြောင်း လူတို့ကြားလည်းလည်ချင် ရှင်ဥပနန်သည် ရဟန်းမပီသ၊ သူဘော်ကောင်းစိတ် မရှိ၊ ညစ်သည်၊ ကလိမ်ကျသည်၊ အနိုင်အတက်ပြုကျင့်သည်၊ စိတ်ကောင်းမရှိ၊ ရဟန်းမဆိုထားနှင့် လူတို့ခြင်းမင်လျှင် မိမိက မတော်မတရား ပြုလုပ်မိလျှင် ပြန်ပေးကြ၏။ ရှင်ဥပနန်သည် ရဟန်းဖြစ်လျက် ဘာ့ကြောင့် မပေးပဲ အနိုင် ကျင့်ချင်ရတာလဲ စသည်ဖြင့် ရှုတ်ချ ကဲ့ရဲ့ကြလေသည်။

လူတို့ ကဲ့ရဲ့စကားကို သံဃာတော်တို့ကြားလျှင် ဗုဒ္ဓအား တိုင်ကြား၊ထားကြလေသည်။ ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ရှင်ဥပနန္ဒအား ခေါ်တော်မူ၍ ကဲ့ရဲ့ ပြစ်တင်ပြီးလျှင် အရောင်း

အဝယ်လုပ်ခြင်း၊ အလဲအလှယ် လုပ်ခြင်းတို့ကို ရဟန်းများ မပြု လုပ်ရ ပြုလုပ်ခဲ့သော် နိဿဂ္ဂိယပါစိတ် အာပတ် သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက—၂၁။

ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်တွင် သီဘင်းသုံးနေတော်မူစဉ် ဆဗ္ဗဂ္ဂိရဟန်းတို့သည် မျိုးစွာသော သပိတ်တို့ကို သိုမှီးစုဆောင်းကြ၏။ လူမျိုးခေါ်ကျောင်းသို့ လှည့်လည်သွားလာသော အခါ ဆဗ္ဗဂ္ဂိရဟန်းတို့ သိုမှီးစုဆောင်းထားသော သပိတ်များကို မြင်သဖြင့် ကဲ့ရဲ့စကား ဆိုကြကုန်၏။

လူတို့ကဲ့ရဲ့စကားကို သံဃာတော်တို့ ကြားသိခဲလျှင် ဗုဒ္ဓရှင်ဟော်မြတ် ဘုရားအား တိုင်ကြား လျှောက်ထားကြ ကုန်၏။ ဗုဒ္ဓသည် ဆဗ္ဗဂ္ဂိရဟန်းများကို ခေါ်ယောင်္ကျားမူကား ကဲ့ရဲ့ပြီးလျှင် အဒိဋ္ဌာဝိကပ္ပနာမပြုဘဲ ဆယ်ရက်ထက် လွန်သော သပိတ်ကို ဆောင်လျှင် နိဿဂ္ဂိယပ စိတ် အာပတ်သင့်စေသည်ဟု ပညတ်တော်မူလေသည်။

သာဓက—၂၂။

ဗုဒ္ဓဘုရားရှင်သည် သဂ္ဂတိုင်း ကပ္ပိလဝတ်ပြည်ရှိ နိဂြောဓာရုံကျောင်းတွင် သီဘင်းသုံးနေတော်မူစဉ် မဆင်ရှားသော အိုးလုပ်သူဘယောက်သည် ရဟန်းတို့အား သပိတ်အလိုရှိလျှင် တောင်းတော်မူကြပါဟု လျှောက်ထား၏။

ရဟန်းများသည် ထိုအိုးလုပ်သူထံမှ အိုးများကို သူ့ထက်ငါ ဦးအောင် အလုအယက် တောင်းယူကြသောကြောင့် အိုးလုပ်သူ မှာ ရောင်းရန်အိုးများပင် မကျန်တော့ပဲ ရှိခဲ့ရတော့သည်။ ထိုအခါ အိုးလုပ်သူနှင့် သူ့အိမ်သူ အိမ်သားဖြစ်သော သားမယားများ ဆင်းရဲခြင်းဖြစ်ကြော့၏။ တစ်မှတ်၌ ဒုက္ခရောက်ကုန်ကြ၏။ ယင်းအကြောင်း လူတို့သိသောအခါ ရဟန်းများအား ကဲ့ရဲ့စကားဆိုကြလေသည်။ လူတို့ကဲ့ရဲ့စကားများကို သံဃာတော်တို့ ကြားသိလေလျှင် ဗုဒ္ဓအား တိုင်ကြား လျှောက်ထားကြလေ၏။ ဗုဒ္ဓသည် ထိုအိုးကောင်းသော ရဟန်းများကို ခေါ်တော်မူပြီး များစွာကဲ့ရဲ့တော်မူပြီးနောက် သပိတ်ကို မတောင်းအပ် တောင်းလျှင် ဒုက္ခဋ္ဌအာပတ်သင့်စေသည်ဟု ပညတ်တော်မူ၏။

ထိုသို့ ပညာတ်တော်မူပြီးနောက် ရဟန်းတပါးသည် သပိတ်လွှတ်ကျ ကဲ့သွား၏။ ထိုရဟန်းသည် ဗုဒ္ဓဘုရားရှင်က သပိတ်အလှူ မခံရဟု ပညတ်တော်မူထားသဖြင့် သပိတ် အလှူမခံဘဲ လက်ဝါးချည်သက်သက်ဖြင့် ဆွမ်းခံကြ၏။ လူတို့သည် သပိတ်မပါ လက်ဝါးကိုဖြန့်ကာ ဆွမ်းခံကြလာသော ရဟန်းကို မြင်လျှင်–

'အို....ဘယ်လိုရဟန်းလဲ သပိတ်လဲမပါဘူး၊ လက်ဝါးဖြန့်ပြီး ဆွမ်းခံကြသတဲ့'

'ဟုတ်ပါရဲ့....ဘယ်လိုရဟန်းပါလိမ့် တိတ္ထိတို့အကျင့်ကျင့်တဲ့ ရဟန်းထင်ပါရဲ့' နှင့် ကဲ့ရဲ့ကြလေသည်။

ထိုကဲ့ရဲ့စကားကို သံဃာတော်တို့ ကြားလျှင် ဗုဒ္ဓအား လျှောက်ထားကြ၏။ ဗုဒ္ဓသည် ထိုရဟန်းကိုခေါ်တော်မူပြီးလျှင် ရဟန်းများ သပိတ်ကဲ့လျှင်ဖြစ်စေ၊ သပိတ်းပျောက်လျှင်ဖြစ်စေ၊ သပိတ်ကို လုယက်ခိုးယူခြင်း ခံရတဲ့အခါဖြစ်စေ ဒါယိကာတို့ ထံတွင် သပိတ်ကို တောင်းယူအလှူခံနိုင်သည်ဟု မိန့်တော်မူလေသည်။

ခြင်းချက်ကိုသာ ချောင်းနေကြသော ဆဗ္ဗဂိုရဟန်းတို့သည် ဗုဒ္ဓက လိုသို့ခွင့်ပြုလိုက်သည်နှင့်တပြိုင်နက် သပိတ်အနည်းငယ် ခြစ်ရုတဲခြင်း၊ အနည်းငယ်အပေါက်ရှိခြင်း၊ အနားအနည်းငယ် ပြာက်နေခြင်းတို့ကို အကြောင်းပြုကာ များစွာသော သပိတ်တို့ကို တောင်းယူ အလှူခံကြလေတော့သည်။ သပိတ်လုပ်သူများမှာ ဆဗ္ဗဂိုရဟန်းတို့ကောင်းတိုင်း ပေးနေကြရသောကြောင့် ရောင်းစားရသည်ဟုပင် မရှိတော့ပဲ ဆင်းရဲဒုက္ခ ရောက်နေကြရ၏ လေသည်။

ထိုအခါ လူတို့သည် ရဟန်းများကို လွန်စွာကဲ့ရဲကြ၏။ လူတို့ကဲ့ရဲ့စကားကို သံဃာတော်တို့ကြားလျှင် ဗုဒ္ဓအား တိုင်ကြားလျှောက်ထားကြလေ၏။ ဗုဒ္ဓသည် ဆဗ္ဗဂို ရဟန်းတို့ကိုခေါ်၍ ဆစ်မေးတော်မူပြီးလျှင် အလွန်အလွန် ရှက်ခဲ့စကား မိန့်ဆိုတော်မူပြီးနောက် ငါးဖွဲ့အောက်ယုတ်သော သပိတ်ရှိလျက် ထိုသပိတ်ထက်ယုတ်သောသပိတ်ရှိလျှင် ထိုသပိတ်ထက်အလွန်မတောင်းရ၊ အလှူမခံရ၊ တောင်းသော် အလှူခံသော် နိဿဂိုယပါစိတ် အာပတ်သင့်စေ၊ ဟည်ဟု ပညတ်တော်မူလေ၏။ ပြီး ထိုတောင်းယူရရှိသောသပိတ် ကို ရဟန်းသံဃာ ပရိသတ်ကိုစွန့်အပ်သည်။ သံဃာ

သည် သယ်ဘထေရ်ကြီးကိုစွန့်အပ်၏။ နောက်ဆုံး သပိတ်ခတောင်း သော နောက်ရဟန်းတိုင်အောင် စွန့်အပ်သည်ဟု မိန့်တော်မူလေ သတည်း။

သာဓက–၂၃။

ဗုဒ္ဓဘုရား.ရှင်သည် သာဝတ္ထိပြည်တွင် သီတင်းသုံးနေတော်မူစဉ် ရှင်မိလိန္ဒဝစ္ဆမထေရ်သည် ဥမင်လိုဏ်ပြုလုပ်ရန် တောင်ကို ရှင်းလင်းသုတ်သင်စေ၏။ ထိုအခါ ဗိမ္ဗိသာရမင်းကြီးသည် မထေရ်ထံသို့ချဉ်းကပ်ပြီး ဓာတ်အပ်လျှောက်ပတ်သော နေရာမှ ကြည့်ကာ မထေရ်အား ကြည်ညိုသဒ္ဓါစိတ် ပွားများလာသည်နှင့်—

'အရှင်မထေရ်မြတ်ကို အရာမ်စောင့် လျှုပါ့မယ်'ဟု ဆို၏။

ထိုအခါ မထေရ်က-

'သင်မင်းကြီး ဗုဒ္ဓမြတ်စွာက' အရာမ်စောင့်ကို ခွင့်ပြုတော်မမူသေးဘူး'ဟု ဆို၏။

'အရှင်မထေရ်မြတ် ဗုဒ္ဓ ခွင့်ပြုတော်မူရင် အရာမ်စောင့်ကို တပည့်တော်လျှုပါမယ်၊ အရှင်မြတ် ဗုဒ္ဓထံမှာခွင့်တောင်းပါ'

မင်းကြီး လျှောက်ထားသည်နှင့် ပိလိန္ဒဝစ္ဆမထေရ်သည် ဘုရားရှေတော်သို့ဝင်၍ **အရာမ်စောင့်ထား**သိုကြောင်း လျှောက်ထားသောအခါ ဗုဒ္ဓက 'ထားစေ'ဟု ခွင့်ပြုတော်မူလိုက်၏။

ခွင့်ပြုတော်မူကြောင်း မထေရ်က မင်းကြီးအား ပြန်ပြောလေ ရာ **မင်းကြီး**က **မ**ထေရ်အတွက် အရာမ်စောင့်ကို **ထားပေး**

သည်။ ဘနေ့တွင် နောဇဂြိုဟ်ပြည်ရှိ တခုသောဇနပုဒ်၌ ပွဲလမ်းသဘင်ရှိသ ဖြင့် ရှိသော်လည်း မိန်းမပျိုကလေးများသည် လှုပသော ပန်းကုံးများကို ပန်ဆင်က ပွဲသွားကြလေ၏။

အရာမ်စောင့် သမီးပျိုကလေးမှာ သူများတကာလို ပန်းကုံးကိုဝယ်၍ မပန်နိုင်သောကြောင့် ငိုယိုနေရှာ၏။ ပိလိန္ဒဝစ္ဆ မရထိရသည် အရာမ်စောင့် အိမ်တွင် ရှိနေသည်နှင့် ကျုံသောကြောင့်-

'ဘာပြုလို့ ငိုနေတာလဲ'ဟုမေး၏။

အရာမ်စောင့် သမီးပျိုက-

'သူများနည်းတူ ပန်းကုံးပန်ပြီး ပွဲကို မသွားနိုင်အောင် ဆင်းရဲတာကြောင့် ဝမ်းနည်းပြီး ငိုပါတယ်'ဟု လျှောက်၏။

ထိုအခါ မရထိရသည်-

'မြက်ကရွတ်ခွေကိုယူခဲ့'ဟုမိန့်၏။

သူငယ်မက မြက်ကရွတ်ခွေကို ယူလာပြီး မရထိ အားပေးသည်။

'သင့်ခေါင်းမှာ စွပ်လိုက်'

မရထိက မိန့်ပြန်သည်တွင် သူငယ်မက သူ့ခေါင်းတွင်စွပ်လိုက်လေ၏။ ထိုအခါ မြက်ကရွတ်ခွေသည် အသွင်ပြောင်းသွားကာ ထူးခြားဆန်းကျယ်၍ အလွန်လှပသောရွှေပန်းကုံးရတနာ အဖြစ်သို့ ရောက်သွားလေသည်။ အရာမ်စောင့်သမီးပျိုလည်း ဝမ်းမြောက်ဝမ်းသာနှင့် ပွဲသို့သွား၏။

ပွဲခင်းမှလူများသည် အရာမ်စောင့် သမီးပျိုကို ဝတ်ဆံတသြကြည့်ရှုကြသည်။ စင်စစ်သူမခေါင်းမှပန်းကုံးကို ကြည့်ရှုကြခြင်း

ဖြစ်၏။ ထိုပန်းကုန်းသည် အဖိုးအလွန်ထိုက်တန်၍ဘုရင့်နန်းတော်မှာပင်မရှိသည့် လှပဆန်းကျယ်သော ပန်းကုန်းဖြစ်နေသည်။ မြင်ရသူများသည် အရာမ်စောင့်သမီးပျိုအား မနာလိုမရှစိမ့်ဖြစ်နေကြ၏။ မနာလိုဝန်တိုစိတ်နှင့် ဘုရင့်ထံသွားကာ ဘုရင့်နန်းတော်မှ ရှေ့ပန်းကုန်းကို အရာမ်စောင့်သမီး ခိုးယူထားပါသည်ဟု တိုင်ကြားလေ၏။ ဘုရင်လည်းမနာလိုသူတို့၏ ဂုံးချောစကားကို ယုံကြည်ကာ အရာမ်စောင့် သမီးအား ဖမ်းဆီးချုပ်နှောင် ထားလေသည်။

ပိလ်ဒ္ဒဝ စ္ဆမထေရ်သည် ဆွမ်းခံကြွရာမှ အရာမ်စောင့်အိမ်သို့ ဆိုက်ရှိသည်တွင် အရာမ်စောင့် သမီးကို မတွေ့မမြင် သောကြောင့်-

'ဒကာ သင့်သမီးဘယ်သွားသလဲ'ဟု မေး၏။

အရာမ်စောင့်က-

'အရှင်မြတ်ပေးတဲ့ ပန်းကုန်းကိုပန်ဆင်တဲ့အတွက် ဘုရင်က နန်းတော်ကပန်းကုန်းကိုခိုးယူတယ်စွပ်စွဲပြီး ဖမ်းဆီးချုပ်နှောင် ထားပါတယ်'ဟု ဝိုယိုကာလျှောက်၏။

'ဒကာမပူနဲ့'

မထေရ်သည် အရာမ်စောင့်အား နှစ်သိမ့်ကာ နန်းတော်သို့ ကြွသွားလေ၏။ မင်းကြီးသည် မထေရ်ကို မြင်တွေ့သောအခါ ခွဲခေသစ္စာရှိခိုးလျက်နေ၏။

'သင်မင်းကြီး အရာမ်စောင့်သမီးကို ဘာပြုလို့ဖမ်းတာလဲ' ဟုမေးလေ၏။

'အရှင်မထေရ်မြတ် အရှုမ်စောင့်သမိုးအိမ်မှာ အလွန်လှပ ဆန်းကျယ်ပြီး အဘိုးအနှဲ့ ထိုက်ဘန်တဲ့ ရှေပန်းကုန်း တွေ့ရပါတယ်။ ဒီပန်းကုန်းလောက ဘုန်ဘုရားတို့ပန်းကုန်း ဟုပညှတောရ နန်းတော်မှာတောင်မှမရှိပါ။ အရှုမ်စောင့်သမိုးနေနဲ့ ဒီလို ပန်းကုန်းမျိုးမဝယ်နိုင်ပါ ခိုးယူသားတာဖြစ်ရပါမယ်'

'သင်မင်းကြီးနန်းတော်မှာတောင် မရှိတဲ့ပန်းကုန်းကို အရှုမ်စောင့်သမိုး ဘယ်ကခိုးလဲ'

မင်းကြီးကား မထေရ်၏ အခမေးကို မဖြေ။

'မခိုးရင် သူဘယ်က ရပါ့မလဲဘုရား'

မင်းကြီးက ပြန်မပြောသည်။ ထိုအခါ ပိလိန္ဒဝစ္ဆမထေရ်သည် မင်းကြီး၏ နန်းတော်ပြာသာဒ်ဆောင်ကို မိမိ၏သန်ခိုးစောင်ဖြင့် ရှေအတိုပြီးစေအောင် ပြုလုပ်လေ၏။

'မင်းကြီး သင့်ပြာသာဒ်ဆောင်က ရှေတွေ့ ဘယ်ကရလဲ'

မထေရ်မေးလျှင် မင်းကြီးသည် ထိုမထေရ်၏ ဟန်ခိုးတော် ကြောင့် အရှုမ်စောင့်သမိုးဟောင် ရှေပန်းကုန်းရေကြောင်း သိကာ မထေရ်အား ဘောင်းပန်လျက် အရှုမ်စောင့်သမိုးကို အချုပ်အနှောင်မှလွှတ်လိုက်လေသည်။ လူအပေါင်းတို့သည် မထေရ်၏ ဟန်ခိုးကို ကြားသိသောအခါ ပိလိန္ဒဝစ္ဆမထေရ်ကို အလွန်ကြည်ညိုကြပြီး၊ စီးပွားနှာခေါင်ပြိုးသဒ္ဓါတို့ကြကာ မျှားစွာသော ဆီ၊ ပျား၊ တင်လဲ၊ ထောပတ်တို့ကို လှူဒါန်းကြလေ၏။ မထေရ်မှ ဟဆင့် ဟပလ္ခ်ဟပန်း ရဟန်းတို့အား ပေးကမ်းလှူဒါန်း စွန့်ကြသည်။ ဟပညှ်ရဟန်းတို့သည် မထေရ်ပေးသမျှ ဆီ၊ ပျား၊ တင်လဲ၊ ထောပတ်တို့ကို ရသလောက်ခံယူပြီး အိုးခွက်တို့တွင် ထည့်၍

ကျောင်း၏လေသာ ပြတင်းများ၌ချိတ်ထားကြလေ၏။ ထိုအခါ ဆီ၊ ပျား၊ တင်လဲ၊ ထောပတ်များသည် ကျောင်းအောက်တွင် လည်းကောင်း၊ ကျောင်းပေါ်ဘက်လည်းကောင်း ယိုစီးဖိတ်ကျ လိမ်းကျံ နေလေသည်။ ကျောင်းမှာ ကျောင်းနှင့် မတူတော့ပဲ လူတို့၏ ကျီကြ ဘဏ္ဍာတိုက်ကဲ့သို့ ဖြစ်နေလေသည်။ လူများ ကျောင်းကို လှည့်လည်ကြည့်ရှုရန် သွားလာကြသောအခါ လေသာ ပြတင်း၌ ဆီ၊ ပျား၊ တင်လဲ၊ ထောပတ် စသည်တို့ကို မြင်သဖြင့် ရဟန်းတို့အား ကဲ့ရဲ့ကြလေသည်။

လူတို့ကဲ့ရဲ့စကားကို သံဃာတော်တို့ကြားလျှင် ဗုဒ္ဓရှင်တော် မြတ်အား လျှောက်ကြလေ၏။ ဗုဒ္ဓက ဆီ၊ ပျား၊ တင်လဲ၊ ထောပတ်တို့ကို ခုနစ်ရက်သာအဂ.ပ်ခံ၍ သိုမှီးသုံးဆောင်အပ်၏။ ခုနစ်ရက်ထက်လွန်သော် မသုံးဆောင်အပ်၊ သုံးဆောင်သော်နိဿဂ္ဂိယ ပါစိတ်အာပတ် သင့်စေသည်ဟု ပညတ်တော်မူလေ၏။

သာဓက-၂၄။

ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်တွင် သီတင်းသုံးနေတော်မူစဉ် မိုးရေခံသင်္ဃန်းကို ပတ်တော်မူ၏။ ဆဗ္ဗဂ္ဂိရဟန်းများသည် ဗုဒ္ဓပညတ်တော် မမှီဘတည်းကပင် မိုးရေခံ သင်္ဃန်းကို ရှာမှီးကြ၏။ ရှေးမဆွဲကပင် ချုပ်ဆိုးဝတ်ဆင်ကြ၏။

မိုးမကုန်မီမှာပင် ၎င်းတို့၏မိုးရေခံသင်္ဃန်းများ စုတ်ပြဲရိုဆွေးကုန်လေသည်။ ထိုအခါဆဗ္ဗဂ္ဂိရဟန်းတို့သည် အချည်းစီးရေချိုးကြလေသည်။ ထိုရဟန်းများ အချည်းစီးရေချိုးသည်ကို လူတို့

မြင်ရတ္တသောအခါ ကဲ့ရဲ့ကြသည်။ လူတို့၏ ကဲ့ရဲ့စကားကို သံဃာတော်တို့ ကြားလျှင် ဗုဒ္ဓရှင်တော်မြတ်ဘုရားအား တိုင်ကြား လျှောက်ထားကြလေ၏။

ဗုဒ္ဓဘုရားရှင်သည်ဆဗ္ဗဂိုရဟန်းများကို ခေါ်တော်မူပြီးလျှင် များစွာကဲ့ရဲ့တော်မူလျက် နယုန်လပြည့်ကျော် တရက်နေ့မှသည် ဝါဆိုပြည့်တိုင်အောင် တလတိုမိုးရေခံသင့်နိုးရှာစေ၊ ဝါဆို လဆန်းတရက်မှသည် ဝါဆိုလကွယ်တိုင်အောင် မိုးရေခံသင့်နိုး ကို ဝတ်ဆင်စေ၊ သတ်မှတ် ပေးထားသည်ထက် ပိုမြဲ ရှာသော်၊ ဝတ်ဆင်သော်၊ နိဿဂ္ဂိယပါစိတ် အာပတ်သင့်စေသည်ဟု ပညတ် တော်မူလေသည်။

သာဝတ်—၂၅။

ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော် ကြီးတွင်သီတင်းသုံးနေတော်မူစဉ် ရှင်ဥပနန်သည် အတူနေသော ရဟန်းကို ဒေသစာရီ သွားကြရအောင်ဟုဆို၏။ သူနှင့်အတူနေ ရဟန်းက—

'ကျွန်ုပ်မှာ သင်္ဃာ့ဝတ်ပြုမရှိပါ သင်္ဃာ့ဝတ်ကား ဟောင်းနွမ်းဆွေးမြေ့ သွန်းတာကြောင့် ခရီးမသွားချင်ပါ'ဟု ဆို၏။

ထိုအခါ ရှင်ဥပနန်က—

'သင့်ကို ပါသင်္ဃာ့ပေးမယ် ငါ့နဲ့အတူလိုက်ခဲ့'ဟု ဆိုကာ အတူနေရဟန်းအား သင်္ဃာ့ပေးပြီး ခေါ်သော်လည်း အတူနေ

ရဟန်းက ရှင်ဥပုန်နှင့်အတူ မသွားလို။ ဗုဒ္ဓရှင်တော်နှင့်သာ အတူသွားလိုသည်ဟု ဆိုပြန်သည်။

ထိုအခါ ရှင်ဥပုန်သည် အမျက်ဒေါသထွက်လျက် အားတူနေ ရဟန်းအား သူပေးထားသောသင်္ဃန်းကိုပြန်လုယူလေ၏။ ယင်းအကြောင်းကို သံဃာတော်တို့ ကြားသိသောအခါ ဗုဒ္ဓအား လျှောက်ထားလေသည်။

ထိုအခါ ဗုဒ္ဓဘုရားရှင်လည် ရှင်ဥပုန်အား ခေါ်တော်မူပြီး လျှင် ရှုတ်ခွက်ရဲ့တော်မူပြီးနောက် ရဟန်းမျှားသည် မိမိလို လားစဉ် ပေးထားပြီးသော သင်္ဃန်းကို မိမိကိုယ်တိုင်လုယူသည် ဖြစ်စေ၊ သူတပါးအား လုယူရန် စေခိုင်းသည်ဖြစ်စေ နိဿဂ္ဂိယ ပါစိတ် အာပတ်သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက-၂၆။

ဗုဒ္ဓဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော် ကြီးတွင် သီတင်းသုံးနေတော်မူစဉ် ဆဗ္ဗဂိုရဟန်းတို့သည် သင်္ဃန်း ယက်ရန် လူဒကာဒကာမတို့ထံမှ ချည်တော့ အမျှားပြားတောင်း ယူကြ၏။ လူတို့သည် ချည်တော့ အမျှားအပြား တောင်းခြင်း ကြောင့် ဆဗ္ဗဂိုရဟန်းမျှားအားကဲ့ရဲ့ကြလေသည်။

လူတို့ကဲ့ရဲ့စကားများကို သံဃာတော်တို့ ကြားသောအခါ ဗုဒ္ဓဘုရားရှင်အား လျှောက်ထားကြ၏။ ဗုဒ္ဓသည် ဆဗ္ဗဂိုရဟန်း မျှားခေါ်၍ ကဲ့ရဲ့တော်မူပြီးလျှင် နောင်တွင် သင်္ဃန်းယက်ရန် ချည်မျှားကို မတောင်းယူရ၊ တောင်းယူခဲ့သည်ရှိသော် နိဿဂ္ဂိယ ပါစိတ် အာပတ် သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက—၂၇။

ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းဟော်တွင် သီဘင်းသုံးနေတော်မူစဉ် မထင်ရှားသော ဒါယိကာဖဦးသည် ရင်းဂါဇနီးအား—

'ရှင်မ ငါ့အရပ်ဇာပါးကို ခရီးသွားစရှိတယ်၊ ငါ့ခရီးသွားနေတုန်းမှာ ရှင်မချည်ကိုချိန်ပြီး သယ်နှုန်းယက်တဲ့ ယက်ကန်းသည် အိမ် သွားပို့ချည်။ ပြီးငါပြန်မရောက်ခင် အပြီးယက်ခိုင်း၊ ငါပြန်ရောက်ရင် သယ်နှုန်းကို ရှင်ဥပနန်ဆီသွားလျှောက်မယ်'ဟု မှာ၏။

ထိုအမှာစကားကို ထိုအိမ်သို့ ဆွမ်းခံကြွလာသော ရဟန်းကကြား၏။ ယင်းအခေါ်ကျောင်းရှင်ဥပနန်အား ပြန်ပြောသောအခါ ရှင်ဥပနန်သည် သယ်နှုန်းယက်သော ယက်ကန်းသည် အိမ်သို့သွားကာ သယ်နှုန်းကိုမေးလျှောက်ရှည်အောင် အနုံကြီးအောင် ထူးအောင် ဆယက်ခိုင်း၏။ ယက်ကန်းသည်က ချည်ကိုချိန်ကွယ်ပေး ထားသောကြောင့် ရှင်ဥပနန်ခိုင်းသည့်အတိုင်း မရနိုင်ဟု ပြန်ပြောသည်။

ရှင်ဥပနန်သည် ယက်ကန်းသည်အား လာတ်ပေး၍ သူ့အလို ရှိသောသယ်နှုန်းကို မရရအောင် ယက်ခိုင်းလေသည်။ အလျှို့ ဒါယိကာ ပြန်ရောက်လာသောအခါ ဇနီးဖြစ်သူအား....

'သယ်နှုန်းပြီးပြီလား'ဟု မေး၏။

ဇနီးဖြစ်သူက ပြီးကြောင်းပြောပြီး သယ်နှုန်းကိုယူပေးသည်။ ထိုဒါယိကာ ထိုသယ်နှုန်းကို ရှင်ဥပနန်အား လျှောက်၏။

'သယ်နှုန်းကခေတာ့ တကယ့်ကိုအလျားလဲရှည် အနုံလဲကြီး ထူလဲထူ သိပ်ကောင်းတာဘဲ၊ ဒို့ပေးတဲ့ချည်နဲ့ ဒီလိုသယ်နှုန်းမျိုး ရတာ အံ့ဩစရာဘဲ'

လင်ဖြစ်သူက ချီးကျူးပြောဆိုလေသည်။

'အမှန် ကျွန်မတို့ပေးတဲ့ချည်နဲ့ ဒီသယ်နှုန်းမျိုး မရမဟုတ်ဘူး၊ ရှင်ဥပုန်ကိုယ်တိုင် ယက်ကန်းသည်အိမ် သွားပြီး စီရင်လို့ ရတာပါ'

'ဇနီးဖြစ်သူက ဝမ်းသာအားရ ပြောလေသည်။

'အမယ် ရှင်ဥပုန်က ငါမတိတ်ခေါ်ဘဲနဲ့ သယ်နှုန်းကို လာ စီရင်တယ်လား၊ ဒီရဟန်းဟာ အတော်ရှုပ်တဲ့ရဟန်းဘဲ၊ ငါသဒ္ဓါ လို့လျှောတာထက် ပိုကောင်းအောင် သူယက်ကန်းသည်ကို လာဘ်ပေးခိုင်းတာဖြစ်ရမယ်၊ ရဟန်းအလုပ်လုပ်ပြီး တယ်လောဘကြီး တာဘဲ၊ တယ်လှချင်တာဘဲ၊ ရဟန်းမှုဟုတ်သေးရဲ့လား'

ဒကာသည် ရှင်ဥပုန်အား မကျေမနပ်နှင့် ကဲ့ရဲ့စကားများ ဆိုလေသည်။ ထိုကဲ့ရဲ့စကားကို သံဃာတော်တို့ ကြားလေလျှင် ဗုဒ္ဓရှင်တော်အား လျှောက်ထားကြလေ၏၊ ထိုအခါ ဗုဒ္ဓသည် ရှင်ဥပုန်အား ခေါ်ယူစစ်မေးပြီးနောက် ရှုတ်ချတော်မူကာ ရဟန်းများအနေနှင့် ယက်ကန်းသည်တို့ကို လာဘ်ပေးပြီးမခိုင်း ရ၊ ခိုင်းလျှင် နိဿဂ္ဂိယပါစိတ် အာပတ်သင့်စေသည်ဟု ပညတ် စတော်မူလေ၏။

သ၁ခက-၂၀။

ဗုဒ္ဓ ရှင်တော်မြတ်ဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတွင် သီဟင်းသုံးနေတော်မူစဉ် အမတ်ဘယောက်သည် ရှာတရှာသို့သွားပြီ ရဟန်းများထံ ချဉ်းကပ်ကာ-

'အရှင်ရဟန်းတို့ တပည့်တော် အရှင်ရဟန်းတို့ကိုဝါဆိုသယ်နိုးကပ်လှူလိုပါတယ်၊ တပည့်တော်အိမ်ကို ကြွတော်မူကြပါ' ဟု လျှောက်၏။

ရဟန်းများက ဗုဒ္ဓခွင့်ပြုတော် မမူသားသဖြင့် မကြွနိုင်ဟု ပြန်ကြားလိုက်လေသည်။ မိမိပင့်တိတ်သည်ကို မကြွသဖြင့်အမတ်သည် ရဟန်းများအပေါ် မကျေမနပ်ဖြစ်ကာ ကဲ့ရဲ့စကားဆိုလေသည်။ အမတ်၏ ကဲ့ရဲ့စကားကို သံဃာတော်သို့ ကြားသိသောအခါ ဗုဒ္ဓအား လျှောက်ထားကြ၏။ ဗုဒ္ဓသည် ရဟန်းများကို ခေါ်ယူကာ-

'ချစ်သားတို့ ရှောင်တခင် လှူအပ်သောအလှူကို ခံယူထိုက်တယ်၊ 'အစ္စေကစီဝရ သယံနိုးကိုခံယူပြီး သိုမှီးခြင်းကို ငါဘုရားခွင့်ပြုတော်မူတယ်' ဟု မိန့်ဆို၏။

ထိုအခါ ရဟန်းတို့သည် အစ္စေကစီဝရသယံနိုးကိုဗုဒ္ဓဘုရားရှင်ခွင့်ပြုတော်မူသည်ဟုဆိုကာ ခံယူကြ၏။ အခါကိုလွန်အောင် သိုမှီးချီထားကြ၏။ ထိုအကြောင်း ရှင်အာနန္ဒာသိသဖြင့်ဗုဒ္ဓအား လျှောက်ထားလေသည်။ ဗုဒ္ဓသည် သယံနိုးခံယူသော ရဟန်းများကို ခေါ်တော်မူပြီး အခါကိုလွန်၍ သိုမှီးခြင်း ပြုလျှင် နိဿဂ္ဂိယပါစိတ်အာပတ် သင့်စေသည်ဟု ပညတ်တော်မူ၏။

(အခါဆိုသည်မှာ သီတင်းကျွတ် လပြည့်ကျော်တရက်မှသည် တန်ဆောင်မုန်းလပြည့်တိုင်အောင် တလသည် ကထိန်ခင်းအပ်သောအခါဖြစ်၏။ သီတင်းကျွတ် လပြည့်ကျော် တရက်မှသည် တပေါင်းလပြည့်တိုင်အောင် ငါးလသည် သဃ်နှီးကို ကထိန်ခင်း၍ သိုမှီးအပ်သော အခါဖြစ်၏။)

သာဓက–၂၉။

ဗုဒ္ဓရှင်တော်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတွင် သီတင်းသုံးနေတော်မူစဉ် ရဟန်းတို့သည် ဝါကျွတ်ပြီးသည့်တိုင်အောင် တောခိုသာနေကြကုန်၏။ ထိုရဟန်းတို့သည်သဃ်နှီးများစွာကို မိမိတို့နှင့်အတူထားကြ၏။ ယင်းသည့်အခါ ခိုးသူတို့သည် ရဟန်းတို့၏ သဃ်နှီးများကို ခိုးယူကြလေသည်။

ဤအကြောင်း ဗုဒ္ဓဘုရားရှင် ကြားသိတော်မူလေရာ ရဟန်းများကိုခေါ်၍ တောခိုနေသောရဟန်းသည် သဃ်နှီးသုံးထည် ထည်းမှ တထည်ကို မြို့ရွာတွင် ထားနိုင်သည်ဟု ခွင့်ပြုတော်မမူ၏။

ဗုဒ္ဓက ခွင့်ပြုသောအခါ ရဟန်းတို့သည် သဃ်နှီးကို (၆)ရက်ထက်ကျော်လွန်၍ ထားကြ၏။ ထိုအကြောင်း ဗုဒ္ဓဘုရားရှင် ကြားသိတော်မူလေလျှင် ရဟန်းများခေါ်၍ သဃ်နှီးကို မြို့ရွာတို့၌ (၆)ညဉ့်ထက် ကျော်လွန်၍မထားရ၊ ၆–ညဉ့်ထက်ကျော်လွန်၍ထားလျှင် နိဿဂ္ဂိယပါစိတ် အာပတ် သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက-၃၀။

ဗုဒ္ဓမြတ်စွာဘုရားသခင်သည်သာဝတ္ထိပြည်ဇေတဝန်ကျောင်း တော်တွင် သီတင်း သုံးနေတော်မူစဉ် ဒကာများစွာတို့သည် သံဃာကိုရည်မှန်း၍ ဆွမ်းသင်္ဃန်းစသည်တို့ကို လှူဒါန်းရန်စီစဉ်ထားကြ၏။ ဆဗ္ဗဂို ရဟန်းများသည် ဒကာတို့အိမ်သို့သွားကြ၍ သံဃာအား ရည်မှန်းလှူမည့် ဆွမ်းသင်္ဃန်းများကိုအလှူခံကြ၏။ ဒကာများကသည်းသံဃာကိုရည်မှန်းလှူမည့် ရည်ရွယ်ထားသဖြင့် ပုဂ္ဂိုလ်ပုဂ္ဂလိကအားမလှူလိုဟုငြင်းဆိုကြသည်၊ အလှူခံမရသော အခါဆဗ္ဗဂို့ရဟန်းတို့သည်ဒကာတို့အားကြိမ်းမောင်းခြိမ်းချောက် ခြင်းဖြင့် နားမခံသာအောင် ပြောဆိုကြသည်။ ဒကာတို့လည်း စိတ်ဆင်းရဲစွာဖြင့် ဆဗ္ဗဂို့ရဟန်းများအား လှူလိုက်ကြရလေ၏။

လူတို့သည် အနိုင်ကျင့်အလှူခံသော ဆဗ္ဗဂို့ရဟန်းများအား ကဲ့ရဲ့ကြသည်၊ ယင်းကဲ့သို့ ကဲ့ရဲ့စကားကို သံဃာတော်တို့သိသော အခါ ဗုဒ္ဓမြတ်စွာအား တိုင်ကြားလျှောက်ထားကြလေ၏။ ဗုဒ္ဓသည် ဆဗ္ဗဂို့ရဟန်းများကိုခေါ်ယူကာ ရှုတ်ချ ကဲ့ရဲ့တော်မူပြီး လျှင် သံဃာအား ရည်ရွယ်ထားသော သံဃာ့ကပစ္စည်းမှန်း သိလျက်နှင့် မိမိအားမလှူလှူအောင်တနည်းနည်းနှင့်ကြံဆောင် အလှူခံသော ရဟန်းသည် နိဿဂ္ဂိယပါစိတ် အာပတ် သင့်စေ သည်ဟု ပညတ်တော်မူခဲ့လေသတည်း။

သုဒ္ဓပါစိတ်အာပတ် ၉၂

ပညတ်တော်များသည် ကြိုဘင်ထားရှိခဲ့သည်မဟုတ်၊ ရဟန်းများအနေနှင့်ပြုကျင့်ပုံ၊ ပြောဆိုပုံ၊ နေထိုင်ပုံတို့ မမှန်ရာသော အခါတွင်မူသာလျှင် လူတို့ကဲ့ရဲ့သည်ကို အကြောင်းပြု၍ ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။ ယခု သုဒ္ဓပါစိတ်အာပတ်နှင့် ပတ်သက်၍သာ ပညတ်ချက်များ ဖြစ်ပေါ် လာရသည်မှာလည်း အကြောင်းမဲ့မဟုတ်ပဲ အကြောင်းသာဓကများ ရှိကြလေ၏။

သာဓက – ၁။

ဘုဒ္ဓံရှင်တော်မြတ် ဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီဘင်းသုံးနေတော်မူစဉ် သားကိုဝင်မင်းသားမှ ရဟန်းပြုလာသော ရှင်ဟာတ္ထကရဟန်းသည် တိတ္ထိတို့နှင့် ပြောဟောကြသောဆုခါ မဟုတ် မမှန်သော မုသာဝါဒစကားကို

ဆိုသဖြင့် တိတ္ထာ်တို့ ကဲ့ရဲ့ကြလေသည်။ ထိုကဲ့ရဲ့စကားကို သံဃာတော်တို့ကြားသဖြင့် ဗုဒ္ဓအား တိုင်ကြား လျှောက်ထား၏။

ဗုဒ္ဓရှင်တော်သည် ရှင်ဟတ္ထရဟန်းအား ခေါ်တော်မူ၍ မျှားစွာ ကဲ့ရဲ့ပြီးလျှင် မဟုတ်မမှန်သောမုသားစကား မပြောရ၊ ပြောလျှင် သုဒ္ဓပါစိတ်အာပတ် သင့်စေသည်ဟု သမ္မာဇာနမုသာ ဝါဒသိက္ခာပုဒ် ကို ပညတ်တော်မူ၏။

သာ၀ကပုဒ်။

ဗုဒ္ဓဘုရားရှင်သည် သာ၀တ္ထိပြည် ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးနေတော်မူစဉ် ဆဗ္ဗဂိုရဟန်းတို့သည် သီလကို ချစ်မြတ်နိုးသော ရဟန်းမျှားနှင့် အငြင်းအခုံပြုရာမှ ခိုက်ရန်ဖြစ်ပွားကာ ဆဲရေးတိုင်းထွာခြင်းပြုကြလေ၏။ ထိုအကြောင်းကို သံဃာတော်တို့ ကြားလျှင် ဗုဒ္ဓရှင်တော်မြတ်ဘုရားအား တိုင်ကြားလျှောက်ထားကြလေ၏။

ထိုအခါ ခိုက်ရန်ဖြစ်ပွားသော ရဟန်းမျှားကို ခေါ်တော်မူပြီးလျှင် မျှားစွာ ကဲ့ရဲ့တော်မူပြီးနောက် နန္ဒိ၀ိသာလ၀တ္ထုကို ဟောတော်မူလေသည်။

နန္ဒိဝိသာလဝတ္ထု

ဂန္ဓာရတိုင်း တက္ကသိုလ်ပြည် ဂန္ဓာရမင်းသည် မင်းပြု၏။ ထိုစဉ် ဘုရားအလောင်းတော်သည် နန္ဒိဝိသာလ အမည်ရှိသော နွားလားဖြစ်၏။ နွားလား၏အရှင်သခင်သည် ပုဏ္ဏားတဦး ဖြစ်၏။ ပုဏ္ဏားသည် နန္ဒိဝိသာလ နွားလားအား သားအရာ၌ထား၍ ကောင်းစွာ ကျေးမွေး၏။ ဘုရား အလောင်း နွားလားသည် အရွယ်ရောက်သောအခါ ငါ့အရှင်သခင် ပုဏ္ဏားသည် ငါ့ကို ကောင်းစွာ ကျေးမွေ၏၊ ငါ့သခင်ကို၊ ငါကျေးဇူးဆပ်မည်ဟု ကြံကာ—

'အရှင်ပုဏ္ဏား ဂေါဓိတ္ထက သူ့ဌေးဆီကိုသွားပါ၊ ငါ့နွားဟာ တဆက်ထဲ ချည်ထားတဲ့ ဝန်လေး လှည်းတရားကိုဆွဲနိုင်တယ်လို့ ပြောပါ၊ သူ့ဌေးက မယုံရင် ဌေးတဆောင်ခြေး လောင်းပါ၊ ကျွန်ုပ်အင်အားနဲ့ အရှင့်ကိုကျေးဇူးဆပ်ပါ့မယ်' ဟု ဆို၏။

ပုဏ္ဏားသည် ဂေါဓိတ္ထက သူ့ဌေးထံသွား၍ နန္ဒိဝိလာသ နွားလား မှာကြားသည့်အတိုင်း ပြော၏။ သူ့ဌေးက—

'သင်လာမကြွားနဲ့ ငါမယုံ' ဟု ဆို၏။

'မယုံရင် ဌေးဆောင်ခြေးလောင်းပါ'

ပုဏ္ဏားပြောတော့ သူ့ဌေးကသဘောတူသဖြင့် ဌေးဆောင်ခြေးလောင်းကြ၏။ ပုဏ္ဏားသည် သဲ ကျောက်စရစ်တို့ အပြည့်တင်ထားသော လှည်းတရားကို ခိုင်ခန့်သော သံကြိုးမျှားနှင့်ဆက်၍ ချည်နှောင်ပြီးနောက် ရှေ့ဆုံး လှည်းတွင် ဘုရားအလောင်း

နွားလားကို ထမ်းပိုးကောက်တင် တပ်၏။ ပြီးနောက် လှည်းဦး တွင် တက်ထိုင်ကာ နှင်တံကိုမြှောက်၍—

'ကောက်ကျစ်တဲ့နွား သွားစမ်း ရှန်းစမ်း၊ မဒေါ့ဂိုးမျိုး၊ ဆဲစမ်း၊ လရှိုးမှာဲ ဘယ်လိုလဲကာ၊ ကျိတ်ဆဲပါဘော့လား' နှင့် အော်ဟစ်ကာ သူ့ဝသီပါအတိုင်း ဆဲရေးမောင်းနှင်လေသည်။

ဘုရားအခေါ်ဝေါ်နွားလားသည် ဘခင်ပုဏ္ဏားက မဟုတ်မမှန် ဆေးစကားကိုဆိုခြင်းကြောင့် လည်းကောင်း၊ ဆဲရေးတိုင်းထွာ သည်ကို မနှစ်သက်၍လည်းကောင်း လှည်းကိုမရွှေ့နိုင်ပဲနေလေ သည်။ ထိုအခါ အလောင်းအစားကို လာရောက် ကြည့်ရှုကြ သောပရိသတ်သည် လက်ခုပ်လက်ဝါးတီးကာ ရယ်မောလှောင် ပြောင်ကြပြီး ပုဏ္ဏားအား ကြွားဝါသည်ဟုဆိုကာ ကဲ့ရဲ့ကြ လေသည်။

ပုဏ္ဏားသည် ရှက်လည်းရှက် ဒေါသလည်းထွက် ရှုံးသော ဌေးဘဏ်ကိုလည်း နှမြောသဖြင့် စိတ်ဆိုး မာန်ဆိုး နှင့် နွားလားကို လှည်းမှချ၍ လှတ်လိုက်ပြီးနောက် မိမိအိမ်သို့ ပြန်လာ ထိုင်နေလေ၏။ ဘုရားအလောင်းနွားလားသည် အိမ်သို့ ပြန်လာကာ သူ့သခင် အိပ်နေသည့်အနီးတွင်ရပ်၍—

'ဟေ့ အခုရှုံးခဲ့တာဟာ အရှင့်အပြစ်သာဖြစ်တယ်၊ ကျွန်ုပ် ဟာဆေးကောက်ကျစ်ဇဉ်းလဲခြင်းလဲမရှိဘူး၊ ဆဲရေးတိုင်းထွာတာကိုလဲ မနှစ်သက်ဘူး၊ အရှင်ဟာ ကျွန်ုပ်ကို မဟုတ်မမှန်တာ စွပ်စွဲပြော ဆိုတယ်၊ ဆဲရေးတိုင်းထွာတယ်၊ ဒါကြောင့် ကျွန်ုပ်လှည်းကိုမဆွဲ ဘဲနေခဲ့ပေတယ်။ အခု အရှင်သူဌေးဆိုသူပြီး နှစ်ထောင်ကြေး

လောင်းချည်ပါ၊ အရှင်မှမောင်းမနှင်ဘဲနဲ့ ကျွန်ုပ်လှည်းတရားကို ဆဲပြမယ်'ဟု ဆို၏။

ပုဏ္ဏားသည် ဝေါဝိတ္ထကသူဌေးထံသွား၍ နှစ်ထောင်ကြေး လောင်း၏။ စောစောကအတိုင်း ရှေ့ဆုံးလှည်းတွင် ဘုရားအလောင်း နွားလားကိုတပ်ပြီးနောက်—

'ဖြောင့်တဲ့ကောင်းတဲ့ချစ်သား သွားပါတော့'ဟု ပုဏ္ဏားက ချီသာစွာဆိုလေသည်။

ဘုရားအလောင်းသည် ဝန်အပြည့်တင်ထားသော လှည်းတရားကိုရှန်းဆွဲ၏။ ကြည့်နေသော ပရိသတ်၏ သြဘာလက်ခုပ်သံများနှင့် ချီးကျူးထောပနာပြုသံများ ကျက်ကျက် ညံ့နေလေသည်။ ဘုရားအလောင်းသည် နောက်ဆုံးလှည်းသည် ရှေ့ဆုံးလှည်းရပ်ခဲ့သည့်နေရာကိုရောက်မှ ရှန်းဆွဲခြင်းကိုရပ်၏။ သူဌေးသည် ပုဏ္ဏားအား လောင်းကြေး ငွေနှစ်ထောင်ကိုပေး၏။ ပရိသတ်မှာ ကောင်းချီးသြဘာ ပေးကြရုံမက ဘုရားအလောင်း နွားလားအား ချီးမြှောက်ပူဇော်ကြသောကြောင့် ပုဏ္ဏား ငွေကြေးဥစ္စာ အများအပြား ရရှိလေသည်။

'ချစ်သားတို့ မဟုတ်မမှန်ပြောခြင်း၊ ဆဲရေးတိုင်းထွာခြင်းတို့ကို ငါဘုရားဟာ အဟိတ်တိရစ္ဆာန် နွားလားဘဝဖြစ်စဉ်ကပင် မနှစ်သက်ခဲ့၊ ငါဘုရားသာမဟုတ် ဆဲရေးတိုင်းထွာတာကို ဘယ်သူမှမနှစ်သက်ကြဘူး၊ ဒါကြောင့် နောင်ကိုရန်မဖြစ်ကြနဲ့၊ ဆဲရေးတိုင်းထွာခြင်းမပြုကြနဲ့၊ ဆဲရေးတိုင်းထွာပြုခဲ့ရင် သုဒ္ဓပါစီတ် အာပတ်သင့်စေတယ်ဟု သြမသဝါဒသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

သာဓက-၃။

ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဆဗ္ဗဂ္ဂိရဟန်းတို့သည် ခိုက်ရန်လည်းဖြစ်ပွားကြ၏။ ရဟန်းအချင်းချင်း မသင့်မတင့်ဖြစ်အောင်ချေပစ်ဂုံးတိုက်ခြင်းလည်း ပြုလုပ်ကြသည်။ ထိုအကြောင်း သံဃာတော်တို့ ကြားသိသောအခါ ဗုဒ္ဓရှင်တော်မြတ်ဘုရားအား တိုင်ကြား လျှောက်ထားကြလေသည်။

ဗုဒ္ဓသည် ဆဗ္ဗဂ္ဂိရဟန်းများကို ခေါ်ယူ၍ ကဲ့ရဲ့တော်မူပြီးလျှင် ချေပစ်ဂုံးတိုက်သော ရဟန်းများသည် သုဒ္ဓပါစိတ် အာပတ်သင့်စေသည်ဟု ပေသုညသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

•

သာဓက-၄။

ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတွင် သီတင်းသုံး နေတော်မူစဉ် ဆဗ္ဗဂ္ဂိ ရဟန်းတို့သည် သာမဏေတို့ကိုလည်းကောင်း၊ လူတို့ကိုလည်းကောင်း၊ ပုဒ်ပြိုင် (သံပြိုင်) တရားဓမ္မဟောပြောပို့ချနေကြ၏။ ထိုအကြောင်း ဗုဒ္ဓမြတ်စွာ သိကော်မူသော အခါ ဆဗ္ဗဂ္ဂိရဟန်းတို့အား ခေါ်ယူ၍ ပုဒ်ပြိုင် (သံပြိုင်) မဟောပြောရ၊ ဟောပြောလျှင် သုဒ္ဓပါစိတ်အာပတ်သင့်စေသည်ဟု ပညတ်ထောက်မူ၏။

သာဓက-၅

ဗုဒ္ဓဘုရားရှင်သည် အာဠဝီပြည် အဂ္ဂါလဝေ စေတီတွင် သီဘင်းသုံး နေတော်မူစဉ် ဒကာတို့သည် တရားဟောသော နေရာသို့လာ၍ တံရား နာကြ၏။

တရားဟောသော မထေရ်များသည် တရားဟောပြောပြီး နောက် ကျောင်းသို့ ကြွသွားကြလေသည်။ ရဟန်းငယ်များ သည် ဇရပ်သို့လာ၍ ဒကာများနှင့်အတူ ရောနှော အိပ်ကြ၏။ ယင်းသို့အိပ်ကြရာတွင် ယောင်ယမ်းခြင်း၊ဟောက်ခြင်း၊ လူးလိမ့် သောကြောင့် အဝတ်ချည်းစီး ဖြစ်ကာ အမြင် မတော်ဖြစ် ခြင်းတို့ကဲ့သို့ဒကာတို့မြင်သောအခါ ရဟန်းများကို ကဲ့ရဲ့ကြလေ၏။

ထို ကဲ့ရဲ့စကားကို သံဃာတော်တို့ ကြားလျှင် ဗုဒ္ဓမြတ်စွာ အား တိုင်ကြား လျှောက်ထားကြလေသည်။ ဗုဒ္ဓမြတ်စွာသည် ရဟန်းများအား လူသာမဏေတို့နှင့် တမိုးတရံတည်း သုံးညဉ့် ထက်ပို၍ မအိပ်ရ၊ သုံးညဉ့်ထက်ပို၍အိပ်လျှင် သုဒ္ဓပါစိတ် အာ ပတ် သင့်စေသည်ဟု အနုသမ္ပန္နသဟသေယျ သိက္ခာပုဒ်ကို ပညတ်တော် မူလေ၏။

သာဓက-၆ ။

ဗုဒ္ဓရှင်တော်ဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း တွင် သီဘင်သုံးနေတော်မူစဉ် သာကီဝင် မင်းသားမှ ရဟန်းပြု လာသောရှင်မဟာအနုရုဒ္ဓါမထေရ်သည်ကောသလဇနပုဒ်မှသည်

သာဝတ္ထိ ပြည်သို့ ကြွတော်မူ၏။ ထို ဝတ္ထုပြည်သို့ မဇရောက်မီ ခရီးအကြားတွင် မိုးချုပ် သွားခဲ့သောကြောင့် နံ ရာ ရှာတရှာသို့ ဝင်ရခဲ့သည်။ ထိုရှာတွင် ဒကာမကယောက်သည် ကုသိုလ်ကောင်းမှု ရလိုမှုကို ရှေရှုလျက် ဇရပ်ကြီးဆောင်ဆောက် လုပ်ထား၏။

ရှင်အနုရုဒ္ဓါ မထေရ်သည် ဇရပ်တွင်ဘုန်းခိုနေ၏။ ဇရပ်ရှင် အမျိုးသမီးသည် ရှင်အနုရုဒ္ဓါအား တွေ့မြင်သောအခါ တပ်မက် နှစ်သက်သောစိတ် ဖြစ်ပေါ်လာ၏။ ရှင်အနုရုဒ္ဓါ၏ နံ့သို့ ချဉ်းကပ်ပြီး လျှောက်ထားသည်။

'အရှင်ဘုန်း ဒီနေရာဟာ လူအများနဲ့ ဝေးနေတာမို့ အရှင်ဘုန်းလောင်းစွာ ကျိန်းစက်ရမယ်မဟုတ်ပါ၊ ဒီခန်းထဲမှာ အရှင်ဘုရား ကျိန်းစက်ဘို့ သောင်စောင်း အသင့်ရှိပါတယ်၊ အခန်းထဲကိုကြွပြီး သောင်စောင်းပေါ်မှာ ချမ်းချမ်းသာသာ ကျိန်းစက်တော်မူပါဘုရား'

ဒကာမလျှောက်ထားသည်ကို မထေရ်နှစ်သက်သဖြင့် အခန်း တွင်းသို့ကြွကာ သောင်စောင်းတွင် လဲလျောင်းရှိနေလေသည်။ ထိုစဉ် အမျိုးသမီ ်းအခန်းထဲဝင်လာ၏။

'အရှင်ရဟန်း၊ တပည့်တော်မ၏ ခန္ဓာကိုယ်ကို အရှင်ရဟန်း အလိုရှိရင် လျှုပါတယ်'

အမျိုးသမီးသည် ပြောပြောဆိုဆို မထေရ်လဲလျောင်းနေ သော သောင်စောင်းအပေါ်တွင် ပက်လက်အိပ်၏။ မထေရ်က ဘာမျှမပြော ငြိမ်၍သာနေသည်။

အမျိုးသမီးသည် စိတ်ကို မထိန်းနိုင်တော့သဖြင့် မမြင်အပ်သည့် နေရာများကို တမင်ဖေါ်ပြပြီး အမျိုးမျိုး မြူဆွယ်လေသည်။ မဇေရ်မြတ်သည် အမျိုးသမီးကို လုံးဝမကြည့်ပဲ ဂူနေရာကို စောင့်စည်းကာ စကျွဲဂူနေခဲ့၍ နေတော်မူလေသည်။

မဇေရ်မြတ်သည် အမျိုးသမီးအား ရှိုလေသည်ဟူ၍ အမှတ်မထားပဲ ဖြစ်ပျက် ဇရားကိုသာ မှန်မှန်ရှု၍နေလေရာ၊ အမျိုးသမီးသည် နည်းအမျိုးမျိုးနှင့် မြူဆွယ်သော်လည်း မဇေရ်က သူ့မအား လုံးဝဂရုမစိုက်ပဲ တံတွေးပေါက်လောက်ပင် အမှတ်မထားသည်ကို တွေ့ရသောအခါ ဟက်ကြွနေလော အားမာန်များ လျော့ကျသွား၏။

အားမာန်များ လျော့ကျသွားသည်နှင့် ထိတ်ရုံ့လာသည်။ တုန်လှုပ်လာသည်။ အမျိုးသမီး အိပ်နေရာမှ လူးလဲ ထသည်။ မဇေရ်မြတ်အား လက်အုပ်ချီလျက်—

'အရှင်မြတ် တပည့်တော်မရဲ့ အပြုအမူများ၊ အမှားများကို ခွင့်လွှတ်တော်မူပါဘုရား' ဟု တောင်းပန် လျှောက်ထားလေသည်။

မဇေရ်သည် ခေါင်းညိတ်၍ ခွင့်လွှတ်တော့ မူလိုက်လေ၏။ ဒကာမသည်ရှင်အနုရုဒ္ဓါမဇေရ်အားအလှန်ကြည်ညိုသဒ္ဓါသော စိတ်ဖြင့် ဆုမ်းကပ်လှူသည်။ မဇေရ်သည် ဆုမ်းဘုဉ်းပေးတော်မူပြီးနောက် သာဝတ္ထိပြည်သို့ကြွသွားလေသည်။ သာဝတ္ထိပြည်သို့ ရောက်သောအခါ အရှင်အနုရုဒ္ဓါသည် လမ်းခရီးတွင် ကြုံခဲ့ရပုံများကို အခြားသော ရဟန်းများအား ပြောပြ၏။

ထိုအကြောင်း သံဃာတော်တို့ ကြားလေလျှင် ဗုဒ္ဓအား လျှောက်ထား၏၊ ဗုဒ္ဓသည် ရဟန်းများကို စုဝေးစေကာ မာတုဂါမများနှင့် ရဟန်းများ တမိုးတရုံထဲမအိပ်ရ၊ အိပ်လျှင် သုဒ္ဓပါစိတ် အာပတ်သင့်စေသည်ဟု မာတုဂါမသဟဝေယျသိက္ခာပုဒ် ကို ပညတ်ခဲ့တော်မူ၏။

သာဓက—၇။

လာပြန်ချေပြီ

ဥဒါယီလာပြန်ပါပြီ၊ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတွင် သီဘင်းသုံးနေတော်မူစဉ် ဥဒါယီရဟန်းသည် အိမ်တအိမ်သို့သွား၍ အိမ်ရှင် ဒကာမ၏ နားအနီးသို့ကပ်ပြီး တိုးတိုးသာသာ တရားဟော၏။ ထိုအဖြစ်ကို အိမ်ရှင်၏ချွေးမ မြင်တွေ့လေရာ ဤရဟန်းသည် ငါ့ယောကျ်ားမနှင့် ချစ်ကြိုက်နေသလားဟု သံသယစိတ်နှင့် ကြောက်မိ၏။

ဥဒါယီသည် ချွေးမနှင့်တွေ့ပြန်ပြန်ပြီးနောက် နားအနီးသို့ကပ်ပြီး တိုးတိုးသာသာ တရားဟောပြန်၏။ ထိုအဖြစ်ကို ယောကျ်ားမ မြင်တွေ့ပြန်သည်တွင် ဤရဟန်းသည် ငါ့ချွေးမနှင့် ချစ်ကြိုက်နေသလားဟု သံသယစိတ်နှင့် ကြောက်၏ ဥဒါယီ ဤသို့ပြုမူနေသည်ကို လူတို့မြင်သည်တွင် ကဲ့ရဲ့ကြ၏။ ယင်း ကဲ့ရဲ့စကားကို သံဃာ၊ ဘုရားတို့ ကြားလေလျှင် ဗုဒ္ဓရှင်တော်အား လျှောက်ထား၊ တိုင်ကြားကြလေသည်၊

ဗုဒ္ဓသည် ဥဒါယီရဟန်းအား၎င်းပြီးနောက် မျှားစွဲ၍ရှတ်ချ ကဲ့ရဲ့တော်မူပြီးလျှင် မာတုဂါမမျှားအား ငါးပုဒ် ခြောက်ပုဒ် ထက်လွန်၍ တရားဟောလျှင် သုဒ္ဓပါစိတ် အာပတ်သင့်စေသည် ဟု ပညတ်တော်မူလေသည်။

သာဓက—၈။

ဝေသာလီပြည် မဟာဝုန်တောတွင် ဗုဒ္ဓရှင်တော်မြတ်ဘုရား သီတင်းသုံးနေတော်မူစဉ် မျှားစွာသော ရဟန်းတို့သည် ဝဂ္ဂုမုဒါ မြစ်အနီးဌာ ဝါဆိုကြကုန်၏။ ထိုစဉ် ဝင့်ဇီတိုင်းတွင် ငတ်မွတ် ခေါင်းပါးခြင်းဘေး ကျရောက်လေသည်။ လူတို့တော်မှတ်သော ကြောင့် ရဟန်းမျှားလည်း ဆွမ်းခံ၍မရပဲ မမျှမတ ဖြစ်နေကြရ လေတော့၏။ ထိုအခါ ရဟန်းမျှားအချင်းချင်း စျာန်သမာပတ် နှင့်စပ်သော ဥတ္တရိမနုဿဓမ္မကို ပြော၍ အသက်မွေးကြ၏။

ထိုရဟန်းမျှားသည် ဝါကျွတ်လသို့ ရောက်သောအခါ ဗုဒ္ဓ ဘုရားရှင်ကို သွားရောက် ဖူးမြော်ကြလေသည်။ သဗ္ဗညုဗုဒ္ဓသည် ထိုရဟန်းမျှားအား ပဋိသန္ထာရစကား ပြောကြား၊ပြီးနောက်—

'ချစ်သားတို့ တခြားတပါးသော ရဟန်းမျှားဟာ ကြုံလို့ သောအဆင်းရှိကြတယ်၊ သင်တို့ ဘုယ်လိုအသက်မွေးမှု ပြုကြ သလဲ'ဟု မေးတော်မူ၏။

ထိုအခါ ဝင့်ဇီတိုင်းသား ရဟန်းမျှားက ဥတ္တရိမနုဿဓမ္မကို ပြောဟော၍ အသက်မွေးကြပါသည်ဟု လျှောက်ထားကြလေ သည်။ ရဟန်းတို့လျှောက်ထားသည်ကို ကြားရသောအခါ ဗုဒ္ဓ

မြတ်စွာဘုရားမိမိဘုင်း ထိုတရားထင်ရှားရှိသည့်တိုင် ဥတ္တရိမနုဿမဂ္ဂ ကို မဟောပြောရ၊ဟောပြောခဲ့လျှင် သုဒ္ဓပါဒိတ် အာပတ်သင့်စေသည်ဟု ပညာတ်တော်မူ၏။

သာဝက—၉။

ဗုဒ္ဓ ရှင်းတော်မြတ် ဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတွင်သီတင်းသုံးနေတော်မူစဉ် ရှင်ဥပနန်နှင့်ဆဗ္ဗဂိုရဟန်းတို့ အချင်းမျှားကြ၏။ ထိုအခါ ရှင်ဥပနန်သည် ဆဗ္ဗဂိုရဟန်းများအား ဝတ်မပြုပဲနေ၏။ ဒကာတို့ ဆွမ်းလှူသော အခါတွင်လည်း ဆဗ္ဗဂိုရဟန်းများနှင့် မဆုံနှော သီးခြား နေလေသည်။ အတူတူနေရသည့်တိုင် ဆဗ္ဗဂိုရဟန်းများနှင့် ခွာပြီးထိုင်သည်။

ဆဗ္ဗဂိုရဟန်းများကရှင်ဥပနန်သည် သုက်လွှတ်သောကြောင့် သံဃာဒိသေသ်အာပတ်သင့်နေသည်။ သို့ကြောင့် ရဟန်းများနှင့် မဆုံနှောဘဲ တဦးတည်းခွဲနေရခြင်း ဖြစ်သည်ဟု ဒကာတို့အား ပြောကြားကြ၏။

ထိုစကား ရှင်ဥပနန်ကြားလျှင် ဗုဒ္ဓအား တိုင်ကြားလျှောက်ထားလေ၏။ ဗုဒ္ဓက ဆဗ္ဗဂိုရဟန်းများကို ခေါ်တော်မူပြီးလျှင် ရှုန့်ချင်းသော သံဃာ ဒိသေသ် အာပတ်ကို လူတကာ တို့အား မပြောကြားရ၊ ပြောကြားလျှင် သုဒ္ဓပါစိတ် အာပတ် သင့်စေသည်ဟု ဒုဋ္ဌုလ္လဝါစာ သိက္ခာပုဒ်ကို ပညတ်တော်မူလေသည်။

သာဓက–၁၀။

ဗုဒ္ဓဘုရားရှင်သည် အာဠဝီပြည်တွင် သီတင်းသုံး နေတော်မူစဉ် အာဠဝီပြည်သား ရဟန်းများသည် ၎င်းတို့ အသုံးပြုရန် အတွက် မြေကြီးကိုတူးဆွကြ၏။ ရဟန်းများမြေကြီးကိုတူးဆွ သည်ကိုလူတို့မြင်သောအခါ ကဲ့ရဲ့ကြလေသည်။

လူတို့ကဲ့ရဲ့သည်ကို သံဃာတော်တို့ကြားသဖြင့် ဗုဒ္ဓဘုရား ရှင်အား တိုင်ကြားလျှောက်ထားကြ၏။ ထိုအခါ ဗုဒ္ဓကမြေကြီး ဘူးဆွသော ရဟန်းများကို ခေါ်တော်မူ၍ ဤမြေကြီးကို မတူး ဆွရ၊ တူးဆွလျှင် သုဒ္ဓပါစိတ် အာပတ်သင့်စေသည်ဟု ပထဝီ ခနနသိက္ခာပုဒ်ကို ပညတ်တော်မူလေ၏။

သာဓက–၁၁။

ဗုဒ္ဓဘုရားရှင်သည် အာဠဝီပြည် အဂ္ဂါလဝစေတီတွင် သီ တင်းသုံး နေတော်မူစဉ် အာဠဝီပြည်သား ရဟန်းများသည် နဝကမ္မဟုဆိုအပ်သော ကျောင်းဆောက်ခြင်းအမှုကို ပြုကြကုန် ၏။ ထိုသို့ပြုခိုက် ရဟန်းတပါးသည် ကျောင်းဆောက်ရန်အတွက် သစ်ပင်တပင်ကို ခုတ်လေသည်။ သစ်ပင်စောင့်ရှောက်စိုးနတ်သမီး သည် မိမိမှီခိုနေထိုင်သော သစ်ပင်ကို မခုတ်လှဲပါရန် ရဟန်း အား အကြိမ်ကြိမ် တောင်းပန် တားမြစ်ရှာ၏။ ရဟန်းသည် နတ်သမီးတားသည်ကို ဂရုမစိုက်ဘဲ သစ်ပင်ခုတ်ရန် ပုဆိန်ကို ရွယ်လိုက်လေ၏။ ရှက်စိုးနတ်သမီးသည် ရဟန်းအား ဟန့်တား

သော အခန်နှင့် မိခိသားငယ်ကို သစ်ပင်တွင် ကပ်ထားလိုက်လေသည်။

ရဟန်းသည် ရှယ်ထားသော ပုဆိန်ကို ခုတ်ချ လိုက်လေ၏။ ရုက္ခစိုးနတ်သမီး၏ သားကလေးခမြာ မရှုမလှ သေဆုံးရှာလေတော့သည်။

ရုက္ခစိုးနတ်သမီးသည် သားကလေး သေသွားသည့် အတွက် အလွန် ပူဆွေးသောက ရောက်ရှာ၏။ မည်သာမတာ ရက်စက်စွာ ခုတ်ချလိုက်သော ရဟန်းကိုလည်း အမျက်ဒေါသထွက်၏။ မိမိ၏ ဣဒ္ဓိပါဒ်ဖြင့် ထိုရဟန်းကို သေအောင်သတ်မည်ကြံပြီးမှ စိတ်ကို ချုပ်ဘည်းကာ ဗုဒ္ဓရှင်တော်မြတ်ဘုရားထံသွား၍ ငိုယိုလျှောက်ထား တိုင်ကြားလေသည်။

'ချစ်သမီး.... သင့်ရဲ့ သည်းခံနိုင်စွမ်းကို ငါဘုရား ချီးမွမ်းတော်မူတယ်.... သာဓု-သာဓု-သာဓု-'

ဗုဒ္ဓဘုရားရှင်သည် ဤသို့မိန့်မြွက်တော်မူပြီးနောက် ကျောင်းတော်အနီးရှိ သစ်ပင်တပင်ကို ရုက္ခစိုး နတ်သမီးအတွက် နေရာပေး၏။ ပြီးလျှင် အာဌဝိပြည်သား ရဟန်းများကို ခေါ်တော်မူ၍ သစ်ပင်များကို မခုတ်မလှဲရ၊ ခုတ်လှဲလျှင် သုဒ္ဓပါစိတ် အာပတ်သင့်စေသည်ဟု ဘုတဂါမ ပါတိမောက္ခ သိက္ခာပုဒ်ကို ပညတ်တော်မူ၏။

သာဓက-၁၂။

ဗုဒ္ဓဘုရားရှင်သည် ကောသမ္ဗီပြည်တွင် သီတင်းသုံးနေတော်မူစဉ် ရှင်ဆန္ဒမ္ဘထေရ်သည် မိမိလက်ဖြင့် သာယာမှုကိုပြု၍ သုက်

လွှတ်စေ၏။ ယင်းကို သံဃာတော်များယိုရ မေးစစ်ကြသော အခါ ရှင်ဆန္ဒမထေရ်က မေးစစ်သည့်အကြောင်းကို ဝန်ခံဖြေ ကြားခြင်းမပြုဘဲ သံဃာတော်တို့အား မဖွယ်မရာသောအဖျင်း စကားကိုသာ ပြန်ကြား ပြောဆို၏။ သံဃာတော် တို့သည် ထိုမထေရ် ပြုကျင့်သည်ကို မပေါ်ပေါ်အောင် မေးစစ်မည်ဟု ကြံကာ ထပ်မံမေးစစ်ကြပြန်၏။

ဆန္ဒမထေရ်သည် သံဃာတော်တို့ မေးစစ်သည်ကို မဖြေဘဲ ဆိတ်ဆိတ်သာ နေလေသည်။ သံဃာတော်တို့မှာ ဆန္ဒမထေရ်က အဖြစ်မှန်ကို ဝန်မခံသောကြောင့် စိတ်ဆင်းရဲကြရ၏၊ မေး စစ်၍ မရသည့်အဆုံးတွင် သံဃာတော်တို့သည် ဗုဒ္ဓရှင်တော် မြတ်ဘုရားအား တိုင်ကြား လျှောက်ထားကြလေသည်။

ဗုဒ္ဓသည် ဆန္ဒမထေရ်အားခေါ်၍ ယုတ်မာစွာ ကျင့်သည့် အတွက် များစွာရှုတ်ချ ကဲ့ရဲ့တော်မူပြီးလျှင် အမှန်ကို စွန့်မခံ ခြင်း၊ ရှုန့်ရင်းကြမ်းတမ်းသော အဖျင်းစကားကို ပြောဆိုခြင်း၊ အကြောင်းရှိ၍ မေးစစ်သည့်ကို မဖြေဘဲ ဆိတ်ဆိတ် နေခြင်း စသည်တို့ကို မပြုလုပ်ရ၊ ပြုလုပ်ခဲ့လျှင် သုဒ္ဓပါစိတ် အာပတ် သင့်စေသည်ဟု အညဝါဒကဝိဟေသကဲ့သိုက္ခာပုဒ် ကို ပညတ် တော်မူ၏။

။

သာဓက-၁၃။

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည်ဝယ် ဥပုဒ်နေ့ကျောင်း တော်တွင် သီတင်းသုံးနေတော်မူစဉ်မလွှာမင်း၏သားမူ ရဟန်း

ပြုလာသော ရှင်ဒဗ္ဗသည် နေရာခင်းခြင်း၊ ဆွမ်းညှန်ခြင်း အမှုတို့ကိုပြု၏။

ထိုအခါ မေတ္တေ်ဘုမဇဏ ရဟန်းတို့သည် ရှေးကုသိုလ်ကံနည်းပါးသောကြောင့် မုဆကာင်းသော အိပ်ရာခင်းနှင့် ညံ့သော ဆွမ်းအကျန်များကိုသာ ရကြလေသည်။ ယင်းသို့ မမိတို့ ဇတွက် ညံ့ဖတသောအိပ်ရာခင်းနှင့် ဆွမ်းကျန်များကိုသာရ ရှိကြသောအခါ ထိုရဟန်းများက ရှင်ဒဗ္ဗအား မျက်နှာလိုက်သည်၊ စိတ်ဇကာင်းမရှိ ယုတ်မာသည် စသည်ဖြင့် ကဲ့ရဲ့အပြစ်ဆိုကြလေသည်။

မေတ္တေ်ယဘုမဇကရဟန်းတို့ ရှင်ဒဗ္ဗအား ကဲ့ရဲ့ အပြစ်ဆိုကြသည်ကို ဗုဒ္ဓဘုရားရှင် ကြားသိတော်မူလျှင် ရဟန်းများ အနေနှင့် သူတပါးကို ရှုတ်ချ ကဲ့ရဲ့စကားမပြောရ၊ ပြောသော ရဟန်းသည် သုဒ္ဓပါစိတ်အာပတ်သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက–၁၄။

ဗုဒ္ဓရှင်တော်ဘုရားသည်သာ ဝတ္ထုပြည် ဇေတဝန်ကျောင်းတွင်သီတင်းသုံးနေတော်မူစဉ် ရဟန်းတို့သည် သံဃာကြီးသော ညောင်ဇစောင်း ခေင်းပျဉ်တို့ကို လွှင်တီးခေါင်းတွင် ခင်းကျင်းမြဲ သိမ်းဆည်း သိုမှီးခြင်းမပြုပဲ သွားလာကြ၏။ ထိုအခါညောင်ဇောင်း အင်းပျဉ်တို့ကို မိုးရေများ စွတ်စိုခဲသည်။

ထိုအခြင်းအရာကို သံဃာတော်တို့ မြင်လျှင် မြတ်စွာဘုဒ္ဓအား လျှောက်ထားကြ၏။ ထိုအခါ ဗုဒ္ဓက သံဃိကဖြစ်သော အမျှားနှင့် သက်ဆိုင်သည့် ညောင်စောင်းအင်းပဉ္စင်တို့ကို မိမိတို့အရေပ်တပါးသို့ ထုတ်ခွာသွားသည့်အခါ သိမ်းဆည်း ထားခဲ့ရမည်၊ အကယ်၍ သင်္ဃာ့ထားခဲ့ပဲလျှင်တီးခေါင်ခ်ေ ခေါ်ထားခဲ့လျှင် ထိုရဟန်းသည် သုဒ္ဓပ စိတ် အာပတ်သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက-၁၅။

ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်တွင် သီတင်းသုံး နေတော်မူ၏ည သတ္တရသ ဝဂ္ဂိ ရဟန်းတို့သည်သံဃိကကျောင်းတွင် အိပ်ရာနေရာကို ခင်းကျင်းပြီး၊ မိမိတို့ ကိုယ်တိုင် သိမ်းဆည် ခြင်းလေမပြု၊ သူတပါးကိုလည်း သိမ်းဆည်းရန် မစေခိုင်းပဲနှင့် အရေပ်တပါးသို့ ထုတ်ခွာ သွားကြလေ၏။

ထိုအကြောင်း ဗုဒ္ဓရှင်တော်ဘုရား ကြားသိလျှင် သံဃိကကျောင်းခ် အိပ်ရာနေရာကို မသိမ်းဆည်းပဲ သိမ်းဆည်းရန်မပန်ကြားပဲ အရေပ်တပါးသို့ ထုတ်ခွာမသွားရ၊ သွားခဲ့လျှင် သုဒ္ဓပ စိတ် အာပတ်သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက-၁၆။

ဗုဒ္ဓ ဘုရားရှင် သာဝတ္ထိပြည်တွင် သီတင်း သုံးနေတော်မူ၏ည ဆဗ္ဗဂ္ဂိ ရဟန်းတို့သည် မိမိတို့ထက် အသက်သိက္ခာပါကြီး

သော ရဟန်းများအား အတင်းတိုးဝှေ့ အလုအယက် အိပ်ရာနေရာများ ခင်းကျင်းကြလေသည်။ ထိုအခ မဇ္ဈိမရိုကြီးများမှာ ကျဉ်းကြပ်၍ မနေသာတော့သောကြောင့် ထိုနေရာမှ ထွက်ခွာသွားကြရလေ၏။

ယင်းအခြောင်း ဗုဒ္ဓမြတ်စွာ သီတင်းသုံးနေတော်မူစဉ် သတ္တုရသ ဝဂ္ဂိုရဟန်းတို့သည် သံဃိကကျောင်းခွဲ ဝါဆိုရန် ပြင်ဆင်ကြလေသည်။ ထိုအခါ ဆဗ္ဗဂ္ဂိ ရဟန်းများက....

'ငါတို့သာ ဒီကျောင်းမှာနေမယ် သင်တို့ မနေကြနဲ့' ဟု သတ္တုရသဝဂ္ဂိ ရဟန်းများအား နှင်လွှတ်ကြ၏၊ သတ္တုရသဝဂ္ဂိ ရဟန်းများကလည်း တခြားသို့ ထွက်ခွာမသွားကြပဲ နေမြဲနေသည်။ ထိုအခါ ဆဗ္ဗဂ္ဂိရဟန်းများက အာဘင်းအဓမ္မနှင်ကြ၏။

ယင်းအခြောင်း ဗုဒ္ဓရှင်ဘော်မြတ်ဘုရား ကြားသိခဲ့သလျှင် သံဃိကကျောင်းဘွဲ့ နေထိုင်ကြသောရဟန်းများသည် တဦး အခေါ်တဦး အမျက်ခဲ့ခါသ ထားပြီး နှင်မလွှတ်ချ၊ နှင်လွှတ်လျှင် သုဒ္ဓပါစိတ် အာပတ် သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက—၁၇။

ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည်တွင် သီတင်းသုံးနေတော်မူစဉ် သတ္တုရသ ဝဂ္ဂိရဟန်းတို့သည် သံဃိကကျောင်းခွဲ ဝါဆိုရန် ပြင်ဆင်ကြလေသည်။ ထိုအခါ ဆဗ္ဗဂ္ဂိ ရဟန်းများက....

'ငါတို့သာ ဒီကျောင်းမှာနေမယ် သင်တို့ မနေကြနဲ့' ဟု သတ္တုရသဝဂ္ဂိ ရဟန်းများအား နှင်လွှတ်ကြ၏၊ သတ္တုရသဝဂ္ဂိ ရဟန်းများကလည်း တခြားသို့ ထွက်ခွာမသွားကြပဲ နေမြဲနေသည်။ ထိုအခါ ဆဗ္ဗဂ္ဂိရဟန်းများက အာဘင်းအဓမ္မနှင်ကြ၏။

ယင်းအခြောင်း ဗုဒ္ဓရှင်ဘော်မြတ်ဘုရား ကြားသိခဲ့သလျှင် သံဃိကကျောင်းဘွဲ့ နေထိုင်ကြသောရဟန်းများသည် တဦး အခေါ်တဦး အမျက်ခဲ့ခါသ ထားပြီး နှင်မလွှတ်ချ၊ နှင်လွှတ်လျှင် သုဒ္ဓပါစိတ် အာပတ် သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓကဝဂ်။

ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်တွင် သီဘင်းသုံးနေတော်မူစဉ် ရဟန်းနှစ်ပါးသည် တပါးသော ရဟန်းက ခြေတပ်အင်းပျဉ်အောက်၌ အိပ်၍ တပါးသော ရဟန်းသည် ခြေတပ်ပျဉ်ပေါ်သို့ အခရေးတကြီး အဆောတလျင် အိပ်ချလိုက်၏။ ထိုစဉ် ညောင်စောင်း အင်းပျဉ်တွင် တပ်သားဒသာအပေါင်ခြေကျွတ်၍ အောက်တွင်အိပ်နေသော ရဟန်းကိုယ်ပေါ်သို့ ကျလေသည်။

ယင်းအကြောင်း ဗုဒ္ဓဘုရားရှင် သိခလလျှင် ညောင်စောင်းအင်းပျဉ်ပေါ်သို့ အဆောတလျင် အရေးတကြီး ကြမ်းကြမ်းတမ်းတမ်းအိပ်မချရ၊ ငြင်ငြင်သာသာ အိပ်ရမည်။ အကယ်၍ ကြမ်းကြမ်းတမ်းတမ်း ဒရောသောပါး အိပ်ချလျှင် သုဒ္ဓပါစိတ် အာပတ် သင့်စေသည်ဟု ပညတ်တော်မူ၏။

ဗုဒ္ဓဘုရားရှင်သည် စကာသမ္ဘီပြည် ဃောသိတာရုံကျောင်းတွင် သီဘင်းသုံး နေတော်မူစဉ် ရှင်ဆန္ဒမထေရ်အား အမတ်တယောက်က ကျောင်းဆောက်၍ လှူဒါန်း၏။ မထေရ်သည် ကျောင်းကို အထပ်ထပ်မိုးသောကြောင့် ပြိုကျလေတော့သည်။

ထိုအခါ ဆန္ဒမထေရ်ထံ၌ မြက်ထင်း အမှိုက် စသည် တို့ကို အစဉ်အမြဲရှင်းလင်းပေးနေသော ပုဏ္ဏား၏ စပါးလယ်ခင်းပျက်

၏။ ပုဏ္ဏားသည် သူ့လယ်ခင်း ပျက်သောကြောင့် အမျက်ဒေါသထွက်ကာ ဆန္ဒမထေရ်အား ကဲ့ရဲ့လေသည်။

ယင်းအကြောင်း ဗုဒ္ဓဘုရားကြားသိတော်မူလျှင် စိမ်းသောကောက်ပဲပင်ရှိသောနေရာ၌ ကျောင်းကို အထပ်ထပ်မမိုးရ၊ မိုးခဲ့သည်ရှိသော် သုဒ္ဓပါစိတ် အာပတ် သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက-၂၀။

ဗုဒ္ဓဘုန်းရှင်သည် အာဠဝီပြည် အဂ္ဂါလဝေစေတီတွင် သီတင်းသုံးနေတော်မူစဉ် အာဠဝီပြည်သား ရဟန်းများသည် ပိုးကောင်အများအပြားရှိသော ရေဖြင့် မြက်ပင် များကိုလည်းကောင်း၊ မြေပြင်ကိုလည်းကောင်း၊ မိမိကိုယ်တိုင်လည်း သွန်းလောင်း၍၊ သူတပါးကိုလည်း သွန်းလောင်းရန် ခိုင်းစေသည်။

ထိုအကြောင်း ဗုဒ္ဓဘုရားရှင်သိလျှင် ရေတွင် ပိုးကောင်များ ရှိမှန်းသိလျက်နှင့် ကိုယ်တိုင် မြက်ပင် မြေပြင်တို့ကိုသွန်းလောင်းခြင်းမပြု၊ သူတပါးကိုလည်း သွန်းလောင်းရန် မခိုင်းစေ၊ ဤသို့ပြုလျှင် သုဒ္ဓပါစိတ်အာပတ် သင့်စေသည်ဟု သပါဏကသိက္ခာပုဒ် ကို ပညတ်တော်မူလေ၏။

သာဓက-၂၁။

ရှင်တော်မြတ်ဘုရားသည် သာဝတ္ထိပြည်တွင် သီတင်းသုံးနေတော်မူစဉ် သမ္မုတိ သံဃာတော်ဖြစ်သော မထေရ်ကြီးများ.

သည် ဘိက္ခုနီမများအား တရားဓမ္မတို့ကို သင်ကြားပြသကြ၏။ ဆိုဆုံးစရာ,ရှိသည်များကိုလည်း ဆုံးမကြသည်။ထိုသို့ ဆိုဆုံးမ ခံသော သံဃာတော်များအား ဘိက္ခုနီမတို့သည် **အာစရိယ** ဆရာအဖြစ်နှင့် ကြည်ညိုလေးစားကြ၏။ သဒ္ဓါပွားကာလျှုဒါန်း ကြ၏။ သို့ကြောင့် **မထေရ်ကြီး**များတွင် **လာဘ်လာဘ** ပေါ်များ ကြလေသည်။

မထေရ်ကြီးများတွင် **လာဘ်လာဘ** ပေါ်များနေကြသည်ကို **ဆဗ္ဗဂ္ဂိရဟန်း**များမြင်ကြ**လေ**ရာ ငါတို့လည်း ဘိုက္ခုနီမတို့ကို သင်ကြားပြသ ဆိုဆုံးမကြမည်ဟု **လာဘ်လာဘ**အတွက် **လောဘ** တပ်မက်ကြကာ သမ္မုတိမရပဲနှင့် ဘိက္ခုနီ**မ**များအား ဆိုဆုံး**မ ကြလေ**တော့**သည်**။

ထိုအကြောင်း ဗုဒ္ဓဘုရားရှင်သိလျှင် **ဆဗ္ဗဂ္ဂိ ရဟန်းများကို** ခေါ်တော်မူ၍ ဥတ်ကမ္မဝါဖြင့် **မသမုတ်သော ရဟန်းသည်** ဘိက္ခုနီ**မ**များအား တရား**ဓ**မ္မ **မသင်ကြား မဆုံးမ**ရ၊ အင်္ဂါ ရှစ်ပါးနှင့်ပြည့်စုံသော သံဃာတော်များသာ သင်ကြား ဆုံးမ ရမည်၊ **သ**မ္မုတိ**မ**ရပဲနှင့် **သ**င်ကြား**ဆုံ**းမလျှင် **ဆုဒ္ဓ**ပါ**စိ**တ်**အာ**ပတ် သင့်**စ**ေသည်ဟု ပညတ်တော်မူ**လ**ေသည်။

သာ**ဓ**က–၂၂။

အင်္ဂါ**ရ**ှစ်ပါးနှင့်ပြည့်စုံသော **မ**ထေရ်**တို့**သည် ဘိက္ခုနီ**မ**များ **အ**ား တရား**ဓ**မ္မ**သ**င်ကြား**ပ**ြ**သ**နေ**ကြ**၏။ **တ**နေ့**တ**ွင် **ရ**ှင်**စ**ုဌ**ဗ**ဒ္ဓ**ဂ** **ရ**ဟန်**း**သည် ဘိက္ခုနီ**မ**များ**အ**ား **နေ**ဝင်၍ မိုး**ချ**ုပ်သည် **တ**ိုင်

အောင် တရားစမ္မကို သင်ကြားပြသပြီးမှ လွှတ်လိုက်လေ၏။ ဘိက္ခုနီမများမှာ မိမိတို့ကျောင်းသို့ပြန်ရာတွင် အိပ်စက်ကြကာ နံနက်လင်းမှ ကျောင်းကို ပြန်ကြရလေသည်။

ထိုအဖြစ်ကို လူတို့မြင်သဖြင့် ရှင်စုဋ္ဌပန္ထကမထေရ်ကို ကဲ့ရဲ့စကားဆိုကြသည်။ လူတို့၏ ကဲ့ရဲ့စကားကို ဗုဒ္ဓရှင်တော် ကြားသိတော်မူလျှင် ရဟန်းတို့သည် ဘိက္ခုနီမများအား နေ့ဝင်မိုးချုပ်သည်အထိ ပြောဟော သင်ကြားဆုံးမခြင်း မပြုရ၊ ပြုခဲ့လျှင် သုဒ္ဓပါစိတ် အာပတ်သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက—၂၃။

မဟာပဇာပတိဂေါတမီ ဘိက္ခုနီမသည် နာမကျန်းဖြစ်နေသောကြောင့် မထေရ်ကြီးများ သွားရောက်ကြည့်ရှု မေးမြန်းကြ၏။

ထိုအခါ မဟာပဇာပတိ ပေါတမီက—

'အရှင်ဘုရားတို့ တပည့်တော်ကို တရားဟောပြော ပြသကြပါ' ဟု တောင်းပန်၏။

မထေရ်ကြီးများသည် ဂေါတမီ တောင်းပန်သည်ကို လစ်လျှူရှုကာ မဟောပြောပဲ ထွက်ခွါသွားကြလေသည်။ ဗုဒ္ဓဘုရားရှင်သည် ဂေါတမီဘိက္ခုနီမ နာမကျန်းဖြစ်နေသည်ကို ကိုယ်တော်တိုင် သွားရောက်ကြည့်ရှုမေးမြန်းသည်။ ထိုအခါ ဂေါတမီက မထေရ်ကြီးများအား တရားဟောရန် တောင်းပန်သည်ကို

မဟာပဲ ကြွသွားကြခြေကြောင်း ဗုဒ္ဓအား တိုင်ကြားလျှောက်ထားလေ၏။

ဗုဒ္ဓမြတ်စွာသည် ရဟန်းများကို ခေါ်တော်မူ၍ နာမကျန်းဖြစ်နေသော ဘိက္ခုနီမကျောင်းသို့ ရောက်သောအခါ ထိုဘိက္ခုနီမက ဟရုားတောင်းလျှင် ဟောပြောရမည်၊ မဟာပြောပဲ ရှောင်ဖယ်မသွားရ၊ ရှောင်ဖယ် ထွက်သွားလျှင် သုဒ္ဓပါစိတ် အာပတ်သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက-၂၄။

ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်တွင် သီဘင်းဆုံးနေတော်မူစဉ် ဆဗ္ဗဂ္ဂိရဟန်းများက မထေရ်ကြီးများသည် ဆွမ်း သင်္ဃာန်းစသည့် လာဘ်ကို အလိုရှိ၍ ဘိက္ခုနီမ များအား တရားဓမ္မပြ သကာဆိုဆုံးမနေခြင်းဖြစ်သည်။ ဘုရားယ်စေတနာနှင့်သင်ကြားပြ သနေခြင်းမဟုတ်ဟု အတင်းအဖျင်းပြောကာ ကဲ့ရဲ့ကြ၏။

ထိုအကြောင်း ဗုဒ္ဓဘုရာ ရှင် ကြားသိတော်မူလေလျှင် ဆဗ္ဗဂ္ဂိ ရဟန်းများအား ခေါ်၍ များစွာ ရှုတ်ချ ပြောဆိုပြီးလျှင် သူတပါး အကျိုးမဲ့ရာမဲ့ကြောင်း မကောင်းသော အကြံနှင့် စကားတင် မပြောရ၊ ပြောလျှင် သုဒ္ဓပါစိတ်အာပတ် သင့်စေသည်ဟု ပညတ်တော် မူလေသည်။

သာဓက-၂၅။

ရှင်ကော်မြတ်ဘုရားသည် သာဝတ္ထိပြည်တွင် သီတင်းသုံးနေ တော်မူစဉ် ရဟန်းဘဦးသည် ဘိက္ခုနီမတယောက်နှင့် မိတ်ဆွေ ဖြစ်ကြကာ ထို ဘိက္ခုနီမ့အား မိမိသယံန်းကို ပေး၏။ ထို အကြောင်း ဗုဒ္ဓမြတ်စွာသိလျှင် သယံန်းပေးသော ရဟန်းကို ခေါ်တော်မူ၍-

'ဘိက္ခုနီမဟာ သင်နဲ့ ဆွေမျိုးတော်စပ် သလား'ဟု မေး တော်မူ၏။

ရဟန်းက ဆွေမျိုးမတော်စပ်ကြောင်း လျှောက်ထားသည်။ ထိုအခါ ဗုဒ္ဓဘုရားရှင်သည် ဆွေးမျိုးမဟုတ်သော ဘိက္ခုနီ မကို သယံန်းမပေးရ၊ ပေးလျှင် သုဒ္ဓမဂါစိတ် အာပတ် သင့်စေ သည်ဟု ပညတ်တော်မူ၏။ ယင်းကဲ့သို့ ပညတ်တော်မူပြီးနောက် တွင် ဘိက္ခုနီမတို့သည် သယံန်းချင်း လဲလှယ်သော အလုပ်ကို မလုပ်ကြတော့ချေ။

သယံန်းချင်းအလဲအလှယ်မလုပ်ကြသောကြောင့်အချို့သော ဘိက္ခုနီမတို့မှာ သယံန်းများ ဟောင်းနွမ်း ချို့တဲ့ ကြသည်။ ယင်းအကြောင်းကို ဗုဒ္ဓဘုရားရှင်အား လျှောက်ထားကြလေရာ၊ ဗုဒ္ဓသည် ရဟန်းများကို ခေါ်တော်မူပြီးလျှင် သီတင်းသုံးဖော် ငါးဦးအချင်းချင်း သယံန်းအလဲအလှယ် ပြုလုပ်နိုင်သည်၊ ဖလှယ် နိုင်သည်ဟု ခွင့်ပြုတော်မူသည်။

သာဓက-၂၆။

ဟော— ဥဒါယီ လားပြန်ချေပြီ။

ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်တွင် သီတင်းသုံးနေတော်မူစဉ် ဘိက္ခုနီမ တယောက်သည် သင်္ဃန်း စုပ်ပြဿားသည်ကို မချုပ်တတ်သဖြင့် ဥဒါယီရဟန်းအား ချုပ်ပေးပါရန် တောင်းပန်၏။

'အား ချုပ်ပေးမယ် ထားခဲ့'

ဥဒါယီက ဆိုသဖြင့် ဘိက္ခုနီမသည် သင်္ဃန်းကို ထားခဲ့၏။ ဥဒါယီသည် ဘိက္ခုနီမ၏သင်္ဃန်းကို ချုပ်၏။စုပ်ပြဿားသားပြားကို ချုပ်ပြီးနောက် သင်္ဃန် ၏အလည် လူမြင်ကွင်းတွင် မေထုန်ပြုနေပုံကို ထင်ထင်ရှားရှား ပေါ်လွင်အောင် ချုပ်ပြီး နောက် သင်္ဃန်းကို သေသေသပ်သပ် ခေါက်ထား၏။ ဘိက္ခုနီမလာယူ သောအခါ သင်္ဃန်းကို အခေါက်မပျက်ယူ၍ ပေးလိုက်လေ လေသည်။

ဘိက္ခုနီမသည် မိမိကျောင်းသို့ ရောက်ရှိသောအခါ ဥဒါယီ ချုပ်ပေးလိုက်သော သင်္ဃန်းကို ဝတ်ရုံပြီးနောက် ဗုဒ္ဓဘုရားရှင် တရားဓမ္မ ဟောကြားပြုဆု မဏ္ဍာပ်သို့သွား၏၊ တရားမဏ္ဍာပ် အတွင်းတွင် ရဟန်းသံဃာများ ဘိက္ခုနီမများ ရောက်နေကြ သည်။ မဏ္ဍာပ်အတွင်းမှ မျက်လုံးပေါင်း များစွာ တို့သည် ဘိက္ခုနီမ နောက်ကျောမှ အရှုပ်ကိုကြည့်ပြီး ရှုတ်ချ ကဲ့ရဲ့ကြ လေသည်။

ဘိုကွ္ဍနိမလည်း မိမိအား လူအများ ဝိုင်းကြည့် ကဲ့ရဲ့ခြင်း ခံရသောကြောင့် မလုံမလဲဖြစ်ကာ မိမိကျောင်းသွား ပြန်လာပြီး သယ်နှုန်းကို ကြည့်သည်ဘုင် ဥဒါယီသက်ရာ မေထုန်ရုပ်ကို မြင်တွေ့သဖြင့် အလွန်ရှက်ပြီးငိုယိုရှာ၏။

သံဃာ့ဟောင်းများက ဗုဒ္ဓအားလျှောက်ထားသဖြင့် ဗုဒ္ဓသည် ဘိုကွ္ဍနိမကို ခေါ်ယူမေးစစ်၏။ ဤတွင် ဥဒါယီ၏ လက်ချက်ဖြစ်ကြောင်းသိရကာ ဥဒါယီအား ခေါ်၍ မျှားစွာ ရှုတ်ချကဲ့ရဲ့ပြီးလျှင် မိမိနှင့် ဆွေမျိုး မဆက်စပ်သော ဘိုကွ္ဍနိမ မျှားက သယ်နှုန်းချုပ်ခိုင်းလျှင် ချုပ်မပေးရ၊ ချုပ်ပေးလျှင် သုဒ္ဓပါစိတ် အာပတ် သင့်စေသည်ဟု ပညတ်တော်မူလေ၏။

သာဓက-၂၇

ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်တွင် သီတင်းသုံးနေတော်မူစဉ် ဆဗ္ဗဂိုရဟန်းတို့သည် ဘိုကွ္ဍနိမမျှားနှင့် ရောနှော ရင်းနှီးကြပြီး အတူသွားလာနေထိုင်ကြ၏။ ထိုသို့ရဟန်းများနှင့်ဘိုကွ္ဍနိမမျှား အတူရောနှော သွားလာနေသည်ကို လူဘို့ မြင်သောအခါ ဤသို့ရောနှော မနေအပ်၊ မသွားမလာအပ်ဟုဆိုကာ ကဲ့ရဲ့ကြလေသည်။ လူတို့ကဲ့ရဲ့စကားကို သံဃာတော်တို့ကြားသဖြင့် ဗုဒ္ဓရှင်တော်အားတိုင်ကြား လျှောက်ထားကြလေ၏၊

ထိုအခါ ဗုဒ္ဓက ရဟန်းများ ဘိုကွ္ဍနိမမျှားနှင့် မရောနှောရ၊ အတူမသွားလာရ၊ ရောနှောခြင်း အတူသွားလာခြင်းပြုလျှင် သုဒ္ဓ ပါစိတ် အာပတ်သင့်စေသည်ဟု ပညတ်တော်မူ၏။

ထိုသို့ပညတ်တော်မူပြီးနောက်တွင် သာကေတပြည်မှ သာဝတ္ထိပြည်သို့သွားကြ၍ ရဟန်းတို့သည် ဘိက္ခုနီမများနှင့် အတူမသွားကြဘဲ ရှေ့မှသွားနှင့်ကြ၏။ ဤသို့သွားကြရာနေရာတို့လိုက်လာကြသော ဘိက္ခုနီမများအား ခိုးသား ဓားပြများ၏ လုယူခြင်းခံရကြလေသည်။ ထိုအကြောင်းကို ဗုဒ္ဓဘုရားရှင်ကြားသိတော်မူလျှင် ရိုက္ခာများသယ်ယူသွားသောအခါ တားရန်ရှိသော ခရီးဌာ ရဟန်းများသည် ဘိက္ခုနီမများကို စောင့်ရှောက်၍ အတူသွား အတူလာနိုင်သည်ဟု ခွင့်ပြုတော်မူ၏။

သံဃာ—၂၀။

ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်တွင် သီတင်းသုံးနေတော်မူစဉ် ဆဗ္ဗဂိုရဟန်းတို့သည် ဘိက္ခုနီမများနှင့် လေ့တစင်းတည်း အတူစီးသည်ကို လူတို့မြင်သဖြင့် ကဲ့ရဲ့ကြ၏။ ထို ကဲ့ရဲ့ စကားကို သံဃာတော်တို့ကြားလျှင် ဗုဒ္ဓအား လျှောက်ထား တိုင်ကြားကြလေသည်။ ဗုဒ္ဓက ရဟန်းများသည် ဘိက္ခုနီမများနှင့် လေ့တစီးတည်း အတူမစီးရ၊ စီးခဲ့လျှင် သုဒ္ဓပါစိတ် အာပတ်သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဝတ္ထိပြည်သို့ သာကေတပြည်မှလာခဲ့ကြရာ၊ လမ်းခရီးတွင် မြစ်တခုရှိ၏။ ထိုမြစ်တွင်လေ့နှင့်သွားရမည်ဖြစ်ရာ ရဟန်းတို့သည် ဘုရားပညတ်တော်မူထားသောကြောင့် ဘိက္ခုနီမများနှင့် အတူ လေ့မစီးဘဲ ၎င်းတို့ခုံး စီး၍ သွားကြ၏။ ယင်းကြောင့်

ဘိက္ခု၏နိမမျှားမှာ ခိုးသားဝားပြမျှား၏ လုယက်ခြင်းကို ခံကြရ ရှာလေသည်။

ထိုအကြောင်းကို ဗုဒ္ဓကြားသိခဲ့တော်မူလျှင် အန္တရာယ်ရှိသော ခရီးဌ် ရဟန်းများ သည် ဘိက္ခုနိမမျှားနှင့် လျှောဘစင်းထဲ စီးရှိ သွားနိုင်သည်ဟု ခွင့်ပြုတော်မူ၏၊

သာဓက- ၂၉။

ဗုဒ္ဓဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတွင် သီတင်းသုံး နေတော်မူစဉ် ထုလ္လနန္ဒာ အမည်ရှိသော ဘိက္ခုနိမ စီရင်သောဆွမ်းကိုရှင်ဒေဝဒတ်ဘုန်းပေး၏။ ဤသည် ကိုလူတို့မြင် သောအခါကဲ့ရဲ့ကြ၏။ လူတို့ကဲ့ရဲ့စကားကို သံဃာတော်တို့ကြား လျှင် ဗုဒ္ဓအားလျှောက်ထားကြလေသည်။ ထိုအခါဗုဒ္ဓကဘိက္ခု နိမမျှားစီရင်သော ဆွမ်းကိုရဟန်းများမစားရ၊ စားလျှင် သုဒ္ဓ ပါစိတ်အာပတ် သင့်စေဟု ပညတ်တော်မူ၏။

ဤသို့ ဗုဒ္ဓဘုရားပညတ်တော်မူပြီးနောက် ရဟန်းတပါးသည် ရာဇဂြိုဟ်ပြည်ရှိ ဆွေမျိုးများအိမ်သို့ သွား၏။ ဆွေမျိုးများက ရဟန်းအား ဆွမ်းလုပ်ကျွေးရန် ပြင်ဆင်နေစဉ် ရဟန်းဆွေမျိုး များ၏ဆရာဖြစ်သော ဘိက္ခုနိမရောက်လာပြီး၊ ဆွမ်းကိုဘယ်လို ချက်၊ ဟင်းလျှာကိုဘယ်သို့ပြင်၊ ရဟန်းအတွက် အကောင်းဆုံး ကျွေးမွေးကြ စသည်ဖြင့် စီရင်လေ၏။ ဘိက္ခုနိမစီရင်သောဆွမ်း ဖြစ်၍ ရဟန်းဘုဉ်းမှပေးဘဲ နေလေသည်။

ရဟန်းမှာ ဆွမ်းခံချိန် လွန်သွားသောကြောင့် တနေ့လုံး ဆွမ်းမစားပဲ နေရ၏။ ဤအကြောင်း ဗုဒ္ဓဘုရားရှင် ကြားသိ တော်မူလျှင် လူတို့က ရှုံးဦးစွာ စီရင်ပြီး ဘိက္ခုနီမက နောက်မှ ဝင်၍ စီစဉ်သောဆွမ်းကို စားအပ်၏ဟု ခွင့်ပြုတော်မူလေသည်။

သာဓက-၃၀။

ဗုဒ္ဓဘုရားရှင် သာဝတ္ထိပြည်တွင် သီတင်းသုံးနေတော်မူစဉ် ဥဒါယီ ရဟန်း၏ ရှေးဂ မယားဟောင်း ဖြစ်ခဲ့ဘူးသော ဘိက္ခုနီမသည် ရှေးကလင်ဖြစ်ခဲ့ဘူးသူ ဥဒါယီရဟန်းထံသို့ သွားကာ အဖေါ်မပါပဲ ဆိတ်ကွယ်ရာအရပ်တွင် နှစ်ယောက်တည်းအဘူ နေကြ၏။ ထိုအကြောင်းဗုဒ္ဓဘုရားရှင်သိတော်မူလျှင် ဆိတ်ကွယ် ရာတွင် ဘိက္ခုနီမနှင့် တယောက်ချင်း အတူမနေရ၊ နေလျှင် သုဒ္ဓပါစိတ် အာပတ်သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက—၃၁။

ဗုဒ္ဓရှင်တော်မြတ် ဘုရားသည် သာဝတ္ထိပြည်တွင် သီတင်း သုံးနေတော်မူစဉ် ဒကာတို့သည် ညှဉ်သည် ခရီးသွားရဟန်း ပုဏ္ဏားတို့အတွက် ရည်ရွယ်၍အာဝသထဟောဇင်ကို တည်ထား ကျေးမွေးကြ၏၊

ဆဗ္ဗဂ္ဂိရဟန်းတို့သည် သာဝတ္ထိပြည်သို့သွား၍ဆွမ်းခံကြ၏။ ဆွမ်းမရသောကြောင့် ညှဉ်သည်တို့အတွက် ရည်ရွယ်ထားသော

အာဝဿဆဒေဘာဇဉ်ကို အလှူဘင်းကုတ်သို့ဝင်ပြီး စားသောက်ကြလေသည်။ ဆဗ္ဗဂ္ဂိုရဟန်းများသည် အပင်ပန်းခံ၍ ဆွမ်းမခံကြတော့ပဲ ထိုဘင်းကုတ်ဘုရင် နှစ်ရက်သုံးရက် စသည်ဖြင့်ဆက်တိုက်သွား၍သာ စားသောက်နေကြလေသည်။

ညှော်သည်တို့သည် ဆဗ္ဗဂ္ဂိုရဟန်းများ ဆွမ်းခံမစားပဲ အလှူတင်းကုတ်သို့သာ လာ၍စားသောက်နေကြောင်းသိလျှင် အရပ်တပါးသို့ ထွက်ခွာ သွားကြလေ၏။ ညှော်သည်များ ထွက်ခွာသွားခြင်းနှင့် ပတ်သက်ကာ လူတို့သည် ဆဗ္ဗဂ္ဂိ ရဟန်းများ အပေါ်မကျေမနပ်ဖြစ်ပြီး ကဲ့ရဲ့စကား ဆိုကြလေသည်။

ယင်း ကဲ့ရဲ့စကားကို သံဃာတော်တို့ ကြားသဖြင့် ဗုဒ္ဓရှင်တော်မြတ်ဘုရားအား တိုင်ကြား လျှောက်ထားကြသည်။ ဗုဒ္ဓသည် ဆဗ္ဗဂ္ဂိရဟန်းတို့ကို ခေါ်၍ ကဲ့ရဲ့ရှုတ်ချတော်မူပြီးနောက် ညှော်သည်များအတွက် ရည်ရွယ်ထားသော အာဝဿထဒေဘာဇဉ်ကိုတကြိမ်ထက်ပို၍မစား၊ တကြိမ်ထက်ပို၍ စားလျှင် သုဒ္ဓပါစိတ် အာပတ်သင့်စေသည်ဟု ပညတ်တော်မူ၏။

ထိုသို့ ပညာတ်တော် မူပြီးနောက် ရှင်သာရိပုတ္တရာ မထေရ်သည် ကောသ ဗေနုပုဒ်မှသာဝတ္ထိပြည်သို့ ကြွတော်မူသောအခါ အာဝဿဆဒေဘာဇဉ် တင်းကုတ်သို့ ကြွရောက် ဘုန်းပေး၏။ ထိုစဉ် လေနာ ထ၍ အရပ်တပါးသို့ ထွက်ခွာ မသွားနိုင်ပဲ ရှိ၏။ နောက် တနေ့တွင် ဒကာတို့သည် ရှင်သာရိပုတ္တရာ မထေရ်အား ဆွမ်းကပ်ကြ၏။ မထေရ်သည် ဘုရား ပညတ်ထားတော်မူသည်ကြောင့် ဒကာတို့ကပ်သောဆွမ်းကို မဘုဉ်းပေးပဲနေလေသည်။ ရှင်သာရိပုတ္တရာ မထေရ်သည် ဆွမ်းမဘုဉ်း

ပေးပဲ သာဝတ္ထိပြည်သို့ကြွသွား၏၊ ထိုအကြောင်း ဗုဒ္ဓမြတ်စွာ ကြားသိတော်မူလျှင် သံဃာတော်တို့အား ဝေးစေပြီး နာမကျန်း ဖြစ်နေသော ဟန်းသည် အာဝသထ ဘောဇဉ်ကို တကြိမ်ထက်ပို၍ စားနိုင်သည်ဟု ခွင့်ပြုတော်မူလေ၏။

သာဓက-၃၂။

ရှင်တော်မြတ်ဘုရားသည် ရာဇဂြိုဟ်ပြည်တွင် သီတင်းသုံးနေတော်မူစဉ် ရှင်ဒေဝဒတ်သည် လာဘ်သပွကာ ပြတ်သည်ဖြစ်၍ မိမိပရိသတ်နှင့် ဒကာ ဒကာမတို့ထံတွင် ဆွမ်းကို တောင်း၍၊ တောင်း၍ စားရ၏။ ထိုအခါ လူတို့ မျှားစွာ ကွဲရ၏ကြလေသည်။

လူများကွဲရသည်ကို သံဃာတော်တို့ကြားလျှင် ဗုဒ္ဓရှင်ဘော်အား လျှောက်ထားကြ၏။ ဗုဒ္ဓက ဂဏဒေဘောဇဉ်ကို တောင်း၍ မစား၊ တောင်း၍စားလျှင် သုဒ္ဓပါစိတ် အာပတ် သင့်စေသည်ဟု ဂဏဘောဇနသိက္ခာပုဒ် ကို ပညတ်တော်မူ၏။

ထို့နောက် အကြောင်းထူးရှိ၍ ခွင့်ပြုတော်မူသည်မှာ—

မကျန်းမာသော အခါ၊
သယ်နှင်းကို လှူသောအခါ
သယ်နှင်းကို ချုပ်သောအခါ
မျှားစွာသောရဟန်းအပေါင်း စည်းဝေးသောအခါ

ထိုအခါမျိုးတွင် ဂဏဘောဇဉ်ကို စားနိုင်သည်ဟူသတည်း။ မှတ်ချက်။ ။လေးပါးထက် အလွန် ဘိတ်သော ဘောဇဉ်ကို ဂဏဘောဇဉ်ဟု ခေါ်၏။

သာဓက-၃၃။

ဗုဒ္ဓဘုရားရှင်သည် ဝေသာလီပြည် ကဋ္ဌာဂါရတွင် သီဘင်းသုံးနေတော်မူစဉ် ဝေသာလီပြည်သား သူဆင်းရဲ တယောက်သည် ဗုဒ္ဓရှင်တော်အမှု ပြုသော သံဃာတော်များအား ဆွမ်းဘိတ်၏။ မြတ်စွာဘုရားက သူဆင်းရဲဆွမ်းဘိတ်သည်ကို လက်ခံတော်မူလိုက်၏။ သံဃာတော်တို့သည် ထိုအကြောင်းကို ကြားသိလျက်နှင့် နံနက်စောစီးစွာ ဆွမ်းခံ၍ ဘုဉ်းပေးကြလေသည်။

သူဆင်းရဲအိမ်သို့ ရောက်ကြသော အခါ သံဃာတော်များက-

'ဒကာ ငါတို့အတွက် ဆွမ်းနဲ့သားလှူပါ' ဟု ဆိုကြ၏။

'အရှင်ဘုရားတို့ ဘားပြုလို့နဲ့လှူပါလို့ မိန့်ဆိုတာပါလဲ'

သူဆင်းရဲ ဒကာသည် သံဃာတော်တို့အား နားမလည်နိုင်သလို ကြည့်ပြီး မေးခဲလျှက်ရှာသည်။

'ငါတို့ မနက်စောစောကဘဲ ဆွမ်းခံပြီး ဘုဉ်းပေးခဲ့ကြပြီ'

ထိုစကားကြားလျှင် ဒကာသည်သံဃာများအပေါ် စေတနာသဒ္ဓါပျက်သွား၏။

'အရှင်ဘုရားတို့ကို တပည့်တော် ဆွမ်းဘိတ်ထားရက်နဲ့ တပည့်တော်ဆွမ်းကို မဘုဉ်းပေးချင်လို့ တမင် ဆွမ်းခံစားတာလား၊ တပည့်တော် သူဆင်းရဲမို့ တပည့်တော်လှူတဲ့ ဆွမ်းကို မသဒ္ဓိလို့မဟုတ်လား၊ ဒီလိုသာဆိုရင် အရှင်ဘုရားတို့ဟာ ရဟန်းကောင်း ရဟန်းမြတ်မှ ဟုတ်ကြသေးရဲ့လား'

ဒကာ မခံကျေမနပ်နှင့် ရန်တွေ့ခဲလေသည်။ ထိုအခြောင်း ဗုဒ္ဓဘုရားရှင် ကြားသိတော်မူလျှင် ဦးစွာ ဆွမ်းဘိတ်ထားသော

အိမ်ရှိသည်ကိုသိလျက် တခြားဆွမ်းကို မဘုဉ်းပေးရ၊ ဘုဉ်းပေးလျှင် သုဒ္ဓပါစိတ် အာပတ် သင့်စေသည်ဟု ပညတ်ခဲ့တော်မူ၏။

ထိုသို့ ပညတ်တော် မူသော်လည်း ဂိလာနသမယ အစရှိသော (၇)ပါး အခြားခံ့ရှိလျှင် စားနိုင်သည်ဟု ခြွင်းချက် အနေနှင့် ခွင့်ပြုတော်မူသည်။

မှတ်ချက်။ ။ရှေးဦးစွာ ဘိတ်ပြီးသော ဆွမ်း ရှိလျက် တပါးသောသူတို့ ဘိဘ်သော ဆွမ်းကို စားခြင်းသည် မရုံပရ ဘောဇဉ်မည်၏။

သာဓက-၃၄။

ရှင်ဘော်ဗုဒ္ဓသည် သာဝတ္ထိပြည်တွင် သီတင်းသုံးနေတော်မူစဉ် ကာဏ အမည်ရှိသော သူငယ်မ၏ မိခင်သည် ကာဏအား လူငယ်ဘယောက်နှင့် ထိမ်းမြား လက်ထပ်ပေး၏။ သူမ လင်ယောကျ်ားသည် ကာဏကိုခေါ်၍ သူ၏မိဘများ ရှာသို့ သွားမည်ရှိရာ မိဘများအား လက်ဆောင်ခပ်ရန် မုံ့လုပ်၏။

ထိုအခါ ရဟန်တပါးသည် အိမ်ခရှာဘွင်လာ၍ ဆွမ်းရယ်သည်နှင့် ကာဏသည် သူမလင် လုပ်နေသော မုံ့ကိုယူ၍ ရဟန်းအား လောင်းလိုက်လသည်။ မုံ့ရလာသော ရဟန်းက ရဟန်းတပါးအား ပြောပြသည်နှင့် နောက်ဘက်ပြန် သွားရပ်ပြန်၏။ ကာဏက မုံ့ကိုယူ၍ လောင်းလှူလိုက်ပြန်သည်။ ထိုရဟန်းက

တဆင့် ပြောကြား သတင်းပေးသဖြင့် နောက်တပါး လာရပ်ပြန်၏။ ဤသို့ဖြင့် အဆင့်ဆင့် ပြောကြားကြကာ—

နောက်တပါး၊ နောက်တပါး၊ နောက်ဘပါး— ကြာတော့ လက်ဆောင်အတွက် လုပ်သော မုန့်များ ကုန်သွားလေသည်။ ကာဏ၏လင်ယောကျ်ားသည် သူမကို 'နေခဲ့တော့' ဟု ဆိုပြီး အခြား အမျိုးသမီးတယောက်ကိုခေါ်လျက် သွားလေတော့၏။ ကာဏခမြာငိုယိုလျက် ကျန်နေခဲ့ရှာလေသည်။

ဤအဖြစ်ကိုလူတို့မြင်၍ ရဟန်းများအား ကဲ့ရဲ့နေဆဲ လှည်းကုန်သည်တယောက်သည် ရာဇဂြိုဟ်ပြည်မှ တခြားသောအရပ်သို့ ကုန်ရောင်းကုန်ဝယ်သွားမည်ဖြစ်၍ ခရီးလမ်းတွင် ရိက္ခာအတွက် မုန့်လုပ်လေ၏။ ထိုစဉ် ပိဏ္ဍပါတ် ဆောက်တည်သော ရဟန်းတပါး ဆွမ်းရပ်လာသည်နှင့် မုန့်ကို လောင်းလှူလိုက်၏။ ထို ရဟန်းက အခြားရဟန်းတပါး ဘုံမုန့်လှူကြောင်း ပြောကြားပြန်ရာ နောက်တပါး ဆွမ်းသွားရပ်၏။ လှည်းကုန်သည်လည်း မုန့်လှူလေသည်။ ထိုသို့ဖြင့် အဆင့်ဆင့်ပြောကြားကာ နောက်တပါးပေါင်း များစွာ လာ၍ဆွမ်းရပ်သောကြောင့် လှည်းကုန်သည်မှာ ခရီးလမ်းအတွက် ရိက္ခာမုန့် ကုန်သွားလေသည်။

လှည်းကုန်သည်သည် မုန့်ကုန်သွားသောကြောင့် အဖေါ် လှည်းကုန်သည်များထံသွား၍—

'အဓမ္ဓတို့ ငါ့ကိုစောင့်ကြပါအုံး၊ ငါ့မှာ ရိက္ခာမုန့် ကုန်သွားလို့ ထပ်ပြီး လုပ်ရအုံးမယ်' ဟု ဆိုကာမိမိအိမ်သို့ ပြန်လာ၏။

အဖေါ်လှည်းကုန်သည်များသည် သူ့ကိုမစောင့်ဘဲ ထွက်ခွါ သွားလေ၏။ ယင်းအဖြစ်ကို သိသောလူတို့သည် ရဟန်းများကို ကဲ့ရဲ့ကြလေတော့သည်။ လူတို့ကဲ့ရဲ့စကားကို သံဃာတော်တို့ ကြားလျှင် ဗုဒ္ဓရှင်တော်ဘုရားအား လျှောက်ထားကြလေသည်။ ဗုဒ္ဓဘုရားရှင်သည် မုန့်အလှူခံသော ရဟန်းတို့ကို ခေါ်တော်မူ၍ များစွာကဲ့ရဲ့တော်မူပြီးလျှင် လက်ဆောင်အတွက် စီရင်သော မုန့်ကိုလည်းကောင်း၊ ရိက္ခာအတွက် စီရင်သော မုန့်ကိုလည်းကောင်း နှစ်သပိတ် သုံးသပိတ်သာ အလှူခံရမည်၊ ထိုထက်ပို၍ အလှူမခံရ၊ ပို၍အလှူခံလျှင် သုဒ္ဓပါစိတ် အာပတ် သင့်စေသည်ဟု ပညတ်တော်မူ၏။

ထို နှစ်သပိတ် သုံးသပိတ်မျှသောမုန့်ကို ယူဆောင်ခဲ့ပြီးလျှင် အခြားသော မုန့်မရသည့် ရဟန်းများနှင့် ဝေမျှ စားသောက်ရမည်ဟုသည်း မိန့်တော်မူလေသည်။

သာဓက–၃၅။

ဗုဒ္ဓဘုရားရှင် သာဝတ္ထိပြည်တွင် သီဘင်းသုံးနေတော်မူစဉ် ပုဏ္ဏားတယောက်သည် ရဟန်းများကိုပင့်၍ ဆွမ်းလုပ်ကျွေး၏။ ရဟန်းတို့သည် ဆွမ်းစားစဉ်မှာပင် နောက်ထပ်မထည့်တော့ရန် တားမြစ်ပြီး ပုဏ္ဏားအိမ်မှ ထသွားကြလေသည်။

အချို့သော ရဟန်းတို့သည် ဆွမ်ကျိုးများအိမ်သို့ သွားကာ ဆွမ်းစားကြ၏။ အချို့သောရဟန်းများက ဆွမ်းခံ၍စားကြ၏။ ထိုအကြောင်း လူအချို့တို့ ကြားသိလေရာ ရဟန်းများသည်

တော်ပြီဟု တားမြစ်ပြီးမှ ဆွမ်းခံစားသည်ဟု ပုဏ္ဏားအားပြော ကြားလေလျှင် ပုဏ္ဏားသည် ရဟန်းများကို ကဲ့ရဲ့၏။ ယင်းကဲ့ရဲ့စကား သံဃာတို့ကြားလျှင် ဗုဒ္ဓအား လျှောက်ထားကြ၏။

ဗုဒ္ဓသည် ရဟန်းများအားခေါ်တော်မူပြီးလျှင် ဆွမ်းစားစဉ် တော်ပြီဟုတားမြစ်သောရဟန်းသည် အတိရိုက်ဝိနည်းကံမပြုဘဲ ဘောဇဉ်ကိုလည်းကောင်း၊ ခဲဘွယ်ကိုလည်းကောင်းစားမိခဲ့လျှင် သုဒ္ဓပါစိတ် အာပတ် သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက–၃၆။

ရှင်တော်ဘုရား သာဝတ္ထိပြည်တွင်သီတင်းသုံးနေစဉ်ရဟန်းနှစ်ဦး သည် ကောသလ ဇနပုဒ်မှ သာဝတ္ထိပြည်သို့ အတူသွားကြ၏။

လမ်းခရီးတွင် ရဟန်းတဦးသည် ခြုံတခုအနီး သွားကာ အပေါ်သွားဟန်ပြုပြီး မိမိလက်ဖြင့် သာယာမှုကို ပြုကာ သုက် လွှတ်စေ၏။ ထိုအကြောင်း အဖေါ်ရဟန်းကသိသဖြင့် ဤသို့ ယုတ်မာသော အကျင့်ကို မကျင့်ရန် ဆိုဆုံးမလေသည်။

မကောင်းသော ယုတ်မာသော အကျင့်ကို ကျင့်သော ရဟန်း သည် ဆိုဆုံးမသောရဟန်းကို ရန်ရှိုးဖွဲ့ပြီးလျှင် အတိရိုက်ဝိနည်း ကံမပြုသော ဆွမ်းကို မစားစားအောင် ပရိယာယ်ဖြင့် တိုက် တွန်းပြီး ကျွေးသည်။ ဆိုဆုံးမသော ရဟန်းလည်း မသိသဖြင့် ထိုဆွမ်းကိုစားမိ၏။ ထိုအခါယုတ်မာသော အကျင့် ကျင့်သည့် ရဟန်းက ရဟန်းကောင်းအား အတိရိုက်ဝိနည်းကံ မပြုသော ဆွမ်းကို စားသည်ဟုဆိုကာ ကဲ့ရဲ့လေ၏။

အပြစ်မရှိသောရဟန်းကောင်းသည် ထိုအကြောင်း ဗုဒ္ဓအား လျှောက်ထားလေ၏။ ဗုဒ္ဓသည် မကောင်းသော အကျင့်ကျင့်၍ မကောင်းသောအကြံနှင့် ဆွမ်းကျွေးသောရဟန်းကို ခေါ်ယူကာ မျှားစွဲရှုတ်မျက်ခဲ့ရတော်မူပြီးလျှင် သူတပါးအား ကဲ့ရဲ့လိုသော အကြံနှင့် အတိုင်ကိုဝိနည်းကံ မပြုရသေးသော ဆွမ်းကို ဘိတ်လျှင်လည်းကောင်း၊ စားအောင်တနည်းနည်းနှင့် ပရိယာယ်ပြု၍ လည်းကောင်း ကျွေးလျှင် ကျွေးသောရဟန်းအား သုဒ္ဓပါစိတ် အာပတ်သင့်စေသည်ဟု မည်တော်မူ၏။

သာဝတ-၃ ၇။

ဗုဒ္ဓဘုရားရှင်သည် ရာဇဂြိုဟ်ပြည်၌ ဒဝဒတ္တ၊ဝန်ခေါ်ကျောင်းတွင်သီတင်းသုံးနေတော်မူစဉ် ဆဗ္ဗဂိုရဟန်းတို့သည် တောင်တိပ်ပွဲသဘင်ကိုသွား၏။ ထိုအခါ ဒကာမျှားသည် ရဟန်းမျှားအား ကြည်ညိုသောကြောင့် သန္ဓပါပွားကာ စားဘွယ် ခဲဘွယ်တို့ကိုပြုလုပ်၍ ကျွေးမွေးကြလေသည်။ ဆဗ္ဗဂိုရဟန်းတို့သည် ဒကာတို့လှူသော စားဘွယ် ခဲဘွယ်ကို နေ့လည်ဆေးခြင်းတွင်လည်း စားစသောက်ကြ၏။ ယင်းသို့စားသောက်သည်ကို ရဟန်းတို့ မြင်ကြလျှင် ဗုဒ္ဓအား လျှောက်ထားကြလေသည်။

ဗုဒ္ဓဘုရားရှင်သည် နေ့လည်ညစာစားသော ဆဗ္ဗဂိုရဟန်းမျှားကို ကဲ့ရဲ့တော်မူပြီးလျှင် ယင်းသို့နေ့လည်ညစာ စားသော ရဟန်းမျှားအား သုဒ္ဓပါစိတ် အာပတ် သင့်စေသည်ဟု မည်တော်မူ၏။

သာဓုက-၃၈။

ရှင်တော်မြတ်ဘုရားသည် သာဝတ္ထိပြည်တွင် သီတင်းသုံးနေတော်မူစဉ် ရှင်အာနန္ဒာ၏ ဥပဇ္ဈာယ်ဆရာဖြစ်သော ဗေလဋ္ဌသီသမဏေရသည် တောဌ သီတင်းသုံးနေတော်မူရာ ထိုအရှင်သည် ဆွမ်းခံ၍ ဟင်းလျှာမပါသော ဆွမ်းကို ဆောင်ယူကာ ခြောက်အောင် နေလှန်း၍ သိုမှီးထား၏။

ဆွမ်းဘုဉ်းပေးလိုသောအခါ ထမင်းခြောက်ကို ရေစိမ်၍ ဘုဉ်းပေး၏။ ဤသို့ဖြင့် ထိုမဏေရသည် ကြာမြင့်စွာနေပြီးမှ ဆွမ်းခံကြွလေသည်။ အခြားသော ရဟန်းများက-

'အရှင်ဘုရား၊ နေ့စဉ်ဆွမ်းခံမကြွဘဲ ကြာမြင့်စွာနေပြီးမှ ဘာကြောင့် ဆွမ်းခံကြွပါသလဲ။ ဆွမ်းခံမကြွတဲ့ ရက်တွေမှာ ဘာကိုများ ဘုဉ်းပေးနေပါသလဲ' ဟု မေးမြန်းကြ၏။

ထိုအခါ မဏေရက ဆွမ်းကိုအချောက်လှမ်းပြီး သိုမှီးထားကြောင်းပြောလေသည်။

ယင်းအကြောင်း သံဃာတော်တို့ကြားသိ၍ ဗုဒ္ဓဘုရားရှင်အား လျှောက်ထားကြ၏။ ဗုဒ္ဓသည် မဏေရ်အား ခေါ်၍ ကဲ့ရဲ့တော်မူပြီးလျှင် ညဉ့်သင်း၍ သိုမှီးထားသော အစာကို မစားရ၊ စားလျှင် သုဒ္ဓအာပတ် သင့်စေသည်ဟု ပညတ်တော်မူလေ၏။

သာမက–၃၉။

ဗုဒ္ဓဘုရားသခင်သည် သာဝတ္ထိပြည်တွင် သီတင်းသုံးနေတော်မူစဉ် ဆဗ္ဗဂ္ဂိုရဟန်းတို့သည် ထောပတ်ဆီ၊ ဆီ၊ ပျားရည်၊ တင်လဲ၊ ငံ၊ အမဲ၊နို့ရည်၊ နို့ခမ်းစသည့် ခဲဘွယ်ဘောဇဉ်တို့ကို တောင်းချိုးကြ၏။ ယင်းသို့ ရဟန်းများက အမွှန်အမြှုတ် ခဲဘွယ်ဘောဇဉ် တို့ကို တောင်းယူ စားသောက်ခြင်းကြောင့် ဆဗ္ဗဂ္ဂိရဟန်းများအား လူတို့ကဲ့ရဲကြလေသည်။

လူတို့ကဲ့ရဲစကားကို သံဃာတော်တို့ကြားလျှင် ဗုဒ္ဓရှင်တော်ဘုရားအား တိုင်ကြား လျှောက်ထားကြလေ၏။ ဗုဒ္ဓသည် ဆဗ္ဗဂ္ဂိရဟန်းများအား ခေါ်တော်မူ၍ ကဲ့ရဲပြီးလျှင် မွှန်မြှုတ်သောခဲဘွယ်ဘောဇဉ်တို့ကို တောင်းယူမစားရ၊ တောင်းယူစားလျှင် သုဒ္ဓပါစိတ် အာပတ် သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက–၄၀။

ဘုရားရှင်သည် သာဝတ္ထိပြည်တွင် သီတင်းသုံးနေတော်မူစဉ် မထင်ရှားသော ရဟန်းတပါးသည် ပုံ့သုဂ္ဂသင်္ဘန်းဆောင်လျက် သုဿန်တွင်နေ၏။ ထိုရဟန်းသည် လူတို့ လူသော ပစ္စည်းဝတ္ထု၊ ဆွမ် ခဲဘွယ် ဘောဇဉ်တို့ကို လက်မခံပဲ ငြင်းပယ်လျက် သုဿန်တစပြင်၌ လူသေအတွက် ရည်စူးပို့ထားသော ထမင်းဟင်းစသည်တို့ကိုယူ၍ ကပ်မည့်သူမရှိပဲနှင့် စား၏။ ထိုအခြင်းအရာကို လူတို့မြင်သဖြင့် ရဟန်းအား ကဲ့ရဲကြလေသည်။

ယင်း ကဲ့ရဲ့စကားကို သံဃာတော်တို့ကြားလျှင် ဗုဒ္ဓဘုရား ရှင်အား လျှောက်ထားကြ၏။ ဗုဒ္ဓဘုရားရှင်သည် သုဿန်တွင် နေသော ရဟန်းကိုခေါ်တော်မူပြီးလျှင် စားဘွယ် ခဲဘွယ်တို့ကို မကပ်ပဲ မစားရ၊ စားခဲ့လျှင် သုဒ္ဓအာပတ် သင့်စေသည်ဟု ပညတ်တော်မူ၏။

ထိုသို့ဘုရားရှင် ပညတ်တော်မူလျှင် ရဟန်းများသည် ရေနှင့် ဒန်ပူကို အကပ်မခံပဲနှင့် မသုံးဆောင်ဝံ့ ဖြစ်ကြ၏။ ထိုအခါ ဗုဒ္ဓက ရေနှင့်ဒန်ပူကို အကပ်မခံပဲ သုံးနိုင်သည်ဟု ခွင့်ပြု၏။

သာဓက—၄၁။

မြတ်စွာဘုရားသခင်သည် ဝေသာလီပြည် မဟာဝုန်တော တွင် သီတင်းသုံးနေတော်မူစဉ် ဒကားတို့သည် သံဃာကော်တို့ အတွက် မုန့်များလှူဒါန်း၏။ ဗုဒ္ဓသည် ဘုဉ်းခေးပြီးနောက်—

'ဒကားတို့လှူတဲ့ မုန့်တွေကျန်သမျှကို သိမ်းမထားနဲ့၊ စွန့်ကြဲ လိုက်' ဟု ရှင်အာနန္ဒာအား မိန့်တော်မူ၏။

ရှင်အာနန္ဒာသည် မုန့်ကျန်များကိုယူကာ ရဟန်းများအား အစဉ်အတိုင်းနေစေပြီး တဦးလျှင် မုန့်တယုတ်စီ ဝေ၍ပေးလေ သည်။ ထပ်နေ ကပ်နေသော မုန့်နှစ်ယုတ်ကို တယုတ်ထည်း ထင်မှတ်၍ မထင်ရှားသော ပရဝိုဏ်အား ပေးလိုက်မိ၏၊ ထိုသို့ မုန့်နှစ်ယုတ်ပူးနေသည်ကို အနီးရှိ ပရဝိုဏ်မတဦးက မြင်လိုက် သည်။

ရှင်အာနန္ဒာ မုန့်ဝေပြီးသွားသောအခါ မြင်လိုက်သော ပရဝိုဏ်မက—

'မုန့်ဝေတဲ့ရဟန်းဟာ သင့်လင်လား' ဟု မုန့်နှစ်ယှက်ရသော ပရဝိုဏ်မကို မေးလေသည်။

'သင်ဘာပြောတာလဲ၊ ဒါဟာ အာနန္ဒာမထေရ်ကြီး သိရဲ့လား' မုန့်နှစ်ယှက်ရသော ပရဝိုဏ်မက ပြော၏။

'ဘာမထေရ်ကြီး ဖြစ်ဖြစ်၊ သင့်လင်မို့လို့ သင့်ကို မုန့်နှစ်ယှက်ပေးတာပေါ့၊ ငါတို့ တယှက်ထဲဘဲရတယ်'

'သင် ငါ့ကို မတရား မစုပ်စဲနဲ့'

အပြောခံရသော ပရဝိုဏ်မ ဒေါသနှင့် အော်၏။

'စုပ်စဲတာမဟုတ်ဘူး အဲဒီရဟန်းဟာ သင့်လင်'

'ကဲဟယ်....'

အစုပ်စဲခံရသော ပရဝိုဏ်မက စုပ်စဲသော ပရဝိုဏ်မ ပါးကို လက်ဝါးနှင့် "ဖြန်း" ကနဲ ရိုက်လိုက်လေသည်။ ပရဝိုဏ်မ နှစ်ယောက် ခိုက်ရန်ဖြစ်ပွားကာ သတ်ကြပုတ်ကြလေတော့၏။ ထိုအကြောင်း ဘုရားရှင် သိတော်မူလျှင် သံဃာတော်တို့ကို ခေါ်တော်မူ၍ အဝတ်မဝတ်သော တက္ကဒုန်းကို လည်းကောင်း၊ ပရဝိုဏ် ရဟန်းယောကျ်ားကို လည်းကောင်း၊ ပရဝိုဏ် ရဟန်းမကို လည်းကောင်း သံဃာတော်များသည် မိမိတို့ လက်ဖြင့် မုန့်ခဲဘွယ်တို့ကို မပေးရ၊ ပေးလျှင် သုဒ္ဓပါစိတ် အာပတ် သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက–၄၂။

ဗုဒ္ဓဘုရားရှင် သာဝတ္ထိပြည်တွင် သီဘင်းသုံး နေတော်မူစဉ် ရှင်ဥပနန်သည် သူနှင့်အတူ နေသော ရဟန်းအား–

'သင် ငါနဲ့အတူ ဆွမ်းခံလိုက်မလား' ဟု မေး၏။

အတူနေ ရဟန်းက လိုက်မည်ဆိုသဖြင့် ရှင်ဥပနန် သူဆွမ်းခံ ရာသို့ ထိုရဟန်းကို ခေါ်သွားလေသည်။ ထိုသို့ နှစ်ပါးအတူ ဆွမ်းခံကြွရာမှ ရှင်ဥပနန်သည် ဆွမ်းမရုပ်ခင်မှာပင် သူခေါ်လာ သော တပည့် ရဟန်းအား–

'ငါ့ရှင် သင်နဲ့ငါ စကားပြောဆိုရတာ၊ အတူနေရတာ ငါ စိတ်မချမ်းသာဘူး သွားတော့' ဟု နှင်လွှတ်လိုက်လေ၏။

တပည့် ရဟန်းခမြာ ဆရာ့နောက်မလိုက်ရပဲ ပြန်ခဲ့ရရှာကာ ဆွမ်းခံချိန် နောက်ကျသောကြောင့် ထိုနေ့ ဆွမ်းမစားရတော့ ချေ။ ယင်းအကြောင်း သံဃာတော်တို့ကြားသိလျှင် ဗုဒ္ဓဘုရား ရှင်အား တိုင်ကြား လျှောက်ထားကြ၏။ ဗုဒ္ဓသည် ရှင်ဥပနန် ကို ခေါ်တော်မူပြီးလျှင် မျှားစွာ ကဲ့ရဲ့လျက် ဆွမ်းခံမည်ဟု ခေါ်သွားပြီးမှ မလိုက်ရဟု နှင်လွှတ်လျှင် သုဒ္ဓပါစိတ် အာပတ် သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက–၄၃။

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် သာဝတ္ထိပြည်တွင် သီဘင်း သုံးနေတော်မူစဉ် ရှင်ဥပနန်သည် မိတ်ဆွေ ဒါယကားတဦးအိမ်

သို့သွား၏။ သူရောက်သွားစဉ် အိမ်ရှင် ဇနီးမောင်နှံသည် အိပ်ခန်းတွင်းတွင် တဦးကိုတဦး ယုယကြည်စယ်နေကြသည်။

ရှင်ဥပနန်သည် အိမ်ရှင်လင်မယားရှိရာ အိပ်ခန်းတွင်းအထိ ဝင်သွားလေသည်။ အိမ်ရှင်တို့လည်း ရှင်ဥပနန်ကို မြင်သဖြင့် အိပ်ရာမှ လူးလဲ ထကြလေသည်။ ဒကာသည် ရှင်ဥပနန်အနီးသို့ သွား၍ ရှိခိုးနေကာ ဇနီးဖက်သို့ လှည့်၍–

'အရှင်ရဟန်းကို ဆွမ်းလှူလိုက်ပါ' ဟု ဆိုသည်။

သူ့ ဇနီးသည် ဆွမ်းကိုယူ၍ လှူ၏။

'အရှင် ရဟန်း ကြွပါတော့'

ဆွမ်းလှူပြီးနောက် ဒကာက ပန်ကြားသည်။ ရှင်ဥပနန်သည် ဒကာ ပန်ကြားလျှောက်ထားသော်လည်း မကြွတဲ့နေ၏။ ဒကာက ကြွရန် သုံးကြိမ်တိုင်တိုင် လျှောက်ထားသော်လည်း ရှင်ဥပနန် မကြွတဲ့ ပေကပ်နေသည်။ ဒါယကာလည်း သည်းမခံနိုင်တော့တဲ့ ဒေါသထွက်လာသည်။

'အရှင်ဘုန်း ဘယ်လိုလဲ၊ ဇနီးမောင်နှံနေတဲ့ အိပ်ခန်းထဲလဲ ဝင်လာတယ်၊ ဆွမ်းလှူပြီးလို့ ကြွပါဆိုတော့လဲ မကြွဘူး၊ ရဟန်းနဲ့ မအပ်စပ်တဲ့နေရာကို ဘာလို့လာရတာလဲ၊ အရှင်ရဟန်းခုချက်ခြင်း ဒီအခန်းထဲက ထွက်သွားပါ'

ဤသို့ ဒကာ၏ကဲ့ရဲ့သောစကား၊ ဒေါသစကား ပြောလွှတ်ခြင်းခံရသည်ကို သံဃာတော်တို့ ကြားသိတော် မူသောအခါ ဗုဒ္ဓရှင်တော်မြတ်ဘုရားအား တိုင်ကြား လျှောက်ထားကြလေသည်။ ဗုဒ္ဓသည် ရှင်ဥပနန်အား ခေါ်ယူကာ မျှားစွဲကဲ့ရဲ့လျက်

ဇနီး ခင်ပွန်းတို့ ရှိနေသော အိပ်ခန်းကို မဝင်ရ၊ ဝင်လျှင် သုဒ္ဓ ပါစိတ် အာပတ် သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက–၄၄။

ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်တွင် သီတင်းသုံးနေတော်မူစဉ် ရှင်ဥပနန် ရဟန်းသည် သူ့မိတ်ဆွေ ဒကာ၏ အိမ်သို့ သွား၏။ သူ့ရောက်စဉ် ဒကာ အပြင်သို့သွားနေသဖြင့် ဒကာ၏ ဇနီးသာ ရှိသည်။ ရှင်ဥပနန်သည် နံရံမျှားကာရံထားသည့် အခန်းထဲတွင် ဒကာ့ဇနီးနှင့်အတူ နေလေသည်။

ဒကာ အပြင်မှပြန်ရောက်လာသော် သူ့ဇနီးနှင့် ရှင်ဥပနန်ကို တွေ့သဖြင့် ရှင်ဥပနန် ရဟန်းအား ကဲ့ရဲ့ပြစ်တင်စကားများ ဆို၏။ ထို ဒကာ ကဲ့ရဲ့ပြစ်တင်ကြောင်း သံဃာတော်တို့ ကြားသိကြသောအခါ ဗုဒ္ဓမြတ်စွာအား တိုင်ကြားလျှောက်ထားကြလေ၏။

ဗုဒ္ဓသည် ရှင်ဥပနန်အား ဧခါကာ မျှားစွာရှုတ်ချ ကဲ့ရဲ့တော်မူပြီးလျှင် မျက်စိကွယ်ရာဖြစ်သော နံရံ အကာတို့ အတွင်းတွင် မာတုဂါမမျှားနှင့် နှစ်ဦးတည်း အတူမနေရ၊ နေလျှင် သုဒ္ဓ ပါစိတ် အာပတ် သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက–၄၅။

မြတ်စွာဘုရားသည် သာဝတ္ထိပြည်တွင် သီတင်းသုံးနေတော်မူစဉ် ရှင်ဥပနန်သည် လူအဖြစ်နှင့် ရှိကြစဉ်က ခင်မင်

ရင်းနှီးခဲ့သော ဒကာ၏ အိမ်သို့သွားကာ ဒကာမရှိစဉ် ဒကာ၏ဇနီးနှင့် နှာ။ မျက်စိ ကွယ်ရာအရပ်တွင် တယောက်ခြင်းနေထိုင်ကြ၏။ ဤသို့နေထိုင်သည်ကို ဒကာတွေ့မြင်လေလျှင် ရှင်ဥပနန္ဒရဟန်းအား ဒကာက ကြိမ်းမောင်း ကဲ့ရဲ့လေတော့သည်။

ထိုကဲ့ရဲ့စကားကို သံဃာတော်တို့ ကြားသိလေလျှင် ဗုဒ္ဓအား တိုင်ကြားလျှောက်ထားကြလေ၏။ ဗုဒ္ဓသည် ရှင်ဥပနန္ဒကို ခေါ်တော်မူကာ ရှုတ်ချကဲ့ရဲ့တော် မူပြီးနောက် မာတုဂါမ များနှင့် နှာ။ မျက်စိ ကွယ်ရာအရပ်တွင် တယောက်ချင်းချင်း မနေရ၊ နေလျှင် သုဒ္ဓအာပတ် သင့်စေသည်ဟု ပညတ်တော် မူလေသည်။

သာဓက—၄ ၆။

ရှင်တော် မြတ်ဘုရားသည် ရာဇဂြိုဟ်ပြည် စေတုဝန်ကျောင်းတော်ကြီးတွင် သီတင်းသုံးနေတော်မူစဉ် ရှင်ဥပနန္ဒ၏ ဒကာမသည် ရှင်ဥပနန္ဒအား ဆွမ်းဘိတ်ပြီးနောက် အခြားရဟန်းများကိုလည်း ဆွမ်းဘိုတ်၏။ ဤသို့ဖြင့် အခြား ရဟန်းများသည် ရှင်ဥပနန္ဒထက်စောရ ဆွမ်းဘိတ်သော ဒကာမအိမ်သို့ ရောက်နှင့်ကြလေ၏။

ရှင်ဥပနန္ဒသည် အခြားရဟန်းများ မိမိထက်စောရ မိမိ ဒကာမအိမ် ရောက်နေသည်ကို သိသည်နှင့် ဆွမ်းဘုတ်ထားသော ဒကာမအိမ်သို့ မသွားပဲ တခြားအိမ်သို့ သွားနေလေ

သည်။ နေလွဲလု နီးလာသောအခါ ရောက်နှင့် နေသော ရဟန်းများက ဆွမ်းဘုဉ်းပေးရန် အချိန်ရောက်ပြီ ဆွမ်းကပ်ပါဟု ဒကာမကို ပြောကြ၏။ ဒကာမက ရှင်ဥပနန်မရောက်လာသေး၍ စောင့်ပါဟု ရဟန်းများကို တောင်းပန်သည်။

အချိန်လွန်သည့်တိုင် ရှင်ဥပနန် ကြွမလာသဖြင့် ရဟန်းများ ဆွမ်းဘုဉ်းမပေးရပဲ ကြွသွားကြလေသည်။ ထိုအကြောင်းကို သိသော လူများသည့် ရှင်ဥပနန်အား ကဲ့ရဲ့ရှုတ်ချကြလေ၏။ ယင်း ကဲ့ရဲ့ရှုတ်ချစကားကို သံဃာတော်တို့ကြားသိလျှင် ဗုဒ္ဓမြတ်စွာဘုရားအား တိုင်ကြားလျှောက်ထားကြ၏။

မြတ်ဗုဒ္ဓသည် ရှင်ဥပနန်ကို ခေါ်၍ ကဲ့ရဲ့တော်မူပြီးလျှင် ဆွမ်းဘိုဏ်ထားသည်ကို သိလျက်နှင့် ဟခြားအိမ်သို့ သွားမနေရ၊ သွားနေလျှင် သုဒ္ဓပါစိတ်အာပတ် သင့်စေသည်ဟု ပညတ်တော်မူ၏။

ထိုသို့ ပညတ်တော် မူသောအခါ ရှင်ဥပနန်၏ ဒကာမသည် ရှင်ဥပနန်ထံသို့ စားဘွယ် သောက်ဘွယ် ဘောဇဉ် တို့ကို ပို့ဆောင်၏၊ ပို့သူများရောက်လာသောအခါ ရှင်ဥပနန်ကို မမြင်တွေ့ရ ချေ။ အခြားရဟန်းများကို မေးကြ၏။ ရဟန်းများက ရှင်ဥပနန် ဆွမ်းခံကြွသွားသည်ဟု ပြောလျှင် ပို့သူများသည် ဆွမ်းခဲဘွယ်တို့ကို ပြန်ယူသွားကြလေ၏။

ရှင်ဥပနန်သည် ဆွမ်းခံ၍ စားသောက်ပြီးနောက် အခြားသော ဒကာတဦးအိမ်သို့ သွားနေသည်။ စင်စစ် ရှင်ဥပနန်သည် သူ့ဒကာမ ပို့လှူသော ဆွမ်းကို ဟခြား ရဟန်းများ မစားရအောင် တမင်ကောက်ကျစ်သော စိတ်နှင့် ရှောင်နေခြင်းဖြစ်၏။

သူသည် နေလွဲသောအခါမှ ကျောင်းသို့ ပြန်လာလေသည်။ ရှင်ဥပနန် တမင်ကောက်ကျစ်ပြီး ရှောင်ဖယ်နေကြောင်း သံဃာတော်တို့သိသဖြင့် ဗုဒ္ဓအား တိုင်ကြား လျှောက်ထားကြ၏။

ဗုဒ္ဓသည် ရှင်ဥပနန်အား ခေါ်တော်မူပြီး ကဲ့ရဲ့စကားဆိုကာ ရဟန်းမည်သည် ကောက်ကျစ်သော စိတ်မထားရ၊ ကောက်ကျစ်သောအကြံကို မကြံရဟု ဆိုဆုံးမပြီးနောက် ဆွမ်းခံသည့်အခါ ဆွမ်းခံပြီးသည်နှင့် ကျောင်းသို့ ပြန်လာရမည်။ တခြား ဝေပါးသော ဒကာ ဒကာမတို့အိမ်သို့ ဝင်မနေရ၊ ဝင်နေလျှင်သုဒ္ဓပါစိတ် အာပတ်သင့်စေသည်ဟု ပညတ်တော်မူလေ၏။

သာဓက- ၄၈

ဗုဒ္ဓ ဘုရားရှင်သည် သက္ကတိုင်း ကပ္ပီလဝတ်ပြည် နိုဂြောဓာရုံကျောင်းတွင် သီတင်းသုံးနေတော်မူစဉ် သာကီဝင် မင်းသား မဟာနာမ်သည် ဘုရားထံချဉ်းကပ်၍-

'မိုးလေးလကာလ ၁တ်လုံး တပည့်တော်သံဃာတော်များကို ဆေးလှူဒါန်းလိုပါတယ်' ဟု လျှောက်ထား၏။

ဗုဒ္ဓက 'လှူစေ' ဟု ခွင့်ပြုတော်မူသည်။

မိုးလေးလ လွန်ပြန်သော အခါ မဟာနာမ် ရဟန်းက နောက်ထပ် လေးလ ဆက်လှူပါရစေရန် ပန်ကြားပြန်၏။ ဗုဒ္ဓကလည်း ခွင့်ပြုတော်မူလေသည်။

ဆေးလျှုသော ရှင်မဟာနာမ် ရဟန်းအား အခြား ရဟန်းများက ခင်မင်ကြသည်၊ မြတ်နိုးကြသည်၊ ထိုအခါ ဆဗ္ဗဂိုရဟန်းများသည် ရှင်မဟာနာမ်ကို မလိုမုန်းထားကြ၏။

(ဆဗ္ဗဂိုဆိုသည်မှာ ဘုရားရှင် ဆုံးမ၍ မလွယ်သော ရဟန်းဆိုး ရဟန်းပေ ရတန်းတော ခြောက်ယောက်ကို ခေါ်သည်။ ပြုစုသူ)

ရှင်မဟာနာမ်ကို မုန်းထားသော စိတ်ဖြင့် ဆေးများကို ပေးလျှုသော အတိုင်းအတာထက် ပိုမြ၍ များစွာ အလျှုခံကြသည်။ ထိုအကြောင်း သံဃာတော်တို့က ဗုဒ္ဓအား လျှောက်ထား၏။ ဗုဒ္ဓသည် ဆဗ္ဗဂိုရဟန်းတို့ကို ခေါ်၍ ဆေးများကို လိုအပ်သည့် အပိုင်းအခြားထက် ပိုမြ၍ အလျှုမခံ၊ ပိုမြ၍အလျှုခံလျှင် သုဒ္ဓပါစိတ် အာပတ်သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက–၄၈။

ရှင်တောမြတ် ဗုဒ္ဓသည် သာဝတ္ထိပြည်တွင် သီတင်းသုံးနေတော်မူစဉ် ပသေနဒီကောသလမင်းကြီးသည် စစ်တိုက်ရန် ထွက်၏။ ထိုအခါ ဆဗ္ဗဂိုရဟန်းတို့သည် စစ်ထိုးလုအံ့ရပ်သို့ လိုက်သွားပြီး စစ်တိုက်သည်ကို ကြည့်ရှုကြလေသည်။ မင်းကြီးက ဆဗ္ဗဂိုရဟန်းတို့အား–

'အရှင် ရဟန်းတို့ စစ်ထိုးတယ်ဆိုတာ ဘဦးနဲ့ တဦး၊ တဖက်နဲ့ တဖက် သူ့ဆေးကိုယ်ဆေ ရက်ရက်စက်စက် သတ်ဖြတ်ကြတာ

ဖြစ်ပါ၏။ သူ့တော်စင် ရှင်ရဟန်းများ အနေနဲ့ စစ်ထိုး တာကို မကြည်သင့်ပါဟု လျှောက်ထား ပြောကြား၏။

စစ်သည်တော်တို့ကလည်း စစ်ထိုးသည်ကို လာကြည့်သော ရဟန်းများအား ရှတ်ချက်ရှိလေသည်။ ထိုအကြောင်းကိုသိသော တော်တို့ ကြားသိလေလျှင် ဗုဒ္ဓအား တိုင်ကြားလျှောက်ထား ကြလေ၏။ ဗုဒ္ဓသည်ဆဗ္ဗဂိုရဟန်းများကိုခေါ်၍ ကဲ့ရဲ့ဟော်မူပြီး လျှင် ရဟန်းများ စစ်ထိုးဆိုသို့ မသွားရ။ သွားခဲ့လျှင် သုဒ္ဓ ပါစိတ် အာပတ် သင့်စေသည်ဟု ပညတ်တော်မူလေ၏။

ဗုဒ္ဓဘုရားရှင် ပညတ်တော်မူပြီးနောက် ၄စ်ဘိုက်ရောဘွင် ပါ သော ဆွေမျိုးသားချင်းများသည် ထိုခိုက် ဒဏ်ရာရနေသောအခါ ဆွေမျိုးရဟန်းများအား လာရောက် ကြည့်ရှုပါရန်၊ ပေးပေး စကား ဟောခြေ ပေးပါရန် ဆွေမျိုးများက ဘိတ်ကြား ကြသည်။ ထိုခိုက်ဒဏ်ရာရ၍ နာမကျန်းဖြစ်နေသော စစ်သည် တော်တို့၏ ဆွေမျိုးရဟန်းများမှာ ဗုဒ္ဓဘုရား ပညတ်ထားသည် ဖြစ်သောကြောင့် မသွားဝံ့ဘဲ ငြင်းပယ်ကြလေသည်။

ယင်းအခြင်းဗုဒ္ဓဘုရား သိတော်မူလျှင် ဆွေမျိုးသားချင်း များ နာမကျန်းဖြစ်၍ ဘိတ်ခေါ်လျှင် စစ်ထိုးရာ အရပ်သို့ သွား နိုင်သည်ဟုခွင့်ပြုတော်မူ၏။

သာဓက–၄၉။

အခြို့ရဟန်းများသည် ဘုန်းခွင့်ပြုတော်မူသည်ကို အခွင့် အရေးယူကာ ဆွေမျိုးသားချင်းစစ်သည် နာမကျန်းဖြစ်သည်ကို

သွားရောက်ကြည့်ရှုရာမှ တော်တော်နှင့်ပြန်မလာဘဲ စစ်မြေပြင်ဌ် စစ်တိုက်သည်ကို ကြည့်နေကြ၏။ ထိုအကြောင်း ဗုဒ္ဓဘုရားရှင် သိလေလျှင် အကြောင်းရှိ၍ စစ်မြေပြင်သို့သွားသော ရဟန်းသည် စစ်ထိုးရာအရပ်၌ နှစ်ညဉ့် သုံးညဉ့်ဆက်ပို၍မနေရ၊ထို့ထက်ပို၍ နေလျှင် သုဒ္ဓပါစိတ် အာပတ် သင့်စေသည်ဟု ပညတ်တော်မူလေ၏။

သဝိဝက—၅၀။

ရဟန်းများသည် အကြောင်းရှိ၍ စစ်ထိုးရာအရပ် စစ်နယ်ခြမ်းသို့ နှစ်ညဉ့် သုံးညဉ့်နေရန် ရောက်ရှိသွားရာမှ စစ်မြေပြင်သို့ လိုက်ပြီး တိုက်ပွဲများကို ကြည့်ရှုကြ၏။ ထိုအခါ အချို့သော ရဟန်းများသည် မြားမှန်၍ဒဏ်ရာရကြလေသည်။ ရဟန်းများအား မြားမှန်သည်ကို စစ်သည်တော်များ မြင်ကြလေရာ ရဟန်းများအား ပြက်ရယ်ပြုကာလှောင်ပြောင်ရယ်မောကြ၏။

ထိုအကြောင်း ဗုဒ္ဓဘုရားရှင် ကြားသိတော်မူလေလျှင် မြားမှန်သော ရဟန်းများအား ကဲ့ရဲ့တော်မူကာ စစ်တိုက်ရာအရပ် ရဲမက်ဗိုလ်ပါတို့ကို ဇရတ္ဂက်ရာအရပ်၊ စစ်ဆင်ရာအရပ်၊ ဆင်ဘပ်၊ မြင်းတပ်၊ ရထားတပ်၊ လက်နက်ကိုင်စစ်သူရဲတပ်တို့ကိုကြည့်ရှုရန် မသွားရ၊ သွားကြည့်လျှင် သုဒ္ဓပါစိတ် အာပတ် သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက—၅၁။

ဗုဒ္ဓဘုရားရှင်သည် စေတီယဇနပုဒ်မှ ဘဒ္ဒဝတီရွာသို့ ဒေသစာရီ ကြွခြီတော်မူလေရာ ခရီးသွား၊ နွားကျောင်းသား၊ ဆိတ်ကျောင်းသားများက—

'အရှင်မြတ်ဘုရား ရှေဆက် ကြွတော်မမူပါနဲ့ ဘဒ္ဒဝတီရွာက အမှတ်တွေ့ရအိုင်နားမှာရှိတဲ့ ဇဋိလရသေ့ရဲ့ကျောင်းမှာ အလွန်အဆိပ် ပြင်းတဲ့နဂါးကြီးရှိပါဘယ်၊ အရှင်မြတ်ဘုရားကို နဂါးကြီးက အန္တရာယ် ပြုပါလိမ့်မယ်'ဟု သုံးကြိမ် တိုင်တိုင် ဂိုဏ်းဝန်း လျှောက်ထားကြ၏။

ဗုဒ္ဓရှင်တော်ဘုရားသည် သူတို့လျှောက်ထားသော စကားကို ကြားသော်လည်း ဆိတ်ဆိတ်သာနေတော်မူ၏။ ပြီးလျှင် ဘဒ္ဒဝတီရွာသို့ ကြွသွားလေသည်။

ဘုရားရှင်ဘဒ္ဒဝတီရွာသို့ရောက်၍ နားနေတော်မူစဉ်ဘုရား၏ နောက်တော်ပါးမှ လိုက်ပါလာသော သံဃာတော် မထေရ်သည် နဂါးနှင့် ပြိုင်ရန် ဇဋိလရသေ့၏ ကျောင်းသို့ ကြွသွား၏။ ကျောင်း၏ တင်းကုတ်ဖွင့်နေကာ နဂါးကို ဆောင့်ကြိုနေသည်။ နဂါးသည် မထေရ်ကိုမြင်လျှင် ဒေါသထွက်လျက် ပြင်းထန်သော အခိုးအလျှံများကိုလွှတ်လေ၏။ မထေရ်ကလည်း နဂါးနှင့်ပြိုင်၍ အခိုးအလျှံများကို လွှတ်သည်။ ကြာလျှင် နဂါးသည် မထေရ်၏ အခိုးအလျှံကိုမခံနိုင်တော့ဘဲ ကျောင်းတွင်းမှ ထွက်ပြေးသွားလေတော့၏။

သာဂတမင်းရဲ့ နဂါးကို အောင်နိုင် လိုက်သော သတင်းသည် တမူဟုတ်ချင်းပြန့်နှံ့သွားလေ။ ဗုဒ္ဓမြတ်စွာသည် ဘဒ္ဒရာမှ ဒေသစာရီကြုံချိတော်မူပြန်ရာ ကောသမ္ဗီပြည်သို့ ရောက်လေ။ ကောသမ္ဗီပြည်သူ ပြည်သားများသည် ဗုဒ္ဓအား ခရီးဦးကြိုပြုကာ ရှိခိုးပူဇော်ပြီး ဖူးမြော်ကန်တော့ကြလေ။

ကောသမ္ဗီပြည်သူ ပြည်သားများသည် ဘုရားရှင်၏နောက်မှ ပါလာသော သာဂတမင်းရဲ့သည် အခိုးအလျှံ အဆိပ်ပြင်းတန်သော နဂါးကြီးအား အောင်နိုင်ခဲကြောင်း ကြားသိထားပြီးဖြစ်၍ မင်းရဲ့ကို အလွန်လေးစားကြည်ညိုကာ မင်းရဲ့၏ အပါးသို့ ကပ်၍-

'အရှင်ဘုရား ဘာမျှား အလိုရှိပါသလဲ၊ အလိုရှိရာကို မိန့်ကောင်းမူပါ၊ တပည့်တော်တို့လျှဒါနိုးပါဖယ်' ဟု လျှောက်ထားကြလေ။

မင်းရဲ့သည် မည်သို့မျှ နှုတ်တုံ့မပြန်ပဲ ဆိတ်ဆိတ်သာ နေ**လေသည်။**

ဆင့်ဂို ဟုခေါ်သည် သာဂတမင်းရဲ့အား လူအများက အရေးကယ်ပြုသည်ကို မြင်ကြရသောအခါ မနာလိုစိတ်ဖြစ်ကြသည်နှင့် ဒကာတို့အနားကပ်၍-

'ဟဲ့ ဒကာတို့ ဒီမင်းရဲ့ဟာ ခိုးခြေရောင်အဆင်းရှိတဲ့ သရဲကို အလွန်နှစ်သက်တယ်၊ ပစ္စည်းလေးပါးဆိုတာ လှတို့လွယ်တယ်၊ ဘေရည်ဆိုတာ လှရခဲတယ်၊ သရဲကိုသာ လှကြ' ဟု တိုးတိုးပြောကြလေ။

ဒကာတို့လည်း ဆဗ္ဗဂ္ဂိရဟန်းတို့ ပြောသည့်ကို အဟုတ်ထင်ကာ သေရည်ကို ဇလောင်းလှူရန် ပြင်ဆင်ထားပြီး၊ သာဂတမထေရ် ဆွမ်းခံကြွလာသောအခါ ဒသရည်ကို ဇလောင်းလှူကြလေသည်။ မထေရ်လည်း သေရည်ကို မမြင်ဘူး မတွေ့ဘူးသောကြောင့် သောက်သုံးရှိသွားရာ မြို့တံခါးဝ၌ မူးလဲနေလေ၏။ ဗုဒ္ဓဘုရားရှင်သည် ဆွမ်းခံကြွရာမှ မထေရ်လဲသည်ကို မြင်တော်မူသောအခါ လူတို့ကိုခေါ်၍ မထေရ်အား သယ်ဆောင်စေ၏။

လူတို့သည် မထေရ်အား သယ်ဆောင်လာကြပြီး ဘုရားရှင်ဖက် ခေါင်းထား၍ သိပ်၏။ မူးနေသော မထေရ်သည် လူးလှိမ့်ပြီး ဘုရားရှင်ဖက် ခြေထားကာ အိပ်လေတည်း။ လူတို့က ထို မထေရ်သည် ဘုရားရှင်ကို အလွန်ရိုသေ၏။ သေရည် သေရက် သောက်စားသောကြောင့်သာ ဘုရားမှန်းမသိ ဖြစ်ရရှာသည်ဟု ပြောဆိုကြလေသည်။

ဗုဒ္ဓဘုရားရှင်သည် ကောသမ္ဗီပြည်မှ ရဟန်းများကို ခေါ်တော်မူ၍ သေအရက်ကို ရဟန်းများ မသောက်စားရ သောက်စားလျှင် သုဒ္ဓပါစိတ် အာပတ် သင့်စေသည်ဟု ပညတ်တော်မူလေ၏။

မှတ်ချက်။ ။သုရာမေရယ သိက္ခာပုဒ်၌ သေရည် ငါးပါး ဆိုသည်မှာ-

၁။ ပိဋ္ဌသူရာ= မုံ့ဖြင့်ပြုလုပ်သော သေရည်
၂။ ပူဝသူရာ= မုံ့ညှက်ဖြင့်ပြုလုပ်သော သေရည်

၃။ သြဒနသုဏာ= ထမင်းဖြင့်ပြုလုပ်သော သေရည်
၄။ ကိဏ္ဏပက္ခိတသုရာ = တဆေး ခပ်၍ ပြုလုပ် သော သေရည်
၅။ သမ္ဘာရသံယုတ္တာသုရာ = ဇီးဖြူ ရှစ် ရှား သဖန်းခါး တို့ဖြင့် စိမ်၍ ပြုလုပ်သော သေရည် စသည်တို့ ဖြစ်၏။

အရက်ငါးပါးဆိုသည်မှာ

၁။ ပုပ္ပါသဝ-ပန်းပွင့်ဖြင့် ပြုလုပ်သော အရက်
၂။ ဖလာသဝ-သစ်သီးဖြင့် ပြုလုပ်သောအရက်
၃။ မဓုသဝ- မုဒရုအသီးကို ပြုလုပ်သောအရက်
၄။ ဂုဠသဝ-ထန်းလျက်ကို ပြုလုပ်သောအရက်
၅။ သမ္ဘာရသံယုတ္တမရယာ - ဆေးထူးထူးသော အသီး အပွင့်တို့ကိုရောနှောချက် ပြုလုပ်သောအရက် စသည်တို့ ဖြစ်၏။

သာဝက-၅ ၂။

ဗုဒ္ဓ ရှင်တော်ဘုရားသည် သာဝတ္ထိပြည်တွင် သီဟင်းသုံးနေ တော်မူစဉ် ဆဗ္ဗဂိုရဟန်းတို့ဘည် သတ္တရသဝဂို ရဟန်းများအား လက်ကဟီးရှိုင်းကြားတို့၌ လက်ချောင်းများဖြင့်ကလိထိုးကြ၏။ သတ္တရသဝဂိုရဟန်းအချို့ ဈေရယ်လွန်ကာ ဒေသထုံးကြမလသည်း ထိုအကြောင်း ဗုဒ္ဓဘုရားရှင်ကြားသိမလလျှင် ဆဗ္ဗဂိုရဟန်းများ

အား ခေါ်၍ ကဲ့ရဲ့ပြစ်တင်တော်မူပြီးလျှင် သူတပါး၏ ဂျိုင်းကြားသို့ လက်ချောင်းမသွင်းရ၊ ကလိမ့်ထိုးရ၊ ထိုးခဲ့လျှင် သုဒ္ဓပါစိတ် အာပတ်သင့်စသည်ဟု ပညတ်တော်မူ၏။

သာဓက-၅၃။

ဗုဒ္ဓဘုရားရှင်သည်သာဝတ္ထိပြည်တွင်သီတင်းသုံးနေတော်မူစဉ် သတ္တရသဝဂ္ဂီ ရဟန်းများသည် အစိုရဝါသီမြစ်၌ ရေချိုးကြရင်း ပြုံးလှားသတ်ပုတ် ဆော့ကစားကာ ရယ်မြူးကြ၏။ ရဟန်းတို့မြူးတူးဆော့ကစားနေသည်ကို ကောသလမင်းကြီးနှင့် မလ္လိကာမိဖုရားတို့ မြင်သဖြင့် ကျောင်းတော်သို့ သွားကာ ရဟန်းများ ရေ၌မြူ တူး ဆော့ကစားနေကြောင်း ဗုဒ္ဓကို လျှောက်ထားကြလေသည်

ဘုရားရှင်သည် သတ္တရသဝဂ္ဂီ ရဟန်းများကို ခေါ်တော်မူပြီးလျှင် ကဲ့ရဲ့စကားဆိုရှိ ရဟန်းများ ရေ၌မြူးတူး ဒေါ့ပါး ဆော့ကစားခြင်းမပြုရပြုခဲ့လျှင် သုဒ္ဓပါစိတ် အာပတ်သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက-၅၄။

ဗုဒ္ဓဘုရားရှင် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်းတွင် သီတင်းသုံးနေတော်မူစဉ် ရှင်ဆန္ဒမ္ဘထေရ်သည် ဗုဒ္ဓပညတ်တော်မူထားသော သိက္ခာပုဒ်တော်များကိုမလိုက်နာပဲ **မရှိမသေမလေး**

မစား ကျင့်ကြံနေထိုင်၏ထိုအကြောင်းသံယောဇဉ်များ သိလ လျှင် ဗုဒ္ဓအားတိုင်ကြားလျှောက်ထားကြ၏။

ဗုဒ္ဓသည် ရှင်ဆန္ဒမထောရ်အား ခေါ်တော်မူပြီးလျှင် ကဲ့ရဲ့စကားဆိုရှိ မည်တ်ထားသော သိက္ခာပုဒ်ခေတ်ကို မလိုက်နာသော ရဟန်းအား သုဒ္ဓပါစိတ်အာပတ်သင့်ကြောင်းသည်ဟု ပညတ်တော်မူ၏။

သာဂ–၅၅။

ဗုဒ္ဓဘုရားရှင် သာဝတ္ထိပြည်တွင် သီတင်းသုံးနေတော်မူစဉ် ဆပ္ပဂိုရဟန်းတို့သည် သတ္တရသာဝဂိုရဟန်းများအား ကြောက်လန့်အောင်ချောက်လန့်ကြ၏။သတ္တရသာဝဂိုရဟန်းများ ကြောက်လန့်ငိုယိုသည်ကို သံယောဇော်တို့ ကြားသိလျှင် ဗုဒ္ဓအားတိုင်ကြား လျှောက်ထားကြလေ၏။

ဗုဒ္ဓသည် ဆပ္ပဂိုရဟန်းများကို ခေါ်တော်မူပြီးလျှင် များစွာ ကဲ့ရဲ့ပြစ်ဒဏ်ခြင်းပြုပြီးနောက် ရဟန်းများ အချင်းချင်းကြောက် လန့်အောင်မချောက်လှန့်မှု၊ချောက်လှန့်ခဲ့လျှင် သုဒ္ဓပါစိတ် အာ ပတ်သင့်စေသည်ဟု ပညတ်တော်မူ၏။

သာ၀က–၅၆။

ဗုဒ္ဓဘုရားရှင်သည် သက္ကတိုင်း မိဂဒါဝုန်တောတွင် သီတင်း သုံးနေတော်မူစဉ် ဆောင်းလအခါ၌ ရဟန်းတို့သည် ချမ်းသဖြင့် အခေါင်းရှိသော သစ်ပင်ခြောက်ကိုမီးရှို့ပြီး မီးလုံကြ၏။

ထိုအခါ သစ်ပင်ခေါင်းဌ နေထိုင်သော မြွေဟောက်သည် မီးပူဒသာကြောင်း သစ်ခေါင်းမှထွက်ဘာရဟန်းများကို ပေါက်ရန် လိုက်လေသည်။ ရဟန်းများလည်း မြွေဟောက်လိုက်သော ကြောင့် ကြောက်လန့်တကြားပြေးလွှားကြလေသည်။

ထိုအချင်းအရာကို ဗုဒ္ဓဘုရား မြင်ဟော်မူလေလျှင် ရဟန်းများကို ခေါ်ဆောင်မူကာ ကဲ့ရဲ့ ပြစ်တင်စကားဆိုပြီး ရဟန်းများ သည်မနာမဖျားပဲနှင့် မိဒိကိုယ်တိုင်သော်လည်းဖကောင်းသတ်ပါးကို စေခိုင်းရှိသော်လည်းနောက်ခေါင်း မီးမထည့်ရ၊ မီးခတ်ကိုထည့်ခဲ့လျှင် သုဒ္ဓပါစိတ် အာပတ်သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက—၅၇။

ဗုဒ္ဓရှင်တော် မြတ်ဘုရားသည် ရာဇဂြိုဟ်ပြည် ဇေတဝန်ကျောင်းတွင် သီဘင်းသုံးနေတော်မူစဉ် ရဟန်းများသည်ကပေါ ဒါမြစ်ဌမရေချိုးကြ၏။

ဗိမ္ဗိသာရမင်းကြီးသည် ခေါင်းဆေးရန်မြစ်သို့လား၏။ ရဟန်းများသည် ရေကိုအကြာကြီး ချိုးနေကြသောကြောင့် မင်းကြီး စောင့်ဆိုင်းနေရလေသည်။

ရဟန်းများသည် မိုးချုပ်မှ မြစ်က တက်သွား ကြ၏။ မင်းကြီးလည်းညဉ့်ရောက်မှ ခေါင်းကိုဆေးလျှော်ရလေတည်။ နံနက်မိုးသောက်အလင်းသို့ ရောက်လေလျှင် မင်းကြီးသည် ဘုရားကျောင်းတော် သွားရှိမှုနှင့် အဖြစ်အပျက်ကို လျှောက်ထား

လေ၏။ ဗုဒ္ဓသည် မင်းကြီးအား တရားဓမ္မများ ဟောကြားပြီး ပြန်လွှတ်လိုက်၏။

ပြီးလျှင် ရဟန်းများကို ခေါ်တော်မူ၍ ရေချိုးသည့်နေ့မှ စ၍ လခွဲမပြည့်မီ နောက်ဘဖန်ရေမချိုးရ၊ လခွဲမပြည့်ဘဲ ရေချိုးလျှင် သို့ဒုဿီစိတ် အာပတ်သင့်သည်ဟု ပညတ်တော်မူ၏။

သို့သော် ပူးသောအခါ၊ အိုက်သောအခါ၊ ယူဇနာခွဲခန်းရိုးကို သွားပြီး သွားဆဲ သွားလတ္တံ့သောအခါ၊ မြို့မှန်ဖုံတို့ ထလျက် ခိုးလက်ခံလပြင်း ကျသောအခါ၊ ဤသို့သောအခါမျိုးများတွင် ရေချိုးနိုင်သည်ဟု ခွင့်ပြုတော်မူ၏။

သာဝက–၅၁။

ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်၌ သဟင်းသုံးနေတော်မူစဉ် မျှားဝှေ့ရသော ရဟန်းတို့သည်သည်းကောင်း၊ ပရဇိုဇ်ရဟန်းများ သည်လည်း ကောင်း သာဂေတ ပြည်မှသည် သာဝတ္ထိ ပြည်သို့ လာကြ၏

သမားခရီးဟောင်း ခိုးသား ဝေးပြများသည် ထိုရဟန်းတို့ထံမှ ဝတ်နီများကိုလုယူကြသည်။ ထိုအခါသာဝတ္ထိပြည်မှသာသော မင်းမှူးသမီးများနှင့် ခိုး ဝေးဝေးပြတို့ ဆုံမိကြကာ ဝေးပြများကို ဖမ်းဆီးလိုက်ကြလေ၏။ မင်းမှူးသမီးတို့သည် ဝေးပြများထံမှ သဝတ်နီးများကို ယူခဲ့ပြီးလျှင် ရဟန်းများအား—

'ဘရာဟ်ဝေါဟားတို့ ကိုယ့်သဝတ်နီးကိုယ် ရွေးယူတော်မူကြပါ'ဟု အကြီးဆုံးကပြစ်သူက လျှောက်၏။

ရဟန်းတို့သည် ကိုယ့်သယ်နှီးကိုယ်မမှတ်မိဘဲ ရှိကြ၏လည်း ထိုအခါမင်းမှူထမ်းများက ရဟန်းများသည် ကိုယ့်သယ်နှီးကိုယ် မမှတ်မိ လောက်အောင်ပင် မှတ်ဉာဏ်နည်းရ ကောင်းလားဟု အပြစ်ပြောဆို ကဲ့ရဲ့ကြလေသည်။

ထိုအကြောင်းကို ဗုဒ္ဓဘုန်းရှင် ကြားသိတော် မူလျှင်၊ သယ်နှီးကို ကပ္ပဒိန္နုထိုး၍ သုံးဆောင်ရမည်၊ ကပ္ပဒိန္နုမထိုးဘဲ သုံးဆောင်လျှင် သုဒ္ဓပ စိတ် အာပတ် သင့်စေသည်ဟု ပညတ်တော်မူ၏။

မှတ်ချက်။ ။ကပ္ပဒိန္နု ထိုးခြင်းဆိုသည်မှာ မူလအရောင် အဆင်း မပျက်စေခြင်းငှာ စိမ်းညိုသော အရောင်အဆင်းဖြင့် လည်းကောင်း၊ ရွှဲနီ အဆင်းဖြင့် လည်းကောင်း၊ ဝါသော အဆင်းဖြင့် လည်းကောင်းပြုလုပ်ခြင်းကိုဆိုလိုသည်။

သာဓက—၅၉။

ဗုဒ္ဓဘုရားရှင် သာဝတ္ထိပြည်တွင် သီဟင်းသုံးနေတော်မူစဉ် ရှင်ဥပနန်သည် အတူနေသော တပည့်ရဟန်းအား သယ်နှီးကို ဝိဏာပွန်းပြု၍ ပစ္စုဒ္ဓိရိမပြုဘဲသုံးဆောင်စေသည်။

ထိုကအကြောင်းကို ဗုဒ္ဓဘုရားရှင် ကြားသိတော် မူလျှင် ရှင်ဥပနန်ကို မျှားစွဲ ကဲ့ရဲ့တော်မူ၍ သယ်နှီးကို ဝိဏာပွန်း ပြု၍ ပစ္စုဒ္ဓိရိမပြုဘဲ သုံးဆောင်လျှင် သုဒ္ဓပ စိတ် အာပတ် သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက–၆၀။

ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်တွင် သီဘင်းသုံးနေတော်မူစဉ် ဆဗ္ဗဂိုဏ်ရဟန်းတို့သည် သတ္တုရသဝဂို ရဟန်းများ၏ သဃ်နီးသမိတ် ပရိက္ခရာဝတ်သည်တို့ကို ဝှက်ထားလောင်ကြောင့် ထိုသတ္တုရသဝဂို ရဟန်းများနှလုံးမသာမယာဖြစ်ကာ ငိုကြွေကြသည်။

ထိုအကြောင်း ဗုဒ္ဓမြတ်စွာ ကြားသိတော်မူလျှင် ဆဗ္ဗဂို ရဟန်းများအား ခေါ်တော်မူ၍ ကဲ့ရဲ့တော်မူပြီးလျှင် သဃ်နီးသမိတ် စသောပရိက္ခရာများကို ဝှက်မထားရ ဝှက်ထားလျှင် သဒ္ဓါပါစိတ်အားပတ် သင့်စေဟု ပညတ်တော်မူ၏။

သာဓက–၆၁။

ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်တွင် သီဘင်းသုံးနေတော်မူစဉ် ဥဒါယိရဟန်းသည် ခေါ်ဆောင်ရာတော်ကို တတ်သည်ဖြစ်၍ ကျေးဌက်များကို မုန်းတားသောကြောင့် ခေါ်နှင့်မစ်ကာသတ်ဖြတ်ပြီးလျှင် ကျေးဌက်တို့၏ ဦးခေါင်းကို ဖြတ်လျက်ကြိုးနှင့် သီထား၏။

ကြိုးနှင့် သီထားသော ကျေးဌက်တို့၏ ဦးခေါင်းတို့ကို သံယာတော်များ တွေ့မြင်ကြလျှင်–

'ဒါဘယ်သူ သတ်တာလဲ'

'ဘာပြုလို့ ကျေးဌက်တွေကိုသတ်ရတာလဲ'

စသည်ဖြင့် စကားပြန်းကြ၏။

ထိုအခါ ဥဒါယီက–

'ငါသတ်တာ ကျိုးငှက်ရှုတ်ခတ်တွေကို ငါမှုန်းလို့ သတ်တာ'ဟု ရဲဝင့်စွာ ဝန်ခံလေသည်။

သံဃာတော်တို့သည် ဥဒါယီရဟန်း ကျိုးငှက်များကိုသတ်ကြောင်း ဗုဒ္ဓအားလျှောက်ထားတိုင်ကြားကြလေ၏။

ဗုဒ္ဓသည် ဥဒါယီကိုခေါ်၍ များစွာ ပြစ်တင် ကဲ့ရဲ့တော်မူပြီးလျှင် အသက်ရှိသော သတ္တဝါတို့၏ အသက်ရှိမှုန်းသိလျက် တိရစ္ဆာန်များကို သတ်ဖြတ်ခြင်းမပြုရ၊ ပြုလုပ်ခဲ့လျှင်သုဒ္ဓပါစိတ် အာပတ်သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက–၆၂။

ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်တွင် သီတင်းသုံးနေတော်မူစဉ် ဆဗ္ဗဂိုရဟန်းတို့သည် ပိုးရှိသောရေကို သုံးဆောင်ကြ၏။ ထိုအကြောင်း ဗုဒ္ဓဘုရားရှင် သိတော်မူလျှင် ရေတွင်ပိုးရှိမှုန်း သိလျက်နှင့် ရေရစ်ဖြင့်မစစ်ပဲ သုံးဆောင်၍၊ သုံးဆောင်လျှင် သုဒ္ဓပါစိတ်အာပတ်သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက-၆၃။

ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်တွင် သီတင်းသုံးနေတော်မူစဉ် ဆဗ္ဗဂိုရဟန်းတို့သည် တရားနှင့်ညီစွာ ပြီးပြီမ်းပြီးသား

အမှုကို တပန်ထပ်မံ၍ လှုပ်ရှားခဲ့ကျက်ခြားအောင် ပြုလုပ်ကြ၏။

ထိုအခြောင်း ဗုဒ္ဓမြတ်စွာဘုရားကြားသိခဲ့တော်မူလျှင် ဆဗ္ဗဂို့ရဟန်းတို့ကိုခေါ်၍ တရားနှင့်အညီ ပြိုးငြိမ်းပြီးသား အမှုကို နောက်ထပ် ခြောက်ခြားအောင်မပြုလုပ်ရ၊ ပြုလုပ်ခဲ့လျှင် သုဒ္ဓပါစိတ်အာပတ် သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓကဖွဲ့ ၄။

ဗုဒ္ဓဘုရားရှင် သာဝတ္ထိပြည်တွင် သီတင်းသုံးနေတော်မူစဉ် ရှင်ဥပုန်ရဟန်းသည် သုက်လွတ်သည်ကို အတူနေမဟန်းအား ပြောပြ၍ သံဃာတော်တို့ကို ပရိဝါသ်ခံတောင်းပြီးလျှင် ပရိဝါသ်နေ၏။

ထိုအခြောင်း သံဃာတော်ဘို့ မေးမြန်းကြသော အခါ ရှင်ဥပုန်က အလိုအလျောက် သုက်လွတ်ခြင်းမဟုတ်ဘဲ အာရုံခံစားရ၍ လွတ်အောင်ပြုလုပ်ကြောင်း ပြောကြားသည်။

သံဃာတော်များသည် ထိုအခြောင်း ဗုဒ္ဓဘုရားရှင်အား တိုင်ကြား လျှောက်ထားကြ၏။

ဗုဒ္ဓသည် ရှင်ဥပုန်နှင့် ၎င်း၏ဘယ်ရဟန်းကို ခေါ်တော်မူကာ ရှင်ဥပုန်အားမျှားစွာ ရှုတ်ချကဲ့ရဲ့ပြီးလျှင် အကြင်ရဟန်းတဦး၏ ရှုန့်ရင်းသော သံယောဇဉ်သိသ်အာပတ်ကို သိလျက်နှင့်ဖုံးကွယ်ထားလျှင် သုဒ္ဓပါစိတ်အာပတ် သင့်စေသည်ဟု ပညတ်မတော်မူ၏။

သာဓက–၆၅။

ဗုဒ္ဓဘုရားရှင် ဆုဇင်ကြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်တွင် သီတင်းသုံးနေတော်မူစဉ် ဥပါလိအမည်သော သူငယ်၏ မိခင်သည် မိမိ၏သားငယ်အား သံသရာထဲတွင် ဆင်းရဲမည်စိုးသဖြင့် သားအား ရဟန်းပြုရန်ပြော၏။

ဥပါလိသည် အဖေ၊သူငယ်ချင်းများအား ရဟန်းဝတ်ရန် တိုင်ပင်သည်။ အဖေ၊ သူငယ်ချင်းများကလည်း သဘောတူ ကြသည်နှင့် မိဘများကို ပန်ကြားရာ မိဘများ သဘောတူ သည်နှင့် သံဃာတော်တို့ထံသွား၍ ရဟန်းပြုကြလသည်။

ဥပလိနှင့် အဖေ၊သူငယ်ချင်းများသည် ညအိပ်သောအခါ ဆာလောင် မွတ်သိပ်သဖြင့် ထမင်းပေးပါ ယာဂုပေးပါဟု တောင်းကြသည်။ မရသောအခါ ငိုကြယိုကြလေ၏။ ငိုယိုသံ များ ဗုဒ္ဓဘုရားရှင်ကြားသိလလျှင် ရှင်အာနန္ဒာအား ခေါ်၍ ပေးမြန်းတော်မူ၏။

ရှင်အာနန္ဒာက သူငယ်များကို ရဟန်းပဋိဉာဉ်ပြု ဆာခဲလောင် မွတ်သိပ်ပြီး ငိုယိုကြကြောင်း လျှောက်ကားလေသည်။ ဗုဒ္ဓသည် သံဃာတော်တို့အား စုဝေးစေကာ အသက် (၂၀) မပြည့်သေး သူအား ရဟန်းပဋိဉာဉ်ပြုမပေးရ၊ ပြုပေးခဲ့လျှင် သုဒ္ဓပါစိတ် အာပတ်သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက–၆၆။

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် သာဝတ္ထိပြည်တွင် သီတင်းသုံး နေတော်မူစဉ် လှည်းကုန်သည်တို့သည် ဆုဇင်ကြိုဟ်ပြည်မှအနောက်

မြောက်အရပ်သို့ သွားကြ၏။ မထင်ရှားသော ရဟန်းများသည် လှည်းကုန်သည်တို့နှင့် အတူ လိုက်ပါရစေခဲ့ကာ လိုက်ပါသွားကြလေသည်။

လှည်းကုန်သည်တို့သည် နယ်ခြားသို့ရောက်သောအခါ နယ်ခြားကင်းခွန်ကို မပေးဆောင်ဘဲ သွားကြ၏။ ထင်းစောင့်မင်းမှထမ်းများသည် ကင်းခွန် မပေးဆောင်ဘဲသွားသော လှည်းကုန်သည်များနောက်သို့ လိုက်ကြကာ လှည်းကုန်သည်တစ်ထပ်မှ ဥစ္စာပစ္စည်းများကို လုယူကြလေသည်။ လှည်းကုန်သည်များနှင့် အတူ ပါလာသော ရဟန်းများကိုလည်း-

'အရှင်ဘုရားတို့ ဘယ်လို လှည်းကုန်သည်တွေနဲ့ အတူ လိုက်လာရသလား၊ တရားပျက်ကွက် ခိုးဝှက်ဝဲ့ သူခိုးတွေနဲ့ လိုက်လာရသလား၊ တွေ့ကြပါ- သူတို့က အဝတ်ကို ဝတ်ဆင်ထားပြီး သူယုတ်မာတွေနဲ့ အတူ ခရီးသွားရသလား' ဟု ဆိုကာ ပုတ်တော်၍ လွှတ်လိုက်ကြရ၏။

ရဟန်းများသည် သာဝတ္ထိပြည်သို့ ရောက်သောအခါ ထိုအရပ်ကြောင်း တံသာတော်တို့ဆီသို့ ပြေး ပြ၏။ သံသာတော်တို့က ဗုဒ္ဓဘုရားကို လျှောက်ထားခဲ့သည်။ ထိုအခါ ဗုဒ္ဓက မသမာသော လုံခဲ့ကြီးများနှင့် တိုင်ပင်၍ 'တရားကြောင်းဟည်းသော ခရီးတွင် ရှည်ဝေးအတူ မသွားရ၊ သွားခဲ့လျှင် သုဒ္ဓပါစိတ် အာပတ်သင့်စေသည်ယူ ပညတ်တော်မူ၏။

သာဝတ္ထု—၆၇။

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် သာဝတ္ထိပြည်တွင် သီတင်းသုံးနေတော်မူစဉ် မထင်ရှားသော ရဟန်းတပါးသည် ကောသလဇနပုဒ်မှ သာဝတ္ထိပြည်သို့ သွားလို၍ ရှာတံခါးမှထွက်လာသည်တွင် လင်ရှိသော အမျိုးသမီးတယောက်လည်း ထိုရဟန်းကို မြင်သဖြင့်—

'အရှင်ဘုရား ဘယ်အရပ်ကို သွားမှာပါလဲ' ဟု လျှောက်မေး၏။

'ငါ သာဝတ္ထိကို ကြွမယ်'

'တပည့်တော်မလဲ သာဝတ္ထိကို သွားမလို့ အဖော်မရှိဘာနဲ့ စောင့်နေပါတယ်၊ အရှင်ဘုရားနဲ့ အတူ တပည့်တော် လိုက်ခဲ့ပါရစေ'

အမျိုးသမီးတောင်းပန်လျှင် ရဟန်းက လိုက်ခွင့်ပြုလိုက်၏။ သူမ၏လင်ယောကျ်ားသည် နေကာမ်မှလိုက်လာသည်၊ လမ်းတွင် တွေ့ရသူများအား သူ့ဇနီးကို တွေ့ပါသလား ဟုမေး၏။ အမေးခံရသူများက ရဟန်းတပါးနှင့် အတူသွားသည်ကို တွေ့ရကြောင်း ပြောကြားကြလေသည်။

အမျိုးသမီး၏လင်ယောကျ်ားသည် မိမိဇနီးအား ရဟန်းလည်ပြုပြီးခေါ်သွားတာဖြစ်ရမည်ဟု တွေးကာ ဒေါသတွက်၏။ ရဟန်းနှင့် သူ့ဇနီးအား မှီနိုင်ရန်ပြေးလိုက်သည်။ မကြာမီတွင် အမျိုးသမီးနှင့် ရဟန်းကို သူမှီလာသည်။ ဘာမပြောညာမခြော

ရဟန်းအား ထိုးကြိတ် ပုတ်ခတ် ထုထောင်းခဲလေတော့သည်။ အမျိုးသမီးမှာလည်း အံ့အားသင့်နေ၏။

ရဟန်းသည်ရှေ့ရှိ အလျင်သွားနှင့်ကာ သစ်ပင် တမင်ရင်း တွင်ထိုင်လျက် စကျွဲ့ခြေခြုံ၍ တရားကိုတားဆီခံပြုနှလုံးသွင်းနေ လေသည်။ အမျိုးသမီးသည် အပြစ်မဲ့ဖြစ်သော ရဟန်းအား လင်ယောကျ်ားက အထင်မှားကာ ထုထောင်းရိုက်နှက်ခဲသောကြောင့် စိတ်မခံကာင်းဖြစ်နေမိခဲလေသည်။ သူ့ကို ဇနီးမောင်နှံ သည် တယောက်ကို တယောက် စကားမပြောပဲ ရှေ့ဆက်လျှောက်လာ ကြသည်။ သစ်ပင်ရင်းတွင်ထိုင်၍ တရားအာရုံပြုနေသော ရဟန်း ကိုတွေ့လျှင် အမျိုးသမီးက-

'ရှင်ဟာ သူတော်သူမြတ်ကို ကိုယ်ထိလက်ရောက် စော်ကား ခဲ့တယ်၊မကြာခင်ရှင့်ကို မြေမျိုလိမ့်မယ်၊ကျွန်မရှင်နဲ့အတူမသွားရဲ ဘူး၊ ရှင့်ဘာသာသွားခေတာ့'ဟုဆိုခဲလ၏။

သူမ၏ လင်ယောကျ်ားမှာ အလွန်ထိတ်လန့်ကြောက်ရွံ့ပြီး-

'ရှင်မရယ်—ငါ့ကိုခွင့်လွှတ်ပါ၊ငါသူတော်ကောင်းကို အထင် မှားခဲ့မိတယ်၊ငါ့ကိုကယ်ပါအုံး'ဟုတောင်းပန်၏။

'ကျွန်မ ကယ်လို့မရဘူး၊အရှင်မြတ်ကျေနပ်အောင် ရှင်သွား တောင်းပန်ချည်'

အမျိုးသမီးပြောတော့ ယောကျ်ား ရဟန်းထံ သွားရှိခိုးတုပ် လက်အုပ်ချီကာ-

'အရှင်ဘုရား တပည့်တော်ပြုမိ မှားခဲ့တဲ့အပြစ်မျှားကိုတပည့် တော်အား သနားသဖြင့် ခွင့်လွှတ်တော်မူပါ ဘုရား'ဟုရှိကျိုးစွာ ပင် တောင်းပန်လေသည်။

ရဟန်းကခေါင်းညိတ်၍ ဘားခုခေါ်လိုက်သည်းပြီးနောက်ထို နေထူမှုခရီးဆက်ခဲ့ကာ သာဝတ္ထိပြည်သို့ရောက်သည်တွင် သံဃာ ၅တင့်တို့အားလမ်းခရီးမှ အတွေ့ကြုံကိုပြန်ပြောပြ၏။ ထိုအခါ သံဃာ၅တင်တို့သည် ရဟန်းကို ဗုဒ္ဓထံသို့ ခေါ်သွားကာ အကြောင်းစုံကိုဗုဒ္ဓ အားလျှောက်ထားကြလေသည်။

ထိုအခါ ဗုဒ္ဓဘုရားရှင်က မာတုဂါမနှင့်အတူ တိုင်ပင်ညှိနှိုင်းပြီး တကြောင်းထည်းသော ရှည်လျားသည့် ခရီးကို မသွားရဲသွားခဲ့ လျှင် သုဒ္ဓပါစိတိ အာပတ်သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက-၆ဂ။

ရှင်တော်မြတ်ဗုဒ္ဓသည် သာဝတ္ထိပြည်တွင် သီတင်းသုံးနေ တော်မူစဉ် ရှင်အရိဋ္ဌမ၊ထရ်သည် 'သောဟာပန်၊ သကဒါဂါမ်' တို့သည် အိမ်ရာတောင်ခြင်း၊ ရူပါရုံစသော အာရုံငါးပါးကို မှီဝဲခံစားခြင်းပြုတော်ငြားလည်း အပြစ်မရှိဟူဆိုကာ မိစ္ဆာအယူ ကိုယူသဖြင့် သံဃာတော်တို့က ထိုသို့မယူထိုက်ကြောင်း ဆိုဆုံးမ ကြမလေသည်။

ထိုအခါ ရှင်အရိဋ္ဌမထေရ်က-

"ဘုရားဟောတဲ့တရားတော်ကို ငါသိတယ်၊ အဲဒီအာရုံတွေ ကို ခံစားပို့ သောတာပန်၊ သကဒါဂါမ်တို့မှာ ဘာမှ ပြစ်မှု မရှိဘူး" ဟု တယူသန်ပြောကြားကာ သံဃာတော်တို့ ဆိုဆုံးမ သည်ကို မနာခံပဲနေလေသည်။

ထိုအခါ သံဃာတော်တို့သည် ယင်းမထေရ်အကြောင်း ဗုဒ္ဓအား လျှောက်ဆားတိုင်ကြားကြလေ၏။ ဗုဒ္ဓသည် ရှင်အရိဋ္ဌမထေရ်အား ခေါ်တော်မူ၍ စျာန်မဂ်ဖိုလ်၏ အနှစ်ထုယ်ကို ဖြစ်စဉ်တတ်သော ငါးပါးအာရုံ ကာမဂုဏ်ကို ခံစား၍ အပြစ်မရှိဟု မယူရ၊ ထိုအယူကို ယူသောရဟန်းအား ဉာတ်ကမ္မဝါစာဖြင့် ဆိုဆုံးမရမည်၊ ယင်းသို့ဆိုဆုံးမလျက်နှင့် ထိုအယူကိုမစွန့်လျှင် ထိုရဟန်းသည် သုဒ္ဓပါစိတ် အာပတ်သင့်၏ဟုပညတ်တော်မူလေသည်။

သာဓက–၆၉။

ဗုဒ္ဓပညတ်တော်ရပြီးသည့်တိုင် အရိယ မထေရ်သည် သူ့အယူကို မစွန့်ပဲနေ၏။ သံဃာကော်မျှားသည် ထိုမထေရ်ကို သံဃာ့အသိုင်းအဝန်းမှ ဖယ်ကြဉ်၍ထားကြသည်။ ထိုသို့ရှိစဉ် ဆဗ္ဗဂဏိရဟန်းများသည် အရိယဌမထေရ်အား သံဃာများက ဖယ်ကြဉ်ထားမှုနှင့်သိလျက်နှင့် ထိုမထေရ်နှင့်အတူ အိပ်ခြင်း၊ စားခြင်း၊ ကံကြီးကံငယ် ရှက်ဆောင်ခြင်းများ ပြုလုပ်ကြ၏။

ထိုအကြောင်း သံဃာတော်တို့က ဗုဒ္ဓမြတ်စွာ ဘုရားအား လျှောက်ထားကြလေသည်။ ဗုဒ္ဓမြတ်စွာသည် ဆဗ္ဗဂဏိရဟန်းများကို ခေါ်တော်မူပြီးလျှင် များစွာရှုတ်ချကဲ့ရဲ့၍ မိစ္ဆာအယူကို မစွန့်သောရဟန်းနှင့် ပေါင်းဖော်ခြင်းမပြု၊ ပြုခဲ့လျှင် သုဒ္ဓပါစိတ် အာပတ်သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက-၇၀။

ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်တွင် သီတင်းသုံးနေတော်မူစဉ် ကလ္လက အမည်ရှိသော သာမဏေသည်လည်း၊ အရိုင်ဋ္ဌမထေရ်ကဲ့သို့ မိစ္ဆာအယူကိုယူပြန်သဖြင့် သံဃာတော်တို့ သိ၍ဆိုဆုံးမသော်လည်း သူ့အယူကိုမစွန့်ပဲ နေသေသည်။

ထိုအခါသံဃာတော်များသည်ယင်း သာမဏေ၏အကြောင်း ဗုဒ္ဓဘုရားအား တိုင်ကြားကြလေ၏။ ဗုဒ္ဓသည် သာမဏေကို ခေါ်တော်မူပြီးလျှင် မျှားစွာရှုတ်ချကဲ့ရဲတော်မူ၏။ လူဝတ်ကို ချွတ်လဲခိုင်းစေ၏။ သံဃာတော်များသည် ကလ္လသာမဏေအား လူဝတ်လဲပေးကြသည်။

ဆဗ္ဗဂ္ဂိရဟန်းတို့သည် သံဃာတော်များက လူဝတ်ချွတ်လဲပေးထားသော သာမဏေလူထွက်အား သင်္ဃာ့ပရိက္ခရာတို့ကို ပေးရန် အလုပ်အကျွေးပြုကာ အတူနေထိုင်ကြလေသည်။ ထိုအကြောင်း သံဃာတော်တို့က ဗုဒ္ဓဘုရားအား လျှောက်ထားကြလေသည်။ ဗုဒ္ဓသည် ဆဗ္ဗဂ္ဂိရဟန်းတို့အား ခေါ်တော်မူပြီးလျှင် မျှားစွာပြစ်တင်ရှုတ်ချ၍ သံဃာများက လူဝတ်လဲပေးထားသော သာမဏေနှင့်အတူနေသော ရဟန်းများသည် သုဒ္ဓပါစိတ်အာပတ် သင့်စေသည်ဟု ပညတ်ပေးတော်မူ၏။

သာဓက-၇၁။

ရှင်တော်ဗုဒ္ဓသည် ကောသမ္ဗီပြည်၊ ဃောသိတာရုံကျောင်းတွင် သီတင်းသုံးနေစဉ် ရှင်ဆန္ဒမထေရ်သည် ဝိနည်း

တရားတော်နှင့် မလျော် မဝတ္တရားကျင့်ပုံသော အကျင့်ကို ကျင့်ကျင့်၏။ သံဃာတော်များက ဝိနည်းတရားနှင့်အညီ ကျင့်ရန် ဆိုဆုံးမကြသည်။ ရှင်ဆန္ဒမဟေရ်က—

'ငါ့ရှင်တို့ သင်တို့ငါ့ကို လေးမဆုံးကြနဲ့ သင်တို့ဆုံးမတာကို ငါမနာခံနိုင်ဘူး၊ ဝိနည်းသိက္ခာကျမ်းကျင်လိမ္မာတဲ့ ပဉ္စာလ်ကို မေးပြီးမှကျင့်ပေါ့' ဟုဆိုကာ သံဃာတော်များကို ငြင်းပယ်လိုက်ပေလတ်'။

ထိုဆင်းကြောင်း သံဃာတော်များက ဗုဒ္ဓဏီး တိုင်ကြားလျှောက်ထားကြသည်။ ဗုဒ္ဓသည် ရှင်ဆန္ဒမဟေရ်ကို ခေါ်ခေါ်တော်မူ၍ ဝိနည်းသိက္ခာနှင့်အညီ ဆုံးပါလျှက် မနာခံပဲ ဝိနည်းတော်ဘွဲ့ကို ပယ်ဖျက်ပြီး၊ ကျင့်ကျင့်ဟု သံဃာတော်များ ဆိုဆုံးမတာကို ငြင်းပယ်ပစ်ဆန်သည်ရှိသော် သုဒ္ဓပါတ် အာပတ် သင့်စေသည်ဟု ပညတ်တော်မူလေသည်။

သာဓက—၇၂။

ဗုဒ္ဓဘုရားရှင် သာဝတ္ထိပြည်တွင် သီတင်းသုံးနေတော်မူစဉ် ဗုဒ္ဓကိုယ်တော်တိုင် ဝိနည်းတရားကို ချီးမွမ်းတော်မူလျက် ရှင်ဥပါလိရဟန်းသည် ဝိနည်းတရားဌ ကျမ်းကျင်လိမ္မာကြောင်းကို လည်း ဗုဒ္ဓကချီးမွမ်းတော်မူလေသည်။

ထိုနေ့ ငယ်ရွယ်လတ်မကျန် ရဟန်းများသည် ရှင်ဥပါလိ ထံတွင် ဝိနည်းတရားကို သင်ယူကြလေ၏။ အဖျက်သမား အတိုက်အခံသမားရဟန်းဆိုးများဖြစ်ကြသော ဆဗ္ဗဂ္ဂိရဟန်းတို့

သည် ဝိနည်းတရား သင်ခြင်းသည် အကျိုးမရှိ၊ ကျေးဇူးမရှိ အကျိုးမဲ့သာဖြစ်သည်။ ပါတိမောက် ပြခြင်းသည်လည်းအကျိုးမရှိဟု ဆိုကာ ဝါဒဖြန့်ကြသောကြောင့် ဝိနည်းတရား သင်ယူနေကြသော ရဟန်းများမှာသို့လော၊ သို့လောဖြင့် သံသယကုက္ကုစ္စ ဖြစ်ကြလေသည်။

ထိုအကြောင်း သံဃာတော်တို့က ဗုဒ္ဓရှင်တော်ဘုရားအား လျှောက်ထား တိုင်ကြားလေရာ ဗုဒ္ဓရှင်တော်သည် ဆဗ္ဗဂိုရဟန်းများကို ခေါ်တော်မူ၍ မျှားစွာ ပြစ်တင်ရှုတ်ချတော်စူပြီးလျှင် ဝိနည်းတရားကို ကဲ့ရဲ့လျှင် ပါတိမောက်ပြသည်ကို အကျိုးမဲ့ဟု ပြောကြားလျှင် သုဒ္ဓပါ ဖိတ်အာပတ် သင့်စေသည်ဟု ပညတ်တော်မူ၏။

။

သာဓက-၇၃။

ဗုဒ္ဓရှင်ကော်သည် သာဝတ္ထိပြည်တွင် သီတင်း သုံးနေတော်မူစဉ် ဆဗ္ဗဂိုရဟန်းတို့သည် ပါတိမောက်ပြရာတွင် နှာဘူးသဖြင့် အာပတ် သင့်စေတတ်သော အကြောင်းများကို သိလျက်နှင့် မသိယောင်ပြုလျက်သာ နေကြသည်။ လခွဲတကြိမ် ပါတိမောက် ပြသောအခါတွင် "ငါတို့ခုမှ နှာဘူးတယ်" ဟု ဆိုကြ၏။

ဆဗ္ဗဂိုရဟန်းတို့သည် ပါတိမောက် ပြသည်ကို အကြိမ်ကြိမ်လည်း နှာဘူးသည်၊ အာပတ်သင့်စေတတ်သော အကြောင်းများကိုလည်း သိကြသည်။ သို့သော် မသိယောင်ပြု၍သာ နေကြလေသည်။

ထိုအကြောင်း သံဃာတော်တို့က ဗုဒ္ဓ ရှင်တော်မြတ် ဘုရားအား တိုင်ကြား လျှောက်ထားကြလေသည်။ ဗုဒ္ဓသည် ဆဗ္ဗဂို့ရဟန်းများကို ခေါ်ခေါ်တော်မူ၍ ကဲ့ရဲ့ပြီးလျှင်၊ ရဟန်းကျင့်ဝတ်ကို သိလျက်နှင့် မသိယောင်ပြုလျှင် သုဒ္ဓပါစိတ်အာပတ် သင့်စေသည်ဟု ပညတ်တော်မူ၏။

သာခက-၇၄။

ဗုဒ္ဓဘုရားရှင် သာဝတ္ထိပြည်တွင် သီတင်းသုံးနေစဉ်တော်မူစဉ် ဆဗ္ဗဂို့ရဟန်းတို့သည် အမျက်ထွက်သဖြင့် သတ္တရသဝဂ် ရဟန်းများအား ပုတ်ခတ်ကြ၏။ သတ္တရသဝဂ် ရဟန်းများ ငိုယိုကြသောအခါ သံဃာတော်များ သိ၍ ဗုဒ္ဓရှင်ကြီးဘုရားအား လျှောက်ထားကြလေသည်။ ထိုအခါ ဗုဒ္ဓက ရဟန်းအချင်းချင်း အမျက်ထွက်၍ ပုတ်ခတ်လျှင် သုဒ္ဓစိတ်အာပတ် သင့်စေသည်။ လူများကို လည်းကောင်း၊ သာမဏေများကို လည်းကောင်း၊ တိရိစ္ဆာန်များကို လည်းကောင်း ပုတ်ခတ်လျှင် ဒုက္ကဋ်အာပတ် သင့်စေသည်ဟု ပညတ်သော်မူ၏။

သာခက-၇၅။

ရှင်တော် မြတ်ဘုရားသည် သာဝတ္ထိပြည်တွင် သီတင်းသုံးနေတော်မူစဉ် ဆဗ္ဗဂို့ ရဟန်းတို့သည် အမျက်ထွက်သဖြင့် သတ္တရသဝဂ်ကို ရဟန်းများအား လက်စားဖြင့် ပုတ်ခတ် ကြပြန်၏။

ထိုအကြောင်း ဘုရားရှင် သီဟတော်မှ၍ လက်ဝါးဖြင့် ပုတ်ခတ်လျှင် သုဒ္ဓပါစိတ်အာပတ် သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက-၇၆။

ဗုဒ္ဓဘုရားရှင် သာဝတ္ထိပြည်တွင် သီတင်းသုံး နေတော်မူစဉ် ဆဗ္ဗဂိ ရဟန်းတို့သည် ၎င်းတို့ကိုယ်တိုင် တကယ်မြင်ခြင်း ကြားခြင်းမရှိပဲနှင့် အခြားရဟန်းများအား သံယောဇဉ်သိသိ အာပတ်သင့်သည်ဟု စွပ်စွဲ ပြောဆိုကြ၏။ ထိုအကြောင်း ဗုဒ္ဓမြတ်စွာ ကြားသိတော်မူသည်နှင့် မိမိကိုယ်တိုင် တကယ် မြင်ခြင်း ကြားခြင်းမရှိပဲ ခိုင်လုံသော အထောက်အထား မပြနိုင်ပဲနှင့် သံယောအချင်းချင်း သံယောဇဉ်သိသိ အာပတ်ဖြင့် မစွပ်စွဲ မပြောဆိုရ၊ စွပ်စွဲ ပြောဆိုခဲ့လျှင် သုဒ္ဓပါ စိတ်အာပတ် သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက-၇၇။

ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်တွင် သီတင်း သုံးနေတော်မူစဉ် ဆဗ္ဗဂိ ရဟန်းတို့သည် သတ္တရသဝဂ္ဂိ ရဟန်းများအား ဖားသင်(၂၀) မပြည့်သေးပဲ ဘာ့ကြောင့်ရဟန်းဝတ်ကြသလဲ၊ မဋ္ဌက အသက်(၂၀)ပြည့်မှ ရဟန်းဝတ်ရန် ခွင့်ပြုသည်၊ သင်တို့ ရဟန်းမဟုတ်ဟု ဆိုသဖြင့်သတ္တရသဝဂ္ဂိ ရဟန်းများစိတ်ညစ်ညူးကြသည်။ ထိုအကြောင်း ဗုဒ္ဓရှင်တော် သီတော်မူလျှင်ဆဗ္ဗဂိ

ရဟန်းများကို ခေါ်တော်မူ၍ ရဟန်းဖြစ်မှန်း သိလျက်နှင့် သံသယ ကုက္ကုစ္စ ဖြစ်ခဲသော မေးပြောဆိုရာ၊ ထိုတို့ပြောဆိုလျှင် သုဒ္ဓေါ စိတ်အားပေတ် သင့်စေသည်ဟု မည်တော်တော်မူ၏။

သာဝတ္ထိ—၇၀။

ဘုရားရှင် သာဝတ္ထိပြည်ဟုတ် သီဝင်း သုံးနေ့တော်မူစဉ် သီဝင်နေ့ဖြစ်သော ဟန်းများ ကြွေးခုံခို ဝိုက်ရှိဖြစ်ကြ၏။ ဆဗ္ဗဂိုဏ် ရဟန်းတို့သည် ထိုသို့ကြွေးခုံ ခုံဝိုက်ရှိ ပြောပြားသည်ကို ကြားကြသည့် နောက်တွင် ကြီး ကောင်းတို့ ကုသိုလ်၊ တယ်ကြီးမားကြကုန်သည် ဟု ပြောကြကုန်သတည်း။ ထိုနောက်ကြားမှ ဗုဒ္ဓဘုရားရှင်သည် ရှေ့တော်ကြွ၍ ဆဗ္ဗဂိုဏ် ရဟန်းများကို ရဟန်းတို့ ရှေ့တော်ကြွ၍ ခုခံ ဆုံးမတော်မူ၏။ နှုတ်ခမ်းလျှင် သုဒ္ဓေါ စိတ်ပေတည်ဟု မည်တော်မူ၏။

သာဝတ္ထိ—၇၉။

ဗုဒ္ဓရှင်သည် ဘုန်းသာဝတ္ထိပြည်ဟုတ် သီဝင်း သုံးနေ့တော်မူစဉ်ဆဗ္ဗဂိုဏ် ရဟန်းချို့သည် သိက္ခာပုဒ်တော်များကို ချိုးဖောက်ကာ မသင့်တော်၊ ပရိလျာက်ပတ်သော အကျင့်ကို ကျင့်ကြ၏။ ထိုအခါ သံဃာတော်များက ဆဗ္ဗဂိုဏ်ရဟန်းများအား ဆပ်ဆောကနုကံ၊ ဥတ္တိကံ၊ ဥတ္တိဒုတိယကံ၊ ဥတ္ထိ စတုတ္ထကံ၊ ပြုနိုင်ရန်

ရင်းတို့ထံမှ ဆန္ဒကို တောင်းယူကြ၏။ ဆင့်ဂ္ဂိရဟန်း မျှားလည်း သံဃာတော်များ ဆန္ဒ ပေးသွားကြသည်။

သံဃာတော်များက ဆင့်ဂ္ဂိရဟန်းများ ကံလေးပါးပြုရန် ဆန္ဒပေးထားခြင်း အခြားရဟန်းများကို ပြောပြ၏။ ထို အခါ ဆင့်ဂ္ဂိရဟန်းတို့သည် ရင်းတို့ ဆန္ဒပေးဟု ခြင်းကွယ်ကာ သံဃာတော်များ လည်ဆယ်ပြောကြားသည်ဟု ဝင်ခဲ့ကဲ့ရဲ့ကြ လေ၏။ ထိုနောက်၊ ဗုဒ္ဓဘုရားကြား သိဒတ်မူသောအခါ ဆင့်ဂ္ဂိရဟန်းများရော ဆန္ဒတောင်းယူထားသော သံဃာတော် များရော ခေါ်ယူစစ်မေး၏။ ဆင့်ဂ္ဂိတို့သည် မပြောသောဖြစ်ကာ အမှန်ကို ဝန်ခံကြရလေသည်။

ဗုဒ္ဓသည်၊ ဆင့်ဂ္ဂိရဟန်းများအား ကဲ့ရဲ့တော်မူပြီးလျှင် ဆန္ဒပေးပြီးမှ မပေးပါဟု လိမ်လည်ခြင်းကွယ်လျှင် သုဒ္ဓပါစိတ် ထားပတ်သင့်ရပေသည်ဟု မည်တော်တော်မူ၏။

သာဓက-၈၀။

ဗုဒ္ဓဘုရားရှင် သားတော်ကြီးဖြည်ဇွန် သီဂင်း သုံးနေ့တော်မူစဉ် ရဟန်းနှင့် မလျော်သောအကျင့်ကို ကျင့်တတ်သော ဆင့်ဂ္ဂိ ရဟန် တို့သည် မလျော်သောအမှုတခု ပြုပြုနသည်နှင့် သံဃာ တော်တို့သည် ထိုဆင့်ဂ္ဂိတို့အား ဆုံးမရန်စည်းဝေးကြ၏။ ပြီး နောက် ဆင့်ဂ္ဂိရဟန်းများခေါ်ယူကာ ဥတ္တိုကံထားရန် ဆုံး ဖြတ်ကြ၏။ ဥတ္တိုကံထားပြီးမီတွင် ဆင့်ဂ္ဂိရဟန်းများ ဆန္ဒ မပေးပဲထွက်ခွာသွားကြလေသည်။

ထိုအကြောင်းသံယောဇဉ်တော်များကဗုဒ္ဓရှင်တော်အားလျှောက်ထားလေရာ ဗုဒ္ဓသည် ဆဗ္ဗဂ္ဂိတို့ကို ခေါ်ယူပြီးဦးတည်ကံထားရှိမပြီးမီ ဆန္ဒမပေးပဲ ထမသွားရှု၊ ထသွားလျှင် သုဒ္ဓပါစိတ် အာပတ်သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက–၇၁။

ရှင်တော်ဘုရား ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတွင် သီတင်းသုံးနေတော်မူစဉ် သံယောဇဉ်များ ညီညွတ်စွာဖြင့် ရှင်ဒဗ္ဗအား သယ်နှိုးပေးကြ၏။ ထိုသို့ ရှင်ဒဗ္ဗအား သယ်နှိုးပေးသည်ကို နှောက်ခ္ခနေသော ဆဗ္ဗဂ္ဂိ ရဟန်းတို့ မြင်လေလျှင် သံယောဇဉ်များအား ရှာဘီချက်ခဲ့ကြလေသည်။

သံယောဇဉ်များက ထိုအကြောင်း ဗုဒ္ဓအားလျှောက်ထားကြ၏။ ဗုဒ္ဓသည် ဆဗ္ဗဂ္ဂိ ရဟန်းများကို ခေါ်တော်မူ၍ သံယောဇဉ်များ ညီညွတ်စွာပေးသည်ကို ကဲ့ရဲ့စကားမဆိုရ၊ ဆိုခဲ့လျှင် သုဒ္ဓပါတ် အာပတ်သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက–၇၂။

ဗုဒ္ဓဘုရားအရှင်ရာဇဂြိုဟ်ပြည်တွင် သီတင်းသုံးနေတော်မူစဉ် မထင်ရှားသော ဒကာတဦးသည် သံယောဇဉ်တို့အားရည်စူး၍ သယ်နှိုးနှင့်ဆွမ်းလှူရန်စီစဉ်၏။ ထိုအကြောင်း ဆဗ္ဗဂ္ဂိရဟန်းများ သိကြသဖြင့် ထိုဒကာထံသွား၍ "ငါတို့ကိုလှူပါ" ဟုဇွတ်အတင်း

အနိုင်အထက်ပြု၍အလှူခံကြ၏။ ဒကာထည်း စေတနာမပါပဲနှင့် လှူလိုက်ရလေသည်။

ထိုအကြောင်းသံဃာတော်တို့ဏ ဗုဒ္ဓအားလျှောက်ထားတိုင်ကြားကြ၏။ ဗုဒ္ဓသည်ဆဗ္ဗဂ္ဂိရဟန်းများကို ခေါ်တော်မူ၍သံဃာတော်အားရည်စူးထားသော အလှူဒါနစသောလာဘ်ကို၊ပူဇော်အားသီးသန့်ညွှတ်အောင်ပြု၍ အလှူမခံရ၊ အလှူခံခဲ့လျှင် သုဒ္ဓပါစိတ်အာပတ်သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓကာ–၈၃။

သာဝတ္ထိပြည်တွင် ဘုရားရှင် သီတင်း သုံးနေတော် မူစဉ် ပသေနဒီကောသလမင်းကြီးသည် မောင်းမှမိဖုရားယော် တို့အား စာပေ ကျမ်းဂန်သင်ကြားပေးပါရန် ဗုဒ္ဓရှင်ဟော်မြတ်ဘုရားထံတွင်လျှောက်ထားစောင်းပန်လေသည်။

ဗုဒ္ဓရှင်တော်ဘုရားသည် ရှင်အာနန္ဒာကို စေလွှတ်၍သင်ကြားပေးစေ၏။ ဟမနှတွင် ရှင်အာနန္ဒာသည် နန်းတော်သို့ စောစောကြွသွား၏။ မင်းကြီးနှင့်မလ္လိကာမိဖုရားတို့သည် အိပ်ရာမှ မထကြစသေးဘဲ အိပ်ရာထည်းတွင် အတူရှိနေကြ၏။ နိုးလျှက်နှင့်မထဘဲ မှိန်းနေကြသည်။ ရှင်အာနန္ဒာ တို့ကိုခန်းဆောင်ထဲ ကြွဝင်လာ၏။ ခြေသံကြားရ၍ မိဖုရား မျက်စိဖွင့်ကြည့်သည်။ ရှင်အာနန္ဒာ ကြွလာသည်ကို မြင်သဖြင့် အိပ်ရာမှလူးလဲထရာ ခါးဝတ် ထမီ ကျွတ်ကျသွား၏။

ရှင်အာနန္ဒာသည် မိဘုရား၏ ဝါဝင်းသော ရှုခင်း စမ္ဘယ် စွဲမက်တွယ် စိတ်လှုပ်ရှားတွယ် ဘို့ကို မြင်တွေ့ရသော်ငြားလည်း၊ လုံးဝစိတ်လှုပ်ရှားခြင်းမရှိခဲ့။ သို့သော်ပေသည်းဂျိန္နယ်မြင်ရခြင်းဖြင့် မိမိတွင်အပြစ်ရှိခဲ့လေသား ဟူသော သံသယစိတ်ဒဏ်ကြောင့် ကျောင်းတော်သို့ ပြန်ရောက်သောအခါ ထိုဒဏ်ကြောင်းသော်လောက်မျှားအားဖြင့်ပြီး၊

သံသယကောက်မျှားက ဗုဒ္ဓဘာသ ဆလျှောက်ထားကြသောအခါ ဗုဒ္ဓရှင်ကောက်မြတ်ဘုရားသည် ကြိုတင် ပန်ကြားခြင်း မပြုသဲ့ မင်းမိဖုရားဟိုဏ်အားဆောင်သို့မသွားရကြောင်းပန်ကြားခြင်းမပြုဘဲ သူ့ဘုံပါစိတ်အာဝဇဉ် သင့်စေသည်ဟုပညာဘ်ဆောက်မူ၏။

သားဓကု-ဂ ၄။

ဗုဒ္ဓရှင်ကောက် မြတ်ဘုရားသည် သာဝတ္ထိပြည်တွင် သီတင်းသုံးနေတော်မူစဉ် မထင်ရှားသော ရဟန်းတပါးသည် အစိုရုဝတီမြစ်တွင် ရေချိုးနေခလေ၏။ ပုဏ္ဏား တခယောက်သည်လည်း အသပြာ ငါးရာထုပ်ကို ကုန်းပေါ်တွင် ထားခဲ့ကာ မြစ်တွင်းရေဆင်းချိုးလေ သည်။

ပုဏ္ဏားသည် ရေချိုးပြီးနောက် နေအိမ်သို့ပြန်၏၊ သူသည် အသပြာထုပ်ကိုမမေ့ထားခဲ့သည်။ ရုဟန်းသည်ရေချိုးပြီး၍ ကုန်းပေါ်သို့ တက်သောအခါ ပုဏ္ဏား မေ့ထားခဲ့သော အသပြာ ထုပ်ကို တွေ့၍ကောက်ယူပြီးလျှင် ပုဏ္ဏား မမေ့ကျန်ခဲ့ခင်သာ အသပြာထုပ်မှန်းသိ၍ ပေးဆပ်စွာသိမ်းဆည်းထား၏။ ပုဏ္ဏားသည် နေအိမ်

အနီးရောက်မှ အသပြာ ထုပ်မေ့ကျန်ခဲ့သည်ကိုသတိရသဖြင့်ကဗျာ ကယာ မြစ်ဆိပ်သို့ ပြန်ပြေးသွားကာ အသပြာထုပ်ကို ရှာလေသည်။ မိမိထားခဲ့သော နေရာ၌ အသပြာတုပ်ကို မတွေ့ရသဖြင့် မိမိနေချိုးစဉ်က မြစ်အကွင်း၌ အတူ ရဟန်းတပါးသာ ရှိသည်၊ အသပြာတုပ်ကို ထိုရဟန်းသာ ရန်ဝင်သည်ဟုတွေးကာ ရဟန်းနောက်သို့လိုက်၏။ ရဟန်းကိုတွေ့လျှင်-

'အရှင်ဘုရားတပည့်တော်၏ အသပြာထုပ်ကို တွေ့ပါသလား' ဟုမေး၏။ ရဟန်းက-

'အေး-တွေ့လို့ငါသိမ်း ထားတယ်'ဆိုကာ ပုဏ္ဏားအား အသပြာထုပ်ကိုပြန်ပေးသည်။

ပုဏ္ဏားသည် အသပြာထုပ်ကိုပြည်၍ စေ့ မစေ့ ရေတွက်ကြည့်ရာ အသပြာ ငါးရာစေ့သည်ကို တွေ့ရ၏။ သို့သော်လည်း ပုဏ္ဏားသည် ရဟန်းအား ကျေးဇူးဆပ်သော အနေဖြင့် ပေးလှူသင့်သည်ကို တွေးမိကာ မပေးလှူလိုသောကြောင့်-

'ရှင်ရဟန်း တပည့်တော်ရဲ့ အသပြာထုပ်မှာ အသပြာတထောင်းပါတယ်၊ အခု ငါးရာဆဲဘဲ ရှိတော့တယ် ရှင်ရဟန်းပါသပြာငါးရာကို ခိုးယူထားတယ် မှတ်လား'ဟုမေး၏။

'ဒကာပုဏ္ဏား သင့်အသပြာထုပ်မှာ အသပြာ ဘယ်လောက်အတယ်လို့ ငါမသိဘူး၊ အထုပ်အတိုင်း ငါပြန်ပေးတာဘဲ'

'ရှင်ရဟန်း လိမ်တယ်'

ပုဏ္ဏား ဤသို့ဆိုကာ ရဟန်းအား ပုဘ်ခတ်ထိုးကြိတ်လေ၏။ ရဟန်းသည် ကျောင်းသို့ ပြန်ရောက်ရသာ အခါ ထိုအကြောင်း

သံဃာ့တော်လို့ကို ပြောပြ၏။ သံဃာတော်များက ဗုဒ္ဓဘုရားထံ ရဟန်းကို ခေါ်သွားပြီးလျှောက်ထားကြလေရာ ဗုဒ္ဓသည်–

ချစ်သားတို့ ရာဟနာဆယ်ပါးကို လည်းကောင်း၊ ရာဟနာဟု သမုတ်အပ်ကော် အသုံး အဆောင်ကို လည်းကောင်း ကျောင်းအရံဘုံဖြစ်စေ၊ တည်းခိုရာ ဇရပ်ဖြစ်စေ၊ ထိုနေရာများတွင် တွေ့ရှိရသည်မှလွဲ၍ ပြင်ပဌာ် တွေ့သော်ကိုယ်တိုင်လည်း မကောက်ယူရ၊ သူတပါးကိုလည်း ကောက်ယူရန် မခိုင်းစေရ၊ ဤသို့ပြုလုပ်လျှင် သုဒ္ဓပါစိတ်အာပတ်သင့်စေဟု ပညတ်တော်မူ၏။

သာဓက–၈၅။

ရှင်တော်မြတ်ဘုရားသည် သာဝတ္ထိပြည်တွင် သီတင်းသုံးနေတော်မူစဉ် ဆဗ္ဗဂိုရဟန်းတို့သည် ရှာတွင်းသို့ဝင်၍ ပွဲသဘင်၌ တိရစ္ဆာန်အကြောင်းများကို ပြောဟောနေ၏။

လူတို့သည် ဆဗ္ဗဂိုရဟန်းများအား ရဟန်းနှင့် မသက်ဆိုင်သော အကြောင်းအရာကို ပြောဟောခြင်းကြောင့် ကဲ့ရဲ့ရှာဘွဲ့ကြလေသည်။

လူတို့ကဲ့ရဲ့ကြသည်ကို သံဃာတော်တို့ ကြားသဖြင့် ဗုဒ္ဓရှင်တော်မြတ်ဘုရားအား တိုင်ကြား ဇဝေလျှောက်ထား ကြလေ၏။ ဗုဒ္ဓသည် ဆဗ္ဗဂိုရဟန်းတို့ကို ခေါ်တော်မူ၍ အဆောတလျင် ရှောင်တခင် ပြုဘွယ်ကိစ္စမရှိကဲ့နှင့် ပန်ကြားရမည့် ရဟန်းလည်းရှိပါလျက် မပန်ကြားဘဲ နေလွဲသော အချိန်တွင် ရှာထဲသို့

မသွားရ။ သွားခဲ့လျှင် သုဒ္ဓပါစိတ်အာပတ် သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက–၇၆။

ရှင်တော်ဗုဒ္ဓ မြတ်ဘုရား အည် ဝေဠုတိုင်း နိုးဂြာဓာရုံ ကျောင်းတွင် သီဘင်းသုံးနေတော်မူစဉ် မထင်ရှားဧသာ ပန်းပွတ်သမား ဟယောက်သည် ရဟန်းများအား ဆပ်ကို အလိုရှိ လျှင်တောင်းပါဟု ဘိဘ်ကြား၏။

ရဟန်းများသည် ပန်းပွတ်သမားထံမှ ဆပ်များကိုမမှားမယွင်း တောင်းယူ ကြလေတော့သည်။ ရဟန်းများ ဆပ် ပြန်လှူခြင်း ကြောင့် ပန်းပွတ်သမားမှာ ဆပ်ကိုလည်းခေါ်ဆောင်ပြီး အခြားအလုပ်လည်း မလုပ်နိုင်တော့ဘဲ အပ်မျှားသာလုပ်၍ ရဟန်းများကိုပေးနေရရှာသည်။ ထိုအခါပန်းပွတ်သမား ဆင်းရဲခဏ်းသို့ ရောက်ရှာခဲ့လေ၏။

ယင်းအခြောင်း သိရှာသောလူများသည် ရဟန်းများအား အပ်ကို လိုအပ်သည်ထက်ပိုမို အတိုင်းမဆမရှိ တောင်းယူသော ကြောင့် ပန်းပွတ်သမားဆင်းရဲရသည်ဆိုကာ ကဲ့ရဲ့ကြလေ၏။ ထိုကဲ့ရဲ့ စကား သံဃာမတော်တို့ ကြားခဲလျှင် ဗုဒ္ဓ၏ ရှေ့တော် ကြီး လျှ ကိုထားကြလေ၏။

ဗုဒ္ဓသည် အပ်ခေါင်းလွန်းသော ရဟန်းများ ပိုခဲ့ပြီးတော်မူ၍ ပြစ်ဆိုပြီးနောက် ဖာရိုးဆင်စွယ်၊ သားရေတို့ဖြင့် ပြုလုပ်

အပ်မျှားကို ခွဲစိတ်ခြင်း၊ ချိုးဖဲ့ဖျက်ဆီးခြင်းမပြုရ။ ပြုခဲ့လျှင် သုဒ္ဓပါစိတ် အာပတ်သင့်စေသည်ဟု ပညာတော်မှု၏။

သာဓက-၇၇။

ဗုဒ္ဓရှင်တော်ဘုရားသည် သာဝတ္ထိပြည်ဘုင် သီတင်းသုံးနေ တော်မူစဉ် ရှင်ဥပနန်သည် ခြေတံမြင့်ဒသာ ညောင်စောင်းကို ပြုလုပ်၍ထိုင်၏။

ဘုရားရှင်သည် ကျောင်းစဉ်ကိုလျှောက်၍ ဒေသစာရိကြွ၍ တော်မူရာ ရှင်ဥပနန်၏ ညောင်စောင်းကို မြင်တော်မူသဖြင့် ပြန်လည်ကြွသွားပြီး သံဃာတော်မျှားအားစုဝေးစေကာ-

'ချစ်သားတို့ ငါဘုရားရဲ့ လက်ရှစ်သစ်သာ ရှိတဲ့ညောင် စောင်းကိုသာ ပြုလုပ်ရမယ်၊ ဒီထက်ကျော်လွန်ပြီး မပြုလုပ်ရ၊ ပြုလုပ်ခဲ့ခင် သုဒ္ဓပါစိတ်အာပတ် သင့်စေတယ်'ဟု ပညတ်တော်မူ၏။

သာဓက- ၇၇။

ဗုဒ္ဓဘုရားရှင်သည် နိသီဒိုင်ကိုပညတ်တော်မူ၏။ ဆဗ္ဗဂ္ဂိရဟန်းမျှားသည် ဘုရားပညတ်တော် မူသည်ထက် ရှည်သော နိသီဒိုင်ကို ပြုလုပ်ကြလေသည်။

ထိုအကြောင်း ဗုဒ္ဓဘုရားရှင်ကြားသိတော်မူလျှင်ဆဗ္ဗဂ္ဂိရဟန်းမျှားကို ခေါ်တော်မူ၍ ငါဘုရား သတ်မှတ် ဟာသည်ထက်

နိသီဒိုင်ကိုမပြုလုပ်ရ၊ ပြုလုပ်လျှင် သုဒ္ဓပါစိတ်အာပတ် သင့်စေ သည်ဟုပညတ်တော်မူ၏။

သာဓက—၈၉။

သာဝတ္ထိပြည်တွင် ဗုဒ္ဓဘုရားရှင် သီတင်းသုံးနေတော်မူစဉ် ဆဗ္ဗဂိုဏ်းရဟန်းတို့သည် လမ်းမှုဖြင့် ပြီးသော ညောင်စောင်း အင်းပျဉ်တို့ကို ပြုလုပ်၍အိပ်ကြ၏။

ဘုရားရှင် သီတော်မူလျှင် လမ်းမှုဖြင့်ပြီးသော ညောင်စောင်း အင်းပျဉ်ကို ပြုလုပ်၍မအိပ်ရ၊ အိပ်လျှင် သုဒ္ဓပါစိတ် အာပတ် သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက—၉၀။

ဘုရားရှင်သည် သာဝတ္ထိပြည်တွင် သီတင်းသုံး နေတော်မူစဉ် ဗုဒ္ဓက **အမာလ္ဘမ်းသယ်နှင်း**ကို ပညတ်တော်မူ၏။ ဆဗ္ဗဂိုဏ် ရဟန်းတို့သည် ဗုဒ္ဓပညတ်တော်မူ**သည့်** **အတိုင်း**အရှည်ဆက် ပို၍ ပြုလုပ်ကြသည်။

ထိုအခြောင်းကို ဗုဒ္ဓဘုရားရှင် ကြား**သိ**တော်မူလျှင် ဆဗ္ဗဂိုဏ် **ရ**ဟန်းများကို ခေါ်တော်မူ**၍** **အမာလ္ဘမ်း** **သယ်**နှင်းကို ပညတ် **တော်**မူထားသည်ထက်ပို၍ **မ**ပြုလုပ်ရ၊ ပြုလုပ်ခဲ့လျှင် သုဒ္ဓပါစိတ် **အာ**ပတ် **သင့်စေ**သည်ဟု ပညတ်တော်မူ၏။

သာဓက-၉၁။

ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်တွင် သီတင်းသုံးနေတော်မူစဉ် မိုးခေါင်ခမ်းသစ်နှီးကို ပညာတော်မူ၏။ ဗုဒ္ဓဘုရားပညာတော်သည်ကား မနာခံဘဲ ပိုပိုကဲကဲ လုပ်နေကြသော ဆဗ္ဗဂိုဟန်းတို့သည် အတိုင်းအရှည်သတ်ပိုဒ် မိုးခေါင် သင်္ကန်းကို ပြုလုပ်ကြပြန်၏။

ဗုဒ္ဓသည် ဆဗ္ဗဂိုဟန်းများကို ခေါ်ဝေါ်မူပြုလျှင် မိုးခေါင်သင်္ကန်းကို သတ်မှတ်ပေးထားသည့် အတိုင်း အရှည်သတ်ပိုဒ်မပြုလုပ်ရ၊ ပြုလုပ်ခဲ့လျှင် သုဒ္ဓပါစိတ်အာပတ် သင့်စေသည်ဟုပညာတော်မူ၏။

ထပ်မံကား ။ မိုးခေါင်ခမ်းသစ်နှီး ဘယ်လိုပုံ ပမာဏမျှ အလျားအား ပြင်ဆင်ရမည်ကို ဘုရားရှင်၏ ပေယျာလပြုခဲ့ ၆-ထပ်၊ နံအားပြုခဲ့ ၂-ထပ် ပြုခဲ့၏။

သာဓက-၉၂။

ဗုဒ္ဓဘုရားအရှင် သာဝတ္ထိပြည်တွင် သီတင်းသုံးနေတော်မူစဉ် မိုးတွေးဓာတ် ၈၀ ကြာမီ၏ သားဖြစ်သည့် အရှင်နန္ဒမထေရ်သည် ဘုရား သခင် ထက် လက်၄-သစ် နိမ့်ဓာတ်ကသော်၊ ဘုရားရှင်၏ သင်္ကန်းတော် ခေတိုင်း ချုပ်စက်သည်ကို ဗုဒ္ဓမြင်

လျှင် ရှင်နန္ဒာဘား ကဲ့ရဲ့တော်မူပြီး နောက် ငါဘုရား၏ သယံနှင့်ရှယ်တူဖြစ်စေ၊ ပိုလွန်၍ဖြစ်စေမပြုလုပ်ရ၊ ပြုလုပ်လျှင် သုဒ္ဓပါစိတ်အာပတ် သင့်စေသည်ဟု ပညတ်တော်မူ၏။

မှတ်ချက်။ ။ဗုဒ္ဓ၏ သယံနှင်းတော် ပမာဏမှာ ဘုရား အထွာဖြင့် အလျားကိုးထွာ၊ အနံခြောက်ထွာ ဖြစ်၍ လူတို့ အတောင်ဖြင့် အလျား အတောင် ၂၀နှင့် ၆—လက်သစ် အနံ တဆယ့်သုံးတောင်နှင့်တထွာဖြစ်၏။

ပါဠိဒေသနာအာပတ် (၄) ပါး

၁။ ဇဆွမျိုးမတော်စပ်သော ဘိက္ခုနီမထံမှဆွမ်းကိုခံယူခြင်း
၂။ ဘိက္ခုနီမတို့ဆွမ်းစီစဉ်သည်ကို မတားဘဲ ဘုဉ်းပေးခြင်း
၃။ သဒ္ဓါတရား ရှိသော်လည်း ဥစ္စာမရှိသူတို့ထံ မပင့်ဘိတ်ဘဲဆွမ်းခံခြင်း
၄။ ဘေးရန် ရှိသည်မျှားကို မကြား မဆိုဘဲဆွမ်း ဘောဇဉ် ခဲဘွယ်စားခြင်း

လူတို့ လိုက်နာရသော ဥပဒေများသည် လည်း ကောင်း၊ ရဟန်းတော်များ လိုက်နာ ကျင့်ကြံ သော ပညတ်ချက် သိက္ခာပုဒ်တော်များသည် လည်းကောင်း အကြောင်းမဲ့ ပေါ်ပေါက်မလာချေ။ ထို ဥပဒေများ၊ ထို သိက္ခာပုဒ်တော်များ ဖြစ်ပေါ် လာစေအောင် ဖန်တီးခဲ့ကြသော အကြောင်း သာဓကများ ရှိကြပေလသည်။ ယခုပြဆိုမည့် ပဋိဒေသနီသိက္ခာပုဒ် ၄-ပါး သည်လည်း အကြောင်းသာဓကနှင့် ဖြစ်ပေါ်လာရခြင်း ဖြစ်ပါသည်။

သာဓက-၁။

ဗုဒ္ဓဘုရားရှင် သာဝတ္ထိပြည်တွင် သီတင်း သုံးနေတော်မူစဉ် မထင်ရှားသော ဘိက္ခုနီမတယောက်သည် သာဝတ္ထိပြည် တွင် ဆွမ်းခံပြီး မိမိနေရာသို့ပြန်၏။ လမ်းခရီးတွင် ရဟန်းတပါးကို တွေ့သဖြင့်သဒ္ဓါတံဖြင့်ထိုရဟန်းအား-

'အရှင်ဘုရား တပည့်တော်ရဲ့ ဆွမ်းကို ယူပါ'ဟုပေး၏။

ရဟန်းသည် ဘိက္ခုနီမထံက ဆွမ်း ဘုဇကုန်ယူလိုက်လေသည် ဘိက္ခုနီမမှာ နောက်ထပ်ဆွမ်းခံချိန် မရှိတော့ သဖြင့်ထိုနေ့တနေ့ လုံး ဆွမ်းမစားပဲ နေခဲ့ရလေသည်။ နောက်နေ့တွင်လည်း ရဟန်း သည် ဘိက္ခုနီမ ဆွမ်းကို ဘုဇကုန်ယူ၏။နောက်တစ်နေ့မှာလည်း အ ကုန်ယူ၏ ဘိက္ခုနီမမှာ သုံးရက်လုံးလုံး ဆွမ်းမစား နေကာခဲ့၏။

ထေးရက်မြောင်းထားနေတွင် ဘိက္ခုနီမ ဆွဲမ်းခံသွားပြန်၏။ ဘိက္ခုနီမ အား ဒေါသမီးခြိုးစီး ဖြင့် သွားနေစဉ် ဆန့်ကျင်ဘက်မှလာ သော သူကြွယ်၏လှည်းနှင့် ရင်ဆိုင်တိုး၏ သူကြွယ်၏ လှည်းကို ရှန်းဆဲသော နွားဖမ်းကောင်းများသည် လှည်းကို ဖောင်းရှန်းလျက် ပြေးနေကြ၏။ သူကြွယ်က လမ်းပေါ်မှ ဘိက္ခုနီမကိုမြင်လျှင်-

'အရှင်ရဟန်းမ အမြန် ရှောင်ပါ ကျွန်ုပ်နွားများက ဆွဲမနှိုင်း ကိုင်မရ ဖြစ်နေပါတယ်၊ အရှင်ရဟန်းမကို တိုးမိလိမ့်မယ်'ဟု အော်၍ပြော၏။

ဘိက္ခုနီမ ကြောက်ကြောက် လန့်လန့်နှင့် လမ်းဘေးသို့ခုန် ရှောင်လိုက်သည်တွင် လဲလေတော့၏။သူကြွယ်သည် လှည်းကိုရပ် ၍ ဘိက္ခုနီမထံ ပြေးလာကာ-

'အရှင်ရဟန်းမ ကျွန်ုပ်ကြောင့် ခုလိုဖြစ်ရတာသည်'ခံပါ' ဟု ပြောပန်လေ၏။

ဘိုကျွန်မသည် လက်အုပ်ချီ-

'သင့်ကြောင့် လူတစ်ယောက်ပါဘူး ငါ့ဘဝနည်းနေလို့ လဲတာပါ'ဟုဆို၏။

'ဘာကြောင့် အရှင်ရဟန်းမ အဘဝနည်းနေရပါလဲ'

'ငါ့ဆွမ်း မစားရတာ သုံးရက်ရှိပြီ'

'ဆွမ်း မရလို့ပါလား'

'ဆွမ်းရပါဘယ်၊ရဟန်းတပါးဟာ ငါ့ရသမျှဆွမ်းကိုသုံးရက်လုံး အကုန် ယူယူသွားကာခဲကြောင့် ငါ့မှာ ဆွမ်းမစားရ ဖြစ်ရတယ်'

သူကြွယ်သည် ဘိုကျွန်မအား သူ့အိမ်သို့ ခေါ်သွားကာ ဆွမ်းကျွေး၏၊ ပြီးနောက် ဘဖြစ်ဖူးပျက်ကို နှိုးစပ်သူများအား ပြောပြရာ လူတို့သည် ဘိုကျွန်မထံမှ ဆွမ်းကို မည်သာ မဘာ အကုန်ယူသော ရဟန်းနှင့် ပတ်သက်၍ ကဲ့ရဲ့ကြလေသည်။

ထိုအခြောင်း ဗုဒ္ဓဘုရားရှင် ကြားသိတော်မူလလျှင်၊ ဘိုကျွန်မထံမှ ဆွမ်းယူသော ရဟန်းအား စုံစမ်း ခေါ်ယူတော်မူကာ ကဲ့ရဲ့ပြစ်တင်ဆုံးမတော်မူပြီးလျှင် ဆွမ်းကြီး တော်စပ်သော ဘိုကျွန်မများတံမူ ဆွမ်းကိုမယူရယူလျှင် ပဋိဒေသနီအာပတ်သင့်စေသည် ဟုပညတ်တော်မူ၏။

သာဓက-၂။

ဗုဒ္ဓဘုရားရှင်သည် ဇေတုတ္တရမြို့ ဓဝဠုဝန်ကျောင်းတော်ကြီးတွင် သီတင်းသုံးနေတော်မူစဉ် ဒကာဒကာမတို့သည် ဆွမ်းကျွေးရန် စီစဉ်ပြီး ဆဗ္ဗဂိုရဟန်းများအား ဆွမ်းကျွေး၏။ သို့အခါ ဘိက္ခုနီမတို့သည် ဆွမ်းကျွေးရာ၌ ဟင်းလျှာကို ဤရဟန်းသပိတ်မှာ ထည့်ပါ၊ ဤဆွမ်းကို ဘယ်ရဟန်းသပိတ်မှာ ထည့်ပါနှင့်ဝင်၍ စီစဉ်ကြလေသည်။

ထိုအကြောင်း ဗုဒ္ဓဘုရားရှင် ကြားသိတော်မူလျှင် ဆဗ္ဗဂိုရဟန်းများကို ခေါ်တော်မူ၍ ဆွမ်းကျွေးရာတွင် ဘိက္ခုနီမများ စီစဉ်သည်ကို တားမြစ်ရမည်၊ မတားမြစ်ဘဲနေလျှင် ငဋ္ဌဒေသနီ အာပတ်သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက-၃။

ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်တွင် သီတင်းသုံးနေ ကဉ်မစဉ် သောကွဟူ၍ ဥတ္တိုဒုတိယကံဖြင့် သမုဒ်အပ်သော အမျိုးတို့သည် သဒ္ဓါတရားကားရှိကြပါ၏၊ သို့သော်ငြားလည်း ဥစ္စာပစ္စည်းဆင်းရဲနွမ်းပါးကြလေသည်။

ထိုဒကာတို့ထံ၌ ရဟန်းတို့သည် ဆေးတိုင်းအရည်ကို မသိပဲ အလှူခံကြ၏။ ထိုအကြောင်းလူတို့ကဲ့ရဲ့သလဆာ သံယောဇဉ်တို့ကြားသဖြင့် ဗုဒ္ဓအား တိုင်ကြားလျှောက်ထားကြ၏။ ဗုဒ္ဓဘုရားရှင်သည် ဥစ္စာပစ္စည်းနည်းပါး၍ သဒ္ဓါတရား ကြီးမားသော

သောကွမျိုးတို့ထံ၌ မှပင်မဘိတ်ပဲ၊ မနာမဖျားပဲနှင့် ခဲဘွယ်ဘောဇဉ်တို့ကို ခံယူသုံးဆောင်ခြင်းမပြု၍၊ ပြုခဲ့လျှင် ပဋိဒေသနီအာပတ်သင့်စေသည်ဟု ပညတ်တော်မူ၏။

သုဝဂ–၄။

ဗုဒ္ဓဘုရားရှင်သည် သက္ကတိုင်း ကပိလဝတ်ပြည် နိုဂြောဓာရုံကျောင်းတွင် သီဟင်းသုံးနေတော်မူစဉ် သာကီဝင် မင်းတို့၏ ဝေဒေဟီကျွန်းများသည် သာကီဝင်မင်းတို့ကို ပုန်ကန်လျက် တောတောကျွတ်ခင်းနှင့် ဗဒိုးမဝေး အရင်တွင် ပုန်းခိုကာ နေကြလေ၏။

ထို အခါ မင်းသမီးတို့သည် တောကျောင်းသို့ လျှုဒါန်းရန်လာ၍ ပုန်ကန်သူတို့၏ လုယူခြင်းကို ခံကြရလေ၏။ ကိုယ်ခြင်းနှင့် ပတ်သက်၍ သာကီဝင်မင်းများက ရဟန်းများသည် မိမိတို့ ကျောင်းအနီ၌ ပုန်ကန်သူများ ရှိသည်ကို သိလျက်နှင့် ကြိုတင် တားမြစ်ခြင်းမရှိဘဲ နေကြသည်၊ ရဟန်းများသည် ပုန်ကန်သူများနှင့် အလိုတူအလိုပါ ဖြစ်ကြသည်ဟု ဆိုမြဲဆိုကြလေ၏။

ထိုကဲ့သို့ကားကို သံဃာတော်တို့ကြား၍ ဗုဒ္ဓအားလျှောက်ထားပြောလျှင် ဗုဒ္ဓသည် ဘာကျောင်းနေ ရဟန်းများကိုခေါ်ယူတောင်မူ၍ ပြောရန်ရှိသည်ကို အလျှုရှင်တို့အား ကြိုတင်အကြောင်းကြားရမည်၊ အကြောင်းကြားမဆိုဘဲ ခဲဘွယ်ဘောဇဉ်တို့ကိုစားလျှင် ပဋိဒေသနီအာပတ် သင့်စေသည်ဟု ပညတ်တော်မူ၏။

သေခ်ိရအာပတ် [၇၅] ပါး

ဤသေခ်ိယ သိက္ခာပုဒ်သည် ရဟန်းများနှင့်သာမဏ သာမဏေ(ကိုရင်)များနှင့်လည်း အထူးသက်ဆိုင်သော သိက္ခာပုဒ် ဖြစ်သည်။ ဤသိက္ခာပုဒ်ကို ကျူးလွန်လျှင် ရဟန်းများအနေနှင့် အာပတ်သင့်၍ သာမဏေ(ကိုရင်)များအနေနှင့် ဒဏ်သင့်သည်။ ယင်းကြောင့် မိဘဆရာတို့သည် မိမိတို့သားသမီးတို့ တိုးတက်ရှင်းပြုမိ ဤသေခ်ိယ သိက္ခာပုဒ်ဟောင်းကို သေ့ကောသာမဏီ သား နှာယူခေလင့်သည်။ သို့မဟုတ်လျှင် သာသနာတော်သို့ ရှင်သာမဏေဘဝ ပို့ဆောင်ကြိုးနှိပ်ပေမည်။

ရှေးအခါက ရှင်ပြုမည့် သူငယ်များသည် ရှင်ပြုမီ နှစ်လသုံးလကြိုတင်၍ ဆရာဘုန်းတော်ကြီးကျောင်းတွင် သွားရောက်နေထိုင်ကာ သေခ်ိယသိက္ခာပုဒ်ကို သင်ကြားကြရ၏။ ယခုအခါတွင် ရှင်သာမဏေလောင်းတို့အရွယ်ငယ်သည်ဘကြောင်းအချိန်မရှိသည် တကြောင်းကြောင့် ရှင်သာမဏေလောင်းများသည် သေခ်ိယသိက္ခာပုဒ်ကိုမသင်ကြားနိုင်ကြတော့ဘဲ သရဏဂုံ၊

သဃ်န်းတောင်း၊ ပုတီးစိပ်တို့ဆောက်သာ သင်ကြားနိုင်ကြ၏။ သို့ကြောင့် ဤသာမဏေလောင်းငယ်များမှတ်သားရ လွယ်ကူသော ဤသားဓကများကို လေ့လာစေလိုပါသည်။

သာဓက—၁။

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည်သာဝတ္ထိပြည်တွင် သီဟင်းသုံးနေကြပုံမှစ၍ သင်းပိုင်ကို ရှောင်ကွင်တဲ့လျားချ၍ လည်းကောင်း နောက်တွင် တဲ့လျားချ၍လည်းကောင်း တော်ဆင်ကြ၏။ ထိုသို့မမေသမသပ်တော်ဆင်သည်ကို လူတို့မြင်ကြားသောအခါကဲ့ရဲ့ကြ၏။ လူတို့ကဲ့ရဲ့သည်ကို သံဃာ့ဂေတာ်တို့ ကြားလျှင်ဗုဒ္ဓရှင်တော်မြတ်ဘုရားအား လျှောက်ထားကြလေ၏။

ဗုဒ္ဓသည် ဆဗ္ဗဂ္ဂိရဟန်းများကိုခေါ်တော်မူ၍ ရှောတွင်းမှာဖြစ်စေ၊ ကျောင်းတွင်းမှာဖြစ်စေ သင်္ဃာ့ကို အဝန်းညီစွာ သေသေသပ်သပ် တော်ဆင်ရမည်။ မည်မညာ မမေသမသပ်စတ်ဆင်လျှင် ဒုက္ခဒဏ်အားပတ် သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက-၂။

သင်းပိုင်ကို အဝန်းညီစွာ ဝတ်ဆင်ရမည်ဟု ဗုဒ္ဓပညတ်တော်မူသောအခါ ဆဗ္ဗဂ္ဂိရဟန်းတို့သည် ကိုယ်ရုံသင်္ဃာ့ကို မည်မညာ ဘိုသီဘက်သီ ဝတ်ရုံကြပြန်သည်။ ထိုအခါ ဗုဒ္ဓက သင်းပိုင်ကိုသာ မဟုတ် ကိုယ်ရုံသင်္ဃာ့ကိုလည်း အဝန်းညီစွာ မေသမသပ်သပ် ဝတ်ရုံရမည်၊ မည်မညာ ဝဲဘက်ရုံလျှင် ဒုက္ခဒဏ်အားပတ် သင့်စေသည်ဟု ပညတ်တော်မူသည်။

သာဓက-၃။

ဆဗ္ဗဂ္ဂိရဟန်းတို့သည် ကိုယ်ကိုဖွင့်လျက် ရှာတွင်းခ္ဒ သွားလာ၏။ လူတို့မြင်သဖြင့် ကဲ့ရဲ့ကြသည်။ ထိုကဲ့ရဲ့စကားကို ဗုဒ္ဓ မြတ်စွာ ကြားသိတော်မူလျှင် ဆဗ္ဗဂ္ဂိရဟန်းများကို ခေါ်၍ ရှာတွင်းခ္ဒ ကိုယ်ကိုဖွင့်၍ မသွားလာရ၊ သွားလာလျှင် ဒုက္ခဒဏ် အာပတ် သင့်ကြသည်ဟု ပညတ်တော်မူ၏။

သာဓက-၄။

ဆဗ္ဗဂ္ဂိရဟန်းတို့သည် ရှာတွင်းခ္ဒ ကြိုတောင်လည်း ကိုယ်ကို၍ ထိုင်ကြ၏။ လူတို့မြင်၍ ကဲ့ရဲ့ဝေဖန်ကြသော်၊ ဗုဒ္ဓရှင်တော်ဘုရားသခင်း လျှောက်ထားကြ၏။ ဗုဒ္ဓသည် ဆဗ္ဗဂ္ဂိ ရဟန်းများကို ခေါ်၍ ရှာတွင်းခ္ဒ ကိုယ်ကိုဖွင့်၍ မထိုင်ရကုန်။ ကိုယ်ကို ဖွင့်၍ မထိုင်လျှင် ဒုက္ခဒဏ်အာပတ် သင့်ကြသည်ဟု ပညတ်တော်မူ၏။

သာဓက-၅။

ဆဗ္ဗဂ္ဂိရဟန်းတို့သည် ရှာတွင်းခ္ဒ ဝတ်ကိုဆောင်၍ သွားသောကြောင်း ထိုင်နေကြောင်း လူတို့မြင်သောအခါ ကဲ့ရဲ့ကြသည်၊ ထိုကဲ့ရဲ့စကားကို သံဃာတော်တို့ လျှောက်ထား၍ ဗုဒ္ဓဘုရားရှင် ကြားသိတော်မူလျှင် ဆဗ္ဗဂ္ဂိ ရဟန်းတို့အား ခေါ်တော်မူကာ

ရွာတွင်းခ္ဍ လက်ကို ဆောက်စေး၍ သွားလာခြင်း ထိုင်၍သက် ဆောက်စားခြင်းမပြုရ ၊ပြုခဲ့လျှင် ဒုက္ခဋ္ဌအာပတ် သင့်စေသည်ဟု ပညတ်တော်မူ၏၊

သာဓက-၆။

ဗုဒ္ဓဘာ လက်မျှားကို ဆောမက စားရန် ပညာတ်လိုက်သော အခါဆရာ့ဝတ်ဟောန်းတို့သည် ရွာတွင်းခ္ဍ ခြေကို ဆောကစား၏ ခြေကိုဆော၍ နေထိုင်၏၊ လူတို့ ကဲ့ရဲ့ကြသည်ကို သံဃာမျှားမှ တဆင့် ဗုဒ္ဓဘုရားရှင် ကြားသိတော်မူသောအခါ ဆဝ်ရဟန်း တို့ကို ခေါ်ဖိတ်တော်မူ၍ ခြေလက်စသည်တို့ကို ရွာတွင်းခ္ဍ ဆော ကစားခြင်းပြုကာ မသွားသွားရ၊ ထိုင်နေရင်းလည်း မဆော၊ ကော့ကစားလျှင် ဒုက္ခဋ္ဌအာပတ် သင့်စေသည်ဟု ပညတ်တော် မူ၏။

သာဓက-၇။

ဆဗ္ဗဝ်ရဟန်းတို့သည် ရွာတွင်းခ္ဍ သွားလာစဉ် ပြုံးကနဲ ပြုံကနဲ တိုက်ကျ်ိသည်ကျ်ိ ကျ်ိကာ ဂ္ဂဒ္ဒြမရ သွားလာကြ၏။ ယင်းကို လူတို့ကဲ့ရဲ့ပြန်ခဲ့သောအခါ ဗုဒ္ဓဘုရားရှင်က ထိုသို့မသွားရ မျက်လွှာချ၍ သွားလာရမည် အိဒ္ဒြမရ ဟိုကျ်ိ သည်ကျ်ိနှင့် သွားလာလျှင် ဒုက္ခဋ္ဌအာပတ် သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက—၁။

မြတ်စွာဘုရားက ဟိုကြည့် သည်ကြည့် မသွားရ၊ မျက်လွှာချ၍ သွားလာရမည်ဟု ပညတ်တော်မူသောအခါ ဆဗ္ဗဂိုရဟန်းတို့သည် သွားလာနေသော ကျွန်ုပ်ရရ မျက်လွှာချ၍ သွားလာကြသော်လည်း ထိုင်နေစဉ်ပြူးကနဲပြုံးကနဲ ကျွန်ုပ်မရကြည့်ရှုကြသည်။ သိက္ခာမရှိနေထိုင်ကြသည်။ ထိုအခါ လူတို့ကဲ့ရဲ့ပြန်၏။ ယင်းကဲ့ရဲ့စကား ဗုဒ္ဓဘုရားသိတော်မူလျှင် ရှာတွေ့ခဲ့ သုံးလေးစဉ်သာမဟုတ် ရှာတွေ့ခဲ့ ထိုင်နေစဉ်မှာလည်း ကျွန်ုပ်အိပ်ပြီးချ၍ ကျွန်ုပ် သိက္ခာနှင့် နေရမည်၊ ကျွန်ုပ်မဲ့နေလျှင် ဒုက္ခဒဏ် အာပတ် သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက—၂။

ဆဗ္ဗဂိုရဟန်းတို့သည် ရှာတွေ့ခဲ့ သွားလာသောအခါ သင်းပိုင်ကိုပင့်၍ သွားလာကြ၏။ လူတို့ အမြင်မတော်၍ ကဲ့ရဲ့ကြသည်။ ထိုကဲ့ရဲ့စကား ဗုဒ္ဓဘုရားရှင်ကြားသိတော်မူလျှင် ဆဗ္ဗဂိုရဟန်းများကို ခေါ်တော်မူ၍ ရှာတွေ့ခဲ့ ထိုင်ရင်း နေရင်း သင်းပိုင်ကို မ၍ မသွားရ မလာရ၊ သွားလာလျှင် ဒုက္ခဒဏ် အာပတ် သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက-၁၀။

ဆဋ္ဌဝေါ်ရဟန်းမျိုးသည် ဗုဒ္ဓက သွားလာသည့် အခါတိုင်း သင်းပိုင်ကို မြေ မသွားလာရဟု ပညတ်ခတင်မူလျှင်၊ ရွာတွင်းခ္ဒ ဆိုင်ရင်း နေရင်း သင်းပိုင်ကို ဒူးပေါ်ပေါ်ပေါ် မရှိ ထိုင်နေ ကြ၏။ လူတို့မြင်၍ ကဲ့ရဲ့လေရာ ဗုဒ္ဓက ထိုင်ရင်း နေရင်းလည်း သင်းပိုင်ကို မ-မထိုင်ရ သင်းပိုင်ကို မ-ရှိထိုင်လျှင် ဒုက္ခဒေါဝပတ် သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက-၁၁။

ဗုဒ္ဓဘုရားရှင် သာဝတ္ထိပြည်တွင် သီတင်း သုံးနေတော်မူစဉ် ဆဋ္ဌဝေါ်ရဟန်းတို့သည် ရွာတွင်းခ္ဒ အသံကျယ်စွာ ရယ်မောရှိ သွားလေ၏။ ထိုသို့ ရယ်လျက် သွားလာကြသည်ကို လူတို့ ကဲ့ရဲ့ကြ၏။ ထိုသတင်းကို ဗုဒ္ဓဘုရားရှင် ကြားသိတော် မူလျှင် ဆဋ္ဌဝေါ်ရဟန်းမျိုးကို ခေါ်တော်မူ၍ ရွာတွင်းခ္ဒ ကျယ်လောင်စွာရယ်၍ သွားလာရာ၊ ကျယ်လောင်စွာရယ်၍ သွားလာလျှင် ဒုက္ခဒေါဝပတ်သင့်စေသည်ဟု ပညတ်တော် မူ၏။

သာဓက-၁၂။

ရယ်ရှိမသွားလေရဟု ဗုဒ္ဓကပညတ်တော်မူသောအခါ ဆဋ္ဌ ဝေါ်ရဟန်းတို့သည် ရွာတွင်းခ္ဒ ထိုင်နေရင်းဖြင့် ကျယ်လောင်

စ္စာ ရယ်မေးကြ၏။ လူတို့ကဲ့ရဲ့စကား ဗုဒ္ဓကြားသိတော်မူလျှင် ဆဗ္ဗဂ္ဂိရဟန်းများကို ခေါ်တော်မူ၍ ရှာတွင်းခ္ဒ် ထိုင်ရင်းနေ ရင်း ကျွယ်ပေါ်စွဲမရယ်ရ၊ ရယ်လျှင် ဒုက္ခဒုဿပတ်သင့်စေ သည်ဟု ပညတ်တော်မူ၏။

သာဓက–၁၃။

ဆဗ္ဗဂ္ဂိရဟန်းတို့သည် ရှာ တွင်းခ္ဒ် ကဒတိကျယ်စွာ ကြားဆို၍ သွားလေကြသော် လူတို့ကဲ့ရဲ့သည်ကို ဗုဒ္ဓဘုရား၏ ကြားသိ လျှင် ဆဗ္ဗဂ္ဂိရဟန်းများသို့ ခေါ်ခေါ်ကာ ရှာ တွင်းခ္ဒ်ကို ခေါ်ခေါ်ကာ ဝဏ္ဏခြင်းပြု၊ အသံကျယ်စွာ ပြောလျှင် ဒုက္ခဒုဿပတ်သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက–၁၄။

အသံကျယ်စွာပြောပြီး မသွားလေ-ရာဟု ဗုဒ္ဓက ပညတ်တော် မူသောအခါ ဆဗ္ဗဂ္ဂိရဟန်းတို့သည် ရှာတွင်းခ္ဒ် ထိုင်ရင်းနေရင်း အသံကျယ်စွာ ရုန်းမိမ် ကြား ရှာဘိမ်ကြား စကားပြော ကြ၏။ လူတို့ကဲ့ရဲ့စကားကို ဗုဒ္ဓဘုရား ကြားသိတော်မူလျှင် ရှာ တွင်းခ္ဒ် ထိုင်နေရင်းလည်း အသံကျယ်စွာ မပြောရ၊ ကျယ်စွာ ပြောဆိုလျှင် ဒုက္ခဒုဿပတ်သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက–၁၅။

ဆဗ္ဗဂ္ဂိရဟန်းတို့သည် ရှာတွင်းခ္ဍ ကိုယ်ကိုလှုပ်ခါ၍ သွားလာကြ၏။ လူတို့ကဲ့ရဲ့စကား ဗုဒ္ဓကြားလျှင် ရှာတွင်းခ္ဍ ကိုယ်ကို လှုပ်ခါ၍ မသွားလာရ၊ ဘာဝင့်တောင့်မတ်မာ်ထားကာ သွားလာရမည်၊ လှုပ်ခါ၍ သွားလာလျှင် ဒုက္ခဒုဿာပတ် သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက-၁၆။

ဆဗ္ဗဂ္ဂိ ရဟန်းများကတော့ ထုံးစံအတိုင်းပါပဲ။ ရှာတွင်းခ္ဍ ကိုယ်ကိုလှုပ်ခါ၍ မသွားလာရဟု ပညတ်တော်မူသောအခါ ရှာတွင်းမှာ ထိုင်ရင်းနေရင်းတွင် အငြိမ်မနေ၊ သိက္ခာမရှိ၊ ကိုယ်ကို လှုပ်ခါကြပြန်၏။ လူတို့ကဲ့ရဲ့စကား ဗုဒ္ဓ ကြားသိမတော်မူသော အခါ ရှာတွင်းခ္ဍ နေရင်းထိုင်ရင်းလည်း ကိုယ်ကို လှုပ်ခါ၍ မနေရ၊ တည့်တည့် မတ်မတ် ထိုင်၍ ငြိမ်ငြိမ် နေရမည်။ အငြိမ် မနေပဲ လှုပ်ခါနေလျှင် ဒုက္ခဒုဿာပတ် သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက–၁၇။

ဆဗ္ဗဂ္ဂိ ရဟန်းတို့သည် ကိုယ်ကို မလှုပ်ရတော့ လက်ရုံးကို လှုပ်၍ ရှာတွင်းခ္ဍ သွားလာကြပြန်၏။ လူတို့ကဲ့ရဲ့စကားကိုဗုဒ္ဓ ကြားသိတော်မူလျှင် ရှာတွင်းခ္ဍ လက်ရုံးကို လှုပ်၍ မသွားလာရ လက်ရုံးလှုပ်၍ သွားလာလျှင် ဒုက္ခဒုဿာပတ် သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက—၁၈။

ရှာတွင်းဌ် လက်ရုံးလှုပ်၍ မသွားမလာရ ဆိုပြန်သောအခါ ဆဗွဏ္ဍိ ရဟန် တို့သည် ရှာတွင်းဌ် ထိုင်ရင်းနေရင်း လက်ရုံးကို လှုပ်ရမ်းပြပြန်၏။ ထိုအကြောင်း ဘုရားရှင်သိလျှင် ရှာတွင်းဌ် ထိုင်ရင်းနေရင်း လက်ရုံးကို မလှုပ်ရ၊ လှုပ်လျှင် ဒုက္ခဌာပတ် သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက—၁၉။

ဆဗွဏ္ဍိ ရဟန်းတို့သည် လက်ရုံးမလှုပ်ရတော့ ဦးခေါင်းကို လှုပ်၍ရှာတွင်းဌ် သွားလာကြ၏၊ ဗုဒ္ဓကြားသိလျှင် ဦးခေါင်း လှုပ်၍ ရှာတွင်းဌ် မသွားလာရ၊ သွားလာလျှင် ဒုက္ခဌာပတ် သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက—၂၀။

ရှာတွင်းဌ် ဦးခေါင်းလှုပ်၍ မသွားလာရဟု ပညတ်တော်မူ သောအခါ ဆဗွဏ္ဍိရဟန်းတို့သည် ထိုင်ရင်းမှ ဦးခေါင်းလှုပ်ကြ ပြန်၏။ ယင်းကြောင့်ရှာတွင်းဌ် ထိုင်ရင်းလည်းဦးခေါင် မလှုပ်ရ ဒုက္ခဌာပတ် သင့်စေသည်ဟုပညတ်တော်မူ၏။

သာဓက-၂၁

ဆဗွဏ္ဍိရဟန်းတို့သည် ရှာတွင်းဌ် ခါးထောက်၍ သွားကြ၏၊ ဗုဒ္ဓသိလျှင် ရှားတွင်းဌ်ခါးထောက်၍ မသွားရ၊ခါးထောက်သွား လျှင် ဒုက္ခဌာပတ်သင့်စေသည်ဟု ပညတ်တော် မူ၏၊

သာဓကပါဠိ-၂၂။

ခါးဆောက် မသွားရ ပြန်သောအခါ၊ ဆပ္ပဂိုရဟန်းမျှော်၊ ခါးထောက်၍ ရှာတွင်းမှာ ထိုင်ကြနေကြ ပြန်၏။ ရှာ ကွယ်ခဲ့ခါ ခါးထောက်၍ မထိုင်မူ၊ ခါးထောက် ထိုင်နေလျှင် ဒုက္ခဋ္ဌာ အာပတ်သင့်စေသည်ဟု ဗုဒ္ဓကပညတ်တော် မူ၏။

သာဓကပါဠိ-၂၃။

ဆပ္ပဂိုရဟန်းတို့ ဦး ရှာတွင်းခဲ့ ဦးခါးကိုခြုံ၍ သွားလာ ကြ၏။ ဗုဒ္ဓသိလျှင် ဦးခေါင်းကိုခြုံ၍ ရှာ တွင်းခဲ့ သွားလာရာ သွားလေလျှင် ဒုက္ခဋ္ဌာ အာပတ်သင့်စေသည်ဟုပညတ် တော်မူ၏။

သာဓကပါဠိ-၂၄။

ဦးခေါင်းကို ခြုံ၍ သွားလေဟု ပညတ်ခဲ့ကာမူ သူ့ခေါ် ဆပ္ပဂိုရဟန်းမျှ ကား ဦးခေါင်းကို ခြုံ၍ရှာတွင်းခဲ့ ထိုင်နေ ကြ၏။ ဗုဒ္ဓဘုရားကား ယခင်တော်မူလျှင် ရှာ ကွယ်ခဲ့ဦးခေါင်း ကိုခြုံ၍ထိုင်ရာ ခြုံ၍ထိုင်လျှင် ဒုက္ခဋ္ဌာ အာပတ် သင့်ကား ဟုတ်ဟု ပညတ်ခဲ့တော်မူ၏။

သာဓကပါဠိ-၂၅။

ဆပ္ပဂိုရဟန်းတို့သည် ရှာတွင်းခဲ့ ဖဝါးစွန်းဖြင့် နင်းရ၍သွား သည်ကို အဓိဋ္ဌာန်ပြု၍ ရှာတွင်းခဲ့ဖဝါးစွန်းဖြင့် နင်းရ၍မသွား ရာသွားလျှင် ဒုက္ခဋ္ဌာ အာပတ် သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက–၂၆။

ဆဗ္ဗဂ္ဂိရဟန်းတို့သည် ရှာတင်းခ္ခ လက် အာဇယာဝပတ်ပုဆိုးကို အာဇယာဝပတ် ဖွဲ့လျက် နေထိုင်နေသည်ကို အကြောင်းပြု၍ ရှာတင်းခ္ခလက်အာဇော်ဝပတ်ပုဆိုးကို အာဇယာဝပတ်ဖွဲ့လျက်မထိုင်ရ၊ ထိုင်လျှင် ဒုက္ခဒဏ်အာပတ် သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက–၂၇။

ဆဗ္ဗဂ္ဂိရဟန်းတို့သည် ဆွမ်းကို အမှတ်မထင် မရှိ မသေ ခံယူကြသည်ကို အကြောင်းပြု၍၊ သတိပြု၍ ဆွမ်းကို ခံယူရမည်၊ မရှိ မသေ ခံယူလျှင် ဒုက္ခဒဏ်အာပတ်သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက–၂၈။

ဆဗ္ဗဂ္ဂိ ရဟန်း တို့သည် ဟိုကြည့် သည်ကြည့်ကာ ဆွမ်းခံကြသည်ကို အကြောင်းပြု၍ ဆွမ်းခံ၌သာအခါ ဟိုကြည့် သည်ကြည့်မကြည့်ရ၊ သပိတ်ကိုသာ ကြည့်၍ ဆွမ်းခံရမည်။ ဟိုကြည့် သည်ကြည့် ကြည့်၍ ဆွမ်းခံလျှင် ဒုက္ခဒဏ် အာပတ်သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက်–၂၉။

ဆဗ္ဗဂ္ဂိ ရဟန်းတို့သည် ဆွမ်းခံဆွတ်ခင် ဆွမ်းထက် ဆွမ်းဟင်းကို သာ မျှားစွာ ခံယူကြသည်ကို အကြောင်းပြု၍ ဆွမ်း၏ လေးပွို

တဖို့ရေသော ဆွမ်းဟင်းကိုသာယူရမည်၊ ထို့ထက်ပို၍ ဆွမ်းဟင်း ခံယူလျှင် ဒုက္ခဒဏ် အာပတ်သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက-၃၀။

ဆဗ္ဗဂို ရဟန်းတို့သည် သပိတ် အနားခရေးထက်ပိုသော ဆွမ်းကို ခံယူကြသည်ကို ဆေးကြောင်းပြု၍၊ ဆွမ်းကို သပ်ဘဲ အနားခရေးထက်ပိုပြောင် မခံယူရ၊ သပိတ် အနားရေးထက် ပို၍ယူလျှင် ဒုက္ခဒဏ် အာပတ်သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက-၃၁။

ဆဗ္ဗဂို ရဟန်းတို့သည် ဆွမ်းကို မရှိ မသေ စားကြသည်ကို အကြောင်းပြု၍ ဆွမ်းကို မရှိ မသေ မစားရ၊ မရှိ မသေ စားလျှင် ဒုက္ခဒဏ် ပေးပယ်သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက-၃၂။

ဆဗ္ဗဂို ရဟန်းတို့သည် ဆွမ် စားသည့် အခါ တည်ငြိမ်ခြင်းမရှိ ဣန္ဒြေမရှိ ဟိုကြည့် သည်ကြည့် စားကြသည်ကို အကြောင်းပြု၍၊ ဆွမ်းစားစဉ် သပိတ်ဘက်သာ အာရုံစိုက်၍ စားရမည်၊ ဟိုကြည့် သည်ကြည့် မသာ်မည် မငြိမ် ဣန္ဒြေမရှိ စားလျှင် ဒုက္ခဒဏ် အာပတ်သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက-၃၃။

ဆဗ္ဗဂ္ဂိ ရဟန်းတို့သည် ဆွမ်းစားသော အခါ ဟိုနှိပ် သည်နယ်၊ ဟိုနှိုက် သည်ကိုင်ပြုလုပ်၍ စားကြသည်ကို အခြောင်းပြု၍၊ ဆွမ်းစားသည့် အခါ အစဉ် အတိုင်းစားရမည်၊ ဤသို့မစား လျှင် ဒုက္ခဒဏ် အာပတ်သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက-၃ ၄။

ဆဗ္ဗဂ္ဂိ ရဟန်း တို့သည် ဆွမ်းစားသော အခါ ဟင်းကို မျှားစွဲ စားသည်ကို အခြောင်းပြု၍ ဆွမ်း၏ ခေါင်းဖို့ တဖို့မျှသာ ဟင်းကိုစား ရမည်၊ ထို့ထက်ပိုလွန်၍စားလျှင် ဒုက္ခဒဏ် အာပတ်သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက-၃ ၅။

ဆဗ္ဗဂ္ဂိ ရဟန်းတို့သည် ဆွမ်းဦး ဆွမ်းထိပ် ဆွမ်းယမ်းမှ စ၍ နှိမ်၍ ဆွမ်းစားသည်ကို အခြောင်းပြု၍၊ ထိုသို့မစားရ စားလျှင် ဒုက္ခဒဏ် အာပတ်သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက-၃ ၆။

ဆဗ္ဗဂ္ဂိရဟန်းတို့သည် ဟင်းကိုလည်းကောင်း ငါး အမဲစသည်တို့ကိုလည်းကောင်း၊ မိမိအကျိုးအတွက် တောင်းရ၍ သုံး

ဆောင်လိုသည်ကို အကြောင်းပြု၍ ဟင်းကိုလည်းကောင်း ငါးအမဲကိုလည်းကောင်း မိမိအကျိုးငှါ ကောင်းရမည်စားသော် စားခဲ့လျှင်ဒုက္ခဒိုဏ်အာပတ်သင့်စေသည်ဟုပညာတော်မူ၏။

သာဓက—၃၇။

ဆဗ္ဗဂိုဟန်းတို့သည် ဟင်းကို လည်းကောင်း ငါးအမဲကို လည်းကောင်း၊ မျှားစွာ ရလိုသဖြင့် ဝတ္ထုမ်းနှင့် ဖုံးလွှမ်းရှိ ဝှက်ထားကြသည်ကို အကြောင်းပြု၍၊ မျှားစွာ ရလိုသော စိတ်ဖြင့် ဟင်း၊ ငါးအမဲစသည်တို့ကို ဆွမ်းဖြင့်ဖုံးလွှမ်းဝှက်မထား ရ၊ ဝှက်ထားလျှင်ဒုက္ခဒိုဏ်အာပတ်သင့်စေသည်ဟုပညာတော်မူ၏။

သာဓက—၃၈။

ဆဗ္ဗဂိုရဟန်းတို့သည် ကဲ့ရဲ့လိုသော စိတ်ဆန္ဒနှင့် သူတပါး၏သပိတ်ကို ကြည့်ကြ၏။ ယင်းသို့ ကဲ့ရဲ့လိုသော အကြည့်ဖြင့်ကြည့်သည်ကို အကြောင်းပြု၍၊ ကဲ့ရဲ့လိုသောဆန္ဒနှင့် သူတပါးသပိတ်ကို ကြည့်ရှုရ၊ ကြည့်လျှင် ဒုက္ခဒိုဏ်အာပတ် သင့်စေသည်ဟုပညာတော်မူ၏။

သာဓက—၃၉။

ဆဗ္ဗဂိုရဟန်းတို့သည် ကြီးစွာသော ဆွမ်းလုပ်ကို ပြုလုပ်၍ ပါးလုပ်ပလောင်း ပါးနှစ်ဖက်ဖေ ပါင်းအောင် စားကြသည်ကို

အကြောင်းပြု၍၊ ကြီးလွန်းစွာသောဆုံမ်းလုပ်ဖြင့် ပါးနှစ်ဖက် ပေါင်းဒဏ်အာခံမစားရ၊ စားလျှင်ဒုက္ခဋ္ဌာနအာပတ် ဘင့်စေသည်ဟု ပညတ်တော်မူ၏။

သာဒက-၄၀။

ဆဗ္ဗဂ္ဂိရဟန်းတို့သည် ရှည်စွာ သော ဆုမ်းလုပ်ကို ပြုလုပ်၍ စားကြသည်ကို အကြောင်းပြု၍၊ ဆုမ်းလုပ်ကို ရှည်စွာ ပြုလုပ်၍ မစားရ၊ အဝန်းညီစွာ ပြုလုပ်၍ စားရမည်၊ ရှည်စွာပြုလုပ်၍စား လျှင်ဒုက္ခဋ္ဌာနအာပတ် သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက-၄၁။

ဆဗ္ဗဂ္ဂိရဟန်းတို့သည် ဆုမ်းလုပ်ခံတွင်းဝ မရောက်မီ ခံတွင်း ဖွင့်သည်ကို အကြောင်းပြု၍ ခံတွင်းဝသို့ ဆုမ်းလုပ် မရောက်မီ ခံတွင်းကိုမဖွင့်ရ၊ ဖွင့်လျှင်ဒုက္ခဋ္ဌာနအာပတ် သင့်စေသည်ဟုပညတ် တော်မူ၏။

သာဓက-၄၂။

ဆဗ္ဗဂ္ဂိရဟန်းတို့သည် ဆုံမ်းစားသောအခါ အားလုံးသော လက်မျှား ခံတွင်းထဲထည့်သည်ကို အကြောင်းပြု၍၊ ဆုမ်းစား သည့်အခါ လက်အကုန်လုံး ခံတွင်းထဲ မထည့်ရ၊ လက်အားလုံး ခံတွင်းထဲ ထည့်လျှင် ဒုက္ခဋ္ဌာနအာပတ် သင့်စေသည်ဟု ပညတ် တော်မူ၏။

သာမက–၄၃။

ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ခံတွင်းထဲတွင် ဆွမ်းရှိနေလျက်စကား ပြောသည်ကို ကြားပြီး၊ ခံတွင်းထဲတွင် ဆွမ်းရှိနေစဉ်စကား မပြောရ၊ ပြောလျှင် ဒုက္ခဒဏ်အာပတ် သင့်စေသည်ဟု ပညတ် တော်မူ၏။

သာခက–၄၄။

ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ဆွမ်းလုပ်ကို ကြမ်းတမ်း၍ ခေါက်ကြ သည်ကို ကြားပြီး၊ ဆွမ်းလုပ်ကို ကြမ်းတမ်း၍ မခေါက်ရ၊ ခေါက်လျှင် ဒုက္ခဒဏ်အာပတ် သင့်စေသည်ဟု ပညတ် တော်မူ၏။

သာခက–၄၅။

ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ဆွမ်းလုပ်ကို မျောက်ကဲ့သို့ပါးစောင်တွင် သားချိတ်သည်ကို သိပြီး၊ ဆွမ်းလုပ်ကို မျောက်စား သလို ပါးစောင်တွင် ထားချိတ်မစားရ၊ ပါးစောင်၌ သားချိတ်စား လျှင် ဒုက္ခဒဏ်အာပတ်သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက–၄၆။

ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဆွမ်းလုပ်ကိုပြုတ်၍စားကြ၏။ယင်းကို အကြောင်းပြု၍ ဆွမ်းလုပ်ကိုပြုတ်၍ မစားရ ဖြင့်၍ စားလျှင် ဒုက္ခဒုဿီတို သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက–၄၇။

ဆဗ္ဗဂ္ဂီရဟန်းတို့အား ဆွမ်းစားသောအခါ လက်ကို ခါ၍ စားကြသည်ကို အကြောင်းပြု၍ ဆွမ်းစားသောအခါ လက်ကို ခါ၍ မစားရ၊ လက်ကိုခါ၍ စားလျှင် ဒုက္ခဒုဿီပေါ် သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက–၄၈။

ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဆွမ်းလုံးကို မြိုချကြ၍ စားကြသည်ကို အကြောင်းပြု၍ ဆွမ်းလုံးကို ပက်ကြဲ၍မစားရ၊ နှုတ်သီးကို စင်အောင်ပြုရာ ပြုခဲ့လျှင် ဒုက္ခဒုဿီသင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက–၄၉။

ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဆွမ်းစားသောအခါ လျှားကိုထုတ်၍ စားကြ၏။ ယင်းကိုအကြောင်းပြု၍ ဆွမ်းစားသောအခါ လျှားကို

ထုတ်၍ မစားရ၊ စားခဲ့လျှင် ဒုက္ခဒုဿာပတ် သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဝက—၅၀။

ဆဗ္ဗဂ္ဂိုရဟန်းတို့ ဆွမ်းစားသောအခါ ပြပ်ပြပ်နှင့်မြည်အောင် စားကြ၏၊ ယင်းကိုအမြတ်ကြောင်းပြု၍ ပြပ်ပြပ်မြည်အောင်မစားရ၊ ပြပ်ပြပ် မြည်အောင်စားလျှင် ဒုက္ခဒုဿာပတ် သင့်စေသည်ဟု ပညတ်တော်မူ၏၊

သာဝက—၅၁။

ဗုဒ္ဓပြုတ်စ,ားသည် ကောသမ္ဗီပြည် ယောသိတာရုံ ဒကျောင်း တော်တွင် သီဟင်းသုံးတော်မူခဲ့ ပုဏ္ဏားတယောက်သည် ရဟန်း များအား နွားနို့ကိုလှူ၏။ ရဟန်းဟိုနွားနို့သောက်ကြသော အခါ ဆဗ္ဗဂ္ဂိရဟန်းတို့သည် ရွက်ရွက်နှင့် မြည်အောင် သောက် ကြ၏။ ယင်းကိုအကြောင်းပြု၍ရွက်ရွက်မြည်အောင်မသောက်ရ၊ ရွတ်ရွတ်မြည်လျှင် ဒုက္ခဒုဿာပတ် သင့်စေသည်ဟု ပညတ် တော်မူ၏။

သာဝက—၅၂။

ဆဗ္ဗဂ္ဂိရဟန်းတို့သည် ဆွမ်းစားစဉ် လက်ကိုလျှာနှင့် လျက် ကြ၏။ ယင်းကိုအကြောင်းပြု၍ ဆွမ်းစားစဉ်လက်ကိုမလျက်ရ၊ လျှော်ခဲ့လျှင် ဒုက္ခဒုဿာပတ်သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက—၅၃။

ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် သပိတ်ကိုခြစ်၍ ဆွမ်းစား ဘာသ်ကို အကြောင်းပြု၍ သပိတ်ကိုခြစ်၍ ဆွမ်းမစားရ၊ သပိတ်ကိုခြစ်၍ စားခဲ့လျှင် ဒုက္ကဋ်အာပတ်သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက—၅၄။

ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဆွမ်းစားစဉ် နှုတ်ခမ်းကို လျှာနှင့် လျက်၍ စားကြ၏။ ယင်းကို အကြောင်းပြု၍ ဆွမ်းစားစဉ် နှုတ်ခမ်းကို လျှာနှင့်မလျက်ရ၊ လျက်ခဲ့လျှင် ဒုက္ကဋ်အာပတ်သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက—၅၅။

ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဆွမ်းဟင်းများ ပေကျွံနေသော လက်ဖြင့် သောက်ရေခွက်ကို ကိုင်သည်ကို အကြောင်းပြု၍ လက်ညှိုး ဟင်းများ ဆွမ်းများပေကျွံနေစဉ် သောက်ရေခွက်ကိုမကိုင်ရ၊ ကိုင်လျှင် ဒုက္ကဋ်အာပတ်သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက—၅၆။

ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဆွမ်းလုံးများ ပါဒသာ သပိတ်ဆီးရေကို ရွာတွင်းခြံစွန်သည်ကို အကြောင်းပြု၍ ဆွမ်းလုံးပါသောရေကို ရွာတွင်းခြံမစွန်ရ၊ စွန်းလျှင် ဒုက္ကဋ်အာပတ် သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက-၅၇။

ဆဗ္ဗဂ္ဂိရဟန်းတို့သည် လက်တွင် ထီးရှိသောသူအား တရား ဟောပြောသည်ကို အကြောင်းပြု၍ လက်တွင်ထီးရှိခဲသော သူဟား တရားမဟောပြောရ၊ ဟောပြောလျှင် ဒုက္ခဋ္ဌာပတ် သင့်စေသည်ဟု ပညတ်တော်မူ၏။

သို့သော် ထီးရှိသောသူသည် မကျန်းမမာ နာဖျားနေက ဟောပြောနိုင်သည်ဟု ခွင့်ပြုတော်မူ၏။

သာဓက-၅၈။

ဆဗ္ဗဂ္ဂိရဟန်းတို့သည် လက်တွင် ခါး သံလျက် လုံတံစသည်ကို ကိုင်စွဲထားသော မနာမဖျားခဲသောသူအား တရား ဟောပြော သည်ကို အကြောင်းပြု၍ လက်တွင် တုတ် လုံတံ စသည်တို့ကို ကိုင်စွဲထားသော မနာ မဖျားသောသူအား တရား မဟောရ၊ ဟောလျှင် ဒုက္ခဋ္ဌာပတ် သင့်စသည်ဟု ပညတ်တော်မူ၏။

သာဓက-၅၉။

ဆဗ္ဗဂ္ဂိရဟန်းတို့သည် ဘက်တွင် ခါးသံလျက် စသည်တို့ကိုင် ဆောင်ထားသော မနာမဖျားခဲသောသူအား တရားဟောသည်ကို အကြောင်းပြု၍ လက်တွင် ခါးသံလျက် ကိုင်ဆောင်ထားသည့် မနာမဖျားသောသူအား တရားမဟောပြောရ၊ ဟောပြောလျှင် ဒုက္ခဋ္ဌာပတ် သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက-၆၀။

ဆဗ္ဗဂ္ဂိ ရဟန်းတို့သည် လေးစသော အဝေးပစ် လက်နက်ကိုင်ဆောင်ထားသည့် မဖျားမနာသူအား တရားဟောသည်ကို အကြောင်းပြု၍ လေးစသော အဝေးပစ် လက်နက်ကို ကိုင်ဆောင်ထားသည့် မဖျားမနာသူအား တရားမဟောပြောရ၊ ဟောပြောလျှင် ဒုက္ကဋ်အာပတ် သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက-၆၁။

ဆဗ္ဗဂ္ဂိ ရဟန်းတို့သည် ဘိနေပ်စီးထားသောမနာမဖျားသော သူအား တရားဟောပြောသည်ကို အကြောင်း ပြု၍၊ ဘိနေပ်စီးထားသည့် မနာ မဖျားသော သူအား တရားမဟောပြောရ၊ ဟော ပြောလျှင် ဒုက္ကဋ်အာပတ် သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက-၆၂။

ဆဗ္ဗဂ္ဂိရဟန်းတို့သည် ခြေနင်းရှိသော မနာမဖျားသော သူအား တရားဟောပြော သည်ကို အကြောင်းပြု၍၊ ခြေနင်းရှိသော မနာမဖျားသော သူအား တရားမဟောပြောရ၊ ဟော ပြောလျှင် ဒုက္ကဋ်အာပတ်သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက-၆၃။

ဆဗ္ဗဂ္ဂိရဟန်းတို့သည် အိပ်ရာ၌ အိပ်နေသော မနာမဖျားသောသူအား ဟရားဟောပြောသည်ကို အကြောင်းပြု၍ မနာမဖျားဟဲအိပ်ရာ၌အိပ်နေသူအား တရား မဟောပြောရ၊ ဟောပြောလျှင် ဒုက္ခဒုဗ္ဗဏဿပတ် သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက-၆၄။

ဆဗ္ဗဂ္ဂိရဟန်းတို့သည် ယာဂုစီးသော မနာမဖျားသော သူအား တရားဟောပြောသည်ကို အကြောင်းပြု၍ ယာဂုစီးသည့် မနာမဖျားသောသူအား တရား ဟောပြောရ၊ ဟောပြောလျှင် ဒုက္ခဒုဗ္ဗဏဿပတ်သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက-၆၅။

ဆဗ္ဗဂ္ဂိရဟန်း တို့ သည် လက်ဆေးယောဂပတ်၍ ပုဆိုးဆောင်ယောဂ ပတ်ပွဲဟောသော မနာမဖျားသောသူအား တရားဟောပြော ကြောင်းကို အကြောင်း ပြု၍၊ ထို သူများ၏ အကြောင်းပြု၍၊ ထိုသူများကို တရားမဟောရ၊ ဟောပြော လျှင် ဒုက္ခဒုဗ္ဗဏဿပတ်သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက-၆၆။

ဆဗ္ဗဂ္ဂိရဟန်းတို့သည် ဆံလျှဉ်ကိုမမြင်အောင် ဦးရစ်ဖေါင်းထားသော မနာမဖျားသောသူအား တရားဟောပြောသည်ကို

အကြောင်းပြု၍ ဆံလျှဉ်ကိုမမြင်အောင်ဦးရစ်ပေါင်းထားသော မနာမဖျားသောသူအား တရားမဟောပြောရ၊ ဟော်ပြောလျှင် ဒုက္ခဒဏ်အာပတ်သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဂေ-၆၇။

ဆဗ္ဗရုဂ္ဂိဟန်းများသည်ဖြစ်ခဲ့နေ၍ ရင်းထက်မြင့်သောနေရာ၌ နေသော မနာမဖျားသော သူအား ဟရားဟောပြောသည်ကို အကြောင်းပြု၍၊ ရဟန်းများက မြေကွက်ခွဲ၍ တရားနာသူက မိမိတို့ဆက် မြင့်သောနေရာ၌ နေသော မနာမဖျားသောသူ အား တရားမဟောပြောရ၊ ဟောပြောလျှင် ဒုက္ခဒဏ်အာပတ် သင့်စေသည်ဟု ပညတ်တော်မူ၏။

သာခက-၆၀။

ဆဗ္ဗဂ္ဂိရဟန်းတို့သည် ဦးခေါင်းကိုပါ သိုင်းခြုံထားသော မနာမဖျားသောသူအား တရားဟောပြောသည်ကို အကြောင်း ပြု၍၊ မနာမဖျားပဲ ဦးခေါင်ကိုပါ သိုင်းခြုံထားသူအား တရား မဟောပြောရ၊ ဟောပြောလျှင် ဒုက္ခဒဏ်အာပတ်သင့်စေသည်ဟု ပညတ်တော်မူ၏၊

သာဓက–၆၉။

ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် မြေပြင်တွင် မဟုတ်သော်လည်း ၎င်းတို့က နိမ့်သောနေရာတွင်နေ၍၎င်းတို့ထက်မြင့်သောနေရာ၌ နေသူများအား တရား ဟောခြင်းသည်ကို အခြောင်းပြု၍ မိမိတို့ထက် မြင့်သောနေရာတွင် နေသူများအား နာမကျန်းသူ မဟုတ်က တရားမဟောပြော၊ ဟောပြောလျှင် ဒုက္ခဒုက္ခ အာပတ် သင့်စေသည်ဟူပညတ်တော်မူ၏။

သာဓက–၇၀။

ဆဗ္ဗဂ္ဂီရဟန်းတို့သည် ၎င်းတို့က ရပ်လျက် ထိုင်နေသောမနာမဖျားသူအား တရားဟောပြောသည်ကို အခြောင်းပြု၍ မိမိတို့ကရပ်လျက် မနာမဖျားပဲ ထိုင်နေသူအား တရားမဟောရ၊ ဟောပြောလျှင်ဒုက္ခဒုက္ခအာပတ်သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက–၇၁။

ဆဗ္ဗဂ္ဂီရဟန်းတို့သည် ၎င်းတို့က နောက်ခြေသွားခြင်း ရှေကသွားနေသူအား တရားဟောပြောသည်ကို အခြောင်းပြုကာ မိမိတို့က နောက်မှသွားခြင်း ရှေ့ကသွားနေသူ မနာဖျားသူအား တရားမဟောပြော၊ ဟောပြောလျှင် ဒုက္ခဒုက္ခအာပတ် သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက-၇၂။

ဆဗ္ဗဂ္ဂိရဟန်းထို့သည် အကြောင်းရှိ၍ခရီးသွားသည် မဟုတ်ပဲ တကယ်အကြောင်းရှိ၍ ခရီးသွားမနှသူ မနာမဖျားသူအား တရားဟောပြောလည်းကို အကြောင်းပြု၍ မိမိတို့တွင် အကြောင်းမရှိပဲ အကြောင်းရှိ၍သွားနေသော မနာမဖျားဒသာသူကို တရားမဟောပြောရ၊ ဟောပြောလျှင် ဒုက္ကဋ်အာပတ်သင့် စေသည်ဟု ပညတ်တော်မူ၏။

သာဓက-၇၃။

ဆဗ္ဗဂ္ဂိရဟန်းတို့သည် ခရီးသွား ရပ်၍ ကျင်ကြီးကျင်ငယ် စွန့်သည်ကို အကြောင်းပြု၍ ရပ်လျက် ကျင်ကြီးကျင်ငယ် မစွန့်ရ၊ စွန့်လျှင် ဒုက္ကဋ်အာပတ်သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက-၇၄။

ဆဗ္ဗဂ္ဂိရဟန်းတို့လည် စိမ်းဝေသာ မြက်သစ်ပင်များပေါ်သို့ ကျင်ကြီးကျင်ငယ်စွန့်သည်ကို အကြောင်းပြု၍ စိမ်းဒသာ မြက်သစ်ပင်များပေါ်သို့ ကျင်ကြီးကျင်ငယ်မစွန့်ရ၊ စိမ်းဒလာ မြက်ပင် သစ်ပင်များပေါ်သို့ ကျင်ကြီး ကျင်ငယ်စွန့်လျှင် ဒုက္ကဋ်အာပတ်သင့်စေသည်ဟု ပညတ်တော်မူ၏။

သာဓက-၇၅။

ဆဗ္ဗဂ္ဂိုဒုဟန်းတိုလည် သုံးဆောင်ရန်ကောင်းသော ရေတွင် ကျင်ကြီးကျင်ငယ်စွန့်ခြင်း၊ တံထွေးထွေးခြင်း ပြုလုပ်ကြသည်ကို အကြောင်းပြု၍ သုံးဆောင်ရန် ကောင်းသောရေ၌ ကျင်ကြီး ကျင်ငယ်စွန့်ခြင်း၊ တံထွေးထွေးခြင်း မပြု၊ ပြုလျှင် ဒုက္ခဉ် အာပတ် သင့်စေသည်ဟု ပညတ်တော်မူ၏။

ဗုဒ္ဓဘုရားရှင် ဝိနည် သိက္ခာတော်များကို ပညတ်တော်မူရာ ဌာနများမှာ (၇) ဌာနရှိ၏။

(၁) ဝေသာလီပြည်
(၂) ရာဇဂြိုဟ်ပြည်
(၃) သာဝတ္ထိပြည်
(၄) အာဠဝီပြည်
(၅) ကောသမ္ဗီပြည်
(၆) သဂ္ဂတိုင်း
(၇) ဘဂ္ဂတိုင်း-စ သည်တို့ဖြစ်၏။

မှတ်ချက် ။ရဟန်းတော်များစောင့်ထိန်းရသော သိက္ခာ ပုဒ်တော်များမှာ ၂၂၇-သွယ်ရှိ၏။ ယင်းတို့မှာ ပါရာဇိက ၄ ပါး၊ သံဃာဒိသိသ် ၁၃ ပါး၊ အနိယတ ၂ ပါး၊ နိဿဂ္ဂိယ ပါစိတ် ၃၀ ပါး၊ သုဒ္ဓပါစိတ် ၉၂ ပါး၊ ပါဋိဒေသနီ ၄ ပါး၊ သေခိယ ၇၅ ပါး၊ ပေါင်း ၂၂၀ တွင် အဓိကရဏ သမထ ၇ ပါးနှင့်ပေါင်းလျှင် ၂၂၇ ပါးဟု မှတ်။

ရဟန်းကျင့်ဝတ်ပြီး၏။

လူ့ကျင့်ဝတ်များ

ဗုဒ္ဓဘုရားရှင်သည် သာသနာ့ဝန်ထမ်း ရဟန်းတော်များကို သာ သိက္ခာပုဒ်တော်များကို ပညတ်တော်မူခဲ့သည် မဟုတ်ပဲ၊ သူတို့၏ ကျင့်ကြံလိုက်နာရန် ကျင့်ဝတ်များကိုလည်း လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွားအတွက် ဟောကြားဆုံးမကာ ပညတ်တော်မူခဲ့လေသည်။

ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တို့သည်—

၁။ ဗုဒ္ဓဘုရားကို ယုံကြည်ခြင်း

၂။ ဗုဒ္ဓ ဟောကြားတော်မူသော တရားတော်ကို ယုံကြည်ခြင်း

၃။ ဗုဒ္ဓ၏တပည့်သားသံဃာတော်တို့ကို ယုံကြည်ခြင်း

စသည်တို့ ရှိရမည်ဖြစ်၏။ ဤသို့ယုံကြည်ခြင်း ရှိမှသာလျှင် ဗုဒ္ဓအလိုတော်ကျလူ၊ ကျင့်ဝတ်ကို ကျင့်ကြံအားထုတ်နိုင်ပေမည်။ ဤသို့ ဘုရား၊ တရား၊ သံဃာတို့ကိုယုံကြည်စွာဖြင့် ပထမဦးစွာ ဘုရား တရား၊ သံဃာတို့ကို ကန်တော့ရမည်။

ကန်တော့ရန်

သြကာဘ၊ သြကာသ၊ သြကာသ၊ ကာယကံ၊ ဝစီကံ၊ မနောကံ တည်းဟူသော ကံသုံးပါးဘို့ဘင် တပါးပါးသော်ကံ ဖြင့် ဘုရားကိုဖြစ်စေ၊ တရားတော်ကိုဖြစ်စေ၊ သံဃာတော်ကိုဖြစ်စေ၊ ပြစ်မှားမိသည်ရှိသော် ထိုအပြစ်ကို ပျောက်ပါစေခြင်းအကျိုးငှါ ပထမ၊ ဒုတိယ၊ တတိယ၊ ဘဏ္ဍိမ် နှစ်ကြိမ် သုံးကြိမ် မြောက်အောင် ဘုရားရှေ့နှာ၊ တရားရှေ့နှာ၊ သံဃာရှေ့နှာ ရှေ့နှာမြှောက်သုံးပါးတို့ကို ရှိခိုးသမြှောက်နှိုး လက်အုပ်မိုးရှိ ရှိခိုးပူဇော်ဖူးမြော်မှန်လျှင် ကန်တော့ပါ၏ဘုရာ ။

ရှင်းချက်။ ။ သြကာသဟူသည် ယဉ်ကျေးမှု အစဉ်အလာကို လေးစားသောအားဖြင့် ကန်တော့ရန် ခွင့်ပြုတော်မူပါဘုရား ဟု ခွင့်တောင်းခြင်းဖြစ်၍ သြကာသကို သုံးကြိမ်ဆိုရခြင်းမှာ အလေးအမြတ်ပြုခြင်းဖြစ်သည်။

ကာယကံ၊ ဝစီကံ မနောကံဆိုသည်မှာ-

၁။ ကာယကံ-ကိုယ်အမူအရာပြု၍ ပြစ်မှားမိသော စေတနာကံ၊

၂။ ဝစီကံ-နှုတ်ကိုလှုပ်ရှား ပြောဆို၍ ပြစ်မှားမိသော စေတနာကံ၊

၃။ မနောကံ-စိတ်ဖြင့်ကြံစည်တွေးတော၍ ပြစ်မှားမိသော စေတနာကံ

တို့ဖြစ်လေသည်။ နေ့ကိန်းနာရီကုဋေ၊ ယခု ပစ္စုက္ခတည်ရှိ၊ ဤသို့ ကံသုံးပါးနှင့် ပြစ်မှားမိခဲ့ပါလျှင် ထိုအပြစ်တို့ကို ပယောဂပါစေခြင်း အကျိုးငါး ပထမ၊ ဒုတိယ၊ တတိယ စသည်ဖြင့် သုံးကြိမ်တိုင်တိုင် ဘုရား တရား သံဃာတို့ကို ရှိခိုးကန်တော့ပါ၏ ဟူ၍ ဖြစ်၏။

ဆုတောင်းရန်

ဤသို့ ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ရခဲသော ကုသိုလ်ကံ စေတနာတို့ကြောင့်၊ အပါယ်လေးပါး၊ကပ်သုံးပါး ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိဘုရားခုနှစ်ပါး၊ဗျာဒိတ် တရားငါးပါးတို့မှ၊ ဘခါခင်ဘိမ်း၊ ကင်းလွတ်ငြိမ်းသာခြင်း ဖြစ်၍ မဂ်ဘုရား၊ ဖိုလ်ဘုရား နိဗ္ဗာန် တရားဘဝ်မြတ်ကို ရပါလိုကုန် အရှင်ဘုရား။

ရှင်းချက်။ ။ အပါယ်လေးပါးဆိုသည်မှာ--

၁။ ငရဲ

၂။ တိရစ္ဆာန်

၃။ ပြိတ္တာ

၄။ အသုရကာယ်

စသည်ဘုံကို အပါယ်လေးဘုံဟု ခေါ်၏။ ထိုဘုံသို့ရောက်ရလျှင် ကြီးပွါးချမ်းသာခြင်းမရှိ၊ ဆင်းရဲဒုက္ခတိသာ ပြည့်သောကြောင့် "အပါယ်"ဟုခေါ်၏။

ကပ်သုံးပါးဆိုသည်မှာ-

၁။ ရောဂနှင့်ကပ် ၂။ သတ္တုနှင့်ကပ်
၃။ ဒုဗ္ဘိက္ခနှင့်ကပ်

ဟူ၍ဖြစ်၏၊ ရောဂနှင့်ကပ် ဆိုသည်မှာ ကပ်ရောဂါဆိုး နှိပ်စက်၍ သေကြေပျက်စီးရခြင်း၊

သတ္တုနှင့်ကပ်ဆိုသည်မှာ စစ်ခေါင်းစစ်ဒဏ် ခေါ်၊ လုံ၊ သေ။ မြားစသည်တို့ကြောင့် သေးကြ ပျက်စီးရခြင်း။

ဒုဗ္ဘိက္ခနှင့် ကပ်ဆိုသည်မှာ အစာအစားရှားပါး တော်ပြတ် သေကြခြင်း စသည်တို့ဖြစ်သည်။

ဂုဏ်ပြုဝ်ရှစ်ပါးဆိုသည်မှာ-

၁။ ငရဲ ၂။ တိရစ္ဆာန်
၃။ ပြိတ္တာ ၄။ မနုဿရာဇ်အရပ်
၅။ မိစ္ဆာဒိဋ္ဌိ ၆။ အသညီသတ်ဘုံ
၇။ အရူပလောဘုံ ၈။ ဇာစုန်ပုဂ္ဂိုလ်

ဟူ၍ဖြစ်၏။ ငရဲဆိုသည်မှာ ခြမ်းသာခြင်း ကင်း၍ အစဉ် အမြဲပူခေါင်ကာ သောကရောက်နေရသော နေရာ ဖြစ်၏။

တိရစ္ဆာန်ဆိုသည်မှာ ခွေး၊ ဝက်၊ ကြက်၊ ငှက်စသော တိရစ္ဆာန် တို့ဖြစ်၏။

ပြိတ္တာဆိုသည်မှာ ရှုချင်စဘွယ် အဆင်း အသွင် မရှိ၊ စက်ဆုတ်ရွံရှာဘွယ် အတိ ဖြစ်၏။

ပစ္စုန္တရာဇ်အရပ် ဆိုသည်မှာ ဘုရား တရား၊ သံဃာစသော ရတနာသုံးပါးမတည်ရှိပဲ၊ နှုတ်ကြမ်း၊ လျှာကြမ်း၊ စိတ်ကြမ်း၊ ကိုယ်ကြမ်းနှင့် ဒုစရိုက်မှုကို အစဉ်ပြုလုပ်နေကြသော လူတို့၏ နေရာအရပ်ဖြစ်၏။

မိစ္ဆာဒိဋ္ဌိ၊ မှားသော အယူကို အစဉ်အမြဲ စွဲယူထားမိသော အဖြစ်ကိုဆို၏။

အသညာသတ်ဘုံ၊ ရူပ်ခန္ဓာသာရှိပြီး နာမ်ခန္ဓာ မရှိသော ဘုံ။

အရူပဘုံ၊ နာမ်ခန္ဓာသာရှိပြီး ရူပ်ခန္ဓာ မရှိသောဘုံ။

ဇာဇနံပုဂ္ဂိုလ်၊ ကိုယ်အင်္ဂါ အစိတ်အပိုင်း ပြည့်စုံခြင်း မရှိပဲ ချုတ်ယွင်းနေသောသူ။

ရန်သူမျိုးငါးပါးဆိုသည်မှာ—

၁။ ရေ ၂။ မီး
၃။ မင်း ၄။ ခိုးသူ
၅။ မချစ်မနှစ်သက်သောသူ

ဟူ၍ ဖြစ်၏။ ရေသည် မရှိမဖြစ် သို့သော် ရှားပါးခြင်း ကြောင့်လည်း ဒုက္ခပေးတတ်သော ရန်သူဖြစ်ရ၏။ မျှားပြား ခြင်းကြောင့်လည်း ဖျက်ဆီးပေးတတ်သော ရန်သူ ဖြစ်ရ၏။

မီးသည် လူတို့အတွက် လိုအပ်သည် မှန်သော်လည်း မီးကို မရှိသေပဲ ပေါ့ဆစွာ သုံးမီလျှင် လောင်ကျွမ်း စေကာ ဒုက္ခပေး တတ်သော ရန်သူဖြစ်ရ၏။

မင်းသည်လည်း လူ့အဖွဲ့အစည်း တည်ရှိနေလျှင် အုပ်ချုပ်စီမံကိုင်ကဲသူအဖြစ်နှင့် ရှိနေရမည့် မရှိမဖြစ်သော အရာဖြစ်၏။ သို့သော် ထိုမင်းတို့ ပြဋ္ဌာန်းထားသော ဥပဒေကိုမရှိမဲ့သ ကျူးလွန်မိပါက ဒုက္ခပေးတတ်သော ရန်သူ ဖြစ်ရ၏။

ဝိုးသူတို့ကား မရှိမဖြစ်သော အရာမဟုတ်၊ အစဉ်သဖြင့် ဒုက္ခပေးတတ်ကြသူများ ဖြစ်သည်။

မချစ်မနှစ်သော သူ၊ မိမိအား မလိုမုန်းထား သူဘို့သည် ထာဝရ ရန်သူများ ဖြစ်၏။

ဝိပဿနာတရားလေးပါး ဆိုသည်ပြာ-

၁။ ကာလဝိပဿနာ
၂။ ဂတိဝိနုတ္တိ
၃။ ဥပဓိဝိပဿနာ
၄။ ပယောဂဝိနုတ္တိ

ဟူ၍ ဖြစ်၏။ ကာလ ဝိပဿနာ-ခေတ်ကာလ၏ ဖေါက်ပြန်မှုကြောင့် ဘေးဒုက္ခ ရောက်ရခြင်း။

ဂတိဝိပဿနာ-သေလဆဲဆဲ အခါတွင် အယုတ်စား မားသောကြောင့် လားရာဂတိ ဖေါက်ပြန်ကာ ဘဝကူး မခံကောင်းပဲ အပါယ်လေးဘုံးသို့ လည်းကောင်း၊ ရပ်ပြရှစ်ပါးသို့ လည်းကောင်း ရောက်ရခြင်း၊

ဥပဓိဝိပဿနာ-ရုပ်ဆင်းအင်္ဂါ မလုပခြင်း၊ ခြေလက် အင်္ဂါသော ကိုယ်ခန္ဓာများ မပြည့်စုံခြင်း။

ပယောဂဝိပ္ပတ္တိ-အပြင်ဝန်းကျင်မှ ဖေါက်ပြန် နှောက်ယှက်ခံရခြင်းကြောင့် လည်းကောင်း၊ မကောင်းသော ပတ်ဝန်းကျင်၏ ဆွဲဆောင် နှောက်ယှက်ခြင်းကြောင့် လည်းကောင်း ကုသိုလ်တရားတို့ကို မပွားများနိုင်ပဲ အကုသိုလ်မှုဌ် သာတည်နေရခြင်း စသည်တို့ဖြစ်၏။

ဗျသနတရား ငါးပါး ဆိုသည်မှာ-

၁။ သီလဗျသန
၂။ ဒိဋ္ဌိဗျသန
၃။ ဘောဂဗျသန
၄။ ရောဂဗျသန
၅။ ညာတိဗျသနဟူ၍ဖြစ်၏၊
သီလဗျသန—စောင့်ထိန်းသော သီလပျက်ခြင်း၊
ဒိဋ္ဌိဗျသန=အယူပျက်ပြားခြင်း၊
ဘောဂဗျသန = ဥစ္စာပစ္စည်း ပျက်စီးခြင်း၊
ရောဂဗျသန = အနာရောဂါ နှိပ်စက် ဖျက်ဆီးခြင်း၊
ညာတိဗျသန = အဆွေအမျိုးတို့ ပျက်စီးရခြင်း
စသည်တို့ဖြစ်၏။

ထိုသို့သော မဂေါဝင်းမှုများနှင့် မစေတ္တမကြုံရပါ စေနှင့်၊ ပြီးလျှင် မဂ်လေးဝ ဖိုလ်လေးတန်နှင့် နိဗ္ဗာန်ချမ်းသာကို ရရပါလို၏ဟု ဆုတောင်းရမည်။

မင်္ဂလေးပါး ဆိုသည်မှာ-

၁။ သောတ၀ါပတ္တိမင်္ဂ ၂။ သကဒါဂါမိမင်္ဂ
၃။ အနာဂါမိမင်္ဂ ၄။ အရဟတ္တမဂ်
ဟူ၍ ဖြစ်၏။ မင်္ဂဟုရားဆိုသည်မှာ နိဗ္ဗာန်သို့ရောက်ရန်ကျင့်ကြံ အားထုတ်အပ်သော လမ်းကြောင်းကို ဆို၏။

ဖိုလ်လေးပါး ဆိုသည်မှာ-

၁။ သောတာပတ္တိဖိုလ် ၂။ သကဒါဂါမိဖိုလ်
၃။ အနာဂါမိဖိုလ် ၄။ အရဟတ္တဖိုလ်
ဟူ၍ဖြစ်၏။ ဖိုလ်တရားဆိုသည်မှာ မင်္ဂ၏ အကျိုးသက်ရောက်ရာ တရားဖြစ်၏။

နိဗ္ဗာန်ဆိုသည်မှာ-

အိုခြင်း၊ နာခြင်း၊ သေခြင်းမရှိ ပကတိအေးငြိမ်း၊ ချမ်းသာ ခြင်းကို ဆိုသည်။

မှတ်ချက်။ ။နိဗ္ဗာန်ဆိုသည်မှာ လောဘ၊ ဒေါသ၊မောဟ၊ မာန၊ရာဂ စသည်တို့မှကင်းရာကို ဆို၏။

ဤသို့လျှင် ကန်တော့ ဆုတောင်းပြီးနောက် လူတို့၏ ကျင့် ဝတ်ဝင်သော သဂဿဂုဏ်သီလ၊ ငါးပါးသီလကို ဆောက်တည် ကြရသည်။ ယင်းသို့သရဏဂုဏ်သီလကို မဆောက်တည်မီ၊ ဘုရား တရား၊ သံဃာ စသည်တို့ကို တကယ်လေးလေးမြတ်မြတ် ယုံ ကြည်နိုင်စရန် ဘုရား၊ တရား၊ သံဃာတို့၏ ဂုဏ်တော်မျှ ကို တင်ပြပါမည်။

ဘုရားဂုဏ်တော် ကိုးပါး

ဣတိပိ သောဘဂဝါ၊ အရဟံ၊ သမ္မာသမ္ဗုद္ဓော၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရောပုရိသဒမ္မသာရထိ၊ သတ္ထာဒေဝမနုဿာနံ၊ ဗုဒ္ဓော၊ ဘဂဝါ။

ယင်းဂါထာ အနက်

၁။ ဣတိပိ=ကိုယ်လေသာ ခပင်းကို အကြွင်းမဲ့ ဖျက်ဆီး၍ မနိုးဆော ဉာဏ်ကြောင်း မကောင်းပြုခြင်းငှာ ဆိတ်ကွယ်ရာမရှိသဖြင့် ပိခသသ ပူးဇော်အထူးကို ခံဘော်မူထိုက်သော ဤအကြောင်းကြောင့်လည်း၊ သောဘဂဝါ—ထိုမြတ်စွာဘုရားသည်း အရဟံ—အရဟာ မည်တော်မူ၏။

၂။ ဣတိပိ=ဆရာမထား စင်စစ်အားဖြင့် တရားခင်သိမ်းတို့ကို အလိုတော်အလျောက် မဖေါက်မပြန် သဗ္ဗညုတ ဉာဏ်ဖြင့် ပွင့်သိတော်မူလျက် အရဟတ္တမဂ်ဉာဏ်ဖြင့် အသင့်နှိုးတော်မူ၍ နိဗ္ဗာန်ဌာနသို့ ကြွသွားတော်မူပြီးသော အကြောင်းကြောင့်လည်း။ သော ဘဂဝါ=ထိုမြတ်စွာဘုရားသည်၊ သမ္မာ သမ္ဗုဒ္ဓါ—သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏။

၃။ ဣတိပိ—ပုဗ္ဗေနိဝါသ၊ အာသဝက္ခယ၊ ဒိဗ္ဗစက္ခု၊ ဝိဇ္ဇာသုံးထပ်၊ ထိုသုံးရပ်နှင့် ဝိပဿနာ၊ ဒိဗ္ဗခသောတ၊ စေတောပရိ မနောမယိဒ္ဓ ဣဒ္ဓိဝိဓ၊ ရှစ်တန်ဝိဇ္ဇာ၊ သီလာသံဝ၊ ဘာဝနာမတ ညူ၊ ဣန္ဒြေယသု ဂုတ္တဒ္ဝါရတာ၊ ဘောဇနေမတ ညူ၊ ဇာဂရိယာနုယောဂ၊ သဒ္ဓမ္ပ

ဟိရိ၊ သတိပညာ၊ သဒ္ဓါစာဂ၊ သုတစျာန၊ စတုတ္ထဟု စသုကဿ တဆယ့်ငါးပါးတော်နှင့် ပြည့်စုံခဲ့တော်မူသောအကြောင်းကြောင့် လည်း၊ သောဘဂဝါ-ထို မြတ်စွာဘုရားသည်။ ဝိဇ္ဇာစရဏ သမ္ပန္နော-ဝိဇ္ဇာစရဏ သမ္ပန္နမည်တော်မူ၏။

၄။ ဣတိပိ=ဒီပင်္ကရ ဘုရားထံ သုမေဓာဘာဝ ဗျာဒိတ်တော်ခံသည်မှ ၎င်းဒီပင်္ကာရအောင် သသေဟာ ဥဒ္ဓေ အစရှိသော အစွန်းနှစ်ရပ်တွင် ဘယ်အစွန်းဖက်ကိုမှ မှီကပ်မမှီ ပါရမီသမ္ဘာရ မဇ္ဈိမပဋိပတ်အကျင့်မြတ်ဖြင့် ဖြောင့်မတ်ကောင်းမွန်စွာ မက်ခရီးတွင် လားတော်မူဘိတ်သော အကြောင်း၊ ကောင်းသော မြတ်သော နိဗ္ဗာန်ရှေပြည်ကြီးသို့ ကိုယ်ထည်း ထုတ်ချောက် အရောက် ကြွသွားတော်မူလျက် ဟုတ်မှန်ကျိုးခဲကြောင်း စကားကောင်းကိုသာ ဆိုခဲတော်မူဘတ်သော အခြောင်း ကြောင့်၊ သောဘဂဝါ-ထိုမြတ်စွာ ဘုရားသည်၊ သုဂတော-သုဂတ မည်တော်မူ၏။

၅။ ဣတိပိ=ပါဏဘူတ အတ္တဘဝါ သတ္တဝါကား၊ သတ္တလောက ထိုသတ္တတို့ ဖြစ်ကြရပ်နာမ် ဖေါက်ပြန် ပြုပြင်ဤပိုရင်ကား သခ်ၦါရလောက တည်ကြလေဆု ပြဟ္မာနှစ်ဆယ် ခြောက်သွယ် နှစ်ဌာန် သတ္တရာဘန်၊ သီဘာတိမဝါ၊ မေရုခုနစ်ခု၊ အိုင်မင်းလေးစင်း သမုဒ္ဒရာ၊ ငါးရာယမ်မြစ် ငါးဆင့်မြစ်ကြီး ငရဲကြီးရှစ် လေးဆစ်အပါယ် ကျွန်းကြီးလေးကျွန်း ကျွန်းငယ် နှစ်ထောင် စကြဝဠာတည်ရာမှန်လှ သြကာသဟု

လောကသုံးဘော်ကို သိမြင်တော်မူသော အကြောင်းကြောင့်လည်း၊ သောဘဂဝါ-ထိုမြတ်စွာဘုရားသည်၊ လောကဝိဒူ-လောကဝိဒူ မည်တော်မူ၏။

၆။ ဣတိပိ=တုမ့ဲလွန်လတ် ဂုဏ်ဘော်မြတ်ကြောင့်လူနတ်ဘီရစ္ဆာန် စသော သတ္တဝါအများကို အမတ ဖိုလ်မဂ်ရအောင်ကြံဆောင်သိမ်းသွင်း ဆိုဆုံးမတော်မူသော အကြောင်းကြောင့်လည်း၊ သောဘဂဝါ–ထိုမြတ်စွာဘုရားသည် အနုတ္တရောပုရိသဓမ္မသာရထိ–နုတ္တရောပုရိသဓမ္မသာရထိ မည်တော်မူ၏။

၇။ ဣတိပိ=နာနာနရ ဝေါဟာရပညတ် ပရမတ္ထအရာ ဆိုဆုံးမ တော်မူရာတွင် သိလွယ် တတ်လွယ် နားလည်လွယ်အောင် ချိုသာ ရှင်ပျ စံနစ်ကျပြီး ပြဟ္မာနတ်တို့၏စရိုက် ထိုက်သည်နှင့် လိုက်ဖက်လျောညီစွာ ဆိုဆုံးမတော်မူတတ်၍ လူနတ်ပြဟ္မာတို့၏ ဆရာဖြစ်တော်မူကာ အမတနိဗ္ဗာန်ကို ဆောင်ယူတော်မူတတ်သဖြင့် လူနတ်ဘို့၏အမှီး သူတထူးတို့၏သန္တာန်ဝယ် ဘေးရန်ကိုလေသာကို ပယ်ခွာသတ်ဖြတ် ဂုဏ်ဖတ်မြတ်ကြောင့် သောဘဂဝါ–ထိုမြတ်စွာဘုရားသည်၊ သတ္တာဒေဝ မနုဿာနံ–သတ္တာဒေဝမနုဿာနံဂုဏ်ဖတ်နှင့်လည်း ပြည့်စုံတော်မူ၏။

၈။ ဣတိပိ=နှိပ်စက်ခြင်း ပိုင်ဒုနတ်၊ ပြုပြင်အပ် သခ္ခါ၊ သန္တာပ ပူပန် ဖေါက်ပြန်ဝိပရိဏာမ၊ ဒုက္ခနက်လေးပါး အား ထုတ်ဖယ်ခြင်း အာယုဟနနိဒါန ဆင်းရဲကြောင်း ဒုဂုဏ်ယုဉ်ပေါင်း သံယောဂ ပလိဗောဓ နှောင့်ယှက်လေးနက်သမျှဒယ် ဝိဒေဝကမ္မာ ကိုဖယ်သောကင်းဆိတ် နိဿရဏဝင့်ထွက်ခြင်း ပြုပြင်ကင်း သခ္ခတ အမတသေခြင်းမရှိ နိဗ္ဗာန်ဝ လေးနက်ဝင့်မှုထွက်ဖလတတ် နိယျာနံ

နိုဗ္ဗာန်ရောက်ကြောင်း ဟုတ္ထ၊ ဒဿန နိုဗ္ဗာန်မြင် အစိုးရခြင်း အဓိပတေယျ မဂ္ဂနက်လေးဖေါ် ဗောင်းတော်သစ္စာ ဇလေး ဓမ္မာကို အတ္ထာဖြင့်အား ဆယ်ခြောက်ပွား၍ ပတ္တာမြားလက်တင် ပြတ်ပြတ်ထင်စွာ သိမြင်တော်မူသောအကြောင်းကြောင့်လည်း၊ သော ဘဂဝါ–ထို မြတ်စွာဘုရားသည်၊ ဗုဒ္ဓါ – ဗုဒ္ဓမည် တော်မူ၏။

၉။ ဣပိ=ဣသိရိယ ဘုစိုးရန်နှင့် ဓမ္မလောကုတ္တရော ကျော်ဇော်ယသိ သိရိအသရေ ကာမေပြီးနိုင် ကြီးခိုင်လုံ့လ ပယတ္တဟု ခြောက်ဝလုံးစုံ ဘုန်းဇာဝ်ဂုဏ်နှင့် ပြည့်စုံတော် မူသော အကြောင်း ကြောင့်လည်း၊ သောဘဂဝါ–ထို မြတ်စွာဘုရား သည်၊ ဘဂဝါ–ဘဂဝါမည်တော်မူ၏။

အဓိပ္ပာယ်

၁။ မျှားစွာသော လူတို့၏ စိတ်အစဉ်သည် ကြည်လင်စင်ကြယ်ခြင်းမရှိ၊ ဖြူစင်သော စာရွက်ပေါ်၌ အမဲကွက်၊ အနီကွက်၊ အပြာကွက်၊ အစိမ်းကွက်မျှား ထင်နေသကဲ့သို့ လူတို့၏ စိတ်တွင်လည်း အကွက်အမျိုးမျိုး စွန်းထင်းနေတတ်လေသည်။

လူတို့၏စိတ်တွင် တရုတ်ဘခါ လိုချင်မှု'လောဘ'အကွက် ထင်နေ၏။ တရုတ်ဘခါစိတ်ဆိုးခြင်း စိတ်တိုင်းမကျခြင်း၊စိတ်မခံကြနိုပ်ခြင်း၊ 'ဒေါသ'အကွက်ထင်နေ၏။ တရုတ်ဘခါ စိတ်မချမ်းသာမှု 'ဒေါမနဿ' အကွက် ကင်နေ၏။ တရုတ်ဘခါတွင် မိမိကိုယ်ကို အထင်ကြီး၍သူတပါးကို အထင်သေးသော 'မာန' အကွက်ထင်

နေ၏။ တရုံဘခါ ကိုယ့်ထက် သာသူကိုမကြည့်နိုင်၊ ကိုယ့်ထက် သာသူ၏ ဂုဏ်သတင်းကို မကြားနိုင်သော 'ဣဿာ'အကွက် ထင်နေ၏။ တရုံဘခါတွင် ကိုယ်ချမ်းသာသလို သူချမ်းသာမည်ကို ဝန်တိုခြင်း၊ ကိုယ်ဂုဏ်ရှိသလို သူဂုဏ်ရှိမည်ကိုပန်တိုခြင်း၊ ကိုယ်ကျော်ကြားသလို သူကျော်ကြားမည်ကို ဝန်တိုခြင်း၊ ကိုလှသလို သူလှမည်ကို ဝန်တိုခြင်းစသော 'မစ္ဆရိယ'အကွက်ထင်နေ၏။

ဤသို့ စိတ်တွင် ထင်ရှိထင်ရှိနေတတ်သော အကွက်ကလေး မျှားကို(ကိုးလသာ)ဟုခေါ်သည်။

ဗုဒ္ဓ၏စိတ်အစဉ်တွင် ထိုကဲ့သို့ကိုးလသာ အညစ်ကွက် တစက်တပျောက်မျှမရှိပဲ အမြဲကြည်လင်စင်ကြယ်နေ၏။ ထိုသို့ပင်ကိုယ်ပကတိအတိုင်း စင်ကြယ်ပြီးအပေါ်တွင် လူနတ်ဗြဟ္မာ သတ္တဝါအမျှားတို့အား စီးပွားချမ်းသာ မင်္ဂလာကြက်သရေ တိုးတက်စေလိုသော 'ဓမ္ဓာဘိတ်' သနားကြင်နာတော်မူသော'ဂရုဏာစိတ်' ချမ်းသာသည်ကိုမြင်တော်မူလျှင် ကြေနပ်နှစ်သက်တော်မူသော 'မုဒိတာစိတ်' သဝါအမျှား၏ချမ်းသားကြောင်းအစဉ်ကို စဉ်းစားတော်မူသော 'ဥပေက္ခာ' ယင်းကဲ့သို့သော စိတ်တော်တို့ကြောင့် ဗုဒ္ဓ၏စိတ်အစဉ်သည် အဖြူခရုတ် မှန်သားပြင်နှယ် ကြည်လင်တော်မူလှန်း ပါ၏။

သို့ကြောင့်လည်း ပေါင်းပင်မျက်ပင်တို့ ကင်းစင်ရန်ရှင်းသော လယ်မြေ၌ စိုက်ပျိုးလိုက်သောမျိုးစေ့မှ ကြီးထွားသော

အပင်ကို ရရှိနိုင်သည့်နှယ် စိတ်တော်တွင် အညစ်အကြေးကင်း စင်နေသော ဗုဒ္ဓရှင်တော် မြတ်ဘုရားအား လှူဒါန်းပူဇော် ဖူးမျှော်ကန်တော့ရသော ကုသိုလ်ကောင်းမှုသည် ကြီးစွာသော ကောင်းကျိုးဖြစ်လာနိုင်သည်။

'အရဟံ'ဟူသော ပါဠိစကားလည် (ကိုလေသာတို့မှ ဝေးကွာ၏။ ပူဇော်အထူးကို ခံယူထိုက်၏) ဟူသော အနက်ကို ဖွင့်ဆို၏။

ထိုဗုဒ္ဓဘုရားရှင်သည်လည်း ကိုလေသာ အမဲကွက်တို့မှ ကင်းစင်သည်ဖြစ်၍ သန့်ရှင်းကြည်ဖြူသော စိတ်တော်ရှိခြင်း၊ ပူဇော်အထူးကို ခံယူဖတ် မှုထိုက်ခြင်းတို့ကြောင့် 'အရဟံ'ဟူသော ဂုဏ်တော်များဖြင့် ထင်ရှားခေါ်မှုပါပေသည်။

(အရဟံ)၏အဓိပ္ပာယ်မှာ ပူဇော်အထူးကိုခံထိုက်ခြင်းဖြင့်၏။ အာဒုတကြောင့် ပူဇော်အထူးကို ခံထိုက်သနည်း၊ ဗုဒ္ဓဘုရားရှင်၏ စိတ်အစဉ်တွင် အမြဲကြည်လင်ဖြူစင် သန့်ရှင်း နေသောကြောင့် တည်း။

၂။ ဗုဒ္ဓ၏ကြည်လင် သန့်ရှင်းသော စိတ်တော်အစဉ်ဝယ် လွန်စွာထက်မြက်သော ဉာဏ်အတာ်သည် ယှဉ်ကပ်ပါဝင်နေ၏။ ထိုဉာဏ်အတာ်၏ စွမ်းရည် သတ္တိဖြင့် ကမ္ဘာလောကၨ သိစရာဟူသမျှကို လုံးဝဉာဏ်ဖြင့် ကုန်အစင် သိမြင်တော်မူနိုင်လေသည်။

ထိုသို့သိမြင်ရာ၌ အသိ အမြင်မှားယွင်းသော အရာဟူ၍လည်း မရှိ၊ ဟုတ်မှန်သည့် တိုင်းသာလျှင် သိမြင်တော်မူလေသည်။ ဗုဒ္ဓဖြစ်မှ သိနေသော အရာ မှန်သမျှ နည်းပေးလမ်းပြမည့် ဆရာလည်း မရှိ ကိုယ်တိုင်သာ သိကောမူခြင်းဖြစ်သည်။

(သမ္မာ)ဟူသောပါဠိစကားသည် "ပေါက်ပြန်မှားယွင်းမှုမရှိ အမှန်" အနက်ပြု၏။(သံ)ဟူသော ပါဠိစကားသည် "ကိုယ်တိုင်" ဟု အနက်ပြု၏။(ဗုဒ္ဓ)ဟူသော ပါဠိစကားသည် "သိ" ဟုအနက် ပြု၏။ ထိုအကြောင့် အမှား အယွင်း မရှိရအောင် ကိုယ်တော် တိုင် သိတော်မူသော ဗုဒ္ဓမြတ်စွာ ဘုရားရှင်သည် "သမ္မာသမ္ဗုဒ္ဓ" ဟူသော ဂုဏ်တော်အားဖြင့် ထင်ရှားတော် မူပေသည်။

(လမ္မာသမ္ဗုဒ္ဓ)၏ အဓိပ္ပါယ်မှာ ပေါက်ပြန် မှားယွင်းခြင်း မရှိကိုယ်တိုင်သိခြင်းကို ဆိုလို၏။

ဘာကိုကိုယ်တိုင်သိသနည်း-

၁။ဒုက္ခသစ္စာဆိုသော ဆင်းရဲခြင်းအကြောင်း၊

၂။သမုဒယသစ္စာဆိုသောမခင်တွယ်အပ်သည့် ဘဝတဏှာကို ခင်တွယ်ခြင်း မပြုအပ်ကြောင်း၊

၃။ နိရောဓသစ္စာ ဆိုသော သံသရာ၁ဋ္ဌမ် လွတ်မြောက်ရာ လွတ်မြောက်ကြောင်းလမ်းစဉ်၊

၄။မဂ္ဂသစ္စာဆိုသော ဒုက္ခ ခပ်သိမ်း ကင်းပျောက် ငြိမ်းရာ နိဗ္ဗာန်ချမ်းသာတရား၊

စသည် "သံစာလေးပါး" တရားတော်ကို ဆရာမရှိ မိမိအလို လို ကိုယ်တော်တိုင် သိမြင်တော်မူခြင်း ဖြစ်၏။

သို့ကြောင့်လည်း ရှင်တော်မြတ်ဘုရားသည် "သမ္မာသမ္ဗုဒ္ဓ" ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူပါပေသည်။

၃။ ဗုဒ္ဓဘုရားသခင်သည် ဝိဇ္ဇာသုံးပါး၊ဝိဇ္ဇာရှစ်ပါးစရဏ် တဆယ်ငါးပါးနှင့်လည်း ပြည့်စုံတော်မူ၏။ ဤဂုဏ်တော်တွင် "ဝိဇ္ဇာ" နှင့် "စရဏ" ကိုတွဲဖက်ထား၏။

(ဝိဇ္ဇာ)ဆိုသည်မှာ သိသင့် သိထိုက်သော အရာတို့ကို သိတတ်သောကြောင့် "ဝိဇ္ဇာ" ဟုခေါ်သည်။ ဝိဇ္ဇာသုံးပါးဆိုသည်မှာ—

၁။ ပုဗ္ဗေနိဝါသညာဏ်၊
၂။ ဒိဗ္ဗစက္ခုညာဏ်
၃။ အာသဝက္ခယညာဏ်၊ဟူ၍ဖြစ်၏။

ပုဗ္ဗေနိဝါသညာဏ်ဟူသည်မှာ ရှေးရှေး ဘဝတို့ဖြစ်ခဲ့ဘူးသော ခန္ဓာကိုယ် အမျိုးမျိုးကို သိနိုင်သောညာဏ်၊

ဒိဗ္ဗစက္ခုညာဏ်ဆိုသည်မှာ အဝေး၊အနီး၊နှုံးညံ့ သိမ်မွေ့သော ပွင့်သောရူပါရုံ ဝတ္ထု အမျိုးမျိုးကို သိနိုင်သောညာဏ်၊

အာသဝက္ခယညာဏ်ဆိုသည်မှာကိလေသာ အာသဝေါတရား အကြွင်းမဲ့ ကုန်မြောင်းအောင် ပြုတတ်သောညာဏ်၊ စသည်တို့ဖြစ်လေသည်။

ဝိဇ္ဇာရှစ်ပါးဆိုသည်မှာ

၁။ ဝိပဿနာညာဏ်
၂။ မနောမယိဒ္ဓိညာဏ်
၃။ ဒိဗ္ဗစက္ခုညာဏ်
၄။ ဒိဗ္ဗသောတညာဏ်
၅။ ဣဒ္ဓိဝိဓညာဏ်
၆။ ပုဗ္ဗေနိဝါသနုဿတိညာဏ်
၇။ ပရစိတ္တဝိဇာနနညာဏ်
၈။ အာသဝက္ခယညာဏ် ဟူ၍ဖြစ်သည်။

ဝိပဿနာဥာဏ်ဆိုသည်မှာ ဝိပဿနာနှင့် ယှဉ်၍သိသော ဥာဏ်၊

မဒနာမေယျိဒ္ဓိဥာဏ်ဆိုသည်မှာ မိမိကိုယ်ကို ပုံစံ အမျိုးမျိုး ဖန်ဆင်းနိုင်သော ဈာန်စိတ်နှင့်ပြီးသောဥာဏ်၊

ဒိဗ္ဗစက္ခုဥာဏ်(အထက်တွင်ဆိုခဲ့ပြီး)

ဒိဗ္ဗဇဿဝဥာဏ်ဟိုသည်မှာ အဝေး အနီ ရှိ အသံများကို ကြားသိနိုင်စွမ်းသော ဥာဏ်၊

ဈာ်ဝိဝုဥာဏ်ဆိုသည်မှာ တန်ခိုး အမျိုးမျိုး ဖန်ဆင်းနိုင်စွမ်းသောဥာဏ်၊

ပုဗ္ဗေနိဝါသဥာဏ်(အထက်တွင်ဆိုခဲ့ပြီး)

ပရစိတ္တဝိဇာနနဥာဏ်ဆိုသည်မှာ သူတပါး၏ အမျိုးမျိုးဖြစ်ပေါ်နေသည်ကို သိသောဥာဏ်၊

အာသဝက္ခယဥာဏ်(အထက်ဆိုခဲ့ပြီး)

စသည်တို့ဖြစ်ကြသည်။

(စရဏ)ဆိုသည်မှာအရိယာ သူတော်ကောင်းတို့ နိဗ္ဗာန်သို့ သွားရာလမ်းကြောင်း ဖြစ်သည်ကိုခေါ်ဆို၏။

စရဏတဆယ့်ငါးပါးဆိုသည်မှာ၊ သီလ ဆောက်တည်ခြင်း၊ ဣန္ဒြေကိုစောင့်စည်းခြင်း၊ ဘောဇဉ်၌ပမာဏကိုသိခြင်း၊ နိုးကြား လုလ်လရှိခြင်း၊သဒ္ဓါ ဟိရိ ဩတ္တပ္ပ ဗာဟုသုစ္စ ဝီရိယ သတိ ပညာ ဟူသောသူတော်ကောင်းတရား(၇)ပါး၊ အရူပစ္ဈာန်၄-ပါး၊ ထိုတဆယ့်ငါးပါးကိုခေါ်ဆိုသည်။

ဤသို့လျှင် မြတ်စွာဘုရားသခင်သည် ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး။ စရဏာဘဆယ်ပါးပါးတို့နှင့် ပြည့်စုံခဲတာ်မူခြင်းကြောင့် 'ဝိဇ္ဇာစရဏသမ္ပန္န'ဂုဏ်နှင့်လည်း ထင်ရှားပေါ်ပေါ်မူပ ခဲပေသည်။

၄။ ဗုဒ္ဓမြတ်စွာဘုရားသည် လှမ်းကြွခဲတော်မူခဲသော ခရီးလေးခြောက်ခြောင်းသာ ပဋိမလှမ်းကြွခဲတာ်မူ၏။ ထိုသို့ လှမ်းပြီးသော်ခြေတော်က အလှမ်းမကျယ် မကျဉ်းဘဲ အဘယ်ကြောင့်ချေပါမူ၏။ ကြာသွားတော်မူပုံမှာ ဘုန်းလည်းမာန်း မြန်လည်း မြန်၏ ဗုဒ္ဓမြတ်ဘုရားသည် ဟိုကျော်ညီကျော်ခဲ့ကြသည်နှင့် ပြည့်စုံတော်မူတဲ့ ရေတို့ကုန်ဘည့်ပေါ်လေးတောင်မှုခဲ့သော ဝေ၊ ကိုးတောကြီးတော်ကို ရှေ့ကြီးမှုစွာ လှမ်းကြွခဲတာ်မူပုံမှာ တင့်လယ်ခြင်း ဂိုလ်ခုန်းလှ၏။ ဤသို့လှမ်းကြွခဲတာ်မူပုံ၏ တင့်လယ်ခြင်းသည် 'သုဂတ' ဂုဏ်နှင့် ပြည့်စုံခဲတာ်မူပါးပေ၏။

(သုဂတ)၏အဓိပ္ပာယ်မှာ 'ကောင်းခြင်း'၊ 'မြတ်ခြင်း'၊ 'တင့်တယ်ခြင်း'ဟု အနက်ရ၏။ ဘာကြောင့် ကောင်းမြတ်တဲ့ တင့်တယ်သနည်း၊ ဤသို့ကဲ့သို့နှင့် လှမ်းကြွခဲတာ်မူခြင်းကြောင့် ဖြစ်သည်။ ထိုမျှသာမကသေး ဗုဒ္ဓသည် ညစ်ညမ်းယုတ်မာ ကိုယ်လတို့ကိုပဋိမအကြိမ်ပယ်ခဲ့သည်။ ယင်းသို့ပယ်ခြင်းသော ကိုယ်လသာတို့ နောက်ထပ် မပေါ်လာခဲ့ချေ။ သကဒါဂါမိမဂ်ဉာဏ်တော်ဖြင့် ကြင်းသောကိုယ်လသာတို့ကိုပယ်ပြန်သည်။ အနာဂါမိမဂ်ဉာဏ်ဖြင့် ကျန်သေးသော ကိုယ်လသာတို့ကို ပယ်ပြန်၏။ အရဟတ္တမဂ်ဉာဏ်တော်ဖြင့် ကျန်နေသေးသော ကိုယ်လသာ အမှုန်အစတို့ကို လုံးဝ အကြင်းအကျန်မရှိရအောင် ပယ်သတ်၏။ ထိုသို့ပယ်သတ်ပြီးသော ကိုယ်လသာတို့သည်လည်း နောင်တွင်ဘယ်

အခါမှ ပြန်ပေါ်လာခြင်း မရှိတော့ချေ။ ဤသို့ကိုလေသာတေ့ကို နောက်ထပ်ပေါ်မလာရအောင် ဉာဏ်တော်လေးပါး၏ တင့်တယ်စွာ တိုးဝင်သွားပုံမှာလည်း 'သုဂတ' ကောင်းသော ဂုဏ်တမျိုးပင် ဖြစ်ပါသည်။ ယင်းကြောင့် ဗုဒ္ဓမြတ်စွာသည် 'သုဂတ' ဂုဏ်ဖော်ပြင့်လည်း ပြည့်စုံထင်ရှားတော် မူပါပေသည်။

၅။ ကုန်းခ္ဍနေသောသတ္တဝါ၊ ဇရခ္ဍနေသော သတ္တဝါ၊ ကောင်းကင်ခ္ဍနေသော သတ္တဝါတို့ကို ဒုတ္ထသောကဟုခေါ်၏။ ဗုဒ္ဓဘာသ် ထိုသတ္တဝေါဟာ၏ ဖြစ်ပုံပျက်ပုံ ဇာတိဒုစ္စရိုက်ကိုလည်း သိတော်မူ၏။ သတ္တဝါတို့ယောက်၏ ဘဝတွင်းခ္ဍ ယခုလက်ငင်းပြင်ပေါ်နေသော စိတ်ကောင်းစိတ်ဆိုးအမျိုးမျိုးကိုလည်း သိတော်မူ၏။ သတ္တဝါတို့၏ဘဝည်ရှင်ဌာနကမ္ဘာလောကကြီးကို 'သြကာသလောက'ဟုခေါ်၏။ ဗုဒ္ဓသည် ထို'သြကာသလောက'၏ ဖြစ်ပုံပျက်ပုံ တည်နေပုံကိုတည်း သိတော်မူ၏။

'သတ္တဝါ'ဟုခေါ်ဆိုရသော အရာဝတ္ထုသည်စင်စစ်အားဖြင့် အကြောင်းနှင့်အကျိုးဆက်သွယ်၍ ဖြစ်ပျက်နေသော 'ရူပ်နာမ်' ဒုစုသာဖြစ်၏။ ထိုရူပ်-နာမ်အစုကို 'သင်္ခါရလောက'ဟု ခေါ်သည်။ ယင်းသင်္ခါရလောက၏ အကြောင်းအရာနှင့် အကျိုးတရားတို့ ဆက်သွယ်နေပုံကိုလည်း စုံစုံလင်လင် အကြွင်းမဲ့ သိမြင်တော်မူသည်။ ထိုလောကသုံးမျိုးကို သိမြင်တော်မူသောကြောင့် 'လောကဝိဒူ' ဂုဏ်တော်အားဖြင့်လည်း ထင်ရှားတော်မူပေ၏။

(လောကဓိဒ္ဓ)လောကသုံးမျိုးကို အကြောင်းမဲ့သိခြင်း၊ ဘယ်သို့သိပါမည်နည်း။ ထိုဒေသာကသုံးမျိုး 'ဖြစ်'သည်ကိုလည်း သိသည်၊ 'ကေသ်'သည်ကိုလည်း သိသည်၊ 'ပျက်'သည်ကိုလည်း သိသည်။ ယင်းကဲ့သို့ပြောပြ လောကသုံးမျိုးကို အကျိုးအကြောင်းဆက်၍ သိခဲ့ကြပုံသည် မြတ်စွာဘုရားဖြစ်တော်မူသည်။

၆။ ယင်းကဲ့သို့မိမိတို့ ဘဝတို့ကိုသာ သိမိမျှားလိုပါမည်။ ရှေးအခါ ဘုရားသခင်ကပါ။ သားကမိမျှားမှ စိတ်ကဲ့ စိတ်ဟုကိုလည်းသိ ပြီး၊ ထားမိ ကျားမှ လိမ္မာယဉ်ခေါ်ကို ဝန်ခံ သိသည်။ ပြီးလျှင်ယဉ်ကားသည်း ဆိုကုံးမတက်သည်။

သို့ပါ ဗုဒ္ဓရှင်တော်မြတ်ဘုရား ကဲ့ ဆုံးမနည်း မျိုးစုံကို ပေးတော်မူခဲ့ပါပြီ။ သတ္တဝါဝေယျာဝစ္စကဲ့ စိတ်ဓနစိတ်သာ ကိုလည်း ပွါးခြားမှ သိတတ်မူသည်။ ယဉ်ကျေးကျေးစေလိုသော ဘဝခွေသည်း ပြင်ပြားတတ်မူသည်။ မယဉ်ခကျေးသော လူ-နတ်စသည့် တို့ကိုကသည်း ယဉ်ခကျေးအောင် ဆုံးမတတ် မူသည်။ ယင်းသို့ ဆုံးပေးတော်မူ ဗုဒ္ဓနှင့် တန်းတူ စွမ်းခဆောင်နိုင်သူလည်း မရှိ၊ ဆုံးမပုတ်ခတ် တုဖက်ကင်းကွာ အသာဆုံး ဖြစ်ခတော်မူခသော ကြောင့် 'ဘုန္တေ့ခရောပုရိသဓမ္မသာရထိ' ဂုဏ်နှင့်လည်း ပြည့်စုံခဘော်မူခ၊ပသည်။

၇။ ဗုဒ္ဓ၏သွန်သင်ဆုံးမခြင်းကိုခံယူ၍ ယဉ်ကျေးကြပြီးသော လူ-နတ်တို့သည် ဗုဒ္ဓမြတ်စွာကိုပင် မိမိဆရာသခင်ကျေးဇူးရှင်ဟု အစဉ်ခလေးစား အားထားလျက် ရှိကြကုန်၏။ ထိုသို့ လူနတ်အမျှား၏ ဆရာတဆူ ဖြစ်တော်မူသောကြောင့် 'သတ္တာ

ဒေဝဒတ်မနုဿာနုံ'ဟူသော ဂုဏ်တော်နှင့်လည်း ပြည့်စုံ ထင်ရှားတော်မူပါပေသည်။

ဂ။ လောကဌ် ဘယ်လိုမှုရှောင်လွှဲ၍ ရေနှိုင်သော အမှုန်စားရုံးသည့် ဟဂယ်ဒေစစ်တည်ရှိနေ၏။

ယင်းတို့မှာ-

(က) အိုမှု နာမှု ရုပ်သွေနှင့် ကြီးကျယ်ရမှု လိုလားရမှု စသည်တို့သည့် ဗီဟင်ဆင်းရဲ ကိုယ်ဆင်းရဲကြောင်း၊ ပရဝေဏီ သော 'ဒုက္ခ'မျိုးဖြစ်ကြ၏။

(ခ) ထိုဒုက္ခ၏ အကြောင်းရင်းခံအမှန်ဟု ဦးမှာ'သမုဒယ' ဟူ ခေါ်သော တပ်မက်ခြင်း၊ ခင်မင်ခြင်း၊ နှစ်သက်ခြင်း တည်း ဟူသော 'ဇာတာ'ပင်ဖြစ်လေသည်။

(ဂ) ထိုဒုက္ခ၏ကင်းငြိမ်းရာ၊ 'နိရောဓ'ခေါ်သော နိဗ္ဗာန် တရားလည်းရှိချေသေးသည်။

(ဃ) ထိုနိဗ္ဗာန်ကို သိမြင်ဘိုရန် လမ်းမှန်အစစ် ဖြစ်သော မဂ္ဂင်ရှစ်ပါးတရားတော်လည်း ရှိသေးသည်။

သစ္စာလေးပါးဟု ခေါ်ဆိုသော ထိုတရားလေးမျိုးကို ဗုဒ္ဓသည် လက်ဦးပဌမ သိမြင်တော်မူခဲ့၏။ ယင်းသို့ကိုယ်တိုင် လက်ဦးပဌမ သိမြင်ပြီးသော ထိုသစ္စာလေးပါးတရားကို ပညာဉာဏ်ထက်သန်သော လူနတ်တို့ကိုလည်း သိစေအောင် ဟောပြောတော်မူသည်။

ဤသို့ကိုယ်တိုင် သိပ္ပံသော တရားထူးကို သူတော်ပါးအား တဆင့်သိအောင် ဟောပြနိုင်စွမ်းသော သတ္တဝါလည်းဗုဒ္ဓမြတ်စွာတွင်သာ ရှိတော်မူသောကြောင့် "ဗုဒ္ဓ"ဟူသော ဂုဏ်တော်နှင့်လည်း ထင်ရှားပါပေသည်။

ဒေါ ဗုဒ္ဓ၏ စိတ်တော်သည် သန့်ရှင်း၍ ဥာဏ်တော်ကြီးမားတော်မူခြင်းမှာ ယခုဘဝမှ ကျွင်ဲ့သော 'စရဏ' ကြောင့်မဟုတ်၊ စိတ်ဒေါသ သန့်ရှင်း၍ ကြီးမားသော ဥာဏ်တော်ကို ရဘို့ရန် သင်ကြားစွာ သံယောဇဉ်. စွန့်လျှဲပေးကမ်းခြင်း၊ အကျင့်သီလ ကောင်းခြင်း၊ မေတ္တာ ကြီးမားစွာ ထားရှိခြင်း၊ သည်းခံခြင်း၊ ငယ်စိမ်ညှာ ခုနှာတို့ကို စွန့်ကာတောထွက်၍ တရားကျင့်ခြင်း စသော ကုသိုလ်အကောင်းမှုကို ကြိုးစားအားထုတ်ခဲ့ရ၏။ ယင်းကုသိုလ်အကောင်းမှုများကို 'ရှေးဘုန်း ရှေးကံ' ဟုခေါ်သည်။

ထိုခရီးဘုန်း ရှေးကံသည်ဗုဒ္ဓတွင် အဆုံးအပိုင်းအခြားမဆန်နိုင်သောဘဝအောင် မျှားပြား လွန်းသဖြင့် 'အနန္တ' ဟုလည်းခေါ်ဆိုရသည်။ ယင်းကဲ့သို့ ရှေးဘုန်း ရှေးကံအနန္တနှင့် ပြည့်စုံပေါ်မှီသောကြောင့် ဗုဒ္ဓသည် 'ဘဂဝါ' ဟူသော်ဂုဏ်အတင်းဖြင့်လည်း ထင်ရှားတော်မူပေသည်။

ဤသို့အားဖြင့် ဗုဒ္ဓမြတ်စွာတွင် ဂုဏ်ဘော် ၉-ပါးရှိသည်၊ ထိုဂုဏ်တော်များကိုသိနားလည်မှုသားလျှင်ဗုဒ္ဓဆိုဆုံးမသောကျင့်ဝတ်များကို ယုံယုံကြည်ကြည် ကျင့်ကြံ လိုက်နာချင်ပေမည်၊ သို့ကြောင့် ဗုဒ္ဓ၏ ဂုဏ်ဘော်များကို အသေးစိပ် ရှင်းလင်းပြတ်သားစွာ တင်ပြရခြင်း ဖြစ်ပါသည်။

ဗုဒ္ဓ၏ ဂုဏ်ဒေတာ်များနှင့် ပတ်သက်၍ အဓိပ္ပါယ်ကို ရှင်းလင်းတင်ပြပြီးနောက် 'အနုတ္တရော ပုရိသဒမ္မသာရထိ' ဂုဏ်ပုဒ်တွင် ဗုဒ္ဓသည် ဆုံးမနည်းမျိုးစုံကို အကုန်သိတော်မူသည်။ မယဉ်ကျေးသူကို ယဉ်ကျေးအောင်၊ မှလိမ္မာသူကိုလိမ္မာအောင်ဆုံးမတော်မူသည်။ ယင်းသို့ဆုံးမရာတွင် ဗုဒ္ဓနှင့်တန်းတူစွမ်းဆောင်နိုင်သူမရှိဟုဆိုထားသည်းထိုအကြောင်းနှင့်စပ်၍ 'သုတ္တနိပါတ်' မှအဂုံလိမ္မာလဇာတ်ကို သာဓကအဖြစ်တင်ပြပါဦးမည်။

သာဓက

ဟိုသကသည် သာဝတ္ထိပြည် ပုဏ္ဏာဟိတ်ပုဏ္ဏား၏ သားဖြစ်သည်။ တက္ကသိုလ်ပြည်သို့သွားကာ ဒိသာပါမောက္ခဆရာကြီးထံ ပညာသင်သည်။ သူ့တွင်အခြားသော မင်းညီမင်းသား သူဌေးသူကြွယ် သားများနှယ် ဝေဒကြားဥစ္စာ မပြည့်စုံသောကြောင့် လုပ်အားကို အရင်းပြုကာ ပညာသင်ကြားရရှာသည်။

သူသည် ဆရာဖေတော်၏ အလုပ်များကို ကူညီညီလုပ်ကိုင်ပေးသည်၊ သို့ကြောင့် ဆရာကတော်က ဟိုသကကို သားရင်းပမာချစ်သည်။

ဆရာကတော်သည် ဒိသာပါမောက္ခ ဆရာကြီးတဦး၏ သမီးဖြစ်သောကြောင့် သူမ၏ လင်ယောကျ်ားဖြစ်သူ ဆရာကြီးထက်ပင် ပညာအရာ၌ ပိုမြင့်တတ်ကျမ်းလေသည်။ ဆရာကတော်ထည့်ဟိုသကအား မင်းညီမင်းသားများ၊ သူဌေးသူကြွယ် သားများထက် အောက်တန်းမကျအောင် သာအောင် ပညာတွေကို သင်

ကြားပေးသည်။ ဆရာကြီးတပည့်များသည် ဟိ'သကကို သူ့ဆင်းရဲသားမို့ နှိမ်ကြသည်။

နှိမ်လှန်း စလွန်းခဲသောကြောင့် ဟိ'သက မခံနိုင်သဖြင့် ပြန်လှန်ပြောဆိုရာမှ ရန်ခိုက်ခေါသ ဖြစ်ကြသည်၊ ခဲ့ခဲ့ရှုလှ'ရေးပြိုင်ကြသည်။ ဆရာကြီးတပည့်များ ဟိ'သကကို မယှဉ်နိုင်။ ထို့အခါ ဆရာကြီးတပည့်မျာ'သည် ဟိ'သကအား မနာလို ဝန်တို့စိတ်ဖြင့် ဆရာကြီးကြားလာအောင် ဆရာကြီး တဘော်နှင့် ဟိ'သကကို စွပ်စွဲပြောဆိုကြလေသည်။

ဆရာကြီးသည် သူ့တပည့်များ စွပ်စွဲ ပြောဆိုကြသည့် တီးတိုးစကားကို ကြားရသောအခါ မိမိဇနီးနှင့် ဟိ'သကအားပါ သံသယရှိလာသည်။ တစေ့တစောင်း ခေါ်ခေါ်မြှောင်းအကဲခတ်သည်။ ဟိ'သကနှင့် ဆရာ့ဘတော်မှာ သားနှင့် အမိအရှယ်လည်း ဖြစ်သည်။ မိခင်နှင့်သားနှယ်လည်း သံယောဇဉ် ငြိတွယ်သည်။ ဟိ'သကသည် ဆရာ့ဘတော်၏ ဆလုပ်များကို ကူညီလုပ်ပေးရုံမက။ ဆရာ့ဘတော်အား မိခင်ကဲ့သို့ ပြုစုသည်။

ဤသည်ကို ဆရာကြီးမြင်သဖြင့် သူ့တပည့်များ စွပ်စွဲသည်ကို အဘယ်ပြု လိုက်သည်။ ဇနီးကို ဘာမျှ မပြောသော်လည်း ဟိ'သကအပေါ်တွင် ရန်ညိုးထားသည်။

\+ × +

သင်တန်းများအားလုံး ပြီးဆုံးပြီ ဖြစ်သောကြောင့် တပည့်များ ကိုယ့်မြို့ကိုယ့်ရွာပြန်ကြမည်ရှိသောအခါ အခြားအခြားသော တပည့်များသည် ဆရာကြီးအား ငွေကြေး အဝတ်အထည် စသည်တို့ဖြင့်ကန်တော့ကြသည်။

ဟိ သကမှာ ဆရာကြီးအားကန်တော့ရန် သူ့တွင်ဘာတခု မျှမရှိဘဲသာကြောင့် အလွန်စိတ်ဆင်းရဲနေရှာသည်။ တွေ့ဝေမှိုင်ငေးနေသည်။ ဟိ သကမှိုင်ငေးနေသည်ကို ဆရာကြီးမြင်လျှင် ဟိ သလသည် မိမိဇနီးနှင့်ခွဲခွာရမည့်အရေး ထွေးကာ ပူဆွေးနေသည်ဟုထင်၏။

တပည့်များအားလုံးပြန်သွားကြပြီ။ ဟိ သကမှာ ဆရာကြီးအားကန်တော့စရာ မရှိသဖြင့်မပြန်သေးပဲ နေရသည်။ ဆရာကြီးကတော့ ဟိ သကသည် မိမိဇနီးနှင့် ချစ်ကြိုက်နေသောကြောင့် ဆရာကတော်ကို မခွဲနိုင်မခွာရက်သဖြင့် မပြန်ပဲပကပ်နေသည်ထင်၏။ ဆရာကြီးဟိ သကကိုခေါ်မေးသည်။

'သင်တန်းလဲ ပြီးဆုံးသွားပြီ၊ သူများတွေအားလုံး ပြန်ကုန်ကြပြီ၊ မင်းဘာပြုလို့ မပြန်သေးတာလဲ'

'ကျွန်ုပ်ပြန်ချင်ပါတယ် ဆရာကြီးကို မကန်တော့ရသေးလို့ မပြန်တာပါ၊ ကျွန်ုပ်မှာ သူများနည်းတူ ကန်တော့စရာငွေကြေး မရှိပါ၊ ဘာနဲ့ကန်တော့ရမယ်ဆိုတာ စဉ်းစား နေပါတယ်၊ ဆရာကြီး ကျွန်ုပ်ကို တခုခုခိုင်းပါ ကျွန်ုပ်မှာ လုပ်အားမူလဲပြီး တခြားကန်တော့စရာမရှိပါ'

ဟိ သက စကားကြားတော့ ဒီသာပါမောက္ခဆရာကြီးတွင် အကြံတခုဖျင်းကံနဲ့ပေါ်လာသည်။ ယင်းအကြံမှာ မိမိဇနီးအားကြားကူရိလုပ်သော ရန်သူအား လက်စားခြေရာလည်း ရောက်မည်၊ နောင်ကွင်လည်း မိမိဇနီးနှင့် ဘယ်လိုမှ အဆက်အသွယ်မလုပ်နိုင်တော့အောင် အပြတ်ရှင်းရန် ဖြစ်သည်။

ဆရာကြီးဟိ၊သကအနာသို့ကပ်ပြီး ဟိ၊သက၏ နားအနီးသို့ ကပ်ကာ တိုးတိုးပြောသည်။

'ဒီလိုဆို ငါ့တပည့် ငါ့ကိုခေါ်ဆောင်ရှက်ပေးပါ။ ငါ့မှာအလွန် အရေးကြီးတဲ့ ဆေးတဖုံးပါ။ ဘုံ လူ့တရုံ့ရဲလက်ညှိုးကို အလိုရှိ နေတယ်။ လူ့တရုံ့ရဲလက်ချောလက်ညှိုး ပေါ်ဆောင်ရအောင် ဆောင်ရှက်ပေးမလား'

ဆရာကြီးပေးတော့ ဟိ၊သက ဝမ်းသာသွားသည်။ မိမိ အနေနှင့် ဤကိစ္စကိုတတ်နိုင်သည်။ ဤနည်းဖြင့် ဆရာကြီးကို ကန်တော့ရတော့မည်။

'ကျွန်ုပ်လက်ချောလက်ညှိုး တပေါ်ရအောင်ဆောင်ကျဉ်းပေး ပါမယ် ဆရာကြီး'

ဟိ၊သကရဲ့စိတ်နှလုံးအားမခံသည်။ ယင်းအားမခံချက်ကို ခြွင်း တော့ ဒီသားပါမောက္ခဆရာကြီး အလွန်ကြည်နူးသည်။ ဟိ၊သက အနေနှင့် လက်ချောလက်ညှိုး တပေါ်ရအောင် လူတထောင်ကို သတ်ဖြတ်ရမည်။ ထိုအကြောင်း ကောသလမင်းကြီး ကြားသိ လျှင် ဟိ၊သကအား ရာဇဝတ်ပြစ်မှုဖြင့် ဖမ်းဆီး ကွက်မျှက်မှာ သေချာသည်။

'ငါ့ဘဝတည့် ဟောဒီသံလျှော်ကို ယူသွား၊ ဒီအခေါ်ကြောင်း မင်းဆရာကကော်ကိုလဲ့ မခေါ်ပြောနဲ့ ဘယ်သူ့ကိုမျှလဲ မခေါ်ပြောနဲ့၊ ငါစီရင်မဲ့ဆေးကအလွန် လျှို့ဝှက်တယ်၊ ဒီဆေးဖေါ်ပြီးရင် ဒို့ ဆရာတပည့်သီဒွိပေါ်ပြီ၊ မြေလျှိုးမိုးပုံနိုင်ပြီ'

ဆရာကြီးက ဟိ သကလက်သို့ ထက်လှသော သံလျက်ကို အပ်၍ ပြောသည်။ ဟိ သ က သံလျက်ကိုယူကာ ဆရာကတော်အား အသိမှတ်ပေးဘဲလျှို့ဝှက်စွာထွက်လာခဲ့သည်။

ဟိ သကသည် ခရီးသည်တို့အသွားအလာများသော တောအုပ်တွင်နေကာ လာသမျှ လူများကိုသတ်၍ လက်ပြာလက်ညှိုးတွေကို ဖြတ်ယူသည်။

လက်ညှိုးများဘာကြောင့်မပြည့်မီ ပုဂ်ကုန်၏။ သင်ဂုတ်သစ်ပင် ခွဲကြားတို့၌ စုဆောင်းတင်ထားသော လက်ညှိုးများကိုလည်း ကျီးငက်ငှင်းတို့ ချီယူစားသောက်ပစ်သည်။ ထိုအခါ ဟိ သက သည် လူဒဏ္ဍာကိုသတ်၍ဖြတ်ယူရရှိခဲ့သော လက်ညှိုးများကို နှီးကြိုးဖြင့် သိုလျှောက် သူ၏လည်ပင်းဘွဲ့ဆွဲထားကာလိုအပ်သော လက်ညှိုးများ နောက်ထပ်ရရန် လူခဲတွေကိုလိုက်၍ ရှာဖွေသတ်ပြန်သည်။ (ဤသို့လက်ညှိုးများကို ပန်းကုံးသဘွယ်သီကာ လည်ပင်းတွင် ဆွဲထားခြင်းကို အကြောင်းပြု၍ နောင် ရဟန်းဖြစ်သော အခါ 'အင်္ဂုလိမာလ' မထေရ်ဟုခေါ်တွင်ခြင်းဖြစ်သည်။)

တောပုန်းလူသတ်သမားကြီး ဟိ သက၏သတင်းမှာ တတိုင်းပြည်လုံးအုံးအုံးကျွက်ကျွက်ဖြစ်ကာ လူအများခြောက်ခိုသော ခြောင့် တောသို့မဝင်ရဲ မသွားရဲဖြစ်ကြပြီး၊ လုပ်ငန်းကိုင်တာများ ကိုပင် စွန့်ပစ်ရသော အခြေသို့ရောက်ရှိနေလေသည်။ ထိုအခါ တိုင်းသူပြည်သားတို့သည် ဓာတုပုန်းလူသတ်သမားကြီး ဟိ သကအား နှိမ်နင်းသုတ်သင်ပေးပါရန် ဟစ်တိုင်မှုနေ၍ ဘုရင်ကြီး ကြားအောင် ဟစ်အော်ကြ၏။

ဘုရင်ကောသလမင်းကြီးသည် ဟစ်တိုင်မှ အော်ကြသော အသံများကို ကြားသောအခါ အလွန်တုန်လှုပ် ချောက်ခြားသွား၏။ ဤမျှရက်စက်ကြမ်းကြုတ်သော လူသတ်သမားကြီး အား ရင်ဆိုင်ရမည်ကို ခေါသလမင်းကြီးထိတ်လန့်နေသည်။

သို့သော်လည်း မင်းတို့ဘာဝန်မှာ တိုင်းသူပြည်သားများ၏ မှန်ကန်သော တောင်းဆိုမှုကို ငြင်းပယ်ရန်ထုံးစံ မရှိသဖြင့် မှူးမတ်များနှင့်တိုင်ပင်ကာ မင်းကြီးကိုယ်ထိုင်ထွက်၍လူဆိုးကြီး ဟိုသကကိုနှိမ်နှင်း သုပ်သင်ဘော်မှုမည်ဟု ခေကြငြာလိုက်လေ၏၊ ချက်ချင်းမှာပင် ဆိုင်ရာဆိုင်ရာတပ်မှူး တပ်ချုပ်တို့အား တပ်တော်ကိုပြင်ဆင်ကြရန် အမိန့်ပေးလိုက်လေသည်။

× × × ×

ဟိုသက၏ မိခင်သည် သားဟိုသကအား ဘုရင်ကိုယ်တိုင် တပ်အလုံးအရင်းနှင့် ထွက်၍ တိုက်ခိုက်သုတ်သင် ဖျောက်မည်ဆိုသည်ကိုကြားသဖြင့် သားအမေ၀ါ ဆားရှိသည့် ကြီးမားသော မေတ္တာစိတ်ဖြင့် သားဖြစ်သူမင်းပြစ်မင်းဒဏ်သင့်ကာ သေကြေပျက်စီးရမည်ကို မကြားရက်မရှုရက်သောကြောင့်ထိုအခကြောင်းကြောင့် အကြောင်းကြားရန် ဟိုသကရှိရာ ဓောအုပ်ဆီသို့ အသော့ပြေးလာလေသည်။

ထိုအချိန်တွင် ဟိုသကမှာ လက်ညှိုးဘဝေါင် ပြည့်ရန် တချောင်းသာ လိုတော့၏။ လည်ပင်းတွင် ဆွဲထားသော လက်ညှိုးများ မပုပ်မီ လက်ညှိုးတချောင်း ရဖို့ အလွန် ကြိုးစားကြီးစနေသည်။

သူ့မိခင်ကြီးသည် မောပန်းကြီးစွာဖြင့် တောအုပ်ထဲသို့ ပြေးဝင်လာ၏။ ဟိ သကသည် မိခင်ကြီးကို တွေ့မြင်သွား၏။ သူအလွန် စိတ်ပျက်သွားသည်။ သူ့စိတ်ထဲတွင် တောအုပ်ထဲ ဝင်လာသူမှာ သူ့မိခင်အစား ဒုခြားဝယောက် ဖြစ်စေချင်သည်။ မိခင်ကို တက်ရမည်မို့ သူအနည်းငယ် တွန့်ဆုတ်နေသည်။

မိခင်ကြီး သူ့ကိုမြင်တွေ့သွားပြီ။

'သားရေ....ဘုရင် ကောသလ မင်းကြီးက ငါ့သားကို တပ်တော်နဲ့ ဝိုင်းဖမ်း၍ ကွပ်မျက်တော့မယ်ကွယ့် လာနေပြီ၊ ငါ့သားလေး အသက်မသေအောင် ဝေးဆုံးကိုသာ ပြေးခဲ့သားရေ.... ပြေးကွယ့် ပြေးနော်'

မိခင်ကြီးမှာ အလွန်မောပန်းနေသည့် ကြားကပင် သားကလေး အသက်ဘေးမှ လွတ်မြောက်နိုင်ရန် ဟစ်အော်ပြောကြားရှာလေသည်။

ဟိ သကသည် မိခင်စကားကို ကြားသော်လည်း နားမဝင်၊ ဂရုမစိုက်၊ သူ့လက်ဖွဲ့ လက်ညှိုးတောင်ချောင်းရဘို့သာ အဓိကထား၍ အာရုံစူးစိုက်နေသည်။

'မိခင်ဘာလို့ ဒီကောအုပ်ကို လာရတာလဲ၊ ကျွန်ုပ်မှာ တထောင်ပြည့်ဘို့ လက်ညှိုး တစ်ချောင်းသာ လိုတော့တယ်၊ ဒါ့ကြောင့် မိခင်သာ ဘာသာ မရှောင်နိုင်ပါ၊ မိခင်ကို သတ်ပြီး လက်ညှိုးကို ယူရပါလိမ့်မယ်'

မိခင်ကြီးမှာ သားစကားကို မယုံနိုင်သဖြင့် အံ့အားသင့်ကာ သားအား ငေးကြည့် နေရှာသည်။

'ကဲ-မိခင် လွတ်ခဲ့အာင်သာ ပြေးပေတော့၊ ကျွန်ုပ်ကခေါ့ မိခင်ကို သတ်ပြီး လက်ညှိုးကို ဖြတ်ယူခဲ့မှာဘဲ'

ဟိ'သက ပြောပြီး လှုပ်ရှားလိုက်သည်။ မိခင်ကြီးမှာ သားမြစ်သူက မည်သူမှာ တကယ်သတ်ဘော့မည်ကို သိလျှင် အလွန်ထိတ်လန့် ကြောက်ရွံ့စုံပြုံ့ ဖြစ်သက်ခေါ်မှ လွတ်ရာ လွတ်ခကြောင်း ပြေးရှာလေသည်၊ ဟိ'သကသည် ထက်လှဲသော သံလျက်ခေါ်ကို မြစ်ဝ ဆုပ်ကိုင်လျက် မိခင်ကြီးအား သတ်ရန် လိုက်လေ၏။

မိခင်ကြီးမှာစောစောကလည်း သားကို သတိပေးအကြောင်းကြားရန် ပြေးလာခဲ့သောကြောင့် အလွန် မောပန်းနေသည်။ ယခုလည်း အသက်ခေါ် လွတ်ရာ လွတ်ခကြောင်း အတွက် ပြေးရသည်မို့ ခြေကိုပင် မယမ်နိုင်လောက်အောင် မောပန်းခဲ့ရပါသည်။

ဗုဒ္ဓဘုရားရှင်သည် ဂန္ဓကုဋီတိုက်မှ နေကာ ယခင် ကျွတ်ထိုက်သော သတ္တဝါများကို 'ဒိဗ္ဗစက္ခု' ဉာဏ်တော်ဖြင့် ကြည့်ရှုကောက်မှုလိုက်သော အခါ ဟိ'သက သားအမိအဖြစ်ကို မြင်တော်မူ၏။

ဟိ'သကသည် အနန္တဂုဏ်ရှင် မွေးသမိခင်ကို သတ်ပေတော့မည်၊ မိခင်အား သတ်မိလျှင် သူအတိတ်က ဖြည့်ဆည်းကျင့်ကြံအားထုတ်ခဲ့သော ကုသိုလ်ဘဝများ ပျောက်ပြယ် သွားကာ အပါယ်ငရဲသို့ လားရှိ သံသရာကွင်း နစ်မွန်းရတော့မည်ကို မြင်ဖောက်မူ၏။ ဗုဒ္ဓသည် ဟိ'သကအား သံသရာ၌ မနစ်မွန်းစေလို

သော မဟာဂရုဏာတော်ကြီးဖြင့် ကယ်တင်ရန် ဆုံးဖြတ်ကာ ဟိ သကသားအမိရှိရာတောအုပ်သို့အမြန်ကြွမြန်းတော်မူ၏။

ဟိ သကသည် ထက်မြက်လှသော သံလျက်ခေါ်ကို ကိုင်ဆောင်ကာ မိခင်ကြီးနောက်မှ ဒလကြမ်းလိုက်နေ၏။ မိခင်ကြီးမှာ မောပန်းလှပြီး အသက်ဘေးမှ လွတ်မြောက်အောင် ပြေးနိုင်ရန်ပင် အင်အားမရှိရှာဘဲ၊ မိနစ်အနည်းငယ် အတွင်းမှာပင် ဟိ သက၏ ခေါ်ချက်ဖြင့် အသက်ထွက် ရရှာတော့မည့် အခြေအနေသို့ ရောက်ရှိနေသည်။ ယင်းသို့ ရှိစဉ် ခလုပ်တိုက်၍ လဲ၏။ ဟိ သကသည် သံလျက်ခေါ်ကို မြှောက်မိုးကာ မိခင်ကြီး အား ခုတ်ရန် ပြေးလာသည်။ ထိုစဉ် ဗုဒ္ဓသည် မိခင်နှင့်သားကြား ဘုံးကနဲ ဝင်ရပ်တော်မူလိုက်လေ၏။ မမျှော်လင့်သော အဖြစ်ကြောင့် ဟိ သက ခြေလှမ်းတန့်ရပ်သွားသည်။ ခနသော် ဗုဒ္ဓကို အံ့အားသင့်ပြီး ကြည့်နေ၏။ ပြီးလျှင် မိခင်အား သတ်မည့် အကြံကို ပယ်ဖျက်လိုက်သည်။ ငါ့မိခင်ကို မသတ်ဘဲတော့ ဤဂဂါတမရဟန်းကို သတ်ပြီး လက်ညှိုးကို ဖြတ်ယူတော့မည်ဟု ကြံကာ ဗုဒ္ဓကိုသတ်ရန် လိုက်လေသည်။

ဗုဒ္ဓဟုရှာ'ရှင်သည် ရပ်တော်မူနေသည့် နေရာမှ တဆင်ခြည်မျှ ရွှေ့ရှားခြင်းမပြု။ သို့သော်လည်း 'ဣဒ္ဓိဝိဓအာဘိညာ' တန်ခိုးဖြင့် ဟိ သက အမြင်တွင် မီမီပြေးနေသည်ဟု မြင်အောင် ဖန်ဆင်းတော်မူ၏။

ဟိ သကသည် ဗုဒ္ဓရပ်နေတော်မူသည်ကို လှည့်ပတ် ပြေးကာ ဗုဒ္ဓကို သတ်ရန် သဲကြီးမဲကြီးလိုက်နေ၏။ ကြာတော့ သူမောပန်းလာသည်။ သူ့ကိုယ်တွင် ချွေးသီး ချွေးပေါက်ကြီးတွေ ကျ၍

နေပြီ။ သို့သော်လည်း ဟိ၊သကမခေလျှ၊ အားခဲ၍ လိုက်မြဲ လိုက်နေသည်။ ဟိ၊သကမှာ ရင်ကွဲလုမတတ် မောပန်းနေပြီး ခြေကိုလည်း မသယ်နိုင်တော့ သဖြင့် ရပ်လိုက်ရသည်။ သူရပ် လိုက်သည်တွင် ဗုဒ္ဓရပ်သည်ကို မြင်၏၊ ဟိ၊သကသည် ဗုဒ္ဓအား ခေါ်ခေါ်ကြည့်လျက်—

'ရှင်ကြီးဂေါတမ ပြေးလှချည်လား၊ သေရမှာ ဒီလောက်တဲ့ ကြောက်ဖွယ်သား'ဟုမေသည်ကြီးနှင့် မေး၏။

ထိုအခါ ဗုဒ္ဓဘုရားရှင်က –

ချစ်သား ဟိ၊သက ငါမပြေးဘူး။ နင်သင်တဦးသဲ့ ပြေးနေရတာ ဟုမိန့်တော်မူ၏။

ဟိ၊သက တွေ့ပြီး စဉ်းစားနေသည်။ တကယ်လည်း မိမိသာ မောဟိုက်နေကာ ဗုဒ္ဓဘုရားရှင်မှာ လုံးဝမောပန်းတော် မူခြင်း မရှိသည်ကို ဒီဌမြင်တွေ့ရ၏။ ဟိ၊သက အတွေးရ ခက်ပြီး ငိုင်နေစဉ် ဗုဒ္ဓက—'ချစ်သား ဟိ၊သက'ဟု ၄ဟာကရုဏာတော်ဖြင့် ကြင်နာစွာ ခေါ်ဝေတော်မူပြီးလျှင် ထိုသို့ရက်စက် ကြမ်းကြုတ် သောအမှုကိုမပြုရန် ဆိုဆုံးမ၍ ဘဝမှ လွတ်မြောက်ရာ လွတ် မြောက်ကြောင်း ကောင်းမြတ်သော မဂ်တရား ဖိုလ်ဌား နိဗ္ဗာန် တရားတော်မြတ်ကို ဟောကြားခတော်မူရာ ဟိ၊သကလက်မှ ထက်လှစွာသော သံလျက်ခါးကိုချ၍ ဗုဒ္ဓဘုရားရှင်ထံ တပည့်ခံ အား ရဟန်းပြုခလေသည်၊

ခကာသလ မင်းကြီးသည် စစ်တပ်ကို ပြင်ဆင်ပြီးသည်တိုင် သူ့ဆိုးကြီး ဟိ၊သကကို ဖမ်းယူရန် မဝံ့ရဲပဲရှိနေ၏။ သို့ကြောင့်

ထိုလူဆိုးကြီးအား ဖမ်းသင့် မဖမ်းသင့် ဘုရားကို လျှောက်ထား မည်ဟုကြံကာ ဘုရားကျောင်းတော်သို့ သွားရှိဝတ်ချေပြီး-

'ဘုန်းတော်ဂုဏ်နှင့် ပြည့်စုံတော်မူသော အရှင်ဘုရား လူတွေကိုသတ်ပြီး လက်သို့်းတွေကိုဖြတ်ယူနေတဲ့ လူဆိုးကြီးဟိ သကကို တပည့်တော် ဖမ်းယူဘို့ အကြံရှိပ တယ်၊ ဖမ်းယူရန် သင့် မသင့် တော်မတော်မိန့်တော်မူပါဘုရား'ဟု လျှောက်ထား၏။

'သင်မင်းကြီး ဟိ သကကို အလိုရှိသလား'

ဗုဒ္ဓက မေးတော်မူ၏။

'အလိုရှိ ပါသည်ဘုရား'

'အခုဘုရားရှေတော်မှောက်မှာဝပ်တွားနေတဲ့ ရဟန်းဟာ လူဆိုးကြီးဟိ သကဘဲ သင်မင်းကြီး ဖမ်းလိုကဖမ်းယူလေ'

ဗုဒ္ဓဘုရား မိန့်ကြားတော် မူသောအခါ ဓာဝသလမင်းကြီးမှာ ကြောက်လန့်သဖြင့် နဖူးမှချေးသီး ချေးပေါက်ကြီးများ ဘတောက်တောက်ယိုဆင်းလျက် ရှိနေရှာလေသည်။

'သင်မင်းကြီး အခုအခါမှာ လူဆိုးကြီး ဟိ သကဟာ ငါဘုရား အဆုံးအမကို နာယူပြီး ပဋိသမ္ဘိဒါအရှင် အရိယာဝေရင်းဝင် ဖြစ်နေပြီ၊ ဓနာဘယ်အခါမှ ဆုံးသွမ်းသော အလုပ်ကို ပလုပ်တော့'

ဗုဒ္ဓမြတ်စွာက ဤသို့မိန့်ခလမှ မင်းကြီးအကြောက်ပြေသွားကာ မြတ်ဘုရားအား ရှိခိုးဝတ်ချပြီးလျှင် နန်းတော်သို့ ပြန်လေသတည်း။

ဘုရားဂုဏ်တော်ကို သိရပြီးသည့်နောက်တွင် ဗုဒ္ဓဘုရားဟာ ကြားတော်မူသော တရားတော်မြတ်ကို သိနားလည်နိုင်လိုပြန်ပါသည်။ တရားတော်၏ ဂုဏ်တော်ကို သိနားလည်မှ သာလျှင် မြတ်စွာ ဗုဒ္ဓသည် သတ္တဝါဟိုရှိ ပေါ်တွင်မည်မျှ ဂရုဏာထားရှိ တော်မူတည်ကို သိရှိကာ ဗုဒ္ဓ၏ တရား၊ မဂ် ကျင့်ဝတ်များကိုလေးစား လိုက်နာချင်ကြပေမည်။

တရားဂုဏ်တော် [၆] ပါး

သွက္ခာတော ဘဂဝတာ ဓမ္မော၊ သန္ဒိဋ္ဌိကော၊ အကာလိကော၊ ဧဟိပဿိကော၊ ဩပနေယျိကော၊ ပစ္စတ္တံ ဝေဒိတဗ္ဗော၊ ဝိညူဟိ။

ယင်းဂါထာ၏အနက်

၁။ ဘဂဝတော၊ မြတ်စွာဘုရားသည်။ ဓမ္မော၊ တရားတော်မြတ်အားပါဠိကို၊ သွက္ခာတော၊ စစအလယ်အဆုံး သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံစွာဟောကြားတော်မူအပ်၏။

၂။ သန္ဒိဋ္ဌိကော၊ ကျင့်ဆောင်သော သူတို့အား ယခုဘဝ ပစ္စက္ခခွဲပင်လျှင် ဒိဋ္ဌကိုယ်တိုင် တွေ့မြင်ခံစား ရသော ဂုဏ်ကျေးဇူး အထူးနှင့်လည်း ပြည့်စုံတော်မူပေ၏။

၃။ အကာလိကောကာလမရှေး ကျင့်သည့် နေ့မှာပင်တွေ့ မြင်ယုံကြည်ရသော ကောင်းကျိုး ချမ်းသာနှင့်လည်း ပြည့်စုံတော် မူပေ၏။

၄။ ဟိပယသိကာ၊ လာရောက်ရှုမြင် ကျေးဇူး တင်မြဲ ဖြစ်၍ လားပါရှိပါ ကျင့်ကြံပါက၊ ပေါ်ပါအောင်ခေါ် သောင်သာဝ်သင့်၏ တိုက်တွန်းခြင်းငှာ ထိုက်တန်စွာ သောဂုဏ်ထူးဝိသေသနှင့်လည်း ပြည့်စုံတော်မူပါပေ၏။

၅။ သြမဒေနယျကော၊ မိမိကာယ အဝ၌တွေ့ဘွယ် ရှိရှိပေါက် ရောက် ကိုယ်တွေ့မြင်ခဏပင် ကပ်၍ သောဘဝ်ထိုက် သော ဂုဏ်ထူးဝိသေသနှင့်ထည်း ပြည့်စုံ တော် မူပါ ပေ၏။

၆။ ဝိညူဟိ၊ ပညာရှိသူ ရှင်လူအပေါင်းသူမတော်ကောင်းတို့ သည်၊ ပစ္စတ္တံ၊ အသီးသီးသော မိမိတို့သန္တာန်၌၊ ဝေဒိ တဗ္ဗော၊ ချမ်းသာလေစ့၊ ကောင်းကောင်းစွဲဟု ကာယစိတ္တ သုခနှစ်ပြင် ထင်ထင်ရှားရှား ခံစားသိမြင်ရသော ဂုဏ် ထူးဝိသေသနှင့်လည်း ပြည့်စုံတော်မူပါ၏။

အဓိပ္ပါယ်

၁။ ဗုဒ္ဓသည် သတ္တဝါတို့ကပေါ် သနားကြင်နာ ဂရုဏာ ကြီးမားတော်မူသောကြောင့် လိမ္မာယဉ်ကျေးခဲကြောင်း ကောင်း မြတ်သောဘဏ္ဍာတို့ကို သက်တော်ရှိနေသမျှ ဟောပြတော်မူပါ သည်။ ထိုဗုဒ္ဓ၏ဘဏ္ဍာတော်ကို လေးလေးစားစား မှတ်သား၍

နာယူနေရ၊ တရားစာကို ပတ်ရှုနေရလျှင် ပူပန်စသောကတွေ ကင်းစင်၍ ကြည်လင် အေးမြလှသောကြောင့် ကြားနာပတ်ရှု ခြင်းကိစ္စ ပဌမ ပေါ်လာပြီးသည်ပင် ကောင်းလှသဖြင့် 'အစကောင်း တရားခေါ်' ခေါ်ဆိုနိုင်လေသည်။

တရားခေါ်၏ ညွှန်ပြသော နည်းလမ်းအတိုင်း လိုက်နာကျင့် နိုင်လျှင် နည်းနည်းချမ်းသာ၍ များများကျင့်နိုင်လျှင် များများ ချမ်းသာသော သုခကိုရရှိနိုင်လေသည်။

တရားဖြင့် ချမ်းသာရသော ထိုချမ်းသာ သုခမှာ လောက စည်းစိမ် ဂုဏ်သိရှိအလည်တွင် ဆယ်ထယ် ၀ါ၀ါ ချမ်းသာကဲ့ သို့ ဒုက္ခမျိုးစုံနှင့် တွဲဖက်၍ဆင်းရဲမှုမပါ၊သန့်သန့် ရှင်းရှင်း ချမ်း သာခြင်းသော သုခ ဖြစ်ကြောင်း၊ တရားတော်ကို အတော် အတန် ကျင့်နေသူတိုင်း ကိုယ်နှတ္တ သိရှိ ခံစားကြရလိမ့်မည်။ ဤသို့လျှင် တရားတော်သည် ပတ်ရှု နာကြားပြီးနောက် 'ကျင့်ခြင်း' အလယ်ကိစ္စဆောက်လျှင်လည်း တိုးမြင့်ကောင်းသော အကောင်း သုခကို ရစေနိုင်သော "အလယ်ကောင်းတရား" ဖြစ်၏။

တရားကျင့်နည်းဖြင့် အပြီးတိုင်အောင် ကျင့်ပြီးသောပုဂ္ဂိုလ် မြတ်တို့ကား အလွန်ကောင်းမြတ်သော နိဗ္ဗာန်ချမ်းသာကို မြင် နိုင်စေတော်မူသောကြောင့် လောကဌ် တွေ့ကြုံမြဲဖြစ်သော လာဘ် ရခြင်း၊ လာဘ်မရခြင်း၊ အခြေအရံပေါများခြင်း၊ အခြေအရံ မရှိခြင်း၊ ချီးမွမ်းခံရခြင်း၊ ကဲ့ရဲ့ခံရခြင်း ချမ်းသာခြင်း၊ ဆင်းရဲ ခြင်းတို့ကြောင့် စိတ်တွင် ထူးခြားမှုမရှိပဲ တသဘောထည်း ထားနိုင်လောက်အောင် ချမ်းသာ ကောင်းမွန်တော်မူကြလေ သည်။

ဤသို့ အစ အလည် အဆုံးကောင်းသော ဂုဏ်တော်ကိုပင် 'သုက္ခာတ' ဂုဏ်တော်ဟုခေါ်ဆိုရပေလည်။

၂။ မြတ်စွာဘုရား တရားတော်သည် သူတပါး အပြောကောင်း၍ ယုံကြည်ရသော တရားမျိုးမဟုတ်။ ကျင့်သူကိုယ်တိုင် သိမြင်နိုင်သော တရားဖြစ်သည်။ မိမိစိတ်၌ စာစုံတရားလိုချင်သော 'လောဘ' အကုသိုလ်ကိုလည်း သိနိုင်သည်။ ထိုလိုချင်သောအရာကို မရပြန်လျှင် စိတ်ဆိုးရသော 'ဒေါသ အကုသိုလ်' ဖြစ်နေသည်ကိုလည်း သိနိုင်သည်။ ကုသိုလ်တရား ဖြစ်ပေါ် လာသော အခါ ထိုအကုသိုလ်မျှား မဖြစ်တော့သည်ကိုလည်း ကိုယ်တိုင်သိနိုင်သည်။

ဤသို့ အကုသိုလ်တရားများကို မဖြစ်အောင် တားဆီးနိုင်သော ကုသိုလ်တရားတို့၏ ဂုဏ်တော်သတ္တိကို သူများပြော၍ သိရခြင်းမဟုတ်ပဲ မိမိကိုယ်တိုင်ပင် စဉ်းစား သုတိုင်း သိနိုင်၏။

၃။ မဂ်ဖိုလ်ကိုရသော အရိယာ ပုဂ္ဂိုလ်တို့သည် မိမိသန္တာန်တွင် မဂ်တရားဖြစ်ပေါ်ပုံနှင့် ဖိုလ်တရား ဖြစ်ပေါ်လာပုံကို ကိုယ်တိုင်ပြန်၍ သိမြင်ကြလေသည်။ ထိုမဂ်စိတ် ဖိုလ်စိတ် ဖြစ်နေသော အချိန်မှာ နိဗ္ဗာန်တရားတော်သည် မျက်စိအောက်မှာ ရောက်နေသော ဝတ္ထုကဲ့သို့ အလွန်ထင်ရှားနေလေသည်။ ဤသို့ကျင့်သူ ကိုယ်တိုင် သိမြင်နိုင်အောင် ထင်ရှားသော ဂုဏ်တော်သည် သန္တိဋ္ဌိက ဂုဏ်တော်ပင်ဖြစ်၏။

၃။ ဗုဒ္ဓမြတ်စွာ ဟောသော တရားတော်တို့တွင် မဂ်ဘုရားဟူသည် ကုသိုလ် တရားဖြစ်၍ ဖိုလ်တရားဟူသည် ထိုကုသိုလ်၏ အကျိုး တရားဖြစ်သည်။ ဒါန သီလစသော ကုသိုလ်တရားတို့

သည် မျှားသောဆားဖြင့် ခနာက်ဘဝရောက်မှ အကျိုးပေးနိုင်၏။ ဤဘဝတွင် အကျိုးပေးနိုင်စေကာမူ မဂ်ကဲ့သို့ ခနမ်ခြားပဲ အကျိုးထူးပေးနိုင်ခြင်း မရှိ၊ မဂ်ဘုရားတို့က ထိုကဲ့သို့ အချိန်ကာလကြာညောင်း ဖင့်နှေးခြင်းမရှိပဲ မဂ်ဘုရားဖြစ်ပြီး၍ ချုပ်သည်သည်နှင့်တပြိုင်နက် ဖိုလ်ဘုရားဆယ်ပါးကို ပေးနိုင်သောကြောင့် သေတတ် ပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်ကဲ့သို့ဟူသော မဂ်ခေါ်ဘုရားတော်သည် "အကာလိက" ဂုဏ်ခေါ် အားဖြင့် ထင်ရှားပေသည်။

၄။ ဤခေါ်ဝေါ်ကို ဟန်ပန်ရပ်၍ ဖေဖေတုတ်မရှိသော' အဆုတ်ကို မယုံလျှင် သားကြည့်ဟု မပြောနိုင်ချေ၊ ရှိပင် ရှိခြားသော်လည်း ထိုရှိတော်ရောက် ကြည့်ကြည့်ဟု မပြောနိုင်ချေ၊ ရှိပင် ရှိခြားသော်လည်း ထိုရှိတော်ရောက် ကြည့်ချင်ဘွယ်မကောင်းလျှင် (၀၊) ဖေဖေပြလေလျှင် ခေါ်ခင်ပြသရန် မထိုက်။

ဗုဒ္ဓ၏ မဂ်ဖိုလ်နိဗ္ဗာန် တရားတော်သည် အမှန်ဆားဖြင့် ထင်ရှားရှိ၍ ဆန့်ရှင်း စင်ကြယ်သောကြောင့် 'လာခဲ့စမ်း၊ လာပြီး ကျင့်ကြံကြည့်စမ်း၊ တရားတော်၏အကျိုးကို လက်ငင်းသိရမည်' ဟု ဘိတ်ခေါ်၍ ပြသခြင်းငှါ ထိုက်တန်သော "ဟေပယျ" ဂုဏ်နှင့်လည်း ပြည့်စုံပေသည်။

၅။ မဂ်ဖိုလ်တရား သည် မိမိစိတ်တွင် တကြိမ်တခါလောက် ထင်မြင်သာလျှင် ယုတ်ညံ့ညစ်ညမ်းမသာ ကိုယ်သာ အညစ်ဘဝကြီးတွေ ကင်းစင်ပြီးမြစ်၍ ထိုမဂ်ဖိုလ်ရသူကို "အရိယာ" ပုဂ္ဂိုလ်ဟု ခေါ်ဆိုလေသည်။ ယင်းအရိယာ ပုဂ္ဂိုလ်သည် ယုတ်မာဆိုးဝါးသော မကောင်းမှုတို့ကို မည်သည့်နည်းနှင့်မျှ မပြုလုပ်

စတ်ဘ့ဉသဖြင့် ဤဘဝမှစ၍ သေလွန်လျှင် အပါယ်လေးပါးသို့ မရောက်တော့၊

ထိုအကြောင်းအရာကို ကောင်းစွာ ယုံကြည်သူတို့သည် မိမိ၏ စတ်ဆင်ထားသော အဝတ်ကို မီးလောင် နေစေကာမူ ထိုမီးကို မငြိမ်းသတ်ဖဲ အပါယ်ဝင်္ဂမီးငြိမ်းနိုင်ဖို့ရာ မိမိစိတ်ကို ထိန်းချုပ်မဂ်ဖိုလ်ပေါ်လာအောင် ကြိုးစားထိုက်လှသည်။ ဤမျှလောက် ကြိုးစားထိုက်သောကြောင့် မဂ်ဖိုလ်နိဗ္ဗာန်တရားတော်သည် "သြပနေယျိက" ဂုဏ်တော်အားပြင့်လည်း ထင်ရှားစတော်မူပေသည်။

၆။ မဂ်ဖိုလ်နိဗ္ဗာန်တရားခတော်သည် ပုထုဇဉ်ဘဝ၌ တိုက်ရိုက်သိရသော တရားတော်များ မဟုတ်ကြပါ၊ တရားနည်းလမ်းအတိုင်းကျင့်၍ အရိယာဖြစ်ပြီးသော ပုဂ္ဂိုလ်တို့သာလျှင် သင်ပြင်နိုင်သော တရားတော်များ ဖြစ်လေသည်။ နိဗ္ဗာန်ကို အာရုံပြုဆာ ဖိုလ်စိတ်ပေါင်း အကြိမ်များစွာ ဖြစ်စေခြင်းကို 'ဖလသမာပတ်ဝင်စားခြင်း' ဟုခေါ်လည်း အရိယာဖြစ်သော ပုဂ္ဂိုလ်များသည် ကိုယ်စီကိုယ်ငှ ဖလသမာပတ်ကိုဇင်စားတော်မူကြ၍ နိဗ္ဗာန်တရားကို ခံစားနိုင်ကြလေသည်။ ထိုသို့ခံစား၍ သိရှိရခြင်းသည်ပင် တရားတော်၏ "ပစ္စတ္တံဝေဒိတဗ္ဗ" ဂုဏ်တော်ဖြစ်လေသည်။

ကုသိုလ် ဆယ်မျိုးမျိုးတို့တွင် ဒါန၊ သီလစသော ရိုးဖြူးကုသိုလ်သည် ခေတ္တခနသာ ပယ်နိုင်၏။ မဂ်ကုသိုလ် တရားသည် ပြုဘိအောင် ပယ်နိုင်သော တရားထူး တရားမြတ်ဖြစ်သည်၊ ထိုတရားသည် ပယ်လိုက်သည်နှင့် တပြိုင်နက် ပျက်စီးရာပျက်စီးကြောင်း၊ မကောင်းသော ကြိုးစားမှုနှင့်တကွ စိတ်ဆင်းရဲခြင်း၊ ကိုယ်

ဆင်းရဲခြင်း၊ ဝမ်းနည်းပူဆွေးခြင်း မဋ္ဌတောဝပဲ ငြိမ်း ခုမ်းသာမှုကိုရရှိနိုင်သေသည်။

တရား၏ ဂုဏ်ဘောဝများကို အဓိပ္ပာယ်ဖွင့်ပြ ရှင်းပြခဲ့ပါပြီ။ ထိုဘုရားတော်နှင့် ပတ်သက်၍ လက်တွေ့ အကျိုးခံစားရပုံကို ထေရီအပါဒါန်မှ 'ကိသာဂေါတမီ' အခန်းကြောင်း သာဓက အဖြစ် တင်ပြပါဦးမည်။

သာဓက

ကိုသာ ဂေါတမီသည် စာမတတ် ပေမတတ်ဗဟုသုတ မရှိသော နေလပိန်းတုံး သူဆင်းရဲမလေးဖြစ်၏၊ သူမသည် ဆင်းရဲနွမ်းပါးသော ကြောင့် ဝဋ္ဌရှင်ကြီးရှင်များအိမ်တွင် အိမ်စေအလုပ်ကို လုပ်၍ အသက်မွေး ဝမ်းကျောင်းရရှာ၏။

ယင်းကဲ့သို့ ဆင်းရဲပင်ပန်းစွာ အောက်ဘန်းကျွန်းသော အလုပ်ကို လုပ်၍ အသက်မွေး နေရရှာသူကလေးအား မျက်နှာကြီး အသိုင်းအဝန်းမှ ဘယ်ကဲ့သို့သော လူယုတ်မာက ခြေတော်တင်ခြင်း၊ ခံလိုက်ရသည် မသိ ကိုယ်ဝန်ဆောင် အဖြစ်သို့ ရောက်ရကာ မကြာမီတွင် အဖေမပါသော သားကလေးကို မွေးဖွားလေတော့သည်။

ဆင်းရဲလွန်းရှာသော ကိသာဂေါတမီလေးမှာ မိမိ၏ရင်နှစ်သီးခြား သားရကန်းလေးကို ပွေ့ပိုက်ယူလ မနေနိုင်ရှာဖဲ အိမ်ရှင်တို့ ကြောနပ်ဆောင်၊ ဟလိုကျဆောင်၊ စိတ်တိုင်း ကျ

အောင် အလုပ်များကို မနှောင့်မနှေး လုပ်ပေးနေရှာသည်။ ဤသို့ လုပ်ပေးပါမှ သူမမှာ နေ့စဉ်နှင့်ညစဉ်ကို မဝကဝသာ စားရမည်။ တနေ့တွင် သားကလေးကို ကြမ်းပြင်တွင် အနှီးစုတ်ကလေးနှင့် ထွေးရှိ သိပ်ထားပြီး ကိသာဂေါတမီသည် မြစ်ဆိပ်သို့ သွားကာ အိမ်ရှင်တို့၏အဝတ်များကို လျှော်ဖွပ်နေသည်။

မြေးဟာက်တကောင်သည် သူမ၏ သားကလေး သိပ်ထားခဲ့သော ကြမ်းပြင်ပေါ်သို့ တက်လာပြီး ကံဆိုးရှာသော သားကလေးအား ပေါက်လိုက်လေ၏။ သားကလေးမှာ မကြာမီတွင် မြေဆိုပ်တက် သေဆုံး သွားရှာလေသည်။

ကိသာဂေါတမီသည် အဝတ်များ လျှော်ဖွပ် ပြီးသည်နှင့် မြစ်ဆိပ်မှ တက်လာသည်။ အဝတ်များကိုနေလှမ်းသည်၊ပြီးလျှင် အလုပ်အားသည်နှင့်သိပ်ထားသောသားကလေးထံသွားပြီး ပွေ့ချီပြီး နို့တိုက်သည်။ သူမသည် သားကလေး သေနေသည်ကို သေသည်ဟု မသိ၊ နို့မဆာ၍သာ မစို့သည်ဟု ထင်မှတ်ကာ သားကလေး အလောင်းကို ပွေ့ပိုက်ထားရှာသည်။

ကိသာဂေါတမီကို မြင်သူများက....

'ဟဲ့-နင့်ခလေးက သေနေပါလား'

'အို-ကလေးသေနေတာကိုဘာလို့တပွေ့ပွေ့ တပိုက်ပိုက်လုပ်နေတာလဲပစ်လိုက်ပါတော့လား'နှင့် ပြောကြသည်။

ကိသာဂေါတမီသည် သူများတို့ ပြောကြသော စကားကို လည်းနားမလည်။ သူမကလေးသေသည် ဆိုခြင်းကိုလည်း မယုံကြည်။ ကလေးသေကို ပွေ့ပိုက်မြဲပွေ့ပိုက်ထား၏။

ကလေး အလောင်း ကောင်လေးမှာ နွေးထက ဆေးလာ သည်။ ဆေးထက တောင့်တင်းလာသည်။ ဤတွင်မှ ကိသာ ဂေါတမီ သူ့ကလေးသေသည်ဆိုခြင်းကို ယုံကြည်၏။ သူ့မရင် တွင် ပရိဒေဝမီး ဝေါက်လောင်လာသည်။ မျက်ဝန်းမှ မျက် ရည်များ လျှံကျလာသည်။ ပူဆွေး ငိုကြွေးလျက် အရပ်ထဲမှ လူများအား ကလေးသေကိုပြကာ-

'ကျွန်မကလေး ပြန်ရှင်အောင်လုပ်ပေးကြပါ'ဟု တောင်းပန် သည်။

ကိသာဂေါတမီသည် ကလေး ဝေကလေးကို ပွေ့ပိုက်ကာ အရပ်ထဲတွင်တလည်လည် လိုက်ပြပြီး-

'ကျွန်မ ကလေးကို ရှင်အောင် ကုပေးကြပါ'ဟု ဟစ် ခေါ်၍ တောင်းပန်နေရှာသည်။

အရပ်ထဲမှ လူများသည် သနားစဖွယ် နားမလည်ရှာသော ကိသာဂေါတမီအား သေပြီး တဖန် ပြန်ရှင်သည်ဟုမရှိကြောင်း ပြောပြသော်လည်း ကိသာဂေါတမီ မယုံကြည်၊ တစောစောငိုကြွေး လျက် သားသေအား ရှင်အောင်လုပ်ပေးကြပါဟုသာ တောင်း ပန်နေ၏။

အရပ်မှ လူများသည် ကိသာဂေါတမီအား ဘယ်လိုမှ ပြောင်းဖျ နားမျှမရသည့်အဆုံးတွင် လူတယောက်က-

'ဟဲ့ ကိသာဂေါတမီ၊ နင့်သား ပြန်ရှင်ချင်ရင် ဂေါတမ ဗုဒ္ဓဆီကို သွားချည်၊ သူနင့်သားကို ပြန်ရှင်အောင် လုပ်ပေး လိမ့်မယ်'ဟု ညွှန်ကြား လိုက်လေသည်။

မိသိမ် [illegible] ကို [illegible] ကုပေးနိုင်သူ ရှိသည်။ [illegible] ခါ [illegible] ကို [illegible] မိုးကား [illegible] ဝမ်းသာသွားကြ။ ခေါ်ကမ္ဘာ ပေါ်မှာ ရှိသည်ကို [illegible] ပြန် စုံစမ်း [illegible] ဘုရားခန်းကျောင်းကော်ဘို့ တဆားပြီးလေ ဖေးဘဝ်ရှိ။

ဒုတိယ [illegible] ချစ်ချစ်ကလေးကောင် ပူသောင်လှီးလို့ [illegible] ကိုယ်ခံ ဂါ [illegible] ဝိုနှင်ပါ [illegible] ပြောပြ ခဲ့ ပြေပြင်ကပ်ကြီး ဘူးပြောပါ။ ကို ဖေ [illegible] ကျွန်း ပြ ခ်ကမ္ဘာ [illegible] ထားရအောင် ပူသည်။ ဒုတိယ ပူ ပြေ ပူတို့သည် ကိုယ်ဘဝ၏ ကမ္ဘာ့ရှင်မှုအပူကို မမြို။ သူ့ရှင်မှုအပူသည် ဒုပူခြောက်ကို အဆရုထောင်မက ပူနေပါသည်။

ဗောဓိဝန် ကျောင်းကော်သို့ ရောက်ခဲ့ကာ ဗုဒ္ဓဘုရားဟောခဲ့ဖူး ဓမ္မာရုံထဲသို့ သားဇနကိုပိုက်လျက် ဖြောင့်သွားသည်။ ဘုရားနာခဲ့ကြသော ရဟန်းပရိသတ် ကြားသို့ အာဂင်းတို့ဝေ့ကာ ဗုဒ္ဓထံသို့ ချည်းကပ်နိုင်ရန် ကြိုးစားကြ—

'ဂေါတမ၊ အို.... ဂေါတမ ဟောဒီကျွန်မသားလေး ဒသ နေကာကို ရှင်ပြု ခွင့်လုပ်ပေးပါ။ အမြန်ရှင်ပြုခွင့်လုပ်ပေးပါ' ဟု ငိုယိုပြီး ဆိုခဲ့လေသည်။

ဤသို့ကခေါ်ပေးသော အခေါ်လောင်းကို ဇပ္ပ ပိုက်လျက် တဲ့ရောပဲ့ထဲသို့ ဝင်ခဲ့ကာ ဗုဒ္ဓထံသို့ ဝင်ယှဉ်းနေသော ကိုသာဂေါတမီအား တရားနာ ပရိသတ်ထဲမှ ဥပသကာအချို့က တရားပွဲမှ ဆဲထုတ် ဖယ်ပစ်ရန် ပြင်ဆင်ကြ၏။ ထိုအခါ ဗုဒ္ဓက—

'ရဟန်းတို့ ဥပသကာတို့၊ ကိုသာဂေါဒေးမိလ်းပါ၊ သူ အလိုရှိရာ လျှောက်ထားပါ၊ ငါ့ထံလာ ခွင့်ပြုလိုက်ပါ'ဟု မိန့်တော်မူပြီးနေ၏ ကိုသာဂေါဒေးမိကားဝေး-

'ချစ်သမီး လား-ကာ- ဘာအလိုရှိသလဲ ချစ်သမီး'ဟု မဟာဂရုဏာတော် အပြည့်ဖြင့် လက်ယပ်၍ ခေါ်တော်မူသည်။

ကိုသာဂေါဒေးမိသည် ဗုဒ္ဓမြတ်စွာ၏ ကြည်လင်ခန်းမြဲသော ဝေသံတော်ကို ကြားရသည်နှင့် ရှေ့ဝိုးကာ သူမလက်ထပ်မှုကလေး သေကိုပြပြီး-

'ဂေါတမ ကျွန်မကလေးသေနေသောသားကို ရှင်အောင် လုပ်ပေးပါ၊ ဒီကလေးဟာ မနက်မစောစောကထဲကတော့ လူပ်လဲ မလူပ်နိုင်လဲ မစိုင်နဲ့ ရှိနေပါတယ်၊ ကျွန်မသားလေးကို သက်ရှင်အောင်လုပ်ပေးပါ'ဟု ဆိုးလေသည်။

ဗုဒ္ဓသည် သားတော်ပါတို့စခန်းကိုနှင့် သန္ဓာန်ကို အလွန်သိတော်မူ၏။ ဤကိုသာဂေါတမီမည်သော နလပိန်းတုံး အနုအမခလေးသည် ပေ-ခြင်းသဘာဝတရားကိုပင်မသိ၊ သူမသားလေးအသက်ပြန်ရှင်ဘို့ကိုသာ ဇနခြောင်းထဲ အာရုံဆောက်နေ၏၊ ထိုသူမ အား မရဏ၏သဘာဝကို ချက်ချင်း ဟောကြား လိုက်လျှင်၊ ဘုန်းကနဲလဲသေချင်သေမည်၊ မသေလျှင်လဲ ရူးသွားနိုင်သည်။ သို့ခြင့် ဗုဒ္ဓက ဆိုလေသည်။

'ချစ်သမီးကိုသာဂေါတမီ၊ ကလေးသေတာ ရှင်အောင်လုပ်ဘို့မခက်ပါဘူး၊ ဆေးဖေါ်ပြီးကုရုံလိမ့်မယ်၊ အဲဒီဆေးကို တိုက်ပြီးနောင် သင့်ကလေးချက်ခြင်း အသက်ရှင်လာလိမ့်မယ်'ဟု မိန့်တော်မူလေသည်။

ဗုဒ္ဓက ဤသို့ မိန့်တော်မူသောအခါ ကိသာဂေါတမီ အားဟက်လေးသည် ဝမ်းသာအားရနှင့် ဗုဒ္ဓဘုရား အနားတကြီး လျှောက်ထား၏။

'ဒီလိုဆိုရင် ရှင်ဘုရားကိုးပါး ဂေါတမ၊ ကျွန်မသားလေး ပမနာက်လုံး နို့မစို့ရုံသေးဘူး၊ နို့ဆာလှရော့ မယ်၊ ကျမလဲ နို့ဘူးတောင်လှပါ၊ သူ့ကို အမြန်ပြန်ရှင်းအောင် လုပ်ပေးပါ ဘုရား ပမာနို့တိုက်ရမယ်'

ကိသာ ဂေါတမီ ဤသို့ပြောပြီး သူ့သားလေး ပမာလေးကို ဗုဒ္ဓ၏ရှေ့တော်သို့ ချလိုက်ပေး၏။ ထိုအခါ ဗုဒ္ဓက—

'ဒီ ပမာသို့ ရှင်အောင်ကုတို့ မခက်ဘူးချစ်သမီး၊ ဆေးဖေါ်ဘို့ ဆေ ဖက်ကားလေးနဲ့လိုနေတာယ်။ အဲဒါကလဲ မုံညင်းစေ့ကလေးယယ်ရေ့ဘဲ အဲဒီမုံညင်းစေ့ ဆယ်စေ့ကို သွားရှာပြီး ယူလာခဲ့'ဟု မိန့်တော်မူ၏။

ဗုဒ္ဓထံမှ ဝေးကင်းဖွယ် မိန့်မြွက်သည်ကို ကြားရသောအခါ ကိသာဂေါတမီသည် ဝမ်းသာကားဖြင့် သားငယ်၏အလောင်းကို ကောက်ယူပြီး ခါ ဂ ရှ ၏ ပရိသတ်တို့ အကြားမှ ထိုးထွက်လေသည်။ ဆုံးခြေလှမ်းအဆက်လှမ်းမိသည်တိုင် ဗုဒ္ဓက ခေါ်ဆောင်မူပြီးလျှင်—

'ချစ်သမီးရေ ဆေးဖေါ်ဘို့ မုံညင်းစေ့ဆိုတာက ဘွားကရုက ရတဲ့မုံညင်းစေ့ မဟုတ်ဘူး၊ အော ဘက်ဝင်တဲ့မုံညင်းစေ့ ဆိုတာ လူမသေတဲ့အိမ်က မုံညင်းစေ့ သာဖြစ်တယ်။ အဲဒီမုံညင်းစေ့မှ ဆေးဖေါ်လို့ကနဲ့ခိုးထက်တယ်။ ဒီ ဟာ့ ဆေးဖက်ဝင်းပိုသက်ပြီး သင့်သားလေး အသက်မြန်မြန်ရှင်ချင်ရင်၊ လူမသေဘူးတဲ့အိမ်

ဆယ်အိမ်ကိုရှာ၍ တအိမ် မုဏ်ညင်းစေ့တစေ့ တောင်းခဲ့၊ အဲဒီ မုဏ်ညင်းခစ့် ဆယ်စေ့နဲ့ ဆေးဖေါ်မယ်'ဟု မိန်တော်မူလေသည်။

ကသာဂေါတမီသည် သားကလေး အသက်ရှင်လာတော့ မုဏ်ညင်းကို ဝမ်သာခဲ့ မှန်ခဲ့—

'ဟုတ်ကဲ့ ကျွန်မရဲ့အောင် ရှာခဲ့ပါ့မယ် ဂေါတမ'ဟုဆိုကာ ဂေ ဝ ကျောင်းတော်ဘုရားရှိ ဓမ္မာရုံမှ ပြေးထွက် လာလေသည်

× × ×

ဂေါတမီသည် ကျောင်းတော်မှ မြို့ဆီသို့ပြေး၏။ မြို့ ထဲ သောအခါ ပဌမဆုံးတွေ့သော အိမ်သို့ဝင်၍ သူ့မသား ကို ပေးအား ဂေါတမဟု ခေါ်ဆက်ရှင်အောင် လုပ်ပေးမည် ဖြစ်၍ ဆေးဘက်ဝင် မုဏ်ညင်းခစ့်ပေးပါရန် တောင်း၏။ အိမ်ရှင်က မုဏ်ညင်းစေ့ကိုပေးသည်။

'ဒီအိမ်မှာ လူနေသခဲ့ဘူးပါသလားရှင်'

မုဏ်ညင်းစေ့ရတော့ ကသာဂေါတမီ အိမ်ရှင်ကိုမေးသည်။

'မပြောမီ ကဘဲ ဒီအိမ်မှာ အဖေသေခဲ့ဘူးတယ်'

အိမ်ရှင်ပြောတော့ကိုသာဂေါတမီ ငိုင်သွားသည်။ ပြီးလျှင် အိမ်ရှင်ဆီ မုဏ်ညင်းစေ့ကို ပြန်ပေးထားခဲ့သည်။

'နောက်တအိမ်ဝင်ပြန်သည်၊ မုဏ်ညင်းစေ့တော့ ရပါ၏။ လူမနေသဘူးသော အိမ် မဟုတ်သဖြင့် ထားခဲ့ရသည်။ တအိမ်ပြီး တအိမ် ဆက်တိုက် လျှောက်ဝင်သည်။ လူမသေသဘူးသော အိမ်

ဟူ၍မရှိ၊ သားသေဘူးသော အိမ်၊ လင်သေဘူးသော အိမ်၊ မယားသေဘူးသောအိမ်၊ မောင်၊ နှမ၊ ဦးကြီး၊ ဦးလေး၊ တူ၊ တူမ စသည်ဖြင့်လူသေဘူးသော အိမ်တော့ချည်သာဖြစ်နေသည်။ သူမ အလိုရှိသောမှ ညင်းစေ့ တစေ့မျှ မရသေး။

ကိသာဂေါတမီမြို့ပေါ်တွင် ကပ်တော်နေခဲ့ပြီ။ အချို့အိမ်တွင် မသာချနေသည်၊ အချို့အိမ်တွင်မသာချရန် ပြင်ဆင်နေသည်။ အချို့အိမ်တွင် စားသောက်ပျော်ပါး လူးသသဖြင့် ငိုကြွေးနေကြသည်။ ကလေးငယ်များသေခြင်း၊ အရွယ်ကောင်းများ သေခြင်း၊ ဖေဖိုးအို အမယ်အိုများသေခြင်းစသည့် အရွယ်အစားစား သေကြသည်ကိုလည်း တွေ့မြင်၏။

တမြို့လုံးလည်းနှံ့ပြီ။ လူးသသော အိမ်ဟူ၍ လည်းမတွေ့ သေး၊ မှုံညင်းစေ့လည်း တစေ့မျှမမရသေး။ ကိသာဂေါတမီ သည် နေပူကြဲကြဲတွင် ထီးမပါ၊ ဘိနပ်မပါ သားငယ်အစလောင်း ကို ပိုက်ပွေ့၍ လူမသေသောအိမ်မှ မှုံညင်းစေ့ကို လျှောက် တောင်းနေသည်။ ကြာတော့ ပင်ပန်းနွမ်းနယ်လာသည်။ ချေး ပြိုက်ပြိုက်ကျပြီး ခြေကိုပင် မသယ်ချင် မလှမ်းချင် ဖြစ်လာသည်။ ပင်ပန်းလှပြီ၊ နွမ်းနယ်လှပြီ။

သားငယ် အပေါ်တွင် ထားရှိသော သဒ္ဓယ ကြောင့် သားငယ်အသက်ပြန်ရှင်ရေးကိုသာ အာရုံစိုက်နေသောကြောင့် ပင်ပန်းနွမ်းနယ်ရမှန်းမသိရှာသော ကိသာဂေါတမီမှာယခုတော့ ပင်ပန်းသည်ကို သိလာပြီ။ ပူပန်ငိုကြွေးရသည့် ကြောင့်လည်း မျက်ရည်များ ခန်းခြောက်လုနေပြီ။ တနေ့လုံးလုံး ဘာမျှမစား ရသေးသောကြောင့် ဝမ်းကလည်းဟာကာနှီးနေ ပါပြီ။

သူမ ခြေလှမ်းကို အနိုင်နိုင်သယ်၍ လှမ်းနေရသည်။ ခြေလှမ်းမျှားဘစတေးနှုန်းကျွေးလာသည်။

နေပူရှိန်လျှော့ပြီးသွားပြီး နေလုံးကြီးသည် နေကတ်ဘက်ရှိ [illegible]ခေါင်ပန်းနှင့် ကလန်နန်းကပ်နေပြီ။ ဂ်ီသာဂ်ီတမီ ပေ့ပိုက်ကားသေဘားပေါ်၏ ဖာမလောင်းခွေ ဖောစကားဆောင့်တင်းရာမှ ပုခုံးနှင့် ထွက်လာသည်။ သူမနို့မှာလည်းနို့ရည်မျှာ ပြည့်ကင်းကာ ကဲ့ရွဲ့ရုပ်ရောဝှေမလို့ နှာတွင်းလာသည်။ သူမရောက်ခဲ့လေရာ ဖေ့ရပ်တိုင်းမှ လူများ သေသူ၊ အိုသူ၊ နာသူဝို့ကို မြင်တွေ့ရသည်။ မေ့ပွားပြီးလျှင် ပြားမျှား ပေါသွားမသာ ဂေးများကိုလည်း တွေ့ခဲ့သည်။ ကိုယ်ခန္ဓာပျက်ဆော ဆေးမျိုးသမီ ရှား ကိုလည်း တွေ့ခဲ့ရသည်။

ကိသာဂေါ်တမီသည် ဆည်းဝေ့စွာဝိုင်ကြွားရင်းမှ မောဟိုက်လာသည်။ ခြေလက်တို့ကိုလည်း မပယ်နိုင်ဇောသွေးဖြင့် သစ်ပင်ဖောက်ထဲတွင် ဝင်၍ ရပ်နားသည်။ ယင်းအခိုက်မှာပင်ဖတ်ခဲ့၏။

'လူတွေ့လူတွေ့ သေလိုက်ကြတာ၊ နာလိုက်ကြတာ၊ အိုလိုက်ကြတာ ဒီဟာတိုင်းသာဆိုရင် ငါလဲ အိုရမယ်၊ နာရမယ်၊ သေရမယ်။ အုတ်ယ၊ နှ ဝ်ယ၊ သေတယ်ဆိုတာ ဘာမှမဆန်းပါကလား။ ဓမ္မတာပါကလား' ထိုသို့တွေးရင်းမှ သူမလက်ထဲက သားသေလေးကို ငုံကြည့်သည်။

'သားလေးလဲသေခဲ့ပြီ၊ ငါ့သားထက်ငယ်တဲ့ မွေးစကလေးတွေလဲ သေကြတယ်၊ ငယ်ငယ်ကြီးကြီး သေကြတာပါကလား၊ ငါလဲ ဒီသေဘေးကို ဘယ်ခိုလှတ်နိုင်မှာလဲ' တွေးရင်း သားသေကိုငုံ့ကြည့်ရာမှ အနောက်ဘက်သို့ လှမ်းမျှော် ကြည့်လိုက်

သည်။ နေလုံးကြီးသည် တောင်တန်းပြာပေါ်တွင် တင်နေသည်။ တိမ်ပန်းချီကားချပ်မှာ ရောင်မျိုးစုံတို့ချယ်ထား၏။ ပူပြင်းသော အရိုန်မှာ ငြိမ်းပြေပြီ။

ထိုအချိန်တွင် ကိသာဂေါတမီသည် 'ဇာတိဒုက္ခ' ဆိုသော ဘဝဖြစ်တည်မှု၊ 'ဇရာဒုက္ခ' ဆိုသော မအိုပဲနေ၍ မရခြင်း၊ 'ဗျာဓိ'ဒုက္ခဆိုသော မနာမဖျားပဲနေ၍ မရခြင်း၊ 'မရဏဒုက္ခ' ဆိုသော မသေပဲနေ၍ မရခြင်းတို့ကို ရိပ်စားမိလာသည်။

ဤသည်မှုအားပြု၍ 'သမုဒယ' ကြောင့်မောဟိုက်ပင်ပန်းရသော 'ဒုက္ခ'၊ ပူဆွေးငိုကြွေးရသည့် 'ပရိဒေဝ'တို့ကိုပါ တဆက်တည်း တွေးမိလာသည်။ ယင်းဒုက္ခတွေကို တွေးကာ မြင်တွေ့လာ လာသော ခါ ထိုဒုက္ခများ၏ ကင်းဆုငြိမ်းရာကို ရှာဖွေလိုသော ဆန္ဒပြင်းပြလာသည်။ ကိသာဂေါတမီ မငိုမရှိုက်ခင်တော့၊ မျက်ရည်မကျခင်တော့ နောက်ယင်လည်းမငိုချင်တော့၊ ခေတ္တမျှ စဉ်းစားပြီးလျှင် လိုင်ရာမှလသာ့ဆီ။ မြို့ပြင်ဆီသို့ ဟွက်သွားသော သားငယ်၏ အလောင်းကို ခြုံပုဝါတခုဖွင်ပစ်သားခဲ့ပေတော့။

× + ×

ကိသာဂေါတမီ ဗုဒ္ဓရှိရာ ကျောင်းဟော်ဆီသို့ ပြည်းညှင်းစွာ တရွေ့ရွေ့လှမ်းလာသည်။ ယင်းသို့ လျှောက်လာနေရာမှ သူမ ကိုယ်တိုင်ခံစားခဲ့ရသော ဘဝဒုက္ခ၊ သူမကိုယ်တိုင်မြင်တွေ့ရသော ဘဝဒုက္ခများကိုတွေးကာ ယင်းဒုက္ခများမှ ကင်းငြိမ်းရာကို ရှာရန် တွက် ဗုဒ္ဓထံကိုသာ သွားမည်ဟု ဆုံးဖြတ်၏။ ဗုဒ္ဓသာလျှင် သူမအတွက်အားထားရာရှိတော့သည်ဟုယုံကြည်သည်။

ဘဖြည်းဖြည်းနှင့် ဗုဒ္ဓရိုးရာ ကျောင်းတော်ဆီသို့ ရောက်လာသည်။ ဗုဒ္ဓ၏ မဟာပရိနိဗ္ဗာန်နှင့် ပြည့်စုံတော်မူသော အသွင်သဏ္ဌာန်ကို မြင်ယောင်မိကာ အလွန်အလွန် ကြည်နူးလွန်းသဖြင့် လက်နှစ်ဖက် ကိုယ်ထက်တွင် လမ်းအုပ်ချိုပြီး နဖူးထက်တွင်တင်လိုက်သည်။ ဆံပင်မှာပြောကျကာ ကျောပေါ်တွင် ပြန့်ကြဲနေသည်။ ဆာရိုလွှာရုံမှာ သူမခြေလှမ်းလိုက်ပင်း လှုပ်ခတ်နေသည်။

ဗုဒ္ဓ ဘုရားဟောနေသော ဓမ္မာရံသဲသို့ ကိုသာဂေါတမီ ဝင်ရောက်လာသည်။ လမ်းအုပ်ချိုသော ဆေးပေါ်ကို နဖူးတွင်ကပ်လျက် ဗုဒ္ဓစံနေရာတော်မှသော ဝေဟာပလွင်ဆီသို့ ကြားနာပရိသတ်ကို ကျော်၍ လျှောက်လာသည်။ လိုအာပါဗုဒ္ဓသည်ဟောနေသော ကရားကိုမှပ်နှုတ်ပြီး ကိုသာဂေါတမီ : စူးစိုက်ရှာဖွေနေဟော်မူပေလသည်။

ကိုသာဂေါတမီသည် နံနက်ကာလစဉ်ကလို ဟူပြင်းတောက်လောင်သော ပရိဒေဝမျိုးမရှိခဲ့ဘဲ ခံပြင်ချမ်းသောအသွင်ဖြင့် လှမ်းသွားနေသည်။ ပရိသတ်မှာ အပ်ကျသံပင် ကြားရမလောက် ဆိတ်ငြိမ်စွာဖြင့် ဗုဒ္ဓကိုတလှည့်၊ ကိုသာဂေါတမီကို တလှည့် ကြည့်နေကြသည်။ ဗုဒ္ဓသည် တည်ငြိမ်သော ဥပေက္ခာ၏ ဝင်လင်းတော်မူ နေသည်။ ကိုသာဂေါတမီသည် ငြိမ်သက်ပေါ်ချမ်းပြီး အပြစ်ကင်း သာမျက်နှာဖြင့် ဗုဒ္ဓထံ ရောက်ရှိသည်ကို တွေ့စွဲ ချဉ်းကပ်သွားလေ၏။

ခြေဖော်ရင်းသို့ ရောက်လေသော် ကိုသာဂေါတမီသည် ဝပ်လျှိုးကာ ဆံပင်များကို ရှေ့သို့ဖြန့်ချလိုက်ပြီး ဦးနှိမ်ချကာ-

'ဗုဒ္ဓဘုရားရှင်ကို ဘုရားကျွန်မ ဆည်းကပ်ပါတယ်၊ ကိုးကွယ်ပါတယ်၊ ဆည်းကပ်ကိုးကွယ်ရာနေရာမှာ ယုံကြည်မြတ်နိုးပါတယ် ဘုရား'ဟုလျှောက်လဲစဉ် ရှက်ဆိုးလေသည်။

ဗုဒ္ဓသည် လက်ညှိုးကို ဆန့်တန်းကာ—

ချစ်သမီး ကိသာဂေါတမီ ထလော့၊ ချစ်သမီးသည် ဒုက္ခကြီးရာကြုံတဲ့ လမ်းပေါ်ကိုရောက်လေပြီ'ဟုမိန့်တော်မူလေ၏။

ကိသာဂေါတမီ ဗုဒ္ဓ၏ရှေ့တွင် လက်အုပ်ချီပြီးထရပ်သည်။ ထိုအချိန်တွင် ကိသာဂေါတမီသည်သေး [illegible] ပန်ဝတ်ပြုပြီး၍ သောတာပတ္တိ ဖိုလ်ကိုမဝင် လွန်းမြောင်းကာ [illegible] အဆင့်သို့ ဆိုက်ရောက်ပြီး ဖြစ်ခဲ့ပေသည်။

ဗုဒ္ဓဟောကြားတော်မူသော တရားဂုဏ်တော်ကို သိနားလည်ပြီးသောအခါ၊ ဗုဒ္ဓဘုရားဟော်မျှားကို ပြန့်ပွားစည်ပင်အောင်ဆောင်ရွက်တော်မူနေကြသော သံဃာတော်တို့၏ ဂုဏ်တော်ကျေးဇူးတော်တို့ကို သိနားဘို့ လိုပြန်ပါသည်။ သံဃာတော်တို့၏ ဂုဏ်ကျေးဇူးတော်တို့ကို သိနားလည်မှလည်း ထိုသံဃာတော်တို့ ဟောကြားဆုံးမခဲသော ကျင့်စဉ်ကျင့်ဝတ်တို့ကိုကျင့်ကြံလိုက်နာချင်ကြပေလိမ့်မည်။

သံဃာ့ဂုဏ်တော် (၉)ပါး

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ညာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ သာမီစိ ပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ယဒိဒံစတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ ဧသဘဂဝတော သာဝကသံဃော၊ အာဟုနေယျော၊ ပါဟုနေယျော၊ ဒက္ခိဏေယျော၊ အဉ္ဇလိကရဏီယော၊ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

ယင်းဂါထာအနက်

၁။ ဘဂဝတောဟာ၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ ကလျာဏပုထုဇဉ်သီလဝန် ပညာဝန် အရှင်မဂ်အရှင်မြတ် တို့နှင့်

တရားသော အရိယာရှစ်ပါး တပည့်သား သံဃာတော်မြတ် အပေါင်းသည်။ သုပ္ပဋိပန္နာ၊ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ သိက္ခာသုံးပေါ်လွန်ကောင်းမြတ်သော ငဋ္ဌပတ်ဂုဏ်နှင့်လည်း ပြည့်စုံတော်မူပေ၏။

၂။ ဘဝပေါ်၊ မြတ်စွာဘုရား၏ တပည့်သား သံဃာ၊ တပည့်သား သံဃာတော်မြတ် အပေါင်းသည် ဥဇုပဋိပန္နာ၊ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ သိက္ခာ သုံးပါး လွန်ခန့်ပြင့်မတ်သော ငဋ္ဌပတ်ဂုဏ်နှင့်လည်း ပြည့်စုံတော်မူပါပေတည်း။

၃။ ဘဝပေါ်၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်မြတ်တို့သည်၊ ဉာယပဋိပန္နာ၊ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ သိက္ခာသုံးပါး လွန်ကြင်မြတ်သော ပဋ္ဌိပတ်ဂုဏ်နှင့် လည်းပြည့်စုံတော်မူပါပေတည်း။

၄။ ဘဝပေါ်၊ မြတ်စွာဘုရား၏ တပည့်သား သံဃာ တော်မြတ် အရှင်မြတ်တို့သည်။ သာမီစိပဋိပန္နာ၊ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ သိက္ခာသုံးပါး ရှိမသေအပ်သော ပဋ္ဌိပတိ ဂုဏ်နှင့် လည်း ပြည့်စုံတော်မူပါပေတည်း။

၅။ ယဒိဒံ ယာနိ ဂေါမာနိ ဧတ္တာ ရိပုရိသာ ယုဂါနိ၊ အကြင်ရေးပါးသော ယောကျ်းမြတ် အစုံတို့သည်။ သတ္တိ ရှိကုန်၏။ ယဒိဒံ ယဇ္ဇမာနာ အဋ္ဌပုရိသပုဂ္ဂလာ၊ အကြင်ရှစ်ပါး ထော ယောကျ်းမြတ်တို့သည်။ သတ္တိ ရှိကုန်၏။ ဘဝပေါ်၊ မြတ်စွာဘုရား၏။ သေဒေသော သာဝကသံဃော၊ ဤလေးစုံ ရှစ်ပါးတပည့်သား သံဃာတော်မြတ်အပေါင်းသည်။ အာဟုနေ ယျော၊ အာဝဏ္ဏာရဟော ရည်ရွယ်၍ထားအပ်သော အလှူဝတ္ထု

အမျိုးမျိုးကိုခံယူခြင်း ဌာဏိုက်တန်စ္ဓာသော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်နှင့်လည်း ပြည့်စုံဘဲ မူပါပေသည်။

၆။ ပါဟု နေယျပုဂ္ဂလာ်ခေါ်ဆောင်အလို့ငှါ ယူ၍လာသော အသူမျိုးကိုလည်း ခံယူခြင်း ဌာဏိုက်တန်စ္ဓာသော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်နှင့်လည်း ပြည့်စုံဘော် မူပါပေသည်။

၇။ ဒေဝဒတ်နေယျပုဂ္ဂလာ်နှင့် ဘဝ အကျိုးရတို့ မျိုးရှည်ကုန်ကတ် မြဲကုန်သော ကုလသူတို့မျိုးကိုလည်း ခံယူခြင်း ဌာဏိုက်ဟန်ရှိသော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်တို့နှင့်လည်း ပြည့်စုံခဲ့ဘော် မူပါပေသည်။

၈။ ဘုရားရှင်၏ ကိုယ်တော်ကြီး ရှေ့ဦးဆုံးသော ကုသိုလ်ကုသိုလ်ကို ပြုကုန်ကုန်ကုန်

မင်ဖိုလ်ရသူ အမျိုးတူ နှစ်ပါးကို တစုံစီခွဲခြားလျှင် လေးပါးသာ အစုံဖြစ်၏။ ထို အစုံလေးပါးသီးခြားရှစ်ဖေါ် အရိယာသံဃာတော်တို့သည် တရားသဖြင့် ဆိုဆုံးမတော်မူရာ ဗုဒ္ဓသာသနာဝယ် အဆုံးအမတော် ဟူသမျှကို တသွေ့ မတိမ်းရအောင် တိတိ ကျကျ လုံးဝ လိုက်နာဖော်မူကြသောကြောင့် "သုပဋိပန္နော" ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူကြပါပေသည်။

၂။ ဤလောကတွင် မိမိမှာရှိသော အပြစ်ကို သူတပါးသိသွားမည်စိုးရှိ ပုံ ကွယ်ထားသော "သာဓုယျ" တရားတော်ကြောင့် ရိုးသား ဖြောင့်မတ်သော ရဟန်း ရှင် လူမျိုး နည်းပါးလျက် ရှိပေသည်။

ဗုဒ္ဓ၏ အရိယာ သာဝကဖြစ်ပြီးသော သံဃာ တော်မျိုးသည် ဆိုကဲ့သို့ မရိုးသားမှုမျိုးကို အကြင်ငဲ့ ပယ်ရှားရှိ ရိုးသားဖြောင့်မတ်စွာ နေထိုင်တော် မူကြလေသည်။ ထိုသို့ ဖြောင့်မတ်သော အကျင့်သီလလျှင် နိဗ္ဗာန်လမ်းစဉ်နှင့် စခန်း သင့်သော အကျင့်ဖြစ်၏။ သို့ကြောင့် အရိယာ သံဃာတော်တို့သည် "ဥဇုပဋိပန္နော" ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူလေသည်။

၃။ ဤ လောကတွင် အိုခြင်း၊နာရခြင်း၊သေရခြင်း၊ ဆွေမျိုး စည်းစိမ် ဂုဏ်သိရ်ပျက်စီးရှိ ဝမ်းနည်း ပူဆွေး ငိုကြွေးရခြင်း ကိုယ်၏ ဆင်းရဲခြင်း၊ စိတ်၏ ဆင်းရဲခြင်း၊ ပြင်းပြင်းထန်ထန် ပူပန်ရခြင်း တို့သည် အမြင် အတွေ့ လောင်သော မီးထက် ကြီးကျယ်ပြင်းပြ၏။

ဗုဒ္ဓ၏ အရိယာသာဝက သံဃာတော်တို့တွင် ဝတ်ထားသော အဝတ်ကို လည်းကောင်း၊ ဆံပင်ကို လည်းကောင်း၊ မီးလောင်စေ

ကာမ ထိုမီးဆက် ပြင်းထန်ပေါ သုကွမီးတို့၏ အပြီးတိုင် ငြိမ်းအောင်ဖြစ်သော နိဗ္ဗာန်ကို မသိသေးလျှင်လည်း အမြန်သိ ကောင်းသိပ်လျှင်လည်း ကြိမ်ကြိမ် သိ၊ ဖေါင် ကျင့်တော်မူကြသည်။ ထိုသို့ နိဗ္ဗာန် အကျိုးငှါ ကျင့်တော်မူကြသော ကြောင့် အဝိဇ္ဇာ သံသရာ ဟင်တို့သည် "ဥယျာဉ်" ဂုဏ်နှင့် လည်း ပြည့်ခုံးတော်မူပါပေ၏။

၄။ ဤလောကတွင် မျိုးစဉ်ကုန်သော ဗုဒ္ဓဘာသာဝင်သူ ဖေါ်ပြင်ရှိပါသည် ရှေး သံသရာ ဟင်တို့သား စားဦးစားမျိုး ပေါလှပြီး ဝေ ဂ်ဖြစ်သော ဖေနရာဘိုင်ခင်၊ ပေးခြင်းတို့ဖြင့် ရှိသော သမ္ဘပြု ဖေ ဦးသို့ ရှိသော သမ္ဘပြုထိုက်ဖေ ခင် ဖေနထိုင်ရန်မှာ ရဟန်း သံဃာ ဖေ ခင်တို့၏ ဘာ ဝနဖြစ်၏။ ပုထုဇဉ်မျိုး ဖြစ်ကြ၍ ခေ ပေ ခ ခ ခ

၅။ ဒေရိယာသံဃာ တော်တို့သည် လှူဒါန်း ပူဇော်သူအား နိဗ္ဗာန်တရား မြတ်ကို ဟော်ကြားပြီး တုန့်ပြန်ကာ ဘမလွန် အကျိုးကို ပေးနိုင်သောကြောင့်၊ ထို ရိယာ သံဃာတော်များအား ပေးကမ်းသော အရပ်မှ ဆောင်ယူခဲ့သော ဆွမ်း၊ သင်္ဃန်း စသော ပစ္စည်းများကို ခံယူ ထိုက်ကြပေလသည်။ ထို့ကြောင့် အရိယာ သံဃာတော် မြတ်တို့သည် "ပါဟုနေယျ" ဂုဏ်လည်း ပြည့်စုံတော်မူပါပေသည်။

၆။ လူတို့သည် ညှို့သည်များလားလျှင် ပဆင်သင့် ညှို့ဝတ်ပြုရန် ရည်မှန်းထားသော အသုံးအဆောင်နှင့် စားဘွယ် သောက်ဘွယ်များ ယားတက်ကြ၏။ အရိယာသံဃာတော်တို့သည် ထိုသို့ညှို့သည်အတွက် ရည်မှန်းထားသောပစ္စည်း စားဘွယ်တို့ကို ခံယူသိုက်သော ကြောင့် 'ပါဟုနေယျ' ဂုဏ်နှင့်လည်း ပြည့်စုံတော်မူပါပေ၏။

၇။ နောင်ဘမလွန်ဘဝ၌ ချမ်းသာဘို့ရန် မျှော်မှန်းရှိ လှူဒါန်းခြင်းကို 'ဒက္ခိဏာ' ဟုခေါ်၏။ ဒေရိယာ သံဃာတော်များသည် ဖလှူရာတို့ မျှော်မှန်းသည့်အတိုင်း အကျိုးပေးနိုင်လောက်အောင် အတွင်စိတ်ဓါတ်မြင့်မြတ် ဖြူစင်သောကြောင့် ထို'ဒက္ခိဏာ'မည်သော အလှူမျိုးကိုလည်း ခံယူတော် မူထိုက်သောကြောင့် 'ဒက္ခိဏေယျ' ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူပါပေ၏။

၈။ လူတဦးတယောက်သည် ခြား လူတဦးတယောက်အား လက်အုပ်ချီမိုးရှိခိုးရာ၌ မိမိထက်သာလွန်သော ဂုဏ်ထူးရှိသောကြောင့်သာ ရှိခိုးမြင်ပြုနိုင်ပေသည်။ မိမိထက်သာလွန်

[illegible] ဂုဏ်ထူးမျိုးမခံခြင်းကို [illegible] ရှိခဲ့.ကောင်းပြီခိုးမည်ဖြစ်[illegible] [illegible] [illegible] သန့်သန့်ပြင်ရှိခြားနိုင်မည် မဟုတ်ချေ။ ထိုဂုဏ်ထူး မရှိသူလည်း ရှိခိုးခြင်းကို မခံနိုင်။

အရိယာ သံဃာတော်များသည် အလှူခံထူးခြားသော သီလ ဂုဏ်ယမာဇိဂုဏ် မဂ်ပညာ ဖိုလ်ပညာ ဂုဏ်များနှင့် ပြည့်စုံတော်မူ၍ ယောဂီယောဂီတို့ကြောင့် တလောကလုံး၏ရှိခိုးမှုကို ခံယူသိုက်လောက်သောကြောင့် 'အဂ္ဂလိကဒေကိယ' ဂုဏ်နှင့်လည်း ပြည့်စုံတော်မူပါပေ၏။

၉။ ဤနေ့ဘဏ္ဍာ ပဌမဘုန်းလယ်ယာသည် စပါးသီးနှံ တို့၏ကြီးပွားစည်ပင်ရာ ဌာနဖြစ်၏။ ထို့အတူ အရိယာသံဃာ တော်များသည် ကုသိုလ်အကောင်းမူတို့၏ စည်ပင်ဟိုးပွားခြင်း အကျိုးများထုတ်ဝေ အကုမရှိသော လယ်ယာမြေကောင်း ဖြစ်သောကြောင့် 'မနုဿရုံပုညက္ခေတ္တံ' ဂုဏ်နှင့်လည်း ပြည့်စုံတော်မူပါပေ၏။

သံဃာတော်များနှင့် ပတ်သက်သော ဂုဏ်အကျေးဇူးတော်များကို ပဌမဝဂ္ဂချာနားလည်းကောင်း ဆင်ခြင်စိတ်ရှိအစဉ်ပွားယဉ်ပွင့်ကာ ပြဆိုခဲ့ပြီ။ ယင်းသံဃာတော်များ ရှင်မြတ်စသော ရဟန်း ရဟန်းတို့သည် ဆည်းကပ်ကိုးကွယ်ခြင်း၊ ရင်းတိုဆိုဆုံးမသည်ကို လိုက်နာကျင့်ကြံခြင်းစသည်တို့၏ အကျိုးကျေးဇူးနှင့် စပ်လျဉ်း၍ ငါးရာ့ငါးဆယ် နိပါတ်တော်မှ 'မဟာပေါဒိ ပရိဇ္ဇာတက' ဇာတ်ကို သာဓကအဖြစ်တင်ပြပါမည်။

× × ×

သာဓက

ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းသည် မင်းပြုလျက်ရှိ၏။ ဘုရားအလောင်းသည် ကာသီတိုင်းဌ ကုဋေရှစ်ဆယ် ကြွယ်ဝသော သူဌေးသားဖြစ်လေသည် အမည်မှာ 'ဗောဓိ'မည်၏။

ဗောဓိအမျိုးသားသည် အရွယ်ရောက်သောအခါ တက္ကသိုလ်ပြည်တွင်ပညာသင်ကြားပြတ်မြောက်ပြီးနောက် အိမ်ရာထောင်ကာ ပျော်မွေ့နေရာမှ အကျတ်တဆုံးရလျက် ကာမဂုဏ်ကို စွန့်ပယ်၍ ဟိမဝန္တာသို့ဝင်ပြီးလျှင် ရဟန်းပြုကာ နေလေသည်။

မိုးမလွန် ဆောင်းကာလ ရောက်မှထွက်၍ ဒေသစာရီလှည့်လည်ခဲ့ရာ၊ ဗာရာဏသီ မင်းနန်းပြည်သို့ ရောက်လာ၏။ မင်း၏ဥယျာဉ်တွင် နေကိုင်းကာ နံနက်အခါ၌ မြို့တွင်းသို့ ဆွမ်းခံကြွတော်မူ၏။ ဗြဟ္မဒတ်မင်းသည် ဥယျာဉ်ပြာဘင်းမှနေ၍ ကြည့်ရှုနေစဉ် ၎င်း၏ နန်းတော်တံခါးဝသို့ ရောက်လာ သော ဗောဓိပရိဗိုဇ်ကို မြင်သည်နှင့် ကြည်ညိုယုယဖြင့် ပရိဗိုဇ်အားနန်းတော်သို့ ပင့်ခေါ်ခေါ်ပြီးလျှင် ကားမှနှုတ်သာ ခဲတွယ်စားဘောဇဉ်တို့ကို လျှောဒါန်းလေ၏။

ဗောဓိပရိဗိုဇ်ကား ဆွမ်းဘုဉ်းပေးပြီးနောက် မင်းဆိုသည်မှာ ဘယ်သူမျှ ၏။ အပြစ်ကင်းသည်မျှ ၏။ ရုန်းရှူလည်းမရ ၏။ အကာမ ၏ ဝါသနာပါတော်ကို အပြစ်ကင်းစုံ ရောပြွတ်သောသော ဘယ်သူကယ်ဘင်နှိုင်းမည်နည်းဟု ဥ ၊ မိကာ ၎င်းအနီးတွင်ရှိနေသော မင်းကြီး ပရိသတ်၏ 'ပိုင်ဆိုင်အမည်ရှိသောခွေးကြီး'ကို မြင်သာဖြင့်

ထမင်းခဲကိုင်ပြီး ကျေးလိုဟန်ပြ၏။ မင်းကြီးသည်ပရိဗိုဇ်အရိပ်ကို သိသဖြင့် မင်းချင်းအား ခွေးစာခွက်ကိုယူစေကာ ပရိဗိုဇ်အား ပေးစေသည်။

ပရိဗိုဇ်သည် ခွေးစာခွက်ဘွဲ့ ထမင်းခဲကိုထည့်၍ ခွေးအား ကျေးဇူးပြုပြီးမှ ဆွမ်းဘုဉ်းပေးလေသည်၊ မင်းကြီးသည်ပရိဗိုဇ်ကို အလွန် ကြည်ညိုသဖြင့် နေ့စဉ် ဆွမ်းဘိတ်ကျေး ရုံသာမက ဥယျာဉ်စောင့်တွင် ကျောင်းဆောက်ပြီး ကိုးကွယ်ထား၏။ မင်းကြီးသည် ဗေဒင်ပရိဗိုဇ်အား မိမိဆုတောင်းပလဲ့ပေါ်တွင် ဆွမ်းဘုဉ်းပေးစေသည်။ ဤမှဘဆင့် မင်းကြီးနှင့် ဗေဒင်ပရိဗိုဇ်တို့ ဆရာဒကာအဖြစ်နှင့် ကျွမ်းဝင်လာကြသည်မှာ ၁၂နှစ်ကျော်မျှ ကြာခဲ့လေသည်။

ဗာရာဏသီပြဟ္မဒတ်မင်းတွင် မင်းတိုင်ပင်အမတ် ပုရောဟိတ် ၅-ယောက်ရှိ၏။

ထို ၅-ယောက်တွင်ဘယောက်သောအမတ်က-

(လူသတ္တဝါတို့သည် အကြောင်းမရှိဘဲ အလိုအလျောက် ကောင်းခြင်း ဆိုးခြင်းရှိနေကြသည်) ဆိုသောဝါဒကို လက်ကိုင်ထား၏။

တယောက်သောအမတ်က-

(လူသတ္တဝါတို့ကို ဗြဟ္မာဗိသဏိုးစသော တန်ခိုးရှင်တို့က ဖန်ဆင်းသည်)ဟူသော ဝါဒကို လက်ကိုင်ထား၏၊

တယောက်သောအမတ်က-

(သတ္တဝါတို့ ဆင်းရဲချမ်းသာ ခြင်းသည် ယခုပစ္စုက္ခတွင် လုံ့လဝီရိယနှင့် လုံးဝမပတ်သက်၊ ခရားအတိတ်ကံကြောင့်သာ

ဖြစ်ရသည်) ဟူသော တဖက်စွန်း ရောက်ဝါဒကို လက်ကိုင်ထား သူဖြစ်သလည်။ ကဒယာက်သော အမတ်က–

(ယခုပစ္စုပ္ပန်ဘဝမှ လွဲ၍ နောင်တမလွန် ဘဝမရှိ) ဟူသော ဝါဒကို လက်ကိုင်ထားသူ ဖြစ်သလား ဟု။

တယောက်သော အမတ်က–

(ဒီမိုအတွက် အကျိုးရှိမည် ဆိုလျှင် မိဘကိုပင် သတ်ရမည်) ဟူသော ဝါဒကို လက်ကိုင်ထားသူ ဖြစ်လေသည်။

ထိုအမတ်တို့သည် တရားစီရင်ရာသော တရား သူကြီး အဖွဲ့လည်းဖြစ်၏။ တနေ့သ၌ အမှုဘဝတွင် ဥစ္စာရှင် မဟုတ်သူထံမှ တန်စိုးလက်ဆောင် (လာဘ်) စားကြ၍ ဥစ္စာရှင်အား အနှိုးပေး ဆုံးဖြတ် လိုက်ကြ လေသည်။

လိမ်လည် ကောက်ကျစ်၍ တရား စွဲဆိုသူအား အရှုံး ပေးခဲ့ရသော ဥစ္စာရှင် တရားခံသည်းနန်းတော်သို့ ဆွမ်းဘုဉ်းပေးရန် ကြွလာသော ဗောဓိပရိဗိုဇ်အား မြင်တွေ့သော အခါ ရှိသမျှ ရှိခိုးဦးချပြီး ငိုယိုရှိခိုးလျှောက်ထား၏။

"အရှင် ဘုရား၊ အရှင်ဘုရားဟာ နန်းတော်မှာ နေတိုင်း ဆွမ်းဘုဉ်း ပေးပါတယ်၊ မင်းကြီးနဲ့လဲ အလှုန်ချစ်ခင်ကျွမ်းဝင် ပါတယ်။ မင်းကြီး ခန့်ထားတဲ့ တရားသူကြီး အဖွဲ့ အမတ် ငါးယောက် ဟာ လာဘ် စားပြီးမမှန်တဲ့ တရား မျှားကို စီရင်ဆုံးဖြတ်ခဲ့ပါတယ်။ တပည့်တော်ရဲ့ ပစ္စည်းမှန်ပါလျက်နဲ့ သူ့ပစ္စည်းပါပို့ လိမ်သည် တရားစွဲသူကို အမတ်တို့က လာဘ်စားပြီး အနိုင်ပေးလိုက်ကြပါတယ်။ ဒီခုတော် ပည့်တော်မှာ မတရားတဲ့ တရား သူကြီးအဖွဲ့ကြောင့် ပစ္စည်း ဆုံးရှုံးခဲ့ပါပြီ"

ဗောဓိပရဝိုဏ်သည် တရားရှုံးသူအား သနားသဖြင့် တရားရုံးသို့ သွားရှိ တရားလိုတရားခံများကို ဆင့်ခေါ်ပြီး စစ်ဆေးကာ ဟရားရှုံးသူဖက်မှ မှန်သဖြင့် ထိုသူကို အနိုင် ပေးလိုက် လေ၏။ အမတ် ၅-ယောက်တို့မှာ မင်းဆရာ ဆုံးဖြတ်သည်ဖြစ်၍ဘာမျှ မပြောရဲပဲ ငြိမ်နေကြသည်။ တရားမှန်ကို ဆုံးဖြတ်သည် ဖြစ်စဉ်သာကြောင့်ဗောဓိပရဝိုဏ် ၏ လူအများက ကောင်းချီးပေးကာ ကြိုးကြော်ကြလေသည်။

"လူတွေကာခကြောင့် ကြိုးကြော်နေကြတာလဲ"

မင်းကြီးသည် အပါး၊ တော်မြဲအမတ်ကိုမေး၏။

"ဘရင်မင်းကြီး အရာဖြစ်ကဲ့ ဗောဓိပရဝိုဏ် တရားဆုံးဖြတ်တာမှန်ကန်တဲ့ အတွက် လူတွေ ကောင်းချီး ပေးနေကြတာပါ အရှင်မင်းကြီး"

အမတ် လျှောက်ထားသော ခါ မင်းကြီး ဆိတ်ဆိတ်နေလေသည်!

ဗေ ဓိပရဝိုဏ် ရောက်လာပြီး ဆွမ်းဘုဉ်းပေး၏။ ဆွမ်းဘုဉ်းပေးပြီးသော ခါ မင်းကြီးက မေးသည်။

"ဘရင် ဘုရား တရားဆုံးဖြတ်ခဲ့ပါသလား"

'ဆုံးဖြတ်ခဲ့တယ် မင်းကြီး'

'အရှင်ဘုရား ဆုံးဖြတ်သော ကျွန်တော် လူကုမ္ပဏီ နှစ်သက်ကြပါတယ်၊ အရှင်ဘုရားသာ မှန်ကန်တဲ့ ဆုံးဖြတ်မှုကို ပေးနိုင်စွမ်းပါတယ်၊ ယခု နောက်ပြီး အရှင်ဘုရားသာ တိုင်းပြည်မှာ တရားဆုံးဖြတ်ရောက်မှုပါ ဘုရား'

'သင်မင်းကြီး ငါတို့ ရဟေ့ ရဟန်းဆိုတာ တရား ဆုံးဖြတ်ခြင်းနှင့်မ အပ်စပ်ပါ'

ပရိုဇ်ကခြင်းပယ်သည်။

'လူအမျှားကို ငဲ့ညှာသနားသော အားဖြင့် အမှန်တရားကို ဆုံးဖြတ်တာဟာ ပြုလုပ်အပ်ပါတယ်။ အရှင်ဘုရား ဆွမ်းစားကြွဘို့ လာတဲ့အခါမှာ အမှုလေးမှု ဆွမ်းစားပြီးပြန် ကြွတဲ့အခါမှာ အမှုလေးမှု ဆုံးဖြတ်စီရင်တော် မူပေးပါဘုရား'

မင်းကြီးသည် ဤသို့ တောင်းပန်ပြီးနောက် ဗောဓိပရိုဇ် အား တရားရုံးကို အပ်လေ၏၊ ဗောဓိပရိုဇ်လည်း မငြင်းသာသဖြင့် လက်ခံလိုက်ရလေသည်။

× × ×

ဗောဓိမရိုဇ်သည် မင်းကြီး၏ တောင်းပန် ချက်ကြောင့် တရားရုံးတွင် ထိုင်ကာ အမှုရှစ်မှု စီရင်ပေး၏။ ထိုအခါ မ့သမာ သော လူလိမ်လူညာ ကပ်ဖါး အခြောင်သမားများ မစားသာ တော့ပဲ ဗာရာဏသီပြည်တွင် အမှန်တရား ထွန်းကားကာ တိုင်းသား ပြည်သူတို့ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ရှိနေကြ လေသည်။

တရားသူကြီး အဖွဲ့ဟောင်း အမတ် ၅-ဦးမှာ လာတ်မရ တော့သည်တကြောင်း၊ သြဇာအာဏာ မရှိတော့သည်တကြောင်း အမတ် ကတော်များသည် လာဘ်ရှင်စဉ်ကအတိုင်း အသုံး အဖြုန်းများသည် တကြောင်းကြောင့်၊ မသမာ အမတ်၅-ဦးတို့

ဆင်းရဲကြလေသည်။ မိမိတို့ ဆင်းရဲကြသောအခါ အမတ်၅-ဦး တို့သည် တိုင်ပင်၍ မင်းကြီးနှင့် ဗောဓိပရဇိုင် ရဟန်း အချစ်ကြယ်ဖောင် ဂုန်းချောရန် ကြံကြလေ၏။ ဒီအမတ်၅-ဦ၏ ခေါင်းဆောင် အမတ်က မင်းကြီးအား၊ ဤသို့ လျှောက်ထားသည်။

'အရှင်မင်းကြီး ဗောဓိပရဇိုင်ကို မုယုံစားသင့်ပါ သူဟာ အရှင်မင်းကြီးရဲ့ ရန်သူဖြစ်ပါတယ်'

ထိုအခါမင်းကြီးက–

သင်ဘယ်လို လျှောက်တင်တာလဲ အမတ်ကြီး။ ဗောဓိ ပရဇိုင်ဟာ သီလလဲ ရှိတယ်၊ ဉာဏ်ပညာလဲ ရှိတယ်၊ သင်လျှောက်တင်သလို ငါ့ရန်သူ ဘယ်နည်းနဲ့မှ မဖြစ်နိုင်၊ သင် တင်လျှောက်တာကိုပါမယုံ'ဟု ဆို၏။

ထိုအခါအမတ်ကကပ်မံလျှောက်တင်ပြန်၏။

'အရှင်မင်းကြီး ကြားနာလော် မူပါအုံး၊ ကျွန်ုပ်တို့ အမတ်ငါးဦးဟာ အရှင်မင်းကြီးအကျိုးကို လိုလားသူများ ဖြစ်ကြပါတယ်။ ဗောဓိပရဇိုင်ဟာ အရှင်မင်းကြီးရဲ့ နန်းစည်းစိမ်ကို လုယူဘို့အတွက် လူတွေကို စည်းရုံးနေပါတယ်၊ လက်နက်တွေ ကိုလဲ စုဆောင်းနေပါတယ်၊ အသင်မင်းကြီး မယုံရင် ဗောဓိပရဇိုင် နန်းတော်ကို ကြည့်လာတဲ့အခါ ရှုကြည့်ပါ၊ သူ့နောက်မှာ တပည့်အခြံအရံတွေများစွာ တွေ့ရပါလိမ့်မယ်'

နောက်တနေ့ ပရဇိုင် ဆုမ်းစားကြွချိန်တွင် မင်းကြီးသည် အမတ်တို့စကားကို မယုံတဝက် ယုံဘဝက်နှင့် လေလာပြုတင်းမှ စောင့်ကြည့်နေ၏။ ဗောဓိပရဇိုင်လာသောအခါ လူစုံလူဝေးနှင့်

လာသည်ကို မြင်ရသဖြင့် အမတ်တို့စကားကို မင်းကြီး ယုံကြည်သွား၏။ ပရဝိုဏ်အပေါ်မှာထင်မှားကာ အချစ် ပြယ်လေသည်။

စင်စစ် ထိုလူစုလူဝေးသည် ဗောဓိပရဝိုဏ်၏ အခြံအရံများ မဟုတ် အမတ်ငါးယောက်တို့၏ တပည့်များသာ ဖြစ်၏။ အမတ်ငါးယောက်တို့၊ မင်းကြီးအထင်မှားအောင် အကွက် ဆင်ကာ မိမိတို့ တပည့်များကို ဗောဓိပရဝိုဏ်အား ခြံရံ၍ လိုက်ခိုင်း ထားခြင်းဖြစ်သည်။

ပရဝိုဏ်ဆွမ်းခံပြီး၍ ဥယျာဉ်ဝေါ်သို့ ပြန်ကြွ သွားသော အခါ မင်းကြီးသည် အမတ်ငါးယောက်အား မေး၍ မည်သို့ ပြုလုပ်ရမည်ကို တိုင်ပင်၏။ အမတ် ငါးယောက်တို့က ပရဝိုဏ် အား ဖမ်း၍ သတ်ရန် အကြံပေးကြသည်။ မင်းကြီးက ပရဝိုဏ် တွင် အပြစ်မရှိပဲ ဖမ်း၍ သတ်လျှင် ပြည်သူတို့က ခံမည်ဟုတ် ဆုပူကြလိမ့်မည် ဟုဆို၏။ ထိုအခါ အမတ်များက ပူဇော်သက္ကာယ ပြုခြင်းကို လျှောက်ရန်၊ ထိုသို့လျှောက်လိုက်လျှင် သူ့ဖါသာတခြားသို့ ထွက်ခွာသွားလိမ့်မည် ဖြစ်ကြောင်း အကြံပေးကြ၏။ မင်းကြီး သည် အမတ်တို့ပေးသော အကြံကို သဘောကျသဖြင့် လက်ခံ လိုက်၏။

ပဋ္ဌမနေ့တွင် ပရဝိုဏ်ကို ဆွမ်းကျွေးရာ ပလ္လင်ပေါ်တွင်အခင်း မခင်းပဲ ဆွမ်းကျွေး၏။ ထိုအချင်းအရာကို မြင်သောအခါ မင်းကြီး မိမိအပေါ် အချစ်ပြယ်ပြီကို ဗောဓိပရဝိုဏ် ရိပ်မိ၏။ ဗောရာဏသီပြည်မှ ထွက်ခွာသွားရန် အကြံပြုသည်။ ပြီးမှ တဖန် အကြောင်းစုံ သိရပြီးမှ ထွက်ခွာမည်ဟု ဆုံးဖြတ်ပြန်လေသည်။

ဒုတိယနေ့တွင် ဆံဖြူမဟုတ်ခဲသော အခြားကြားင်အကျားဆွမ်းကို ကျေး၏။ ပရဝိုဇ်သည် ဘုဉ်းပေးမြဲ ဘုဉ်းပေးသည်၊ တတိယနေ့ဘုရင် နန်းဘော်သို့ မဟာဝေပဲ လှေခါးဦးမှနေ၍ ဆွမ်းလောင်း၏။ ပရဝိုဇ်ဆွမ်းကိုယူ၍ ဥယျာဉ်တော်သို့ ပြန်ကြွသည်။ စတုတ္ထနေ့တွင် ဆံကွဲထမင်းကို လောင်းလှူခြင်းမင် မပြုခဘဲ နန်းတော်အောက်တွင် ထား၏။ ပရဝိုဇ်သည် ဆံကွဲထမင်းကိုယူကာ ဥယျာဉ်တော်သို့ ပြန်ကြွသည်။

ပြဟ္မဒတ်မင်းသည် အမတ်ငါးယောက်ကိုခေါ်၍ ပရဝိုဇ်သည် ပူဇော်သက္ကာယကို လျှာ့ခပါ့ သော်လည်း ဘယ်ကိုမှ မသွားပဲ နန်းတော်သို့ ကြွလာမြဲကြွလာနေသဖြင့် မည်သို့ပြုလုပ်ရမည်ကို တိုင်ပင်၏။ ထိုအမေးသည်မသမားအမတ်များ အတွေ့ အကြုံတင်သွားလေ၏။

ခေါင်းဆောင်အမတ်က—

'အရှင်မင်းကြီး ဗေ ဓိပရဝိုဇ်ဟာ ဆွမ်းအတွက် နေတာမဟုတ်ပါ၊ ထီးနန်း ကိုလုပ်ကြံရန် နေတာသာ ဖြစ်ပါဘယ်၊ အဆိုအကယ်၍ ဆွမ်းအတွက်နေလျှင် ပဌမနေ့ကထက ဘခြေမလှတာကိုသိပြီး ထွက်ခွါသွားမှာပြစ်ပါတယ်'ဟုဆလျှောက်ဘင်၏။

ထိုသို့တင်လျှောက်သည်ကို ကြားလျှင် မင်းကြီးထိတ်လန့်သွားပြီး—

'အမှတ်တို့ ပရဝိုဇ်ကို ဘယ်လိုလုပ်ရမလဲ'ဟုစိုးရိမ်စွာမေး၏။

'မနက်ဖြန် ပရဝိုဇ်နန်းခတော် ကြွလာရင် သတ်လိုက်ပါ၊ ဒါမှ ကိစ္စပြတ်သွားပါလိမ့်မယ်'

အမတ်က တင်လျှောက်၏။ မင်းကြီးစဉ်းစားမနေပဲ အမိန့်တရုပ်ကို ချက်ခြင်းချမှတ်လေသည်။

'အမတ်တို့ သင်တို့ ငါးယောက် သံလျက် ကိုယ်စီကိုင်ပြီး မနက်ဖြန် တံခါးကြားက စောင့်နေကြ၊ ဗောဓိပရဇိုဋ် တံခါးက ဝင်လာတဲ့အခါ ဇက်ကို ဖြောက်သတ်ပြီး ဘယ်သူမှ မသိအောင် အိမ်သာတွင်းထဲကိုချ၊ ပြီးသင်တို့ ရေချိုးပြီးမှ အခန်းထဲက ထွက်ခဲ့ကြ'

ညအိပ်ရာသို့ ရောက်သော်အခါ ဗြဟ္မဒတ်မင်းသည် ဗောဓိပရဇိုဋ်၏ ဂုဏ်ဓကျေးဇူးမျှားကို ဆင်ခြင် အောက်မေ့မိသဖြင့် မိမိချမှတ်လိုက်သော အမိန့်နှင့် ပတ်သက်ပြီး စိုးရိမ်ပူပန်ခြင်းများစွာ ဖြစ်ရကာ မအိပ်နိုင်ပဲ ချေးများယိုစီ လျက် လူးလိမ့်နေ၏။ ထိုအခါ အိပ်ရာတွင် အတူအိမ်နေသော မိဖုရားကြီးက-

'အရှင်မင်းကြီး ဘယ်လိုသောကများ ခံစားနေရပါသလဲ နှမတော်ကို စကားလေးပြော ယုယကြင်နာစိတ်နဲ့ ထိုးတွေ့ကိုင်တွယ်လေမလုပ်ဘဲ သက်ပြင်းကိုသာချည်းနေတာဟာ နှမတော်မှာ ဘာအပြစ်များ ရှိခဲ့လို့ပါလဲ မိန့်တော်မူပါအုံး' ဟုမေးမြန်း၏။

'မိဖုရားကြီးသင့်မှာ အပြစ်တစုံးရာ မရှိပါ၊ ငါ့ရင်မှာ ပူလောင်နေတာဟာ ငါတို့အပေါ်မှာ တဆယ်နှစ်နှစ်ကျော် တရားပြသ ဆုံးမ သွန်သင်လာခဲ့တဲ့ ဗောဓိပရဇိုဋ်ကို အပြစ်တစုံတရာမရှိဘဲ သူတပါး ဂုန်းတိုက်တာကြောင့် မနက်ဖြန်မှာ သတ်ပစ်ဘို့ အမတ်ငါးယောက်ကို ငါစေခိုင်း လိုက်မိတယ်၊ ဒီအတွက်နောင်တရပြီးစိုးရိမ်သောကရောက်နေရတာဖြစ်တယ်'

ထိုအခါ မိဖုရားကြီးက—
'အရှင်မင်းကြီး ဗေ.ဓိပရဒိုဇ် နန်းရပ် ထီးဖြူ လုယူမယ်ဆိုတဲ့ စကားဟာ အကြောင်းမဲ့ မဟုတ်တန်ရာဘူး၊ ဖြစ်နိုင်စရာရှိပါတယ်၊ ဒီဟာ့ မင်းကြီးသားကို သတ်ခိုင်းတာ မမှားပါဘူး၊ ရန်သူကို လက်ဦးတဲ့ အတွက် ပူပန်လာမ်မနေပါနဲ့ စိတ်အေးချမ်းသာ အိပ်စက်ဘာသာမူပ'ဟု နှစ်သိမ့် လေသည်။

မိဖုရား၏ နှစ်သိမ့်စကား ကြားခဲ့ရာ မင်းကြီး စိတ်အေးသွားသည်။ မိဖုရားဖက်သို့ ဖျပ်ကနဲ လှည့်ကာ ဖက်၏။ ပြီးနောက်သားစား၊ စားက အလှေးကိုခဖျောက်၍ ရှေ့လက်တွဲကာ ချစ်ပွဲဝင်ကြခဲလေ ရှိသည်။

မင်းအပါးတွင် အမြဲရှိနေသော ပိဂ်လ ခွေးကြီးသည် မင်းနှင့် မိဖုရာ တို့ ပြောစကားကို ဒီ လုံစုံကြားဘူး၏ ကျေးဇူး သိဘတ်သော ခွေးသည် မိမိအား အစားကျွေးဘူးသော ကျေးဇူးရှင် ပရဒိုဇ်အား မလိုသူတို့၏ ဂုန်းတိုက်ခြင်းကြောင့် အသက်မဆုံးရှုံးစေမှန် ကယ်ဘင်မည်ဟု အကြံပြုထားလေသည်။

ပိဂ်လခွေးကြီးသည် နံနက်စောအိုဝဝလင်းဘွဲ့ တံခါးဝသို့ သွားပြီး ဗေ.ဓိပရဒိုဇ်ကို စောင့်နေ၏။ အမတ်ကြီးယောက်လည်း သံလျက်ကိုယ်ဒီ ကိုင်ကာ တံခါးကြားမှ စောင့်နေ ကြသည်။ ပရဒိုဇ်ရဟန်း နန်းတော် တံခါးဆီသို့ လာနေသည်ကို မြင်သော အခါ ခွေ ကြီးသည် သွားကိုဖြဲလျက် တအားဆီးဟောင်၏။

ခွေးကြီး မဟောင်စဖူး မာန်စွယ်ပြု၍ ဟောင်သည်ကို ဗေ.ဓိပရဒိုဇ်မြင်းလလျှင် အန္တိုထွယ်ရှိ၍ ပိဂ်ခွေးကြီးသတိပေးကြောင်း သိကာ ဥယျာဉ်တော်သို့ ပြန်ကွာလာ၏။ ဥယျာဉ်တော်သို့

ရောက်လျှင် တခြားအရပ်သို့ ကြွသွားရန် ပရိကွာရတို့ကို ပြင်ဆင်ထုပ်ပိုးလေသည်။

မင်းကြီးသည် လေသွန်တုံခါးမှနေ၍ ကြည့်နေသောကြောင့် ပရဝိုဇ်လာသည်ကိုလည်း မြင်သည်။ ပြန်ကြွ သွားသည်ကိုလည်း မြင်၏။ ထို့ကြောင့် မင်းကြီးစဉ်းစားသည်။ 'ပရိုဇ်ရဟန်းသည် ငါ၏ ရန်သူဖြစ်လျှင် လူသူများစုရုံး၍ ငါ့ကို တိုက်ခိုက်ပေလိမ့်မည်။ ငါ့ရန်သူ မဟုတ်လျှင် ပရိကွာရများကို ယူ၍ တခြားသို့ထွက်ခွာသွားလိမ့်မည်၊ အကြောင်းမှန်ကို ငါကိုယ်တိုင် သိရအောင် စုံစမ်းမည်။ ဤသို့ ဆုံးဖြတ်ပြီးနောက် မင်းကြီးဥယျာဉ်တော်သို့ထွက်ခွာခဲ့၏။

သင်္ဘောရိုးတဲ့ကျောင်းမှ ထွက်လာသော ပရိုဇ်ရဟန်းကို မြင်လျှင်မင်းကြီးရှိခိုးလျက်-

'အရှင်ဘုရား ပရိကွာရရစ်ပါးကို သယ်ယူပြီး ဘယ်အရပ်ကို သွားမှာပါလဲဟုလျှောက်မေး၏။

ပရဝိုဇ်သည် မင်းကြီးလျှောက်သည်ကို ကြားသော အခါ ဤမင်းသည် သူ့အကြံကို ငါမသိဟု ထင်ပုံရ၏။ သူ့အကြံ ငါသိကြောင်းပြမှတော်မည်ဟု တွေးကာ-

'သင်မင်းကြီး ညအိပ်ရာဝင်မှာ သင်မင်းကြီးနဲ့မိဖုရား ဘာမျှား ပြောဆိုတိုင်ပင်ကြသလဲ'ဟု မေး၏။

ပရဝိုဇ်မေးတော့ မင်းကြီးမျက်နှာကွက်ကနဲ ပျက်သွားသည်။ ပြီးမှ ဤနေ့ဆည်းကာ-

'ဘာမှမတိုင်ပင်ပါ'ဟု လိမ်ပြော၏။

'သင်မင်းကြီး မုသားမဆိုခဲလေနဲ့၊ ငါဟာ အမှတ်နဲ့သူမှတ်ဘူး၊ အခြေအနေကိုအမြဲလေ့လာနေခဲ့တယ်၊ သင်မင်းကြီးငါ့ကို ဖခမျှစ်ပြယ်ပြီဆိုဘာ ငါသိတယ်၊ ငါ့ကို အန္တရာယ်ပြုပြီ ဆိုဘာကို လဲငါသိတယ်၊ တိုးရစ္ဆာန်ဖြစ်တဲ့ ပိုင်ဝန်ခွဲးက ငါ့မှာအန္တရာယ်ရှိ ကြောင်း အရိပ်ပြတယ်၊ ဒီခွဲးဟာ အလွန်ကျေးဇူးသိတတ်တဲ့ ခွဲးဖြစ်တယ်၊ သင်တို့အိပ်ရာဘေးမှာ နေပြီး သင်နှင့်မိဖုရား ပြောစကားကို ကြားတာကြောင့် ငါကိုဘယ်အခါကမှမဟောင်း စပ္ပးဒီနေ့မှ သတိပေးပြီး ဆီးဟောင်တယ်'

ထိုအခါမင်းကြီးသည် မိမိသည်သူတပါး၏ဂုန်းစကားကို ယုံကြည်ကာ မှားမိကြောင်းဝန်ခံ၍ အရပ်တပါးသို့ ကြွမသွားရန် တောင်းပန်လေသည်။ ပရဝိုဇ်သည် ဤအရပ်တွင် မနေသင့်တော့ဟု သိသဖြင့်-

'မင်းကြီး ရေမရှိတဲ့ဘုင်းကို ရေရလို့တဲ့စိတ်နဲ့ အားကိုးပြီး မနေသင့်သလို၊ ကိုယ့်ကို မကြည်ညို မမြတ်နိုးသူကိုလဲ မခပါင်း ပေါ်အပ်ဘူး၊ ဒါ့ကြောင့် သင်မင်းကြီးကို ပန်ကြားပြီး ငါစွန့် ခဲ့တော့မယ်'

ပရဝိုဇ်မိန့်ဆိုသည်ကို ကြားလျှင် မင်းကြီးမှာ မိမိအမှား အတွက်ယူကြုံးမရဖြစ်ရခဲလေသည်။ မိမိအားမှန်ကန်သော တရား လမ်းကြောင်းကို ပြသမည့်သူ မရှိခဲ့သောကြောင့် အားကိုး ရာမဲ့ဖြစ်ရခဲ့ပြီ။

ပရဝိုဇ်အား တားမရမှန်း သိခဲသော်လည်း မင်းကြီးခလျှောက် ထားပြန်၏။

'အရှင်ဘုရားကြီးလိုရာကို ကြွခဲ့ဘာမူပါ၊ သို့သော် တပည့်တော် မထူးတောင်းပန်ပါရစေ၊ တပည့်တော်ကို ရာသက်ပန်တော့ စွန့်ပစ်မထားပါနဲ့ တချိန်တခါမှာ တပည့်တော်ရဲ့နိုင်ငံကို ကြွလာတော်မူပါ'

'ဒကာတော်မင်းကြီး ငါအခုအရပ်တပါးကို ထွက်ခွာသွားမယ်၊ အကယ်လို့ နှစ်ပေါင်းကြာမြင့်စွာဘေးအန္တရာယ်မရောက်ဘဲ သက်ရှင်နေသေးရင် မင်းကြီးကိုငါလာတွေ့ပါအုံးမယ်'

ပရဝိုဏ်သည် ဤသို့ မိန့်တော်မူပြီးနောက် ဥယျာဉ်တော်မှ ထွက်ခွာသွား၏။ မင်းကြီးလည်းကြေကွဲသောနှလုံးဖြင့် ပရဝိုဏ်ကို မျက်စေ့တဆုံးကြည့်ကာ ကျန်ခဲ့လေသည်။

× × ×

ဗောဓိပရဝိုဏ် ဗာရာဏသီပြည်မှ ထွက်ခွာသွားသော အခါ မသမာသောအမတ်ယုတ် ၅ယောက် တစခန်းထဲကြံပြန်၏။ သူတို့သည် ကရားရုံးတွင်ထိုင်ကာ ဘုရားထိုင်ကြပြန်သည်။ လာတိုင်စား၍ အမှုများကို ဆုံးဖြတ်ကြသည်။ တိုင်းသူပြည်သားများ မကျေမချမ်းဖြစ်ကြသည်။ ဆင်းရဲဒုက္ခ ရောက်ကြပြန်သည်။

အမတ်ယုတ် ငါးဦးသည် အလွန်ကြီးပွားချမ်းသာ နေကြပြန်၏။ အမတ်ကတော်များလည်း လွန်စွာမောက်မာပလွှား နေကြသည်။ အမတ်ယုတ် ငါးယောက်သည် ဗောဓိပရဝိုဏ် ပြန်ရောက်လာမည်ကို အလွန်စိုးရိမ်နေကြသည်။ သို့ကြောင့် ပရဝိုဏ် ပြန်မလာနိုင်သော နည်းကို ရှာကြံတိုင်ပင် ကြသည်။ ထိုအခါ

အမတ်တယောက်က မင်ကြီး ဗေးဓိပရဗိုဇ်အပေါ် တကယ် မုန်းသွားအောင် ဗောဓိပရဗိုဇ်အကယ်၍ ပြန်ထောက်လာလျှင် သတ်ပစ်အောင် မိဖုရားကြီးနှင့်စုပ်စဲ့ပြောဆိုမည်ဟု အကြံပြု၏။ ထိုအကြံကို အားလုံး သဘောတူကြကာ မင်းကြီးထံသို့ ဝင်၍ ခေါင်းဆောင် အမတ်က—

'အရှင်မင်းကြီး မြို့တော်မှာ သတင်းစကားတခု ဖြစ်နေပါတယ်၊ ဗေးဓိပရဗိုဇ်နဲ့ မိဖုရားကြီးဟာ ချစ်ကြိုက်နေကြတယ်။ ယခု ပရဗိုဇ် ထွက်ခွာသွားပေမယ်လို့ သူတို့ချင်း စာအဆက်အသွယ်ရှိကြဦးမယ်။ ပရဗိုဇ်က မိဖုရားကြီးဆီရေးတဲ့စာမှာ မင်းကြီးကို လုပ်ကြံပြီး ငါ့ကိုမင်း အဖြစ် လုပ်ပေးမှလားလို့မေးတယ်။ မိဖုရားကြီးကလဲ မင်းကြီးကိုသတ်ပြီး ပရဗိုဇ်ကို နန်းတင်ပါမယ်လို့ ကတိပေးသတဲ့။ အဲဒီအတိုင်း ကျွန်ုပ်တို့ ကြားသိရပါတယ်'

ဆင်ခြင်ဉာဏ် ကင်းမဲ့သော သူကပါးပြောတိုင်း ယုံလွယ်တတ်သော ဗြဟ္မဒတ်မင်းသည် အမတ်ယုတ်ဘို့စကားကြားလျှင် ချောက်ခြားထုန်လှုပ်သွား၏။ သို့ကြောင့် ချက်ခြင်းပင် မိဖုရားကြီးကို သတ်ပြီး ကျင်ကြီးတွင်းခွဲ ချရမည်ဟု အမတ်ငါးယောက်တို့ကို အမိန့်ပေးလေသည်။ အမတ်ငါးယောက်လည်း မိဖုရားကြီးကို သတ်၍ အပိုင်းပိုင်းဖြတ်ကာ ချေးတွင်းသို့ ချကြလေသည်

ထိုသို့မိဖုရားကြီးအား အကြောင်းမဲ့ သတ်ဖြတ်သည်ကို နန်းတွင်းသူ နန်းတွင်းသားများ သိကြ၏၊ မိဖုယားကြီး၏ သားလေးယောက်သည် ဇနပုဒ်သို့ ထွက်ခွာသွားကြကာ မယ်ခတ်

အကြောင်းမဲ့သတ်ခံရသည့် ခမည်းဘော်မင်းကြီးကို တော်လှန်ပုန်ကန်ရန် လူသူလက်နက်တို့ကို စုရုံးနေကြလေသည်။ တိုင်းသူပြည်သား တို့ကလည်းအမတ်ယုတ်တို့၏ စကားကို နာခံနေသော မင်းကြီးအား ကဲ့ရဲ့ကြပြီးမလိုလားတော့သော စိတ်နှင့်သားတော်များ ဖက်မှ ကူညီရန် အသင့်ရှိနေ၏။

ဗောဓိပဒုမ္မာဘုရင် ထိုသဘင်းကို ကြားခဲလျှင် ဤအရေးအခင်းတွင် မီမိဝင်၍ မဘားပါလျှင် ယခင် အခါက တပည့်ဒါယိကာ ဖြစ်ခဲ့ဘူးသော မင်းကြီးလည်း အသက်ဆုံးရှုံး ရုံတော့မည်၊သားတော်များလည်း အဖကို သတ်မိသောကြောင့် "ပိတုဃာတက"ကံထိုက်၍ အပါယ်ငရဲ သို့ကျရောက်တော့မည်ကိုမြင်သဖြင့် ရှာတရှာသို့ သွားကာ လူ၊ လှုဒါန်းသော၊ မျောက်သားကို စားရ၍ မျောက်၏ အရေခွံ ကိုလည်း တောင်းယူခဲ့ ဧလသည်း ဗရာဏသီပြည် အနီး ဇနပုဒ်သို့ရောက်သောအခါ မင်းသားများအား ရှာဖွေ တွေ့ဆုံလျက်—

"အမောင်တို့ သင်တို့ခမည်းဘော်ဟာ အယူမှားတဲ့ မိုက်မဲတဲ့ အမတ်တွေနဲ့ ပေါင်းမိတဲ့ အဖုက် အမှ ားတွေကို ပြုလုပ်နေတာဖြစ်တယ်။ ဒါပေမယ်လို့သင်တို့ ခမည်းဘော်ကိုလုပ်ကြံသတ်ဖြတ်ဘို့ မကျိုးစား ကြလေနဲ့၊အဘကို သတ်မိလို့ ပိတုဃာတကကံသင့်ရင် အပါယ်ငရဲကို ရောက်ကြလိမ့်မယ်။ အခုငါလာတာဟာ သင်တို့အချင်းချင်း သင်တင့်ညီညွတ် စေဘို့နဲ့ အမတ်ယုတ်ငါးယောက်ကို ရှင်းလင်းဘို့ ဖြစ်တယ်။ ငါအမှားစကား ပါးလိုက်တဲ့ အခါ ငါ့ဆီကို အမြန်လာခဲ့ကြ" ဟုဆုံးမလေရာ မင်းသားများလည်း ပရဝိုဇဲစကားကို နာခံကြလေသည်။

ပရဇိုဇ်သည် မင်းသားများအား ဆုံးမမှာကြားပြီး နောက် ဥယျာဉ်တော်သို့ ကြွသွားကာ ကျောက်ဖျာပေါ်တွင် မျောက်ရေကို ခင်းချ ထိုင်နေတော်မူလေ၏။

ဥယျာဉ်တော်စောင့်သည် ပရဇိုဇ်အား မြင်တွေ့သော အခါ မင်းကြီးထံ အမြန်သွားချ ခလျှောက်ထား၏။ မင်းကြီး ဝမ်းသာ အားရဖြင့် ဘမင်းယောက်ကို ခေါ်ကာ ဥယျာဉ်တော်သို့ လာသည်။ မင်းကြီးသည် ပရဇိုဇ်အား ရိုသေစွာ ရှိခိုးနေသည်။ ပရဇိုဇ်သည် ဇနီးဒေဝီမျှမမိန့်ကြားပဲ မျောက်ခရကိုသာ စမ်းသပ်ကိုင်တွယ် နေလေသည်။ ထိုအခါ မင်းကြီးက-

"ဘုရင်ဘုန်း ဟပည့်တော်ကို တစုံတရာ မိန့်ကြားခဲတော်မမူတဲ့ ဘာကြောင့် ခမျောက်ခရကိုသာ ကိုင်တွယ် စမ်းသပ်ခဲတော်မူနေပါသလဲ၊ မျောက်ခရဟာ ဘုရင် ဘုရား အားပေါ်မှာ တပည့်တော်ထက် ဘယ်လောက်ပြုဘူး ပါသလား"ဟု လျှောက်တင်မေး၏။

ထိုအခါ ပရဇိုဇ်က-

"မှန်ပါတယ် မင်းကြီး၊ မျောက်ဟာ ငါ့အပေါ် ကျေးဇူး များစွာပြုခဲ့လေတယ်။ ငါဟာ မျောက်ရဲ့ကျေးဇူးပေါ်မှာလဲ ဦးလှိုက်ရတယ်။ မျောက်ကသာ ကယ်ခဲ့ရင်တော့ ငါခမျာ ပြီးပြတ်ခဲ့ပေပြီ၊ တံပျက်လှေပေါ်လဲ ရောက်ယ်၊ ရေကို ကန်သာ ကိုစားပြီး ရေနစ်ပြီးသေ ခဲ့ရပေတော့ယ်၊ ဒါ့ကြောင့် မျောက်ဟာ ငါ့ရဲ့ကျေးဇူးရှင် ဖြစ်တယ်" ဟု မိန့်ဆိုလေ၏။

ထိုနေ့က ဒေါ်ကို အပေတ်ဘို့ကြားလျှင် ပရဇိုဇ်သည် မျောက်ကို သတ်ခဲ့ခြင်း ပြုသည်ဟုထင်မှတ်ကာ ခေါင်းဆောင်အမတ်က-

"အရှင်မင်းကြီး ဒီရဟန်းဟာ ရဟန်းမဟုတ်ပါ။ မျှော်လင့်ကိုသတ်ပြီး မျှောက်ရေကိုယူကာ သွားလာနေတဲ့ ရဟန်းဝေယျာဝစ္စသာ ဖြစ်ပါတယ်" ဟုဆို၏။

ကျွန်အမတ် ၄ ကောက်ကလက်ခုပ်လက်ဝါးတီးကာလျှောင်ပြောင်ရယ်မောကြလေသည်။

ပရဝိုဏ်သည် ပြုံးလိုက်၏။ ပြီးလျှင် (သတ္တဝါ တို့သည် အကြောင်းမရှိပဲ ကောင်းခြင်း ဆိုးခြင်းဖြစ်နေကြသည်)ဟုအယူရှိသော ခေါင်းဆောင်အပတ်ကို စတင်မေးမြန်း၏။

"ဒါယကာ သင်ဟာ အကြောင်းမရှိပဲ ကောင်းခြင်း ဆိုးခြင်းဖြစ်ဘယ်လို ယုံကြည်တယ်မဟုတ်လား။ သင်အယူအတိုင်းဆိုရင် ငါမျှောက်ကို သတ်တဲ့အတွက် ဘယ်လိုအပြစ်ရှိမှာလဲ။ ငါ့ကို လျှောင် ပြောင်တာဟာ သင့်ကိုသင် လျှောင်ပြောင်တာ ဘဲမဟုတ်လား"

ပရဝိုဏ်မေးဘော့ အမတ် စောဒကမဟက်နိုင်ပဲ ခေါင်းစိုက်စိုက်ကျသွား၏။

(သတ္တဝါတို့ကို ပြဟ္မာပိုဿနိုးတို့က ပန်ဆင်းသည်) ဟု အယူရှိသောအမတ်အား မေးပြန်၏။

"ဒကာ သတ္တဝါတွေကို ပြဟ္မာ ပိုဿနိုးစတဲ့ တန်ခိုးရှင်တွေ ဖန်ဆင်းတယ်ဆိုရင် ငါ့မျှောက်ကို သတ်တာ အပြစ်ရှိတယ်လို့ ဆိုနိုင်မလား သင့်အယူအတိုင်းဆိုရင် သင်ငါ့ကို လျှောင်တာပြောင်တာသာဖြစ်တယ်"

ထိုအမတ်လည်း ဘာမျှပြန်မပြောနိုင် ခေါင်းငိုက်စိုက် ကျသွားသည်။

(သတ္တဝါတို့ ဆင်းရဲချမ်းသာခြင်းသည် ယခု ပစ္စုက္ခလုံ့လ ဝိရိယနှင့် မပတ်သက် ရှေးအတိတ်ကံကြောင့်သာ ဖြစ်ရသည်) ဟု အယူရှိသော အမတ်အား လည်း-

"သင်အမတ် ရှေးအတိတ်ကံကြောင့်ဆိုလျှင် ငါမျှောက်ကို သတ်တာဟာ အပြစ်မရှိ၊ ရှေးအတိတ်ကံကြောင့် သတ်ခြင်းသာ ဖြစ်တယ်။ သင့်အယူဝါဒအတိုင်းဆို ငါ့ကို လျှောင်ပြောင်တာ ဟာ သင်ကိုသင် လျှောင်ပြောင်တာသာ ဖြစ်မနေဘူးလား" ဟု မေး၏။

ထိုအမတ်လည်း ပရဖိုင်အမေးကို မဖြေနိုင် ခေါင်းငုံ့၍သာ နေလေသည်။

(ယခု ပစ္စုပ္ပန်ဘဝမှလွဲ၍ နောင်တမလွန် မရှိ) ဟု ယူသော အမတ်အား လည်း-

"ဒကာကြီး နောင်တမလွန် မရှိဘူးဆိုရင် ငါမျှောက်ကို သတ်လို့ ဘာဖြစ်မှာလဲ အပြစ်ရှိသလား၊ ငါ့ကိုလျှောင်ဘာ သင့်ကိုယ်သင် လျှောင်တာဘဲမဟုတ်လား" ဟု မေး၏၊

ထိုအမတ်လည်း ပါးစပ်အဟောင်းသားနှင့် ဖြစ်နေ၏။

(မိမိအတွက် အကျိုးရှိမည်ဆိုလျှင် မိဘကိုပင် သတ်ထောင်း သည်) ဟု အယူရှိသော အမတ်အား ပြုံးရှိကြည့်ပြီး-

"အို-မဟာပညာကျော် အမတ်ကြီးရဲ့ ကိုယ့်အတွက် အကျိုး ရှိမယ်ဆိုရင် မိဘကိုတောင် သတ်ကောင်းတယ်ဆို၊ သင့်အယူ အတိုင်းဆိုရင် ငါ့အတွက် အကျိုးရှိတဲ့ မျှောက်သတ်တာ ဘာ အပြစ်ရှိသလဲ သင်လျှောင်ပြောင်တာဟာ သင့်ကိုယ်သင် လျှောင် ပြောင်တာသာ ဖြစ်မှုနေဘူးလား" ဟုမေး၏။

ထိုအမတ်လည်း ငြိမ်နေသည်။ ထိုအခါ ပရဒိုဇ်သည် မင်းကြီးဖက်သို့လှည့်ကာ-

"သင်မင်းကြီး စင်စစ် ငါမျှောက်ကို မသတ်ပါ၊ အယူအစဲ့ မှားယွင်းနေကြတဲ့ သင့်ပယောဟိတ် အမတ်ကြီးများကို ချေချတ်ချင်လို့ လူတို့ထံက မျှောက်ရေကို တောင်းယူလာတာဖြစ်တယ်။ သင်မင်းကြီးဟာ ကိုယ်နိုင်ငံကို ဖျက်ဆီးနေတဲ့ လူယုတ်မာ ငါးယောက်ကို မင်းတိုင်ပင်အရာထားတဲ့အတွက် ချစ်လှစ္ဆာသော မိဖုရားကိုလဲ အပြစ်မရှိမဲနဲ့ သတ်ခဲ့ပြီ။ ဒီအတွက် သားတော်တွေက မကျေနပ်လို့ ပုန်ကန်ကြတော့မယ်၊ တိုင်းသူပြည်သားတွေကလဲ သင်မင်းကြီးကို အလိုမရှိကြတော့ဘူး၊ သင် မင်းကြီး အခုဘယ်လို ကြံမလဲ" ဟုမေးလေ၏။

မင်းကြီးသည် အလွန်ထိတ်လန့်စွာ ကြောက်ရွံ့စွာဖြင့်-

"အရှင်ဘုရား တပည့်တော်ကို သနားသဖြင့် ကယ်တော်မူပါဘုရား" ဟု လျှောက်ထားလေ၏။

"ဒကာတော်မင်းကြီး သူယုတ်မာနဲ့ ပေါင်းသင်းနေသမျှ ငါ့မကယ်နိုင်"

"အရှင်ဘုရား တပည့်တော်မှာ ဒီသူယုတ်မာ ငါးယောက်ကြောင့် ဒုက္ခရောက်ရပါတယ်၊ သူတို့ကို တပည့်တော်သတ်ပစ်ပါတော့မယ်"

မင်းကြီးပြောတော့ ,အမတ်ယုတ်ငါးဝေါက် တုန်လှုပ်သွားသည်။ ပရဒိုဇ်လက်ကာ၍တားလေ၏။

"မသတ်လေနဲ့ မင်းကြီး"

"မသတ်ရရင် ခြေလက် နှား နှရက်တို့ကိုပြတ်ပြီး ဝရမှာ ဖျောမယ်"

မင်းကြီးအကြံကို ပရိုဇီလက်မခံနိုးတားပြန်သည်။ ဗြဟ္မဒတ်မှင်းသည် အမတ်ယုတ် ငါးယောက်အား 'ခေါင်းတုံးရိတ်စေကာ လည်ပင်းတွင် တောင်းဆွဲ၍ နှားချေးဖြင့် သွန်းလောင်းစေပြီး တိုင်းပြည်မှ နှင်ထုတ်လိုက်လေ၏။

ပရိုဇီသည် မင်းသားလေး ယောက်တို့ကိုခေါ်၍ မင်းကြီးအား ကန်တော့ခိုင်းသည်။ ပြီးနောက် သတ္တဝါတို့၏ ဆင်းရဲခြင်း 'ဒုက္ခ' မမြဲသော 'အနိစ္စ'၊ အစိုးမရသော 'အနတ္တ' တရားတော်ကို ဟောကြားပြီးလျှင် မင်းကြီးအား မင်းကျင့်တရားနှင့်ညီစွာ တိုင်းပြည်ကို စီမံအုပ်ချုပ်ရန် ဆုံးမမှာကြားလျက် ဗာရာဏသီပြည်၊ ကြွလေ၏။

မင်းကြီးလည်း မြတ်သော သံဃာတော်၏ အဆုံးအမကိုနာခံရသောကြောင့် အမှားအယွင်းမရှိအောင် စီရင်အုပ်ချုပ်သဖြင့် တိုင်းသူပြည်သားတို့၏ချစ်ကြည်လေးစားခြင်းကိုခံယူခဲ့လေသည်။

× × ×

ဘုရား၊ တရား၊ သံဃာစသော ရတနာသုံးပါးတို့ကို တကယ်ယုံကြည်ပြီးဆိုလျှင်။ လူတို့၏ကျင့်ဝတ်အစစ်ဖြစ်သော ပဉ္စသီလဟုဆိုအပ်သော ငါးပါးသီလကို ဆောက်တည်ရပါမည်။

သီလတောင်းပါဠိ

အဟံဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံကတ္တာ သီလံဒေထ မေဘန္တေ။

ဒုတိယမ္ပိ အဟံဘန္တေ ။ ။

တတိယမ္ပိ အဟံဘန္တေ ။ ။

စသည်ဖြင့် သုံးကြိမ်ဆိုရသည်။

ယင်းပါဠိ၏အနက်

ဘန္တေ အရှင်ဘုရား။ အဟံ၊ ဘုရားတပည့်တော်သည်။ တိသရဏေန၊သရဏဂုံ သုံးပါးနှင့်။ သဟတကွ။ပြည့်စုံသော။ပဉ္စသီလံ၊ ငါးပါးဝေယာ သီလဟုဆိုအပ်သော။ ဓမ္မံ ၊ ကျင့်ဝတ် ပဋိပတ်သီလ တည်းဟူသော တရားမြတ်ကို၊ ယာစာမိ။ ဖတောင်းခံပါ၏။ ဘန္တေ၊ အရှင်ဘုရား။။ မေမမ၊ အကျွန်ုပ်အား အနုဂ္ဂဟံ ကတ္တာ၊ ချီးမြှောက်ခြင်းအမှုကိုပြု၍။ သီလံ၊ သီလတော်မြတ်ကို။ ဒေထ၊ ပေးသနားတော်မူပါဘုရား။

ငါးပါးသီလ ခံယူပုံ ခံယူနည်း

သံဃာတော်အရှင်မြတ်များအား လက်အုပ်ချီ၍ 'သြဏာသ' အစပြုဏာန်တော့ခန်းကို ရွတ်ဆိုပြုရမည်။ ပြီးလျှင် သံဃာတော်

မျှားစာ အထက်တွင် ဆိုခဲ့ပြီးသော အဟ၁ဘဏ္ဍေ အစပြုသော သီလတောင်းပါဠိကို တိုင်ပေးလိမ့်မည်။ ထိုအခါ သီလဆောက်တည်မည့်သူက လိုက်ဆိုရ၏။

ဒုတိယမြီး၊ တတိယမြီစသည်ဖြင့် သုံးကြိမ် ဆိုပြီးသောအခါ သံဃာတော်က–

"ယယဟံဝဒါမိ တံဝဒေထ" ဟု ရှင်တော်ဆိုလိမ့်မည်။ ယင်း၏ အဓိပ္ပာယ်မှာ–

ယံ၊ အကြင်စကားကို၊ ၊ဟံ၊ ငါသည်။ ဝဒါမိ ဆိုကုန်၊ တံ၊ ထိုသို့ ငါဆိုလတံ့သော စကားကို။ တုမ္ဟေ၊ သင်တို့သည်။ ဝဒေထ၊ လိုက်၍ဆိုကြလေ၊ လော့ဟူ၏။

ထိုအခါ သီလဆောက်တည်မည့်သူက-

"အာမောဘဏ္ဍေ ပါ ၊ရှင်ဘုရား" ဟု ဆို၊မည်။ အာမဘဏ္ဍေ၏အနက်အဓိပ္ပါယ်မှာ-

ဘဏ္ဍေ၊ ၊ရှင်ဘုရား။ အာမ၊ ဩ...၊ရှင်ဘုရား အမိန့် အတိုင်း လိုက်၍ ဆိုပါ၏။ ၊ရှင်ဘုရားဟူ၏။ ယင်းနောက် သံဃာတော်က–

"နမောတဿ ဘဂဝတော ၊အရဟတော သမ္မာသမ္ဗုဒ္ဓဿ" ဟု တခေါက်ချပေးလျှင် သီလဆောက်တည်မည့်သူက သုံးခေါက် လိုက်၍ဆိုရ၏။ နမော၊တဿ၏ အဓိပ္ပါယ်မှာ–

အရဟတော၊ လူမှင်း နတ်မင်း ဗြဟ္မာ့မင်းတို့၏ ပူဇော်အထူးကို ခံထိုက်သော။ သမ္မာသမ္ဗုဒ္ဓဿ၊ မဖောက်မပြန် မှန်သော တရားကို မိမိအလိုလို ကိုယ်စောင်တိုင် သိမြင်တော်မူပြီးသော၊

တဿဘဂဝတောဟု ထိုဘုရားရှင်အား။ နံမော၊ ရှိခိုးပါ၏ အရှင်ဘုရားဟူ၏။

ယင်းနောက် သံဃာတော်က-

"ဗုဒ္ဓံ သရဏံ ဂစ္ဆामိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ" ဟု အစုပြုကာ ဒုတိယမျိုး၊ တတိယမျိုး အဆုံးသုံးကြိမ် ချေးပေးသည်ကို သီလ ဆောက်တည်သူက လိုက်၍ဆိုရ၏။

ဤသရဏဂုံသုံးပါး၏ အနက်အဓိပ္ပါယ်မှာ-

၁။ ဗုဒ္ဓံ၊ မြတ်စွာ ဘုရားကို။ သရဏံ၊ ကိုးကွယ်ဆည်းဟူ၍ ၎င်းဟု ဆိုလိုပေ၏။ မိုဝဲဆည်းကပ်ပါ၏။

၂။ ဓမ္မံ၊ ဗုဒ္ဓဟောကြားတော်မူသော တရားတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ယုံကြည်စွာ ကိုးကွယ်ပါ၏။

၃။ သံဃံ၊ မြတ်စွာဘုရား၏ တပည့်သားဝတ်ကြီးတော်မူသော သံဃာတော်မြတ်တို့ကို။ သရဏံ၊ အားထားရာ ကိုးကွယ်ရာဟူ၍ ဂစ္ဆာမိ၊ ယုံကြည်စွာ ကိုးကွယ်ဆည်းကပ်ပါ၏....ဟူသတည်း။ (ယင်းကိုသရဏဂုံသီလ)ဟု ခေါ်ဆိုသည်။

ထိုအခါ သံဃာတော်က-

"တိသရဏ ဂဟဏံ ဒေါ်ပုဏ္ဏော"ဟု ရွတ်ဆိုလိမ့်မည်။ သီလခံယူသူက-"အာမဘန္တေ ပါဘုရား"ဟုဆို၏။

(တိသရဏ ဂဟဏ ဒေါ်ပုဏ္ဏ၏ အနက်အဓိပ္ပါယ်မှာ)သရဏဂုံ ဆောက်တည်ခြင်းယည် ပြည့်စုံပေပြီ...ဟူ၏။

ငါးပါးသီလ ပါဠိ

၁။ ပါဏာတိပါတာဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ၊
၂။ အဒိန္နဒါနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏိ သိက္ခာပဒံ သမာဒိ
ယာမိ၊
၄။ မုသာဝါဒါ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိ သိက္ခပဒံ
သမာဒိယာမိ၊

ထိုပါဠိ၏ အနက် အဓိပ္ပါယ်မှာ

၁။ သေစေလိုသော စိတ်ထားဖြင့် မိမိအသက် သူတ
ပါး အသက်ကို ငဲ့ကွက်ခြင်း ကင်းမဲ့စွာ ရှောင်ကြဉ်ချေ ခရှောင်
ကြဉ်ကြောင်းဖြစ်သော အကျင့် မြတ်ကို မကျိုး မပျက်ရအောင်
ကောင်းစွာဆောက်တည်ပါကုန်၏၊

၂။ သူတပါး၏ ပစ္စည်း ဥစ္စာ ဟူသမျှကို မြဲတ်တပင်၊
ဝါးတခြမ်း၊အပ်ချည်တမျှင်ကိုသော်မျှပိုင်ရှင်မသိခအောင်ခိုးယူရန်
ကြံစည်ခြင်း၊ ခိုးယူခြင်းတို့မှ ရှောင်ကြဉ်ချေ ရှောင်ကြဉ်ကြောင်း
ဖြစ်သော အကျင့် မြတ်ကို မကျိုး မပျက်ရအောင် ကောင်း
စွာ ဆောက်တည်ပါကုန်၏။

၃။ မိဘဆွေမျိုးတို့ အုပ်ထိန်းခြင်းရှိသော အမျိုး သမီး
အမျိုး သားတို့ကို လည်းခကောင်း။ လင်ရှိသော အမျိုး သမီး
ဇနီးရှိသော အမျိုး သားတို့ကို လည်းကောင်း၊ စိတ်နှင့်ဖြစ်စေ
ကိုယ်ထိလက်ရောက်ဖြစ်စေ၊ကျူးလွန်ရန်ကြံစည်ခြင်းတို့မှ ရှောင်

ကြည်ရာ ရှောင်ကြည်ကြောင်း ဖြစ်သော အကျင့် မြတ်ကို မကျိုး မပျက် ရအောင် ကောင်းစွာ ဆောက်တည်ပါကုန်၏။

၄။ ခင်မင်သူ အချင်းချင်း မုန်းစေဒအောင်၊ချစ်သူအချင်း ချင်း ကွဲအောင်၊ သူတပါးအား အကျိုး ပျက်စီး စေအောင်၊ မိမိအတွက် အကျိုးရရှိအောင် လိမ်လည် ဂုန်းတိုက်၍ မမှန် ကန်သော စကားကို ပြောဆိုခြင်း ပြောဆိုရန် ကြံစည်ခြင်း တို့မှ ရှောင်ကြည်ရာ ရှောင်ကြည်ကြောင်း ဖြစ်သော အကျင့် မြတ်ကို မကျိုး မပျက်ရအောင် ကောင်းစွာ ဆောက်တည် ပါကုန်၏။

၅။ ငိုက်မျည်းခြင်း၊ တွေဝေခြင်း၊ မိန်းမောခြင်း၊ ယစ်မူးခြင်းတို့ကြောင့် မှားယွင်းကာ မိမိအကျိုးပျက်ရာကိုကြံတတ်ခြင်း၊ သူတပါးအကျိုးပျက်ရာကို ကြံတတ်ခြင်း ဖြစ်စေနိုင်သော 'သေအရက်'နှင့် မူးယစ်ထု ထိုင်းစေတတ်သော အရာမှန်သမျှကို မသောက်မစား၊ မထိုးမနှ ပဲ့ရှောင်ကြည်ရာ ရှောင်ကြည်ကြောင်း ဖြစ်သောအကျင့်မြတ်ကို မကျိုးမပေါက်ရအောင် ကောင်းစွာ ဆောက်တည်ပါကုန်၏။

သံဃာတော်က ပါဠိကိုရွတ်ဆိုပေးပြီးလျှင်–

'တိသရဏေန၊ သဟဇ္ဇသီလံ ဓမ္မံသာဓုကံကတ္တာ အပ္ပမာဒေန သမ္ပဒေထ'ဟု ရွတ်ဆိုလိမ့်မည်။ သီလခံယူသူက 'အာမ ဘန္တေ ပါဘုရား'ဟုဆိုကာ ဦးချရမည်။

မှတ်ချက်။ ။သီလ ဆောက်တည်ရာတွင် သံဃာတော်များက ပေးမှုရသည်မဟုတ်၊ အကယ်၍ သံဃာတော်များနှင့် မကြုံလျှင် ဘုရားကိုအာရုံပြု၍ သီလခံယူနိုင်ပါသည်။ အဂ်ကမှာ

မိမိဆောက်တည်သော သီလ လုံခြုံဘို့၊ မကျိုးမပေါက် ဘို့သာ လျှင် အရေးကြီး၏။ သီလကို မကျိုးပေါက်အောင် စောင့်ထိန်းခဲ့မည်။

ငါးပါးသီလ စောင့်ထိန်းသူနှင့်မစောင့်ထိန်းသူ

၁။ စောင့်ထိန်းသူ။ ။ပဏာတိပါတာ စောင့်ထိန်းသူ တို့သည် နောင်ဘဝလွန်ဘဝတွင် မျက်စိ၊ နား၊ နှာခေါင်း၊ ခြေ၊ လက် စသောကိုယ်အင်္ဂါမျိုးမချို့ယွင်းပဲ ပြည့်ပြည့်စုံစုံရှိတတ်ကြသည်။ ရုပ်ဆင်းအင်္ဂါလည်း လှပတင့်တယ် ရှုချင်စဘွယ်ရှိ၏။ ခွန်အားဗလနှင့်လည်း ပြည့်စုံသည်။ လျှင်မြန်ဖျတ်လတ်ခြင်းလည်းရှိ၏။ ဘေးရန်နှင့်ကြုံသော်လည်း ထိတ်လန့်ကြောက်ရွံ့ခြင်းမရှိ။ သူတပါး၏ သတ်ဖြတ်ခြင်းကိုလည်း မခံရတတ်၊ အနာရောဂါကင်းရှင်း ကျန်းမာသည်။ အခြွေအရံ ပေါများသည်၊ အသက်ရှည်သည်။

မစောင့်ထိန်းသူ။ ။ပါဏာတိပါတာ သိက္ခာပုဒ်ကို မစောင့်ထိန်းပဲ အသက်သတ်သူသည်၊ နောင်ဘဝလွန်မှာ ဆရာ၊ ယခုဘဝမှာရော မျက်စိ၊ နား၊ နှာခေါင်း၊ ခြေ၊ လက် စသောကိုယ်အင်္ဂါ ချွတ်ယွင်းတတ်သည်။ ရုပ်ဆင်းလည်းကြမ်းတမ်း၏။ ခွန်အားအစွမ်းလည်း နည်းပါး၏။ လျှင်မြန်ဖျပ်လပ်ခြင်းမရှိ တုံ့နှေးသည်။ ဘေးရန်နှင့် ရင်ဆိုင်ရလျှင်လည်းလွန်စွာ ကြောက်တတ်၏။ သူတပါးအသက်ကို သတ်သလို မိမိလည်း အသတ်ခံရတတ်၏။ အနာရောဂါ ထူပြောပါ၏။ အခြွေအရံလည်း ရှားပါး၏။ အသက်ရှည်စွာ မနေရပဲ ငယ်ငယ်ရွယ်ရွယ်နှင့်သေတတ်သည်၊

၂။ စောင့်ထိန်းသူ။ ။အဒိန္နာဒါနာ သိက္ခာပုဒ်ကိုစောင့်ထိန်းသူသည် ပစ္စည်းဥစ္စာ ရတနာရွှေငွေပေါမြားမြောများ၍ ချမ်းသာကြွယ်ဝသည်။ အစားအစာ ဝဝလင်းလင်း စားသောက်ရတတ်သည်။ မိမိတို့အလိုရှိသော အရာဟူသမျှ အလွယ်နှင့် ရတတ်သည်။ မိမိတို့ရှာဖွေရရှိသော ပစ္စည်းဥစ္စာများ မပျက်မစီးဘဲ တည်တန့်နေတတ်သည်။ ရေမီးမင်းခိုးသူစားသော နန်းဘုရားများ ပါးပါးတို့ ဖျက်ဆီးခြင်းဘေးမှ လွတ်ကင်းသည်။

မစောင့်ထိန်းသူ။ ။အဒိန္နာဒါနာ သိက္ခာပုဒ်ကို မစောင့်ထိန်းပဲ ခိုးဝှေ့သူတို့သည် နောင်တမလွန်မှာရော၊ ယခုဘဝမှာရော၊ ပစ္စည်းဥစ္စာချို့တဲ့ မွဲတေသော လူဆင်းရဲလူမဲ့ ဖြစ်လေတတ်သည်။ အစား ရေစားလည်း ငတ်ပြတ်ကတတ်၏။ မိမိမည် လိုရှိသော အရာဟူသမျှကိုလည်း မရတတ်။ ရှာပြန်ရှိရှိသော ဥစ္စာ ပစ္စည်းလည်း ပျက်စီးတတ်၏။ ထိုသူတို့ဥစ္စာ ပစ္စည်း ပျက်ယွင်းတတ်ပုံမှာ ရေဘေးကြောင့် လည်းကောင်း၊ မီးဘေးကြောင့် လည်းကောင်း၊ ခိုးသားဓားပြတို့ လုယူခြင်း လည်းကောင်း၊ မင်းဘေး မင်းဒဏ်သင့်၍ဝင်း၊ မလိုမုန်းထားသူတို့ ဖျက်ဆီး၍သည်းကောင်း၊ ပျက်စီးဆုံးရှုံးကြပုတတ်သည်။

၃။ စောင့်ထိန်းသူ။ ။ကာယသု မိစ္ဆာစာရ သိက္ခာပုဒ်ကို စောင့်ထိန်းသူသည် မုန်းသူဟူ၍မရှိ၊ ရန်သူရှိလျှင်တောင်မှ သူ့အလိုလိုပပျောက်ရ၏။ ထောက်လှမ်းတတ်ကြ၏ပေ မျှားသည်။ ကိုယ်စိတ်နှစ်ဖြာလည်း အမြဲချမ်းသာသည်။ မိန်းမတို့ဘဝ၌လည်း မဖြစ်ကြ။ ယောကျ်ား ပီသသော ယောကျ်ားမြတ်ဘဝရ၏ ကြသည်။ အကယ်မိန်းမဘဝကို ရှိရောက်ရှိသည်တိုင် မိန်းမမြတ်

ဘဝ်ကိုသာရ၏။ မိန်းမရှာ ယောကျ်ားရှာဘဝကိုဘယ်အခါမျှ မရောက်။ မြတ်သော အမျိုးဌ် လည်းဖြစ်၏။ ရှင်ဆင်းအင်္ဂါ လည်း လှပသည်၊ စိုးရိမ်စကြောင့်ကြမ္မမရှိပဲ အေးချမ်း သာယာ စွာ နေရတတ်သည်။ မိမိတို့ချစ်သူနှင့်လည်းအသက် ထက်ဆုံး ပေါင်းပေါ်ရတတ်သည်။

မစောင့်ထိန်းသူ။ ၊ကာမေသု မိစ္ဆာစာရ သိက္ခာပုဒ်ကို မစောင့်ထိန်းပဲ၊ သူတပါးသား၊သမီး၊ သူများ၊ဇနီးမယား၊ သူ များ၊လင်သား စ်သည်တို့ကိုကျူးလွန်သူတို့သည် လူမုန်းများ၏။ စိတ်ချမ်းသာ ကိုယ်ချမ်းသာမှုမရှိ၊ အမြဲဘမ်းပူလောင်သောက ရောက်နေတတ်၏၊ မိန်းမဘာဝတွင်လည်းဖြစ်ရတတ်၏။ မိန်းမ လည်းမဟုတ် ယောကျ်ားလည်းမဟုတ်သော'ပဏ္ဍုတ်' သို့မဟုတ် မိန်းမရှာ ယောကျ်ားရှာ စဒသာ မပီမပြင်သော အဖြစ်မျိုး လည်း ဖြစ်ရသည်။ အမျိုးယုတ်၊ အမျိုးညံ့ တွင်လည်း ဖြစ်ရ သည်။ မျက်စိမျက်နှာမလှဘဲ ရှက်စရာ မသဒ်စရာ ကောင်း လောက် အောင် ရုပ်ဆင်း ပျက် တတ် ၏။ ကိုယ်ကာယ သေးသိမ်တတ်၏။ မိမိချစ်သောသူနှင့်လည်း ကွဲကွာ ကွေကွင်း တတ်၏။

၄။ စောင့်ထိန်းသူ။ ။မုသာဝါဒ သိက္ခာပုဒ်ကို စောင့် ထိန်းသူသည်၊ စကားပီသ၍သွားညီသည်။ ပါးစပ်မှလည်း ပုပ် စော် ညီစော်မနံ။ ကိုယ်အရေအဆင်း ပြည့်ဝ အချိုး ကျ၍ စိုပြေသည် ။မျက်နှာမှာတည်ငြိမ်ကျေနပ်ရ၍သိက္ခာရှိသည်။ နေထိ တကာတိုင်းတွင် သြဇာတိတ္တမရှိသည်။နှုတ်လျှာ ချိုသာသည်။ တည်ကြည် ဖြောင့်မတ်ခြင်း ရှိသည်မို့ လူအများ ယုံကြည်

လေးစားသည်။ အလုပ်များကို ယုံယုံ ကြည်ကြည်နှင့် ဆက်ဆံလုပ်ကိုင် ကြသောကြောင့် ချမ်းသာ ကြွယ်ဝနိုင်သည်။

မစောင့်ထိန်းသူ။ ။မုသာဝါဒသိက္ခာပုဒ်ကို **မစောင့်ထိန်း**ပဲ လိမ်လည် ပြောကြား သူသည် ယခုဘဝမှာရော နောင်တမလွန် ဘဝမှာရော **စ**ကား**လည်း** **မ**ပီ**သ**ား**လည်း** **မ**ညီ၊ **ပ**ါ**း**စပ်**မှ**လည်း ပုပ်**စော**် ညှ**ီ**စော**်**နံ**၏**။ **ကိ**ုယ်**ရေ**ာ**ဆ**င**်**း**လည်း** ခြောက်ခြောက် ကပ်ကပ်ရှိ၏။ မျက်နှာမှာ**လည်း** ဣန္ဒြေ**မ**ရ ပြက်ချော်ချော်နှင့် မြင်သူတကာ ရွံ့စရာ**ဖြ**စ်ရတတ်သည်။ နေထုတကာတိုင်းတွင် သြဇာ အာဏာ**မ**ရှိ**ရုံ**မဟုတ်ဘ**ီ**မိ**မ**ိသား သ**မ**ီ**း** **မ**ျား**ပ**င် မိ**မ**ိသြဇာကို **မ**နှာခံ**ဖြ**စ်ရတတ်သည်။ နှုတ်လျှာ**လည်း** **ကြ**မ်**း**တမ်**း**၏**။** **အ**လုပ်ကိစ္စ **အ**ဝဝ**တ**ွင် **မ**တည် **မ**ကြည်**စ**ိတ်**မ**ချ**ရ**သော**ကြ**ောင့် **လ**ူ**အ**ယုံ **အ**ကြည်**မ**ရှိ၊ **လ**ူ**အ**ယုံ **အ**ကြည် **မ**ရှိ**သ**ော**ကြ**ောင့် **အ**လုပ်**မ**ဖြစ်သ**ဖ**ြင့် ဆင်**း**ရဲ**တ**တ်သည်။

၅။ **စောင့်ထိမ်**းသူ။ ။သုရာ**မ**ေ**ရ**ယ သိက္ခာပုဒ်ကို **စော**င့်ထိန်းသူသည်၊ **မ**ိ**မ**ိ **အ**ခွင့် **အ**ရေ**း**ကို **နှ**ား**လ**ည်**ရ**ယူ**တ**တ်**၏**။ **အ**လုပ်ကိစ္စ**ဌ**ေ**မ**ျှ**ခ**ြင်**း**၊ **ပ**ျင်**း**ရ**ခ**ြင်**း** **မ**ရှိ**သ**ော**ကြ**ောင့် **ကြ**ီ**း**ပွား ချမ်**း**သာ**နိ**ုင်သည်။ **အ**ရှ**း** **အ**နှ**မ်း** **ဘ**ဝ**ကို**လည်**း** **ဘ**ယ်**အ**ခါ**မ**ှ **မ**ရောက်၊ **သ**ူ**တ**ထူ**း**ကျေ**း**ဇူ**း**ကို သိ**တ**တ် **ဆ**ပ်**တ**တ်**သ**ော **ကြ**ောင့် **အ**ဆွေ**ခ**င်ပွန်**း**ကော**မ**ား**ကို**လည်**း** **ရ**သည်။ **မ**ခ**ကော**င်**း**မှ **ဒ**ုစ**ရ**ိုက်**မ**ျား**ကို** **ရ**ှောင်**ရ**ား**တ**ာ ကုသိုလ်**တ**ရား**ကို** **မ**မေ့**မ**လျှ**သ**ော**ကြ**ောင့် **မ**င်**း**ပြစ် **မ**ှင်**း**ဒဏ်**မ**ှ **လ**ွတ်**က**င်**း**တာ **စ**ိတ် **နှ**လုံ**း** **ချ**မ်**း**သာ**သ**ည်။

မစောင့်ထိန်းသူ။ ။သူထုမေရယ သိက္ခာပုဒ်ကို မစောင့်ထိန်းပဲ အရက်သေစာနှင့် မူးယစ်ဆေးဝါး မှီဝဲသူများသည် လူ့လောကၦ ရသင့် ရထိုက်သော အခွင့် အရေးများ ဆုံးရှုံးတတ်၏။အလုပ်ကိုလည်း မေ့လျော့ကာ ပေါ့ပေါ့ ဆဆ နေတတ်သည်။သို့ကြောင့် လုပ်ငန်းပျက်၏။ရှေးဘဝက မူးယစ်ဆေးဝါး မှီဝဲခဲ့၍ လည်းကောင်း၊ ယခုဘဝမှီဝဲသောကြောင့် လည်းကောင်း ရှိ သုပ်ဘတ်၏။ သူတပါး၏ ကျေးဇူးကိုလည်း မသိတတ်၊သိသော်လည်း မဆပ်သောကြောင့် အပေါင်း အသင်းပျက်၏။အရက် အကြောက်ကင်းၗ ခိုးမှု၊ လုမှု သတ်မှုတို့ကို မရှောင်ပဲ ပြုလုပ်သဖြင့် မင်းပြစ် မင်းဒဏ်ခံရတတ်၏။

ဂရုခမ္မသီလ၊သို့မဟုတ် ပဉ္စသီလ ကို ဆိုခဲ့သောင့်ပါး သီလနှင့် စပ်လျဉ်းၗ ဝံယူပုံ ခံယူနည်း၊ ဓမ္မာကာဘည်ပုံ ဆောက်တည်နည်း အနက် အဓိပ္ပါယ်တို့နှင့် တကွ အကျိုး အပြစ်တို့ကို အခေသ အချာ အသေးစိတ်ၗ တင်ပြခဲ့ပါပြီ။ယခုတဖန် သီလစောင့်ထိန်းခြင်း အကျိုးနှင့် ပတ်သက်ၗ ငါးရှင့်ငါးဆယ် နိပါတ်တော်မှ' 'သီလဝိမံသန' ဇာတ်ကို သာဓက အဖြစ်တင်ပြပါဦးပည်။

သာဓက

ဗာရဏသီပြည်တွင် ဗြဟ္မဒတ်မင်းကြီးသည်မင်းပြု၏။ ထိုပြည်တွင် ဒိုဿာပါမောက္ခ ဆရာကြီးသည် တပည့် ငါးရာတို့အား တတ်အပ်သောအတတ်ပညာများကို သင်ကြားပေးနေသည်။

ဆရာကြီးတွင် အလုန်လုပသိမ်မွေ့၍ မိန်းမတို့ ကွန်ရှေကျက် သရေမင်းသားနှင့် ပြည့်စုံသော သမီးပျိုကလေး ရှိလေသည်၊ ဘုရားအလောင်း ပုဏ္ဏားလုလင်သည် ဒီသာပါမောက္ခဆရာကြီး၏ တပည့်တဦးဖြစ်လေသည်။

တပည့်ငါးရာတို့သည် ဆရာကြီး၏ သမီးချော အလှမယ်ကလေးအား နှစ်သက်မြတ်နိုးကြ၏။ ဆရာကြီးသည် အရွယ်ရောက်နေပြီဖြစ်သော သမီးချောကလေးအား 'သီလ' ရှိသူနှင့်သာ ထိမ်းမြားလက်ထပ်ပေးရန် ရည်ရွယ်ထားသည်။

ဘုရားအလောင်း လုလင်နှင့် ဆရာကြီးသမီးချောသည် တဦးကိုတဦး ချစ်မြတ်နိုးလျက်ရှိ၏။ တနေ့တွင် ဆရာကြီးသည် တပည့်များကို ခေါ်ယူကာ—

"တပည့်တို့ ငါ့သမီးဟာ အရွယ်ရောက်ပြီ၊ ထိမ်းမြားလက်ထပ်ပေးဘို့လဲ အချိန်တန်ပြီ၊ ငါ့အနေနဲ့ တပည့်များထဲကလဲပြီး အခြားသူနဲ့ ထိမ်းမြန်းဘို့ စိတ်ကူးမထားဘူး။ ဒါကြောင့် သင်တို့အနေနဲ့ မိဘဆွေမျိုးတွေဆီက ခိုးချစ်ခြစ်စေ၊ လုချစ်ခြစ်စေ၊ လိမ်လည်ချစ်ခြစ်စေ၊ မကောင်းမှုတစုံတခုခုကို ကျူးလွန်ပြီး အဝတ်အထည် ဥစ္စာရဘဏ္ဍာတို့ကိုယူခဲ့ကြ။ အမျှားဆုံးရအောင် ယူလာနိုင်သူကို ငါ့သမီးနှင့် ထိမ်းမြားလက်ထပ်ပေးမယ်" ဟုဆို၏။

ထိုအခါ လုလင်တို့သည် မိဘဆွေမျိုးထံမှ ခိုးဝှက်ချစ်ခြင်း၊ လုယက်ချစ်ခြင်း၊ လိမ်လည်လှည့်ဖြားချစ်ခြင်း အဝတ်အထည်နှင့် ဥစ္စာရတနာတို့ကို သယ်ယူခဲ့ကြလေသည်။

ဘုရားအလောင်း လုလင်သည် အခြားလုလင်များကဲ့သို့ ခိုးဝှက်လုယက်လိမ်လည်ရမည်ကို မပြုလို၊ ချစ်သူအား ဆုံးရှုံးရခြင်းထက် သူ့သိလပျက်ရမည်ကို ဝိုးကြောက်သဖြင့် ဘာဘခုမျှ ယူမလာပဲ လက်ချည်သာ ပြန်လာ၏။ ဆရာကြီးသမီးမှာ မိမိချစ်သူ၏လက်တွင် ဘာတခုမျှ ပါမလာသည်ကို မြင်ရသောအခါ ရင်မှာပူလောင်သည်။

'ချစ်သူနှင့် ကွေ့ကွင်းရတော့မှာပါကလား' ဟုတွေးပြီးဝိုးရိမ်ပူဆွေးသည်။ များစွာခိုးယူလုယက်လိမ်လည်အာရယူလာကြသော လုလင်များ ရှင်ပြုံးနေကြသည်။ ဘုရားအလောင်း လုလင်သည် တော်ထုချောင်တွင် ကုတ်ချိုင်နေ၏။

ဒီသားပါမောက္ခ ဆရာကြီးသည် မှိုင်တွေချနေသော ဘုရားအလောင်းလုလင်အား၊ ခေါ်၍-

"သင်ဘာကြောင့် ပစ္စည်းတစုံတရာ ယူမလာသလဲ" ဟုမေး၏။

"ခိုးဝှက်လုယက်လိမ်လည်ယူခဲမှုကို မပြုလိုလို့ဖြစ်ပါတယ်"

ဘုရားအလောင်း ပြောတော့ ဆရာကြီး ပြုံး၍ ခေါင်းညိတ်သည်။

"ငါ့ဘဝည်းတော်ပါပေတယ်၊သိလရှိပါပေတယ်၊ လူကောင်းသူကောင်းဆိုတာဟာ သိလကို မိမိအသက်တမျှ စောင့်ထိန်းအပ်တယ်။ ဒါကြောင့် ငါ့သမီးကို သိလရှိတဲ့ သင်နဲ့သာ ထိုက်တန်တဲ့အတွက် သင်နဲ့သာထိမ်းမြားလက်ထပ်ပေးရမယ်"

ဆရာကြီးသည် ဤသို့ပြောပြီးလျှင် ဘုရားအလောင်းလုလင်နှင့် သူ့သမီးချောကို ထိမ်းမြားလက်ထပ်ပေးသည် တပည့်မိုက်

သို့ယူဆောင်လာသော အထည်အဝတ်နှင့် ရှေ့ရှုရတနာတို့ကို မိဘဆွေမျိုးများအား ပြန်ပေးစေသည်။

ယခုမှပင် ချစ်သူငယ်ကြီးတို့မှာ ရယ်ကာပြုံးကာနှင့် ပျော်ရွှင်ကြည်နူးနိုင်ကြလေသတည်း။

× + ×

လူတို့ ကျင့်ကြံဆောက်တည်ရသော သီလတွင် ပဉ္စ သီလ ဆယ်ပါးပါးသီလအပြင် 'ဥပုသ်သီလ' ဟုခေါ်သော ရှစ်ပါး သီလကိုလည်း ကျင့်ကြံဆောက်တည်ကြရသည်။

ရှစ်ပါးသီလပါဠိ။

၁။ ပါဏာတိပါတာဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၃။ အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ
၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၆။ ဝိကာလဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၇။ နစ္စ ဂိဟ ဝါဒိတ ဝိသုက ဒဿန မာလာဂန္ဓ ဝိလေ
ပန ဓာရဏာ မဏ္ဍန ဝိဘူသနट္ဌာနာ ဝေယာမဏိ
သိက္ခာပဒံ သမာဒိယာမိ။

၈။ ဥစ္စာသယန မဟာသယနာ ဝေရမဏိ သိက္ခာပဒံ
သမာဒိယာမိ။

ဤအခန်းတွင် ငါးပါးသီလ၌ မပါဝင်သော သိက္ခာပုဒ်တို့၏ အနက်အဓိပ္ပါယ်ကိုသာ တင်ပြပါမည်။

၃။ အပြာဟာစရိယာ၊ မမြတ်သောမေထုန်အမှုကို ပြုကျင့်ခြင်းမှ။ ဝေရမဏိ သိက္ခာပဒ၊ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ဆောက်တည်ပါ၏။

၄။ ဥစ္စာသယန မဟာသယနာ ဝေရမဏိ သိက္ခာပဒံ
သမာဒိယာမိ။

ဤအခန်းတွင် ငါးပါးသီလ၌ မပါဝင်သော သိက္ခာပုဒ်တို့၏ အနက်အဓိပ္ပါယ်ကိုသာ တင်ပြပါမည်။

၅။ အပြာဟာစရိယာ၊ မမြတ်သောမေထုန်အမှုကို ပြုကျင့်ခြင်းမှ။ ဝေရမဏိ သိက္ခာပဒ၊ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ဆောက်တည်ပါ၏။

၆။ ဝိကာလဘောဇနာ၊ နေလွဲညစာစားခြင်းကိုလည်း။ ဝေရမဏိ သိက္ခာပဒ၊ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ဆောက်တည်ပါ၏။

၇။ နစ္စ၊ ဂိတ၊ ဝါဒိတ၊ ဝိသုက၊ ဒဿန၊ မာလာဂန္ဓ၊ ဝိလေပန၊ ဓာရဏာ၊ မဏ္ဍန၊ ဝိဘူသနट္ဌာနာ၊ ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်း၊ ကြည့်ရှုနားဆောင်ခြင်း၊ နံ့သာအမွှေး အထုံတို့နှင့် အတင့်အတယ်ပြုခြင်း၊ နံ့သာလိမ်းကျံခြင်းတို့ကို။ ဝေရမဏိ သိက္ခာပဒ၊ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ဆောက်တည်ပါ၏။

ဂ။ ဥစ္စာသယနှ မဟာသယနာ၊ မြင့်သော မြတ်သော နေရာတို့တွင် နေထိုင်လျှောင်းစက်ခြင်းမှ။ ဝေဒရမဏီ သိက္ခာပဒ်၊ ရှောင်ကြဉ်းကြောင်းပြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာဆောက်တည်ပါ၏။

ကာမေသုမိစ္ဆာစာရနှင့်အပြဟ္မစရိယာ

စောင့်ရှောက်ခဲသောမိဘမောင်ဘွားလင်ယောကျ်ားစသည်တို့ ရှိသူကို မေထုန်မှုကျူးလွန် မိလျှင် 'ကာမေသုမိစ္ဆာစာရ' ဖြစ်၍ စောင့်ရှောက်သူမရှိသူကိုဖြစ်စေ၊ မိမိ၏ ဇနီးကိုဖြစ်စေ မေထုန်မှုပြုလျှင် 'ကာမေသုမိစ္ဆာစာရ' မဖြစ်ချေ။ စောင့်ရှောက်ခြင်း ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ တစုံတယောက်သော သူ၏ မုခမဂ်၊ မဿာဝမဂ်၊ ဝစ္စမဂ်ဟု ဆိုအပ်သော မဂ် သုံးပါးတွင် တပါးပါးကို သွပ်သွင်းရှိ သာယာမှုပြုသည်ရှိသော် သို့မဟုတ် မိမိဇနီးဆိုပင် မေထုန်မှုပြုသော်၊ 'အပြဟ္မစရိယာ' သိက္ခာပုဒ်ပျက်၏၊ သို့ကြောင့် အပြဟ္မာစရိယာ ပျက်လျှင် ကာမေသုပါ အကျုံးဝင်၏။

ဒုစရိုက် (၁၀) ပါး

၁။ ပါဏာတိပါတာ = သူတပါးအသက်သတ်ခြင်း။
၂။ အဒိန္နာဒါနာ = သူတပါးပစ္စည်းခိုးယူခြင်း။

၃။ ထာဝေသုမိစ္ဆာစာရ = သူ့သား အိမ်ယာ ကျူးလွန်ခြင်း။ ထိုသုံးပါးကို ကာယဒုစရိုက် သုံးပါးဟု ခေါ်လေသည်။

၄။ မုသာဝါဒါ = မဟုတ်မမှန်သောစကားကို ပြောဆိုခြင်း၊

၅။ ပိသုဏဝါစာ = ခင်သူ အချင်းချင်းအချစ်ပျက်အောင် ဂုန်းတိုက်ခြင်း။

၆။ ဖရုသဝါစာ = ကြမ်းတမ်း ရုန်ရင်းသော စကားကို ပြောဆိုခြင်း။

၇။ သမ္ဖပ္ပလာပဝါစာ = အကျိုးမရှိ သိမ်ဖျင်းသော စကားကို ပြောဆိုခြင်း။ ယင်း လေးပါးကို ဝစီဒုဒုစရိုက်လေးပါးဟု ခေါ်လေသည်။

၈။ အဘိဇ္ဈာ = သူတပါးပစ္စည်းကို လိုချင်တပ်မှက်ခြင်း၊ သူဘပါးကြီးပွားသည်ကို မနာလိုခြင်း။

၉။ ဗျာပါဒ = သူဘပါးပျက်စီးမှုကို ကြံစည်ခြင်း။

၁၀။ မိစ္ဆာဒိဋ္ဌိ = မှားသော အယူကိုယူခြင်း။ ဤသုံးပါးကိုမနောသုစရိုက် သုံးပါးဟုခေါ်သည်။

သုစရိုက်ဆယ်ပါး

၁။ သူတပါးအသက်ကို မသတ်ပဲ ရှောင်ကြဉ်ခြင်း။

၂။ အရှင်မပေးသော ဥစ္စာကို မခိုးယူခြင်း။

၃။ သူ့သားအိမ်ယာကို မကျူးလွန်ခြင်း။

ထိုသုံးပါးကို ကာယသုစရိုက်ဟုခေါ်လေသည်။

၄။ မဟုတ်မှန်သောစကားကို မပြောဆိုခြင်း။
၅။ ချစ်သူအချင်းချင်း အချစ်ပျက်အောင် ဂုန်းမတိုက်ဘဲ ရှောင်ကြဉ်ခြင်း။
၆။ ကြမ်းတမ်းရုန့်ရင်းသောစကားကို မပြောဆိုခြင်း။
၇။ အကျိုးမရှိသိမ်ဖျင်းခဲသောစကားကို မပြောဆိုခြင်း။ ယင်းလေးပါးကို ဝစီသုစရိုက်ဟုခေါ်သည်။
၈။ သူတပါးဘဏ္ဍာစိမ်ကို လိုချင်တပ်မက်မှု မရှိခြင်း၊ မနာလိုမရှိခြင်း။
၉။ သူတပါးပျက်စီးမှုကို မကြံခြင်း။
၁၀။ သမာဒိဋ္ဌိဖြောင့်မှန်သော အယူကို ယူခြင်း။ ဤ သုံးပါးကို မနောသုစရိုက် သုံးပါး ဟုခေါ်လေသည်။

ပုညကြိယာ(၁၀) ပါး

၁။ ဒါန = အဲလှူပေးခြင်း။
၂။ သီလ = ဆောက်တည်ခြင်း။
၃။ ဘာဝနာ = ကမ္မဋ္ဌာန်းစီးပြန်းခြင်း။
၄။ အပစာယန = ရတနာသုံးပါး မိဘ ဆရာသမား အား ရိုသေလေးမြတ်ခြင်း။
၅။ ဝေယျာဝစ္စ = ရတနာသုံးပါး၊ မိဘဆရာသမားတို့ အား ပြုစုစောင့်ရှောက်ခြင်း။

၆။ ပတ္တိဒါန ။ မိမိပြုသော ကုသိုလ်အဘို့ကို သူဘပါး အား အမျှပေးဝေခြင်း။

၇။ ပတ္တာနုမောဒနာ = သူတပါး တို့ပြုသော ကုသိုလ် အဘို့ကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ခြင်း။

၈။ ဓမ္မသဝန=တရားတော်ကို ကောင်းစွာနာယူခြင်း။

၉။ ဓမ္မဒေသနာ=သူတပါးတို့အား မိမိ သိတတ်သမျှ တရားဟောပြောခြင်း။

၁၀။ ဒိဋ္ဌုကမ္မ - ဖြောင့်မတ်သော အယူကိုယူခြင်း။

ဒုစရိုက် (၁၀)ပါး သုစရိုက်(၁၀)ပါး၊ ပုညကြိယာ ဝတ္ထု (၁၀)ပါး စသည်တို့ကိုမှာ လူတို့ သိအပ်၊ ရှောင်အပ်၊ ကျင့်ကြံ လိုက်နာအပ်သော ကျင့်ဝတ်များ ဖြစ်ပါသည်။

သူတို့သည် ၅-ပါးသီလ၊ရှစ်ပါးသီလ အပြင်(၁၀)ပါးသီလ ကိုလည်း ဆောက်တည်နိုင်ကြသည်။ အထူးသဖြင့် (၁၀) ပါး သီလသည် ရှင်သာမဏေများ ဆောက်တည်ရသော သီလဖြစ်၏၊

ဆယ်ပါးသီလပါဠိ

၁။ ပါဏာတိပါတာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏိ သိက္ခာပဒံ သမာဒိ ယာမိ။

၃။ အဗြဟ္မစရိယာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

၆။ ဝိကာလဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယामိ၊

၇။ နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဝိသုက၊ ဒဿနဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၈။ မာလာဂန္ဓ၊ ဝိလေပန၊ ဓာရဏ၊ မဏ္ဍန၊ ဝိဘူသနဋ္ဌာနာ ဝေယာမဏိသိက္ခာပဒံ သမာဒိယာမိ။

၉။ ဥစ္စာသယန မဟာသယနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊

၁၀။ ဇာတရူပ ရဇတ ပဋိဂ္ဂဟာဏာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

ဤအခန်းတွင် ရှစ်ပါးသီလတွင် မပါသော သိက္ခာပုဒ်များ၏ အနက် အဓိပ္ပါယ်ကိုသာ ဖော်ပြပါမည်။

၇။ နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဝိသုက၊ ဒဿနာ - ကခြင်း၊သီချင်း၊ တီးမှုတ်ခြင်း၊ကြည့်ရှုနားထောင်ခြင်းတို့ကို၊ ဝေရမဏီ သိက္ခာပဒံ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ = ကောင်းစွာဆောက်တည်ပါ၏။

၈။ မာလာ ဂန္ဓ၊ ဝိလေပန၊ ဓာရဏ၊ မဏ္ဍန၊ ဝိဘူသနဋ္ဌာနာ = ပန်းပန်ခြင်း၊ နံ့သာ အမွှေးအထုံ တို့နှင့် အတင့်အတယ် တန်းဆာ ဆင်ခြင်း၊ နံ့သာ လိမ်းကျံ ခြင်းတို့မှ။ ဝေရမဏီ သိက္ခာပဒံ = ရှောင်ကြဉ် ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ = ကောင်းစွာ ဆောက်တည်ပါ၏။

၁၀။ ဇာတရူပ ရဇတ ပဋိဂ္ဂဟာဏာ - ရွှေ ငွေ အသပြာ ပိုက်ဆံတို့ကို ကိုင်ခြင်းမှ။ ဝေရမဏီ သိက္ခာပဒံ = ရှောင်ကြဉ်

ကြောင်းဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ = ကောင်းစွာ ဆောက်တည်ပါ၏။

မှတ်ချက်။ ။ရှစ်ပါး သီလဘုံ နှစ်၊ ဂိုဏန့် မာလာဂန္ဓ ပုဒ်ထို့ကို တပုဒ်ဘည်း ပြု၍ ခံယူ ဆောက်ဘည် ရခြင်းသည်၊ ကာမဂုဏ် အထူ၌ လျှပ်ပေါ် လေလိမ္မခြင်း တူသောကြောင့် ဖြစ်၏။ ဆယ်ပါးသီလတွင် နှစ်၊ ဂိုဘတ်စသည် ကာယ ဒုစရိုတို့နှင့် ဆက်ဆံ၍ ကာယကံ ဝစီကံမှ ဖြစ်သည်။

မာလာဂန္ဓ စသည်တို့မှာ ကာယ ဒုစရိုနှင့်သာ ဆက်ဆံရသည်ဖြစ်၍ ကာယကံဘမျိုးသာ ဖြစ်သည်။ ဤသို့ ကံဒုစရိုခြင်းမတူသောကြောင့် သီးခြား၍ ဟပုဒ်စီ ခံ၍ ခံယူဆောက်တည်ရခြင်း ဖြစ်လေသည်။

လူတို့ ကျင့်အပ်သော ၅-ပါးသီလ၊ ၈-ပါးသီလ၊ ၁၀-ပါး သီလတို့ကို အလွယ်ဆုံး အရှင်းဆုံး အနက်အဓိပ္ပါယ်၊ သာဓကတို့နှင့် တင်ပြခဲ့ပါပြီ။ ယခုဘဖန် သီလကို မကျိုးမပေါက်ရ အောင် စောင့်ရှောက် ဆောက်တည်ခြင်း အကျိုးနှင့် ပတ်သက်၍ သာဓက တခုကို တင်ပြပါဦးမည်။

သာဓက

ကုရုတိုင်း ဣန္ဒပတ္တမြို့ဘော်၌ အနဉ္ဇယဂဏရဗျ သည် မင်းပြု၏။ ၎င်းမိဖုရား ခေါင်ကြီးမှ ဘုရားအလောင်းဘော်ကို ဖွားမြင်လေသည်။ မင်းသား အရွယ် ရောက်သောအခါ တက္ကသိုလ်ပြည်သို့ သွား၍ မင်းသားတို့ဘတ်အပ်သော အဌာရသဘာဆယ် ရှစ်ချပ်သောအတတ်တို့ကိုသင်ယူ၏။

ပညာ တတ်မြောက်ပြီး၍ တိုင်းပြည်သို့ ပြန်ရောက်သော အခါ ဖခင်ဘုရင်ကြီးက မင်းသားအား အိမ်ရှေ့စံအဖြစ်နှင့် သပ်ချီးမြှောက်လေသည်။ မင်းသား အိမ်ရှေ့စံအဖြစ်နှင့် တိုင်းပြည် တာဝန် ထမ်းဆောင်နေစဉ် ဖခင် ဘုရင်ကြီး နတ်ရွာစံသည်။

ဘုရား အလောင်းသည် ဖခင်၏ ဘွဲ့မည်သော 'ကောရဗျ' သွေးမည်ကို ခံယူကာ တိုင်းပြည်အုပ်ချုပ် မင်းလုပ်၏။ ထိုကောရဗျ မင်းသည် ငါးပါး သီလကို ရိုသေ လေးစားစွာ ထိမ်းသိမ်း ဆောက်တည်၏။ ထိုအကြောင်းကို ပြည်သူ ပြည်သားများ သိလျှင် ကောရဗျ ဘုရင်အား ပြည်သူတို့ အလွန် ကြည်ညို လေးစားကြလေသည်။

ဘုရင်ကိုယ်တိုင်က ငါးပါး သီလကို လေးစားမြတ်နိုးစွာ ဆောက်တည် သောကြောင့် တိုင်းသူ ပြည်သား များလည်း ဘုရင်၏ အတုကိုယူကာ ငါးပါးသီလ စောင့်ထိန်းဆောက်တည် ကြ၏။ ယင်းသို့ ဆောက်တည်ရာတွင် အထူး ထင်ရှားသော ပုဂ္ဂိုလ်၁၁-ယောက်-ရှိ၏။

ယင်းတို့မှာ— (၁) ကောရဗျဘုရင် (၂) ဘုရင့် မယ်တော် (၃)မိဖုရား ခေါင်ကြီး (၄) အိမ်ရှေ့မင်း (၅)ဘုရင့်ပရောဟိတ် (၆)မြေတိုင်းအမတ် (၇)ရထားမှူး (၈)သူဌေးကြီး (၉)တင်းခြင်အမတ် (၁၀)တံခါးမှူး။ (၁၁)ပြည်တန်ဆာမ စသည်တို့ ဖြစ်ကြ၏။

ကောရဗျဘုရင်သည် မြို့တော် တံခါးလေးရပ်၌ လည်းကောင်း၊ မြို့လည်၌လည်းကောင်း၊ နန်းတော်တံခါး၌ လည်းကောင်း အလှူမဏ္ဍပ်များကို ဆောက်လုပ်ကာ ခြောက်သိန်း

သောင့်တို့ကို ဘဏ္ဍာတော်တိုက်မှ နေ့စဉ်ထုတ်ယူ၍ သူဆင်းရဲများ၊ ခရီးသွားများနှင့် သူတောင်းစား စဏ္ဍာဆ စသူတို့ပါမကျန် ၉ယုတ်၊ အလတ်၊ အမြတ်မရွေး စားသောက်ဖွယ်တို့ကို လျှုဒါန်းပေးကမ်း စွန့်ကြဲလေသည်။

ယင်းခြောင့် ကောရဗျ ဘုရင်သည် အကျင့် သီလနှင့် ပြည့်စုံ၏။ ရက်ခရာဇာ အလျှုကြီးပေ၏ ဆိုခဲသော သတင်းမှာ နိုင်ငံအတွင်းခ္ဍသားမက ဇမ္ဗူဒီပ်တကျွန်းလုံး ပြန့်နှံ့ကျော်ကြားနေလေတော့သည်။

ထိုအချိန်တွင်ကလိင်္ဂတိုင်း ဗန္ဓပုရမြို့တော်၌ ကလိင်္ဂမင်းသည် ကုရုတိုင်းမှ ကောရဗျဘုရင်နှင့် ထီးပြိုင်နန်းပြိုင် မင်းပြုလျက်ရှိလေသည်။

ကလိင်္ဂမင်းနှင့်တကွ မှူးမတ်တို့သည် ကျင့်ဝတ်သီလမရှိကြ၊ ဒါနပြုမှုလည်းမရှိကြသောကြောင့် တိုင်းသူပြည်သားများလည်း မင်းမှူးမတ်တို့၏ ဥတုကိုယူကာ ကုသိုလ်ကောင်းမှုဘက် အာရုံမစိုက်ကြပဲ မကောင်းမှု ဒုစရိုက်များကိုသာ ကျင့်ကြံ အားထုတ်နေကြလေ၏။

တိုင်းပြည်အုပ်ချုပ်သော မင်းမှူးမတ်များ၊ တိုင်းသူပြည်သားများတွင် သီလမရှိသောကြောင့် လည်းကောင်း၊ အကျင့်စရိုက်များ ပျက်ယွင်းကြသောကြောင့်လည်းကောင်း ထိုကလိင်္ဂတိုင်းတွင် မိုးခေါင်ကာ ကောက်ပဲ သီးနှံများ မဖြစ်ထွန်းဘဲရှိလေသည်။ ကောက်ပဲသီးနှံ မဖြစ်ထွန်းသောကြောင့် အစားအစာမလုံမလောက်ပဲ တော်မွတ်ခေါင်းပါးသော ဘေးကြီးဆိုက်ရောက်လေတော့သည်။ တော်မွတ်သဖြင့် အချင်းချင်း လုယက်

သတ်ဖြတ်ကြသည်။ အဟာရချို့တဲ့သောကြောင့် အနာရောဂါ ထူပြောပြီး သေကြပျက်စီးကြသည်။

ဤသို့ဖြင့် အင်္ဂလိပ်တိုင်းထွင် ကပ်ကြီးသုံးပါး ဆိုက်ရောက်လေရာ ရက်ရှည်လများ ကြာသောအခါ တိုင်းသူပြည်သားတို့ စုဝေးလျက် နန်းတော်တံခါးအနီးမှနေပြီး၊ ဘုရင်အား 'မိုးရွာအောင် လုပ်ပေးပါ'ဟု ဟစ်အော်တောင်းဆိုကြ လေသည်။ ထိုတောင်းဆိုသံတွေကြားရ၍ ဘုရင်ကမေးသောအခါ အမတ်တို့က ဘိုင်းပြည်အတွင်း၌ ဖြစ်ပျက် နေသည်များကို တင်လျှောက်၍ တဆက်တည်းမှာပင် တိုင်းသူပြည်သားများ မခံမရပ်နိုင်တော့သဖြင့်ဘုရင်အား မိုးမခေါင်အောက် မိုးရွာအောင်လုပ်ပေးပါရန် တောင်းဆိုနေကြကြောင်း လျှောက်တင်ကြ လေသည်။

ထိုအခါ ကလိင်္ဂမင်းသည် မှူးမတ်တို့အား ရှေးမင်းများသည် သခုလို မိုးခေါင်သောအခါ မည်သို့ပြုကျင့်ပါသနည်းဟု မေးမြန်း၏။ မှူးမတ်တို့က ယခုလိုမိုးခေါင်သောအခါ ရှေးမင်းများသည် အလျှုဒါနပြု၍ ငါးပါးသီလစောင့်ထိန်း ဆောက်တည်ပါသည်ဟု လျှောက်တင်ကြ၏။ ပြီးလျှင်မင်းကြီးအားရှေးမင်းများ ပြုကျင့်သည့်အတိုင်း ပြုကျင့်ကြရန် အကြံပေးတိုက်တွန်းကြသည်။

ကလိင်္ဂမင်းသည် အလျှုဒါနပြု၏။ သို့သော်လည်း မိုးမရွာခေါင်မြဲသာခေါင်နေသည်။ မိုးမရွာသောအခါ မင်းကြီးသည် အမတ်တို့ကိုခေါ်၍ အလျှုဒါန ပြုပါလျက် ဘာယုတ်ကြောင့် မိုးမရွာသနည်းဟုမေး၏။

အမတ်တို့က ကုရုတိုင်း ဂန္ဓပတ္တမြို့ဘော်မှ ဘုရင်ကောရဗျတွင် မျက်စဉ်းထောင်အဆင်းရှိသော 'အဠုန်ဝဏ္ဏ' အမည်ရှိသော ဆင်ဖြူတော်သည်ရှိ၏။ ထိုဆင်ဖြူတော်ကိုရလျှင် ပိုးရွှေပါလိမ့်မည်ဟု လျှောက်တင်ကြလေသည်။

ကလိင်ဘုရင်က ကောရဗျတွင် မိမိထက်မျှားစွာသော စစ်သည်အင်အားမှိုသည်ပြစ်၍ ဆင်ဖြူတော်ကို မိမိဘို့အနေနှင့်ရယူနိုင်မည် မဟုတ်ဟုဆို၏။

ထိုအခါ အမတ်တို့က ကောရဗျ ဘုရင်သည် အသွေး၊ အသား၊ အသဲ၊ မျက်လုံးစသို့ အလှူခံပုဂ္ဂိုလ် တောင်းထိုထုကို လှူရသောသတ္တိရှိသည့် ပုဂ္ဂိုလ်ဖြစ်၍ စစ်ခင်းတိုက်ခိုက်၍ မယှဉ်ပဲ ဆင်ကော်ကိုအလှူခံလျှင် ရနိုင်သည်ဟု လျှောက်တင်ကြ၏။ အမတ်တို့လျှောက်တင်သည်ကို ဘုရင်သဘောကျသဖြင့် အဟောဏောင်းအပြောကောင်း ဥပတိရပ် ကောင်းသော ပုဏ္ဏားရှစ်ယောက်တို့ကို ရွေးချယ်၊ ကုရုပြည်ရှင် ဘုရင်ကောရဗျထံသို့ ဆင်ဖြူတော်အလှူခံရန် စေလွှတ်လိုက်လေ၏။

\+ \+ \+

ပုဏ္ဏားရှစ်ယောက်တို့သည် ကုရုတိုင်းပြည်သို့ ရောက်သော အခါ အလှူပေးထုမြို့တော်တံခါးဦး နှစ်ရက်သုံးရက်မျှ စောင့်၍ အလှူခံစားသောက်နေကြရင်း၊ ဘုရင်မင်းမြတ်နှင့် တိုက်ရိုက်တွေ့နိုင်ရန် စုံစမ်းကြလေသည်။

လပြည့်နေ့တွင် ကောရဗျာဘုရင်သည် မျှားစ့ဉာသောအခြေ အရံပရိသတ်နှင့်အတူ အဋ္ဌနဝဏ္ဏဆင်တော်ကိုစီးရှိအရှေ့တံခါးရှိ အလှူမဏ္ဍာပ်သို့ကြွချီကာ ဆင်ပေါ်မှ ဆင်းသက်ပြီး လှူဒါန်း စွန့်ကြဲခြင်းပြု၏။ ပြီးမှတဖန် ဆင်တော်ပေါ်သို့ ပြန်တက်ကာ တောင်တံခါးရှိ အလှူမဏ္ဍာပ်သို့ကြွချီပြန်သည်။

ပုဏ္ဏားရှစ်ယောက်တို့သည် အရှေ့တံခါး မဏ္ဍပ်တွင် ဘုရင်အား မြင်တွေ့ရသော်လည်း အစောင့်အရှောက် ထူထပ်ခြင်း၊ အလှူခံမျှားတိုးမရအောင် စည်းရုံးခြင်းတို့ကြောင့် ဆင်တော် အလှူခံရန် ဘုရင့်အပါးသို့မကပ်နိုင်ပဲ ရှိနေရသည်။ ထို့ကြောင့် ဘုရင်းမင်းမြတ် ကြွချီတော်မူရာ တောင်တံခါး သို့အပြေးအလွှား လိုက်သွားကြပြန်၏။

တောင်တံခါးသို့ ရောက်လေလျှင်ပုဏ္ဏားရှစ်ယောက်တို့သည် တံခါးနှင့် မနီးမဝေးရှိ မြင့်သောနေရာ၌ ရပ်လျက် လက်နှစ်ဖက်ကိုမြှောက်ကြပြီးလျှင်-

'အရှင်မင်းမြတ် အောင်မြင်ပါစေသတည်း'ဟု သံပြိုင်ကြွေးကြော်ဆုတောင်းကြလေသည်။

ကောရဗျ ဘုရင်သည် ဆင်တော်ကိုစီးလျက်နှင့်ပင် ပုဏ္ဏားတို့အပါးသို့ ချဉ်းကပ်ပြီး-

"သင်ပုဏ္ဏားတို့ ဘယ်လိုဝတ္ထုပစ္စည်းကို အလိုရှိလိုခုလို ဟစ်အော်ကြွေးခေါ်ကြော် ဆုတောင်းကြတာလဲ" ဟု မေး၏။

ထိုအခါ ခေါင်းဆောင်ပုဏ္ဏားက ဘုရင်မင်းမြတ်၏စေတနာ သဒ္ဓါသီလတရားကို ယုံကြည်သဖြင့် အဋ္ဌနဝဏ္ဏ ဆင်တော်ကိုအလှူခံလိုပါကြောင်း ဆင်တော်ကို ကလိုင်တိုင်းသို့ ယူဆောင်သွား

ပြီး ဘုရင်မင်းမြတ် သဒ္ဓါသီလအကြောင်း ပြောကြားခြင်းဖြင့် မိမိတို့ ရှေ့ဌေးရတနာ ဥစ္စာရတနာများ မျှားစွာ ရနိုင်ကြောင်း မျှားကို လျှောက်ထားလေသည်။

ကောရဗျဘုရင်သည် ပုဏ္ဏားတို့အား အဋ္ဌဝဏ္ဏဆင်တော်နှင့် အတူ ဘုရင်မျှားသာ သုံးဆောင်သည့် အဆင်အယင်တို့ကို ဆင်မြန်းလျက် ရှေကွန်ယက်ဖြင့် ဖုံးလွှမ်း၍ ဆင်ထိန်း၊ ဆင်ဆရာ ဆင်တော်၏ အလုပ်အကျွေး၊ ဆင်တော်ကို ကုသသော ဆေးဆရာတို့ကိုပါ ပေးလှူလိုက်လေသည်၊ ပုဏ္ဏားတို့သည်၊ ဆင်တော်ကို အလှယ်နှင့်ရသောကြောင့် ဝမ်းသာ အားရစွာဖြင့် ဒန္တပုရ မြို့တော်သို့ ယူဆောင်ခဲ့ကြ၏။

ဆင်တော် ရောက်သော်လည်း ကလိင်္ဂတိုင်းတွင် မိုးခေါင်မြဲသာခေါင်နေသည်။ ထိုအခါ ကလိင်္ဂမင်းသည် အမှတ်အား မိုးရွာအောင် မည်သို့ ပြုလုပ်ရမည်ကို 'အကြံဉာဏ် တောင်းပြန်လေသည်။

အမတ်တို့လည်း ဆင်တော်ရောက်၍ မိုးမရွာကြောင်း သိသဖြင့် ကုရုတိုင်းမှပြည့်ရှင် ဘုရင်မင်းမြတ်သည် ဂရုဓမ္မသီလကို ဆောက်တည် စောင့်ထိန်းသောကြောင့် ထိုမင်းနိုင်ငံတွင် မိုးမှန်မှန်ရွာ၍ ဆန်ရေစပါး ကောက်ပဲသီးနှံများ ပေါကြွယ်ဝကြောင်း လျှောက်တင်ကြပြန်၏။

ကလိင်္ဂမင်းသည် ဆင်တော်ကို ကောရဗျမင်းထံ ပြန်အမ်းပြီး၊ ကောရဗျမင်းစောင့်ထိန်းဆောက်တည်သောဂရုဓမ္မသီလကို ရှေ့ပေတွင် ရေးသွင်းမှတ်သားပြီး ယူဆောင်ခဲ့ရန် သံအဖွဲ့တဖွဲ့ကို ကုရုတိုင်းသို့ စေလွှတ်လိုက်လေ၏။ ထိုသံအဖွဲ့ ကုရုတိုင်းသို့ရောက်

သောအခါ ဘုရင်မင်းမြတ်အား ဆင်တော်ကို ပြန်လည်ပေးအပ်ပြီး ဘုရင်မင်းမြတ် ကျင့်ကြံအားထုတ် ဆောက်တည်နေရသော ဂရုဓမ္မသီလကို ပေးပါရန် လျှောက်ထား တောင်းပန်ကြလေသည်။ ထိုအခါ ဘုရင်မင်းမြတ်က–

"သံအမတ်တို့ ငါဟာ ဂရုဓမ္မသီလတရားကို စောင့်ထိန်းတာ တော့မှန်ပါတယ်။ ဒါပေမယ့်လို့ ငါ့သီလဟာ သန့်ရှင်းမှု သန့်ရှင်းစင်ကြယ်ပါရဲ့လားလို့ ငါသံသယဖြစ်မိတယ်၊ ဒါကြောင့် ငါ မပေးလို" ဟု မိန့်ဆိုလေသည်။

ထိုအခါ သံအဖွဲ့ခေါင်းဆောင်က–

"အရှင်မင်းမြတ် ကျင့်ကြံအားထုတ်မှုအပေါ်မှာ ဘယ်လို သံသယမျိုး ရှိတော်မူပါသလဲ" ဟုလျှောက်မေး၏။

ဘုရင်က ဤသို့ဆိုသည်။

"ငါတို့ ဘိုးဘေးအစဉ်အလာမှာ ကတ္တိကာနက္ခတ်ဖြင့် ယှဉ်တဲ့အခါကာလရောက်ရင် ပွဲသဘင်ကျင်းပလေ့ရှိတယ်။ အဲ့ဒီပွဲမှာ ဘုရင်က နတ်သား အသင် ဝတ်ဆင်ပြီး ကန်တောင်ကစိတ္တရာဇာနတ်ကွန်းနားမှာ ရပ်ပြီးတော့ ပန်းတို့နဲ့လှုပတင်တယ် ဧအာင် စီစဉ်ထားတဲ့ မြားတို့ကို အရပ်လေးမျက်နှာကို ပစ်လွှတ်ရဘယ်၊ ငါလဲအဲဒီကို ပစ်ရတယ်။ နတ်ကွန်းအနီးမှာ ရေကန်ရှိတယ်၊ ရေကန်ထဲကိုကျတဲ့ မြားတွေဟာ ပြန်ပေါ်မလာကြဘူး၊ ဒါကြောင့် ရေကန်ထဲက ငါးများ ငါ့မြားစူးပြီး သေကြေပျက်စီးသလားလို့ ငါသံသယ ဖြစ်မိတယ်။ အဲဒါကြောင့် ငါ့သီလကို မပေးလိုတာဖြစ်တယ်"

သံတမန်များက ဤကိစ္စသည် တမင်သမေလိုသော စေတနာနှင့် ပြုလုပ်ခြင်းမဟုတ်သောကြောင့် ဘုရင်မင်းမြတ် စောင့်ထိန်းမသာ သီလတွင် အကျိုးအစွန်းမရှိနိုင်ပါဟု လျှောက်ထားလေသောအခါ ကောရဗျဘုရင်က ငါးပါးသီလကို သံတို့အား ပေး၏။ သံတို့က ရှေးပထမတွင် ရေးမှတ်ယူကြသည်။

သို့တိုင်လည်း ကောရဗျဘုရင်သည် သူ၏ သီလအပေါ်တွင် သံသယ မကင်းသေးသဖြင့် သံတမန်တို့အား သူ၏ မယ်တော်သည် ဂရုဓမ္မသီလကို ကောင်းစွာ ဆောင်ထိန်းဆောက်တည်သူဖြစ်၍ မယ်တော်ထံ သွားရောက် တောင်းယူရန် ညွှန်ကြားလိုက်သည်။

သံတမန်တို့လည်း ဘုရင့်မယ်တော်ထံသွား၍ ဂရုဓမ္မသီလကို တောင်းခံကြ၏။ ထိုအခါ မယ်တော်က-

"အမောင်တို့ ငါဟာ ဂရုဓမ္မသီလကို စောင့်ထိန်းဆောက်တည်တာ မှန်ပါတယ်၊ သို့သော်လဲ ငါ့ဂရုဓမ္မသီလဟာ ဖြူစင်တယ်လို့ ငါမထင်ဘူး။ ဘာကြောင့်လဲဆိုတော့ ငါ့မှာ သားတော်နှစ်ပါးရှိတယ်၊ သားအကြီးက ကောရဗျမင်း၊ သားအငယ်ဆုတော့ အိမ်ရှေမင်း။ တခါက မဟာမိတ်မင်းတဦးကကောရဗျမင်းဆီကို တသိန်း ထိုက်တန်တဲ့ စန္ဒာကူး နဲ့ သာနှစ်တခုနဲ့ တထောင်တန် ရှေပန်းကုံးတသွယ် လက်ဆောင်အဖြစ် ပို့လိုက်တယ်။

သားကြီးက လက်ဆောင်နှစ်ခုစလုံး ငါ့ကိုပူဇော်လို့ ငါလဲယူထား လိုက်တယ်။ ငါ့အနေနဲ့ နံ့သ ကိုလဲ မလိမ်းလိုဘူး၊ ရှေပန်းကုံးကိုလဲ မဆင်မြန်းလိုဘူး၊ ဒါကြောင့် ခေါ်ပန်စ်ယောက်

ကို ချီးမြှောက်ဘို့ စဉ်းစားဆုံးဖြတ်ရာမှာ ခေါ်ချေးမကြီးဟာ မိဖုရားခေါင်ကြီးဖြစ်တဲ့ အကွက် ချမ်းသာကယ်၊ ခေါ်ချေးမငယ်ကတော့ အိမ်ရှေ့မိဖုရားဖြစ်လို့ ခေါ်ချေးမကြီးလောက် မချမ်းသာဘူး။ ဒီတော့ ခေါ်ချေးမကြီးကို တားဆောင်တနဲ့ ရှေ့ပန်းကုန်းကိုပေးပြီး ခေါ်ချေးမငယ်ကို စန္ဒကူး နန်းသာနှစ် ပေးမယ်လို့ ဆုံးဖြတ်တယ်။ ဘုံးဖြတ်တဲ့ အတိုင်းဘဲ ခွဲဝေ ပေးလိုက်မိတယ်။ ဒါကြောင့် ငါ့ဆုံးဖြတ်မှုဟာ မျှတခြင်း မရှိဘဲမျက်နှာလိုက်သလား ဘက်လိုက်သလားနဲ့ သံသယ မရှင်း ဖြစ်နေရတယ်။

စစ်စစ်ဆင်းရဲ ချမ်းသာ ရှေ့မနဲ့ဘဲ ဝါကြီးသူ ဂုဏ်ကြီးသူကို တန်ဘိုးကြီ လဲ ပစ္စည်းပေးပြီး ချီးမြှောက်သင့်တယ် မဟုတ်လား၊ အဲဒီ တပေါ်မှာ ဝတ္ထုဆု ပျက်ကွက်တဲ့ အတွက် ငါ့သိက္ခာမစင်ကြယ်ဘူးလို့တင်တယ်၊ ဒါကြောင့် ငါ့ဆီက ဂရုမမူ သိက္ခာကို မယူကြပါနဲ့"ဟုဆိုလေသည်။

သံဘမနဲ့တို့က မယ်နောက်ကြီးသည် ကိုယ်ပိုင် ပစ္စည်းကိုကိုယ် သခင်ဟာ ဆန္ဒရှိသည့် အတိုင်း ပေးကမ်း ချီးမြှောက်သည့် ဖြစ်သောကြောင့် သီလဘဏ္ဍာ ညှိုးနွမ်းခြင်း မရှိနိုင်ပါဟု ဆိုကြ၊ ဒေလရာမယ်နောက်သည် သူ့သီလကိုသူအား မရသဖြင့် မိဖုရားခေါင်းကြီးသည် ဂရုခံမှု သီလကို ကောင်းစွာ စောင့်ထိန်းမဲ့ မိဖုရားခေါင်းကြီ ထံသွားရောက် တောင်းယူပါဟု ဖေလွှယ်ပြန်သည်။

မိဖုရားခေါင်ကြီးထံသို့ ရောက်ပြန်သော ဟာ-

"ကျွန်ုပ်ဟာ ဂရုခံမှု သီလကို ကောင်းစွာ ဆောက်တည်ပါတယ်။ ဒါ့ပြင်မယ်လို့ သံသယ တခုရှိနေပါတယ်။ သံသယ ရှိရတဲ့ အခြောင်းအရာက ဘုရင်မင်းမြတ်ဟာ ဆင်တော်ကို စီးပြီး

တိုင်းခန်း လှည့်လည်လာတဲ့ အခါ ကျွန်ုပ် ဘုရင်မင်းမြတ်ကို လေသာပြတင်းကနေပြီး ကြည့်နေတယ်။ အဲဒီလို ကြည့်ရင်းနဲ့ ဆင်တော်ရဲ့ ကျောပေါ်မှာ ဘုရင့်နောက်ထိုင်ပြီး ပါလာ တဲ့ အိမ်ရှေမင်းကို မြင်တော့ အိမ်ရှေ မင်းကို ကျွန်ုပ် ဘဒင်မျှ တပ်မက်နှစ်သက်တဲ့ စိတ်ဖြစ်မိပါတယ်။ ငါဟာ အိမ်ရှေ မင်း မိဖုရား ဖြစ်ရရင် အကောင်း လေသားလိုလဲ ထွေမိဘယ်။ စင်စစ် မိမိ မှာ ကာမပိုင်လင်ယောကျ်ား ရှိရက်နဲ့ တခြား ယောကျ်ားကို တပ်မက်စိတ် မဖြစ်သင့်ပါ။ ကျွန်ုပ်ရဲ့ ဘဒင်မျှ ပေါက်ပြန် တပ်မက် မိတဲ့ စိတ်ကြောင့် ကျွန်ုပ် သီလ မသန့်ရှင်းတဲ့ အတွက် မပေးလိုပါ''ဟုဆိုလေ။

သံတမန်မျာ်းက အရှင် မိဖုရားသည် ကာယကံ မြောက် ပြုကျင့်သည် မဟုတ်ပဲ စိတ်မှ ဘဒင်မှားယွင်းခဲ့ဖြင့် သီလ မည်း နွမ်းပါဆိုသဖြင့် မိဖုရားခေါင်ကြီးသည် သူ့သီလ စင်ကြယ် သည်ဟု မယုံကြည်သောကြောင့် အိမ်ရှေမင်းသည် ဂရုမမှ သီလကို စင်ကြယ်စွာ ဆောက်တည်၏။ အိမ်းရှေမင်းထံသို့ သွား ရောက်တောင်းယူပါဟု ညွှန်ပြန်သည်။

အိမ်ရှေမင်းထံသို့ ရောက်ပြန်သော အခါ—

"ကျွန်ုပ် ဂရုမမှ သီလ စောင့်တာတော့ မှန်ပါတယ်။ ဒါပေ မယ့် ကျွန်ုပ် သီလဟာ ဖြူစင်တယ်လို့ မထင်ဘူး။ ဘာ့ကြောင့်လဲ ဆိုတော့ ရထားမှူးနဲ့ သူ့အခြေ အရံးတွေကို တညတာ ကျွန်ုပ် ဒဏ်ပေးခဲ့မိတယ်။

ဖြစ်ပုံကဒီလိုပါ၊ ကျွန်ုပ်နောင်တော်မင်းတရားဆီ ညနေချမ်း အခစားသွားရင် ရထားနဲ့ သွားလေ့ရှိတယ်။ နောင်တော် ဘုရား

ဆီမှာ ညဲ့စာ စာပြီး ညအိပ်မယ်ဆိုရင် မြင်း ဇက်ကြိုးနဲ့နှင် တံ ကို ရထားဦးထဲမှာ ထားခဲ့တယ်။အဲလိုဆိုရင် ရထားမှူးနဲ့ အခြေ ဆရံများဟာ အိမ်ခေါ်ကို ပြန်ကြပြီး နောက်ဘဝနေမှု ကျွန်ုပ် ကိုလေးကြိုကြရတယ်။

"နောင်တော်ဘုရားဆီမှာ ပွဲတော်မတည်ဘူး။ ညမအိပ်ဘူး ဆိုရင် ဇက်ကြိုးနဲ့ နှင်တံကို ရထားပေါ်မှာသာ ထားခဲ့တယ်။ အဲလိုဆိုရင် ရတားမှူးနဲ့ အခြေ အရံတို့ဟာ ကျွန်ုပ်အိမ်တော် ကို ညတွင်းချင်း ပြန်မယ်ဆိုတာကိုသိပြီး စောင့်နေကြရတယ်။

"တညနေ နောင်တော် ဘုရားဆီမှာ ပွဲခတော် မတည်ဘဲ ညမအိမ်ဘဲ အိမ်တော်ကို ပြန်မယ်လို့စိတ်ကူးပြီး မြင်းဇက်ကြိုးနဲ့ နှင်တံကို ရထားပေါ်မှာ ထားခဲ့ပြီး နောင်တော်ထံကို ကျွန်ုပ် သွားခစားတယ်။နောင်တော် ဘုရားဟာညအိပ်ရေတာကြောင့် အိပ်လိုက်ရတယ်။အဲဒါကြောင့် ကျွန်ုပ်ကို စောင့်နေသူများ ပင် ပန်း ဆင်းရဲကြရတယ်။ဒါကြောင့်ကျွန်ုပ် သီလဟာ မစင်ကြယ် ဘူးလို့ ထင်ပါတယ်။ ကျွန်ုပ် သီလကို မယူကြပါနဲ့"ဟု ဆိုတော်။

သံတမန်တို့က မိမိဆန္ဒအလျောက် ညဉ့်ပန်း နှိုပ်စက်ခြင်း မဟုတ်ပဲ အမှတ်မထင် မှားယွင်းမှုသာ ဖြစ်သောကြောင့် သီလ မည့်းနွမ်းပါဆိုသဖြင့် အိမ်ရှေ့မင်းသည် ဂရုမမူ သီလကို ပေး တော်။သို့သော်လည်းမိမိ သီလ သိပ်ပြီး မစင်ကြယ်ဟု ထင်သော ကြောင့် ဘုရင့်ပုရောဟိတ်သည် ဂရုမမူ သီလကို ကောင်းစွာ ဆောက်တည်တော်။ပုရောဟိတ်ထံ သွားတောင်းပါဦးဟု တိုက် တွန်းသောကြောင့် သံတမန်များ ပုရောဟိတ်ထံသို့ သွားကြရ ပြန်သည်။

ပုဇရာဟိတ်ကလည်း-

"အဆွေတို့ ကျွန်ုပ်ဟာ ဂရုဓမ္မ သီလကို ဆောက်တည်ဘာမှန်ပါတယ်၊ ဒါပေမယ်လို့ ကျွန်ုပ် သီလဟာ သိပ်ပြီး မစင်ကြယ်လှဘူးထင်တယ်။ ဘာပြုလို့လဲဆိုတော့ ကျွန်ုပ်ဟာ မင်းကြီးထံ ညီလာခံ ဝင်ရအောင် ခြေလျှင် လျှောက်သွားနေစဉ် တိုင်းထယားက၊ မင်းကြီးကို လက်ဆောင် ဈေးဖြစ်ပေးဘို့ ယူလာတဲ့ ရထားကိုတွေ့မြင်တော့ ငါဟာ အသက် အရွယ်ကြီးပြီး၊ ငါ့အရှင်မင်းကြီး အနေနဲ့ ဒီရထားကို ငါ့ပေးရင် ဘယ်လောက်မျှား ကောင်းလေ မလဲဆိုတဲ့ ဆင်ခြေးနဲ့ ရထားကို တပ်မက်တဲ့ အတွေး တစ္ဆေက်မျှသာ တွေးပြီး မေ့ပျောက်သွားတယ်၊

ကျွန်ုပ် မင်းကြီးရှေ့ဘော်မှာ ဝင်ရောက် ခစား၊ နေတုံးမှာ ရထားကို လာပြီး ဆက်သကြတယ်၊ မင်းကြီး က ဒီ ရထားဟာ အလွန်ကောင်းပါပေတယ်၊ ဆရာ ပုဇရာဟိတ်နဲ့ ထိုက်တန်တယ်ဆိုပြီး ကျွန်ုပ်ကို ချီးမြှောက်ခတော့ ကျွန်ုပ် လက်မခံဘဲ ငြင်းပယ်လိုက်ပါတယ်။ ကျွန်ုပ်ဟာ ဂရုဓမ္မ သီလကို ဆောက်တည်ပါလျက် သူဘာပါး ပစ္စည်းကို တပ်မက်မိတဲ့ အတွက် ငြင်းပယ်ရတာဖြစ်တယ်၊ ဒါကြောင့် ကျွန်ုပ် သီလဟာ မစင်ကြယ်ပါ ကျွန်ုပ်ထံက မယူကြပါနဲ့" ဟုဆိုလေသည်။

သံဘမန်မျှားကတဒင်္ဂသောဘစိတ်ပြစ်ခါမျှနှင့်သီလမည်းနှမ်းပါဆိုသဖြင့်ပုဇရာဟိတ်သည်ဂရုဓမ္မသီလကိုပေးဇ၊ သို့သော်လည်း ယူ့သီလအပေါ် သူသံသယ ရှိသောကြောင့် မြေတိုင်းဆမတ်သည် ဂရုဓမ္မသီလကိုကောင်းစွာ ဝေခွဲထိန်းဇ၊ ဟုဆိုကာ မြေတိုင်းဆမတ်ထံသို့ ညွှန်ပြပြန်သည်။

မြေဟိုင်းအမတ်ကသည်း—

'ကျွန်ုပ် ဂရုဓမ္မသီလတည်တဲ့ မှန်ပါတယ်။ ဒါပေမယ်လို့ ကျွန်ုပ်သီလဟာ သိပ်မစင်ကြယ်ပါ။ ကျွန်ုပ်လယ်ယာမြေမျှား တိုင်းကာရုံအောင် ထွက်တဲ့အခါမှာ တိုင်းတာတဲ့ကြိုးကို တုတ်ချွန်မှာချည်ပြီး ကြိုးတပတ်ကို လယ်ရှင်ကိုင်ပေးပြီး ကြိုးတပတ်ကို ကျွန်ုပ်ကကိုင်ပြီး တိုင်းကြတယ်။ ကျွန်ုပ်ကိုင်တဲ့ပက်က တုတ်ချွန်ကို စိုက်မယ်လုပ်တော့ ပုဇွန်လုံးတွင်းနဲ့ တဲ့တဲ့နေရာ ရောက်နေတာ တွေ့ရတယ်၊ တပက်ကို ရွှေ့ပြန်ရင်လဲ လယ်ရှင်ပေးတွက် မြေလျှော့သွားမယ်၊ အဲဒီလို မဆုံးဖြတ်နိုင်ရှိနေတုန်း တွင်းထဲမှာ ပုဇွန်လုံးမှိတန်ကောင်းဘူးထင်ပြီး တုတ်ချွန်ကို စိုက်ချလိုက်တော့ 'ဂရိ'ကနဲအသံကိုကြားရတယ်။ ပုဇွန်လုံးဒဏ္ဍာကို ထိုးမိတာဖြစ်မယ်၊ ပုဇွန်လုံး ဒဿသားသလားလို့ သံသယရှိနေပါတယ်။ ဒါကြောင့် ကျွန်ုပ်သီလကို မှယူပါနဲ့'ဟု ဆိုရ။

သံတမန်များက အမှတ်မင်းသည် ပုဇွန်လုံးအားဒဿဝေလို့ သောဆန္ဒနှင့် တမင်သတ်ခြင်းမဟုတ်သောကြောင့် သီလမကျိုးမပျက်နိုင်ပါဆိုသဖြင့် မြေတိုင်းအမတ်က သီလကို ပေးရ၏ သို့သော်လည်း သူ့သီလ အပေါ်သံသယ ရှိနေသောကြောင့် ရထားမှူးထံ သွားတောင်းရုန် ညွှန်ပြန်၏။

ရထားမှူးထံ ရောက်ပြန်သောအခါ—

'ကျွန်ုပ်ဂရုဓမ္မသီလ တည်ဆောက်တဲ့မှန်ပါတယ်။ ဒါပေမယ်လို့ ကောရဗျမင်းကြီး ရထားနဲ့ ဥယျာဉ်တော်ကို ထွက်တော်မူတဲ့အခါမှာ ညနေဖက် ဥယျာဉ်တော်ကအပြန် နေဝင်ခါနီး

မိုးသက်တော့ ဆင်လာလို့ မင်းကြီးကို မိုးစိုမှာ စိုးရိမ်ဘာဝကြောင့် ကြားပွတ်သံပေးပြီး မြင်းကိုအသေဒဏ်ပေးတယ်။ ဒီနောက်ညယ်ချဉ် တော်သို့သွားတိုင်း မြင်းဟာဒီနေရာကိုရောက်ရင် တအားပြေး တောဝတယ်၊ မြင်းကဒီနေရာဟာ ဘေးအန္တရာယ် ရှိတယ်လို့ အမှတ်ထားပြီး ပြေးတာဖြစ်မယ်၊ ဒါကြောင့် ကျွန်ုပ်ဟာ သတ္တဝါကို အကြောင်းမဲ့ ထိတ်လန့်အောင် ပြုခဲ့ဘူးဘာမို့ ကျွန်ုပ်သိလ မစင်ကြယ်ပါ၊ မယ္ယုပါနဲ့'ဟုဆို၏။

သံတမန်များက မြင်း ပင်ပန်းရသည်မှာ ကမင် လုပ်ခြင်း မဟုတ်ဘဲ အကြောင်းတိုက်ဆိုင်၍သာ ဖြစ်သောကြောင့် သိလ မည်းနွမ်းပါဆိုသဖြင့် ရထားပုံးက သိလကိုပေး၏။ သို့သော် လည်း သူ့သိလသို့ စိတ်မချသဖြင့် သူ့ဌေးကြီးထံသို့ ညွှန်ပြန် လေသည်။

သူဌေးကြီးကလည်း—

'စပါးများ ဖုံးတုန်းလုံးတုန်း ဘန်ဆောင်မှုန်းလမှာ ကျွန်ုပ် လယ်တောကိုသွားတယ်၊ ပြန်တဲ့အခါနေကာကံပန်းလုပ်ဘို့ စပါး နှုံလက်တဆုပ်စာခူးလာခဲ့တယ်။ စင်စစ်ဒီလယ်ကထွက်တဲ့ စပါး ထဲက ပြည့်ရှင်မင်းကို အခွန်တော် တဖို့ဘစ် ပေးဆောင်ရပါ မယ်။ အခွန်တော် မပေးဆောင်ရမီယူလာမိတဲ့အတွက်ကျွန်ုပ်မှာ ခိုးယူဆုရောက်လေမလားလို့ သံသယဖြစ်နေပါတယ်။ ကျွန်ုပ် သိလ မစင်ကြယ်ပါ၊ မ့ယ္ယုပါနဲ့'ဟုဆို၏။

သံတမန်တို့က သူဌေးကြီးသည် ခိုးယူလိုသောစိတ်နှင့် ယူခဲ့ ခြင်းမဟုတ်သဖြင့် သိလမပျက်ပါ ဆိုသဖြင့် သူဌေးကြီးက

သီလကိုပေးသည်။ သို့သော်လည်း သူ့သီလသူ စိတ်မချသော ကြောင့် တင်းခြင်အမတ်ထံ ညွှန်ပြန်၏။

တင်းခြင် အမတ်ကလည်း-

'ကျွန်ုပ်ဘုရင်မင်းမြတ် အခွန်တော်အတွက် စပါးမျှားကို ခြင်ယူရာမှာ စပါးပုံက စပါးစေ့ အနည်းငယ်ကိုယူပြီး တင်း အရေးဟက် ပြုလုပ်ပါတယ်၊ အဲဒီတုန်း မိုးရွာ လာတာနဲ့ အရေအတွက်လုပ်တဲ့စပါးစေ့ကို ဘုရင့်အတွက် ရယူထားတဲ့ စပါးပုံထဲအမှတ်မဲ့ ပစ်ထဲ့ပြီး မိုးလုံရာမှာ မိုးခိုသွားတယ်။ လယ်ရှင်မှာ စပါးစေ့မျှား နစ်နာခစေနဲ့ပါတယ်။ ဒါကြောင့် ကျွန်ုပ်သီလ မစင်ကြယ်ပါ၊ ယူပါနဲ့'ဟုဆို၏။

သံဘမန်မျှားက အမတ်မင်းသည် တမင်ခိုးယူ လိုသော စိတ်နှင့် ပြုလုပ်ခြင်းမဟုတ်ပဲ အမှတ်မထင်ပြုမိခြင်းဖြစ်၍ သီလ မည်းနှမ်းပါ ဆိုသဖြင့် တင်းခြင်အမတ်က သီလကို ပေး၏။ သို့သော်လည်း သူ့သီလသူ စိတ်မချသောကြောင့် တံခါးမှူးထံ ညွှန်ပြန်သည်။

တံခါးမှူးကလည်း-

'ကျွန်ုပ်မြို့တံခါးကို ပိတ်ဘို့ အချိန်ရောက်တာကြောင့်တံခါး ပိတ်တော့မယ်လို့ သုံးကြိမ်အော်ပြီးကြေငြာပါတယ်၊ သူဆင်းရဲ တယောက်နဲ့ မိန်းမငယ်တဦး မြို့တံခါးဆီ ပြေးလာကြတယ်။ ကျွန်ုပ်က သင်မြို့တံခါးပိတ်ချိန်ကို မသိဘူးလား နားမလယ်ဘူး လား၊ မယားကို ဇတာခေါ်သွားပြီး အပျော်ကျူးနေရ သလားနဲ့ မာန်မဲကြိမ်းမောင်း မိပါတယ်။ ဒီဘော့ သူဆင်းရဲက မိန်းမငယ်ဟာ ဘူ့မယားမဟုတ်၊ နှမဖြစ်ကြောင်း၊ တောကို

သွားတားဟာ ထင်းခွေ ဟင်းရွက်ခူး သွားကြောင်း ပြန်ပြော ပါတယ်။ ကျွန်ုပ်ဟာ နုမကိုမယားလို့ မဆင်မခြင် စွပ်စွဲမိဘာ ကြောင့် ကျွန်ုပ်စောင့်ထိန်းတဲ့ သီလမစင်ကြယ်ပါ။ မယူပါနဲ့'ဟု ဆိုလေ၏။

သံတမန်တို့က မသိချမ်းခြင်းမို့ သီလမည်းနှမ်းပါဆိုသဖြင့် ဟံခါးမှူးက သိရကိုပေး၏။ သို့သော်လည်း သူ့သီလအပေါ် သူ သံသယ ဝိုဏ်းသောကြောင့် ပြည့်တန်ဆားမယ်သို့ စေလွှတ်ပြန် လေသည်။

ပြည့်တန်ဆာမကလည်း-

'အမတ်မင်းတို့ ကျွန်မ ဂရုဓမ္မသီလကို စောင့်ထိန်းဆောက် တည်တာမှန်ပါတယ်၊ ဒါပေမယ်လို့အကြောင်းတခု ဖြစ်ခဲ့ဘူး ပါတယ်၊ အဲဒီအကြောင်းကဒီတော့ လုလင်ပျိုဘယောက်ဟာ ကျွန်မနဲ့ပျော်ပါးပို့အုတ်ကျင်ဘောင်ပေးပြီး မပျော်ပါး သေးဘဲနောက်မှသာမယ်ဆိုကာ တွက်ခွာသွားပါတယ်။ ကျွန်မ သူ့ဌေးတထောင်ကိုယူဆား၊ သူ့ကို ပြေစုရသေးတာကြောင့် တခြားယောကျ်ားဟို လက်မခံဘဲနေခဲ့တယ်။ တခြားယောကျ်ား ကို လက်ခံရင် ကျွန်မစောင့် ထိန်းတဲ့သီလပျက်မှာ စိုးတဲ့အတွက် ပါဘဲ။

ကျမဌေးတထောင် ပေးသွားတဲ့ လုလင်ပျိုကိုသာ စောင့်နေ ခဲ့တယ်။ သုံးနှစ်သုံးမိုးကြာတဲ့တိုင်အောင် သူမရောက်လာဘူး။ ကျွန်မမှာလဲ ဆင်းရဲကြပ်တည်းလာပြီ၊ စားဝတ်နေရေးအခက် အခဲဖြစ်လာပြီ။ ဒါကြောင့် တရားသူကြီးများကို အကြောင်း ရင်းရှင်းပြပြီး တရားသူကြီးတို့ရဲ့ အဆုံးအဖြတ်ကို ယူပါဘယ်။

တရားသူကြီးများက သုံးနှစ်ဆုံးမိုး ကြာလို့မှ မရောက်လာ ရင် နောက်လူများဆီက ငွေကြေးကို လက်ခံယူသင့်တယ်လို့ ဆုံး ဖြတ်ကြပါတယ်။ ကျွမ်းကျင်ရားရုံးက ထွက်လာတော့ ယောကျား တယောက် ကျွန်မနဲ့ပျော်ပါးဘို့အတွက် ကျွမ်းကို ငွေတောင်းပေး ပါတယ်။ ကျွန်မငွေထုပ်ကို ယူမယ်လို့ လက်ကမ်းလိုက်တုန်း ဟိုသုံးနှစ်က ငွေတောင်းပေးထားတဲ့ လုလင်ရောက်လာပါ တယ်။ ဒါနဲ့ကျွန်မ နောက်လူပေးတဲ့ ငွေထုပ်ကို မယူဘဲငြင်း ပယ်လိုက်ပါတယ်။

"နောက်မှ သိရှာကာ လွန်ခဲ့တဲ့သုံးနှစ်က ကျွန်မကို ငွေတော် ထောင်ပေးသွားတဲ့လူဟာ လူသားမဟုတ်ဘဲ သိကြားမင်း ဖြစ် နေတယ်ဆိုတာပါဘဲ။ သိကြားမင်းက ကျွန်မမှာ ဂရုဓမ္မသီလ တကယ်ရှိမရှိ စမ်းတာပါ၊ ကျွန်မမှာ သိကြားမင်းပေးတဲ့ ငွေ တထောင်အတွက်ဘန်အောင် မပြုစုရဘဲနဲ့ တခြားလူ၌ ငွေကိုယူ မယ်လို့ လက်ကမ်းတာဟာ သီလပျက်လေပြီလား့လို့ သံသယ ဖြစ်နေပါတယ်။ ကျွန်မသီလ မစင်ကြယ်ပါ၊ မယူပါနဲ့" ဟုဆို လေသည်။

သံဃာမန်များက အသင်သည် တရားသူကြီးများ၏ အဆုံးအ ဖြတ်ကို ရယူပြီးနောက်တခြားလူ၏ ငွေထုပ်ကိုယူရန် လက်ကမ်း လက်ခြန့်ရုံမျှသာ ရှိသေးသဖြင့် သီလမညှိုးနွမ်းသေးပါဟု ဆို သမျှင့် ပြည့်တန်ဆာသည် သီလကို ပေး၏။

သံဃာမန်များတည် ဂရုဓမ္မသီလကို ရေးမှတ်၍ယူကာ ကလိုင် တိုင်းသို့ ပြန်လာကြသည်။ ပြီးလျှင် ကလိုင်မင်းအား ကုံရုတိုင်း

ဌ် ဂရုဲခမ္မာသီလကို မကျိုးမပေါက်အောင် ဆောက်ဘည်ကြ သည့်အကြောင်း၊ မိမိတို့တွေ့ကြုံခဲ့ရသူ (၁၁) ဦးတို့မှာ မဖြစ်စလောက် အသေးအဖဲ့ကိုစွဘဇလေးများကို ကျူးလွန်မိသည်ကိုပင် သီလကျိုးပျက်သည်ဟု သံသယရှိခြင်း၊ လျှောက်ထားဘင်ပြ ကြလေသည်။ မင်းကြီးလည်း ဂရုခမ္မသီလကို တိုင်းသူပြည်သား များအား ဖြန့်ဝေစေကာ မိမိနှင့်တကွ မှူးမတ်များ၊ နန်းတွင်း သူ နန်းတွင်းသား၊များကိုလည်း ဆောက်တည်စေသည်။ တိုင်းသူ ပြည်သားများသည် အုပ်ချုပ်သူမင်း အတုကိုယူကြကာ သီလ စောင့်ထိန်းကြ၏။ ထိုအခါ ကလိင် တိုင်းတွင် မိုးမှန်မှန်ရွာ လျက် ဆန်ဒရစပါး ပေါကြွယ်ကာ သာယာပြိမ်းချမ်းမှုကို ရကြ သဘည်း။

လူတို့ကျင့်ဝတ်တွင် မင်္ဂလာဘရားဟော်သည် လောကီ လော ကုတ္တရာ နှစ်ဖြာသော အကျိုးထူးကို ရရှိစေနိုင်သော တရား ဟော်ဖြစ်သည်။ သို့ခြားမဲ့ ဤကျမ်းတွင် မင်္ဂလာတရားဟော် မပါလျှင် ပြည့်စုံမည် မဟုတ်ခေ။

မင်္ဂလာတရားတော်ကိုမတင်ပြမီ 'မင်္ဂလာ'ဆိုသည့်အကြောင်း ရှင်းလင်းဖို့ လိုပါသည်။

"မင်္ဂ ပါပံလုနာတိ၊ စိန္ဒတိတိ မင်္ဂလံ" ဟု ဆိုခြင်းကြောင့် မကောင်းမှု ဒုစရိုက်အကုသိုလ်တရားတို့ကို ပျောက်လွင့်စေခြင်း၊ မပြိုကင်းစေခြင်းတို့ကြောင့် 'မင်္ဂလာ' ဟုခေါ်သည်။ ကြီးပွားချမ်းသာမှုကို ဖြစ်ထွန်းစေနိုင်သောကြောင့်လည်း 'မင်္ဂလာ' ဟု ခေါ်သည်။

မဂ်လာတရားတော်တွင် သေးကိမဂ်လာ သုံးပါးရှိ၏။

၁။ ဒိဋ္ဌမဂ်လာ = ကောင်းသောမြင်ခြင်း။

၂။ သုတမဂ်လာ = ကောင်းစွာကြားရခြင်း။

၃။ မုတမဂ်လာ = ကောင်းစွာတွေးထိရခြင်း။

မဂ်လာတရားတော်ဖြစ်ပေါ်လာရခြင်းအကြောင်း

ဇမ္ဗူဒီပ်ကျွန်းတွင် မြို့တိုင်းရွာဝိုင်းဌ၊ လူတို့သည် စုဝေးကြ**ကာ 'မဟာဘာရတ'**၊ 'ရာမာယန' စာတော်တို့ကိုဟော ပြော သူကဟောပြော၍ နားထောင်သူက နားထောင်ကြသော ပဲ့သတင်များ ကျင်းပသော့ရှိကြသည်၊ (ယခုအခါ 'ကွပ်စိပ်' ဟောပြောသည်နှင့် တူ၏ပမည်)

ယင်းဟောပြောပဲ့ကြီးများသည် လေးလလွန်သောအခါ ပြီး၏။ ထိုအခါ လူတို့သည် "မဂ်လာ" အကြောင်းကို ပြောဆိုကြ ပြန်သည်။ တဦးကိုတဦး စူးစမ်းမေးမြန်းကြသည်။ ယင်းသို့ဖြင့် "မဂ်လာ" ဆိုသည်ကို လူတို့စူးစမ်းမှုပြုလာကြသောအခါ 'ဒိဋ္ဌ မဂ်လိက' ဆိုသူသည် ဝတ္ထုဇာတ်ကြောင်းများ ဟောပြောရာ စင်တစင်ပေါ်သို့တက်၍-

"ငါဟာ မဂ်လာဆိုတာကိုသိတယ်၊ မျက်စိနဲ့မြင်ရတဲ့ ဒိဋ္ဌမြင် ရတဲ့ ကောင်းမွန်တဲ့ ရှုခင်းမှန်သမျှဟာ မဂ်လာဖြစ်တယ်" ဟု ဟောပြော၏။

ထိုသူ၏အယူအဆကို အချို့လူများကလက်ခံကြ၍ အချို့လူ များက လက်မခံကြ။ ထိုသူဟောပြောပြီး မကြာမီတွင် "သုတ မဂ်လိတ" အမည်ရှိသောသူသည် စင်မြင့်ပေါ်တက်၍-

"မင်းလာဆိုဘာကို ငါသိတယ်၊ မင်းလာဆိုတာ ကောင်းစွာ မြင်ရတာကို ပြောတာမဟုတ်ဘူး။ သားယောကျ်ားအသံ ကြားရတာ၊ သတင်းကောင်းကြားရတာတို့ကို ခေါ်တယ်" ဟုဟာ ပြောပြန်လေသည်။

ထိုသူ၏အယူအဆကို ဒေါ်လူမျိုးက လက်ခံကြ၍ အချို့လူများက လက်မခံကြချေ။ ထိုသူ ဟောပြောပြီး ပြန်သော အခါ "မုဘမင်းသိက" ဆိုသူ စင်မြင့်ပေါ် တက်လာပြန်၍–

'မင်းလာ ဆိုဘားဟာ အမြင်ကောင်းတာလဲ မဟုတ်ဘူး၊ အကြားကောင်းတာလဲ မဟုတ်ဘူး၊ အတွေ့ကောင်းတာ အရသာကောင်းတာ အနံ့ကောင်းတာတွေကို ဆိုတယ်' ဟု ဟောပြောပြန်သည်။ ထိုသူ ဟောပြောသည်ကို လင်းခံသူတွေ ရှိသလို လက်မခံသူတွေလည်း ရှိကြသည်၊

ထိုသူ သုံးယောက်သို့ ဟောပြောပြီး နောက်တွင် ဇမ္ဗူဒီပ်ကျန်းတွင် လူဘေးလုံးတို့သည် တဦးစီ ကိုယ်အယူအဆနှင့် ရှိကြကာအငြင်းအခုံပြုကြသည်၊ နေထိုင် တကာတိုင်းတွင်၊ တရုန်းရှုန်း တအုံးအုံးနှင့် ငြင်းခုံကြသည်။ ကြာတော့ လူတွေသာ မက နတ်ပြည် ခြောက်ထပ်နေ နတ်များပါ မင်းလာ အကြောင်း စူးစမ်းထုမှ ငြင်းခုံကြရလေသည်။ မင်းလာနှင့် ပတ်သက်၍ ငြင်းခုံရသည်မှ တဆယ့်နှစ် နှစ် ကြာရှိပါပြီ အဆုံး မသတ်သေး။

လူ့ပြည်တွင် လည်းကောင်း၊ နတ်ပြည်တွင် လည်းကောင်း မင်းလာ အကြောင်းကို ကြုံကြ တွေ့ကြ စူးစမ်း ကြသော်လည်း ၁၂-နှစ်ကြာသည့်တိုင် ကြုံ၍ မရပဲရှိလေသောအခါ တာဝတိံသာ နတ်တို့သည် စည်းဝေး ကြလျက် နတ်ပြည်သက်နှင်း သီ

ကြားမှင်းထံသွားရ်ု မေးမြန်းကြ၏။ သိကြားမင်းလည်း မဂ်လာ အကြောင်း မသိချေ။

သိကြားမင်းက မဂ်သာ အကြောင်းကို သိနိုင်သူမှာ ဗုဒ္ဓမြတ်စွာသာ ရှိလိမ့်မည်ဟု ကြံမိသောကြောင့်--

"အချင်း နတ်တို့ သင်တို့ဟာ သိမီးခွက်ကို စွန့်ပြီး ဘဝ်ကြောင့်ပိုးစုံးကြ||းကို အားကိုးကြသလဲ။ လောကမှာ အရှုအားလုံးကို သိမြင် ဟောကြားတော် မူနိုင်တဲ့ ဗုဒ္ဓဘုရား ရှင်သာ. မဂ်လာ အကြောင်းကို သိနိုင် ဟောပြောနိုင်ပါလိမ့်မယ်"ဟု မိန့်ဆိုတ်။

ပြီးနောက် နတ်သား တဦးအား မြတ်စွာဘုရား သခင် သီတင်းသုံးမတော်မူရာ သာဝတ္ထိပြည် ဇေတဝန် ဓကျောင်းတော်သို့ ဇေလွတ်ကားဗုဒ္ဓအား မဂ်လာတရားကို လျှောက်ထားမေးမြန်းစေသည်။

နတ်သားသည် ညဉ့်ဦးယံ လွန်ပြီးသော သန်းကောင်ယံ အခါတွင် ဗုဒ္ဓရှိရာ ဇေတဝန်ကျောင်းတော်သို့ ရောက်ရှိလာပြီး မထင်မရှားသော အသွင်ဖြင့်-

'ဗုဒ္ဓဘုရား ဒေဝါမနုဿာဒေ၊ မဂ်လာနိုအစိန္တယုံ၊ အာဂ၊ခ်ိမာနာ သောတာနံ၊ ပြုဟိမဂ်လမုတ္တမံ" အစရှိသော ဂါထာကို ရွတ်ဆိုရ်ု လျှောက်ထားလေ၏။

ရင်းဂါထာ၏အနက်။ ။သဲ့ဒေဝကာ၊ နတ်နှင့် တကွသော လူတို့သည်။ ယံမဂ်လံ၊ အကြင်မဂ်လာ တရားတော်မြတ်ကို။ ဒ္ဓါ ဒဿဟိ၊ တဆယ့်နှစ်နှစ်တို့ ကာလ ပတ်လုံး။ စိန္တိယိ သု၊ ကြံကြကုန်၏။ သောတ္ထာနံ၊ ကြံကြ

ကုန်သော်လည်း။ ယုံမင်္ဂလာ၊ ထိုမင်္ဂလာ တရားစတော်မြတ်ကို။ နာခိုးဆည်ကျိုး၊ နအခိုးဆည်ကျိုး ဝေ၊ မသိနိုင်ကုန်ပါဘုရား။

'ဒေဝဒေဝေန၊ နတ်ဘကာတို့ထက် မြတ်သော ဝိသုဒ္ဓိနတ်ဖြစ်တော်မူသော ဗုဒ္ဓ ရှင်တော်ဘုရားသည် သဗ္ဗခလာဏဟိ တတ္တာယ၊ အလုံးစုံသော သတ္တဝါတို့၏ အစီးအပွား အလို့ငှါ သဗ္ဗပါ ဝိပနာသနံ၊ အလုံးစုံသော မဇကာင်းမှုဘို့ကို ပယ်ဖျောက်တော်မူနိုင်သော။ တံမင်္ဂလံ၊ ထိုမင်္ဂလာ တရားတော်မြတ်ကို ဒေထ၊ ဟောကြားတော် မူပါဘုရား'

ယင်းအဓိပ္ပါယ်

'အရှင်ဘုရား၊ လူနှင့်တကွ နတ်တို့သည် မင်္ဂလာ တရားအကြောင်း သိချင်ကြ၍ ကြုံစီးတွေးတော နေခဲ့သည်မှာ တဆယ့်နှစ်နှစ် ကြာခဲ့ပါပြီ၊ ယနေ့တိုင် မသိကြသေးပါ။ အရှင်ဘုရား ဟောပြမှုသိရှောဘွယ်မှာပါဘုရား'ဟူ၏။

ထိုအခါ ဗုဒ္ဓက–[illegible]

ဒေဝပုတ္တ၊ နတ်သား။ ဗာလာနံ၊ သူမိုက်တို့ကို။ ယာအသေဝနာစ၊ အကြင်မမှီဝဲ မဆည်းကပ်ရခြင်းသည်ရင်း။ ပဏ္ဍိတာနံ၊ ပညာရှိသော သူတို့ကို။ ယာသေဝနာစ၊ အကြင်မှီဝဲ ဆည်းကပ်ရခြင်းသည်ရင်း။ ပူဇကိယာနံ၊ ပူဇော်ထိုက်သော သူတို့ကို။ ယာပူဇာစ၊ အကြင် ပူဇော်ရခြင်းသည်ရင်း။ အတ္ထိ၊ ရှိ၏။ တံ၊ ဤသုံးပါးသော တရားသည်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာ မည်၏ဟု ဟောတော်မူ၏။

အသေဝနာစပယာလနံအဓိပ္ပါယ်

လူဆိုးလူမိုက်များနှင့် ပေါင်းရ၍ မကောင်းသော ပတ်ဝန်းကျင်တွင်နေလျှင်၊ထိုသူ ထိုပတ်ဝန်းကျင်တို့နှင့် အတူ မကောင်းသောအလုပ်ကို လုပ်တတ်ကြသည်။

'မုဆိုးနားနီးမုဆိုး၊ တံငါနားနီးတံငါ' ဆိုသော စကားပင် ရှိသည် မဟုတ်လော။

မကောင်းထာ လုပ်မိ၍ ဆင်းရဲဒုက္ခ ရောက်ရ တတ်ကြသည်။ လူမိုက်တို့နှင့် မပေါင်းလျှင် ဆင်းရဲဒုက္ခ မရောက်ပဲ ကြီးပွားချမ်းသာနိုင်၏။ သို့ကြောင့် လူမိုက်များနှင့် မပေါင်းသင်းခြင်းကို မဂ်လာဟု ခေါ်ဆိုရသည်။

ယင်း သာဓက

ဗာရာဏသီပြည်တွင် ကုဋေကြွယ်သော သူဌေးတဦး ရှိသည်။ တယောက်တည်းသော သားကို အလိုလိုက်၍ ပညာ မသင်စေပဲ တားသည်။ သူဌေးသားသည် အစဉ်သဖြင့် အရက်သမား၊ ဖဲသမား၊ သူခိုးခားပြု၊ လူဆိုးလူမိုက်များနှင့်သာ ပေါင်းသင်းပြီး မူးယစ်သောက်စား ပျော်ပါးနေ၏။ မိဘများ ကွယ်လွန်သော အခါ ရှိပစ္စည်းများကုန်၍ ခွက်လက်စွဲကာ တောင်းစားရ၏။ လူတို့က မကြည်ညိုသောကြောင့် စားသို့ ရိုက်နှင်လေရာ၊ တောမှောပင် ခွေးသေဝက်စသ သေလေ၏။

ပဏ္ဍိတာနုဠေသဝနာ အဝိပ္ပဝယ်

ပညာရှိသူကို ဆည်းကပ်သူသည်၊ လူလိမ္မာ အဖြစ်သို့ ရောက်၏။ လူလိမ္မာဆိုသည်ကို သတင်း ကြားရသူတိုင်းက ချစ်မြတ်နိုးကြသည်။ ပန်းသတင်း လေညှင်းဆောင်၊ လူသတင်း လူချင်းဆောင်ကာ၊ လိမ္မာသည်ဟု သတင်း ကြားရသည်နှင့် ထိုသူကို လူအများချစ်မြတ်နိုးကြသဖြင့် လိမ္မာသူသည် ကြီးပွား၊ ချမ်းသာ၏။ သို့ကြောင့် ပညာရှိသူကို ဆည်းကပ် ကိုးကွယ်ခြင်း၊ သည် မင်္ဂလာဟု ဓမ္မပဒေ ဆိုသည်။

ယင်း သာဓက

ဗုဒ္ဓဘုရားသခင်သည် ဒေဝဒတ်မိုက်ကို အထင်ကြီး ကိုးကွယ်မိကာ ဒေဝဒတ်၏ တိုက်တွန်းချက်ကြောင့် ခမည်းတော် ဘိမ္မိသာရ မင်းကြီးကို သတ်လိုက်မိ၏။ ထိုအပြစ်အတွက် နောင်ဘဝ ရေပိုးသောအခါတွင် အလွန်ထိတ်လန့်ကြောက်ရွံ့ပြီးမအိပ်နိုင်မစား နိုင် ဒုက္ခပင်လယ် ဝေနေတော့လေသည်။ ယင်းသို့ရှိနှုမ့ အကြံရပြီး ဆရာဗီဝက၏ သရက်ဥယျာဉ်တွင် သီတင်းသုံး နေတော်မူသော ဗုဒ္ဓထံသွားရှိ ကယ်တင်ပါရန် လျှောက်ထားခေါင်း ပန်လေသည်။

ဗုဒ္ဓရှင်မတော် မြတ်ဘုရား၏ တရားတော် ကြားနာရသော အခါ အဇာတသတ်စိတ်နှလုံး အေးချမ်းပြီး ကောင်းစွာ အိပ်နိုင်စားနိုင်၏။ အမြင်မှန်ကို ရရှိကာ ဗုဒ္ဓတရားတော်ကို လိုက်နာ

ကျင့်ကြံ အားထုတ်သောကြောင့် နောင်အခါတွင် 'ဝိဇိတာဝီ' အမည်ရှိသော ပစ္စေကဗုဒ္ဓ ဖြစ်လာမည်ဟု ဘုရားက မိန့်တော်မူခဲ့လေ၏။

ပူဇာစပူဇနေယျာနံ အဓိပ္ပာယ်

ဘုရား၊ တရား၊ သံဃာစသော ရုတနာသုံးပါးနှင့် အမိ အဘ ဆရာသမားကိုသည်၊ ပူဇော်ထိုက်သူများ ဖြစ်ကြ၏။ ပူဇော်တတ်က ကောင်းကျိုးရ ဆိုဘိသကဲ့သို့ ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မဂ်လာမည်လေသည်။

ယင်း သာဓက

မဋ္ဌကုဏ္ဍလီသားတို့သားသည်၊ နာမကျွန်း ဖြစ်နေကာသေခါနီး ဆဲဆဲတွင် မြတ်စွာဘုရားသခင် ကြွလာသည်ကို မြင်သဖြင့် လက်အုပ်ပင် ဖျာနှိုင်ကောဘဲသဖြင့် စိတ်ထဲကသာ ရှိခိုးပူဇော်ရရှာ၏။ ယင်းနောက် မကြာခင်မှာပင် မဋ္ဌကုဏ္ဍလီသတို့သား ကွယ်လွန်လေသည်။ ထိုသတို့သားသည် ဗုဒ္ဓအား စိတ်ဖြင့် ရည်ရွယ်ပူဇော်ခဲ့သော အကျိုးကြောင့် နောင်ဘဝလွန်တွင် နတ်ပြည်၌ နတ်သားဖြစ်လေသတည်း။

× × ×

ဒေဝပုတ္တ၊ နတ်သား။ ပတိရူပဒေသဝါသောစ၊ အကြင် တင့်အပ်လျောက်ပတ်သော အရပ်၌ နေခြင်းသည်ရင်း၊ ပုဗ္ဗေ ရှေးဘဝ၌၊ ဃရေ ပုညကာရီ စ၊ အကြင် တောင်းမူပြုခဲ့ဘူးသောသူ၏အဖြစ်သည်ရင်း။ အတ္တသမ္မာ

ပဏာမ၀ိ၀ေ၊ ထကြင်မိမိကိုယ်ကို ကောင်းစွာ ဆောက်တည်ခြင်းသည်ရင်း။ အတ္တိ၊ ရှိ၏။ ဧတံ၊ ဤသုံးပါးသောတရားသည်။ ဥတ္တမံ၊ မြတ်စွာသော။ မဂ်လံ၊ မင်္ဂလာပည်၏။

ပတိရူပဒေသ၀ါသော ၀အ၀ိပ္ပ၀ါယ်

ဥစ္စာမရလျှင် ကုသိုလ်ရှိရမည်။ ကုသိုလ်မရလျှင် ပညာရှိသည်။ ပညာမရလျှင် ဥစ္စာရှိရမည်။ ထိုသို့တစုံတခုရသော အရပ်သည် သင့်တော်သော အရပ်မည်၏။ ထိုအရပ်မျိုးတွင် နေထိုင်ဆုသည် ကြီးပွား ချမ်းသာနိုင်၏။ သို့ကြောင့်ပျော်ရွှင်မှုမှာမနေရ တော်ရှာမှုမှာနေရမည်ဟု ဆိုစကားရှိခဲ့လေသည်။ သင့်တော်သော အရပ်၌ နေထိုင်ခြင်းသည် မင်္ဂလာမည်လေသည်။

ယင်းသာ၀က

ပတိရူပ ရွာကလေးသည် ရွာဦး ဘုန်းဘာသာကြီး ကျောင်းလည်းရှိသည်၊ ဘုရားစေတီလည်း ရှိသည်။ သို့ကြောင့် ဥပုသ်သီတင်း သီလ ဆောက်တည်နိုင်သည်၊ ဘုရားဝတ်ပြု နိုင်သည်။ ရွာနီးဝန်းကျင်၌ လယ်ယာကိုင်းကျွန်းလုပ်ကိုင်နိုင်သောမြေများ ရှိဝသာကြောင့် သီးနှံများစိုက်ပျိုးနိုင်သည်။ မြို့နှင့်ဆက်သွယ်သော ကုန်းလမ်း ရေလမ်းများရှိသဖြင့် မြို့နှင့် ကုန်သွယ်နိုင်သည်။ ရွာတွင်းစျေးရှိဝသာကြောင့် အဆောင်းအဝယ် လုပ်နိုင်သည်။ ဤရွာကလေးတွင် နေထိုင်သူများ စီးပွားဥစ္စာပြည့်စုံ၍ စိတ်ချမ်းသာကိုယ်ချမ်းသာရှိကြသည်။

ပုဗ္ဗေစရိတပုညတာအဓိပ္ပာယ်

ရှေးထုပ်ခဲ့ဘူးသော ကုသိုလ်ရှိသူများသည် ကြွယ်ဝချမ်းသာကြ၏။ အစားဆင်းရဲခြင်း၊ အဝတ်ဆင်းရဲခြင်း၊ အနေဆင်းရဲခြင်းမရှိကြ။ ဤသို့ ရှေးကုသိုလ်ကံကြောင့် မဆင်းရဲသည်မှာ လည်းမင်္ဂလာမည်၏။

ယင်းသာဓက

ဝိသာခါ သူဌေးမကြီးသည် ရှေးက ပြုခဲ့ဘူးသော ဒါန ကုသိုလ်ကြောင့် ထိုဘဝတွင် အလွန်ချမ်းသာကြွယ်ဝ၏။ သူမ အတွက် လိုအပ်သော ပစ္စည်း ဥစ္စာဟူ၍ ဘယ်အခါမှမရှိ။ မရှိဟူသောစကားကို မကြားစဖူးချေ။ ရှေးဘဝကကုသိုလ်ကြောင့် ကြွယ်ဝချမ်းသာလွန်းသော ဝိသာခါ သူဌေးမကြီးသည်၊ ယခုဘဝတွင်လည်း ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းပြုနိုင်သောကြောင့် 'ကျောင်းအမကြီးဝိသာခါ' ဟု ကျော်ကြားပြန်လေသည်။

အတ္တသမ္မာပဏိဓိစအဓိပ္ပာယ်

မိမိကိုယ်ကို ကောင်းစွာ ထိန်းသိမ်းရသည်။ ထိုသို့ထိန်းသိမ်းနိုင်သူများသည် မကောင်းသော ပတ်ဝန်းကျင်၏ ဆွဲဆောင်ရာကို မပါပဲ လူကောင်းလူလီမှာအဖြစ်နှင့် ကြီးပွားချမ်းသာနိုင်ကြသည်။ ယင်းကြောင့်မိမိကိုယ်ကို ကောင်းစွာ ထိန်းသိမ်းဆောက်တည်ခြင်းသည် မင်္ဂလာမည်ပေသည်။

ယင်းသာခက

သမ္ဘူလ မင်းသမီးသည် တောကြီး ထဲတွင် သွားလာကာ သစ်သီးများကို ရှာဖွေ၍ လင်သောတို့သနရှိထု ပြန်လာစဉ် ဒါနောဘီလူးနှင့်ခတ္တုကြုရာ ဘီလူးက ချစ်ကြိုက်၍ အမေမကြိုသော်လည်း အကြံမခံပဲ မိဒိကိုယ်ကိုကာင်းစွာထိန်းသိမ်းကာ လင်ထံသို့အရောက်ပြန်လာခဲ့လေသည်။

× × ×

ဒေဝပုတ္တ၊ နတ်သား၊ ဗာဟုဿစွဲ၊ အကြား အမြင် ၎င်များ၊သောသူ၏ အဖြစ်သည်ရင်း၊ သိပ္ပဉ္ဇ၊ အကြင်လက်မှုပညာစသည့် အတတ်ကို တတ်ခြင်းသည်ရင်း။ သုသိက္ခိတာ၊ ကောင်းစွာသင်အပ်သော၊ ဝိနာယောစ၊ အကြင်ဝိနည်းဘရားသည်ရင်း။ သုဘာသိတာ ကောင်းစွာဆိုအပ်သော၊ ယာဝဝါစ၊ အကြင်စကားသည်ရင်း။ အတ္ထိ ရှိ၏။ တေ၊ ဤခလေးပါးသော တရား သည် ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏။

ဗာဟုဿစွဲ အဓိပ္ပာယ်

ပညာဗဟုသုတကို ရှာမှီးဆည်းပူးသောသူတို့ အသိပညာနှင့် ပြည့်စုံကာ၊ လူအများ၏ ပူဇော်သက္ကာယ ပြုခြင်းကို ခံယူရပြီး ကြီးပွားချမ်းသာနိုင်သည်။ ထို့ကြောင့် အကြားအမြင် ဗဟုသုတများခြင်းကို မင်္ဂလာ ဟုဆိုးလသည်။

ယင်းသာဓက

ဝန်းဇင်းရွာသူကြီး၏သမက် မောင်ရုဇာသည် စာမျှားမျှားဖတ်၏။ သူသည်တွေ့သမျှကြုံသမျှစာကို အကုန်ဖတ်၍ မှတ်သားထားခဲသောကြောင့် သူ့အား 'စာတို ဥည့်'ဟု အမျှားကခေါ်ကြသည်။ မောင်ရုဇာသည် လယ်ထွန်ရင်းမှာပင် ထွန်နားချိန်၌ စာဖတ်၏ ဘုရင်မင်းမြတ်က မိတ္တိလာဏန်ဘောင်ရိုးတွင်ရှိသော နတ်စင်အကြောင်းမေးသောအခါ အခြားသူမျှား မဖြေနိုင်ကြပဲ မောင်ရုဇာသာ ဖြေနိုင်ခဲသကြောင့် ဘုရင်က ပညာရှိအမတ်ကြီးအရာ ခန့်ထားခြင်းခံရလေသည်။

သိပ္ပဥာဏ်ခိုပ်ဘုယ်

လောကတွင် **အတတ်ပညာမရှိလျှင် ဆင်းရဲပင်ပန်း၏။ပညာ**
မရှိ သူ၏ဝန်ထမ်းဆိုသည့်အတိုင်း ပညာမရှိသူတို့သည် သူတပါး၏ **အလုပ်အကျွေး၊ အခိုင်းအစေ** ဖြစ်ကြရသည်။ သို့ကြောင့် လူဟုဖြစ်လာလျှင်**ပညာမရှိသူ**တို့မှာ ပင်ပန်းဆင်းရဲကြ၏။ အသက်မွေးမှု ပညာ **စာ**ခုခုကို သင်ယူ **ထား**သူတို့မှာ **သက်**တောင့်**သက်**သာ **အသက်**မွေး ကြရ**လေ**သည်။ ကြီးပွါး **ချမ်း**သာ**ခြင်း**သည်လည်း ဖြစ်နိုင်၏။ **ယင်း**ကြောင့်**အ**သက်မွေးဘို**အ**တတ်ပညာတခုခု တတ်**ထား**ခြင်း**သည်လည်း** မှန်လာဖြစ်**လေ**သည်။

ယင်းသာဓက

ဗာရာဏသီပြည်တွင် လက်သမားဆရာကြီး တယောက်ထည် လက်သမားအတတ်တွင် ပြိုင်ဘက်မရှိ တတ်ကျွမ်း၏။ ထိုဆရာကြီးထံတွင် တပည့်ခံသူတွေ အများအပြား ရှိလာသည်။ ဆရာကြီးသည် လက်သမားအလုပ်နှင့် အလွန်ကြီးပွါး ချမ်းသာလာသည်။ တပည့်တွေလည်း သောင်းကျော်အထိ များပြားလာသည်။ ထိုအခါ ဆရာကြီးသည် တပည့်အိမ်ထောင်စု အားလုံးကိုခေါ်ကာ ဟိမဝန္တာအနီးသို့ ပြောင်းရွှေ့၍ မြို့တည်ကာ ဆရာကြီးသည် မင်းပြုလုပ်လေ၏။

ဝိနယောစသုသိကွဲတောအဓိပ္ပါယ်

မိဘအပေါ်ပြုကျင့်ရမည့် ကျင့်ဝတ်ကို နားသည်သောသားသမီး၊ ဆရာ့အပေါ် ပြုကျင့်ရမည့် ကျင့်ဝတ်ကို နားလည်သော တပည့်များသည် ကြီးပွါး ချမ်းသာကြ၏။ ယင်းကြောင့် ကျင်ဝတ်တရား နားလည်သည်ကို မဂ်လာဟုခေါ်ဆိုသည်။

ဓာင်းသာဓက

ဗာရာဏသီပြည်မှ ဗြဟ္မဒတ်မင်းသားသည် တက္ကသိုလ်ပြည်သို့ ပညာသွားသင်ယူစဉ် ဆရာကြီး၏ ဝတ်များကို ပြု၏။ ဆရာကြီးက သင့်မိဘများကိုထော ငါ့အား ဝတ်ပြုသလို ပြုပါ

ခဲ့လေးဟု မေးဏီ။ မင်းသားက ပြုပါကြောင်းပြောလေသည်။ ထိုအခါ ဆရာကြီးသည် မင်းသားအား သူတော်သမျှပညာကို အကုန်အစင် သင်ပေးရှိ သမီးချောနှင့် ထိမ်းမြားလက်ထပ်ပေးလေသည်။

သုဘဝ်သိတာစယာဝ ဓိစာအဓိပ္ပါယ်

နှုတ်ချိုလျှိုဝပါး ဆိုသည်အတိုင်း မှန်သောစကား၊ ယဉ်ကျေး ပြေပြစ်သော စကား၊ ချိုသာသော စကားများသည် ကောင်းသောစကားဖြစ်၏။ ဓလိမ်မည်သာ မှန်သောစကား ပြော ဆိုသူ၊ ယဉ်ကြေးသိမ်မွေ့စွာ ပြောဆိုသူ၊ ချိုချိုသာသာ ပြော ဆိုသူတို့ကို လူချစ်လူခင် များသောကြောင့် ကုညီမည်သူပေါ သဖြင့် ကြွယ်ဝချမ်းသာသည်။ ယင်းကြောင့် ကောင်းသော စကားပြောဆိုခြင်းသည် မင်္ဂလာမည်လေသည်။

ယင်းသာဓက

သူဌေးသား ဆေးယောက်ခ်သည် အတူဇကွ ခရီးသွားကြ ရင်း အမဲသားသည် အဦးကိုတွေ့ရာ အကျိုးကြီး သုံးယောက်တို့ သည် အမဲသားများကား ကြမ်းတမ်း ရှုံ့ရင်းလော စကားကို ပြောဆိုကြပြီး အမဲသားများကို ဝယ်၏။ အမဲသားသည်က ထို သူတို့စကားကို မနှစ်သက်သောကြောင်းမရောင်းချေ။ ညီအငယ် ဆုံးသည် ယဉ်ကျေးချိုသာစွာပြောရှိ အမဲသားဝယ်သည်။ အမဲ သားသည်က ထိုလုံ့စကားကို နှစ်သက်သောကြောင့် အဖိုး အဝယူပဲ အလကားပေးလိုက်၏။

ဒေဝပုတ္တာ၊ နတ်သား။ မာတာပိတု၊ ဃမိဿာတို့ကို။ ဥပဋ္ဌာနုဇ္ဇ၊ လုပ်ကျေးမှုမြှင့်သည်ရင်း။ ပုတ္တဒါရသား သမီးမယားတို့ကို သင်္ဂဟာ၀၊ သင်္ဂြိဟ်ဆောက်ပံ့ခြင်းသည်ရင်း။ အနုဝကုလာ၊ အဆွေနှာက်အယှက် မရှိကုန်သော။ ယေ ကမ္မန္တာ၀၊ အကြင်အမှုတို့ကို ပြုခြင်းသည်ရင်း။ အတ္တာ၊ ရှိ၏။ ဧတေ၊ ဤသုံးပါးသော၊ ဥတ္တမံ၊ အကျင့်မြတ်သည်။ မင်္ဂလံ၊ မင်္ဂလာမည်၏၊

မာတာပိတုဥပဋ္ဌာနံအဓိပ္ပါယ်

အမိဿာတို့ကို ရှိသေစွာ လုပ်ကျေးပြုစုခဲသော သူသည်၊ ဘုန်းကြီး၍ အသက်ရှည်၏။ မိဘကို မပို့မသေ ပြုစုသူသည် ဘုန်းကြီးသော်လည်း အသက်မရှည်၊ အသက်ရှည်သော်လည်း ဘုန်းမကြီးဆင်းရဲဒုက္ခြင်စွာ နေရတတ်သည်။ယင်းကြောင့် မိဘတို့အားလုပ်ကျေးပြုစုခြင်းမှာ မင်္ဂလာမည်ပေသည်။

ယင်းသ၀ဏ

ဘုရားအာလာင်း သုဝဏ္ဏသာသည် မျက်မမြင်မိဘနှစ်ဦးတို့ကို လုပ်ကျေးပြုစုခဲ့၏ ပိဋ္ဌိယကွမင်းကြီး အထင်မှားကာ မြှားနှင့်ပစ်ခြင်းကို ခံရသော်လည်း မိဘတို့ကို လုပ်ကျေးပြုစုခဲ့သောအကျိုးကြောင့် အသက်မသေရုံမက ဧရာဘုံးကြီးဝလေးလုံးကို ရရှိကာ မိဘတို့ပါ မျက်စိအလင်းရစေသည်။

ပုဏ္ဏဒါရသည်သင်္ဂဟောအဓိပ္ပါယ်

ဇနီးကို ချီးမြှောက်သူသည်၊ ဇနီးကြင်နာယုယခြင်းကို ခံရသောကြောင့် စိတ်ချမ်းသာ ကိုယ်ချမ်းသာ နေရ၏။ သားသမီးများကို ချီးမြှောက်ထောက်ပံ့သူလည်း သားသမီးများ ကြီးပြင်းလာသောအခါ ပြန်လည် လုပ်ကျွေးခြင်းကို ခံယူရသောကြောင့် ချမ်းချမ်းသာသာ နေရ၏။ ယင်းကြောင့် ဇနီးသားသမီးများကို ချီးမြှောက် ထောက်ပံ့ခြင်းသည် မဂ်လာမည်ပေသည်။

ယင်းသာဓက

ကောသမ္ဗီပြည်မှ သူကြွယ်ဘဦးတွင် သားနှစ်ယောက်ရှိ။ သူသူကြွယ်သည် သား နှစ်ဦးယောက်အား လယ်ယာမြေတို့ကို အမွေခွဲဝေပေးပြီး မကြာမီတွင် ကွယ်လွန်သွား၏။

သား,အကြီးသည် မိဘထံမှ အမွေ ရရှိခဲသော လယ်ယာကို ကောင်းစွာ လုပ်ကိုင်လျက် သား ယောကျ်းများကို ကျွေးသည်။ ဇနီးအား၊လည်း ချီးမြှောက်၍ သား သမီးများအား၊လည်းချီးမြှောက်ထား အတတ် ပညာများ သင်ကြားပေး၏။

သား အငယ်မှာ အမွေ ရသည့်နေ့မှ စ၍ သုံးပြုန်းကာ ဇနီးကိုလည်း မချီးမြှောက်၊ သား သမီးများကိုလည်း မချီးမြှောက်ပဲ သူဘကိုယ်တည်း ဝေပျာပါးမှု အတွက်သာ သုံးပြုန်း နေလေသည်။

အမေ့ရရှိသော ပစ္စည်းများ ကုန်သော အခါ ဇနီး ပြစ်သူသည် သူ့အား ပြစ်ချပြေး၏။ သား သမီးများကလည်း သူ့ကို ဂရုမစိုက်ကြတော့ချေ။ ထိုသူ အသက်ကြီးရင့်လာသော အခါ ခွက်လက်စဲ့ချ် တောင်းစား၏၊

အကြီးလူမှာ ဇနီး၏ ပြုစု ယုယခြင်းကိုလည်း ခံရသည်။ ထသက်ကြီးသော အခါ သား သမီးများက ပြုစု ကျေးမွေး သားသောကြောင့် အေးချမ်းစွာ တရားနှလုံးသွင်းချိန်ရှိပါသည်။

အနာကုလာဝ ကမ္ဘာ အစ်ပွါယ်

ကောင်းသော ကုန်သွယ်ခြင်းများ ပေါ်ပေါ်သော လယ်လုပ်ခြင်း အလုပ်ကို ရိုးသားစွာ လုပ်ကိုင်သော သူ၊ အလုပ်ကိုကြိုးစား လုပ်ကိုင်သူသည် ကြီးပွား ချမ်းသာနိုင်ကြ၏။ ထို့ကြောင့် အေးချမ်းစွာနေ့သားစွာ အလုပ် လုပ်ခြင်းသည် မဂ်သာ မှည့်လေသည်။

ယင်းသာဝက

ဒေဝဒတ် အာလောင်း ရှိကုန်သည့် သည် သူကြွယ်ဟောင်း တဦး ဇနီးနှင့် သမီးကလေးအား ရွှေခွက်ကို ကြေးခွက်ဟု လိမ်ပြောကာ ပဝက်မျှပင် မဘန်ဆို၍ အချောင်ရဇအာင် ကြံသည်။ ဘုရားအလောင်း ရှိကုန်သည်ကတော့ ရွှေခွက်ကို ရွှေအစစ်ဖြစ်သည်ဟု ရိုးသားစွာ ပြောသည်။ ဥစ္စာရှင် ကျေနပ်သောကြောင့် အသာပြာ တသိန်းထိုက်သော ရွှေခွက်ကို သူ့တွင်ပါသော ရွှေမျှားနှင့်လဲယူရာ စေ့ားသက်သက် သာသာနှင့် ရသွား

သည်။ လူလိမ်ကုန်သည် သည် တပတ် ပြန်ကျော့လာသော အခါ ရှေ့ခွင်းမရှိတော့သဖြင့် လောဘ ရေမွက်ကြောင့် ရှုံးသွားခဲလေသည်။

× × ×

ဒေဝပုတ္တာ၊ နတ်သား။ ဒါနဥ္စား၊ အလှူပေးခြင်းသည်ရင်း၊ ဝံမွေ့ရိယားစားမြတ်သောဘုရားကို ကန်ခြင်းသည်ရင်း။ ဥာဏတကာနုံ၊ အာဆေ အမျိုးတို့ကို၊ သင်ဟောစား သင်ကြိုက် ထောက်ပံ့ခြင်းသည်ရင်း။ အနုဝံဇာနိုး၊ အပြစ် ရှိ ကုန် သော၊ ကမ္မာနိုစ၊ အမှုတို့ကို ပြုခြင်းသည်ရင်း။ အတို့၊ ရှိ ၏။ တေ၊ ဤလေးပါးသောတရားသည်။ ဥတ္တမံ၊ မြတ် စွာ၊ သော။ မင်္ဂလံ၊ မင်္ဂလာမည်၏။

ဒါနဥ္စာခိပ္ပဝယ်

ပေးကမ်းလှူ၊ ဒါန်းခြင်းသည် အခြေအရံမျာ၊ ၍ အကြောင်း ရှိသောအခါ အကူအညီရသောကြောင့် အလုပ်ကို အောင်မြင် နိုင်၏။ နောင်တမလွန်ခ်ိန်လည်း လူချမ်းသာ နတ်ချမ်းသာ အဖြစ်ကို ရနိုင်သည်။ ထို့ကြောင့်ပေးကမ်းလှူ၊ ဒါန်းခြင်းသည် မင်္ဂလာ မည်လေသည်။

ယင်းသာဂေ

သာမိနမှင်းသည် အလှူတင်းကုတ် ၆—ခုကို ဆောက်၍ နေ့စဉ် ဥစ္စာခြောက်သိန်းကို လှူ၏။ ဥပုသ်သီတင်း ဆောက် ဘည်၏။ မိဓိဏာပြည်သူမျာ၊ နှင့်တကွ တိုင်းဘပါ၊သား၊တို့သည်

သာမိနမင်း၏အဆုံးအမ၌တည်၍ ဒါနကုသိုလ်မျှားပြုစာ ပေးကမ်း လှူဒါန်းကြခြင်းဝတ္ထုကြောင့် သေသောအခါ နတ်ပြည်သို့ရောက်ကြသည်။

ဝပ္ပစရိယာဝစ အဓိပ္ပာယ်

ကောင်းသောတရားကို ကျင့်လျှင် ကောင်းသော အကျိုးကို ရ၏။ တရားသဖြင့် လုပ်သောသူ၊ တရားသဖြင့်ပြောဆိုသောသူ၊ တရားသဖြင့် ကျင့်ကြံနေထိုင်သူတို့သည် စိတ်နှလုံး အေးချမ်းရှိကြီးပွား ချမ်းသာနိုင်ကြသည်။ ယင်းကြောင့် တရားတော်ကို လိုက်နာ ကျင့်သုံး ဆောက်တည်ခြင်းသည် မင်္ဂလာမည်လေသည်။

ယင်းသာဓက

ဓမ္မပါလရွာသားများသည် လောဘ၊ ဒေါသ၊ မောဟမရှိ မလိုမုန်းထား ခြင်းလည်းမရှိ၊ ချောပစ်ဂုန်းတိုက်ခြင်းမရှိ၊ ညူစူ စောင်းမြောင်းခြင်းမရှိပဲ ကောင်းမြတ်သော တရားတော်နှင့် အညီကျင့်ကြံ နေထိုင်ကြသောကြောင့် ထိုရွာတွင် အသက်ငယ် ငယ်ရွယ်ရွယ်နှင့် သေရသူလည်းမရှိ၊ တဦးနှင့်တဦး ခိုက်ရန်ဖြစ် ခြင်းလည်းမရှိခဲသောကြောင့် မင်းပြစ်မင်းဒဏ်မှ ကင်းဝေးကာ အေးချမ်းသာယာရှိလေသည်။

ညာတကဝနဋ္ဌသင်္ဂဟော အဓိပ္ပာယ်

အဆွေအမျိုးတို့အား ချီးမြှောက်ထောက်ပံ့ခြင်း အကူအညီ ပေးခြင်းတို့ကြောင့် မိမိ၌ အစကြောင်းကြီးငယ် ရှိလျှင်လည်း

အဆွေအမျိုးတို့က ကူညီဝိုင်းဝန်းထောက်ပံ့ခြင်း၊ ချီးမြှောက်ခြင်းကိုရရှိနိုင်သည်။ သို့ကြောင့် ဆွေမျိုးမျှားအား ချီးမြှောက်ထောက်ပံ့ခြင်းမှာ မဂ်လာမည်လေသည်။

ယင်းသာဓက

ပုဂံပြည်တွင် ထီးလိုမင်းလိုမင်းဟု တွင်သော 'ဇေယျသိခ်' မင်းသည် ဘုရင်အဖြစ်သို့ ရောက်ရှိသောအခါ နောင်တော် လေးပါးကို မိမိနှင့် အခွင့်အာဏာတူ ထားကာ ချီးမြှောက်သောကြောင့် ညီနောင်အချင်းချင်း စစ်ခင်းရသော အဖြစ်လည်းမရှိ၊ ညီညွတ်ခြင်းကြောင့် သူတပါး၏ ရန်ပြုခြင်းကိုလည်း မခံရပဲ နန်းသက်ရှည်စွာဝိုးစံရလေသည်။

အနုဝိဇ္ဇာနိုက်မ္မာနိအဝိပ္ပဝယ်

မိမိအလုပ်မှ အားလပ်သော အချိန်တွင် အမျှားသွားလာသောလမ်းကိုပြုပြင်ခြင်း၊ သစ်ပင် ဥယျာဉ်စိုက်ပျိုးခြင်း၊ အိမ်ဟွင်းအိမ်ပြင်နှင့် အမျှားသွားလာသောလမ်း၊ အမျှားဘည်းခိုသောဇရပ်တို့၌ အမှိုက်သရိုက်လှဲကျင်း ရှင်းလင်းခြင်း စသော အလုပ်မျိုးကို လုပ်ခြင်းသည် ကောင်းသော အလုပ်မျှားဖြစ်၍ ထိုအလုပ်မျိုးလုပ်ခြင်းမှာ မဂ်လာမည်၏။

ယင်းသာဓက

မစလရွာ၌ မာဃလုလင် ခေါင်းဆောင်သော လူငယ် လူရွယ် သုံးဆယ်သုံးယောက်သည် အားလပ်သည့်အချိန်များတွင် အမျှား သွားလာစသော ရွာလမ်းကိုပြင်ခြင်း၊ ခရီးသွားတို

နှားခိုရန် စရပ်ဆောက်ခြင်း၊ ခရီးသွားတို့ မောပန်းလာသည့် အခါ ဝင်ရောက်ရန် ရေချမ်းစင်ထားရှိခြင်း၊ မိမိတို့အိမ်နှင့် ရွာလမ်းများ ကျောင်းကန်ဇရပ်များတွင် အမှိုက်မြက်ပင်တို့ကို ရှင်းလင်း သုတ်သင်လဲကျင်း ကြသောကြောင့် တမလွန်ဘဝနတ် ပြည်သို့ ရောက်ကြသည်။ ခေါင်းဆောင် မာဃလုလင်သည် သီကြားမင်းဖြစ်လေ၏။

\+ × +

ဒေဝပုတ္တာ၊ နတ်သား။ ပါပါ၊ မကောင်မှုမှု။ အာရုတီစ၊ ဝေးစွာရှောင်ကြဉ်ခြင်းသည်ရင်း။ ဝိရတီစ၊ အထူးပြု၍ ရှောင်ကြဉ်ခြင်းသည်ရင်း။ မဇ္ဇပါနာ၊ သေရည်သေရက် သောက်ခြင်းမှ။ သံယမောစ၊ တော်ဝင်းစွာ စောင့်စည်းခြင်းသည်ရင်း။ ဓမ္မသု၊ ကုသိုလ်ကောင်းမှုတို့၌။ အပွမ္ပာဒေါစ၊ မမေ့မလျော့ခြင်းသည်ရင်း။ အတ္ထိ ရှိ၏။ ဇတ်၊ ဤလေးပါးသော တရားသည်။ ဣတ္ထမ်၊ မြတ်စွာသော မင်္ဂလာ၊ မင်္ဂလာမည်၏။

အာရုတီပါပါအာဒိပွာယ်

လာမဲ့ဘေး အဝေးကရှောင်ဆိုသည့်အတိုင်း၊ မကောင်းမှုကို ပြုလုပ်ရန်စိတ်ထဲကမကြံစည်ပဲ အဝေးကရှောင်ခြင်းမှာ မင်္ဂလာမည်လေသည်။

ယင်းသာဓက

ရှင်မဟာကဿပအလောင်း ပိပ္ပလိလုလင်အား မယ်သဒ္ဒါ ဘိုသူဌေးပျို့ချောနှင့် နှစ်ဖက်သောမိဘတို့ သဘောတူ စိတ်တူ

ထိမ်းမြား လွှက်ထပ် ပေးထားသော်လည်း၊ ၎င်းတို့ နှစ်ဦးသည် မကောင်းသော မေထုန်မှုကို မပြုကြပဲ စိတ်တူသဘောတူ ဝန်ကြ၏။ ပြီးလျှင် လူ့ဘောင်၌ ဝတ်ကြောင်နှင့်နေလျှင် အကုသိုလ်တရား ပွားများမည်ကိုသိသဖြင့် ဗုဒ္ဓထံသွားကာ ရသေ့ရဟန်းပြုကြလေသည်။

ဝိရတိပါပါ အဓိပ္ပါယ်

မကောင်းမှုကို တွေ့ကြုံလာလော အခါ မလွန်ကြူးမိအောင် ရှောင်ကြဉ်ခြင်းသည် အထူးပြု၍ ရှောင်ကြဉ်ခြင်းဖြစ်၏။ ယင်းသို့ ရှောင်ကြဉ်မှုနှင့် ခက်ခဲသောကိစ္စ၌ ရှောင်ကြဉ် ခြင်းသည် မင်္ဂလာမည်လေသည်။

ယင်းသာဓက

မဟာပဒုမ မင်းသားအား ဖခင်ဘုရင်ကြီး စစ်တိုက်ထွက်နေစဉ် မိဘုရားဖြစ်သူက အိပ်ယာမှုနေကာ မပြင်အပ်သော စံမက်စရာကိုပြု၍ မေထုန်မှုပြုရန် ဖြားယောင်းသည်။ ဘုရားအလောင်းသည် မိဘုရား၏မာယာမှ ရှောင်ကွင်းခဲ့၏။ မိဘုရားသည် မဟာပဒုမ မင်းသားအပေါ် မကြေနပ်ခသောကြောင့် ဘုရင်ကြီးပြန်လာသောအခါ မင်းသားက သူ့ကို မဟာဒယား လုပ်ရန်ကြံပါသည်ဟု ဂုန်းတိုက်၏၊ ဘုရင်ကြီး တရားယဉ်ယုံပြီး သားဖြစ်သူ မဒုမ မင်းသားကို တောင်ခါးပြတ်မှု ပစ်ချသတ်စေခဲ့သည်။ သို့သော်လည်း မဟာပဒုမ မင်းသားမသေ။ တောင်စောင့်နတ်က ကယ်တင်လိုက်လည်း။ မဟာပဒုမမင်းသား ဟိမဝန္တာ၌ ရဟန်းပြုသည်။

မဇ္ဇပါနာစသံယမောအဝိပ္ပါယ်

မည်မျှ ပညာရှိသော်လည်း မည်မျှ ချမ်းသာကြွယ်ဝသော်လည်း အရက်ခသမား သောက်စားသူအား အရက်သမားဟုသာ ခေါ်ဆိုကြသည်။ အရက်မူးခဲ့လျှင်သည် သူ့ရူးနှင့်တူ၏။ မိမိစိတ်ကို ထိန်းသိမ်းနိုင်ခြင်းမရှိပေ။ ယင်းကြောင့် အရက်သမားကို လူမျှား လေးစားခြင်းမရှိချေ။ အရက်မူးသောအခါ အမှားများကိုလည်း ပြုလုပ်ကျူးလွန်မိတတ်သည်။ သို့ကြောင့် အရက်သေစာကို ရောင်းကြခြင်း၊ လုံးဝမသောက်ပဲနေခြင်းမှာ မဂ်လာမည်လေသည်။

ယင်းသဝဏ္ဏ

ဘုရားအလောင်းတော်သည် နှစ်ဦးအခါ ဗရက်သမား ယစ်ဆုပ်ကြီးဘဝက၊ အရက်ဝိုင်းတွင် အနလောင်းအစား ပြုကြရင်းဖြင့် အကျင့်သီလကောင်းချီ မာန်ကြီးသော ဇိုဠ္ဍမာနအခေါ်အမျိုးသမီးကို ဘဏ္ဍယ်မချင်ပဲနှင့် ချင်ဟန်းဆောင် ဖျက်ဆီးကာ မိမိနောက်မှ သေရည်အို ကို ရွက်၍ လိုက်ပေးခဲ့သောကြောင့်၊ ဇိုဠ္ဍမာန အခဲမကျေနိုင်ဖြစ်ပြီး ဘုရားဖြစ်၍ မျှားစွဲသော ပရိသတ်ကို တရားဟောနေစဉ် ကိုယ်ဝန်အတူ ပြုလုပ်ကာ စွပ်စွဲအရှက်ခဲခြင်းကို ခံရလေသည်။ ယင်းသည် အရက်သောက်သောကြောင့် မှားခဲ့မိခြင်းဖြစ်၏။

အပ္ပမာဒေါ စေမေ့သုအဝိပ္ပါယ်

တရားတော်ကို ဟောစဉ်သတိပြုကာ မမေ့မလျော့သော သတိနှင့် နေထိုင်လျှင် အမှားအယွင်းမရှိနိုင်။ ယုတ်မာသောမကောင်း

သောအကျင့်ကိုလည်း ဘယ်အခါမှ မကျင့်တော့သဖြင့် လူတို့၏ စလေးစားရှိသေခြင်းကို ခံယူရသည်။ သို့ကြောင့် တရားတော်ကို မမေ့မလျော့ခြင်းသည် မင်္ဂလာမည်လေသည်။

ယင်းသို့ဝိုက

မဟာဇနကသည် ပင်လယ်တွင်း သင်္ဘောပျက်၍ အပြောကျွယ်လှစွာသော ရေပြင်၌ ကူးခတ်နေရစဉ်တွင် ဥပုသ်သီလကို မပျက်မယွင်းအောင် ဆောက်တည်ခြင်းကြောင့် မေဝလာ နတ်သမီး၏ ကယ်တင်ခြင်းကို ခံယူခဲ့ရသည်။ နောင်မင်းဖြစ်၍မိဖုရား ပေါင်းများစွာနှင့် ကြီးကျွယ်သော စည်းစိမ်တို့ စံစားနေစဉ် ဥယျာဉ်တော်မှအပြန် သရက်ပင်၏ ပျက်စီးခြင်းကို မြင်ကာမျှဖြင့် သတိတရားရကာ မျိုးစုံသော မိဖုရားနှင့် ကြီးကျယ်သော စည်းစိမ်တို့ကိုစွန့်ကာ တောထွက်၍ တရား ကျင့်သောကြောင့် နတ်ပြည်သို့ ရောက်ရပြီး နောင်သောအခါ ဗုဒ္ဓဘုရား ထင်ရှားဖြစ်လာရပေ၏။

× × ×

ဒေဝဒတ္တ၊ နတ်သား၊ ဂါရုဝေါစ၊ ရှိသေထိုက်သောသူကို ရှိသေခြင်းသည်ရင်း။ နိဝါဒတာစ၊ မိမိကိုယ်ကို နှိမ်ချခြင်းသည်ရင်း။ သန္တုဋ္ဌိစ၊ ရောင့်ရဲလွယ်ခြင်းသည်ရင်း၊ ကတညုတာစ၊ သူတပါးပြုဘူးသော ကျေးဇူးကို သိခြင်းသည်ရင်း။ ကာလေန၊ သင့်တင့် လျောက်ပတ်သောအခါ၌၊ ဓမ္မသာဝဏာ၊ တရားတော်ကို ကြားနာခြင်းသည်ရင်း။ အတ္ထ ရှိ၏။ တော်၊ ဤငါးပါးသောတရားသည်။ ဥတ္တမ၊ မြတ်စွာသော။ မင်္ဂလ၊ မင်္ဂလာမည်၏။

ဂါရဝေါစအဓိပ္ပါယ်

မိမိထက် အသက်အားဖြင့် ကြီးသောသူ၊ မိမိထက်ပညာဂုဏ်သီလဂုဏ်၊ သမာဓိဂုဏ်ကြီးသောသူတို့ကို ရိုရိုသေသေ ပြောဆိုဆက်ဆံခြင်းကြောင့် လူအများ၏ ချစ်မြတ်နိုးခြင်းကို ခံယူရကာ လူအများကလည်း မိမိကိုရိုသေသည်၊ ယင်းကြောင့် ရိုသေလိုက်သူကို ရိုဘေခြင်းသည် မင်္ဂလာမည်လေသည်။

ယင်းသာခက်

မိတ္တဝိန္ဒကသည် မိဘထို့ဆိုဆုံးမသည်ကို မနာခံ မိဘတို့ကို နှုတ်တို့ပြန်ကာ အော်ဟစ် ပြောဆိုကာ မရိုမသေ ပြုသော်ကြောင့် လူအများက ရှုံ့မှုန်းခြင်းကိုခံရကာ ရပ်ရွာမှ နှင်ထုတ်ခြင်းကိုခံရသည်။သူရောက် လေရာ အရပ်တိုင်းမှာလည်း ထမ်မှတ်ခေါင်ပါးသော ဘေးကျရောက်နေသည်နှင့်သာ ကြုံခဲ့ရ၏။မိတ္တဝိန္ဒကကို ဘုရားကောင်ဆိုပြီး မည်သူမျှ လက်မခံကြ။ ဘုရားကောင်ဟုလည်း ရှုပ်စဲ့ထိုက်သည်။မည်မျှ သာယာ ဝေပြောနေသောအိမ်ဖြစ်စေ သူရောက်လာလျှင် ဒုက္ခ ဝတ္တကြရသည်။ သို့ကြောင့် သူ့ကိုဘယ်သူမှ လက်မခံထားကြ။

မိတ္တဝိန္ဒကတို့ နေစရာလည်း မရှိ၊ စားစရာလည်း မရှိ ခြေဦးတည်ရာသို့ သွားနေရင်းနှင့် ငရဲသို့ ရောက်သွား၏။ ငရဲသားများသည် ရဲရဲနီသော မီး သံမှိုပူကြီးများကို ပန်၍ စက်ဝိုင်းသန္ဓေန်လည်နေသည်။မိတ္တဝိန္ဒကသည် ရဲရဲနီသော မီး သံမှိုကြီးကိုပန်းဟုထင်ကာ ဇောင်းယူပန်ဆင်၏။ပြီးနောက် သင်ခုန်းစက်ငရဲဘုံ အမှင်လာသော် ဝင်၍ခံရလေသည်။

နိုဝါတောဝ အဓိပ္ပာယ်

မောက်မာခြင်း၊ မာန်မာန ထောင်လွှားခြင်းမပြုပဲ၊ မိမိကိုယ်ကို နှိမ်ချ၍ပြောဆိုဆက်ဆံသူကို လူချစ်လူခင် ပေါများသည်။ ကူညီစောင့်ရှောက်မည့်သူများ ရှိသည်။ သို့ကျောင့် မိမိ ကိုယ်ကို နှိမ်ချခြင်းသည်လည်း ဝင််လာ မည်ဖြစ်သည်။

ယင်းသာဓက

ဗာရာဏသီပြည်မှ ဘုရား အလောင်း သူကြွယ်၏ မိတ်ဆွေ သူကြွယ်သည် နန္ဒ အမည်ရှိသော ကျွန်ကိုခေါ်၍ တာဝန်ထုတ်ဝတ် ဥစ္စာရုဏနာမများကို မြှုပ်နှံ၏။ နန္ဒကိုလည်း ငါကွယ်လွန်သည့် နောက် ငါ့သား အရွယ်ရောက်ရင် ဤနေထုကို ပြပ လေဟု မှာကြား၏။

ထိုသူကြွယ် ကွယ်လွန်သွားပြီး သူ့သား အရွယ်ရောက်လာသော အခါ နန္ဒသည် သူကြွယ်သားကို ခေါ်သွား၏။ ဥစ္စာရုဏနာတို့ မြှုပ်နှံထားသော နေရာတွင် ရပ်မိသော အခါ'မာန်တက်'လာပြီး သူကြွယ်သားအား မောင်းမဲ ကြိမ်းဝါးကာ ဥစ္စာရုဏ်းတို့ကို ပြပဲ ပြန်ခေါ်သွားသည်။ နောက်ဘကြိုမ်လည်း ဤသို့ပင်ပြုကျင့်၏။သူကြွယ်သားသည် ဘုရား အလောင်း သူကြွယ်ထံသွား၍ အခြောင်းစုံကို ပြောပြရာ ဘုရား အလောင်း သူကြွယ်လိုက်လာပြီး နန္ဒ ရပ်သော နေရာကို တူးစေရာ ဥစ္စာရုဏာတို့ကိုရ၏။သူကြွယ်သားသည် 'မိမိအား ဆဲရေး ကြိမ်းမောင်းသော နန္ဒကျွန်ကို အိမ်မှ နှင်လိုက်လေသည်။

သန္တုဒ္ဒိုစ အဓိပ္ပါယ်

ရသမျှနှင့် မရောင့်ရဲ မဘင်းတိမ်နိုင်လျှင် ပိုချိုပ်ချ ရဟန္တာ ရှာဖွေရစသောကြောင့် ပင်ပန်း ဆင်းရဲသည်၊ စိတ်လည်း ပူပန်ရသည်၊ ကိုယ်လည်း ပင်ပန်းသည်၊ မရောင့်ရဲနိုင်စသောကြောင့် အမြဲဘဝစ သောက ရောက်နေရသည်။ ရာဘမျှနှင့် တင်းတိန်ရောင့်ရဲနိုင်လျှင် စိတ်နှလုံးအေးချမ်းသည်။ လူလည်းမပင်ပန်း၊ သို့ကြောင့် ရောင့်ရဲလွယ်ခြင်းသည် မင်္ဂလာမည်လေသည်။

ယင်းသာဓက

သို့ဟုကျန်းမူ တိသမင်းကြီးသည် ဓစတိယတောင်သို့ သွားစာ နေ့စဉ်အလှူးပေး၏၊ ပြည်သူပြည်သားအချို့က မင်းကြီး အားအဘယ်ခကြောင့် ဓစတိယတောင်မှာချည့် အလှူပေးပါသလဲ တခြားအရပ်မှာလဲ လှူကောင်းပါတယ်ဟု မေးမြန်းလျှောက်တင်ကြသောအခါ မင်းကြီးသည်အနုဇုခမြို့သို့သွား၍ အလှူပေးလေ၏။

အနုရာခမြို့မှ ရဟန်းများသည် သောဘရမ္ဘက်ကြီးစွာအလှူခံယူကြလေသည်။ ထိုအချင်းအရာကို မင်းကြီး ‘မြင်သောအခါ ဓစတနာ ယုတ်လျော့သွားပြီး၊ ဓစတိယတောင်မှာသာ ပြန်၍ လှူ၏။ ဓစတိယတောင်မှ ရဟန်းများသည် စားလောက်ရုံ မျှတရုံသာ ခံယူကြသောကြောင့်ဖြစ်လေသည်။ ‘သဒ္ဓါတဲ့ ဆုမ်းတော်ရုံမှာရပ်’ ဆိုသကဲ့သို့ ရောင့်ရဲလွယ်ခြင်းသည် အကျိုးရှိပေ၏။

ကတညုတာ အဓိပ္ပါယ်

မိမိအားကျေးမွေး ပေးကမ်းဘုံးသူ၊ သွန်သင်ဆုံးမသူ၊ နွေတိုဖြင့် ကူညီသူ၊ ကိုယ်ထိလက်ရောက် ကူညီဘုံးသူတို့သည် မိမိ၏ကျေးဇူးရှင်များ ဖြစ်ကြ၏။ ထိုကျေးဇူးရှင်များကို မမေ့ပဲ ကျေးဇူးတုံ့ပြန်ခြင်းသည် မင်္ဂလာမည်လေသည်။

ယင်းသာဓက

ဘုရားရှင်သည်ပြည်မှ သူတောင်းစား တယောက်သည် သူ့ဦးသား တယောက်နှင့် လမ်းမှားဝင်ကာ ကာရိုးကာတိုး ခရီးသွားကြ ရသော်လည်း ထမင်းစားချိန်သို့ ရောက်ရသော အခါ ကိုယ့်ကံမခံ၊ ဆုံးကိုးပြုကြ၍ စားကြ၏။ သူတောင်းစား ထမင်းထုပ်ကွင်း ဟင်းပေါပါလာ၏။ ဦးသား ကမ်းထုပ်မှ ဟင်းနှံ့ခံ၍ စားရသဖြင့် သူ့ခဏ်းစားသောပါးသည် ကျန်ခဲ့ပြီ။

နောက်တစ်နေ့ကြွေးရောက်အခါ သူ့ဦးသား မှတ်ပေးခဲ့၍ ကာစပ်တွန်ကုန်ကာ ကုန်ကုန်ကုန်ကုန် ကြိုးကြိုး ကြိုး သို့ကို ကာရေးပစ်ကြပုံခိုင်ကား သူ့ဦးကို လွတ်လိုက်ပါ၏သည်။ ဘုရားက သူ့ခဏ်းစား ကာ ကာယမ်ကြီ ခဲ့ ကြ ခဲ့ ဤသို့ပြုစာတို့ကို ဝတ်ရောသောအခါ သူ့ကောင်းကျိုးကား ထိုသူ့ဦးစားအား ဟင်းနှံ့ကင်ခဲ့၍ ထမင်းစားခဲ့ကြသော ကျေးဇူးကြောင့် ထိုကျေးဇူးကို တုံ့ပြန်ရပါကြောင်း ပြောကာ ဘုရင်ကြီး သူတောင်းစားကို အလှူခံနှစ်သက် သဒ္ဓာကျွန်ပေသောကြောင့် စစ်သူကြီးအရာ ပေးခဲ့၍ သူ့ကောင်းပြုလေသည်။

ကာလနဲ့ဝမ္မသဝန် အာဓိပ္ပာယ်

အေးစေလိုလျှင် တရားနှာ–ဆိုးကားဆာတိုင်း တရားဝမ္မနှာ ကြားနေစဉ် စိတ်နှလုံး အေးငြိမ်းချမ်းသာ၏။ မှန်ကန်သော တရားမျိုးကို နှာကြားရသောကြောင့် အသိမှန်အမြင်မှန် ရကာ ဘဝတက္ကာပြတ်၍ နိဗ္ဗာန် မဂ်ဖိုလ်ကို မျက်မှောက် ပြုနိုင်သည်။ ယင်းကြောင့် တရားဒေသနာဟောပြောသည်ကို ကြားနာခြင်း သည် မဂ်လာမည်လေသည်။

ယင်းသာဝက

အနာတပိဏ်သူဌေး၏သား 'ကာလသည် ဥပုသ်လည်း မခစောင့် တရားလည်းနာသူမဟုတ်ချေ။ သူဌေးကြီးက သားအား ငွေငါးရာပေး၍ ဥပုသ်စောင့်ခိုင်းသည်၊ နောက်တနေ့တွင် ငွေငါးရာပေး၍တရားနာခိုင်းသည်။ 'ကာလ' သူဌေးသားတရား တော်ကို နာယူပြီးနောက် သောတာပန်ဆိုသည်ကို ရောက်၏။

(သောတာပန်ဆိုသည်မှာ ဒိဋ္ဌိ၊ ဇယူမှားခြင်း၊ ဝိစိကိစ္ဆာ၊ သို့လော သို့လော တွေးတော ယုံမှားခြင်း ဟူသော တရားနှစ်ပါးကို ပယ်ခွာကာ မဂ်သို့ဆိုက်ရောက်သော ပုဂ္ဂိုလ်ကို ခေါ်ဆို၏။)

ဒေဝပုတ္တ၊ နတ်သား။ခန္ဓီစ၊ သည်းခံခြင်းသည်ဂုဏ်း။ သောဝစသဟာဝ၊ သူတော်ကောင်းတို့ ဆုံးမစကားကို နာလွယ်သူ၏ အပြစ်သည်ဂုဏ်း။ သာမဏာနုံ၊ ရဟန်းတို့အား။ ဒဿနဠ၊ ဖူးမြင်ရခြင်းသည်ဂုဏ်း။ ကာလေန၊ သင့်တင့် လျောက်ပတ်သော အခါ၌။ ဓမ္မသာကစ္ဆာဝစ၊ တရားစကားကို ဆွေးနွေး ဝေးမြန်း ရခြင်းသည် ဂုဏ်း။ အတ္ထိ၊ ရှိ၏။ ဝေါ၊ ဤလေးပါးသော တရားသည်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏။

ခန္ဓီစ အဓိပ္ပာယ်

သည်းခံလျှင် ရန်ကင်းသည် ဆိုသောစကားအတိုင်း သည်းခံခြင်းသည် အရှုံးမရှိ မြတ်၏။ သည်းခံနိုင်ခြင်းသည်အထူးထူးကို အောင်မြင်လျက် နောက်ဆုံးတွင် ကိုယ်ကသာ အနိုင်ရမြဲဖြစ်၏။ သို့ကြောင့် သည်းခံခြင်းမှာ မင်္ဂလာမည်လေသည်။

ယင်းသာဝက

ဗာရာဏသီပြည်တွင် ဘုရားအလောင်း ဗြဟ္မဒတ် မင်းသည် တရားနှင့် အညီ မင်းပြုနေလေ၏။ တနေ့တွင် တရားမရှိသော မင်းတဦးသည် ဗြဟ္မဒတ်မင်းနှင့် မှူးမှတ်မျှားအား ဖမ်းဆီးကာ သံခြေကျင်းခတ်၍ ချုပ်နှောင်ထားလေသည်။ ယင်းသို့ ချုပ်နှောင် နှိပ်စက် သော်လည်း ဘုရားအလောင်း ဗြဟ္မဒတ်

မင်းထည်၊ မင်းယုတ်အပေါ် မေတ္တာထားကာ သီးခံ၍ မေတ္တာ ဈာန်ရှာန်းကို စီးပြန်းသောကြောင့် အမတ်မျှားပါ သံဒခြကျွင်း ဈာပနအနှောင်မှ လွတ်မြောက်ကြရလေသည်။

သောဝစ္ဆတာ အဓိပ္ပါယ်

လူကြီးမိဘများ၊ ဆရာသမားများ၊ ပညာရှိများ ဆိုဆုံးမ သည်ကို နာခံလွယ်သောသူသည် အလိမ်မာ ပညာ တိုးတက်၍ လူတကာတို့ ချစ်ခင်ခြင်းကို ခံယူရသည်။ပညာဗဟုသုတ ရသော ကြောင့် ကြီးပွါးချမ်းသာသည်။ သို့ကြောင့် ဆုံးမ စကားနား ထောင် လွယ်ခြင်းသည် ဂုဏ်လာ မည်လေသည်။

ယင်း သာဓက

မင်းသားတပါးသည် ကျောင်းနေစဉ်က နှမ်းခိုးစား သော ကြောင့် ဆရာကြီးက ရိုက်နှက်၍ နောင်မခိုးနှင့်ဟုဆုံးမ၏။ ထို မင်းသား ဘုရင်ဖြစ်လာသောအခါ ဆရာကြီးအပေါ် ရန်ငြိုး ထားကာ ဖမ်းစေပြီးသတ်မည်ပြု၏။

ထိုအခါ ဆရာကြီးက ဆို၏။ သင့်ကိုဟိုစဉ်က ရိုက်၍မဆုံးမခဲ့ လျှင် သင်သည် ခိုးတတ်သည့် အကျင့်ပါသွားပြီး သူခိုးသာဖြစ် မယ်၊ ခိုးတတ်တဲ့အကျင့် ပျောက်အောင် ဆုံးမပေးလို့ သင်အခု ဘုရင်ဖြစ်လာရသည်ဟု ဆိုလေရာ ဘုရင် သဘောပေါက် သွား ပြီး ဆရာကြီးကို ထိုင်ဈန်စတာ့လေသည်။

သာမဏာနဥ္စဒသနံအာဒိပေါ်ယ်

ဗုဒ္ဓရှင်တော် မြတ်ဘုရား၏ ဒေသနာတော်ကို လိုက်နာကာ ဝိနည်းတော်များနှင့် အညီ ကျင့်ကြံ ဆောင်ထုတ် နေ့ထိုင်သော ရဟန်းတော်များကို ဖူးတွေ့ရသော အခါ လူတို့၏ စိတ် နှလုံးတွင် ကြည်နူး ချမ်းသာခြင်း ဖြစ်ရလေသည်။ ယင်းကြောင့် ရဟန်း သံဃာတော်တို့ကို ဖူးမြင်ရခြင်းဆိုသည်လည်း မင်္ဂလာ မည်လေ သည်။

ယင်း သာဓက

သီရိမမ္မာသောကမင်းကြီးသည် နိဂြောဓ သာမဏေလေး၏ ကျေးဇူးသီတင်းကို ဖူးတွေ့ရသော အခါ ဈေးလွန်ကြည်ညိုမှု နိဂြောဓ သာမဏေကို အကြောင်းပြုပြီး သီရိမမ္မာ သောက မင်းကြီး သာသနာကို ယုံကြည်ကာ၊ ကမ္ဘာ ပေါ်တွင် အထင်ရှားဆုံး သော သာသနာ့ဒါယိကာ မင်းအဖြစ် ထင်ရှားခဲ့လေသည်။

ကာလေန ဓမ္မသောကဋ္ဌာ အာဒိပေါ်ယ်

ပညာရှိဒသာ ပုဂ္ဂိုလ်များနှင့် ဆွေးနွေး မေးမြန်းခြင်းသည် အမှန်ကိုသိရှိ အမှားကို ရှောင်နိုင်သည်။ အမှားကို ရှောင်နိုင် သောကြောင့် မှုကောင်းမှုကို ပြုလုပ်တော့။ ယင်းကြောင့် တရားစကား ဆွေးနွေး ပြောဆိုခြင်းသည် မင်္ဂလာ မည်လေ သည်။

ယင်း သာဓက

သုဘလုလင်သည် မြတ်စွာဘုရားထံ ဆည်းကပ်၍၊ အချို့လူများ အသက်ရှည်၍ အချို့လူများ အသက်တိုခြင်း၊ အချို့လူများဆင်းရဲ၍ အချို့လူများ ချမ်းသာခြင်းတို့သည် ဘာ့ကြောင့်ပါလဲဘုရားဟု လျှောက်ထား မေးမြန်း၏။

ထိုအခါ ဗုဒ္ဓဘုရားရှင်က၊ သူ့အသက်သတ်သူများ၊ အသက်တိုကြ၍ အသက်မသတ်သူများ အသက်ရှည်ကြသည်။ သူ့ဥစ္စာခိုးသူများ ဆင်းရဲကြ၍၊ မခိုးသူများ ချမ်းသာကြသည်ဟု မိန့်တော်မူ၏။ သုဘလုလင်သည် အမှန်တရားကို သိရသဖြင့်မှန်သော အကျင့်ကို ကျင့်နိုင်လေသည်၊

× × ×

ဒေဝပုတ္တ၊ နတ်သား။ တပေါစ၊ ခြိုးခြံစွာ ကျင့်ခြင်းသည်ရင်း။ ပြဟ္မဒတ်စရိယာ စ၊ မြတ်သောအကျင့်ကို ကျင့်ခြင်းသည်ရင်း။ အရိယာသစ္စာနှင့်၊ အရိယာသစ္စာကို။ ဒဿနဗျူ၊ သိ မြင် ခြင်းသည်ရင်း။ နိဗ္ဗာန်နှင့်၊ အရဟတ္တဖိုလ်နိဗ္ဗာန်ကို၊ သစ္ဆိ-ကိရိယာ စ၊ မျက်မှောက်ပြုရခြင်းသည်ရင်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤလေးပါး၊ ဝသာ တရားတော်ဟူသည်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏။

တပေါစ အဓိပ္ပါယ်

အစားကို ခြိုးခြံမသာသူသည် မင်းဟူ၍ မရှိ၊ အမြဲကြနပ်မှု ရှိကာ စိတ်ချမ်းသာရ၏။ အပျော်အပါးကို ခြိုးခြံသောသူသည် မပျော်ရသော်လည်း နေနိုင်သဖြင့် အမြဲစိတ်ချမ်းသာ၏။ အပျော်နောက်ကို မလိုက်ပဲနေလျှင်၊ အပျော်က သင့်ဆီ လိုက်လာပါလိမ့်မည်–ဆိုသော သိုးဆောင်စကားပင် ရှိသည် မဟုတ်လော။ အသုံးအစဉ် ခြိုးခြံသူသည် ပစ္စည်းဥစ္စာ စုမိ၍ ချမ်းသာသည်။ ကာမဆုဂအဆုဌ် ခြိုးခြံသူသည် ကျန်းမာ၍ အသက်ရှည်သည်။ ထို့ကြောင့် ခြိုးခြံခြင်းသည် မင်္ဂလာ မည်လေသည်။

ယင်း သာဓက

ဗာရာဏသီပြည်မှ သူဆင်းရဲအယောက်သည် သူ၏ အလုပ်ရှင်သူဌေးကြီး စားသောက်သော ဟင်းမျိုးကို အလွန်စားချင်သဖြင့် ထိုသူဌေးကြီးအိမ်ဟုင် သုံးနှစ်ကျန်ခံ၍ဌေးကို စုဆောင်းရ၏။ သုံးနှစ်ကြာသောအခါ စုဆောင်းထားသော ဌေးကလေးဖြင့် သူဌေးကြီး စားသော ထမင်းဟင်းမျိုးကို ချက်ပြုတ်ပြီး နောက် စားမည်ဟု ပြင်ခိုက်တွင် အရှင်ပစ္စေကဗုဒ္ဓါ ဆွမ်းရပ်လာသည်ကို မြင်သဖြင့် မစားတော့ပဲ ခြိုးခြံကာ အရှင်ပစ္စေကဗုဒ္ဓါအား သူစားမည့် ထမင်းဟင်းကို လောင်းလှူ လိုက်လေသည်။

ထိုအကြောင်း သူ့ဌေးကြီး သိဒသာအခါ သူ့ဆင်းရဲအား အလွန်နှစ်လိုကြည်ညိုသဖြင့် သူ၏ ဘည်းစိမ်တဝက် ခွဲပေးသည်။ ဘုရင်မှင်းမြတ် ကြားသိပြန်သောအခါ မြို့ရှာမျှားကို အပိုင်စား ပေး၏။

ဗြဟ္မဝေရိယဉ္ဇ ဘဒ်ပွါယ်

ဟေထုန်မှမှ ရှောင်ကြဉ်ခြင်းသည် မြတ်သော အကျင့်ဖြစ်၏။ တယ်သူ ဇနပုံးပျက်ပျက် ကိုယ်မပျက်ပဲ မေတ္တာဘဝရားကို လက်ကိုင်ထား နိုင်သည်လည်း မြတ်သော အကျင့်ဖြစ်၏။ ဤသို့ ဟေထုန်မှကို ရှောင်ကြဉ်ခဲ့၊ မေတ္တာဘဝရားကို လက်ကိုင်ထား နိုင်သူတို့၏ ပိုက်ဆံသည့် အမြဲ ဒေးပြိမ်းချမ်းသာနေ၏။ စိတ်ခွန်မ်း သာနေ၏။ စိတ်ခွန်မ်ဆ ကောင်းပြီးနောင် ရှင်ရသည်း ကြည်လင် သည်။ စိတ်ဒုက္ခရှင်ကော ပ ပြဿနာ လင်နေသောကြောင့် ကြည် ညိုခြင်းကို ရခဲ့ပါသည်။ ယင်းကြောင့် မြတ် သောဘဝကို ကျင့်ကြံ ကြည်ဝင်လာ မည်ဖြစ်သည်။

ယင်း သာဂတ

ယင်ဦးကာရ အမည်ရှိ ဒုံး အလုပ်သမားသည် ဟေထုန်မှကို မပြုပဲ ဒေသက်ထက်ဆုံး ရှောင်ကြဉ်၏။ မေတ္တာ ဘရားကိုလည်း လက်ကိုင်ထားသည်။ ဤကြောင့် သူ့အားလူအများတ ကြည်ညို လေးစားကြ၏။ သေသောအခါတွင် ဗြဟ္မာကြီးဖြစ်၏။ ဗုဒ္ဓ ဘုရား ပွင့်ခဲ့ဘာမှုဒသာ အခါ ထိုယင်ဦးကာရ ဗြဟ္မာကြီးက ထယ်နှီးကိုလာသည်။

အရိယသစ္စာနှစ်သွယ်အဓိပ္ပါယ်

ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာဟူ၍ သစ္စာခြောက်ပါးရှိ၏။ အမှန်သိခြင်းကို သစ္စာဟု ခေါ်သည်။ သစ္စာလေးပါးကို သိမြင်သူသည် နိဗ္ဗာန်ချမ်းသာကို မျက်စိမှောက် တွေ့မြင်သဖြင့် ဆင်းရဲဒုက္ခ အပေါင်းမှ လွတ်မြောက် ရ၏။ ထို့ကြောင့် သစ္စာလေးပါးကို သိခြင်းသည် မဂ်သာ မည်လေသည်။

ယင်း သာဓက

ရှင်သာရိပုတ္တရာ အလောင်းသည် ရှင်အာသဇိနှင့် တွေ့ရ၍သောအခါ ရှင်အာသဇိက ဟောပြောသဖြင့် သစ္စာခြောက်ပါးကို သိရ၏။ သစ္စာလေးပါးကို သိနေသောကြောင့် သောတာပန် တည်သည်။ နောက်မကြာမီ ဗုဒ္ဓဘုရားနှင့် တွေ့ပြီး ပညာအရာဘွဲ့ တောက်ရသောရဟန္တာအရှင်မြတ် ဖြစ်လာလေသည်။

နိဗ္ဗာနသစ္စာ ကိုရိယာစ အဓိပ္ပါယ်

အရဟတ္တဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုလျှင် ရဟန္တာ ဖြစ်တော်မူ၏။ ရဟန္တာဖြစ်လျှင် ယခုဘဝ ပြီးဆုံးသောအခါ ဆင်းရဲဒုက္ခ ဟူသမျှ မရှိတော့ရုံမျှ အမြဲသာဝရ အေးငြိမ်း ချမ်းသာလေတော့သည်။ ယင်းကြောင့် အရဟတ္တဖိုလ်နိဗ္ဗာန်ကို မျက်မှောယ် ပြုရခြင်းသည် မဂ်လာ မည်လေသည်။

ယင်း သာဓက

သူ့ဌေးသား 'ယသ'သည် မြတ်စွာဘုရား ဟောကြားသော တရားတော်ကို နာရုံသောကြောင့် သောတာပန် တည်လေသည်။ နောက်တဖန် သူ့ဖခင်သူဌေးကြီးအား မြတ်စွာဘုရားက တရား ဟောပြန်သော အခါ တဖန် ထပ်မံ နာကြားမှသဖြင့် အရဟတ္တ ဖိုလ်နိဗ္ဗာန်သို့ မျက်မှောက်ပြုကာ လူတော်ကြောင်းနှင့်ပင် ရဟန္တာ ဖြစ်လေသည်။

× × ×

ဒေဝပုတ္တ၊ နှဘ်သား။ ယော၊ အကြင် ပုဂ္ဂိုလ်သည်။ သောကဧမ္မေဟိ၊ လောကဇံဘရားရှမ်ပါးတို့နှင့်။ ဗုဒ္ဓေစ၊ တွေ့ဆုံသည်။ ဇသမေဟေတိ၊ ဖြစ်ရကား။ အသ၊ ထိုပုဂ္ဂိုလ် စိတ်သည်။ နုကမ္ပတိ၊ မတုန်မလှုပ်၊ အာဃသောကံ၊ စိုးရိမ်ကြီးလည်း မရှိ၊ ဝိရုဇ်၊ ရေမကဲဟူသော မြူလည်း မရှိ၊ ခေမံ၊ ဘေးလည်းမရှိ။ တေ၊ ဤလေးပါးသော ဟရုံးသည်း ဥတ္တမံ၊ မြတ်စွာပေတော်။ ဧကံ၊ မဂ်လာ မည်၏။

ဗုဒ္ဓသဟေတုကဧမ္မေဟိ၊ စိတ္တံယသ နုကမ္ပတိအဓိပ္ပါယ်

လာဘ်ရခြင်း၊ လာဘ်မရခြင်း၊ အခြေအရံမျှားခြင်း၊ အခြေ အရံနှည်းခြင်း၊ ချီးမွမ်းခံရခြင်း၊ ကဲ့ရဲ့ခံရခြင်း၊ ဆင်းရဲခြင်း၊ ချမ်းသာခြင်း စသည်တို့ကို လောကဓံဟု ခေါ်သည်။

သတ္တဝါဟူ၍ ဖြစ်ပေါ်လာလျှင် ထိုလောကခံကို ရှောင်လွှဲ၍ မရနိုင်။ တွေ့ရကြုံရမည်သာ။ ယင်း လောကခံနှင့်ကြုံတွေ့ လာသောအခါ မတုန်မလှုပ် တည်ငြိမ်စောင့် ထားနိုင်ခြင်းသည် ဓဂ်လာ မည်လေသည်။

ယင်း သာဓက

ဗုဒ္ဓဘုရားရှင်လက်ထက်တော်က ရဟန်းတပါးသည် ကိုဋ္ဌားဂိရိ ရွာကြီးသို့ ဆုံမ်းခံကြွလေသည်။ ထိုရဟန်းတော်သည် ဂျင်္ကြီ သိကျွံကြီးရှာဖြင့် ကြွတော်မူရာ ရွာသားမိုက် အချို့က ရဟန်း တော်အား လှောင်ပြောင် ကဲ့ရဲ့ကြ၏။ ရဟန်းတော်သည် ယင်း ကဲ့ရဲ့မှုကိုမည်သို့မျှမတုန်လှုပ်ပဲ ကြွမြဲတိုင်းသာ ဂျင်္ကြီနှင့် ကြွသည်။ ထိုရဟန်းတော်၏ စိတ်တွင် မည်သို့မျှ မတုန်လှုပ်ခြင်း ကြောင့် အားငြိမ်း ချမ်းသာ၏။

စိတ္တံ ယသ့ အသောကံ အဓိပ္ပါယ်

ကဲ့ရဲ့ ခံရမည်ကိုလည်း မစိုးရိမ်၊ ချီးမွမ်း ခံရမည်ကိုလည်း မတောင့်တပဲ မှန်မှန် နေထိုင် လုပ်ကိုင်သော သူတို့သည် ဖမြဲ တဝေစိတ် ချမ်းသာခြင်းကို ရရှိနေကြလေသည်။ ကဲ့ရဲ့ခံရမည်ကို ကြောက်ရွံ့သူ၊ ချီးမွမ်းခံမှုကိုသာ လိုလားသူ တို့သည် စိတ်တွင် အမြဲတဝေ သောက ထောက်နေကြရသည်။ စိုးရိမ် ကြောင့်ကြ နေကြရသည်။ သို့ကြောင့် တောင့်တမှု၊ ကြောင့်ကြမှု မရှိအောင် ပြောင့်ပြောင့် ထားနိုင်ခြင်းသည် မင်္ဂလာ မည်လေသည်။

ယင်းသာဓက

ရှင်မဟာတဿပမထေရ်သည် ဆင်းရဲသားများအိမ်၊ ကိုယ်ရေပြား ရောဂါသည်များအိမ်တို့ကိုပါ ဆွမ်းခံကြွခဲလ. ရှိခဲတော်မူသည်။ ယင်းသို့ကြွတော်မူဆဲ၌ ဘုန္တအိမ်၊ ဆင်းရဲသား အိမ်ကို ကြွခုသလား ဘုရားရဲ့မည်ကိုလည်း ဆစိုးရိမ်၊ ထိုအိမ်မျိုး တွေ့ကိုတောင်မှ ကြွလောက် ချိုးမြောက်တော် မူပါပေဘယ်ဟူ၍ ချိုးကျူးခြင်းကို ပယ်ရှုလိုရှိလည်းမဟုတ်ချေ။ ဆွမ်းခံဝတ်ကို ပြုခြင်းသာဖြစ်ခဲလလည်း သို့ကြောင့် ထိုမှဆင်ရဲစီတ်တော်သည် အမြဲသန့်ရှင်းကြည်လင်နေခဲလသည်။

ဝိတ္တံ ယသ ဝိရဇ အခိပ္ပာယ်

ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း၊ အစရှိသည် တို့သည် စိတ်အညစ်ကူးကြားများသာ ဖြစ်၏။ ချမ်းသာနှင့် တွေ့ခဲသောအခါလည်းဝမ်းမသာ၊ ဆင်းရဲနှင့်တွေ့သော အခါလည်း ဝမ်းမနည်း ပင်ကိုယ်အတိုင်း ဖြူစင်သန့်ရှင်း အညစ်အကြေးကင်းမသော စိတ်ဖြင့်နေနိုင်ခြင်းမှာ အမြဲစိတ်ချမ်းသာရ၏။ ထို့ကြောင့် လောလဆံနှင့် တွေ့သောအခါ စိတ်ခညစ်အောင် နေနိုင်ခြင်းသည် မဂ်လာ မည်ခဲလသည်။

ယင်းသာဓက

သာဝတ္ထိပြည်မှ မဂ်မင်းသည် ဗာဆုဂဏသိပြည်မှ ဃဋမင်းကို ပမ်းယူကာ အကျဉ်းချထား၏၊ ဃဋမင်းသည် တုန်လှုပ်ခြင်း၊

စိုးရိမ်ခြင်းမရှိပဲ ကသိုဏ်းပရိကံ့ကိုသာ နှလုံးသွင်း အားထုတ်နေ လေရာ စျာန်မျှားပြစ်စေပြီး ကောင်းကင်၌ တည်လေသည်။ ထိုအခါ မင်္ဂလာ အလွန်စိုးရိမ် ထိတ်လန့် ကြောက်ရွံ့စွာဖြင့် ဃဋ္ဌမင်းအားရှိခိုးတောင်းပန်လေသည်။

စိတ္တံ ယသ ခေမံ အင်္ဂပါယ်

လောကခံအလျှောက် ဘေးဒဏ်ထောက်လည်း မပေါက်ပြန်ပဲ ဘရာ၊မြေလော့– ဆိုသည်နှင့်အညီ၊ ဆင်းရဲနှင့် တွေ့လျှင်လည်း အလွန်မပူပန်ပဲ၊ ချမ်းသာနှင့်တွေ့လျှင်လည်း အလွန်မစာက်ကြွပဲ စိတ်ကို အေးချမ်းစွာ ထားနိုင်ခြင်းသည် မင်္ဂလာမည် လေသည်။

ယင်းသာဓက

ဗုဒ္ဓမြတ်စွာသည် ဝေဓဒုပြည်တွင် မြင်းစာကျွေးမည့် ဆန်ကြမ်းမျှားကို ဘုဉ်းပေးရစဉ်ကလည်း စိတ်ဆင်းရဲတော် မမူခဲ့။ သာဝတ္ထိပြည်တွင် ကောသလမင်းကြီးကပ်လှူဒေါ အရသာထူးရှိသည့် ဆွမ်းကိုဘုဉ်းပေးရစဉ်ကလည်းဝမ်းသာခြင်းမဖြစ်၊ ဗုဒ္ဓ၏ စိတ်တော်သည် တသမတ်ထည်း တည်ငြိမ်စွာ ရှိတော်မူလေသည်။

× × ×

ဒေဝဒတ္တ၊ နှတ်သား။ ဘောဒိသာနိ၊ ဤသို့သဘောရှိကုန်သော။ အဌတိ သ မင်္ဂလာနိ၊ သုံးဆယ့်ရှစ်ပါးသော မင်္ဂလာတရားတို့ကို။ ကတ္တာန၊ ပြုကျင့် ရသောကြောင့်။ သဗ္ဗတ္ထ၊ အလုံးစုံသောအရပ်ဘို့၌။ သောတ္ထိ၊ ချမ်းသာခြင်းသို့။ ဂစ္ဆန္တိ

ရောက်ကုန်၏။ တံ၊ ထိုသုံးဆယ် ရှစ်ပါးသော တရား၊သည်း တေသံ၊ ထိုနတ်လူတို့၏။ ဥတ္တမ်၊ မြတ်စွာဘုရား။ မင်္ဂလ်၊ မင်္ဂလာ မည်၏။ ဣဘိ၊ ဤသို့။ တ္ဝ၊ သင်နတ်သား၊သည်၊ ဂဏ္ဍာဟိ၊ မူတ်ယူလေ။

+ × +

သုံးဆယ်ရှစ်ပါးသော မင်္ဂလာတရား၊တော်မြတ်ကို အနက် အဓိပ္ပာယ်သာဓကတို့ဖြင့် လက်ဝါးပေါ်တွင် ပတ္တမြား မျက်ရှင်ကို တင်ပြသလို ထင်ထင်ရှား၊ရှား တင်ပြခဲ့ပေပြီ။ ယခုမင်္ဂလသုတ် ပါဠိ၊တော်ကို အရကျက်မှတ် လိုသူတို့အတွက် တင်ပြပါ ပါမည်။

မင်္ဂလသုတ်ပါဠိတော်

၁။ ယံမင်္ဂလံ ဒ္ဒါ၊ဒသဟိ၊စိန္တယိ သုသဒေတကာ။ ဒသာတ္ထော်ဝနံ နာဝိဂစ္ဆန္တိ အဒ္ဒတိ သဗ္ဗမင်္ဂလံ။

၂။ ဧဒေသိတံ ဒေဝဒေဝေန၊ သမ္ဗုဒ္ဓေန ဝိနာသနံ၊ ဆဗ္ဗေလောက ဟိတတ္ထာယ၊ မင်္ဂလံ တံ ဘဏာမဟေ။

၃။ ဧဝံ၊ဒဿသုတံ ကေ၊သံမယံ ဘဂဝါ သာဝတ္ထိယံ၊ဝိဟာရတိ ဇေတဝနေ အနာထ ပိ၊ဏ္ဍိကဿ အာရုမေ၊ အထခေါ အညတရာ ဒေဝတာ အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တ

ဝတ္ထာ ကေဝလကပ္ပံ ဇောဝဝနံ ဩဘာသေတွာ ယေန ဘဂဝါ တေနုပသင်္ကမိ ဥပသင်္ကမိတ္မာ ဘဂဝန္တံ အဘိ ဝါဒေတွာ၊ ဧကမန္တံ အဋ္ဌာသိ၊ ဧကမန္တံ ဌိတာခေါ သာ ဒေဝတာ သဂဝန္တံ ဂါထာယ အဇ္ဈဘာသိ၊

၄။ ဘာဟုဒေဝါ မနုဿာစ၊ မင်္ဂလာနိ အစိန္တိယုံ၊ အာကင်္ခမာနာ သောတ္ထာနံ၊ ခြေ(ဟိ)မင်္ဂလမုတ္တမံ။

၅။ အသေဝနာစ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ၊ ပူဇာစ ပူဇနေယျာနံ၊ တေမင်္ဂလမုတ္တမံ။

၆။ ပဋိရူပဒေသဝါသောစ၊ ပုဗ္ဗေစ ကတပုညတာ၊ အတ္တ သမ္မာပဏိဓိစ၊ တေမင်္ဂလမုတ္တမံ။

၇။ ဗာဟုသစ္စဉ္စ-သိပ္ပဉ္စ၊ ဝိနယောစ သုသိက္ခိတော၊ သုဘာ သိတာစ ယာဝါစာ၊ တေမင်္ဂလမုတ္တမံ။

၈။ မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော၊ အနာ ကုလာစ ကမ္မန္တာ၊ တေမင်္ဂလ မုတ္တမံ။

၉။ ဒါနဉ္စ ဓမ္မစရိယာစ၊ ญาတကာနဉ္စ သင်္ဂဟော၊ အနဝဇ္ဇာနိ၊ ကမ္မာနိ၊ တေမင်္ဂလ မုတ္တမံ။

၁၀။ အာရတီ ဝိရတီ ပါပါ၊ မဇ္ဇပါနာစ သံယမော၊ အပ္ပမာ ဒေါ စ ဓမ္မေသု၊ တေမင်္ဂလမုတ္တမံ။

၁၁။ ဂါရဝဉ္စ နိဝါတောစ၊ သန္တုဋ္ဌိစ ကတညုတာ၊ တာ လေနဓမ္မသဝဏံ၊ တေမင်္ဂလမုတ္တမံ။

၁၂။ ခန္တီစ သောဝစဿတာ၊ သမဏာနဉ္စ ဒဿနံ၊ ကာလေန ဓမ္မသာကစ္ဆာ၊ တေမင်္ဂလ မုတ္တမံ။

၁၃။ တပေါ၀ ပြဟ္မာ်စရိယဥ္စ၊ အရိယသစ္စာန ဒဿနံ၊ နိဗ္ဗာန သစ္ဆိ ကိရိယာ၀၊ တေမ်ာ်လမ္ဘတ္တာ်မ်ံ။

၁၄။ ဖုဋ္ဌဿ၊လောကဓမ္မေဟိ၊ စိတ္တံယဿ န ကမ်ံတိ၊အ၀သောက် ၀ရ၀ ခေမ် တေမ်ာ်လ မ္ဘတ္တာ်မ်ံ။

၁၅။ တောဒိသာနိ ထတ္ဌာန၊ သ၀ဗ္ဗတ္ထ မ၀ဏ္ဍိဘာ သ၀ဗ္ဗတ္ထ သောတ္ထိ ဂစ္ဆန္တိ၊ တံ တေသံ မာ်လ မ္ဘတ္တာ်မ်ံ။

× × ×

လူတို့၏ ကျင့်၀တ်မျှားနှင့် ပတ်သက်၍ သိဂ်ါလော၀ါဒ သုတ်လာ ကျင့်၀တ်မျှား၊ကိုလည်း မှတ်သားနာယူ ထိုက်သော ကျင့်၀တ်မျှား ဖြစ်သောကြောင့် ဤကျမ်းတွင် ချန်ထားခဲ့ရန် မသင့်ချေ။ သိဂ်ါ၁လော၀ါဒ သုတ်ကို၊ အဂ္ဂ၀မ္မာ လက်ာ်ရ ကဝိ ၀ဇမဟာ ၀မ္မ၊ရာ၀ံ ရာ၀ဝိ ရာ၀ဂုရုဘဲ့ တံဆိပ်တော်ရ သင်္ဂီ၁ ဆရာတော် ဘုရားကြီးက ကျမ်းဦးတွင် ဤသို့ ရေးသားတော် မူလေသည်။

တလောကလုံး၊ ညှဉ်ရုံးဦးချ၊ နှိုင်းမမျှသား၊ ဘုရား ၁ရှစက်၊ ရောင်ပြိုးပြက်ကို၊ ဦးထိပ်တင်ထား၊ ရိုသေတ်တွားမျှ၊ သားနှင့်မိဘ၊ တပည့်စသည်။ ပြုရအုံ့၀တ်၊ ချတ်မူပါယ်ရှာ၊ လားမည် တာကြောင့်၊ သုတ်ပါထေယျ၊ ကျမ်းဌ် ပြုသည်၊ ၁လောကကျင့်ရာ၊ ကကျဉ်းမှာ၀ိမ့်၊ နတ်ရှာဘို့လုံးလုံး၊ကျက်ရှိသုံး၊

သိင်္ဂါလေဝေါဒသုတ် ကျင့်ဝတ်များ

ကျေးမွေးမပျက်၊ ဆောင်ရွက်စိမ်၊ မွေ့ခံထိုက်စေ၊ လူမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဘွယ်သားတို့တာ။

သားသမီး ကျင့်ဝတ် ၅-ပါး

၁။ မိဘတို့အား မပျက်မကွက် ကျေးမွေးပြုစုခြင်း။

၂။ မိဘ အလုပ်အကိုင်တို့ကို စိမ့်ဆောင်ရွက်ပေးခြင်း။

၃။ မိဘပိုင်ပစ္စည်းဥစ္စာများကို အစမ္ဘခံပြီးမပျက်မစီးအောင် စောင့်ရှောက် ထိန်းသိမ်းခြင်း။

၄။ မိဘတို့ထံမှ ရရှိသော ပစ္စည်းဥစ္စာတို့ကို တိုးပွါးအောင် ပြုလုပ်ပြီး လူသင့်သည်ကို ပေးကမ်း လှူဒါန်းခြင်း။

၅။ မိဘ ဘိုးဘွား စဉ်ဆက်က ယဉ်ကျေးမှုများကို မပျက်မယွင်းရအောင် ထိန်းသိမ်းကာ အမျိုးဂုဏ်ကို စောင့်ရှောက်ခြင်း။

× + ×

မဇကောင်းမြစ်တာ၊ ကောင်းဆာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝယ်ငါးအင်ဖခင်မယ်တို့တာ။

မိဘကျင့်ဝတ် ၅-ပါး

၁။ သားသမီးများအားမဇကောင်းသော အလုပ်မှ ကောင်းသောအမှုအကျင့် မပြုလုပ်အောင် ငယ်စဉ်မှစ၍ ဆုံးမသွန်သင်ကာ မကောင်းမှုကို တားမြစ်ခြင်း။

၂။ သားသမီးများအား ကောင်းသော ဘလုပ်ကို လုပ်အောင် ကောင်းသော အကြံကို ကြံအောင်၊ ကောင်းသောသူနှင့်ပေါင်းအောင် ညွှန်ကြားခြင်း။

၃။ သားသမီးများအား အသက်မွေး ဝမ်းကျောင်း ပညာတစုံတခုတတ်မြောက်ရန်အောင် သင်ကြားပေးခြင်း။

၄။ သားသမီးများအား အလုပ်အကိုင် လုံခြုံအောင် ဆရင်းအနီးမှာ ထုတ်ပေးခြင်း။

၅။ သား သမီးများ ဘဝရှယ် ရောက်လာသော အခါတွင် လမ်းမှားသို့ မရောက်ရန်နှင့် သင့်တော်ရာနှင့် အိမ်ထောင်ဖက်စေကာ ထိမ်းမြား လက်ထပ်ပေးခြင်း။

× × ×

ညီညီးထက်ကြ၊ ဆုံးမနာယူ၊ လာမကြိုဘီး၊ ထန်းလုပ်ကျေး၊ သင်ကောင်းတွေ အံ့ရတဲ့၊ တပည့်ဝက်၊ မခွတ်ငါးခုသာ၊

တပည့်ကျင့်ဝတ် ၅-ပါး

၀။ ပညာရေးအတွက် ထက်လုံ့လ ဝီရိယရှိခြင်း။

၂။ ဆရာသင်ကြားသည်ကို အလေးနက်သင်ယူခြင်း။

၃။ ဆရာနှင့်တွဲလျှင် ရိုသေစွာ ခရီးဦးကြိုပြုခြင်း။

၄။ ဆရာအား ကျေးဇူးပြုစုခြင်း။

၅။ ဆရာ သင်ပေးသော ပညာကို မတက်တတ်အောင် သင်အံ့လေ့ကျက်ခြင်း။

အတတ်လည်းသင်၊ ပဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာ အပ်ပို့၊ ဆရာတို့။ ။ကျွင့်ဘို့ဝတ်ငါးဖြာ။

၁။ တပည့်တို့အား ပညာတတ်မြောက်စေလိုသောစေတနာနှင့် သင်ကြားပြသခြင်း။

၂။ တပည့်တို့အား လိမ္မာယဉ်ကျေးစေအောင် သင်ကြားဆုံးမခြင်း။

၃။ မိမိသင်ယူရမည့် ပညာကို မခိုမကပ်၊ မချန်မချင်းပဲ သင်ယူခြင်း။

၄။ တပည့်မျိုးတွင် ဘုရားရှိခိုးကျေးဇူးရှိမည့် အာန္တိုဝယ်ကိုမြင်လျှင် ဘေးရန်မကင်းရောက်မည်ဟု ကာကွယ်တားဆီးပေးခြင်း။

၅။ တပည့်မျိုးအား ပညာတတ်သည်ထက် တတ်နေအောင် သင်ကြားနိုင်ရန် သင့်ထက်မည့်သူများထံ ဆက်လက်ပို့ပေးခြင်း။

× + ×

မထေမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမယှာ၊ တက်စားဆင်ယင်၊ မြတ်နိုးကြင်း ။ငါးအင်လင်ကျင့်ရာ။

လင့်ကျင့်ဝတ် ၅-ပါး

၁။ မိမိဇနီးအား အပေါ်မတန်သလို၊ မနှစ်သက်သလိုမဆက်ဆံပဲ ယုယကြင်နာစွာ အခေးပေးဆက်ဆံခြင်း။

၂။ မိမိရှာပေါ့ရှိသော ပစ္စည်းဥစ္စာတို့ကို ဇနီးဖြစ်သူအား ယုံကြည်စိတ်ချစွာ အပ်နှင်ခြင်း။

၃။ မိမိဇနီးမှလွဲ၍ အခြားသော အမျိုးသမီး မျှားအား ပြစ်မှားကျူးလွန်မှုမရှိခြင်း၊ အသက်ထက်ဆုံး ထိုဇနီးတဦးထည်းကိုသာပေါင်းသင်းမည်ဟု ဆုံးဖြတ်ထားခြင်း။

၄။ အဝတ်အစားများကို လှလှပပဆင်ယင်ပေးခြင်း။

၅။ မြတ်မြတ်နိုးနိုး ထားရှိခြင်း။

\+ \+ \+

ဒေါ်မတ္တင်းမှလုပ်၊ သိပ်းထုပ်သည်ချာ၊ မိစ္ဆာကြည်ရှောင်၊လျှော်အောပ်ဖြန့်ချီ ပျင်းရိမမှု၊ ဝတ်ငါးဆူ ။ အိမ်သူမယ်တို့တာဝန်

ပယောဂကျင့်ဝတ် ငါးပါး

၁။ အိမ်တွင်းအလုပ်များကို စုံစုံစာကျလုပ်ကိုင်ခြင်း၊

၂။ လင်ယောကျ်ားပေးအပ်သော ဥစ္စာပစ္စည်းတို့ကို မယိုမပိတ်ဆောင်ထောက်ထားခြင်း၊ သိမ်းဆည်းခြင်း။

၃။ ကိုယ်လင်ယောကျ်ားမှလွဲ၍ အခြားအမျိုးသားယောကျ်ားများနှင့် ပေါင်းပေါ်ပြားခြင်းမပြုပဲ သည်လင်ကိုသာ ရာသက်ပန်ခိုးငြိုးမှီခိုပေါင်းပါမည်ဟု ဆုံးဖြတ်ထားခြင်း။

၄။ မိမိ၏ဆွေမျိုး၊ လင်ယောကျ်ား၏ဆွေမျိုးများကို သင့်လျော်သလို မျှမျှတတ ဆက်ဆံခဲ့ခြင်း။

၅။ အပျင်းထူပြီးအိပ်ခြင်း၊ ပျင်းရိမပြေပဲ နှင့်မနေပဲ၊ အိမ်ယောင်ရှိမှုကို အယုံအကြည်မရှိသောင်း လိုနှုံးသိမ်းခြင်း၊ သားသမီးများကို ကြိုးစားစောင့်ရှောက်ခြင်း။

× × ×

ပေးကမ်းချီ မြင့်၊ ကိုယ်နှင့်ယှဉ်ကာ၊ စီးပွားဆောက်ရွက်၊ နှုတ်မြွက်ချိုသာ၊ သစ္စာမှန်စေ၊ ဝတ်ငါးထွေ။ ။ကျွင့်လေ မိတ်သဟာ။

မိတ်ဆွေကျင့်ဝတ်–၅ပါး

၁။ မိမိထက်ဆင်းရဲနွမ်းပါးသော မိဘ်ဆွေအပေါင်းအသင်း တို့အား ပေးကမ်းခြင်း။

၂။ မိတ်ဆွေတို့အား စကားပြောရာတွင် ချိုချိုသာသာဆက်ဆံပြောဆိုခြင်း။

၃။ မိတ်ဆွေအပေါင်းအသင်းတို့အား မိမိလုပ်ငန်းတွင် တွဲဖက်လုပ်ကိုင်သည့်နည်းဖြင့် ကူညီခြင်း။

၄။ တဦးပေါ်တဦး သစ္စာရှိစွာ စေတနာရှောက်ဆက်ဆံခြင်း။

၅။ တဦးအကျိုးစီးပွားအတွက် အပြန်အလှန် ဆောင်ရွက်ပေးခြင်း။

÷ × +

ဝစ္ဌာဂကျွန်မှု၊ ပြုရေးဆင်ရင်၊ နာလျှင်ကုဒေ၊ ဌမဝရသာ၊ အခါကိုလွတ်၊ အရှင်ဝတ်။ ။မခ္ခတ်ငါးခုသာ။

အိမ်ရှင်ကျင့်ဝတ်(သို့)လုပ်ငန်းရှင်ကျင့်ဝတ် ၅-ပါး

၁။ မိမိအိမ်စေ၊ သို့မဟုတ်မိဘိအလုပ်သမားအား ဝတ္တရားစွာ ကျွေးခြင်း။

၂။ ပြုလုပ်ရမည့်အလုပ်များကို စီစဉ်ပေးခြင်း။

၃။ နာမကျန်းဖြစ်လျှင်ဆေးဝါးကုသပေးခြင်း။

၄။ အပိုဘောနပ်(စ်)ဆုများပေးခြင်း။

၅။ အားလပ်ချိန်များ ပေးခြင်း။

အိပ်ခသင်္ဘောက်ကျ၊ ထသော်ကားရွှေ၊ ပေးမှယူအပ်၊စေ့စပ်ဆောင်ရွက်၊ ကျေ့ဇူးမြှက်။ ။ငါးချက်ကျန်ကျင့်ထု။

အိမ်စေ(သို့) အလုပ်သမားကျင့်ဝတ်ငါးပါး

၁။ အိပ်သည့်အခါ အိမ်ရှင်အလုပ်ရှင်ထက်နောက်ကျအိပ်ခြင်း

၂။ အိပ်ရာမှထသည့်အခါ အိမ်ရှင်အလုပ်ရှင်ထက် စောစွာ ထခြင်း။

၃။ အိမ်ရှင်အလုပ်ရှင်ပေးသော ပစ္စည်းကိုသာယူ၍ မပေးဘဲပစ္စည်းကိုခိုးမယူခြင်း။

၄။ အလုပ်လုပ်သည့်အခါ ပစ္စည်းမျှားကို မယို မဖိတ် အောင် ဝေ့စပ်သမျှစွာ လုပ်ခြင်း။

၅။ မိမိ အပေါ် အိမ်ရှင် အလုပ်ရှင်က မကောင်းလျှင် ကောင်းသလို ကျေးဇူးစကားပြောဆိုခြင်း။

× × +

မေတ္တာစိတ်သက်၊ ဆောင်ရွက်ချစ်ကြင်၊ ခင်မင်နှုတ်ချို၊လို လျှင်ပိတ်ထား၊ ကတ်အားလှစေ၊ ဝတ်ငါးဆွေ ပြုလေဒါ ယကား။

ဒါယကာကျင့်ဝတ် ၅-ပါး

၁။ ရဟန်း သံဃာတော်တို့ အပေါ် မေတ္တာစိတ် ထားခြင်း။

၂။ ရဟန်း သံဃာတော်တို့အား လေးစားချစ်ခင်ကြင်နာခြင်း။

၃။ ရဟန်းသံဃာတော်တို့အား ရိုသေချိုသာစွာ ဆက်ဆံ ပြောဆိုခြင်း။

၄။ လျှုဒါန်းလိုတရားတော်ကို နားယူလို၊ သီလဆောက်တည်လိုသည့်အခါတွင် ပင့်ဘိတ်ခြင်း။
၅။ အဆက်မပြတ် နိုဗ္ဗာန်လျှုဒါန်းခြင်း။

\+ \+ \+

မကောင်းမြင်ဟား၊ ကောင်းရာ ညွှန်လမ်း၊ အသစ်ဟောကျူး၊ နှာဘူးထပ်မုံ၊ နက်ထံတင်ရာ၊ မေတ္တာလည်းပြု၊ ရဟန်းမှု ခြောက်ခုလွန်သေချေ။

ရဟန်းကျင့်ဝတ် ၆-ပါး

၁။ ဒါယကာ ဒါယိကာမျိုးအား မကောင်းသော အလုပ်မလုပ်အောင်၊ မကောင်းသော အကြံမကြံအောင်၊ မကောင်းသော အကျင့်မကျင့်အောင် ဆုံးမကာကွယ်မြစ်ခြင်း။
၂။ လေးကိုးကောင် ကျိုး၊ လေးကုန်ရာ ကောင်းကျိုးများ အတွက် ညွှန်ကြားပြောဟောခြင်း။
၃။ ဒါယကာ ဒါယိကာမမျိုးအား အသစ်အသစ်ဖြစ်သော ကောင်းကျိုးတရားများကို ဟောကြားခြင်း။
၄။ ဟောခဲ့ပြီးသော ဇရုံးများကို ဖေ့ မ၊ မလျှော့ရအောင် ထပ်ခါထပ်ခါ ဟောပြောခြင်း။
ရှေးက်ခေခြင်းငါညွှန်ကြားဆုံးမခြင်း။
၆။ ဒါယကာ ဒါယိကာမမျိုးအပေါ် မမတ္တာစိတ် အမြဲထားခြင်း။

× × ×

ကျမ်းသိင်္ဂါလ၊ သုတ်ဝယ်ပြ၊ သုံးဝမြတ်ဆရာ။
ကျင့်ဝတ်မူပြေ၊ ပယ်ခလေးထွေ၊ လားလေ ရှည်မြင့်ကြာ။
ဤသည်ဝတ်ကုန်၊ ဆွေမျိုးစုံ၊ ခြောက်ဘုံနှတ်ထက်ရှာ။

လှည်းတီးပြင်က၊ နားစောင့်ချည်သို့၊ မိဘနှင့်သား၊ မယားနှင့်လင်၊ ဆရာနှင့် ကျွန်၊ ထေရ်မှန်တကာ၊ မိဿဟာ နှင့်၊ ဆရာတပည့်၊ တည့်တည့်မခွတ်၊ ကျင့်ဝတ်စုံလင်၊ ဖြူသန့်စင်မှု၊ ရှင်လည်းမကွ၊ သေလည်းမကွ၊ နှတ်ရှာလှူ.ပြည့်၊ လှည့်လည်အတူ၊ စံစားမှု၍၊ နိုဗ္ဗာန်ရှုပြည့်၊ ဝန်အုံ့သည်တည့်၊ မဘည့်ကျင့်ဝတ်၊ ခုတ်သူကိုမှ၊ မလွတ်သာသည်၊ သေရှာသို့လုံးလုံ၊ လှူဖြစ်ပုံ။ ဟူ၍သင်္ဂီတ ဆရာခေါင်ဘုရားကြီး မိန့်မှာတော်မူခဲ့သည်။

အပ္ပာ၏ အဓိပ္ပါယ်

သိင်္ဂါလလာ ဝါဒသုတ်လာ ကျင့်ဝတ်များအတိုင်း ကျင့်ကြံနေထိုင်သူတို့သည် ဆွေမျိုးဆုံ အလင်းနှင့် ခြောက်ဘုံ နှတ်ရှာကို ရောက်ရမည်။ လှည်းတီးကျွတ် တွက်မသွားအောင် နားစောက်ချထားသလို၊ ရှင်ပင်လည်းအတူ၊ သေသော်လည်း မကွဲမကွာ ရှိကြရမည်။ နောက်ဆုံး နိုဗ္ဗာန်ရွေ့မ်ားသဲကိုပင် အတူတူရနိုင်ကြသည်။ တိုတရားကိုမကျင့်သုံ၊ မလိုက်နာဘဲတို့သည် အပယ်လေးရှာသို့ရောက်ရကာ လှူဖြစ်ကုံးကြမည်–ဟူသတည်း။

သေစားသောက်စား၊ လမ်းသွားခါမဲ့၊ ရှင်ရဲသတင်း၊ ပျော်ရှင်အံ့လောင်း၊ မနောင်.မိတ်ဖျင်း၊ ပျက်ရိုခြင်းကား၊ ယိုယွင်းဥစ္စာ ပျက်ခြောင်းတည်း။

ဥစ္စာပျက်ကြောင်း ၆-ပါး

၁။ အရက်သောက်စားခြင်း။
၂။ အခါမဲ့ လမ်းသွားခြင်း။
၃။ ပွဲသဘင် ကြည့်ရှုခြင်း။
၄။ မကောင်းသောမိတ်ဆွေနှင့် ပေါင်းသင်းခြင်း။
၅။ လောင်းကစားခြင်း။
၆။ ပျင်းရိခြင်း။

× + ×

ဥစ္စာယုတ်ခြင်း၊ ငြင်းခုံများစား၊ ဇောဂါထူးပြား၊ ကျော်စောမဲ့တုံ၊ မလုံအင်္ဂါ၊ ပညာနည်းရှား၊ ဤခြောက်ပါးကား၊ သောက်စားသေစာ အပြစ်တည်း။

သေရက်သောက်ခြင်းအပြစ် ၆-ပါး

၁။ ဥစ္စာဆုတ်ယုတ် ပျက်ပြားခြင်း။
၂။ အငြင်းအခုံဖြစ်ကာ ရန်ခိုက်ဒေါသဖြစ်ခြင်း။
၃။ ဇောဂါထူပြောခြင်း။
၄။ ထင်ရှားကျော်စောမှုမရှိခြင်း။
၅။ အလုနှိမ်းသောကြောင့် အဝတ်ပုဆိုးကို မထိန်းနိုင်ဘဲ ရှက်စရာ ဖြစ်ရခြင်း။
၆။ ပညာရှားမှီးမှ မရနိုင်ခြင်း။

× × ×

ကိုယ်သားမယား၊ တခြား,ဥဿား၊ ထုံစွဲမဲ့ရှောင်း၊ မကောင်းဆရာ၊ ရှိုရှာလေအပ်၊ ရိုးစွပ်ရောက်မှု၊ ဆင်းရဲစု။ ။ဒခြောက်ခု ၁ါမဲ့သွားပြစ်လည်း။

၁ါမဲ့သွား၊လာခြင်းအပြစ် ၆–ပါး

၁။ ကိုယ်သားမယားကို ပြစ်ပယ်ထားရာရောက်ခြင်း။
၂။ ကိုယ့်ဥစ္စာပစ္စည်းတို့ကို ဖစ်ပယ်ထားရာရောက်ခြင်း။
၃။ သွားလာရာ၌ လုံခြုံမှု မရှိခြင်း။
၄။ စက်ဆုပ်ရှုံ့ရှာစရာ အပြစ်များနှင့်ကြုံတွေ့နိုင်ခြင်း။
၅။ မကောင်းမှုများကို ကျူးလွန်တတ်ခြင်း။
၆။ သူတပါးက သူခိုးဓားပြဟု ရိုးစွပ်ခံရတတ်ခြင်း။

\+ \+ \+

ဏခြင်းတလီ၊ သီချင်းတသီး၊ မှုတ်သီးတသင်း၊ ပြိုန်ဖျင်းတအုပ်၊ လက်ခုမ်တတည်၊ အိုးစည်ဘပြား၊ ရှိရာရှာ၍၊ ဥစ္စာပျက်မှု၊ ဤဒခြောက်ခုကား။ ။ကြည့်ရှုသဘင်အပြစ်တည်း။

ပွဲလမ်းသဘင် အပြစ် ၆–ပါး

၁။ ဏခြင်း။
၂။ သီချင်း ဆိုခြင်း။
၃။ လေမှုတ်ဒူရိယာ မှုတ်ခြင်း။
၄။ ပြိုန်ဖျင်းသော ဟာသပျက်လုံးများပြောဆိုခြင်း။
၅။ လက်ခုပ်တီးခြင်း။
၆။ အိုးစည်တီးခြင်း၊ ယင်းတို့ကိုကြည့်ရှုနေခြင်းဖြင့် ဆာချိန်ကုန်ကာ ဥစ္စာပျက်တတ်၏။

၀အာဝင်သူရန်ပွား၊ရှုံးသားစိုးရိပ်၊ စည်းစိမ်လျှော့ပါး၊ တရားသဘင်၊ မဝင်သက်သေ၊ မိတ်ဆွေနိန့်ဆို၊ မလိုထိမ်းမြား၊ဤခြောက်ပါးကား၊ပျော်ပါး ကြွေအံ့ အကျိုးတည်း။

လောင်းတမ်း စားတမ်း ကစားခြင်း အပြစ်-၆ ပါး

၁။ နိုင်ပြန်လျှင်လည်း ရန်သူမျှားခြင်း။

၂။ ရှုံးပြန်လျှင်လည်း စိတ်သောကရောက်ရခြင်း။

၃။ စည်းစိမ် ဥစ္စာ လျှော့ပါး ဆုံးရှုံးရခြင်း။

၄။ တရားသဘင်သို့ မဝင်နိုင်ပဲ အသက်ထက်ဆုံးနေရခြင်း။

၅။ မိတ်ဆွေအပေါ်ငြီးအသင်းတို့ နိမ့်ချဆိုသည်ကိုခံရခြင်း။

၆။ မိမိအလိုမရှိသူနှင့် အလိုမရှိပဲ အခြေ အနေ အရ ထိမ်းမြားရခြင်း။

× × ×

ကြွေအံ့ကျူး ထ၊ မိန်းမကျူးထွေ၊ သောစားကျူးမှု၊ အတူပြိုပြား၊ လှည့်စားတထောက်၊ မျက်မှောက်လှည့်ချက်၊ နိုင်ထက်လုယူ၊ဤသူ ခြောက်ပါး၊မိတ်ဖြစ်လားခြောင့်။ပျက်ပြား မိတ်ဆွေ အပြစ်တည်း။

မိတ်ဆွေပျက် ၆—ပါး

၁။ လောင်းကစားခြင်း။

၂။ မိန်မလိုက်စားခြင်း။

၃။ အရက်သောက်ကျူးခြင်း။

၄။ ဟန်ဆောင်၍ လှည့်ဖျားခြင်း။

၅။ မျက်မှောက်တွင် လှည့်မတ်ခြင်း။

၆။ အနိုင့် အထက်ပြု၍လုယူတတ်ခြင်း။

အချမ်းပြင်းဝှန်၊အလွန်ပူနှိုး၊ မိုးချုပ်လှမော၊ စောလှလွန်း ယောင်၊ ဆာလောင် ပြင်းပြ၊ ဝမ်းဝလွန်းထွေ၊ ခဲန ပညာ၊ မပွားထုသည်၊ခြောက်ပြာပျင်းသူ အပြစ်တည်း၊

ပျင်းရိခြင်း အပြစ် ၆-ပါး

၁။ ချမ်းမှာစိုး၍ အလုပ် မလုပ်ပဲနေခြင်း။
၂။ ပူမှာ စိုး၍ အလုပ် မလုပ်ပဲ နေခြင်း။
၃။ မိုး ချုပ်ပြီဆိုကာ အလုပ်မလုပ်ပဲ နေခြင်း။
၄။ စောသေးသည်ဆိုကာ အလုပ် မလုပ်ပဲ နေခြင်း။
၅။ ဆာသေးသည်ဆိုကာ အလုပ် မလုပ်ပဲ နေခြင်း။
၆။ ဝလွန်း၍ဆိုကာ အလုပ် မလုပ်ပဲ နေခြင်း။

ထိုသို့သော လူပျင်းမျိုးသည် ဥစ္စာလည်းမရတတ်၊ ပညာ လည်းမရတတ်။

× × ×

ထကြွနိုးကြား သနားသည်းခံ၊ ဝေဘန်ကြည့်ရှု၊ ဤခြောက် ခုကား ကြီးသူကျင့်ရာ တရားတည်း။

အကြီး အကဲ ကျင့်ဝတ် ၆-ပါး

၁။ ထထ ကြွကြွရှိခြင်း။
၂။ နိုးနိုး ကြားကြား ရှိခြင်း။
၃။ သနား တတ်ခြင်း။
၄။ သည်းခံနိုင်ခြင်း။
၅။ ဝေဘန် ပိုင်းခြား တတ်ခြင်း။
၆။ လက်အောက် ငယ်သား တို့အား ကြည့်ရှု စောင့်မှုခြင်း။

လက်ချည်းလာ၍၊ ဥစ္စာဆောင်သည်၊ နည်းယ်ဖြင့်သာ၊ များ စွာလိုရှိ၊ ဘေးထိ ဆောက်ခါ၊ ပြုလာတုံဘိ၊ မိမိကျိုးငှါ၊ မှီလာ ပေါင်းယှဉ်၊ လေးခယောက်စဉ်ကား၊ အည ဒဏ္ဍာဟရတည်း။

အဆွေခင်ပွန်းတု ၄ ယောက်

၁။ လာစဉ်ကလက်ချည်းလာပြီးမိုင်ထံမှတစုံဘနုယူသွားသူ။
၂။ နဲနဲ ယူလာပြီး မ်ိုင်ထံမှ များများ ယူသွားသူ၊
၃။ သူ့တွင် ဘေးဒုက္ခနှင့် ကြုံတွေ့သည့် အခါမှ ဆောက် လေ့တတ်သူ၊
၄။ သူ့အကျိုး တခု အတွက်သာကြည့်၍ ပေါင်းသင်းသူ၊

+ × ×

ရှေ့ဖြင့်စေ့ဆပ်၊ တထပ်နောက်မှ၊ချိုးနှိုးသင်ကြိုတ်၊ ဒေးလိုစဟန်၊ ပစ္စုပ္ပန်မှ၊ပြည့်ဖျန်ပျက်ပြား၊ ဤလေးပါးကား။ မွတ်ထား ၀င်ပရုမတည်း။

နှုတ်ဖြင့် သာ ဟန်ဆောင်သော အဆွေခင်ပွန်းတု ၄ ယောက်

၁။ ရှေ့ဘက်ခင် ချိုးကျူးရှိ နောက်ကွယ်တွင် အတင်းပြောသူ။
၂။ လက်မပါပဲ နှုတ်ဖြင့်သာ ပေးကမ်းသူ၊
၃။ ပေးတော့မလို ဟန်ဆောင်ပြီး မပေးသူ။
၄။ လက်တွေ့အားဖြင့် မိခိ အကျိုး အတွက်ဘာမျှ မပြ ညှန်သူ။

× × +

မကောင်းခွင့်ပြု၊ ကောင်းမှုကိုလျှင်၊ ဆင်ခြင်မရှိ၊ ခွင့်ပြု သည်ပင်၊ ရှေတွင် ချီမှမ်း၊ ဖုံးလွှမ်းကွယ်လျှင်၊ ကဲ့ရဲ့ ချင်သည်၊ ။လေးအင်ပီယသာ ကိစ္စသည်း။

ချစ်ဘွယ်ကိုသာဆိုတတ်သောအဆုခင်ပွန်း ၄-ယောက်

၁။ မကောင်းမှုကိုမတားဘဲ ခွင့်ပြုသူ။

၂။ ကောင်းမှုကို ဆင်ခြင်မရှိသူ၊

၃။ ရှေတွင် ချီးမွမိုးသူ။

၄။ ကွယ်လျှင် ကဲ့ရဲ့သူ။

× × ×

မေ့လျော့စောင့်လား၊ ဥစ္စာစောင့်ရှောက်၊ ဘေးထောက် ကိုးကွယ်၊ ပြုဘွယ်ရှိရာ၊ နှစ်ဆဥစ္စာ၊ ချေးပေးသာသည်း လေးဖြာ ဥပမာကဘည်း။

ကျေးဇူး သောင်ရှက်သော အဆုခင်ပွန်း ၄-ယောက်

၁။ မိမိရာ မေ့လျော့နေသည်တိုင် မိမိကို စောင့်ရှောက်သူ။

၂။ မိမိဥစ္စာပစ္စည်းကို မပျက် မယွင်းရအောင် စောင့် ရှောက်သူ။

၃။ မိမိဇာတိကွ ရောက်သည့်အခါ ကိုးကွယ်ရာကိုညွှန် ကြားသူ။

၄။ အိမ်တွင်လိုအပ်သော အခဲ့ ဥစ္စာပစ္စည်းများပေးချေးသူ

× × ×

လျှို့ဝှက်စကား၊ ကြားဖတိုလျက်၊ သူလျှို့ဝှက်၍၊ ဘေးလွှမ်းမစွန့်၊ မတွန့်ဟိုပါ။ သူ့ကိုညှာလျက်၊ ကိုယ့်

သက်စွဲနှိုးပြောက်၊ ဤလေးယောက်ကား။ မျှခလောက် ချမ်းသာဆင်းရဲဘုံး၊

အဆွေ ခင်ပွန်းစစ် ၄-ယောက်

၁။ လျှို့ဝှက်ရမည့် စကားကြားသည်ကို လျှို့ဝှက်ထားသူ၊
၂။ ဘေးဘန္ဓာထွယ် ကြုံတွေ့ခဲသော အခါ စွန့်ပစ် မသွားသူ၊
၃။ ကုန်တိုးခြင်း မရှိသူ။
၄။ တဦးနှင့်တဦး အသက်ခပေး ပေါင်းသင်းသူ။

× + ×

ဥစ္စာခမ်းခား၊ မပွါးသမျှ၊ မနှစ်လိုခြား၊ ပွားကန္ဓင်မြှု၊ ကျေးဇူး မဲ့ကို၊ ဆိုသော် တားမြစ်၊ ကျေးဇူး ဖြစ်ကို၊ ဆိုသော်ချီးမွမ်း၊ သူတို့ဓာမ်းကာ။ ။မိတ်ကျမ်းအနှ ဂပ်တည်း။

သနားတတ်သော အဆွေခင်ပွန်းစစ် ၄-ယောက်

၁။ ဥစ္စာပစ္စည်းမတိုးပွားသည်ကို မလိုလားသူ။
၂။ ဥစ္စာပစ္စည်းတို ပွ ားသည်ကိုလိုလားသူ။
၃။ ကျေးဇူးမဲ့ စကားကြားလျှင် တားမြစ်သူ၊
၄။ ကျေးဇူးရှိသော ကားကို ကြားလျှင် ချီးမွမ်းသူ၊

× × +

အလေးအမြတ် ပြုအပ်သော အရပ်ဖေ-မျက်နှာ ဘုရားရှိမိဘ၊ ဖောင်မှုဆရာ၊ ဧနှာက်မှာမယား၊ မြောက် ကားမိတ်ဆွေ၊ ဘုရားခြေကျွန်းမျှား၊ သထက် ဖျားဆား၊ ပုဏ္ဏား ရဟန်း ခြောက်ရပ်တည်း။

ပျက်ဝီးလွယ်သောသူ ၄-ယောက်

သောက်လုပ်သေရက်၊ ညဉ့်နက်လမ်းသွား၊ ရှစ်ဝေးသဘင်၊ ပျော်ရွှင် ၊အနှစ်စာ ၊လေးရပ်မှာပင်၊ တကွ ထင်သည်။ လေးဆင်ပါပ သဟဲဘည်း။

အဓလောင်းလျှာတို့ လိုတော် ၉-ပါး

လောဘဒေါသ၊ မောဟဆင်းလို၊ တောခိုတမြာ၊ ဆိတ်ရာငြိမ်သက်၊ ဝဋ်မှုထွက်၊ ခြောက်ချက် လောင်းလျှာ အလိုတော်တည်း။

× × ×

အိုခြင်းတမြာ၊ နာခြင်းဘဝထွ၊ သေခြင်းသခြာ။ ကွဲမြားတဟန်၊ ကံလျှင်ဥစ္စာ၊ ဤငါးမြာကို၊ မကွာခဏည်၊ ဉာဏ်သက်ဝင်၍ ဆင်ခြင်ကြ။

မပြတ် ဆင်ခြင်ရသော တရား ၅-ပါး

၁။ အိုခြင်း။
၂။ နာခြင်း။
၃။ သေခြင်း။
၄။ ကွဲကွာရခြင်း။
၅။ ဥစ္စာပစ္စည်း မယုခြင်း၊ ပျက်ခြင်း။

× × ×

အကျိုးဆောင်သော တရား ၁-ပါး

သေခြင်းတပါး၊ ဤဘရားကား၊ စိုးပွား မြားမြောင်၊ အကျိုးဆောင်သည်။ အိုနေ အာင်သောက်မေ့ စိုးဖြန်းကြ။

ဒါန၊ သီလ ဓမ္မာဝနာ စသည်တို့နှင့် အခြားသော ကျင့်ဝတ်တို့မှာ လောကီနှင့် ယှဉ်တွဲနေသော ကျင့်ဝတ်များ ဖြစ်သည်။ မဂ်ဖိုလ်နိဗ္ဗာန် ချမ်းသားကို မျက်မှောက်ပြုနိုင်သောကျင့်ဝတ်မှာ ဝိပဿနာ ကျင့်စဉ် မျှားသာလျှင်ဖြစ်၏။ သို့သော်လည်း လောကီနှင့် ယှဉ်တွဲနေသော ကျင့်ဝတ် ကျင့်စဉ်များကို လည်း လုံးဝ လက်လွှတ် ထားရ မဖြစ်။

ဥပမာ—အိမ်တအိမ်ဆောက်မည်ဆိုပါက။ အခြေခံအုတ်မြစ်ခိုင်မှသာလျှင် ထိုအိမ်သည် တည်တန့် နိုင်ပေမည်။ ထိုနည်း တူစွာပင် ဒါနရှိမှ သီလဆောက် တည်နိုင်မည်။ သီလရှိမှလည်း ဘာဝနာ ပွားများနိုင်မည်။ ရဟန်း ဖြစ်လျှင် ရဟန်းကျင့်ဝတ်နှင့် အညီ နေထိုင် ကျင့်ကြံရမည်။ သာမဏေဖြစ်လျှင် သာမဏေ ကျင့်ဝတ်နှင့် အညီ နေထိုင်ကျင့်ကြံ ရမည်။ လူဖြစ်လျှင်လည်း လူ့ကျင့်ဝတ်နှင့် အညီ နေထိုင် ကျင့်ကြံ ရမည်။ ထိုသို့ ကျင့်ဝတ်နှင့် ညီမှသာလျှင် မဂ်ဖိုလ်နိဗ္ဗာန် အကျင့်ကို အောင်မြင်ပေါက်ရောက် အောင် ကျင့်ကြံနိုင်ပေမည်။

ကျင့်ဝတ်နှင့်ညီစွာ နေထိုင်သော ရဟန်း၊ ရှင်၊ လူများသည် ဝိပဿနာကျင့်စဉ်ကို တဆင့်လှမ်းတက်နိုင်ရန်အတွက် ဝိပဿနာ ကျင့်စဉ်ကို အကျဉ်းမျှ တင်ပြလိုက်ပါသည်။

ဝိပဿနာကျင့်စဉ်အကျဉ်း

မြင်ခြင်း၊ ကြားခြင်း၊ ကန့်နှုံခြင်း၊စားခြင်း၊ စကားပြောဆိုခြင်း၊ သွားလာလှုပ်ရှားခြင်း၊ ပြုဖွယ်လုပ်ဖွယ်တို့ကို ပြုလုပ်တတ်ခြင်း၊ ကိုယ်စိတ်ဝိုဋ္ဌ် တွေ့ကြုံလာသော အားရှိုတို့ကို သိတတ်၊ ခံစားတတ်သော ငါ–သည်ရှိ၏။ ငါ–သတ္တဝါကောင် ယုတ္တာသည် ရှိ၏၊

ငါ–သတ္တဝါကောင်'အက္ခ'သည် ကုစိုးတဝ အရှင် သခင် အပြစ်ကြင့် မမေပျောက်မပျောက်ပဲ အပြဲ နိစ္စရှိ'သဿတ'ကနေဖြင့် မိမိကိုယ်မှာရှိခဲ့၏။ ယင်း သတ္တဝါသည် ခန္ဓာကိုယ် ဆိုသော သက္ကာယမှာ ရှိနေသည်၊ ပြစ်ခဲနေသည်ဟု ဟယူ အစဲ့ မှားယွင်းစွာ မှတ်ယူထားခြင်းသည် "သက္ကာယဒိဋ္ဌိ" ပြစ်၏။ အတ္တဒိဋ္ဌိ–ဟုလည်း ခေါ်သည်၊

ပူသည်၊ အေးသည်၊ နူးညံ့သည်၊ ကြမ်းထမ်းခက်မာသည်၊ ငြိမ်သည်၊လှုပ်သည်၊ ယိုစီးသည်၊ဖွဲ့စည်သည်၊ ရှင်လန်းသည်၊ ညှိုးနွမ်းသည်၊ မြူးကြွသည်၊ နှိုးခွဲသည် စသည်ဖြင့် မိမိတို့ခန္ဓာကိုယ်တွင် ပြောပြလောက်အောင် ရုပ်သဘာဝစုတွေ အမှန်ရှိ၏၊ ယင်းကို 'ပရမတ်'ဟု ခေါ်သည်။ ရုပ်ပရမတ်ပြစ်သည်၊

မိမိတို့ ခန္ဓာကိုယ်တွင် ရုပ်ပရမတ် တေ့သာမဟုတ်၊နာမ်ပရမတ်တေ့လည်း ရှိပ်နှင့် တွဲယှဉ်ပြီး ပြစ်ပေါ်နေ၏၊ပူမှု၊အေးမှု ရုပ်ပရမတ်ကို တွေ့ထိသော–'ဖဿ'၊သိတတ်သော 'ဝေဒနာ'၊ မမေ့အောင် မှတ်သား တတ်သော 'သညာ'၊ မြိန်ယှက်၊ မမြိန်ယှက်၊ အောင်းမကောင်း ခံစားတတ်သော- 'ဝေဒနာ'၊ ဤလေးပါး

သော သဘောစုံ ကိုသည် ရူပ်သဘာဝနှင့် ယှဉ်တွဲ လျက်၊ ရူပ်သဘာဝကိုပင် မှီစဲ့လျက်၊ အမှန်ရှိနေ၏။ ယင်းတို့သည် နာမ်ပရမတ်မြစ်၏။

ရူပ်နှာမ် နှစ်ပါး

၁။ ရုပ်ဟုခေါ်အပ် ပရမတ်ဖနယ်လဘောစုက တခု။
၂။ နာမ်ဟုခေါ်အပ် ပရမတ် အနုက်သဘောစုကတခု။

ဥပါဒါနုကွန္ဓာ ငါးပါး

၁။ ရူပ်ဟုခေါ်အပ် ပရမတ် အနုက်သဘောစုက တခု။
၂။ နာမ်ဟုခေါ်အပ် ဝေဒနာတ်သော ဖယ၊ သင်ခါရကွန္ဓာ ပရမတ် အနုက်သဘောစုက တခု။
၃။ နာမ်ဟုခေါ်အပ် သိတတ်သော ဝိညာဏကွန္ဓာ ပရမတ် အနုက်သဘောစုက တခု။
၄။ နာမ်ဟုခေါ်အပ် မှတ်သားတတ်သော သညာကွန္ဓာ ပရမတ် အနုက်သဘောစုက တခု။
၅။ နာမ်ဟုခေါ်အပ် ပြုန်ယှက်၊ မပြုန်ယှက်၊ ကောင်း မကောင်း ခံစားတတ်သော ဝေဒနာကွန္ဓာ ပရမတ် သဘောစုက တခု။

မိမိကိုယ်ခန္ဓာသက္ကာယတွင် အနုက်သဘောစု ၅-ခုသည်၊ သို့မဟုတ် အနုက်သဘောစု ၂-ခုသည်၊ အပြင်အပမှ အပူရှိန်

ဥတုတွေထိလျှင် ပူရှင်ပူနာမ်တွေသည် မိမိက အလိုမရှိပဲနှင့် ဖြစ်နေရ၏။ အအေးရှိန်ဥတုထိပြန်လျှင်လည်း မိမိကအလိုမရှိပဲနှင့် ထိတွေ့ခြင်းကိုခံရ၏။ ထို့ကြောင့် နာမ်ရုပ်ဟူသော ခန္ဓာငါးပါးဟု ခေါ်သော၊ သင်္ခါရဟု ခေါ်သော သက္ကာယဟု ခေါ်သော အမှန်ရှိ အနက်သဘောတို့သည်-

မမြဲသော သဘောရှိ၏။
ဆင်းရဲ၏။
မိမိအလိုသို့ မလိုက်။
အစိုးမရ။

သို့ကြောင့်-

၁။ စိတ်ကြောင့် နာမ်ရုပ်ခေါ် သဘာဝဖြစ်ပျက် အနိစ္စ၊ ဒုက္ခ၊ အနတ္တ။

၂။ မျိုသွင်းသော အာဟာရကြောင့် နာမ်ရုပ်ခေါ်သဘာဝ ဖြစ်ပျက် အနိစ္စ၊ ဒုက္ခ၊ အနတ္တ။

အနိစ္စလက္ခဏာ နှုပသမနာ

အထူးသဖြင့် နှစ်ဌာနမှ အကြောင်းအကျိုးဟု ဆိုသော တရားတို့ပင် ဖြစ်-သဘောမှ ရွှေ့လျောသော အကြောင်းကြောင့် ပြောပရုံခဏလေးတည်ပြီး ပျက်-သဘောကို မြင်သိရပြီး၊ နောက်တဖန် သုံးသပ်ပြန်သောအခါ မမြဲဘူး-ဟု သိသော သဘောသက်သက်ကို ဉာဏ်နှင့်မြင်အောင်ကြည့်၍ ပညာဖြင့် သိသောကြောင့် အနိစ္စကိုမြင်မှသိမှဖြစ်၏။

ဖြစ်ကြောင်းနှင့် ပျက်ကျိုးတို့၏အကြား မှတ်၊ ဇရာ လျှောသော မှတ်ကြောင်းကို မြင်မှုသိမှုကိုတော့ လက္ခဏာကို မြင်မှုသိမှုဟုမှတ်ရမည်။

ထိုမမြဲခြင်းနှင့် ဝေကွဲ လက္ခဏာသည်ရင်း၊ ဖြစ်ကြောင်းနှင့် ပျက်ကြောင်းသည်ရင်း၊ ထိုသို့အားလုံးကုန်စင် အောင်မြင်မှုသိမှုကိုတော့ နုပသဿနာဉာဏ်ဟုမှတ်ရမည်။

ယင်းကြောင့် အနိစ္စကိုမြင်ရသောဉာဏ်၊ သိမှုပညာကသတ်သတ် တခု။

လက္ခာကို မြင်ရသောဉာဏ် သိမှုပညာကသတ်သတ်တခု။

ထိုအကြောင်း အကျိုးတို့ဖြင့် အားလုံးကုန် ပေါင်းဆုံပြီး မြင်ရသော ဉာဏ် သိမှုတို့ကို၊ အနိစ္စလက္ခဏာနုပသဿနာ ဆိုက်သည်ဟု မှတ်ရုမည်။

ဒုက္ခနုပသဿနာ

သမုတိသစ္စာနယ်က ကိုက်ခဲထုံကျင်၊ တောင့်၊ တင်း၊ ပူအေးတွေ့လည်းမရှိ။ အပ်ဖူ၊အနီ၊ အကြောင်း၊အကျား၊ အရောင်အဆင်း အလင်းအရိပ်၊ နိမိတ်များ သဏ္ဌာန်ဆိတ်ပြီးနောက်၊ ပရမတ္ထနယ်ထဲမှ သဘာဝဟူသော သဘောသက်သက်ထဲတွင် ဖြစ်ရုမှုခဏလေး လျှောသော မှတ်ကြောင်းခကြောင့်၊ ပြောပရုံခဏကလေး တည်ပြီး ပျက်သဘောကိုမြင်ကာ မမြဲသော တရားတွေ့ပါကလားဟု မြင်သိထားသော ပုဂ္ဂိုလ်တို့၏ ဉာဏ်အမြင် ပညာ အသိဖြင့် တဖန်သုံးသပ်ပြန်သော်၊ ဆင်းရဲစရာအကျိုးသဘောကို ဉာဏ်နှင့်

ပင် မြင်အောင်ကြည့်၍ ပညာနှင့်ပင်သိရသောခြောင့် ဒုက္ခကို မြင်မှ သိမှုဟု မှတ်ရမည်။

ဖြစ်ခြေကြောင်းနှင့် ပျက်ကျိုးတို့၏အကြားမှ ရွှေ့လျောသော မှတ်ကြောင်းသား မြင်မှသိမှုကို၊အာ့ လက္ခဏာကို မြင်မှသိမှုဟု မှတ်ရ၏။

ထိုသို့ဆင်းရဲခြင်းနှင့်တကွ ရွှေ့လျောမှုတို့၏ အကြောင်း အကျိုး ကုန်ဝင်အောင် မြင်မှ သိမှုကိုဘော့ နုပဿနာဉာဏ်ဟု မှတ်ရ၏။

ယင်းကြောင့် ဒုက္ခကိုမြင်ရသော ဉာဏ်သိမှ ပညာကသတ်ဖျက်တတ်၏။

လက္ခဏာကိုမြင်သောဉာဏ် သိမှုပညာကသတ်သတ်တတ်။

ယင်းအကြောင်းအကျိုးတို့ကို အားလုံးအကုန် ပေါင်းဆုံပြီး မြင်ရသောဉာဏ် သိမှုပညာကိုပင် ဒုက္ခလက္ခဏနုပဿနာ ဆိုက်သည်ဟု မှတ်ရမည်။

အနတ္တနုပဿနာ

ထို့နောက်တဖန် ပြဆိုခဲ့ပြီးသော သဘောတရား တွေပင် ဖြစ်ရာမှ ရွှေ့လျောသော မှတ်ကြောင်းကြောင့် ပြောပခဲ့ဟု လေးတည်ပြီးနောက် ပျက်ကုန်ကြပြီးလျှင် မမြဲသောသဘောကို မြင်၍ ဆင်းရဲသောသဘောကို မြင်သိရပြန်ပြီးနောက် ထိုဆင်းရဲသဘောသည်ဂုဏ်၊ မမြဲသော သဘောသည်ဂုဏ်၊ ရွှေ့လျောတတ်သော သဘောသည်ဂုဏ်၊ ဖြစ်ကြောင်းနှင့် ပျက်ကျိုး

ကိုဝင်း၊ ယင်းတို့အားဆင်းရဲသားတားကို မဆင်းရဲပါနှင့်ဟုပြော၍ မရ။ မြေခေါ်သည်သဘောကို မြှင့်ပါဟုပြော၍မရ။ ရွှေ့လျောသော သဘောကိုမရွှေ့လျောပါနှင့်ဟု ပြော၍မရ။ ဖြစ်ပျက်သည့် သဘောကိုမပြုစ်ပါနှင့်၊ ပျောက်ပါနှင့်ဟု ပြော၍မရ။ ဝိဝိအလိုကျ ဘာတရုမျှားရှိဆီးရှိပိတ်ပင်၍ ဟရုံမျှမက အစိုးမရပ် ကလား ဟုအကျိုးသဘာ ပေါ်သလိုက် ဉာဏ်ခွဲပင် မြင်အောင် ကြည့်၍ ပညာနှင့် ဝင်သိရသောကြောင့် ထိုမြင်မှု သိမှုကို မနုတ္တာကို မြင်မှုသိမှုဟုမှတ်ရမည်။

ဖြစ်ကြောင်းနှင့် ပျက်ကျမှု ရွှေ့လျောသော မှုလိမ်ကြောင်း အား မြင်,သိမှုကို တော့လက္ခဏာကို မြင်မှုသိမှုဟုမှတ်ရမည်။

ဤသို့လျှင် အစိုးမရပုံနှင့်ဘက္ခု အကြောင်း အကျိုး အား လုံး ကုန်စင်အောင် မြင်မှုသိမှုကိုတော့ နုပယဿနာဉာဏ်ဟု ခေါ်ရမည်။

ယင်းကြောင့် အနုတ္တာကို မြင်သောဉာဏ် သိသော ပညာသည် သတ်သတ်တခု။

လက္ခဏာကို မြင်သောဉာဏ်သိသောပညာက သတ်သတ်တခု။

အကြောင်းအကျိုးအားလုံး ကုန်စင်အောင် မြင်သောဉာဏ် သိသော ပညာတို့ကို အနုတ္တလက္ခဏာ နုပယဿနာ ဆိုက်သည်ဟု မှတ်ရမည်။

ယင်းကဲ့သို့ အတွင်းအပြင် နှစ်ဌာနမှ အကြောင်း သဘာဝနှင့် အကျိုး သဘောတို့ ပင်လျှင် တမဟုတ်ချည်းမှာပင် အမေ့အစ ဘာတခုမျှ မရှိတော့ဘူးဟု ဉာဏ်နှင့်ပင် မြင်စရာ မရှိရုံမျှမက ပညာဖြင့် ယှဉ်ပြီးသိစရာမရှိပါဘူးလားဟု သိပြား သော်လည်း၊

ကမ္ဘာတည်သည်မှ စ၍ ယခုကဝအထိ အပါယ်သံသရာသို့ ကျွေ့ရောက်ခဲ့ကတည်သော ဘဝမျိုးစုံကား တကြိမ် တခါမျှပင် ပယ်သတ်နိုင်စွမ်း မရှိ၍ မပြုတ်ခဲ့သေးသောကြောင့် ထိုမြင်သိမှု မျိုးကိုပင် အကြောင်း အကျိုးတို့၏ သံသရာ ပြတ်ကြောင်းကို ဉာဏ်နှင့် မြင်၍ ပညာဖြင့်သိရခဲ့သော စူဠခဲ့သောတာဝန် ပုဂ္ဂိုလ်တို့၏အမြင်အသိ ဖြစ်လေသည်။

မည်ကဲ့သို့ ဝိပဿနာဉာဏ်ဖြင့် ရှုပ်ဆိုးသော သဘောတရား တို့တို မြင်ရမည်ဟုဆိုလျှင်၊ အပြင်ဖက်မှ အသံဟုပြောဆိုရခဲ့သော သဘောသက်သက်ကသာ အကြောင်းတပါး ယင်းသဘောကို 'အတိုက်ပစ္စည်း' ဟုခေါ်၏။

ပြီး နားရှက်ဟု ပြောဆိုရခြင်းက အကြောင်း တပါး၊ ထို အကြောင်းကိုခံတော့ အတိုက်ခံပစ္စည်းဟု ခေါ်သည်။

ထိုအတိုက်ပစ္စည်းနှင့် အတိုက်ခံပစ္စည်း အကြောင်းနှစ်ပါး၏ အကြားမှ ဖြစ်ပေါ်လာရသော အကျိုးသဘော သက်သက် ကလေးကိုခံတော့ကြားမှုဟု ခေါ်ဆိုရပြန်၏။

နားရှက်ဟု ပြောဆိုရသည်က ပညာ၊ အတိုက် ခံရသော သဘောသက်သက်သည် ပရမတ်။

ယင်းကြောင့် ထိုသမုတ်၍ သမုတ်၍ထားသော ပညာ အထပ်ထပ်ခေတ္တကို ဉာဏ်နှင့်ပါယ်ခွာ၍ ကျန်ရစ်သော အတိုက် သဘော သက်သက်နှင့် အတိုက်ခံဆဲ သဘော သက်သက်ဟု ဆိုအပ်သော အကြောင်းနှစ်ပါး ပရမတ်နှင့်ဘက္ခ ထိုအကြောင်း နှစ်ပါး၏ အကြားမှ ဖြစ်ပေါ်၍လာသော အကျိုးသက်သက် ဟုသည်း ပရမတ်။ ထိုအကြောင်းအကျိုးဟု ဆိုသော ပရမတ်

ဓာတုသဘော သက်သက်ကိုသာလျှင် အာရုံပေါ်မှာ သတိဖြင့် ကပ်၍ ရုပ်ဟုဆိုသော အဓိပ္ပာယ် သဘောကို မြင်သိရအောင် ဉာဏ်နှင့် သုံးသပ်ပြီး အပြားအားဖြင့် ပိုင်းခြား ထိုးဖောက်ကာ ပညာဖြင့် သိအောင် ရှုကြည့်ရပေမည်။

ရုပ်ကို မြင်အောင် ရှုပုံ

ရုပ်ကို မည်ကဲ့သို့မြင်အောင် ရှုကြည့်ရပါမည်နည်းဟု ဆိုလျှင် ထိုပရမတ်ဟု သိုအပ်သော အကြောင်းနှစ်ပါးတို့၏ တိုက်ခတ်မှုမှ ဖြစ်ပေါ်၍ လာသော ပဋိပက္ခအကျိုး သဘော သက်သက်ကို သာလျှင် ရုပ်ဟုခေါ်သည်။ မြန်မာလို'ဖောက်ပြန်မှု'ဟု ခေါ်၏။ ထိုရုပ်ပေါ်လာသော အစ သဘာဝလေးကိုတော့ ဥပါဒ်ဟု ခေါ်၏။ မြန်မာလို ဖြစ်မှုဟုခေါ်သည်။ ယင်းကို ခဏငယ် တချက်ဟု မှတ်ရမည်။ ဖြစ်ပေါ်ဆဲ ကာလသဘောကိုတော့ 'ဌိ'ဟု ခေါ်သည်။ မြန်မာလိုတည်မှုခေါ်၏ယင်းကို ခဏငယ် တချက်ဟု မှတ်ရမည်။

ထိုနောက် တဖန် ယင်းရုပ်၏ အဆုံးသတ် သဘာဝကလေး ကိုတော့'ဘင်'ဟုခေါ်သည်။ မြန်မာလိုပျက်ဟုခေါ်၏။ ယင်းကို ခဏငယ် တချက်ဟုမှတ်ရမည်။

ယင်း ဥပါဒ်၊ဌိ၊ဘင်-ဟူသော ခဏငယ် သုံးချက်တို့သည်ပင် ဖြစ်သဘောမှ တည်သဘောသို့ ထိုးကြားမှ ရှေ့လျှောသော မှတ်ကြောင်းကိုဘော့ ပါဠိလို'လက္ခဏ'ဟု ခေါ်၏။

ထိုမှကဖန် တည်သဘောမှ ပျက်သတောသို့၊ ထိုအကြားမှ ရှေ့ဖလျှောသော မှတ်ခြားင်းကိုဖတ၀့ လက္ခဏာဟု ခေါ်သည်။

ယင်း အားကြောင်းအကျို၊ ဆိုသည့် ပရမတ္ထ ခန္ဓာသဘာ ဧကသည်ရင်း၊ ဖြစ်သဘော၊ တည်သဘော၊ ပျက်သဘောဟု ဆိုသော ခဏာ၀ယ်သဘောကေ့သည်ရင်း။ ထိုခဏာ၀ယ် အကြားမှ မှတ်ခြားင်းဟု ဆိုဖသော ရှေ့ဖလျှောသည့် လက္ခဏာ သဘောဘဲ့သည်ရင်း။ ထိုသဘော အပြားတွေကို ပရိစ္ဆေဒ ဟူသော ပါဠိဘရ တခုစီတခုခြားနားရှိ ညာတပရိညာဉာဏ်ဖြင့် မြင်ပြီး ပဇနာဆိုသော ပါဠိအပြားအား ဖြင့် ထိုးဖေါက်ရှိ ပညာဖြင့် သိရခိုမျှမ၊ ပရမတ္ထ သစ္စာနယ်ထဲမှ ဗုဒ္ဓ ဩလိုဝတော်ကျ သဘာ၀ဟု ဆိုအပ်သော ထိုသဘော အပြားတို့သည် လျှင်ပင် မျက်ဘောင် တခေတ် လက်ပစ်တတ်တ် တခဏ အဘုင်းမှာပင် ပျက်တတ်သည်ဟုဆိုသော ဘင်စုန်းတော်၊ နောက်ဉာဏ်နှင့် ထောက်ပြီး ကြည့်လိုက်သော အခါ ဘာတခုမှ ဘတည် ဘကျ မရှိဟု ဉာဏ်နှင့် မြင်အောင်ကြည့်ရှု ပညာဖြင့် သိရပြီး ထို အမြင် အသိသာပင် ချုပ်ငြိမ်းပျောက်ခြင်း၊ တနည်း ခွပ်ချုပ်သည်ဟု ခေါ်ဆိုကြ၏။

ယင်းကဲ့သို့ အသံရယ် ကြားမှုရယ်ဟု သမုတ်အပ်သော ပညာဟာ အထပ်ထပ်ကို သိရသောဉာဏ် သိရသော ပညာ ကသတ်သတ်။

ယိုပညာက်ကို ထိုးဖောက်ပြီး အတိုက်သဘော ပရမတ်ကိုမြင်သော ဉာဏ် သိမှုသော ပညာက သတ်သတ်၊

ဒီတိုက်ခံဆဲသဘော အကြောင်း ပရမတ်ကို မြင်သော ဉာဏ် သိရသော ပညာက သတ်သတ်။

ထိုအကြောင်းနှစ်ပါး အကြားမှ မြစ်ပါ၌ လာသော သဘော ဒုကျိုး ပရမတ်ကို မြင်သော ဉာဏ် သိရသော ပညာက သတ်သတ်။

ယင်းအကြောင်း အကျိုးတို့၏ ပရမတ္တ ခန္ဓာထူထဲမှ ဖြစ်သော သဘော ခဏငယ်တချက်ကို မြင်သောဉာဏ် သိရသော ပညာ သတ်သတ်။

တည်သော သဘော ခဏငယ်တချက်ကို မြင်သော ဉာဏ် သိရသော ပညာ သတ်သတ်။

ပျက်သော သဘော ခဏငယ် တချက်ကို မြင်သော ဉာဏ် သိရသော ပညာ သတ်သတ်။

ထိုခဏငယ် သုံးချက်တို့၏ အကြားမှ ရှေးလျှောသော မှတ်ကြောင်းလက္ခဏာတို့၏ သဘောကို မြင်သော ဉာဏ် သိရသော ပညာက သတ်သတ်။

ဖောက်ပြန် ပျက်စီးသော ဒုဝိပဿဝိယ် သဘောကို မြင်သော ဉာဏ် သိရသော ပညာ သတ်သတ်။

ဤသို့လျှင် တကယ်ရှိသောတခုစီ၊ တခုစီဟူး ဟူသော သဘာဝ သဘော အရ ထိုသဘော အပြားနေ့ကို ညာ တပရိ ညာဖြင့် တခုစီ တခုစီ ဉာဏ်နှင့်ပိုင်းခြား မြင်၍ ပဇာနာတိ ပညာဖြင့် တခုစီ တခုစီ ထိုးဖောက်ပြီး မြင်ကြ သိကြမှသာလျှင် ဝိပဿနာ ဉာဏ် ပညာ အစစ်ဖြစ်လေသည်။

ရုပ်ကို ဏပိုင်သိသဖြင့် ဉာဏ်ချုပ်ပုံ

ရုပ်ဟုဆိုအပ်သော ဖောက်ပြန် ပျက်စီး၊ ကာ အတည်အကျ မရှိမှုကို ဉာဏ် ဏမြင် ပညာသိဖြင့် သိမြင်ထား၊သော ပုဂ္ဂိုလ် များ၊သည်၊အသံနှင့်နှာ၊၊အဆင်းနှင့်မျက်စိ၊ ဏနံ့ နှင့် နှာခေါင်း စား၊စရာနှင့်လျှာ၊ ဝတ္ထုတစုနှင့် ကာယ၊ အကြောင်း ဏကို၊ ဆက်တိုင်း၊မှာ ထိုအမြင် ထိုအသိနှင့် ရုပ်ဟုဆိုသော ဖောက် ပြန် ပျက်စီး၊ အတည် တကျ ဘာပစ္စည်း၊မှ မရှိသည်ကို ထိုဉာဏ် ပညာဖြင့် ရှုကြည့်နေဆဲမှပင်—

ဏမ္ဘာဘည်ဦး မှစ၍ ယခု ဘဝတိုင်ဏောင် အမြင်မှား၊ အမှုတဲ့မှား ဏ၊စဲ့မှား၊ ဏယူမှား၊ ဏသိမှား၊မိစ္ဆာဒိဋ္ဌိဟုဆိုအပ်သော သွာ၀ါ၀ါ ဏသက်ဘဲလိပ်ပြာဘဲ၊ သဏ္ဌာန်ဖြင့် မိန်း၊မ၊ယောကျား လူနတ်ပြဟ္မာ သတ္တ၀ါ၊တို့သည် ၀ဋ်လည်း၊စရာမရှိတော့ဟု ကွေ၊မှု ခွာမှုကိုပင် ဦးတိုက်ကာသည်ခွာသည်ဟုဆိုရယုံမျှမက ထိုဉာဏ်ဏမြင် ပညာ၊ဏသိဖြင့် မြင်သိ၍ထား၊သော ပုဂ္ဂိုလ်များ၊သည် မသိမှု ကြောင့် ဖြစ်၊ပေါ်၍လာ၊သော သမ်ါရဏာသည် ပြုပြင်ခြင်း၊ကင်း မဲ့သော၊ကြောင့် ဏပြင်သို့ဏာ၊ခံ၊တော့မယ်ဆိုစိ၊တော့။

ဏာ၊ခံ၊တော့ မယ်ဆိုစိ၊သော ဏ၊ကြောင်း၊ကြောင့် မည်သည့် ပစ္စည်း၊နှင့်မျှ 'ဖယ'ဟုဆို၊သော တော့ထိုနိုင်စွမ်း၊ဏာ၊ခံ၊ဏကြောင်း မရှိတော့။

ထိတော့ ခံ၊စား၊နိုင်သော ဏာ၊ခံ၊ဏကြောင်း၊မရှိ၍ ခံ၊စား၊မှု ဏကျိုး မရှိတော့။

ခံစားမှု အာရုံအကြောင်း မရှိသောကြောင့် ဝိညာဏ်ဟုဆိုသော သိမှုအကျိုးမရှိတော့။

ယင်းသို့မသိမှုကြောင့် ဖြစ်ခဲပါတတ်သော ပြုပြင်မှုတွေ့ချုပ်ခြင်း၊ ခံစားမှုတွေ့ချုပ်ခြင်း၊ မှတ်မှုတွေ့ ချုပ်ခြင်း။

သိမှုတွေ့ ချုပ်ခြင်းကိုတော့ စွဲဆောသောဘာဝန် ပုဂ္ဂိုလ်တို့၏ ဝိပဿနာ ဉာဏ်အမြင် ပညာအသိဖြင့် ရှုကြည့်နေဆဲ မှာပင် ရှပ်ကိုအပိုင်သိ၍ နာမ်ချုပ်သည်ဟူဆိုလေသည်။ ဤကဲ့သို့မြင်မှု သိမှုကို စွဲဆောသောဘာဝန် ပုဂ္ဂိုလ်မျှား ရှုကြည့်ဆဲမှာပင် သံသရာပြာကျော်ကြောင်းကို မြင်မှုသိမှုဖြစ်သတည်း။

ယခုတင်ပြခဲသော ဝိပဿနာ ကျင့်စဉ်အကျဉ်းမှာ သံသရာပြာကျော်ကြောင်း ဝိပဿနာဉာဏ်ပညာဖြင့် သိနိုင်ရုံမျှသာဖြစ်၏။ ခဏိကမရဏကြောင့် 'ဘင်'ချုပ်သဲ့လျှင်ဖြစ်သည်။ ကိုးဆယ်သောဓာတုတို့ကို မဂ်ဖြင့် ပယ်ဖြတ်ခဉ်းမည်။ ကိုးဆယ်သောဓာတုတို့ကို မဂ်ဖြင့် မပယ်ဖြတ်ရဘဲသောကြောင့် နိဗ္ဗာန်မဟုတ်ခဲလေ။

မှတ်ချက်! ။မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုမြင်သည်ဟူ ဆိုထားခဲသော်လည်း၊ မဂ်သည် ဉာဏ်မဟုတ်။ ဉာဏ်သည် နိဗ္ဗာန်မဟုတ်။ မဂ်သည်လည်း နိဗ္ဗာန်မဟုတ်။ 'မဂ်'သည်သတ်ဆတ်၊ ဉာဏ်သည်သတ်သတ်၊ နိဗ္ဗာန်သည် ဆတ်သတ်ဖြစ်၏။

(ဝိပဿနာကျင့်စဉ်တရားသည် အလွန်ခဲလေးနက်၍ နုနယ်သိမ်မွေ့၏၊ ထိုဘရားကို တဆိုင်ထည်း တခဏထည်း ကြားနာပတ်ရှုရုံဖြင့် လုံးဝဉာဏ် အလုံစုံ သိရှိနားလည်စေရန် ခဲယဉ်းလေသည်။ ဤဘရားသည်မပြတ်နာယူ၊ အစဉ်မှတ်သား၊ အမျှား

ကြီးပတ်ရှ လေ့လာရမည့် တရားဖြစ်၏။ ယခုကျွင်ဝဉ်ကျမ်းတွင် ဝိပဿနာကျင့်စဉ်နှင့် ပတ်သက်၍ သဘောမျှလောက် ဆကျဉ်း ခြုံ၍ တင်ပြလိုက်ပါသည်။ နိုဗွာန်မဂ်ဖိုလ်ကို အလိုရှိသော ပုဂ္ဂိုလ်များ အနေနှင့် ဝိပဿနာကျင့်စဉ် ဟောပြောခြင်းများနှင့် တခြား ဝိပဿနာကျင့်စဉ်အကျယ် ကျမ်းများကို ဆက်လက်လေ့ လာကြပါရန်။ ၊(ပြုစုသူ)

ဖြစ်ပျက်သံသရာလက်ဝ

၁။ လုဇ္ဇတိ ပလုဇ္ဇတိလောကော၊ သဘောမမှန်၊ ယွင်းဖေါက်ပြန်သည့်၊ ရုပ်နာမ်နှစ်ဝ၊ ဤကာယဟု၊ အတ္တစွဲကိုင်၊ ငါကား၊ပိုင်ဟု၊ အခိုင်အမာ၊ ဖြစ်လိုပါလည်း၊ တည်ရှုမရ၊ ချုပ်ပျောက်ကြလျက်၊ မှုန်ကြွေကွဲ၊ ဓာတ်ကောက်စဲ၍၊ ဒုသမြဲခါခါ ဓမ္မတာတည်း။

၂။ သံသရာထက်၊ ခန္ဓာစက်ကား၊ 'ဖြစ်ပျက် ဖြစ်ပျက်' အသံထွက်၍၊ ဘဝဂ္ဂလည်းဆောင်၊ နှရက်ဆောင်နှင့်၊ အကောင်လိုလို၊ အမရောင်စိုလျက်၊ ပုဂ္ဂိုလ်သတ္တ၊ မျက်လှည့်ပြု၍၊ အနှသမား၊ ရေစုံသွားကို၊ လှည့်ဖျားသော့ဘို၊ အပေါ်ညို၏။

၃။ မရှိမြင်ရော၊ ဓာတ်ခန္ဓာဏာ။ ရုပ်လွှာမဆိတ်၊ နာမ်ရောင်ဖိတ်သား၊ ကံ-ဇိတ်-ဥ-ဟာ၊ မှတ်-မြင်-ရှုပ္ပ၊ အမှား-မှား-နှင့်၊ ငါကား ငါ့ဟာ၊ ငါ့မိုသားကို၊ ဘဏ္ဍာ မာနော၊ ဒိဋ္ဌိပြောလျက်၊ သင်္ခေါကာယ၊ သက္ကာယနှင့်၊ ရင်ဝလုံစူး၊ ထိပ်ဦးမီးလောင်၊ ခန္ဓာကောင်သည်၊ ရှည်အောင်သံသရာ၊ ပြေးတတ်စွာ၏။

၄။ ခန္ဓာနာမ်ရုပ်၊ အကောင်ပုင်ကား၊ ပိုက်ထုပ်ကျွေးဆင်၊ မြဲသုတ်သင်လည်း၊ ထွက်ဝင်အမာဝ၊ ကိုးဒွါရမှ၊ ဝဲထလိုင်းထက်၊ ယုံစိုးလျက်ဟည်း၊ ဟောင်ပွက်ဇလုံထိုး၊ အပုပ်အိုးဌ၊ ပိုးမျိုးရှစ်ဆယ်၊ တိုင်းပြည်တယ်၏။

၅။ လူနယ် တည်ထောင်၊ ခန္ဓာကောင်ဌ၊ ဇိုက်မြောင်ဆက်ပို၊ ဇမ္ဗူ-ဇမ္ဗူ-တိုးသား၊ အင့်-သုံ-ရာ၊ တိုင်ပမာတွင်၊ ကိုးရာသား-တစ်၊ ပို့မံ-တစ်ပြီ၊ ကြောမြစ်ကြီးလွှား၊ ရိုးသားဖြောကား၊ ကိုးရာမလောက်၊ ဒိုင်ထုတ်ဖေါက်ပြီး၊ ထပ်နှောက်ခုနှင့်ရာ၊ ကြောသေးမှာတို့၊ ညီညာစီးထွေ၊ ထုပ်ပတ်စေ၍၊ **အဓရ ထူ—ပါ**း၊ **လွှမ်**ခြုံထား**သည်**၊ **ကျား-မ** ဟူတီ၊ **အမည်ရှိ**လျက်၊ **ဃ**ုတ်ဝေ**ါ**ဟ**ာ**၊ ပေါ်ဖြင် စွာတည်း။

၆။ သည်ဘဝပလ္လာသ၊ **မှ**တ်**မှ**ား**ကြ**ရ**ှ**၊ **အ**ဘ**ွ**ေ**ထ**င်၊ **မ**ြ**င်ဆ**ိ**ု**း**
မြ**င်**၏**၊ **ဓ**ာ**တ်ရ**ည**်ဆ**ောက်**ပ**ွ**ား**၊ **သ**ော**ာ**ာ**ရ**ာ**ား**ကား**၊ **ဖ**ွ**ား**
ဖွ**ား**ဆ**ုတ်**သ**ုတ်**၊ **တ**ော**ပ်**လ**ှ**ပ်**ခ**ုန်**၊ **ပ**ြ**ုတ်**ခ**ြ**ည**ုံ**ား**ရ**ုတ်**ခ**ြ**ည**ုံ**ား**
ချုပ်**ပ**ျ**ောက်**ပ**ြ**ီ**ား**လ**ျ**ောင်**၊ **ပ**ျ**ောက်**စ**ီ**ား**ယ**ုံ**ုင်**ား**ယ**ုံ**၊ **ရ**ုင်**ရ**ော**ာ**အ**ို

လျက်၊ အလိုမပါဘဲ၊ ဆဖွဲ့ဖွဲ့နှင့်၊ ပြောင်းလဲတတ်စွာ၊ လမ်းရိုးသာတည်း။

၇။ သည်းလှည့်ဖန်၊ မှားသားမှန်၏၊ သဏ္ဌာန်ပြိုလဲ၊ ဖျက်ပေါက်ခဲ့မှ၊ ဆခဲ့အလုံး အခွက်အခုံးနှင့်၊ အတုံ့အတစ်၊ စုဘန်းဖြစ်ဟု၊ အပြစ်အရေ၊ မှုမှုချွေသော်၊ ထွေထွေ အပတ်၊ မရှိလတ်ဘဲ၊ ကလာပ်ခေတ်ဟူန်၊ ပေါင်းစုံပုံကို၊ ဖုံဖုံခဲ့ဝေ၊ ဥာဏ်ဖြင့်ဖေ့သော်၊ မြစ်ရေယာဉ်ဟန်၊ ဆီမီးလျှံသို့၊ ဖန်ဖန်သစ်ဟောင်း၊ ရိပ်ရိပ်ပြောင်းသား၊ အပေါင်းခဏ၊ ပစ္စက္ခကို၊ ကြေမှုပိပြင်၊ တည့်တည့်ထင်မှ၊ မှားမြင်ကွယ်လျှိုး၊ မှန်မြင်ရိုးတည်း။

၈။ ကြောင်းကျိုးရှိန်လှုပ်၊ တိမ်ပုံရုပ်နှင့်၊ လေရုပ်သွင်လား၊ မြေရွှေ့လျားဏ၊ ကျားမသွင်ပြု၊ ဓာတ်ရိုင်မျှဘဲ၊ သုညဖြစ်ပုံ၊ ဥာဏ်သိုင်းခြုံမှ၊ စွဲတုံသဏ္ဌာန၊ မှုပြာကျလျက်၊ ဃန သုဉ်းချုပ်၊ အတ္တပြုတ်လိမ့်၊ နာမ်ရုပ် ဖြစ်ပျက်၊ သစ်ဟောင်းဆက်ကို၊ ခွဲဖျက်ဝိပဿနာ၊ ရှုအပ်စွာ၏။

၉။ သစ်ကာဟောင်းကာ၊ ဖြစ်ပျက်ရာလည်း၊ ဓာတ်လွှာမငြိမ်၊ ကံရိပ်ရှိန်ရှိန်နှင့်၊ နာမ်လိမ်ရုပ်ဝပ္ပ၊ ထိုးဆွဲမှုရ၍၊ ဆုဝဝ ညံ့ပွက်၊ ကြေကွဲအက်ပြီး၊ ဖြစ်ပျက်မနား၊ ဟုန်းဟုန်းပွားဏ၊ ဖွားဖွားပေါ်လာ၊ ဤခန္ဓာလည်း၊ မြဲစွာစိုးစီ၊ မပိုင်ဘိ၍၊ ဇာတိစသည်၊ အလိလိ၌၊ ဖြစ်—တည်—ပျက်—ပြုန်း၊ ပျောက်ကွယ်ဆုံးလျက်၊ လုံးလုံးမခိုင်၊ စိုးမပိုင်၍၊ အစိုင်ကြေမှ၊ ပျက်သုဉ်းရ၏။

၁၀။ အနိစ္စမို့သာ၊ ဒုက္ခဖျားလျက်၊ အနတ္တာစစ်၊ မြစ်ကြီး ဖြစ်၏၊ အနှစ်အကား၊ မဆိုသားဘူး၊ ခိုင်မာတောင့်တင်း၊ ဗလာ ကင်းခဲ့၊ ဖြစ်ရင်း ပျက်ရင်း၊ နှိပ်စက် ညှဉ်းပြီး၊ ဆင်းဆင်းရဲရဲ၊ နာကျင်ခဲလျက်၊ ပွဲပွဲပြိုကြ၊ ပြိုကွဲကြနှင့်၊ မရစိုးပိုင်၊ မာန်ဇလျှံမှုန်ရှ ၊ မနိုင်ဖြစ်ရ၊ ပျက်သုဉ်းစွတည်း၊ ဓူဝဘတ္တာ၊ ဗဟွဲသာကို၊ လက္ခဏာထင်၊ ဥာဏ်ဝတင်လျက်၊ ရှုမြင်မလတ်၊ ပ္ဍိုးများအပ်၏။

၁၁။ ပျက်ခဘတ်ခိုးဝေ၊ လှပ်ခြိမ်းစေသား၊ ခဘတ်လေ ခဘတ်ရှင်၊ တသွင်သွင်နှင့်၊ ထွက်ဝင်နှောက်ယှက်မှု၊ လွန်ဆိုးပေတ်။ ခမြ-ရေ-လေ-မီး။ ထွေတွေစီးသည့်၊ ခဘတ်ကြီးစတု၊ မိုးပ္ဍားစုလျက်၊ ကြမ်းနုထပ်ထပ်၊ ပေါက်ပြန်လတ်၏၊ ဥပါဒ်မစဲ ဌိမမြဲနှင့်၊ ပျက်ဆဲဘင်လွှာ၊ ဆက်ဆက်ကြာခဲ့၊ ဝဏ္ဏာဆင်းရုပ်၊ မြင်ရုံဟုတ်၏၊ ပေါင်းရုပ်သီးသီး၊ ဇာတည်းဘည်းနှင့်၊ ပျက်စီးပေါက်ပြန်၊ ရေမြုပ်ဟန်ကို၊ ခေါ်ရန်ဝေါဟာ၊ ရှုပကွန္ဓာတည်း။

၁၂။ နာကြင်ထိုးနှက်၊ အခံခက်အောင်၊ သလ်ဿာ-မသာ၊ ဝေဒနာကို၊ ပမာရေပွက်၊ မြန်ချုပ်ပျက်မို့၊ ဝေဒနာကွန္ဓာ၊ သမုတ်ရာ၏။

၁၃။ ဖြာဖြာအမှတ်၊ သညာခဘတ်ကား၊ တံလျှပ်သို့နှယ်၊ အဓိဋ္ဌာန်ခြယ်၍၊ နာမ်နယ်ဝင်းလက်၊ လျှပ်လျှပ်ပြက်ကို၊ သညာကွန္ဓာ၊ ခေါ်ဆိုရာ၏။

၁၄။ ဝေဒနာ-သညာ၊ သည်နှစ်ပြာမှ၊ ကြင်းဆု နုခပြောင်း၊ နာမ်မျိုး ပေါင်းကာ၊ ဆိုးကောင်းပျော်မှု၊ သီးသီး လေ့၏၊ ထိတွေ့-ဆောက်နှီး၊ တည်-စိုး-နှလုံး သွင်း၊ ကြုံလျှင်သုံးသပ်၊ ဆုံးဖြတ်—လှုပ်ရှား၊ နှစ်သက်ပွား လျက်၊ ပြုပြောမတ္တာ၊ မိုက်ဓမ္မာင်ကြလျက်၊ မရှက်မှုလန့်၊ ပံ့လှင့်လိုချင်၊ မှားမြင်ထောင်လွှား၊ ရမ်းက ကြမ်းမှု ပြုစုဝန်တို၊ လွှန်ကိုပူပန်၊ ဝေးလံကိုင်းရှိုင်း၊ ကိုယ်စီတိ ထိုင်းနှင်၊ ပိုင်းမဖြတ်၊ မဆုံးဖြတ်သား၊ သဒ္ဓါကြည်လင်၊ ဇာစဉ်ကောက်ဆမ့်၊ ရှက်လေ့ဝကြောက်ပို၊ မလိုမကြမ်း၊ စဲ့လန်းမယိမ်း၊ ကိုယ်စိတ်ငြိမ်ပေါ့၊ နှုးညံ့ပျော့ဏာ၊ ခံ့ကျမ်းသာ၍၊ လေ့လာခြောင့်မတ်၊ ကောင်းမြတ် ပြောဆို၊ ဇကောင်းကို ပြုကာ၊ ဇကောင်းဆု သက်ခမ္ဘီ၊ ကြင်ရေးပြုမြဲ၊ ဆင်းရဲကြင်နှာ၊ ဒုမ်းသာ ဝမ်းနမြောက်၊ ဥာဏ်ရှိန်တောက်ဟု၊ ရွှေဇကာဂ် သခ်္ခာ၊ ငါးဆယ် ဟာကို၊ ခန္ဓာအစဉ်၊ လွှန်ပြုပြင်၍၊ ဝေါဟွန်သခ်ါရ၊ ဒြပ်မပြာဘူး၊ ဖြစ်ဆပျက်ဆလျှာ၊ ဤသဘောကြောင့်၊ ဌက်ပျောလက်ပံ၊ နှစ်—မဆံ့ဆို၊ ပိုးဟန်မဲ့ရှာ၊ ဇာတ် ပေါင်းလွှာကား၊ ဝိဇ္ဇာမဘန်၊ ပညတ်မျှပင်၊ ဥာဏ်ဝတ္ထု ပျက်၊ ပရမတ်နုတ်ကို၊ သခ်ါရကွာနှင့်၊ သမုတ်စွာ၏၊

၁၅။ ရှုပ်လွှာဏာရ၊ ခြောက်ဒွါရ၍၊ ခြောက်ဝအာရုံ၊ ထွက် ဝင်ကုန်၍၊ ခြောက်စုံဝိညာဉ်၊ ပေါ်ခဏ်ထင်ယား၊ မြင်သိကြားသိ၊ နံလျက်သိနှင့်၊ ထိသိသိကြုံ၊ သိုးခြောက် တန်လျှင်၊ မမှန်လိမ်ဝှက်၊ မှောင်စားချုပ်၍၊ မျက်လှည့် ကြ

အသင်၊စိတ်ဝိညာဉ်ဟု၊ ပေါ့လျှင်မငြိမ်၊ အာရုံကြိမ်တိုင်း၊ နာမ်လိမ်ဖွားဖွား၊ တမှားမှားနှင့်၊ ပြေးသွား၊ဝင်ထွက်၊ သိခြင်းနှက်ခကြောင့် ဝိညာဏကွန္ဒာ၊သမုဒ်စွာ၏၊

၁၆။ ခန္ဓာဝါး၀၊ သမ္မာတာ၊ ပြစ်စလည်းပျက်၊ ဘည်လည်း ပျက်နှင့်၊ ပျက်ကပျက်ပင်၊ ပျက်မျိုးအင်ကြောင့်၊ ဏစဉ် ဣဝယ၊ ပျက်ပြုနုးရမ်း မြစ်ခုခိုင်မာ၊ ဖောရင်းကွာကို၊ ယထာဘူတံ၊ ရှုနည်းမှန်ဖြင့်၊ ပြန်လှန်မလပ်၊ လူဖျက် တတ်လော့၊ ပညတ်ဖေါ်ပြီး သဗ္ဗာဘာမျှကို၊ ရူပ ၀ေ ဒနာ၊ သညာသင်္ခါရ၊ ဝိညာဏဟု၊ ပြောကျွေးခဲ့၊ အနှစ် မဲ့ရှိ၊ စဲပဲ့စရာ၊ ပျက်ချပ်ပါကို၊ ငါ့ဟာကင်းပ၊ ငါ့မို့ ဟာနှင့်၊ ငါ ကြွေလင်းကာ၊ အနတ္တာဟု၊ ဥာဏ်လွှာပြူးပြူး၊ ရှုကြားကာ။

၁၇။ မိုက်မှုးမောဟ၊ သင်မခပ်နှင့်၊ ဃလေ့သမ်းဆိုး၊ ပယ် စာမျိုးမှ၊ ကောင်းကျိုးကျင့်ကြ၊ ဘုံစဉ်ဗဲလျက်၊ နိဗ္ဗာန် နန်းသို့၊ လှမ်းမချိသင့်၊ ကူပို့ကယ်တင်၊ ဘုရားရှင်၏၊ မဂ္ဂင်ယာဉ်ပျံ၊ လမ်းကောင်းမှန်ကို၊ လျှင်မြန်မီရ၊ စီး လိုက်ကြမှ၊ ပြစ်ပျားဆိုးကင်းလျက်၊ ခပင်းခားကြည်၊ ချမ်းသာကည်သည်၊ သန္ဓိသုခ၊ စကုတ္ထပရမတ်၊ သတ္တ ရိပ်လွှတ်၊ အမြတ်ထင်ရှား၊ လောကုတ်အားဖြင့်၊ ခပ်တ် သားနန်းမြေ၊ နိဗ္ဗာန်မြေကို၊ မဘသွမုချ၊ ရောက်မည် တကား။

× × ×

ခန္ဓာငါးပါးတွင် ဆင်ခြင်၍ ရှုပွားပုံ

ရုပ်ဝေဒနာ၊သညာ၊သင်္ခါရ၊ဝိညာဉ်ဟု ဆိုအပ်သော ခန္ဓာငါးပါး၊ခေတ်တရား အစု အဝေးပေါင်းသည်၊ အနှစ်သာရ မပါ၊အခိုင် အမာမရှိ၊

အိုးသော အမျိုးအစား၊
နာသော အမျိုးအစား၊
သေသော အမျိုးအစား၊ တို့သာဖြစ်ကြကုန်၏။

'ခန္ဓာတွင်းမှာ၊လက်တွေ့ရှာ၊အိုး–နာ–သေကို မြင်စေအာင်ရှု'

၁။ အိုမျိုး ခန္ဓာ၊အနှစ်မပါ၊အိုတာ သူ့သဘော အတိုင်းပါ တကား။

၂။ နာမျိုး ခန္ဓာ၊အနှစ်မပါ၊နာတာ သူ့သဘော အတိုင်းပါ တကား။

၃။ သေမျိုး ခန္ဓာ အနှစ်မပါ၊ သေတာ သူ့သဘော အတိုင်းပါ တကား။

ဖြစ်ပျက်ပုံ ရှုနည်း

၁။ ရှုဇကွန္ဓာ၊ ရေမြုပ်ပမာ၊ မြန်စွာဖြစ်ပျက် ကုန်ဆုံးတာကား။

၂။ ဝေဒနာကွန္ဓာ၊ရေပွက်ပမာ၊ မြန်စွာ ဖြစ်ပျက် ကုန်ဆုံးတာကား။

၃။ သဲညကွန်ဒါ၊တံလျှပ် ပမာ၊ မြန်စွာ ဖြစ်ပျက် ကုန်ဆုံး တတား။

၄။ သခ်ါရကွန္ဒာ၊ငှက်ပျောတုံး ပမာ၊မြန်စွာ ဖြစ်ပျက် ကုန်ဆုံး တတား။

၅။ ဝိညာဏကွန္ဒာ၊မှုန်လှည့် ပမာ၊မြန်စွာ ဖြစ် ပျက်ကုန်ဆုံး တတား။

ယထာဘူတ ဉာဏ်ရရန် ဆင်ခြင်ပုံ

၁။ ရူပ်နာမ်နှစ်ပြား၊ ဤခန္ဓာ၊ မသိဘာကရူပ်၊ သိတာက နာမ်။

၂။ နာမ်က ခိုင်းလို၊ ရူပ်ကလှု၊ လှုတာ ငါမဟုတ်၊ နာမ်နှင့် ရူပ်။

၃။ နာမ်ရူပ်သတင်း၊ ဥးဏ်မြင်လင်း၊ လှုရင်း အလုပ်လုပ်။

၄။ နာမ်ရူပ်ထဲမှာ၊ငါမပါ၊သက္ကာဒိဋ္ဌိပြုတ်။

သာဝုံတရား ၄ ပါး

၁။ အိမ်ရှုတည်ဆောင်၊လူ့ဘောင်နေပြား၊လူအများမှာ၊ စည်းစိမ်ဥစ္စာ၊ဖြစ်ပွားဘို့ရာ၊လိမ္မာဉာဏ်ရှိ၊ မပျင်းယိုကြ ရာ၊ ပဌမ အစကောင်းခြင်းပါ။

၂။ ဆင်းရဲပြိုကြင်လှစ္စာ၊ ရှာဖွေစုဆောင်း ရအာပ်စာ၊ စား ဘွယ် သောက်ဘွယ် အဟာရာ၊ သံယောဇဉ်များနှင့်

သာ၊ဝေဝဘန်ခွဲခြမ်းသုံးဆောင်ခါ၊ ဒုတိယ သာခုံတရား ပါ။

၃။ စိုးရရိပ်ငြိမ် စည်းစိမ် ဂုဏ်ရှိန်ဝါ၊ရလာသောခါ၊ လော်မာဝါကြွား၊ မှာနုတရား မတင်ကြွားရာ တတိယ သာခု တရားပါ။

၄။ ရှေးကံကလည်းမှိန်၊ ဥစ္စာဓနစည်းစိမ်၊ စိုးရိမ်ဘွယ်ရာ၊ ပျက်စီးကြုံလာ၊ ထိုအခါဝယ်၊ ညှိုးငယ်ခြင်းယိုင်၊ တွေ့မမှိုင်ဘဲ၊ စိတ်ခိုင်တည်ရာ၊ စတုတ္ထသားခုတရားမ ပါ။

သာခုနှစ်တရား ၄–ပါ၊

၁။ ပဌမပြိုဘူး၊ သူ့ကျေးဇူးကို၊ အထူးသိတတ်၊ ပေးဆပ်ရမည်သာ၊ ပဌမသာခုနှစ်ပါ။

၂။ တံညအိပ်ဘူး၊ သူ့ကျေးဇူးကို၊ ဟလုံတ်စဒုးဘူး၊ သူ့ကျေးဇူးကို၊ အထူးပင်မခံမှုအပ်ပါ၊ စိုးသောလက်ကို မခြောက်စေလို၊ ဒုတိယသာခုနှစ်ပါ။

၃။ သူ့အရိပ်ကို ခိုဘူးကြသောအခါ၊ အရိပ်နေနေ အောက်ချိုးချိုးမလုပ်အပ်ပါ၊ မိတ်ဆွေကိုလည်း မပြစ်မှားရာ၊ တတိယ သာခုနှစ်ပါ။

၄။ ဘယ်မျှစည်းစိမ်၊ ငြိုးထိန်အောင်ပေးရာ၊ အလေးမမူတတ်ပါ၊ မထေမဲ့မြင်ပြုတတ်စ၊ မိန်းမအလိုကိုလည်း မလိုက်ရာ၊ စတုတ္ထသာခုနှစ်ပါ။

သံဝေဂယူစရာ

အရွယ်ရှိတုန်း၊ စာချိန်ပြုန်းခဲ့နေဆွမ်မှာ၊ နောင်ခါနောင်ဘဝ၊ စဉ်မတွေးလို့သာ၊ ပစ္စည်းကိုလည်းပြုန်းတီးခါ၊ တရားကိုလည်း မကျင့်ပါ၊ ဆရွယ်ကြီးရ၍ သေခါနီးဘေးခါ၊ ကြိုးကြာဒိုကြီး ပမာ၊ အဝတာဝင်လေးရ၍ အဝေးကိုလည်းမပျံနိုင်ရှာ၊ ငါး-ခရ-မရှိတဲ့အိုင်စပ်မှာ၊ မိုင်တွေချမ်းနေခုမလေးတာ့ဟာ။ အားရစရာ လည်းမရှိပါ၊ သွားစရာလည်းမရှိတာ၊ သနားစရာ၊ ဥဖမာ၊ ယခုအခါ လူ့ဘွားဆိုသူမှာ၊ ဥစ္စာလည်းဆုံ၊ တံထားလည်းခွံ့လို့မို့ အမျှားဆုံးသူနစ်နာ။ ။

လယ်ဝိုးဆရာတော် ဩဝါဒ

၁။ ကြိုးကြိုးမင်းမင်း၊ လုပ်ခဲ့ဆောင်ခြင်းတာ၊
ထမင်းပရုံမျှသာတည်း။
၂။ ဝိုးဝိုးဝင်းဝင်း၊ ဝတ်ဆင်ခြင်းကား၊
နန္ဒင်းသရုံမျှသာတည်း။
၃။ ဂုဏ်နှံ့သတင်း၊ ကျော်စောခြင်းကား၊
ဆီးနှင်းကျရုံမျှသာကည်း။

ကျမ်းပြီးစကား

ဤကျမ်း ပြုစုရန်အတွက် ကျွင့်စဉ်ကျမ်း အတော်များများကို လေ့လာဖတ်ရှုခဲ့ရပါသည်။ ဖတ်ရှု လေ့လာသော ကျမ်းများမှ ကျင့်စဉ်များကို ထုတ်နှုတ်၍ အစီအစဉ်နှင့်ကျနအောင်၊ ဖတ်ရှုလေ့လာရန် လွယ်ကူအောင်၊ သဘောပေါက်လွယ်စေအောင်၊ သဘာဝရုံတို့၊ အာဂရုတို့၊ ပါဠိ၊ အနက်၊ အဓိပ္ပာယ်၊ သာဝကတို့ဖြင့်လည်းကောင်း၊ ကျက်မှတ်၊ ရှုတ်ဆိုရန်၊ သံပေါက်၊ လက်ဝ၊ အ ဖြာ ဖြာ တို့ ဖြင့် လည်းကောင်း၊ ကြောင်းကျိုးဆက်ဆပ်ရှိလည်းကောင်း၊ အဖက်ဖက်မှပြည့်စုံအောင် တင်ပြခဲ့ပေပြီ။ ဤကျမ်းပါ ကျင့်စဉ်များ ကျင့်ဝတ်များနှင့်အညီ၊ ကျင့်ကြံအားထုတ်သူ မှန်သမျှသည်၊ လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးထူးကို အမှန်ပင် ရရှိနိုင်ကြမည်ဟု ယုံကြည်မိပါသတည်း။

ဦးဆန်းမောင်။